# LIFT

# နှစ်ပတ်လည် အစီရင်ခံစာ

# ၂၀၁၆



Livelihoods and Food Security Trust Fund

## ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံရှိ ကျေးလက်နေ နွမ်းပါးသူများ၏ အသက်မွေးမှုနှင့် စားနပ်ရိက္ခာဖူလုံမှုတို့ ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် ထည့်ဝင်လှူဒါန်းကြသော ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပ သမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက် ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စု အစိုးရများကို ကျေးဇူးတင်ရှိပါသည်။ အသက်မွေးဝမ်းကျောင်းမှု နှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (LIFT)ကို ပံ့ပိုးကူညီကြခြင်းအတွက် ကျေးဇူးတင်စွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။ ထို့ပြင် LIFT ၏ ပထမဦးဆုံးသော ပုဂ္ဂလိကကဏ္ဍမှ အလှူရှင်ဖြစ်သည့် မစ်ဆူဘီရှိ ကော်ပိုရေးရှင်းကိုလည်း ကျေးဇူးတင်ပါသည်။

## အသိပေးကြေညာချက်

ဤအစီရင်ခံစာကို ၂၀၁၆ခုနှစ်အတွင်း LIFT က ရန်ပုံငွေ ပံ့ပိုးခဲ့သော စီမံချက်များမှ ရရှိသည့် အချက်အလက်များအပေါ် အခြေခံပြီး ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပ သမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက် ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စု နှင့် မစ်ဆူဘီရှိ ကော်ပိုရေးရှင်းတို့၏ ဘဏ္ဍာရေး အထောက်အပံ့ဖြင့် ရေးသားပြုစုထားပါသည်။ ဤအစီရင်ခံစာတွင် ရေးသားဖော်ပြထားသော အမြင်များသည် LIFT တွင် ထည့်ဝင်လှူဒါန်းထားကြသည့် အလှူရှင်များ၏ တရားဝင်အမြင်များဟု မယူဆနိုင်ပါ။

ဓါတ်ပုံများကို  John Rae/UNOPS, Jenny Macintyre, Jacquette Hayes, Kaung Htet, Hsu Mon Aung နှင့် Pa Pa Win တို့မှ ရိုက်ကူးထားပါသည်။

**အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ**

UNOPS ရန်ပုံငွေ စီမံခန့်ခွဲမှုရုံး

အမှတ် ၁၂ (အို)၊ ပြည်သူ့လမ်း၊ ၇မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်

ဖုန်း ။ ။ ၀၁ - ၆၅၇ ၂၈၀~၇၊ ဖက်စ် ၀၁ - ၆၅၇ ၂၇၉

အီးမေးလ် ။ ။ lift@unops.org

lift-fund.org | facebook.com/liftfund | twitter.com/liftfund

၂၀၁၆ခုနှစ် LIFT နှစ်ပတ်လည် အစီရင်ခံစာ အပြည့်အစုံကို www.lift-fund.org/publications တွင် ရယူနိုင်ပါသည်။

LIFT ကို ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံးမှ စီမံခန့်ခွဲသည်။

# အတိုကောက် အသုံးအနှုန်းများ

| | |
|---|---|
| ADB | Asian Development Bank |
| ADS | Agriculture Development Strategy |
| ASEAN | Association of Southeast Asian Nations |
| CBO | community-based organisation |
| CSO | civil society organisation |
| DAR | Department of Agricultural Research |
| DC | Donor Consortium |
| DoA | Department of Agriculture |
| DoF | Department of Fisheries |
| DRD | Department for Rural Development |
| DSW | Department of Social Welfare |
| FMO | Fund Management Office |
| FB | Fund Board |
| FDI | foreign direct investment |
| FRD | Financial Regulatory Department |
| FSWG | Food Security Working Group |
| GAFSP | Global Agriculture and Food Security Program |
| GEN | Gender Equality Network |
| GRET | Group de Recherches et d'Echanges Technologiques |
| IDP | internally displaced person |
| IFC | International Finance Corporation |
| HHS | Households |
| INGO | international non-governmental organisation |
| IP | implementing partner |
| LBVD | Livestock Breeding and Veterinary Department |
| LCG | Land Core Group |
| LEARN | Leveraging Essential Nutrition Actions To Reduce Malnutrition |
| MADB | Myanmar Agriculture Development Bank |
| MCCT | maternal and child cash transfer |
| MEAL | monitoring and evaluation for accountability and learning |
| MFI | microfinance institution |
| MMK | Myanmar Kyat |
| MoAI | Ministry of Agriculture and Irrigation |
| PGMF | Pact Global Microfinance Fund |
| PoVAW | Prevention of Violence Against Women Law |
| QSEM | Qualitative Social and Economic Monitoring |
| SPPRG | Social Policy and Poverty Research Group |
| SRI | system of rice intensification |
| UNOPS | United Nations Office for Project Services |
| VDC | village development committee |
| VSLA | village savings and loan association |
| WASH | water, sanitation, and hygiene |
| WHH | Welthungerhilfe |

# မာတိကာ


၁။ အနှစ်ချုပ်တင်ပြချက်.....၃
၂။ အကျိုးရလဒ်များ.....၁၀
၃။ နယ်မြေဒေသများ.....၂၈
၃.၁။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ.....၃၀
၃.၂။ အပူပိုင်းဇုန်.....၄၄
၃.၃။ ရခိုင်ဒေသ.....၅၃
၃.၄။ တောင်တန်းဒေသ.....၆၃
၄။ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်သည့် စီမံကိန်းများ.....၇၃
၄.၁။ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု.....၇၃
၄.၂။ ပုဂ္ဂလိကကဏ္ဍ နှင့် ထိတွေ့ဆောင်ရွက်မှု.....၇၅
၄.၃။ ရွှေ့ပြောင်းသွားလာရေး.....၇၈
၄.၄။ အရပ်ဘက်လူမှုအဖွဲ့အစည်း.....၈၅
၅။ အားလုံးနှင့်အကျုံးဝင်သောနယ်ပယ်များ.....၈၉
၅.၁။ အာဟာရ.....၈၉
၅.၂။ ကြံ့ကြံ့ခံနိုင်မှု.....၉၂
၅.၃။ ကျား/မရေးရာ.....၉၄
၅.၄။ လူမှုကာကွယ်စောင့်ရှောက်ရေး.....၁၀၀
၆။ မူဝါဒရေးရာ နှင့် အစိုးရသို့ အထောက်အပံ့.....၁၀၂
၆.၁။ အာဟာရ.....၁၀၂
၆.၂။ မြေယာလုပ်ပိုင်ခွင့်.....၁၀၄
၆.၃။ စိုက်ပျိုးရေး.....၁၀၆
၆.၄။ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု.....၁၀၉
၆.၅။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ထောက်ပံ့ခြင်း.....၁၁၁
၇။ ရန်ပုံငွေစီမံခန့်ခွဲခြင်း.....၁၁၂
၈။ နောက်ဆက်တွဲများ.....၁၂၇
နောက်ဆက်တွဲ၁။ လက်ရှိ ဆောင်ရွက်နေသော စီမံချက်များနှင့် နေရာဒေသများ.....၁၂၇
နောက်ဆက်တွဲ၂။ ၂၀၁၆ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော/ပြီးစီးပိတ်သိမ်းခဲ့သော စီမံချက်များ.....၁၂၉
နောက်ဆက်တွဲ၃။ LIFT၏ယုတ္တိဗေဒမူဘောင်.....၁၃၁
နောက်ဆက်တွဲ၄။ မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုန်၊ ရခိုင်ဒေသ၊ တောင်တန်းဒေသ၊ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ ရွှေ့ပြောင်းသွားလာရေး စီမံချက်များ၏ ဆောင်ရွက်မှုများ.....၁၃၅
နောက်ဆက်တွဲ၅။ LIFT၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု မိတ်ဖက်များ၏ ဆောင်ရွက်ပြီးစီးမှု ၃၁/၁၂/၂၀၁၆ အထိ.....၁၆၂
နောက်ဆက်တွဲ၆။ ၂၀၁၆ခုနှစ် မူဝါဒဆိုင်ရာ ထိတွေ့ဆောင်ရွက်မှုများ.....၁၆၄
နောက်ဆက်တွဲ၇။ ၂၀၁၆ခုနှစ်တွင် တင်ပြခဲ့သော LIFT၏လေ့လာမှုစာတမ်းများ.....၁၇၄
နောက်ဆက်တွဲ၈။ ပြောင်းလဲမှုဆိုင်ရာ သီအိုရီ.....၁၈၄

# အားလုံးပါဝင်စေသော အသွင်ပြောင်းလဲမှု ဖြစ်ထွန်းစေရန် ဆောင်ရွက်ခြင်း

အလှူရှင်အများ စုပေါင်းထည့်ဝင်ထားသည့်အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (Livelihoods and Food Security Trust Fund – LIFT) သည် မြန်မာနိုင်ငံရှိ ကျေးလက်နေပြည်သူတို့အား စီးပွားရေးအလားအလာ အပြည့်အဝ ရရှိလာစေရန်အတွက် အာဟာရပြည့်ဝမှု တိုးတက်လာစေခြင်း၊ ဝင်ငွေရလမ်းအမျိုးမျိုး ဖန်တီးပေးခြင်း နှင့် လုပ်ငန်းကျွမ်းကျင်မှုများ တိုးတက်လာစေခြင်းတို့ဖြင့် ၂၀၁၀ ခုနှစ်မှ စတင်၍ ပံ့ပိုးကူညီခဲ့ပါသည်။

ကျွန်ုပ်တို့ LIFT သည် မြန်မာနိုင်ငံ၏ ကျေးလက်စီးပွားရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးလာစေရန် နှင့် ခေတ်မီလာစေရန်အတွက် တောင်သူများရရှိသော အမြတ်အစွန်းများ တိုးမြင့်လာစေခြင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် နည်းလမ်းအမျိုးမျိုးဖြင့် ဖြစ်ထွန်းစေရန် ပံ့ပိုးအားပေးခြင်း နှင့် လုပ်ခလစာမြင့်မားသော အလုပ်အကိုင်အသစ်များ ရရှိစေရန် လူထု၏ လုပ်ငန်းကျွမ်းကျင်မှုအား တိုးတက်လာစေခြင်း တို့ဖြင့် ထောက်ပံ့ပေးလျက် ရှိပါသည်။ ထိုသို့ဆောင်ရွက်ခြင်းကြောင့် လုပ်ကွက်ငယ် တောင်သူများ နှင့် လယ်မဲ့မြေမဲ့ ပြည်သူများအတွက် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်လာနိုင်မည့် အခွင့်အလမ်းများ ဖြစ်ထွန်းလာခဲ့သည်။

LIFT ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် ၂၀၁၆ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော သုတေသနစစ်တမ်းတွင် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ၌ ဖွဲ့စည်းပုံဆိုင်ရာ အသွင်ကူးပြောင်းမှုများ ဖြစ်ပေါ်နေကြောင်းကို အထောက်အထားများဖြင့် တွေ့ရှိခဲ့ပါသည်။ ကျေးလက်ဒေသတွင် လုပ်အားခများ ကြီးမြင့်နေရာ တောင်သူများသည် စိုက်ရေးပျိုးရေးများကို စက်ကိရိယာများဖြင့် ဆောင်ရွက်လာကြပြီး စပါးထက် အမြတ်အစွန်းပိုရသော သီးနှံများကို စိုက်ပျိုးလာကြသည်။ ရေလုပ်ငန်း/ ငါးမွေးမြူရေးသည် စပါးစိုက်ပျိုးသည်ထက် အမြတ်ပိုရသဖြင့် အထူးသဖြင့် ပဲခူး နှင့် ဧရာဝတီတိုင်းတို့တွင် အလျင်အမြန် တိုးပွားလာနေသည်။ ငါးမွေးမြူရေးသည် စပါးစိုက်ပျိုးသည်ထက် တကေလျှင် အလုပ်သမား လေးဆမျှ ပိုလိုအပ်သည်။ ထိုသို့ လုပ်အား လိုအပ်မှုကြောင့် လုပ်အားခများ ပိုမိုတိုးမြှင့်ရရှိလာသည်။ ထို့ပြင် ငါးစာလုပ်ငန်း နှင့် ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်မှု အတွက် ဝယ်လိုအားပိုမိုများပြားလာသည်။ ပဲခူး နှင့် ဧရာဝတီတိုင်းတို့တွင် သုတေသနပြုမှုအရ ၂၀၁၂ ခုနှစ်မှ စ၍ ကျေးလက်ဒေသတွင် လယ်ယာပြင်ပ အလုပ်အကိုင်များ အလျင်အမြန် တိုးတက်လာကြောင်း တွေ့ရသည်။

ဤသို့ ပြောင်းလဲလျက်ရှိသောအနေအထားနှင့် လျော်ညီစွာ LIFTသည် အသိပညာပေးခြင်း၊ နည်းပညာအသစ်များ ပံ့ပိုးပေးခြင်း နှင့် ငွေကြေးနှင့်ဈေးကွက်များသို့ လက်လှမ်းမီစေရန်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ပေးလျက်ရှိသည်။ ထို့ပြင် ကျေးလက်နေ ဆင်းရဲနွမ်းပါးသော ပြည်သူတို့၏ဘဝ တိုးတက်ကောင်းမွန်လာစေရေးအတွက် မူဝါဒများ ရေးဆွဲရာတွင် ထောက်ပံ့ပေးမည့် သက်သေ အထောက်အထားများ ပြုစုတင်ပြခြင်းကိုလည်း လုပ်ဆောင်နေပါသည်။

LIFT ၏ အမေရိကန်ဒေါ်လာ ၂၆၆ သန်း ပံ့ပိုးမှုဖြင့် ကျေးလက်နေ ပြည်သူ ၇.၂ သန်းခန့်အား လွှမ်းခြုံလျက်ရှိပြီး ၎င်းသည် နိုင်ငံအတွင်းရှိ ကျေးလက်နေပြည်သူများ၏ ၂၀ ရာခိုင်နှုန်းခန့် ရှိပါသည်။

LIFT သည် ပြည်တွင်းနှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှု အဖွဲ့အစည်းများ၊ ပညာရေးနှင့် သုတေသနအဖွဲ့များ နှင့် ပုဂ္ဂလိကကဏ္ဍစသည်တို့မှ မိတ်ဖက်အဖွဲ့ များဖြင့် စီမံချက်များကို အကောင်အထည် ဖော်လျက်ရှိသည်။ LIFT သည် နိုင်ငံတော်အစိုးရသို့လည်း နည်းပညာ အထောက်အပံ့ နှင့် မူဝါဒဖော်ဆောင်မှုပိုင်း ဆိုင်ရာတွင် ပံ့ပိုးမှုများကို ပေးအပ်လျက်ရှိပါသည်။




*ပုံ ၁.၁။ ၂၀၁၀-၂၀၁၆ အတွင်း LIFT ၏ ပံ့ပိုးမှုများရရှိခဲ့သော မိသားစုများ*

၂၀၁၆ ခုနှစ်တွင် LIFT သည် မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဒေသ၊ ရခိုင်ပြည်နယ် နှင့် တောင်ပေါ်ဒေသများတွင် လုပ်ငန်းအသစ်များ စတင်ဆောင်ရွက်ခဲ့ပြီး ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်း၊ ရွှေ့ပြောင်းသွားလာခြင်း နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဆိုင်ရာ စီမံကိန်းများကိုလည်း စတင်ခဲ့သည်။ အဆိုပါ စီမံကိန်းများဖြင့် LIFT ၏ ၂၀၁၄-၂၀၁၈ မဟာဗျူဟာသည် သက်ဝင်လှုပ်ရှား လာခဲ့ပြီး အကျိုးခံစားခွင့်ရှိသည့် ဦးတည် အုပ်စုများအား စီးပွားဖြစ် တန်ဖိုးကွင်းဆက်များထဲသို့ 'တက်လှမ်း' နိုင်စေရန်၊ ဝမ်းစာ မလုံလောက်သော လယ်ယာစိုက်ပျိုးခြင်းမှ ပို၍ အမြတ်အစွန်းရနိုင်သော စိုက်ပျိုးရေး လုပ်ငန်းများနှင့် လယ်ယာ ပြင်ပ အသက်မွေးမှု လုပ်ငန်းများသို့ 'ထွက်ခွာ' နိုင်စေရန် နှင့် နောင်အခါတွင် 'တက်လှမ်း' (သို့) 'ထွက်ခွာ' နိုင်ရေးအတွက် အာဟာရ ပြည့်ဝကောင်းမွန်ပြီး လုပ်ငန်းကျွမ်းကျင်မှုများ တိုးတက် လာစေခြင်းဖြင့် 'တောင့်ထား' နိုင်စေရန် တို့ကို ကူညီ ဆောင်ရွက်ပေးခဲ့ပါသည်။

မြန်မာနိုင်ငံ အသွင်ပြောင်းလဲရေးတွင် ကျေးလက်နေ ပြည်သူများအတွက်  အပြောင်းအလဲများကို ဖြစ်ထွန်းစေမည့် အချက်အလက် အများအပြား ရှိနေသည်။ ၂၀၁၆ တွင် LIFT၏ စီမံချက်နယ်မြေ လေးခုလုံးရှိ မြန်မာကျေးလက်နေ ပြည်သူများကို စက်မှုလယ်ယာ၊ အသေးစားငွေရေးကြေးရေး၊ ရွှေ့ပြောင်းသွားလာရေးတို့က သိသိသာသာ သက်ရောက်မှု ရှိခဲ့သည်။

မြို့ပြမှ အလုပ်အကိုင်များသည် စိုက်ပျိုးရေးမှ 'ထွက်ခွာ'လိုသော ကျေးလက်နေ ပြည်သူများကို ဆွဲဆောင်နေသဖြင့် ကျေးလက်ဒေသမှ ရွှေ့ပြောင်းသွားလာမှုများမှာ ဆက်လက်တိုးပွားနေသည်။ နိုင်ငံ၏ တည်ဆောက်ပုံ အသွင်ပြောင်းလဲရေးတွင် ရွှေ့ပြောင်း သွားလာမှုကဏ္ဍ ပါဝင်လာမည်ကို ခန့်မှန်းထားပြီးဖြစ်သည့် LIFTသည်  ကန်ဒေါ်လာ ၁၆သန်း ကုန်ကျမည့် ရွှေ့ပြောင်းသွားလာရေး ဆိုင်ရာ အစီအစဉ်တခုကို ၂၀၁၆ ခုနှစ် တွင် ရေးဆွဲကာ အကောင်အထည်ဖော်ခဲ့သည်။ ယင်း  အစီအစဉ်သည် ကျေးလက်ဒေသမှ ရွှေ့ပြောင်းသွားလာသူများကို လုံခြုံ ဘေးကင်း စေမည်၊ အကျိုးရှိစေမည် ဖြစ်သည်။ LIFT ၏ မိတ်ဖက်အဖွဲ့များသည် ရွှေ့ပြောင်း သွားလာသူများနှင့် ရွှေ့ပြောင်းသွားလာလိုသူများ ကို ကျွမ်းကျင်မှုများ၊ ငွေကြေးဆိုင်ရာ အသိပညာများ ရရှိစေပြီး  ယင်းတို့နှင့် မိသားစုများ အတွက် အလုပ်အကိုင် နှင့် ငွေကြေး ရရှိမည့် အခွင့်အလမ်းများသို့ ဘေးကင်းစွာ 'ထွက်ခွာ'နိုင်အောင် ထောက်ပံ့ ပေးပါသည်။

ရွှေ့ပြောင်းသွားလာမှုသည် လူတိုင်းအတွက်  'ထွက်ခွာ'နိုင်မည့် အဖြေမဟုတ်ပေ။  မိမိရပ်ရွာတွင်ပင် နေထိုင်ကာ စိုက်ပျိုးရေး နှင့် လယ်ယာပြင်ပ စီးပွားရေး အခွင့်အလမ်းသစ်များဖြင့် အလုပ်ဖြစ်အောင် ဆောင်ရွက်ရန် ဆုံးဖြတ်ထားသူများလည်း ရှိပေသည်။  ၂၀၁၆ တွင်   LIFT သည် ကန်ဒေါ်လာ ၉သန်းကို စိုက်ပျိုး-စီးပွား ငွေကြေး ပံ့ပိုးမှု အစီအစဉ်တွင် ရင်းနှီး မြှုပ်နှံခဲ့ရာ၊ စုစုပေါင်း ကန်ဒေါ်လာ ၅၆ သန်း တန်ဖိုးရှိသော လယ်ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ အခြား စက်ကိရိယာများ ဝယ်ယူ ကြသည့် ငှား/ဝယ်စာချုပ် ၃,၀၀၀ ကို ဖြစ်ပေါ်စေခဲ့သည်။ လုပ်ကွက်ငယ် တောင်သူများသည် မိမိတို့၏ လယ်မြေ များ နှင့် ကုန်ထုတ်စွမ်းအား မြင့်မားအောင် ဆောင်ရွက်ရာတွင် ယင်းစက်ပစ္စည်းတို့ကို သုံးစွဲနိုင်ခဲ့သည်။ ကျေးလက် စီးပွားရေး သမားများသည်လည်း စက်ကိရိယာ ငှားရမ်းသည့်  လုပ်ငန်းကို ထူထောင်လာကြသည်။ လုပ်ကွက်ငယ် တောင်သူများ အထွက်တိုးကာ  'တက်လှမ်း' နိုင်ရန်၊ အခြားသူများကိုလည်း လယ်ယာပြင်ပ အလုပ်များဖြင့် ဝင်ငွေရရှိကာ 'ထွက်ခွာ' နိုင်စေရန် စက်မှုလယ်ယာကဏ္ဍက ပံ့ပိုးပေးလျက်ရှိသည်။

၂၀၁၆ နှစ်ကုန်တွင် LIFT သည် ၂၂၂ မြို့နယ်တွင် လုပ်ငန်းဆောင်ရွက်နေသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း ၅၆ဖွဲ့ကို ရန်ပုံငွေထောက်ပံ့ခဲ့ပြီး ငွေကြေးဝန်ဆောင်မှုအသုံးပြုသူအရေအတွက်မှာ ၂၂% မြင့်တက်ခဲ့သည်။ ဝန်ဆောင်မှု အသုံးပြုသူ အများစုမှာ ချေးငွေများကို သီးနှံ၊  မွေးမြူရေး၊ ငါးလုပ်ငန်းတို့ အတွက် သုံးစွဲခဲ့ကြသည်။ စုစုပေါင်း စိုက်ပျိုးရေး ချေးငွေ ကန်ဒေါ်လာ သန်း၄၀၀ ကို ထုတ်ချေးခဲ့သည်။  ချေးငွေလက်လှမ်းမီမှုသည် ကျေးလက်အိမ်ထောင်စုများ အထွက်တိုးကာ  'တက်လှမ်း' နိုင်ရန်၊ လယ်ယာပြင်ပ အလုပ်များ ဖြင့် ဝင်ငွေရရှိကာ 'ထွက်ခွာ'နိုင်စေရန် အခွင့်အလမ်းများကို ဖြစ်ထွန်းစေသည်။

၂၀၁၆ တွင် LIFT သည် မြန်မာ့စီးပွားရေး  အသွင်ကူးပြောင်းမှုတွင် ကျေးလက်နေပြည်သူများကို အထောက်အပံ့ ဖြစ်စေမည့် အာဟာရ၊ ကြံ့ကြံ့ခံနိုင်မှု၊ ကျားမရေးရာ၊ လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များကို မိမိ၏ လုပ်ငန်းများ ဆောင်ရွက်နေသည့် စီမံကိန်းနယ်မြေ ၄ ခုလုံးတွင် ဆောင်ရွက်ခဲ့သည်။ ကလေးဘဝ၏ ပထမ ရက် ၁,၀၀၀ အတွင်း မိခင်ရော ကလေးပါ အာဟာရကောင်းမွန်ရေးအတွက် အာဟာရ ဆိုင်ရာ အသိပညာ ပေးကာ ငွေကြေး ထောက်ပံ့သော အာဟာရ အစီအစဉ်များကို ၂၀၁၆ တွင် တိုးချဲ့ခဲ့ရာ မြစ်ဝကျွန်းပေါ်၊ အပူပိုင်းဇုန်၊ ရခိုင်ဒေသတို့မှ ရပ်ရွာလူထုသို့ ပံ့ပိုးမှုများ ရောက်ရှိခဲ့သည်။ ချင်းပြည်နယ်အတွက်လည်း အာဟာရ အစီအစဉ် တခုကို ရေးဆွဲခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် အကောင်အထည်ဖော်မည် ဖြစ်သည်၊ အာဟာရ အစီအစဉ် များသည် လူထုကို 'တောင့်ထား' နိုင်ရန်၊ မျိုးဆက်သစ်များအား  'ထွက်ခွာ' နိုင်မည့် စွမ်းဆောင်ရည် တည်ဆောက်ရန် ကူညီပံ့ပိုးသည်။

LIFTကို ယူနိုက်တက်ကင်းဒမ်း၊ ဥရောပသမဂ္ဂ၊ ဩစတြေးလျ၊ ဒိန်းမတ်၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွစ်ဇာလန်၊ ဆွီဒင် နှင့် အမေရိကန်ပြည်ထောင်စုတို့မှ ပံ့ပိုးပေးထားပြီး မစ်ဆူဘီရှိ ကော်ပိုရေးရှင်းသည် ပုဂ္ဂလိကကဏ္ဍမှ အလှူရှင်အဖြစ် ပါဝင်ပါသည်။ အကူအညီများ ထိရောက်မှု ရှိစေရေးအတွက် ရန်ပုံငွေများအား စုပေါင်းကာ အသုံးပြုခဲ့သည်။ UNOPS ၏ စီမံခန့်ခွဲမှုအောက်တွင် ရန်ပုံငွေ၏ လုပ်ပိုင်ခွင့်သက်တမ်းအား တိုးချဲ့ခဲ့ပြီး လုပ်ငန်းများကိုလည်း အနည်းဆုံးအနေဖြင့် ၂၀၁၈ ခုနှစ် နှစ်ကုန်အထိ ဆက်လက်ဆောင်ရွက်နိုင်ရန် မျှော်မှန်းထားသည်။

# အနှစ်ချုပ်တင်ပြချက်

## ၁။ ၂၀၁၆ ခုနှစ်သည် LIFT က မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်ခဲ့သည့် ၇ နှစ်မြောက်ဖြစ်သည့်အပြင် LIFT၏ စီမံကိန်းများဖြင့် ပံပိုးနိုင်ခဲ့သည့် လူဦးရေလည်း တိုးတက်လာသည်မှာ ၇ နှစ် တိုင်ခဲ့ပြီ ဖြစ်သည်။

၂၀၁၆တွင် LIFT သည် နိုင်ငံအဝန်းရှိ မြို့နယ်ပေါင်း ၂၂၂ မြို့နယ် တွင် လုပ်ငန်းဆောင်ရွက်နေရာ ၂၀၁၅ နှစ်ကုန်အထိ ဆောင်ရွက်ခဲ့သော မြို့နယ်အရေအတွက်၏ နှစ်ဆဖြစ်သည်။ ဤနှစ်ကုန်တွင် မြန်မာ့ကျေးလက်နေ လူဦးရေ၏ ၂၀ ရာခိုင်နှုန်း ခန့် ဖြစ်သော လူဦးရေ ၇.၂သန်းက LIFT ၏ အထောက်အပံ့ကို ရရှိခဲ့ကြသည်။ ယင်းသည် ယခင်နှစ် ကထက် ၂၂ ရာခိုင်နှုန်း တိုးတက်လာခြင်း ဖြစ်သည်။ ဤတိုးတက်မှု၏ အဓိက မောင်းနှင်အားမှာ မြန်မာနိုင်ငံ၏ အသေးစား ငွေရေးကြေးရေးဈေးကွက် အရှိန်အဟုန်ဖြင့် စတင်နိုင်ရန် LIFT ၏ ပံ့ပိုးမှုများ ဖော်ဆောင်လိုက်သဖြင့် အသေးစား ငွေရေးကြေးရေး လုပ်ငန်းများ ပိုမို ကျယ်ပြန့်ကာ လုပ်ငန်းဆောင်ရွက်မှုများလည်း မြင့်မားလာခြင်းကြောင့် ဖြစ်သည်။

## ၂။ LIFTသည် ပဋိပက္ခများကြောင့် သက်ရောက်မှုများရှိခဲ့သော ဒေသများသို့လည်း ပံ့ပိုးမှုများ ပိုမို ဆောင်ရွက်လာသည်။

မိတ်ဖက်အဖွဲ့ အသစ်များ၊ ပတ်သက်ဆက်နွယ်သူအသစ်များ နှင့်အတူ ကယား၊ ကရင်နှင့် တနင်္သာရီဒေသများရှိ ပဋိပက္ခ သက်ရောက်မှုများရှိခဲ့သည့် ဒေသများသို့ပါ ပံ့ပိုးမှုများ ရောက်ရှိအောင် ဆောင်ရွက်လာနိုင်သည်။ ခိုင်မာသော ပဋိပက္ခ စီမံခန့်ခွဲမှုပုံစံများကို ဤစီမံချက်များက ထူထောင်စေရန်အတွက် ပဋိပက္ခသုံးသပ်ရေး လုပ်ငန်းများကို LIFT က ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ရခိုင် ဒေသတွင် စိန်ခေါ်မှု နှင့် အခက်အခဲများ ရှိနေသော်လည်း လုပ်ငန်း တိုးချဲ့နိုင်ခဲ့သည်။ ရခိုင်ပြည်နယ် ၁၇မြို့နယ် အနက် ၁၄မြို့နယ်တွင် ကန်ဒေါ်လာ သန်း၆၀ ခန့်ဖြင့် စီမံချက်များကို ဆောင်ရွက်နေသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ မောင်တောနှင့် ရသေ့တောင်မြို့နယ်တို့တွင်လည်း စီမံချက်အသစ်များကို စတင်ခဲ့သည်။

## ၃။ LIFTသည် ရလဒ်ကောင်းများကို ဆက်လက်ပေးနေဆဲ ဖြစ်သည်။

၂၀၁၆ခုနှစ်တွင် ရရှိထားသည့် ကိန်းဂဏန်းများအရ LIFT သည် ရည်မှန်းထားသည့် အကျိုးအညွှန်း ၂၇ ခု တို့အနက် ၂၄ ခု ကို ပြည့်မီရုံမက ကျော်လွန်ခဲ့သည်။ ယင်းတို့တွင် ကျေးလက်ဒေသ ဝင်ငွေကောင်းမှု၊ ကြံ့ကြံ့ခံနိုင်မှု၊ အာဟာရပြည့်ဝမှု၊ မူဝါဒ ရေးဆွဲချမှတ်မှုတို့၏ တာဝန်အဆင့် အကျိုးအညွှန်းတို့လည်း ပါဝင်သည်။ လူဦးရေ ၂.၂ သန်းခန့်သည် ဝင်ငွေတိုးလာသော အိမ်ထောင်စုများတွင် နေထိုင်ကြသည်။ လူဦးရေ ၂.၃ သန်းသည် အသုံးအဆောင်များ တိုးလာသည့် အိမ်ထောင်စုများတွင် နေထိုင်ကြသည်။ လူဦးရေ ၂ သန်း သည် ကြံ့ကြံ့ခံနိုင်မှုစွမ်းရည်များ ပိုမိုအားကောင်းလာသည်။ အိမ်ထောင်စုပေါင်း ၃၂၆,၀၀၀ ခန့်သည် အာဟာရပြည့်ဝစွာ ပိုမိုစားသုံးနိုင်လာသည်။ လုပ်ကွက်ငယ် တောင်သူတို့၏ လယ်ယာအခြေပြု ထုတ်လုပ်မှု တိုးတက်လာသည် သာမက လယ်ယာပြင်ပ လုပ်ငန်းများတွင်လည်း အလုပ်အကိုင် အခွင့်အလမ်း ပိုမို စိတ်ချလာရသည်။ ထို့ပြင် ပြည်တွင်းအဖွဲ့အစည်းများကလည်း LIFT ၏ရန်ပုံငွေများကို သိသာစွာ စီမံခန့်ခွဲနိုင်လာခဲ့သည်။ LIFT သည် အမျိုးသမီး တို့ကို ဆက်လက် ထောက်ပံ့လျက်ရှိရာ အထူးသဖြင့် မိခင်ဘဝတွင် အာဟာရပြည့်ဝစေရန်၊ ငွေရေးကြေးရေးနှင့် ပတ်သက်၍ ပိုမို သိရှိစေရန်၊ ချေးငွေများကို ပိုမိုလက်လှမ်းမီစေရန် ထောက်ပံ့ခဲ့သည်။ LIFT က ထောက်ပံ့ထားသော အသေးစား ငွေရေးကြေးရေး လုပ်ငန်းတို့၏ ဝန်ဆောင်မှုအသုံးပြုသူ (ငွေစု/ချေးသူ) ၉၄ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်သည်။ ထောက်ပံ့မှုများအားဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များကို ညှဉ်းပန်းနှိပ်စက်ခြင်း နှင့် လူကုန်ကူးခြင်း တို့ကိုလည်း လျော့ပါးစေခဲ့သည်။

## ၄။ LIFT ၏ ဒေသအလိုက် အစီအစဉ်များမှာ စတင် အခြေကျနေပြီ ဖြစ်သည်။

အစီအစဉ်အသစ်များကို ရွေးချယ်ခြင်း၊ ညှိနှိုင်းစေ့စပ်ခြင်း၊ ထောက်ပံ့ငွေစာချုပ် လက်မှတ်ရေးထိုးခြင်းများကို အထူး ဆောင်ရွက် နိုင်ခဲ့သည်။ အောက်ပါဇယားတွင် အစီရင်ခံသည့် ကာလအတွင်း၌ စာချုပ် လက်မှတ် ရေးထိုးနိုင်ခဲ့သည့် အစီအစဉ်အသစ် ၂၄ ခု ကို ဖော်ပြထားသည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၁ရက်နေ့အထိ ဆောင်ရွက်ဆဲ စီမံချက် ၇၁ ခုရှိသည်။

*ဇယား ၁.၁။ LIFT၏ ဒေသအလိုက် အစီအစဉ်အသစ်များ တည်ထောင်နိုင်မှု အခြေအနေ*

| အစီအစဉ် | မူရင်း အဆိုပြုလွှာ ပမာဏ (ကန်ဒေါ်လာ သန်းဖြင့်) | ရွေးချယ်ခဲ့သော အဆိုပြုလွှာများ | ၂၀၁၅ ခုနှစ် လက်မှတ် ရေးထိုးခဲ့သော ထောက်ပံ့မှုများ | ၂၀၁၆ခုနှစ် လက်မှတ် ရေးထိုးခဲ့သော ထောက်ပံ့မှုများ | ထောက်ပံ့မှုများ တန်ဖိုး (ကန်ဒေါ်လာ သန်းဖြင့်) |
|---|---|---|---|---|---|
| မြစ်ဝကျွန်းပေါ် - ၃ | ၁၆ | ၉ | ၅ | ၄ | ၁၇.၉ |
| ရခိုင် | ၂၂ | ၇ | ၆ | ၁ | ၄၄.၅ |
| အပူပိုင်းဇုန် | ၂၀ | ၁၀ | ၅ | ၅ | ၃၂.၃* |
| တောင်တန်းဒေသ | ၄၂ | ၇ | ၅ | ၇ | ၁၆.၈ |
| စုစုပေါင်း | ၁၄၉ | ၃၂ | ၁၆ | ၁၇ | ၁၁၁.၅ |

*မှတ်ချက်။ ဤပမာဏတွင် UNOPSက အကောင်အထည်ဖော်ဆောင်ရွက်သည့် မြစ်ရေတင် စီမံချက် အဆောင်အအုံကဏ္ဍ လည်း ပါဝင်သည်။

## ၅။ ဒေသအလိုက် စီမံကိန်းအသစ်များသည် LIFT ၏ မဟာဗျူဟာ နှင့် ချိတ်ဆက်ထားပြီး သက်ဆိုင်ရာ ဒေသများ၏ အခြေအနေများနှင့် ကိုက်ညီအောင် ဆောင်ရွက်ထားသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် တောင်သူများ၏ ထုတ်လုပ်နိုင်မှုများ တိုးတက်စေရန်မှာ LIFT၏ အရေးကြီးသော ရည်မှန်းချက် ဖြစ်သည်။ ၂၀၁၆ ခုနှစ်အတွင်းတွင် တောင်သူများ မျိုးကောင်းမျိုးသန့် မျိုးစပါးများ ပိုမို ရရှိရန် နှင့် မျိုးစပါး ထုတ်လုပ်သူများ နှင့် ထောက်ပံ့သူများကို ပိုမို ချိတ်ဆက်မိလာစေရန် ဆောင်ရွက်နိုင်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်နိုင်မှုသည် မြစ်ဝကျွန်းပေါ်ဒေသ ရှိ အိမ်ထောင်စုများ 'တက်လှမ်း' နိုင်စေရန် ကူညီသည့် ဆောင်ရွက်မှုတရပ်ပင် ဖြစ်သည်။ အပူပိုင်းဇုန်တွင် စီးပွားရေး အသွင်ကူးပြောင်းလဲမှု၌ အတတ်နိုင်ဆုံး အားလုံးပါဝင်နိုင်စေရန် အပြင်၊ အထိခိုက်လွယ်ဆုံးသော အိမ်ထောင်စုများ 'တောင့်ထား' နိုင်စေရန် နှင့် နောက်ကျ မကျန်ခဲ့စေရန်အတွက် လူမှုကာကွယ်စောင့်ရှောက်ရေး စီမံချက်များ ကို ဆောင်ရွက်လျက်ရှိသည်။ LIFT ၏ သက်ကြီးပင်စင် ရှေ့ပြေးစီမံချက်သည် လူမှုကာကွယ် စောင့်ရှောက်ရေးကော်မတီများ နှင့် အစိုးရ ဝန်ထမ်းများ နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်စေသည့်ပြင် ၂၀၁၇/၁၈ တွင် စတင်ဆောင်ရွက်မည့် နိုင်ငံတော်အဆင့် ငွေကြေးထောက်ပံ့မှု အစီအစဉ်ကို စီမံခန့်ခွဲကြမည့် အစိုးရဝန်ထမ်းများကိုလည်း စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်ခဲ့သည်။ တောင်တန်းဒေသတွင် လက်ရှိ ဆောင်ရွက်နေသော ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေမှု နှင့် ပုဂ္ဂလိကကဏ္ဍနှင့် ထိတွေ့ ဆောင်ရွက်မှု စီမံကိန်းများအပြင် စိုက်ပျိုးရေး၊ အာဟာရ၊ လူမှု-စီးပွားဆိုင်ရာ အမျိုးမျိုးသော ဝန်ဆောင်မှု စီမံချက်များကို စတင် အကောင်အထည်ဖော်နေသည်။ ထိုကဲ့သို့သော စီမံချက်များမှ ကျေးရွာ-အခြေပြုစီမံချက်အသစ် ခြောက်ခုသည် မြို့နယ် ၁၅ခုရှိ ကျေးရွာ ၃၄၀ မှ အိမ်ထောင်စုပေါင်း ၁၆,၀၀၀ ထံသို့ ရောက်ရှိမည်ဟု မျှော်မှန်းထားသည်။ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးမှု အနည်းဆုံးဒေသများထဲမှ တစ်ခုဖြစ်သော ရခိုင်ဒေသတွင် အာဟာရကောင်းမွန်မှု၊ သီးနှံအထွက်တိုးမှု၊ ရိက္ခာဖူလုံမှုတို့ သည် LIFT ၏ဦးစားပေးအဖြစ် ရှိနေဆဲ ဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးသည့် စီမံချက်တွင် ၁၈၂ ရွာ ပါဝင်ခဲ့ရာ ကိုယ်ဝန်ဆောင် နှင့် မိခင် ၃,၅၀၀ ခန့်သည် ငွေကြေးအထောက်အပံ့ နှင့် အာဟာရဆိုင်ရာ အသိပညာပေးမှုတို့ကို လက်ခံရရှိခဲ့ကြသည်။

## ၆။ LIFT သည် ကျေးလက်စီးပွားရေး တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်နေသည် မှန်သော်လည်း LIFT ၏ ဆောင်ရွက်ချက်များသည် မှန်ကန်သည့် အပြောင်းအလဲများကို ဖြစ်စေကြောင်း ယုံကြည်ရန် အကြောင်းများစွာရှိသည်။

၂၀၁၆ ခုနှစ်တွင် ကောက်ယူခဲ့သော LIFT ၏စစ်တမ်း သုံးသပ်ချက်များအရ ဒေသတစ်ခုတည်းတွင်ပင် LIFT ၏ စီမံချက်များ၌ ပါဝင်သူများသည် မပါဝင်သူများထက် ဝင်ငွေတိုးပြီး ပိုမို ကြံ့ကြံ့ခံလာနိုင်ကြောင်း တွေ့ရသည်။ ဥပမာအားဖြင့် LIFT ၏ မိတ်ဖက်များထံမှ စိုက်ပျိုးရေးသင်တန်း တက်ခဲ့ရသော အိမ်ထောင်စုများသည် မတက်ခဲ့ရသူများထက် ၄.၂ ဆမျှ သီးနှံထွက် ပိုတိုးပြီး ၂.၁ ဆမျှ ဝင်ငွေ ပိုတိုးကြကြောင်း တွေ့ရသည်။ မွေးမြူရေး သင်တန်း တက်ခဲ့ရသော အိမ်ထောင်စုများသည် မတက်ခဲ့ရသူများထက် ၂.၅ ဆမျှ ဝင်ငွေ ပိုတိုးနိုင်သည်။ LIFT ၏ စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်း တက်ခဲ့ရသော အိမ်ထောင်စုများသည် မတက်ခဲ့ရသူများထက် လွန်ခဲ့သော နှစ်နှစ်အတွင်း ပစ္စည်းပိုင်ဆိုင်မှုတွင် ၂.၁ ဆ နှင့် ၂.၅ ဆ အသီးသီး ပိုတိုးနိုင်ကြောင်း တွေ့ရှိရသည်။

## ၇။ စိုက်ပျိုး-ဂေဟဇုန် လေးခုစလုံးတွင် ကျေးလက်ဒေသ ငွေရေးကြေးရေးဝန်ဆောင်မှုများကို လက်လှမ်းမီမှုသည် LIFT ၏ လုပ်ငန်းဆောင်ရွက်မှုပုံစံတွင် အဓိကကဏ္ဍမှ ပါဝင်သည်။

ဝန်ဆောင်နိုင်မှု နှင့် လက်လှမ်းမီမှုတို့၏ ကွာဟချက်ကြီးမှာ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေး ဆိုင်ရာတွင် အကြီးမားဆုံး အခက်အခဲပင် ဖြစ်သည်။ ထို့ကြောင့် ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမှုစီမံကိန်းသည်လည်း LIFT ၏ အကြီးမားဆုံး အစီအစဉ် ဖြစ်လာသည်။ ၂၀၁၆ နှစ်ကုန်တွင် LIFTသည် နိုင်ငံတဝှမ်းရှိ ကျေးရွာပေါင်း ၁၅,၀၀၀ မှ ငွေစု/ချေးသူပေါင်း ၁.၆ သန်းခန့်တို့ကို ဝန်ဆောင်မှုပေးနေသည့် ငွေရေးကြေးရေးလုပ်ငန်း ၅၆ ခုကို ထောက်ပံ့လျက်ရှိသည် [1](၂၀၁၅ ခုနှစ်တွင် ၄၀ သာ ရှိခဲ့သည်)။ ဤပမာဏမှာ မြန်မာနိုင်ငံ ငွေရေးကြေးရေး လုပ်ငန်းအားလုံး၏ ဝန်ဆောင်မှုအသုံးပြုသူ စုစုပေါင်း၏ ၆၂ ရာခိုင်နှုန်း ဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် LIFT က ရန်ပုံငွေ ပံ့ပိုးသည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်းများသည် အရင်းအနှီး ကန်ဒေါ်လာ ၅၂ သန်းကို တိုးမြှင့်ရရှိခဲ့ကြရာ ၎င်းတို့တွင်- LIFT ထံမှ ကန်ဒေါ်လာ ၁၃ သန်း၊ ရိုးမဘဏ်မှ ကန်ဒေါ်လာ ၁၂ သန်း၊ လုပ်ငန်း အသားတင် အမြတ်ငွေ မှ ပြန်လည်ရင်းနှီးမြှုပ်နှံရန် သတ်မှတ်ထားရှိငွေ (retained earnings) မှ ကန်ဒေါ်လာ ၁၁ သန်း၊ စုဆောင်းငွေမှ ကန်ဒေါ်လာ ၁၆ သန်းတို့ ပါဝင်သည်။

## ၈။ LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု အစီအစဉ်ကို အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ သက်သက် ကိုသာ ဦးတည်နေရာမှ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးနှင့် ကိုက်ညီသည့် ကျေးလက် ငွေကြေးဝန်ဆောင်မှုများကို အထောက်အပံ့ပြုသော ပုံစံအဖြစ်သို့ ဆက်လက်ကူးပြောင်းနေသည်။

အသေးစား ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ မှတဆင့် စိုက်ပျိုးရေးချေးငွေများ ထုတ်ချေးခြင်းသာမက၊ အသေးစား စီးပွားရေး လုပ်ငန်းများမှ စက်မှုလယ်ယာ ဝန်ဆောင်မှုများကို လုပ်ကွက်ငယ်တောင်သူများ လက်လှမ်းမီစေမည့် စိုက်ပျိုးရေး ဆိုင်ရာ ငှား/ဝယ်အစီအစဉ်တရပ်ကို ရိုးမဘဏ်နှင့် အစုစပ်ပြုလုပ်ကာ LIFT က စတင်ခဲ့သည်။ ရိုးမဘဏ်က ဆောင်ရွက်မည့် တပိုင်းတစဆုံးရှုံးမှု အတွက် အာမခံပေးသည့် စီမံချက်ကို ၂၀၁၆ ဇန်နဝါရီလတွင် တရားဝင် စတင်ခဲ့သည်။ ရိုးမဘဏ်သည် ဤစီမံချက်အရ စက်ပစ္စည်းတန်ဖိုး၏ လက်ငင်းပေးချေမှု နှုန်းထားကို ၃၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ လျှော့ချလိုက်သည်။

1 LIFT ရန်ပုံငွေပံ့ပိုးသည့် ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေမှု မိတ်ဖက်အဖွဲ့များစာရင်းနှင့် ၎င်းတို့၏ အောင်မြင်ပြီးစီးမှုအသေးစိတ်ကို နောက်ဆက်တွဲ ၅ တွင်ကြည့်ပါ။

ငှားရမ်းသည့် ကာလကိုလည်း ၁ နှစ်မှ ၃ နှစ်အထိ တိုးမြှင့် ပေးလိုက်သည်။ တောင်သူများက လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ကို အပေါင်ထားရခြင်းကိုလည်း ပယ်ဖျက်ပေးလိုက်သည်။ ၂၀၁၆နှစ်ကုန်တွင် စုစုပေါင်းတန်ဖိုး ကန်ဒေါ်လာ ၅၆သန်း ရှိသည့် အငှားဝယ်ယူခြင်းစာချုပ် (lease/ hire purchase contracts) ပေါင်း ၃,၀၀၀ ကျော် ရှိလာခဲ့သည်။ ဤအစီအစဉ်ဖြင့် ငွေကြေးထောက်ပံ့ရသော စက်ကိရိယာများတွင် လယ်ထွန်စက်မှာ လူကြိုက်အများဆုံးဖြစ်ပြီး၊ ဒုတိယအနေဖြင့် ကုန်တင်ကားများ နှင့် ရိတ်သိမ်းခြွေလှေ့ စက်များကိုလည်း လူကြိုက်များသည်။ အရောင်းစုစုပေါင်း၏ ထက်ဝက်ခန့် (၄၈ ရာခိုင်နှုန်း)မှာ မြစ်ဝကျွန်းပေါ်ဒေသမှ ဖြစ်ပြီး ၃၇ ရာခိုင်နှုန်းမှာ အပူပိုင်းဇုန်မှ ဖြစ်သည်။ လွန်ခဲ့သောနှစ်အတွင်းတွင် အနည်းဆုံးအနေဖြင့် ရန်ကုန် ပတ်ဝန်းကျင် ကျေးလက်ဒေသမြို့နယ်များမှ တောင်သူ အားလုံးသည် လယ်မြေအရွယ်အစား ကြီးငယ်မဟူ စက်မှုအသွင်သို့ လျင်မြန်စွာ ကူးပြောင်းခဲ့သည်ဟု သုတေသနများ အရ သိရသည်။ ရိုးမဘဏ်၏ ဝန်ဆောင်မှုဖြင့် စက်ပစ္စည်းဝယ်ယူထားသည့် တောင်သူများ သည် ၎င်းတို့ ဝယ်ယူထားသည့် လယ်ယာသုံးစက်ကိရိယာသစ်များကို ပြန်လည်ငှားရမ်းခြင်းများလည်း လုပ်ဆောင်ကြသဖြင့် လုပ်ကွက်ငယ် တောင်သူများအနေဖြင့်လည်း စက်ပစ္စည်းများ လက်လှမ်းမီ အသုံးပြုနိုင်လာသည့်နှုန်းမှာ တိုးမြင့်လာကြောင်း ဤအချက်က ပြနေသည်။ ဤစီမံချက်ဖြင့် ဝယ်ယူထားသော စက်ကိရိယာများအား အိမ်ထောင်စု ၅၅,၀၀၀ ခန့် ၏ လယ်မြေဧက ၃၅၀,၀၀၀ ကို မြေပြုပြင်ပေးရာတွင် အသုံးပြုလျက်ရှိသည်။ LIFT၏ ရန်ပုံငွေသည် ငါးဆမျှ အကျိုးတိုးတက်သည်။ ဆိုလိုသည်မှာ LIFT ရန်ပုံငွေ ရင်းနှီးမြှုပ်နှံခဲ့သည်ထက် ငါးဆ ပိုမိုကာ ရိုးမဘဏ်က ရင်းနှီးမြှုပ်နှံခဲ့သည်။

## ၉။ အသက် ငါးနှစ်အောက် ကလေးများ ပုညှက်နေမှုကို လျှော့ချရန် အာဟာရဆိုင်ရာ စီမံချက်အသစ်များကို LIFTက စတင်ခဲ့သည်။

ဇွန်လအတွင်းတွင် လပွတ္တာမြို့နယ်၌ မိခင် နှင့် ကလေးများအား ငွေကြေး ပံ့ပိုးမှု (maternal and child cash transfer - MCCT)  BRIGHT SUN အာဟာရ စီမံချက် ဖွင့်ပွဲကို ကျင်းပခဲ့သည်။ ဖွင့်ပွဲကို အမျိုးသား အာဟာရဖွံ့ဖြိုးရေး နှင့် သုတေသနေ ဌာနခွဲ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ အထက်တန်းအရာရှိများ၊ အလှူရှင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ သတင်းနှင့်စာနယ်ဇင်းများ တက်ရောက်ခဲ့သည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် ဆောင်ရွက်သော MCCT သည် ရခိုင်ဒေသတွင် အောင်မြင်ခဲ့သော ရှေ့ပြေး စီမံချက်အပေါ် အခြေခံ၍ ချဲ့ထွင် ဆောင်ရွက်ခြင်း ဖြစ်သည်။ ယင်းစီမံချက်သည် ငါးနှစ်အောက် ကလေးငယ်များ ပုညှက်မှုကို လျှော့ပါးစေကြောင်း ပြသခဲ့သည်။ ၂၀၁၆ခုနှစ်အတွင်းတွင် LIFT သည် အကျိုးခံစားခွင့် ရှိသူပေါင်း ၉,၁၂၅ ဦးသို့ ငွေကြေးထောက်ပံ့မှု စုစုပေါင်း ၄၅,၉၁၆ ကြိမ် ပေးအပ်ခဲ့သည်။ LIFT ရန်ပုံငွေပံ့ပိုးသည့် PATH စီမံချက်၏ အားဖြည့်ဆန်နှင့် ဆန်ထုတ်လုပ်သည့် စက်ရုံသုံးခုတို့ကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန က  အတည်ပြုခဲ့သည်။ အားဖြည့်ဆန်ကို ရန်ကုန် နှင့် ဧရာဝတီတိုင်းတို့ရှိ စူပါမားကက် ၂၈ ဆိုင် နှင့် လက်လီအရောင်းဆိုင် ၂၁၈ ဆိုင်၊ အခြားမြို့နယ်များရှိ လက်လီအရောင်းဆိုင် ၁၉ ဆိုင်တို့တွင် ဖြန့်ဖြူးလျက်ရှိသည်။ PATH စီမံချက်သည် နိုင်ငံတော် အစိုးရက ဦးဆောင်မည့် အားဖြည့်ဆန်လုပ်ငန်းအုပ်စုကိုလည်း ၂၀၁၆ ခုနှစ် မတ်လအတွင်းတွင် ဖွဲ့စည်းခဲ့သည်။

## ၁၀။ LIFT သည် ဘေးကင်းလုံခြုံ၍ အကျိုးဖြစ်ထွန်းမှု ကောင်းမွန်သော ရွှေ့ပြောင်းသွားလာမှု ဖြစ်စေရန်အတွက် ပိုမိုကောင်းမွန်သည့် စီမံခန့်ခွဲမှုပုံစံဖြင့် ရွှေ့ပြောင်းသွားလာမှု စီမံကိန်းအသစ်ကို ထူထောင်ခဲ့သည်။

ကန်ဒေါ်လာ ၁၆ သန်းဖြင့် ဆောင်ရွက်သည့် ဤအစီအစဉ်သည် မြန်မာနိုင်ငံတွင် ရန်ပုံငွေ အများဆုံးရှိသော ရွှေ့ပြောင်းသွားလာရေး ဆိုင်ရာ အကြီးဆုံးသော ရန်ပုံငွေအစီအစဉ် ဖြစ်သည်။ ၂၀၁၆ ခုနှစ် အတွင်းတွင် LIFTသည် ရွှေ့ပြောင်းသွားလာသည့် အမျိုးသား၊အမျိုးသမီးများ လုံခြုံဘေးကင်းရန် နှင့် လုပ်ကိုင်နိုင်စွမ်း ရှိစေရန် ဆောင်ရွက်မှုများအတွက် အစိုးရ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍ၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ၊ အလုပ်အကိုင် ရှာဖွေရေး ဌာနများ၊ ကျွမ်းကျင်သူ တတ်သိ ပညာရှင်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ မီဒီယာများနှင့် INGO များမှ ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ ပတ်သက်ဆက်နွယ်သူ ပေါင်း ၁၅ ဖွဲ့တို့နှင့် မိတ်ဖက်ပြုခဲ့သည်။ အဓိက စီမံချက်တစ်ခုမှာ ရန်ကုန်ရှိ အထည်ချုပ်လုပ်ငန်းများ နှင့် ပူးတွဲလုပ်ဆောင်ခြင်း ဖြစ်သည်။ ဤအထည်ချုပ်လုပ်ငန်းများတွင် လုပ်ကိုင်နေသည့် အလုပ်သမား အင်အားမှာ ၄၀၀,၀၀၀ ခန့်ရှိပြီး ၂၀၂၀ ခုနှစ်တွင် ၁.၅ သန်းအထိ တိုးပွားလာမည်ဟု ခန့်မှန်းထားသည်။ သတင်းနှင့်ဆက်သွယ်ပြန်ကြားရေး မီဒီယာများ မှတဆင့် လူဦးရေ သုံးသန်းမှ လေးသန်း သို့ ဘေးကင်းလုံခြုံသော ရွှေ့ပြောင်း သွားလာရေးဆိုင်ရာ သတင်းစကားများကို ရောက်ရှိစေမည်ဟု ဤအစီအစဉ်က ခန့်မှန်းထားသည်။

## ၁၁။ စိုက်ပျိုး-ဂေဟဇုန် လေးခုစလုံးတွင် တိုးချဲ့အသုံးပြုသည့် LIFT၏ ရန်ပုံငွေများကို ပြည်တွင်း အဖွဲ့အစည်းများက ပိုမို စီမံခန့်ခွဲလာသည်။

၂၀၁၆ခုနှစ်တွင် LIFT သည် အစိုးရ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊  ပုဂ္ဂလိကကဏ္ဍ အပါအဝင်ဖြစ်သော ဒေသခံ တို့၏ စွမ်းဆောင်ရည်ကို အားဖြည့်ပေးရန် ပိုမို ကြိုးပမ်းအားထုတ်ခဲ့သည်။ ဤနှစ်အတွင်း လက်မှတ်ရေးထိုးခဲ့သော ရန်ပုံငွေ ပံ့ပိုးမှု စာချုပ် အသစ် ၂၄ ခုအနက် ၉ ခုသည် ပြည်တွင်း NGO များ နှင့် တိုက်ရိုက် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ ကျန် ၁၅ ခု တွင်လည်း ၄ ခု၌ တဆင့်ခံဆောင်ရွက်သူများအဖြစ် ပြည်တွင်းအဖွဲ့အစည်း မိတ်ဖက်အဖွဲ့ ၇ဖွဲ့ ပါဝင်သည်။၂၀၁၆ခုနှစ် ဘက်ဂျက်တွင် ပြည်တွင်း အဖွဲ့အစည်းများက စီမံခန့်ခွဲသော တန်ဖိုးမှာ ကန်ဒေါ်လာ ၂၃.၁ သန်းရှိပြီး၊ ယင်းသည် ဘတ်ဂျက် စုစုပေါင်း၏ ၃၉ ရာခိုင်နှုန်း ဖြစ်သည်။ ၂၀၁၅ခုနှစ် က ၁၄ ရာခိုင်နှုန်းသာ ရှိခဲ့သဖြင့် သိသိသာသာ တိုးလာသည်။ ဤသို့ တိုးလာမှုကြောင့် LIFTသည် ၂၀၁၆ ရည်မှန်းချက်၏ ၁၉၅ ရာခိုင်နှုန်းကို အကောင်အထည်ဖော်နိုင်ခဲ့သည်။ ၂၀၁၆ တွင် LIFT သည်

အသက်မွေးမှုစနစ် အားကောင်းရေးကို အစိုးရ၊ လူမှုအဖွဲ့အစည်း၊  ပုဂ္ဂလိကကဏ္ဍ တို့နှင့်အတူ အားဖြည့်ဆောင်ရွက်နေသော အရပ်ဘက် လူမှုအဖွဲ့အစည်းများအတွက် မြစ်ဝကျွန်းပေါ်၊ အပူပိုင်းဇုန်၊ တောင်တန်းဒေသတို့တွင် အသေးစား ရန်ပုံငွေ အထောက်အပံ့ လုပ်ကွက်တခုစီကို ဖွင့်ပေးခဲ့သည်။

## ၁၂။ ၂၀၁၆ခုနှစ် သည် LIFT အတွက် အပြန်အလှန်လေ့လာသင်ယူခြင်း နှင့် လေ့လာမှုများကို ကောင်းစွာ အသုံးချနိုင်ခဲ့သည့် နှစ်တစ်နှစ်လည်း ဖြစ်သည်။

၂၀၁၆ အစောပိုင်းတွင် လေ့လာရရှိမှုများအား ပြုစုခြင်း၊ ဆက်သွယ်ပြန်ကြားခြင်း နှင့် အသုံးပြုခြင်းတို့ကို ပိုမိုဆောင်ရွက်နိုင်ရန် ကြိုးပမ်းခဲ့သည်။  ၂၀၁၆ ခုနှစ် အစီအစဥ်များမှ စီမံချက်များ၏ လိုအပ်ချက်အရ ပြောင်းလဲမှုဆိုင်ရာသီအိုရီကို အသေးစိတ် ပြင်ဆင်မွမ်းမံခဲ့သည်။ အစီအစဉ်များ၏ ကြောင်းကျိုးဆီလျော်မှု၊ စီမံချက်များ အချိတ်အဆက်ရှိမှု တို့ကို ယင်းသီအိုရီ ဖြင့် ရှင်းလင်းတင်ပြသည်။ LIFT က သိရှိလိုသော၊ ဖန်တီးလိုသော အသိပညာရပ်ဆိုင်ရာ နယ်ပယ်များကို ဖော်ထုတ်မည့် အကဲဖြတ်မှုများ၊ စူးစမ်းသော မေးခွန်းများကို LIFT၏ စီမံကိန်းများနှင့် စီမံချက်များမှ ပြုစုကြသည်။ ထို့အတူ LIFT သည် အသိပညာများကို ပတ်သက်ဆက်နွယ်သူ များထံသို့ ဆက်သွယ်ရောက်ရှိမှု ပိုမို ကောင်းမွန်စေရန်အတွက် LIFT ရုံးတွင် စာကြည့်တိုက်ငယ် တခု ထူထောင်ခြင်း၊ LIFT ၏ ဝက်ဘ်ဆိုက်ကို ပြန်လည်သုံးသပ် တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။  ၂၀၁၀ ပြည့်နှစ်မှစကာ LIFT က သိရှိထားသော်လည်း ပြင်ပသို့ ထုတ်ဝေခြင်း မပြုရသေးသော ပညာရပ်ဆိုင်ရာ များကို ဖော်ပြမည့် LIFT၏သက်တမ်းတလျှောက် ဆောင်ရွက်ခဲ့မှုများ၏ အနှစ်ချုပ်မှတ်တမ်းများကိုလည်း ၂၀၁၆ အတွင်းတွင် ပုံစံရေးဆွဲခဲ့သည်။ ၂၀၁၇ တွင် ယင်းစာတမ်းများကို စတင်ထုတ်ဝေမည် ဖြစ်သည်။ LIFT ၏ သင်ယူ တွေ့ရှိချက်များကို မူဝါဒရေးဆွဲခြင်းများတွင် ပံ့ပိုးပေးလျှင် ပိုမိုအကျိုးဖြစ်ထွန်းစေမည် ဖြစ်သည်။ ယင်းအတွက် သိသာ ထင်ရှားသော အောင်မြင်မှု တရပ်မှာ ချင်းပြည်နယ်မှ မိခင် နှင့် ကလေးများ၏ အာဟာရအတွက် အစိုးရက ဦးဆောင်ကာ ငွေကြေး ထောက်ပံ့ရေး အဆိုပြုလွှာ ပြုစုရာတွင် LIFT ၏ သင်ယူတွေ့ရှိချက်များနှင့် သုတေသနပြုချက်များကို အသုံးပြုခဲ့ခြင်းပင် ဖြစ်သည်။

## ၁၃။ ၂၀၁၆ ခုနှစ်အတွင်းတွင် LIFTသည် ကျား/မ တန်းတူညီမျှရေး နှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိရေးကို ပိုမို အလေးထားဆောင်ရွက်ခဲ့သည်။

၂၀၁၆ခုနှစ်တွင် LIFT သည် ကျား/မ တန်းတူ ညီမျှရေး မဟာဗျူဟာအသစ်နှင့် လုပ်ငန်းစီမံချက်ကို ရေးဆွဲခဲ့ပြီး မဟာဗျူဟာ အကောင်အထည်ဖော်ရန်၊ လေ့လာမှုများ အလုပ်ရုံဆွေးနွေးပွဲများကို ငွေကြေးထောက်ပံ့ရန်၊ ကျား/မ တန်းတူ ညီမျှရေး အကြံပေးသူများကို ငှားရမ်းရန်တို့အတွက် ကန်ဒေါ်လာ ၁၀၀,၀၀၀ခန့် ကို ခွဲဝေချထားခဲ့သည်။ LIFT သည် မြန်မာနိုင်ငံတွင် ကျား/မ တန်းတူညီမျှရေး နှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်း ရှိရေးကို ဆက်လက်ထောက်ပံ့နေရာ ဒေသအလိုက် စီမံကိန်း များတွင် ထင်ရှားသော အောင်မြင်မှုများ ရရှိခဲ့သည်။ ဥပမာအားဖြင့် ရခိုင်ဒေသတွင် အမျိုးသမီးများကို သက်ဆိုင်ရာ ရပ်ရွာ များ၌ ခေါင်းဆောင်သူများ ဖြစ်လာစေနိုင်မည့် ကျွမ်းကျင်မှုများ အလားအလာကောင်းများကို အားဖြည့် ပေးနိုင်ခဲ့သည်။ ထို့ပြင် LIFT သည် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိရေးနှင့် ဘဝအနေထား မြင့်မားမှုများအတွက် အာဟာရ မြှင့်တင်ရေး၊ ရွှေ့ပြောင်းသွားလာရေးနှင့် အသက်မွေးမှုပညာ သင်တန်းတို့ဖြင့် ထောက်ပံ့ခဲ့သည်။

## ၁၄။ LIFT သည် မိမိ၏ အုပ်ချုပ်မှုပုံစံကို ပြောင်းလဲလာသော အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် ဆက်လက်ဆောင်ရွက်နေသည်။ အစိုးရသစ်တက်လာပြီးနောက် ၂၀၁၆ခုနှစ် မတ်လအတွင်းတွင် LIFT၏ အလှူရှင်များသည် အသစ်ဖွဲ့စည်းခဲ့သော စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန (Ministry of Agriculture, Livestock and Irrigation - MoALI) ကို ရန်ပုံငွေ ဘုတ်အဖွဲ့တွင် ပါဝင်ရန် ဖိတ်ခေါ်ခဲ့သည်။

အစိုးရကလည်း လက်ခံခဲ့သဖြင့် ဝန်ကြီးဌာနသည် ဘုတ်အဖွဲ့တွင် အချိန်ပြည့် အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိသည်။ အစိုးရ ကိုယ်စားလှယ်များ တက်ရောက်သည့် ပထမဆုံးအစည်းအဝေးကို ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သည်။ ဘုတ်အဖွဲ့ တွင် အစိုးရ ပါဝင်လာပြီးနောက် မူရင်း အထက်တန်း အတိုင်ပင်ခံ အုပ်စု၏ အဓိကလုပ်ငန်းတာဝန်ပုံစံများကို အပြီးသတ်နိုင် ခဲ့ကာ ရန်ပုံငွေဘုတ်အဖွဲ့တွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ နှင့် ပုဂ္ဂလိက ကဏ္ဍတို့၏ အကြံပြုချက်များ ပါဝင်လာနိုင်စေမည့် ပုံစံများကို ထည့်သွင်းစဥ်းစားလျက်ရှိသည်။

## ၁၅။ LIFT သည် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနကို ထောက်ပံ့မည့် ပုံစံအသစ်များကို ဖော်ဆောင်ခဲ့သည်။

LIFT သည် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စိုက်ပျိုးရေး ဖွံ့ဖြိုးမှု မဟာဗျူဟာအသစ်ကို ရေးဆွဲ အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ဖြစ်စေရန် စိုက်ပျိုးရေးမူဝါဒ ဌာန တစ်ခုကို စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်အောက်တွင် ထူထောင်ရန် ထောက်ပံ့ခဲ့သည်။ စိုက်ပျိုးရေး ဖွံ့ဖြိုးမှု မဟာဗျူဟာဌာနကို ကနဦးအနေဖြင့် ဝန်ကြီးဌာနမှ ဝန်ထမ်း ခြောက်ဦး နှင့် နိုင်ငံတကာ အကြံပေး နှစ်ဦးတို့ဖြင့် ဖွဲ့စည်းထားသည်။ ယင်းတို့၏ ပထမဆုံးတာဝန်မှာ စိုက်ပျိုးရေး ကုန်ထွက်တိုးစေမည့် သုတေသန နှင့် ပညာပေး လုပ်ငန်းများကို ပြန်လည်ပြုပြင်မည့် အလားအလာများအား သုံးသပ်ရန် ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးနှင့် ရိက္ခာဖူလုံရေး အစီအစဥ် (Global Agriculture and Food Security Program - GAFSP)ထံမှ ထောက်ပံ့ငွေကို ဝန်ကြီးဌာနက အဆိုပြုလွှာ တင်သွင်းရာတွင် LIFT သည် ADB၊ FAOတို့နှင့် ပူးပေါင်းကာ ပံ့ပိုး ဆောင်ရွက်လျက်ရှိသည်။ ထိုအဆိုပြုလွှာကို အတည်ပြုခဲ့သဖြင့်  ဝန်ကြီးဌာနသည် GAFSPထံမှ ထောက်ပံ့ငွေ ကန်ဒေါ်လာ ၂၇ သန်းကို ရရှိမည့် အပြင် ADB ထံမှ နှစ်ရှည် အတိုးသက်သာသော ချေးငွေ ကန်ဒေါ်လာ ၃၅ သန်းကိုလည်း ရရှိမည် ဖြစ်သည်။

### ၁၆။ LIFT စီမံကိန်းတစ်ခုလုံးနှင့် ၎င်း၏ စီမံချက် အများအပြားတွင် အစိုးရ၏ မူဝါဒများနှင့် ချိတ်ဆက်ဆောင်ရွက်လျက် ရှိသည်။ အထူးသဖြင့် LIFT၏ ရည်မှန်းချက်များနှင့် စပ်လျဉ်းမှုရှိသည့် မူဝါဒ နယ်ပယ်များတွင် ဖြစ်သည်။

အမျိုးသားမြေယာအသုံးချမှုမူဝါဒကို လက်တွေ့ကျင့်သုံးရန် အစိုးရ၏ အားထုတ်နေမှုများတွင် နည်းပညာကျွမ်းကျင်မှု ဖြင့် ပံ့ပိုးခြင်း၊ မြေယာစီမံခန့်ခွဲခြင်းနှင့် စီမံအုပ်ချုပ်ခြင်းတို့နှင့် စပ်လျဉ်းသည့် ဌာနဆိုင်ရာ စွမ်းဆောင်ရည်ကို သက်ဆိုင်ရာအဆင့်များအလိုက် အားဖြည့်ပေးခြင်းတို့ဖြင့် ဆက်လက် ထောက်ပံ့လျက်ရှိသည်။ လူမှုကာကွယ် စောင့်ရှောက်ရေး နယ်ပယ်တွင် LIFT ၏မိတ်ဖက်အဖွဲ့ဖြစ်သည့် HelpAge သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး သက်ကြီးရွယ်အိုဆိုင်ရာ ဥပဒေပြုရေး နှင့် သက်ကြီးပင်စင် အထောက်အပံ့ ကိစ္စများအတွက် ဌာနဆိုင်ရာ စွမ်းဆောင်ရည်ကို အားဖြည့်ပေးရန် ဆောင်ရွက်လျက် ရှိသည်။ အာဟာရကဏ္ဍတွင် ချင်းပြည်နယ်၌ ၂၀၁၇-၂၀၁၉ အထိ နှစ်နှစ်တာကာလအတွင်းတွင် မိခင်နှင့်ကလေးများအား ငွေကြေးထောက်ပံ့မည့် MCCT အစီအစဉ် အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် တိုက်ရိုက် လက်တွဲ ဆောင်ရွက်လျက်ရှိသည်။ အဆိုပါကာလနောက်ပိုင်းတွင်မူ ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲမှုကို အစိုးရက အပြည့်အဝ တာဝန်ယူ ဆောင်ရွက်မည် ဖြစ်သည်။ LIFT သည် ကျားမရေးရာကဏ္ဍတွင် ကျား/မရေးရာ တန်းတူညီမျှရေး ကွန်ရက် (Gender Equality Network - GEN) ကို ထောက်ပံ့ထားပြီး GEN သည် အမျိုးသမီးများကို အကြမ်းဖက်မှုမှ ကာကွယ် စောင့်ရှောက်ရေးဥပဒေ ရေးဆွဲရေး၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်းကို အကောင်အထည်ဖော်ရေးတို့ကို စည်းရုံးဆွေးနွေးလှုံ့ဆော်နိုင်ခဲ့ကာ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ပထမအစည်းအဝေးတွင် ပါဝင် ဆောင်ရွက်နိုင်ခဲ့သည်။

### ၁၇။LIFT ၏ လုပ်ငန်းလည်ပတ်မှုနှင့်သုံးစွဲမှု၊ စွမ်းဆောင်ရည်နှင့် ထိရောက်မှုတို့ ကို သုံးသပ်ရန် နှင့် တိုးတက်အောင် ပြုပြင်ရန်အတွက် LIFT သည် ငွေကြေးကုန်ကျရကျိုးနပ်မှုဆိုင်ရာ ပုံစံများကို စတင်အသုံးပြုကာ သုံးသပ်မှုများအား အစီရင်ခံတင်ပြခြင်းကို ပထမဆုံးအကြိမ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၆ ခုနှစ်အတွင်း ရန်ပုံငွေ ချထားပေးခဲ့သော သို့မဟုတ် တိုးချဲ့သော ဒေသအလိုက် အစီအစဉ်အများစု (၈၄ ရာခိုင်နှုန်း) ၏ အဆိုပြုလွှာများကို ငွေကြေးကုန်ကျရကျိုးနပ်မှုရှိ/မရှိ ဆင်ခြင်သုံးသပ်ခဲ့သည်။ စီမံချက်အားလုံးကိုလည်း သတ်မှတ်ထားသော အသုံးစရိတ်များကိုသာ အသုံးပြုပြီး ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၆ ခုနှစ် အသုံးစရိတ် အစီရင်ခံစာကို အခြေခံပြီး တွက်ချက်ကြည့်ရာတွင် LIFT က ဝန်ဆောင်မှုပေးအပ်ရာ၌ ကုန်ကျစရိတ်အဖြစ် တစ်အိမ်ထောင်လျှင် ၃၆ ကန်ဒေါ်လာ သို့မဟုတ် အိမ်ထောင်စုဝင် တဦးအတွက် ၈ဒေါ်လာ ကျသင့်ကြောင်း တွေ့ရှိသည်။ ထို့ကြောင့် LIFTသည် အလားတူ ရည်မှန်းချက်များ၊ အရွယ်အစားများရှိသည့် ဒေသတွင်းရှိ အခြားဖွံ့ဖြိုးရေး စီမံချက်များနှင့် နှိုင်းယှဉ်သော် ငွေကြေးကုန်ကျရကျိုးနပ်ကြောင်း တွေ့ရှိရသည်။[2] လေ့လာသင်ယူမှု နှင့် အနာဂတ်ကာလ စီမံကိန်းရေးဆွဲမှုများအတွက် ဆုံးဖြတ်ချက် ချမှတ်ရာတွင် သတင်းအချက်အလက်များ ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ပြီး LIFT၏ လုပ်ဆောင်ချက် အမျိုးမျိုးတို့၏ ကုန်ကျစရိတ် ကွာခြားမှုကိုလည်း သုံးသပ်ခဲ့သည်။ ကျန်းမာရေး နှင့် အာဟာရဆိုင်ရာ သင်တန်းပေးခြင်းနှင့် ပစ္စည်းထောက်ပံ့ခြင်းတို့ အပါအဝင် စိုက်ပျိုးရေး အထောက်အပံ့၏ ကုန်ကျစရိတ်မှာ တစ်အိမ်ထောင်လျှင် ၁၅၄ ကန်ဒေါ်လာဖြစ်ပြီး၊ ငွေကြေးထောက်ပံ့ခြင်း၊ ကျန်းမာရေး နှင့် အာဟာရဆိုင်ရာ သတင်းပေးခြင်းတို့ အပါအဝင် MCCTအတွက် ကုန်ကျစရိတ်မှာ ၇၈ ဒေါ်လာ ဖြစ်သည်။ အသေးစား ငွေရေးကြေးရေး ဝန်ဆောင်မှုအတွက် ဝန်ဆောင်မှု အသုံးပြုသူ (သို့) ငွေစု/ချေးသူ (တစ်အိမ်ထောင်လျှင် တစ်ဦးဟု ယူဆလျှင်) အတွက် ကုန်ကျစရိတ်မှာ ၁၄.၅ ကန်ဒေါ်လာ ဖြစ်သည်။

### ၁၈။ LIFT၏ ကြားဖြတ်သုံးသပ်ချက်တွင် LIFTသည် မဟာဗျူဟာတွင် ပါရှိသော ရလဒ်များကို ပေးနေကြောင်း ကောက်ချက်ချထားသည်။

၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် လက်ရှိရန်ပုံငွေကာလ၏ သက်တမ်း ထက်ဝက်၌ LIFT ၏ တာဝန်ထမ်းဆောင်မှုကို လက်ရှိ မဟာဗျူဟာနှင့်ကိုက်ညီမှုရှိမရှိ အကဲဖြတ်ရာ၌ လွတ်လပ်စွာ ကြားဖြတ်သုံးသပ်ရန် ရန်ပုံငွေဘုတ်အဖွဲ့က ဆောင်ရွက်ခဲ့သည်။ ယင်းသုံးသပ်ချက်အရ LIFT ၏ ဆောင်ရွက်မှုသည် ကောင်းမွန်ကြောင်း၊ LIFT ၏ ရလဒ်များသည်လည်း လူများကို 'တက်လှမ်း' နိုင်ရန် 'ထွက်ခွာ' နိုင်ရန် ပံ့ပိုးဆောင်ရွက်သည့် ရည်ရွယ်ချက်များ ပါဝင်သော LIFT ၏ မဟာဗျူဟာနှင့် ကိုက်ညီကြောင်း ကောက်ချက်ချထားသည်။ ဤလွတ်လပ်သော သုံးသပ်ချက်သည် မကြာသေးမီ နှစ်များအတွင်း ဆောင်ရွက်ခဲ့သော အလှူရှင်များ၏ သုံးသပ်ချက်များကိုလည်း ခိုင်မာစေသည်။ ဥပမာအားဖြင့် DFID ၏ ၂၀၁၆ နှစ်ပတ်လည် သုံးသပ်ချက်တွင် LIFTကို A+အဆင့် အဖြစ် သုံးနှစ်ဆက်တိုက် သတ်မှတ်ပေးထားရာ LIFT ရလဒ်များမှာ မျှော်လင့်သည်ထက် သာလွန်နေကြောင်း ညွှန်းဆိုလျက်ရှိသည်။

---

[2] ဥပမာ ဖိလစ်ပိုင်နိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးမှုအစီအစဉ် (လူတစ်ဦးလျှင် ကန်ဒေါ်လာ ၃၅၄)၊ ဗီယက်နမ် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး စီမံချက် (လူတစ်ဦးလျှင် ကန်ဒေါ်လာ ၃၁၈) နှင့် တရုတ်နိုင်ငံ ခေတ်မီပြီး ဘက်စုံဖွံ့ဖြိုးသော စိုက်ပျိုးရေး စီမံချက် (လူတစ်ဦးလျှင် ကန်ဒေါ်လာ ၂၀၆) တို့ နှင့် နှိုင်းယှဉ်စဉ်းစားကြည့်နိုင်သည်။

၁၉။ ၂၀၁၇ခုနှစ်တွင် LIFT သည် လွှမ်းခြုံမှုကို ပိုမိုကျယ်ပြန့်စေရန် နှင့် အာဟာရ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ရေရှည် တည်တံ့သော စိုက်ပျိုးရေး ကဏ္ဍတို့နှင့် သက်ဆိုင်သော မူဝါဒထိတွေ့ဆောင်ရွက်မှုတို့ကို ပိုမို ကောင်းမွန်စေရန် ဆက်လက် ဆောင်ရွက်မည် ဖြစ်သည်။

LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု လုပ်ငန်းများကို ဆက်လက်တိုးချဲ့ခြင်း၊ အာဟာရ၊ အသက်မွေးမှု ပညာသင်ကြားရေး၊ လုံခြုံစိတ်ချ ဘေးကင်းသော ရွှေ့ပြောင်းသွားလာရေး ဆိုင်ရာ လုပ်ငန်းသစ်များကို ဆောင်ရွက်ခြင်းဖြင့် LIFT ၏ ပံ့ပိုးလျက်ရှိသော လူဦးရေကို ပိုမို တိုးပွားရန် မျှော်လင့်သည်။ ဤနယ်ပယ်တို့ကို အစိုးရကလည်း ဦးစားပေးထားသဖြင့် LIFT ၏ မူဝါဒနှင့် အကောင်အထည်ဖော်မှုကို အရှိန်အဟုန်မြှင့်တင်ရာ ရောက်သည်။ LIFT သည် နိုင်ငံတော်အစိုးရကို သာမက ပြည်တွင်း အရပ်ဘက်လူမှု အဖွဲ့အစည်းများ ကိုလည်း နည်းပညာ အထောက်အကူများ ပိုမို ပေးအပ်မည် ဖြစ်သည်။ ၂၀၁၉ခုနှစ် တွင် ရန်ပုံငွေသက်တမ်း ပြီးဆုံးမည်ဖြစ်သော်လည်း LIFT ၏ အဓိက လုပ်ငန်းများဖြစ်သည့်- ရန်ပုံငွေ စီမံခန့်ခွဲခြင်း၊ အသိအမြင်များ ဖော်ဆောင်ခြင်း၊  မူဝါဒရေးဆွဲမှုများအတွက် ပံ့ပိုးဆောင်ရွက်ခြင်းတို့ကို ဆက်လက် ဆောင်ရွက်နိုင်စေရန် နောက်ဆက်တွဲ အစီအစဉ် သို့မဟုတ် ရန်ပုံငွေပုံစံကို  ၂၀၁၇ ခုနှစ်တွင် ရေးဆွဲမည်ဟု LIFT ၏ အလှူရှင်များက ၂၀၁၆ခုနှစ် အတွင်း အတည်ပြုခဲ့သည်။ ဤကိစ္စကို ဦးတည်ချက် အလေးအနက်ထားကာ ယခုလာမည့်နှစ်တွင် ဆောင်ရွက်မည်ဖြစ်သည်။

## LIFT၏ မဟာဗျူဟာမြောက် ဆောင်ရွက်မှုများ - "တက်လှမ်း"  "ထွက်ခွာ" "တောင့်ထား"


မြန်မာနိုင်ငံ၏ မူဝါဒအပြောင်းအလဲများ၊ အခွင့်အလမ်းသစ်များ နှင့် လျော့ညီစွာ ကျေးလက်ဒေသမှ ပြည်သူတို့၏ လူနေမှုဘဝတို့မှာလည်း အလျင်အမြန် ပြောင်းလဲနေကြောင်းကို LIFT၏ အိမ်ထောင်စုစစ်တမ်းတို့က ဖော်ပြနေသည်။ ထိုပြောင်းလဲမှုများနှင့်အညီ အကျိုးသက်ရောက်မှုအရှိဆုံးဖြစ်ရန်အတွက် LIFT ၏ မဟာဗျူဟာကို ၂၀၁၄ ခုနှစ် နှစ်ကုန်တွင် မွမ်းမံခဲ့သည်။

ဤအစီရင်ခံစာတွင် မဟာဗျူဟာဆိုင်ရာ ဝေါဟာရအချို့ကို သုံးစွဲထားပြီး ယင်းတို့ကို အောက်တွင် ရှင်းပြထားပါသည်။ LIFT စီမံကိန်းများ၏ ပင်မအကျိုးခံစားခွင့်ရှိသူများမှာ ကျေးလက်နေ လယ်မဲ့မြေမဲ့များ အပါအဝင် ကျေးလက် အိမ်ထောင်စုများ ဖြစ်ကြသည်။

LIFT သည် အောက်ပါဦးတည်အုပ်စုများသို့ အရင်းအမြစ်များဖြင့် အဓိက ထောက်ပံ့ပါမည်။ ဤသို့ပြုလုပ်ခြင်းအားဖြင့်-


- လယ်မြေ၊ လုပ်အားစသော စီးပွားဖြစ်နိုင်စွမ်းများကိုပိုင်ဆိုင်သည့် ကျေးလက်အိမ်ထောင်စုများကို **တက်လှမ်း** နိုင်အောင် ကူညီပါမည်။ လုပ်အားနှင့် ထုတ်လုပ်နိုင်စွမ်းကိုသာမက ထုတ်ကုန်ကို ဈေးကွက်သို့ တင်ပို့နိုင်စွမ်းကိုပါ မြှင့်တင်ပေးခြင်းဖြင့် ဆင်းရဲမွဲတေမှုမှ လွတ်မြောက်ကာ အဆင့်ဆင့် တက်လှမ်းသွား နိုင်ကြပါမည်။
- ကျေးလက်အိမ်ထောင်စုဝင်များကို စိုက်ပျိုးရေးမှ **ထွက်ခွာ** နိုင်ပြီး စီးပွားဖြစ်ထွန်းနိုင်မည့် အခြားသော ကဏ္ဍများတွင် ပါဝင်နိုင်အောင်  ကူညီပါမည်။ ထိုသို့ ထွက်ခွာရာတွင် ဒေသအတွင်းရှိ လယ်ယာလုပ်ငန်း မဟုတ်သော ဝင်ငွေကောင်းသည့် အလုပ်အကိုင်များကို ရှာဖွေရန် ဒေသတွင်း ထွက်ခွာခြင်းလည်း ဖြစ်နိုင်သကဲ့သို့ အခြားဒေသများရှိ အလုပ်အကိုင် အခွင့်အလမ်းများထံသို့ ရွှေ့ပြောင်းထွက်ခွာခြင်းလည်း ဖြစ်နိုင်သည်။
- စီးပွားဖြစ်နိုင်စွမ်းများကို မပိုင်ဆိုင်သည့် သို့မဟုတ် ထွက်ခွာနိုင်စွမ်းမရှိသည့် အိမ်ထောင်စုများကို **တောင့်ထား** နိုင်ရန် ကူညီပါမည်။ မြန်မာ့စီးပွားရေး အသွင်ကူးပြောင်းဆဲကာလတွင် စိုက်ပျိုးရေးကို သက်စောင့်ပိုက်ကွန် အဖြစ် အသုံးပြုကာ ရိက္ခာဖူလုံစေရန်နှင့် အဟာရပြည့်ဝစေရန် ဖြစ်သည်။

*ပုံ ၁.၂။ တောင်သူနှင့်လယ်မဲ့မြေမဲ့ပြည်သူများ၏ ကွဲပြားသော အသက်မွေးဝမ်းမှု မဟာဗျူဟာများ*[၃]




3 ပုံသည် ကိုယ်စားပြုမှု အချိုးညီခြင်း မဟုတ်ပါ။


# အောင်မြင်ပြီးစီးခဲ့သော ရလဒ်အချို့ ၂၀၁၀-၂၀၁၆



LIFT ၏ ပံ့ပိုးမှုများသည် လူဦးရေ

**၇.၂ သန်း**

ကို ရောက်ရှိခဲ့ပြီဖြစ်သည်



လူဦးရေ **၁.၆ သန်း**

သည် LIFT မှ ထောက်ပံ့ပေးသည့်
အသေးစား ငွေရေးကြေးရေး
အဖွဲ့အစည်းများမှ ငွေကြေးဆိုင်ရာ
ဝန်ဆောင်မှုများကို ရရှိကြပြီး ၎င်းတို့ထဲမှ
၉၄% မှာ အမျိုးသမီးများ ဖြစ်ကြသည်



လူဦးရေ **၂.၁ သန်း**


ခန့်သည် တစ်လထက်ပို၍ စားနပ်ရိက္ခာ
ဖူလုံလာကြသည်



လူဦးရေ

**၂ သန်း**

သည် ကြံ့ကြံ့ခံနိုင်မှု ပိုရှိလာကြသည်



အိမ်ထောင်စုပေါင်း

**၄၉၁,၀၀၀**


ခန့်က ဝင်ငွေတိုးတက်လာသည်ဟု
တင်ပြကြသည်



အိမ်ထောင်စုပေါင်း

**၃၂၆,၀၀၀**

ခန့် အာဟာရပိုမိုပြည့်ဝစွာ
စားသုံးလာကြသည်



အရပ်ဘက်အဖွဲ့အစည်းများမှ အဖွဲ့ဝင်

**၄၃၄,၀၀၀**

သည် LIFT ရန်ပုံငွေ ထောက်ပံ့သော
သင်တန်းများတွင် တက်ရောက်ခဲ့ကြသည်



အိမ်ထောင်စုပေါင်း

**၂၇၇,၀၀၀**

ခန့်သည် စိုက်ပျိုးရေးပြင်ပ
လုပ်ငန်းများကြောင့်
ဝင်ငွေတိုးတက်လာသည်



အိမ်ထောင်စုပေါင်း

**၅၂၂,၀၀၀**

သည် ပစ္စည်းပိုမိုပိုင်ဆိုင်လာကြသည်

# ၂။ အကျိုးရလဒ်များ

## ၂.၁။ နိဒါန်း

မဟာဗျူဟာအသစ်အရ LIFTသည် တာဝန်ခံမှုနှင့် လေ့လာသင်ယူမှုတို့အတွက် စောင့်ကြည့်လေ့လာခြင်း နှင့် အကဲဖြတ်ခြင်း မူဘောင်(Monitoring and Evaluation for Accountability and Learning - MEAL)ကို အောက်ပါ တာဝန်များဖြင့် ရေးဆွဲထားသည်-


- တာဝန်ခံယူမှုရှိခြင်း (သက်သေပြခြင်း)။ မည်သည့် လုပ်ဆောင်ချက်များသည် မည်သည့် အကျိုး၊ ရလဒ်နှင့် ပန်းတိုင်များကို ဦးတည်နေပြီး မည်သို့ ငွေကြေး ကုန်ကျရကျိုးနပ်စွာ ထိထိရောက်ရောက် ရှိလှကြောင်းကို ပြသသည်။
- အထောက်အထား အခြေပြု သင်ယူခြင်း (တိုးတက်ကောင်းမွန်စေခြင်း)။ မည်သည့်  မဟာဗျူဟာများ၊ လုပ်ဆောင်ချက်များ၊ ချဉ်းကပ်ပုံများနှင့် လုပ်ငန်းများသည် သက်ဆိုင်ရာ အခြေအနေတွင် ထိရောက်မှု ရှိမရှိ၊ အဘယ်ကြောင့် ထိုသို့ဖြစ်ရသည် ဟူသော အသိအမြင်၊ အထောက်အထားတို့ကို တည်ဆောက်ကာ ယင်းတို့ကို အစီအစဉ်၏ ပုံစံနှင့် အကောင်အထည်ဖော်မှုတို့အား တိုးတက် ကောင်းမွန်စေရန်အတွက် အသုံးပြုသည်။
- မူဝါဒ ရေးဆွဲအကောင်ထည်ဖော်မှုများတွင် ထောက်ပံ့ခြင်း (ပံ့ပိုးဆောင်ရွက်ခြင်း) ။ အစိုးရ၏ မူဝါဒများ ရေးဆွဲခြင်း၊ အစိုးရ၏ အစီအစဉ်များကို ဒီဇိုင်းရေးဆွဲခြင်း အကောင်အထည်ဖော်ခြင်း တို့တွင် သတင်းပေးရန် မူဝါဒကို လည်းကောင်း၊ ကျင့်သုံးမှု နှင့် စပ်လျဉ်းသော အထောက်အထားတို့ကို လည်းကောင်း ပြုစုသည်၊ အသုံးပြုသည်။

အထက်ပါတာဝန်များကို ဖြည့်ဆည်းရန်အတွက် LIFT၏ MEALမူဘောင်တွင် အောက်ပါ အဆင့် သုံးဆင့် ပါရှိသည်-

- LIFT ရန်ပုံငွေ စီမံခန့်ခွဲရေးရုံး။ ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးသည် သက်ဆိုင်ရာ ယုတ္တိဗေဒမူဘောင်အရ သတ်မှတ် ထားသော အညွှန်းများကို အခြေခံကာ LIFTအဆင့် အကဲဖြတ်ခြင်း သင်ယူခြင်း မေးခွန်း (Evaluation and Learning Questions - ELQ) များကို ဖြေကြားခြင်းဖြင့်  LIFT၏ လက်ရှိ ပြောင်းလဲမှုဆိုင်ရာ သီအိုရီ (Theory of Change - ToC) အတိုင်း ဆောင်ရွက်ပေးရန် တာဝန်ရှိသည်။
- ဒေသအလိုက် အစီအစဉ်များ။ ဒေသအလိုက် အစီအစဉ်များတွင် LIFT၏ အစီအစဉ်အဆင့် နှင့် တာဝန်အဆင့် အကျိုးများ ရရှိအောင် မည်သည့် အစီအစဉ်အစိတ်အပိုင်းများကို မည်သို့ ပေါင်းစည်း ဆောင်ရွက်ရမည်ဟု အသေးစိတ် ဖော်ပြထားသောToCများ ရှိသည်။ ထို့ပြင် ဒေသအလိုက် အစီအစဉ်များတွင် ယင်းတို့၏ စီမံချက်များ အထူးလေ့လာချက်များဖြင့် ဖြေကြားရမည့် အဓိက မေးခွန်းများ ပါဝင်သော အသေးစိတ် ELQမေးခွန်းများ ရှိသည်။
- စီမံချက်/မိတ်ဖက်အဖွဲ့များ။ စီမံချက်များတွင် ဒေသအလိုက် အစီအစဉ်များမှ သက်ဆိုင်ရာ အခန်းကဏ္ဍကို မည်သို့ ဆောင်ရွက်ရမည်ဟု အသေးစိတ်ဖော်ပြထားသောToCများ ရှိသည်။ ယင်းတို့တွင် ELQမေးခွန်းများ ရှိသည့်ပြင် မည်သည့် အချက်အလက်ကို မည်သို့ ကောက်ယူရမည် ဟု အသေးစိတ် ဖော်ပြထားသော တိုင်းတာရေး စီမံချက်လည်း ရှိသည်။

LIFT၏ ပြောင်းလဲမှုဆိုင်ရာ သီအိုရီကို နောက်ဆက်တွဲ၈တွင် ဖော်ပြထားသည်။ အောက်ပါပုံတွင် အဆင့်အလိုက် အချင်းချင်း ဆက်သွယ်ပုံ နှင့် အဆင့်တိုင်းရှိ MEAL အစိတ်အပိုင်းများကို ဖော်ပြထားသည်။

ပုံ ၂.၁။ MEAL မူဘောင် ယေဘုယျဖော်ပြချက်




အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း LIFT၏ အကောင်အထည်ဖော်နိုင်မှုများကို လက်ရှိ ယုတ္တိဗေဒ မူဘောင်ပါ အညွှန်းများဖြင့် နှိုင်းယှဉ်ပြီး ဆက်လက်ဖော်ပြထားသည်-

## ၂.၂။ LIFT ၏ ယုတ္တိဗေဒမူဘောင် အသစ်

LIFTသည် ရန်ပုံငွေဘုတ်အဖွဲ့ဝင်များ၊ LIFT နှင့် မိတ်ဖက်အဖွဲ့ ဝန်ထမ်းများ၊ အခြားကျွမ်းကျင်သူများ နှင့် တိုင်ပင်ကာ မိမိ၏ မဟာဗျူဟာအသစ်နှင့် ကိုက်ညီစေရန် ယုတ္တိဗေဒမူဘောင်ကို ပြန်လည် မွမ်းမံခဲ့သည်။ မဟာဗျူဟာအသစ် နှင့် လိုက်လျောညီထွေရှိသော ပြောင်းလဲမှုဆိုင်ရာ သီအိုရီတို့ကို အခြေခံသည့် ယုတ္တိဗေဒမူဘောင်တွင် တာဝန်အဆင့်အကျိုး ဖော်ပြချက် လေးခု ပါရှိသည်။ ယင်းတို့ကို အညွှန်း နှစ်ခု မှ လေးခုအထိဖြင့် သတ်မှတ်ကာ တိုင်းတာမှုများ ပြုလုပ်သည်။ ဤတာဝန်အဆင့် အညွှန်းတို့သည် ဝင်ငွေအဆင့်၊ ဝင်ငွေအမျိုးအမည်၊ ပစ္စည်းပိုင်ဆိုင်မှု၊ ကြံ့ကြံ့ခံနိုင်မှု၊ ရိက္ခာဖူလုံမှု၊ အစားအသောက်အမျိုးအမည် စုံလင်မှု၊ ကလေးသူငယ် ပုည့က်မှု၊ ပြည်သူ့ရေးရာ မူဝါဒ နှင့် ဘတ်ဂျက် ခွဲဝေမှု / သုံးစွဲမှု အပြောင်းအလဲ တို့ကို ဖော်ပြသည်။

ယုတ္တိဗေဒမူဘောင် အသစ်တွင် စီမံကိန်းအဆင့် ရလဒ်ဖော်ပြချက် ရှစ်ခု ပါရှိပြီး ယင်းတို့ကို လွှမ်းခြုံနိုင်မှုနှင့် ရလဒ်အဆင့် အညွှန်း တို့ ပါဝင်သည့် အညွှန်း နှစ်ခု မှ ခြောက်ခုအထိဖြင့် သတ်မှတ်တိုင်းတာသည်။ စီမံကိန်းအဆင့် အညွှန်းတို့သည်- ပိုမိုကောင်းမွန်သည့် စိုက်ပျိုးရေးနည်းလမ်းများကို သုံးစွဲခြင်း၊ သီးနှံအထွက်တိုးခြင်း၊ လုပ်ငန်း ထူထောင်ခြင်း၊ ငွေကြေးဝန်ဆောင်မှုများကို သုံးစွဲခြင်း၊ အမျိုးသမီးနှင့် ကလေးများ၏ အာဟာရ လိုအပ်ချက်ကို သိရှိခြင်း၊ ကလေးများအတွက် အစားအစာ အမျိုးအမည်စုံလင်စွာ ရရှိမှု၊ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးမှု၊ ပတ်ဝန်းကျင်သန့်ရှင်းရေး  နှင့် ရေအရင်းအမြစ် ကောင်းမွန်မှု၊ မူဝါဒ ရေးဆွဲရေး အထောက်အကူပြု ဆွေးနွေးပွဲ အခမ်းအနားများ၊ စာအုပ်စာတမ်းများ ထုတ်ဝေခြင်းတို့ကို ဖော်ပြသည်။

## ၂.၃။ LIFT၏ အညွှန်း ရလဒ် နှင့် အောင်မြင်ပြီးစီးမှုများ

လွှမ်းခြုံနိုင်မှု အညွှန်းဆိုင်ရာ ကိန်းဂဏန်း အများစုကို မိတ်ဖက်အဖွဲ့များက ခြောက်လလျှင် တကြိမ်ကျ ပေးအပ်ကြသည်။ အောက်ပါ အချက်အလက်များမှာ ၂၀၁၀ခုနှစ်မှ ၂၀၁၆ခုနှစ် ဇွန်လအထိ စုပေါင်း ဖော်ပြထားခြင်း ဖြစ်သည်။

ရလဒ်အညွှန်းဆိုင်ရာ ကိန်းဂဏန်းအများစုကို LIFT၏ ၂၀၁၆ခုနှစ် အိမ်ထောင်စုအညွှန်းပြစစ်တမ်းမှ ရယူထားသည်။ ယင်းစစ်တမ်းကို အိမ်ထောင်စု၂,၀၁၂ စု မှ ကောက်ယူထားပြီး ၎င်းအိမ်ထောင်စုတို့၏ ၁၅%ကို အမျိုးသမီးများက ဦးစီးနေသည်။

သက်ဆိုင်သော ရလဒ်အညွှန်းအတွက် အိမ်ထောင်စုအရေအတွက်ကို ရရှိရန်အတွက် အိမ်ထောင်စု စစ်တမ်းရလဒ်ကို အခြေခံကာ ၂၀၁၆ခုနှစ်အတွင်း LIFT၏ ပံ့ပိုးမှုများ ရောက်ရှိခဲ့သော အိမ်ထောင်စု အရေအတွက်ဖြင့် ခန့်မှန်း တွက်ချက်ခဲ့သည်။ LIFT၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု အစီအစဉ်မှာ အလျင်အမြန် တိုးချဲ့လာရာ ၂၀၁၆ခုနှစ် အညွှန်းပြစစ်တမ်း ကောက်ယူရာတွင် နမူနာအရွယ်အစား နှင့် နမူနာရွေးချယ်ချက်တို့ကို နှစ်ဆ တိုးခဲ့သည်။ ထို့ကြောင့် စစ်တမ်းရလဒ်ကို ပင်မနယ်မြေ(အလ္ဟာ၁)[၄] နှင့် ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေမှုလုပ်ငန်း သက်သက် ကိုသာ ဆောင်ရွက်သော(အလ္ဟာ၂)ဟု နှစ်မျိုး သတ်မှတ်နိုင်သည်။ အလ္ဟာ၁ နှင့် အလ္ဟာ၂မှ ပြီးစီးမှုတို့ကို ပေါင်းကာ ၂၀၁၆ခုနှစ်အတွက် ပြီးစီးမှုအဖြစ် သတ်မှတ်သည်။ တဖန် ယင်းကို ယခင်နယ်မြေ၏ ၂၀၁၅ခုနှစ် အတွက် ပြီးစီးမှု နှင့် ပေါင်းသည်။ ၂၀၁၆ခုနှစ်အတွက် အလ္ဟာ၁ အိမ်ထောင်စုအရေအတွက်မှာ ၁၅၉,၀၀၀ ရှိပြီး အလ္ဟာ၂မှ အိမ်ထောင်စု အရေအတွက်မှာ ၁,၂၀၂,၂၈၆ရှိသည်[၅]။ အမျိုးသမီးဦးစီး အိမ်ထောင်စု အရေအတွက် ကို အညွှန်းတစ်ခု အဖြစ် ရရှိရန် ကျား/မခွဲခြားသော စစ်တမ်း ကိန်းဂဏန်းအဖြစ် ၂၀၁၆ခုနှစ်အတွက် စုစုပေါင်း အိမ်ထောင်စု အရေအတွက်၏ ၁၅ရာခိုင်နှုန်းကို ခန့်မှန်းတွက်ချက်ခဲ့သည်။[၆]

LIFT၏ အစီအစဉ်အလိုက် ကွာခြားချက်ကို တွက်ဆနိုင်ရန် နှင့် အမှတ် သို့မဟုတ် အဆင့် တစ်ခုပါရှိသော အညွှန်းများ အတွက် ၂၀၁၅ခုနှစ်(အခြေခံ စစ်တမ်း) နှင့် ၂၀၁၆ခုနှစ်တို့ အတွက် ပျမ်းမျှ ရာခိုင်နှုန်းကို အချင်းချင်း နှုတ်ကာ ရလာသော ခြားနားချက်ကို ၂၀၁၆ခုနှစ်တွင် လက်လှမ်းမီခဲ့သော အိမ်ထောင်စု အရေအတွက်ဖြင့် ခန့်မှန်း တွက်ချက် ခဲ့သည်။ ထိုသို့ဆောင်ရွက်ရန် ၂၀၁၅ခုနှစ်အခြေခံစစ်တမ်းရလဒ်သည် ၂၀၁၆ခုနှစ် အညွှန်းပြ စစ်တမ်းတွင် အသစ် ကောက်ယူခဲ့သော နယ်မြေဒေသများကိုလည်း အကျုံးဝင်သည်ဟု ယူဆသည်။

---

[4] LIFT ၏ မဟာဗျူဟာအတိုင်း လုပ်ငန်းများကို အကောင်ထည်ဖော်နေသည့် ဒေသများဖြစ်သည်။ ဥပမာ အပူပိုင်းဇုန်တွင် အလ္ဟာ၁ အကောင်ထည်ဖော်မှုတွင် အဓိက မြို့နယ် ၆ခုအဖြစ် မလှိုင်၊ မြင်းခြံ၊ နွားထိုးကြီး၊ တောင်သာ၊ ပခုက္ကူ နှင့် ရေစကြို  တို့ ပါဝင်သည်။

[5] နှစ်ခါထပ်ရေတွက်ခြင်းမျိုးမဖြစ်စေရန်အတွက် အလ္ဟာ ၂တွင် ၂၀၁၆ခုနှစ်အတွင်း လက်ရှိ အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုများ အသုံးပြုနေကြသူအားလုံး မှ အလ္ဟာ၁ အသုံးပြုသူအရေအတွက်ကို နှုတ်ထားပြီး ထပ်နိုင်ချေကို ခန့်မှန်းထားသည်။

[6] ခန့်မှန်းတွက်ချက်မှုအားလုံးတွင် အချိုးအဆသင့်တင့်စွာ အသုံးပြုထားသည်။

## တာဝန်အဆင့် အညွှန်းများ

*ဇယား ၂.၁။ တာဝန်အဆင့်အညွှန်းများ၊ အကျိုးများ၊ အောင်မြင်ပြီးစီးမှုများ*

| အညွှန်း | | | | ၂၀၁၆ ရည်မှန်းချက် | ပြီးစီးမှု % | အချက်အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| | ၂၀၁၅ | ၂၀၁၆ | ၂၀၁၅ + ၂၀၁၆ | | | |
| တာဝန် (Purpose - PO)။ PO ၁ ။ ကျေးလက်နေ အိမ်ထောင်စုများ ဝင်ငွေတိုးတက်ခြင်း | | | | | | |
| PO ၁.၁။ ဝင်ငွေတိုးလာသော LIFT အိမ်ထောင်စု အရေအတွက် | ၁၅၄,၂၃၈ (အိမ်ထောင်စု) ၁၂၇,၆၁၂ (ကျား) ၂၆,၆၂၆ (မ) | ၃၃၆,၉၂၆ (အိမ်ထောင်စု) ၂၉၅,၉၇၇ (ကျား) ၄၀,၉၄၉ (မ) | ၄၉၁,၁၆၄ (အိမ်ထောင်စု) ၄၂၃,၅၈၉ (ကျား) ၆၇,၅၇၅ (မ) | ၂၅၀,၀၀၀ (အိမ်ထောင်စု) | ၁၉၆% | HHTS |
| PO ၁.၁။ ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်း အောက်တွင် ရောက်နေသောLIFT အိမ်ထောင်စု အရေအတွက် * | ၁၃% | မရှိ | မရှိ | ၂၈% | - | |
| PO ၂ ။ ဆင်းရဲသော ကျေးလက် အိမ်ထောင်စုများ ချောက်ချားမှု၊ ဖိစီးမှု၊ အကျိုးမဲ့မည့် အခြေအနေတို့နှင့် ရင်ဆိုင်ပါကကြံ့ကြံ့ခံနိုင်ခြင်း | | | | | | |
| PO ၂.၁။ ပစ္စည်းပိုင်ဆိုင်မှု တိုးတက်လာသော LIFTအိမ်ထောင်စု အရေအတွက် | ၂၀၀,၅၉၁ (အိမ်ထောင်စု) ၁၆၅,၃၀၇ (ကျား) ၃၅,၂၈၄ (မ) | ၃၂၁,၆၄၂ (အိမ်ထောင်စု) ၂၈၄,၉၂၂ (ကျား) ၃၆,၇၂၀ (မ) | ၅၂၂,၂၃၃ (အိမ်ထောင်စု) ၄၅၀,၂၂၉ (ကျား) ၇၂,၀၀၄ (မ) | ၂၅၀,၀၀၀ (အိမ်ထောင်စု) | ၂၀၉% | HHTS |
| PO ၂.၂။ ဝင်ငွေရလမ်း များပြားလာသော LIFT အိမ်ထောင်စုအရေအတွက် * | မရှိ | မရှိ | မရှိ | ၁၀၀,၀၀၀ (အိမ်ထောင်စု) | မရှိ | HHTS |
| PO၂.၃။ ကြံ့ကြံ့ခံနိုင်မှုရှိပြီး အခက်အခဲများကို ရင်ဆိုင်ဖြေရှင်း နိုင်သည့် လူဦးရေ | မရှိ | ၁,၉၆၆,၀၁၂ ဦး ၁,၇၃၉,၀၉၁ (ကျား) ၂၂၆,၉၂၁ (မ) | ၁,၉၆၆,၀၁၂ ဦး ၁,၇၃၉,၀၉၁ (ကျား) ၂၂၆,၉၂၁ (မ) | ၁,၁၃၅,၀၀၀ ဦး | ၁၇၃% | HHTS |
| PO ၃။ အမျိုးသမီးများနှင့် ကလေးများ အာဟာရ တိုးတက်ကောင်းမွန်ခြင်း | | | | | | |
| PO ၃.၁။ လက်ခံနိုင်ဖွယ်ရှိသောရိက္ခာ အမျိုးအမည် စုံလင်စွာ ရရှိသည့် LIFT အိမ်ထောင်စုအရေအတွက် | ၁၉၆,၄၈၁ (အိမ်ထောင်စု) ၁၄၅,၄၅၄ (ကျား) ၅၁,၀၂၇ (မ) | ၁၂၉,၂၄၂ (အိမ်ထောင်စု) ၁၁၄,၉၅၃ (ကျား) ၁၄,၂၈၉ (မ) | ၃၂၅,၇၂၃ (အိမ်ထောင်စု) ၂၆၀,၄၀၇ (ကျား) ၆၅,၃၁၆ (မ) | ၂၅၀,၀၀၀ (အိမ်ထောင်စု) | ၁၃၀% | HHTS |
| PO ၃.၂။ ၁၂ လတာ အစားအစာလုံလောက်မှုရှိသော LIFT အိမ်ထောင်စု အရေအတွက် | ၄၉၂,၄၃၅ (အိမ်ထောင်စု) ၃၈၇,၄၁၂ (ကျား) ၁၀၅,၀၂၃ (မ) | မရှိ | ၄၉၂,၄၃၅ (အိမ်ထောင်စု) ၃၈၇,၄၁၂ (ကျား) ၁၀၅,၀၂၃ (မ) | ၅၀၀,၀၀၀ (အိမ်ထောင်စု) | ၉၈% | HHTS |
| PO ၃.၃။ LIFT ကျေးရွာများရှိ ၅နှစ်အောက် ကလေးများ၏ အလွန်အမင်း/ အသင့်အတင့် ပုညက်မှုရာခိုင်နှုန်း | ၂၉% | မရှိ | မရှိ | ၂၈% | မရှိ | HHTS |
| PO ၃.၄။ လွန်ခဲ့သော နှစ်ပတ်အတွင်း ၅နှစ် အောက်ကလေးများ ဝမ်းပျက်ဝမ်းလျှောဖြစ်မှု အချိုးအစား * | မရှိ | မရှိ | မရှိ | ၁၉% | မရှိ | HHTS |
| PO ၃။ ဆင်းရဲနွမ်းပါးသူများ အကျိုးဖြစ်ထွန်းစေမည့် တိုးတက်သော မူဝါဒများ၊ ထိရောက်သော လူထု အသုံးစရိတ်များ | | | | | | |
| PO ၄.၁။ LIFTက ထောက်ပံ့သော ပြည်သူ့ရေးရာ မူဝါဒ နှင့် အစီအစဉ် အပြောင်းအလဲ အရေအတွက် နှင့် အမျိုးအစား | မရှိ | ၂၀ | ၂၀ | ၈ | ၂၅၀% | FMO IPS |
| PO ၄.၂။ LIFTက ထောက်ပံ့သော လူထု ကဏ္ဍ/ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဘတ်ဂျက် ခွဲဝေမှု/သုံးစွဲမှု အပြောင်းအလဲ အရေအတွက် နှင့် အမျိုးအစား | မရှိ | ၅ | ၅ | ၂ | ၂၅၀% | FMO IPS |

* ၂၀၁၆ခုနှစ် အိမ်ထောင်စု အညွှန်းပြစစ်တမ်း (Household tracker survey - HHTS) တွင် တိုင်းတာခြင်း မရှိပါ။

## တာဝန်အဆင့် အကျိုး ၁။ ကျေးလက်နေအိမ်ထောင်စုများ ဝင်ငွေတိုးတက်ခြင်း

### တာဝန်အဆင့် အညွှန်း ၁.၁ ။ ဝင်ငွေတိုးလာသော LIFTအိမ်ထောင်စု အရေအတွက်

၂၀၁၆ခုနှစ်တွင် LIFT၏ စီမံကိန်း နယ်မြေဒေသ အသစ်များတွင် အိမ်ထောင်စု ၂၃ရာခိုင်နှုန်း ခန့်က လွန်ခဲ့သော ၁၂လ အတွင်း ဝင်ငွေတိုးလာသည်ဟု စစ်တမ်းတွင် တင်ပြကြသည်။ အလွှာ၁နှင့် အလွှာ၂တို့ကို ခန့်မှန်း တွက်ချက်ပါက အိမ်ထောင်စု ၃၃၇,၀၀၀ ရှိသည်။ အမျိုးသား ဦးစီးသည့် အိမ်ထောင်စုတို့ ၏ ၂၄ ရာခိုင်နှုန်း မှာ ဝင်ငွေတိုးတက်လာသော်လည်း အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုတို့၏ ဝင်ငွေတိုးတက်မှုမှာ ၁၅ ရာခိုင်နှုန်းသာ ရှိသဖြင့် အိမ်ထောင်ဦးစီး ကွာခြားသည့်အတိုင်း ကွာခြားမှုရှိကြောင်း တွေ့ရသည်။

LIFT၏ အစီအစဉ်ဆောင်ရွက်ခဲ့သော ယခင်နယ်မြေဒေသများမှ ၂၀၁၅ခုနှစ်အတွင်း ဝင်ငွေတိုးတက်ကြောင်း တင်ပြကြသော အိမ်ထောင်စု အရေအတွက်တို့ကိုပါ ပေါင်းစပ်ပါက LIFTသည် အိမ်ထောင်စု စုစုပေါင်း ၄၉၁,၂၀၀ကို ဝင်ငွေတိုးစေခဲ့သည်။ သို့မဟုတ် ၂၀၁၆ခုနှစ် ရည်မှန်းချက်၏ ၁၉၆ရာခိုင်နှုန်းကို ရရှိခဲ့သည်။

ဤတွင် မှတ်သားရန်ရှိသည်မှာ ဝင်ငွေ မပြောင်းလဲကြောင်း လျော့နည်းကြောင်း တင်ပြသော အိမ်ထောင်စုများကို တွက်ယူထားခြင်း မရှိပါ။ ဤရလဒ်များကို ဝင်ငွေနှင့် ပစ္စည်းပိုင်ဆိုင်မှု အလေးထား သုံးသပ်လျက်ရှိသည်။

### တာဝန်အဆင့် အညွှန်း ၁.၂ ။ ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်း အောက်တွင်ရောက်နေသောLIFT အိမ်ထောင်စု အရေအတွက်

LIFT၏ အိမ်ထောင်စုစစ်တမ်း အပြည့်အစုံကို နှစ်နှစ်လျှင် တကြိမ်ကျ ကောက်ယူရာတွင် ဤအညွှန်းကို တိုင်းတာနေမြဲ ဖြစ်သောကြောင့် ၂၀၁၆ခုနှစ် အညွှန်းပြစစ်တမ်းတွင် မပါဝင်ခဲ့ပါ။ သို့သော် ၂၀၁၅ခုနှစ် စစ်တမ်းတွင် နိုင်ငံတကာ ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်းဖြစ်သော တနေ့ဝင်ငွေ ကန်ဒေါ်လာ ၁.၂၅အောက် သာ ရရှိနေသော အိမ်ထောင်စုမှာ ၁၃ရာခိုင်နှုန်း ရှိနေသည်။ ၂၀၁၃ခုနှစ်တွင် ၂၈.၃ရာခိုင်နှုန်းရှိနေရာမှ  သိသိသာသာ တဟုန်ထိုး ကျဆင်းသွားခဲ့ခြင်း ဖြစ်ရာ ဤရလဒ်ကို ယာယီအဖြစ်သာ သတ်မှတ်ထားပြီး နိုင်ငံတကာ ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်းအသစ်ဖြစ်သော တနေ့ဝင်ငွေ ကန်ဒေါ်လာ ၁.၉၀အောက်နှုန်းဖြင့် ထပ်မံ တွက်ချက်နေသည်။

## တာဝန်အဆင့် အကျိုး၂။ ဆင်းရဲသော ကျေးလက် အိမ်ထောင်စုများ ချောက်ချားမှု၊ ဖိစီးမှု၊ အကျိုးမဲ့မည့် အခြေအနေတို့နှင့် ရင်ဆိုင်ပါကကြံ့ကြံ့ခံနိုင်ခြင်း


### တာဝန်အဆင့် အညွှန်း ၂.၁ ။ ပစ္စည်းပိုင်ဆိုင်မှု တိုးတက် လာသော LIFTအိမ်ထောင်စု အရေအတွက်

၂၀၁၆ခုနှစ်တွင် အလွှာ၁မှ ရလဒ် နှင့် အလွှာ၂မှ ရလဒ်ကို ပေါင်းလိုက်ပါက စစ်တမ်းတွင်ပါဝင်သည့် ၂၂ရာခိုင်နှုန်းသော အိမ်ထောင်စုများက လွန်ခဲ့သော ၁၂လအတွင်းတွင်  ၎င်းတို့၏ ပစ္စည်းပိုင်ဆိုင်မှု တိုးတက်လာသည်ဟု တင်ပြကြသည်။ အလွှာ၁နှင့် အလွှာ၂ကို ပေါင်းပြီး ခန့်မှန်းတွက်ချက်ပါက အိမ်ထောင်စု ၃၂၁,၆၀၀ ရှိသည်။ ယင်းတွင် အမျိုးသားဦးစီးသည့် အိမ်ထောင်စုတို့၏ ၂၃ရာခိုင်နှုန်းမှာ ပစ္စည်းပိုင်ဆိုင်မှု တိုးတက်လာသော်လည်း အမျိုးသမီးဦးစီးသော အိမ်ထောင်စုတို့၏ ၁၅ ရာခိုင်နှုန်းကသာ ပစ္စည်းပိုင်ဆိုင်မှု တိုးတက်လာကြောင်း တွေ့ရသည်။

LIFT၏ အစီအစဉ်ဆောင်ရွက်ခဲ့သော ယခင်နယ်မြေဒေသများမှ ပြီးစီးမှုကိုပါ ပေါင်းစပ်ပါက LIFTသည် အိမ်ထောင်စု စုစုပေါင်း ၅၂၂,၀၀၀ ကို ပစ္စည်းပိုင်ဆိုင်မှု တိုးစေခဲ့သည်၊ သို့မဟုတ် ၂၀၁၆ခုနှစ် ရည်မှန်းချက်၏ ၂၀၉ ရာခိုင်နှုန်းကို ရရှိခဲ့သည်။

ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ပြောင်းလဲလာသော အများဆုံးပိုင်ဆိုင်သည့် ပစ္စည်းသုံးမျိုးကို အောက်တွင် ဖော်ပြထားသည်။

*ပုံ ၂.၂။ သတ်မှတ်ပစ္စည်းများ ပိုင်ဆိုင်ကြသည့် အိမ်ထောင်စုရာခိုင်နှုန်းကို နှစ်အလိုက် ဖော်ပြခြင်း*



မှတ်သားရန်ရှိသည်မှာ ဤအညွှန်းတွင် ပစ္စည်းပိုင်ဆိုင်မှု မပြောင်းလဲကြောင်း၊ လျော့နည်းကြောင်းတင်ပြသော အိမ်ထောင်စုများကို တွက်ယူထားခြင်း မရှိပါ။ ဤရလဒ်များကို ဝင်ငွေနှင့် ပစ္စည်းပိုင်ဆိုင်မှုစစ်တမ်းတွင် အလေးထား သုံးသပ်လျက်ရှိသည်။

### တာဝန်အဆင့် အညွှန်း ၂.၂။ ဝင်ငွေရလမ်း များပြားလာသော LIFT အိမ်ထောင်စုအရေအတွက်

LIFT၏ ပြောင်းလဲမှုဆိုင်ရာ သီအိုရီအသစ်ကို ရေးဆွဲရာတွင် အိမ်ထောင်စုများသည် အသက်မွေးမှု နည်းလမ်းများကို လေ့ကျင့်ရခြင်း/ ချေးငွေရရှိခြင်းတို့ကြောင့် ဝင်ငွေရလမ်း ပိုမို များပြားလာမည်ဟု ယူဆခဲ့သည်။ သို့သော် ၂၀၁၆ခုနှစ် အညွှန်းပြစစ်တမ်းတွင် ဤအညွှန်းဆိုင်ရာ ကိန်းဂဏန်း အချက်အလက် မပါဝင်ခဲ့ပါ။ ဝင်ငွေရလမ်းများ ပြောင်းသွားသည်ဟု ထင်ရသော်လည်း ဝင်ငွေရလမ်းအရေအတွက် ပြောင်းလဲသွားခြင်းမဟုတ်ပဲ ဝင်ငွေရလမ်း တစ်ခုခုကို ပြောင်းလဲလုပ်ကိုင်ခြင်း လည်း ဖြစ်နိုင်သည်။ ဤကိစ္စအတွက် အသုံးစရိတ်ဆိုင်ရာ အသေးစိတ် ကိန်းဂဏန်းများ ကို အသုံးပြုကာ ဝင်ငွေနှင့် ပစ္စည်းပိုင်ဆိုင်မှုကို အလေးထား သုံးသပ်ပြီး သင့်လျော်သော အညွှန်းတခုကို ဖော်ထုတ်မည် ဖြစ်သည်။

### တာဝန်အဆင့် အညွှန်း ၂.၃။ ကြံ့ကြံ့ခံနိုင်မှုရှိပြီး အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် လူဦးရေ

LIFT၏ ယုတ္တိဗေဒမူဘောင်အသစ်အရ၊ DFID၏ နိုင်ငံတကာရာသီဥတုရန်ပုံငွေ (International Climate Fund - ICF) မှ ငွေကြေးထပ်မံပံ့ပိုးမှု လက်ခံရရှိခြင်းကိုလည်း အသိအမှတ်ပြုလျက်၊ LIFTသည် 'ကြံ့ကြံ့ခံနိုင်မှုရှိပြီး အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနိုင်မှု တိုးတက်လာသည့် လူဦးရေ' ဟူသော အညွှန်းတခုကို ထည့်သွင်းခဲ့သည်။ LIFT သည် ဤအညွှန်းကို တိုင်းတာရာတွင် လွန်ခဲ့သော ၁၂လအတွင်း ဝင်ငွေ တိုး/လျော့ခြင်း၊ ရိက္ခာ/ပစ္စည်း ရရှိ/မရရှိခြင်းတို့ကို ပေါင်းစပ်ထားသော အညွှန်းကိန်းဖြင့် တိုင်းတာသည်။ ၂၀၁၆ခုနှစ်တွင် စစ်တမ်းကောက်ခံခဲ့သော အိမ်ထောင်စု ၂၂ရာခိုင်နှုန်းတို့သည် လွန်ခဲ့သော ၁၂လ အတွင်း ကြံ့ကြံ့ခံနိုင်မှု တိုးတက်လာသည်။ ယင်းကို ၂၀၁၆ခုနှစ်တွင် ပံ့ပိုးမှုများ ရောက်ရှိခဲ့သူများ အတွက် ခန့်မှန်း တွက်ချက်ပါက အိမ်ထောင်စု ၄၄၇,၀၀၀ သို့မဟုတ် လူဦးရေ နှစ်သန်းခန့် ဖြစ်သည်။ ထို့ကြောင့် LIFTသည် ၂၀၁၆ခုနှစ် ရည်မှန်းချက်၏ ၁၇၃ရာခိုင်နှုန်းကို ရရှိခဲ့သည်။ မှတ်သားရန် တစ်ခုမှာ အမျိုးသား ဦးစီး အိမ်ထောင်စုတို့၏ ၂၉ရာခိုင်နှုန်းက တိုးတက်လာသော်လည်း အမျိုးသမီးဦးစီး အိမ်ထောင်စုတို့၏ တိုးတက်မှုမှာ ၂၀ရာခိုင်နှုန်းသာ ရှိသဖြင့် သိသာစွာ ကွာခြားခြင်း ဖြစ်သည်။

## တာဝန်အဆင့် အကျိုး ၃။ အမျိုးသမီးများနှင့် ကလေးများ အာဟာရ တိုးတက်ကောင်းမွန်ခြင်း

### တာဝန်အဆင့် အညွှန်း ၃.၁။ လက်ခံနိုင်ဖွယ်ရှိသောရိက္ခာ အမျိုးအမည် စုံလင်စွာ ရရှိသည့် LIFT အိမ်ထောင်စုအရေအတွက်

၂၀၁၅ခုနှစ်မှ စတင်ကာ LIFTသည် ပျမ်းမျှ ရိက္ခာအမျိုးအမည်စုံမှု ရမှတ်အစား ရိက္ခာနှင့် အာဟာရ နည်းပညာ အထောက်အကူ စီမံချက်(Food and Nutrition Technical Assistance - FANTA)က သတ်မှတ်ထားသော ထိပ်ပိုင်း တတိယ ဝင်ငွေအုပ်စု၏ ပျမ်းမျှရမှတ် ဖြစ်သည့် လက်ခံနိုင်ဖွယ်ရှိသော ရိက္ခာအမျိုးအမည်စုံမှု ရမှတ် အဖြစ် ပြောင်းလဲ တိုင်းတာလာခဲ့သည်။ ထို့ကြောင့် ၂၀၁၅ခုနှစ်မှ ၂၀၁၆ခုနှစ်အထိ စစ်တမ်းကောက်အိမ်ထောင်စု ၉.၆ရာခိုင်နှုန်းသည် လက်ခံနိုင်ဖွယ်ရှိသော ရိက္ခာအမျိုးအမည်စုံလင်မှု ပိုမိုရရှိလာကြရာ၊ အမျိုးသား ဦးစီးသော အိမ်ထောင်စုတို့၏ ၁၀ရာခိုင်နှုန်းက တိုးတက်လာသော်လည်း အမျိုးသမီး ဦးစီးသော အိမ်ထောင်စုတို့၏ တိုးတက်မှုမှာ ၇ရာခိုင်နှုန်း ဖြစ်သည်။ ယင်းကို ၂၀၁၆ခုနှစ်တွင် ပံ့ပိုးမှု ရောက်ရှိခဲ့သူများ အတွက် ခန့်မှန်းတွက်ချက်ပါက တိုးတက်မှုမှာ အိမ်ထောင်စု ၁၃၀,၀၀၀ခန့် ဖြစ်သည်။ ၂၀၁၅ခုနှစ်အတွင်း ရရှိမှုတို့ကိုပါ ပေါင်းစပ်ပါက စုစုပေါင်း အရေအတွက်သည် ၃၂၆,၀၀၀ထက် အနည်းငယ် ပိုသည်။ သို့မဟုတ် ၂၀၁၆ခုနှစ် ရည်မှန်းချက် ၏ ၁၃၀ရာခိုင်နှုန်းကို ရရှိခဲ့သည်။ ပျမ်းမျှရိက္ခာ အမျိုးအမည် စုံလင်မှု ရမှတ် မှာလည်း ၂၀၁၅ခုနှစ်တွင် ၆.၁ မှ ၂၀၁၆ခုနှစ် တွင် ၆.၃သို့ တိုးတက်လာကြောင်း မှတ်သားရန် ဖြစ်သည်။

### တာဝန်အဆင့်အညွှန်း ၃.၂။ ၁၂ လတာ အစားအစာလုံလောက်မှုရှိသော LIFT အိမ်ထောင်စု အရေအတွက်

၂၀၁၅ခုနှစ်မှ ၂၀၁၆ခုနှစ်အတွင်း LIFTက ပံ့ပိုးပေးသည့် စီမံကိန်းနယ်မြေဒေသများအတွင်း၌ စစ်တမ်း ကောက်ယူခဲ့သော အိမ်ထောင်စုများ ၏ တစ်နှစ်တာပတ်လုံး ရိက္ခာဖူလုံမှုမှာ တစ်ရာခိုင်နှုန်းထက်နည်းသည့် ပမာဏ ကျဆင်းခဲ့သည်။ ယင်းသို့ ဖြစ်ရခြင်းမှာ ရေကြီးခြင်း မြေပြိုခြင်းကဲ့သို့သော သဘာဝဘေးများကြောင့် ဖြစ်နိုင်သည်။ သို့သော် ထိုသို့ လျော့နည်းသော်လည်း စစ်တမ်းကောက်အိမ်ထောင်စု ၉၆ရာခိုင်နှုန်းသည် တစ်နှစ်တာပတ်လုံး ရိက္ခာဖူလုံမှု ရှိခဲ့သည်။ ၂၀၁၅ခုနှစ်အတွင်း ရရှိမှုတို့ကိုပါ ပေါင်းစပ်ပါက စုစုပေါင်း အိမ်ထောင်စု အရေအတွက်သည် ၄၉၀,၀၀၀ထက် အနည်းငယ် ပိုပြီး ၂၀၁၆ခုနှစ် ရည်မှန်းချက်၏ ၉၈ရာခိုင်နှုန်းကို ရရှိခဲ့သည်။

### တာဝန်အဆင့်အညွှန်း ၃.၃။ LIFT ကျေးရွာများရှိ ၅နှစ်အောက် ကလေးများ၏ အလွန်အမင်း/ အသင့်အတင့် ပုညှက်မှုရာခိုင်နှုန်း

ဤအညွှန်းကို နှစ်နှစ်လျှင် တကြိမ် ကောက်ယူနေသော LIFT၏ အာဟာရစစ်တမ်းတွင် တိုင်းတာသည်။ ထိုကြောင့် ၂၀၁၆ခုနှစ် အညွှန်းပြစစ်တမ်းတွင် မပါဝင်ပေ။

### တာဝန်အဆင့်အညွှန်း ၃.၄။ လွန်ခဲ့သော နှစ်ပတ်အတွင်း ၅နှစ်အောက်ကလေးများ ဝမ်းပျက်ဝမ်းလျှောဖြစ်မှု အချိုးအစား

ဤအညွှန်းကို နှစ်နှစ်လျှင် တစ်ကြိမ် ကောက်ယူနေသော LIFT၏ အာဟာရစစ်တမ်းတွင် တိုင်းတာသည်။ ထိုကြောင့် ၂၀၁၆ခုနှစ် အညွှန်းပြစစ်တမ်းတွင် မပါဝင်ပေ။

## တာဝန်အဆင့်အကျိုး၄။ ဆင်းရဲနွမ်းပါးသူများ အကျိုးဖြစ်ထွန်းစေမည့် တိုးတက်သော မူဝါဒများ၊ ထိရောက်သော လူထု အသုံးစရိတ်များ

### တာဝန်အဆင့်အညွှန်း၄.၁။ LIFTက ထောက်ပံ့သော ပြည်သူ့ရေးရာ မူဝါဒ နှင့် အစီအစဉ် အပြောင်းအလဲ အရေအတွက် နှင့် အမျိုးအစား

၂၀၁၆ ခုနှစ်တွင် မိတ်ဖက်အဖွဲ့ ၉ ဖွဲ့တို့က မူဝါဒ နှင့် အစီအစဉ်နယ်ပယ်တွင် အပြောင်းအလဲ ၂၀ ခုကို ဆောင်ရွက်ခဲ့ကြောင်း တင်ပြကြသည်။ ဥပမာအားဖြင့် အာဟာရနယ်ပယ်တွင် Save the Children စီမံချက်သည် ထိပ်တန်းအလုပ်အဖွဲ့အစည်းအဝေး များတွင် အဓိက ပါဝင်ဆွေးနွေးခဲ့ပြီး ချင်းပြည်နယ်တွင် မိခင်နှင့်ကလေးများအား ငွေကြေးထောက်ပံ့မှု (MCCT)ကို ဆောင်ရွက်ရန် အစိုးရအသစ်က ဆုံးဖြတ်ရာတွင် အထောက်အကူဖြစ်စေခဲ့သည်။ LIFT သည် ဤစီမံချက်ကို ပထမ နှစ်နှစ်တွင် ငွေကြေး ထောက်ပံ့မည်ဖြစ်ပြီး ထို့နောက်တွင် အစိုးရက ဘဏ္ဍာရေး ပံ့ပိုးမှုအပိုင်းကို ဆက်လက်တာဝန်ယူလိမ့်မည် ဖြစ်သည်။

PATH သည် အာဟာရဆိုင်ရာ ရလဒ်ကောင်းများ ရရှိစေရန်အတွက် အားဖြည့်ဆန်ကို အသုံးပြုရေး လှုံ့ဆော်ပေးရန် ကျန်းမာရေး နှင့် အားကစား ဝန်ကြီးဌာနကို ဆွေးနွေးတိုက်တွန်းနိုင်ခဲ့သည်။ အားဖြည့်ဆန်လုပ်ငန်းအဖွဲ့သည် အမျိုးသား အဆင့် ဆန်အားဖြည့်ရေးမူဝါဒ ပထမမူကြမ်းကို ၂၀၁၆ ခုနှစ်မတ်လတွင် အတည်ပြုခဲ့သည်။ အစိုးရအနေဖြင့် အာဟာရ မပြည့်ဝမှုကို တိုက်ဖျက်ရာ တွင် အားဖြည့်ဆန်ကို အသုံးပြုရန် ပိုမို စိတ်ဝင်စားလျက်ရှိသည်။

လူမှုကာကွယ်စောင့်ရှောက်ရေး နယ်ပယ်တွင် HelpAge သည် LIFT ၏ အထောက်အပံ့ဖြင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတွင် ရုံးဖွင့်ကာ လူမှုရေးပင်စင် ရှေ့ပြေးစီမံချက်ကို ဆောင်ရွက်နိုင်အောင် ပံ့ပိုးခဲ့ရာ ၎င်းစီမံချက်ကို၂၀၁၇ ခုနှစ်တွင် တစ်နိုင်ငံလုံး၌ တိုးချဲ့ ဆောင်ရွက်မည် ဖြစ်သည်။

LIFT သည် ပြည်နယ်/တိုင်းဒေသကြီးအဆင့်၏ ဖွံ့ဖြိုးရေးစီမံမှု နှင့် ရင်းနှီးမြှုပ်နှံမှု နယ်ပယ်တို့တွင်လည်း အကျိုး သက်ရောက်မှု ရှိသည်။ ဥပမာအားဖြင့် ရခိုင်ပြည်နယ်လူမှု-စီးပွား ဖွံ့ဖြိုးရေး ငါးနှစ်စီမံကိန်း ရေးဆွဲရာတွင် ကူညီရန် ရခိုင်ပြည်နယ် အစိုးရ၏ ပန်ကြားချက်အရ အထက်တန်းနည်းပညာအရာရှိ နှစ်ဦးကို လအတန်ကြာ စေလွှတ် ပေးခဲ့သည်။ အဆိုပါအကြောင်းအရာ အသေးစိတ် နှင့် အခြား အရေးကြီးသော မူဝါဒများအကြောင်းကို အခန်း ၆ တွင် ဖော်ပြထားသည်။ ဤအညွှန်း နှင့် ပတ်သက်၍ LIFT သည် ၂၀၁၆ ခုနှစ် ရည်မှန်းချက်၏ ၂၅၀ ရာခိုင်နှုန်းကို ရရှိခဲ့သည်။

### တာဝန်အဆင့်အညွှန်း ၄.၂။ LIFTက ထောက်ပံ့သော လူထု ကဏ္ဍ/ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဘတ်ဂျက် ခွဲဝေမှု/သုံးစွဲမှု အပြောင်းအလဲ အရေအတွက် နှင့် အမျိုးအစား

၂၀၁၆ခုနှစ်တွင် LIFTသည် အဓိကနယ်ပယ်ငါးခုတွင် လူထုကဏ္ဍ/ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဘတ်ဂျက် ခွဲဝေမှု/ သုံးစွဲမှုကို တွန်းအားဖြစ်စေခဲ့သည်။ ပထမမှာ- LIFT ရန်ပုံငွေစီမံခန့်ခွဲရေးရုံးသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနကို နည်းပညာ အထောက်အကူပေးကာ ရပ်ရွာ၏ လိုအပ်ချက်များကို တုံ့ပြန်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲနည်း လုပ်ငန်းစဉ်ကို အားဖြည့်ပေးခဲ့သည်။

ဒုတိယမှာ-အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးနှင့်ရိက္ခာဖူလုံရေးအစီအစဉ် (GAFSP) ထံမှ စိုက်ပျိုးရေး ဖွံ့ဖြိုးမှု ထောက်ပံ့ငွေကို ဝန်ကြီးဌာနက အဆိုပြုလွှာ တင်သွင်းရာတွင် LIFT ရန်ပုံငွေစီမံခန့်ခွဲရေးရုံးသည် ADB၊ FAO တို့နှင့် ပူးပေါင်းကာ ပံပိုး ဆောင်ရွက်ခဲ့သည်။ ထိုအဆိုပြုလွှာကို အတည်ပြုခဲ့သဖြင့် ဝန်ကြီးဌာနသည် GAFSP ထံမှ ထောက်ပံ့ငွေ ကန်ဒေါ်လာ ၂၇သန်းကို ရရှိမည့် အပြင် ADB ထံမှ နှစ်ရှည် အတိုးသက်သာသော ချေးငွေ ကန်ဒေါ်လာ ၃၅ သန်း ကိုလည်း ရရှိမည်။

တတိယမှာ- LIFT ရန်ပုံငွေစီမံခန့်ခွဲမှုရုံးသည် ဝန်ကြီးဌာနကို နည်းပညာအထောက်အကူပေးကာ စိုက်ပျိုးရေး ဖွံ့ဖြိုးမှု မဟာဗျူဟာ (Agriculture Development Strategy - ADS) အတွက် သတင်းအချက်အလက်ပေးခဲ့သည်။ ADS နှင့် GAFSP တို့သည် အချင်းချင်း အပြန်အလှန် အထောက်အကူပြုရန် ဒီဇိုင်း ထုတ်ထားသည်။ ဤမဟာဗျူဟာသည် GAFSP ထောက်ပံ့ငွေ၊ ADB ချေးငွေ အပါအဝင် ရင်းနှီးမြှုပ်နှံရန် ဝန်ကြီးဌာနက ဆုံးဖြတ်ရာတွင် လမ်းညွှန်မည် ဖြစ်သည်။

စတုတ္ထမှာ-LIFT သည် မိမိ မိတ်ဖက်အဖွဲ့ HelpAge မှတဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး နယ်ပယ်တွင် လူထုကဏ္ဍ ဘတ်ဂျက် ခွဲဝေမှု၏ အရေးကြီးသော အပြောင်းအလဲတခုကို ဩဇာသက်ရောက်နိုင်ခဲ့သည်။ HelpAgeသည် အသက် ၉၀ နှစ်အထက် သက်ကြီးဘိုးဘွားများကို လူမှုပင်စင်ထောက်ပံ့မည့် ရှေ့ပြေးစီမံချက်ကို စတင်နိုင်ရန် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန နှင့် နီးကပ်စွာ လက်တွဲ ဆောင်ရွက်ခဲ့သည်။ ယင်းစီမံချက်ကို ၂၀၁၇ခုနှစ်တွင် အစိုးရဘဏ္ဍာငွေဖြင့် တနိုင်ငံလုံး၌ တိုးချဲ့ဆောင်ရွက်မည် ဖြစ်သည်။

ပဉ္စမမှာ- FAO သည် တိရစ္ဆာန်ကောင်ရေစာရင်းပုံစံ တစ်ခုကို ရှေ့ပြေးဆောင်ရွက်ခဲ့သည်။ ယင်းကို အခြေခံလျက် တစ်နိုင်ငံလုံး၏ တိရစ္ဆာန်ကောင်ရေစာရင်း အပြည့်အစုံကို ကောက်ယူမည်ဖြစ်ပြီး နောင်အခါ မွေးမြူရေးကဏ္ဍ အတွက် မူဝါဒများ ရေးဆွဲ ဆုံးဖြတ် ရာတွင် အထောက်အထားအခြေခံအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။ ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်တွင် မြန်မာကျပ် သန်း၂၄၀ (ကန်ဒေါ်လာ ၁၈၅,၀၀၀)ကို တိုးချဲ့ရှေ့ပြေးစာရင်းကောက်ယူမှု အတွက် လည်းကောင်း၊ ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်တွင် သန်းခေါင် စာရင်း အပြည့်အစုံအတွက် မြန်မာကျပ်ငွေ ၁.၄ ဘီလျံ (ကန်ဒေါ်လာ ၁ သန်း)ကို လည်းကောင်း လျာထားခဲ့သည်။ ဤအညွှန်း နှင့် ပတ်သက်၍ LIFT သည် ၂၀၁၆ ခုနှစ် ရည်မှန်းချက်၏ ၂၅၀ ရာခိုင်နှုန်းကို ရရှိခဲ့သည်။

## စီမံကိန်းအဆင့် အညွှန်းများ၊ ရလဒ်များ၊ အောင်မြင်ပြီးစီးမှုများ

## စီမံကိန်းအဆင့် ရလဒ်၁။ လုပ်ကွက်ငယ်တောင်သူများ စိုက်ပျိုးရေး နှင့် လယ်ယာအခြေပြုထုတ်လုပ်မှု တိုးတက်ကာ ရေရှည်တည်တံ့ခြင်း

*ဇယား ၂.၂။ စီမံကိန်းအဆင့် ရလဒ်၁။ အညွှန်းများ၊ ပြီးစီးမှုများ*

| အညွှန်း | | | | ၂၀၁၆ ရည်မှန်းချက် | ပြီးစီးမှု % | အချက်အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| | ၂၀၁၅ | ၂၀၁၆ | ၂၀၁၅ + ၂၀၁၆ | | | |
| (Programme - Pr ) Pr၁။ လုပ်ကွက်ငယ်တောင်သူများ စိုက်ပျိုးရေး နှင့် လယ်ယာအခြေပြုထုတ်လုပ်မှု တိုးတက်ကာ ရေရှည်တည်တံ့ခြင်း | | | | | | |
| Pr ၁.၁။ အကြံပေးဝန်ဆောင်မှုရောက်ရှိသော LIFT အိမ်ထောင်စုအရေအတွက် | ၁၃၉,၀၉၀ (အိမ်ထောင်စု) ၉၁,၃၈၉ (ကျား) ၄၇,၇၀၁ (မ) | ၂၄,၈၀၈ (အိမ်ထောင်စု) ၂၀,၁၁၇ (ကျား) ၄,၆၉၁ (မ) | ၁၆၃, ၈၉၈ (အိမ်ထောင်စု) ၁၁၁,၅၀၆ (ကျား) ၅၂,၃၉၂ (မ) | ၁၅၀,၀၀၀ (အိမ်ထောင်စု) | ၁၀၉% | IP |
| Pr၁.၂။ နည်းနာကောင်းများ၊ သွင်းအားစုများ၊ နည်းပညာများကို စမ်းသပ်သော/ကျင့်သုံးသောLIFTအိမ်ထောင်စု အရေအတွက် | ၆၁,၄၇၃ (အိမ်ထောင်စု) ၄၈,၅၆၄ (ကျား) ၁၂,၉၀၉ (မ) | ၂၀၃,၇၅၅ (အိမ်ထောင်စု) ၁၇၈,၆၈၉ (ကျား) ၂၅,၀၆၆ (မ) | ၂၆၅,၇၅၅ (အိမ်ထောင်စု) ၂၂၇,၂၅၃ (ကျား) ၃၇,၉၇၅ (မ) | ၁၃၀,၀၀၀ (အိမ်ထောင်စု) | ၂၀၄% | HHTS |
| PR၁.၃။သီးနှံထုတ်လုပ်မှု တိုးတက်လာသော LIFT အိမ်ထောင်စု အရေအတွက် | ၉၆,၂၁၈ (အိမ်ထောင်စု) ၇၉,၂၈၁ (ကျား) ၁၆,၉၃၇ (မ) | ၁၀၅,၉၇၅ (အိမ်ထောင်စု) ၉၅,၃၀၃ (ကျား) ၁၀,၆၇၂ (မ) | ၂၀၂,၁၉၃ (အိမ်ထောင်စု) ၁၇၄,၅၈၄ (ကျား) ၂၇,၆၀၉ (မ) | ၁၃၀,၀၀၀ (အိမ်ထောင်စု) | ၁၅၆% | HHTS |

### စီမံကိန်းအဆင့် ရလဒ် ၁.၁ ။ အကြံပေးဝန်ဆောင်မှုရောက်ရှိသော LIFT အိမ်ထောင်စုအရေအတွက်

၂၀၁၀ပြည့်နှစ်တွင် LIFTလုပ်ငန်းစတင်ချိန် မှစ၍ မိတ်ဖက်အဖွဲ့ ၃၀ဖွဲ့ တို့က အမျိုးသမီး အိမ်ထောင်ဦးစီး ၃၂ရာခိုင်နှုန်း ပါဝင်သော အိမ်ထောင်စုပေါင်း ၁၆၄,၀၀၀စုခန့် ထံသို့ အကြံပေးဝန်ဆောင်မှုများ ပေးအပ်ခဲ့ကြောင်း တင်ပြခဲ့ကြသည်။ ၂၀၁၆ခုနှစ်တွင် မိတ်ဖက် ၁၀ဖွဲ့တို့က LIFT၏ စီမံကိန်းနယ်မြေဒေသသစ်များရှိ အိမ်ထောင်စု ၂၅,၀၀၀စု ခန့်ကို ပံ့ပိုး ပေးနိုင်ခဲ့သည်။ ဤအညွှန်း နှင့် ပတ်သက်၍ LIFTသည် ၂၀၁၆ခုနှစ် ရည်မှန်းချက်၏ ၁၀၉ ရာခိုင်နှုန်း ကို ရရှိခဲ့သည်။

၂၀၁၆ခုနှစ်တွင် အကြံပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သော မိတ်ဖက်အဖွဲ့တို့တွင်- FSWG၊ ICRAF ၊ IFDC၊ IRC၊ LEAD၊ Mercy Corps ၊ Save the Children၊ TdH ၊ WHH ၊ Golden Plain နှင့် ၊ ရတနာဓရော တို့ ပါဝင်သည်။ ဥပမာအားဖြင့်-

- Golden Plain သည် သစ်စိမ်းမြေဩဇာ အသုံးပြုပုံ နည်းပညာအကြံပေးလုပ်ငန်းများဖြင့် တောင်သူများကို ပံ့ပိုးခဲ့သည်။
- Mercy Corps နှင့် East West Seedတို့၏ ကွင်းဆင်းအဖွဲ့များသည် တောင်သူများထံသို့ အိမ်တိုင်ရာရောက် သွားရောက်ပြီး မျိုးဗန်းများ၊ မြေဖုံးပလပ်စတစ်စများ၊ နိုင်လွန်ဆန်ကာများ အသုံးပြုနည်းကို သင်ကြားပေးခဲ့သည်။
- Mercy Corps နှင့် ဩဘာကုမ္ပဏီတို့သည် တောင်သူများကို စံပြစိုက်ကွက်များဖြင့်၎င်း၊ ဖုန်း နှင့် မိုဘိုင်းလ် အပလီကေးရှင်းတို့ဖြင့် ၎င်း နည်းပညာ အထောက်အကူများကို ပေးအပ်နေသည်။
- ရတနာဓရောအဖွဲ့သည် မျိုးစေ့ နှင့် ပဲ ထုတ်လုပ်ပုံများကို သင်ကြားပေးသည်။
- TdHသည် တောင်သူများကို မြေမဲ့စိုက်ပျိုးနည်း၊ ရေအစက်ချ စိုက်ပျိုးနည်းနှင့် ပိုးမွှားနှိမ်နင်းနည်း တို့ကို လေ့ကျင့် ပေးခဲ့သည်။
- TAGသည် စီးပွားဖြစ် ပျားမွေးမြူသူများကို အဆင့်မြင့်ပျားမွေးမြူနိုင်ရန် သင်ကြားပေးခဲ့သည်။
- တက်လမ်းအစီအစဉ်တွင် IRC နှင့် Save the Children တို့သည် မျိုးစေ့ထုတ်လုပ်ရေးနှင့် မျိုးပွားရေး၊ သဘာဝမြေဩဇာ သုံးစွဲရေးတို့ကို စံပြစိုက်ကွက်များ၊ ဆက်သွယ်မေးမြန်းမှုများအား ဖြေရှင်းအကြံပေးမှုများ ဆောင်ရွက်ခဲ့သည်။


## စီမံကိန်းအဆင့် ရလဒ် ၁.၂ ။ နည်းနာကောင်းများ၊ သွင်းအားစု များ၊ နည်းပညာများကို စမ်းသပ်သော/ ကျင့်သုံးသော LIFT အိမ်ထောင်စု အရေအတွက်

၂၀၁၆ ခုနှစ်တွင် အလွှာ ၁ နှင့် ၂ နယ်မြေတို့တွင် စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စု အားလုံး၏ ၁၅% သည် နည်းနာ ကောင်းများ၊ သွင်းအားစုများ၊ နည်းပညာများကို စမ်းသပ် ( ၁ နှစ်အောက်)၊ ကျင့်သုံး(၁ နှစ်ကျော်) ခဲ့ကြရာ ယင်းတို့တွင် အမျိုးသား ဦးစီးသည့် အိမ်ထောင်စု ၁၆ ရာခိုင်နှုန်းနှင့် အမျိုးသမီးဦးစီးသည့် အိမ်ထောင်စု ၁၀ရာခိုင်နှုန်း ပါဝင်သည်။ ယင်းကို ၂၀၁၆ ခုနှစ်တွင် ပံ့ပိုးမှုများရရှိခဲ့သူများအတွက် ခန့်မှန်းတွက်ချက်ပါက စမ်းသပ်/ကျင့်သုံးခဲ့သူ အိမ်ထောင်စုမှာ ၂၀၄,၀၀၀ ခန့် ဖြစ်သည်။ ၂၀၁၅ ခုနှစ်အတွင်း အကောင်အထည်ဖော်မှုတို့ကိုပါ ပေါင်းစပ်ပါက LIFT သည် ၂၀၁၆ ခုနှစ် ရည်မှန်းချက်၏ ၂၀၄ ရာခိုင်နှုန်းကို ရရှိခဲ့သည်။

## စီမံကိန်းအဆင့် ရလဒ် ၁.၃ ။ သီးနှံထုတ်လုပ်မှုတိုးတက်လာသော LIFT အိမ်ထောင်စုအရေအတွက်

၂၀၁၆ခုနှစ် အညွှန်းပြစစ်တမ်းတွင် အလွှာ ၁ နှင့် ၂တို့မှ အိမ်ထောင်စုများ၏ ၄၃ ရာခိုင်နှုန်းသည် လွန်ခဲ့သော ၁၂လ အတွင်း အဓိကသီးနှံများကိုသာ စိုက်ပျိုးခဲ့ကြောင်း တင်ပြကြသည်။ ယင်းတို့အနက် အောက်ပါ ရာခိုင်နှုန်းအလိုက် လွန်ခဲ့သော စိုက်ပျိုးရာသီ သုံးခုအတွင်း အထွက်တိုးခဲ့ကြောင်း တင်ပြကြသည်။

*ပုံ ၂.၃။ စိုက်ပျိုးရာသီအလိုက် နှစ်စဉ် စိုက်ပျိုးသော သီးနှံထုတ်လုပ်မှု တိုးတက်လာသည့် အိမ်ထောင်စုအရေအတွက်*




စိုက်ပျိုးရာသီ သုံးခု နှင့် အလွှာနှစ်ခု အတွက် ပျမ်းမျှတွက်ချက်ပါက အိမ်ထောင်စု ၁၉.၅ ရာခိုင်နှုန်းက အထွက်တိုး ကြသည်။ ယင်းတို့တွင် အမျိုးသမီး ဦးစီးသည့် အိမ်ထောင်စုများ၏ ၁၃ ရာခိုင်နှုန်းက အထွက်တိုးပြီး အမျိုးသား ဦးစီးသော အိမ်ထောင်စု များ၏ ၂၀ ရာခိုင်နှုန်းက အထွက်တိုးခဲ့ကြသည်။ သီးနှံ စိုက်ပျိုးသည်ဟု တင်ပြသူဦးရေနှင့် ယင်းတို့ကို ခန့်မှန်းတွက်ချက်ပါက အိမ်ထောင်စု ၁၀၆,၀၀၀ စုသည် ၂၀၁၆ ခုနှစ်တွင် အထွက်တိုးခဲ့ကြကြောင်း တွေ့ရသည်။ LIFT၏ ယခင် စီမံကိန်းနယ်မြေဒေသ များတွင် အကောင်အထည်ဖော်နိုင်မှု နှင့် ပေါင်းစပ်ပါက LIFT သည် ၂၀၁၆ ခုနှစ် ရည်မှန်းချက်၏ ၁၅၆ ရာခိုင်နှုန်းကို ရရှိခဲ့သည်။

## စီမံကိန်းအဆင့်ရလဒ် ၂။ လုပ်ကွက်ငယ် တောင်သူများ ဈေးကွက်လက်လှမ်းမီမှုနှင့် ဈေးကွက်အခြေအနေ တိုးတက်လာခြင်း

*ဇယား ၂.၃။ စီမံကိန်းအဆင့် ရလဒ် ၂။ အညွှန်းများ၊ အောင်မြင်ပြီးစီးမှုများ*

| အညွှန်း | ၂၀၁၅ | ၂၀၁၆ | ၂၀၁၅ + ၂၀၁၆ | ၂၀၁၆ ရည်မှန်းချက် | ပြီးစီးမှု % | အချက်အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| Pr ၂။ လုပ်ကွက်ငယ်တောင်သူများ ဈေးကွက်လက်လှမ်းမီလာခြင်းနှင့် ဈေးကွက်အခြေအနေ တိုးတက်လာခြင်း | | | | | | |
| Pr ၂.၁။ ထုတ်လုပ်သူအုပ်စုဝင် LIFT အိမ်ထောင်စု အရေအတွက် | ၄၉,၆၂၀<br>(အိမ်ထောင်စု)<br>၃၂,၁၃၉<br>(ကျား)<br>၁၃,၄၈၁<br>(မ) | ၇,၇၆၂<br>(အိမ်ထောင်စု)<br>၅,၉၂၈<br>(ကျား)<br>၁,၈၃၄<br>(မ) | ၅၃,၃၈၂<br>(အိမ်ထောင်စု)<br>၃၈,၀၆၇<br>(ကျား)<br>၁၅,၃၁၅<br>(မ) | ၅၄,၀၀၀<br>(အိမ်ထောင်စု) | ၉၉% | IP |
| Pr ၂.၂။ ဈေးကွက်နည်းနာအသစ်များကို ကျင့်သုံးသည့်  LIFT အိမ်ထောင်စု အရေအတွက် | မရှိ | ၁၀,၈၆၈<br>(အိမ်ထောင်စု)<br>၉,၉၈၃<br>(ကျား)<br>၈၈၅<br>(မ) | ၁၀,၈၆၈<br>(အိမ်ထောင်စု)<br>၉,၉၈၃<br>(ကျား)<br>၈၈၅<br>(မ) | ၆,၄၇၃<br>(အိမ်ထောင်စု) | ၁၆၈% | HHTS |
| PR ၂.၃။ စိုက်ပျိုးရေး/ မွေးမြူရေး/ ရေလုပ်ငန်း တို့မှ အမြတ်အစွန်းရရှိသည့် LIFT အိမ်ထောင်စု အရေအတွက် | မရှိ | ၁၈၅,၆၇၄<br>(အိမ်ထောင်စု)<br>၁၆၉,၅၄၇<br>(ကျား)<br>၁၆,၁၂၇ (မ) | ၁၈၅,၆၇၄<br>(အိမ်ထောင်စု)<br>၁၆၉,၅၄၇<br>(ကျား)<br>၁၆,၁၂၇ (မ) | ၁၃၀,၀၀၀<br>(အိမ်ထောင်စု) | ၁၅၆% | HHTS |

### စီမံကိန်းအဆင့်ရလဒ် ၂.၁။ ထုတ်လုပ်သူအုပ်စုဝင် LIFT အိမ်ထောင်စုအရေအတွက်

၂၀၁၀ခုနှစ်မှစတင်ကာ အိမ်ထောင်စု ၅၃,၀၀၀ကျော်သည် ထုတ်လုပ်သူအုပ်စုဝင်များ ဖြစ်နေကြောင်း မိတ်ဖက်အဖွဲ့များက တင်ပြခဲ့ကြသည်။ ယင်းတို့အနက် ၁၅,၀၀၀ သို့မဟုတ် ၂၉ ရာခိုင်နှုန်းခန့်သည် အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများ ဖြစ်ကြသည်။ အိမ်ထောင်စု ၇,၇၆၂ သည်  ၂၀၁၆ခုနှစ်အတွင်းတွင် အဖွဲ့ဝင်ဖြစ်လာသည်။ အများစုမှာ စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေး ထုတ်လုပ်သူအုပ်စုများ ဖြစ်ကြသည်။ LIFT ရန်ပုံငွေ ထောက်ပံ့သော စီမံချက်၂၇ခုမှတဆင့် ထုတ်လုပ်သူအုပ်စု အသင့်အတင့်ကို ဖွဲ့စည်းခဲ့သည်။ ထိုအုပ်စုများတွင် စိုက်ပျိုးရေး ထုတ်လုပ်သူ အုပ်စု၊ မွေးမြူရေး ထုတ်လုပ်သူအုပ်စု၊ ရေလုပ်ငန်း ထုတ်လုပ်သူအုပ်စုတို့ ပါဝင်သည်။ အများဆုံး တင်ပြသော မိတ်ဖက်အဖွဲ့တို့မှာ- Mercy Corps (အိမ်ထောင်စု ၁၄,၀၀၀)၊ Oxfam (အိမ်ထောင်စု ၈,၀၀၀)၊ ActionAid (အိမ်ထောင်စု ၆,၀၀၀)၊ CESVI (အိမ်ထောင်စု ၃,၅၀၀)၊ Proximity Designs (အိမ်ထောင်စု ၃,၀၀၀)တို့ဖြစ်ကြသည်။ ဤအညွှန်း နှင့် ပတ်သက်၍ LIFTသည် ၂၀၁၆ခုနှစ် ရည်မှန်းချက်၏ ၉၉ ရာခိုင်နှုန်းကို ရရှိခဲ့သည်။

### စီမံကိန်းအဆင့်ရလဒ် ၂.၂။ ဈေးကွက်နည်းနာအသစ်များကို ကျင့်သုံးသည့်  LIFT အိမ်ထောင်စု အရေအတွက်

LIFT ၏ လုပ်ငန်းသဘာဝအရ ဤအညွှန်းသည် အလွှာခုနှင့်သာ သက်ဆိုင်သည်။ ၂၀၁၅ မှ ၂၀၁၆ခုနှစ် အထိ လွန်ခဲ့သော ၁၂ လအတွင်း ဈေးကွက် နည်းလမ်း အသစ်များကို ကျင့်သုံးကြောင်းတင်ပြသည့် အိမ်ထောင်စုမှာ ၇ ရာခိုင်နှုန်း တိုးလာသည်။ ယင်းတို့ တွင် အမျိုးသမီးဦးစီး အိမ်ထောင်စုက ၃.၇ ရာခိုင်နှုန်းပါဝင်ပြီး အမျိုးသားဦးစီး အိမ်ထောင်စုက ၇.၄ ရာခိုင်နှုန်း ပါဝင်သည်။ အလွှာခု အတွင်း ၂၀၁၆ ခုနှစ်တွင် လက်လှမ်းမီခဲ့သူများအတွက် ခန့်မှန်းတွက်ချက်ပါက အိမ်ထောင်စု ၁၁,၀၀၀ ခန့် ဖြစ်သည်။ ယင်းသည် ၂၀၁၆ ခုနှစ် ရည်မှန်းချက်၏ ၁၆၈ ရာခိုင်နှုန်း ဖြစ်သည်။

LIFT၏ ယုတ္တိဗေဒ မူဘောင်အသစ်ကို ရေးဆွဲစဉ်က ဤအညွှန်းကို LIFT ရန်ပုံငွေ ပံ့ပိုးသော ထုတ်လုပ်သူအုပ်စုများ အတွက် သာ ရည်ရွယ်ခဲ့သည်။ သို့သော် LIFT က အစီအစဉ်များကို တိုးချဲ့လာသည့်ပြင် ဆက်နွယ်သော အကျိုးသက်ရောက်မှု ကောင်းများပါ ရှိလာသဖြင့် အလွှာခု တခုလုံးသို့ပါ ကျင့်သုံးခဲ့သည်။ နမူနာကောက်ယူခဲ့သူ အားလုံး၏ ၃ ရာခိုင်နှုန်း ဖြစ်သည့် ထုတ်လုပ်သူ အုပ်စုဝင်များ၏ ၆၇ ရာခိုင်နှုန်း က ဈေးကွက် နည်းနာအသစ်များကို ကျင့်သုံးကြောင်း တင်ပြကြသည်မှာ မှတ်သားဖွယ်ဖြစ်သည်။

### စီမံကိန်းအဆင့်ရလဒ် ၂.၃။ စိုက်ပျိုးရေး/ မွေးမြူရေး/ ရေလုပ်ငန်း တို့မှ အမြတ်အစွန်းရရှိသည့် LIFT အိမ်ထောင်စု အရေအတွက် [7]

လွန်ခဲ့သော၁၂လအတွင်း စိုက်ပျိုးရေး/မွေးမြူရေး/ရေလုပ်ငန်းတို့မှ အမြတ်အစွန်းရရှိ/မရှိကို မေးမြန်းသောအခါ ပင်မ စီမံကိန်း နယ်မြေများ သာမက  ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေမှု စီမံကိန်းနယ်မြေတွင်ပါ အိမ်ထောင်စု အားလုံး နီးပါးမှာ တိုးတက်လာကြောင်း တင်ပြကြသည်။

[7] စိုက်ပျိုးရေးတွင် သီးနှံထုတ်လုပ်မှု၊ မွေးမြူရေးနှင့် ရေလုပ်ငန်းတို့ ပါဝင်သည်။

| အသက်မွေးမှုလုပ်ငန်း | အမြတ်ရကြောင်းတင်ပြသည့်အိမ်ထောင်စု% |
|---|---|
| စိုက်ပျိုးရေး | ၇.၄% |
| မွေးမြူရေး | ၅.၈% |
| ရေလုပ်ငန်း | ၂.၆% |

အိမ်ထောင်စု စုစုပေါင်း၏ ၁၄ ရာခိုင်နှုန်းသည် လွန်ခဲ့သော ၁၂လအတွင်း အထက်ပါ အသက်မွေးမှုလုပ်ငန်း တစ်ခုခုမှ အမြတ်ရကြောင်း တင်ပြကြသည်။ ယင်းတို့တွင် အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုက ၇.၁ ရာခိုင်နှုန်း ပါဝင်ပြီး အမျိုးသားဦးစီးသော အိမ်ထောင်စုက ၁၅.၆ ရာခိုင်နှုန်း ပါဝင်သည်။ ၂၀၁၆ ခုနစ်တွင် လက်လှမ်းမီခဲ့သူများအတွက် ခန့်မှန်းတွက်ချက်ပါက အိမ်ထောင်စု ၁၈၆,၀၀၀ ခန့် ဖြစ်သည်။ ယင်းသည် ၂၀၁၆ခုနှစ် ရည်မှန်းချက်၏ ၁၄၃ ရာခိုင်နှုန်း ဖြစ်သည်။

# စီမံကိန်းအဆင့်ရလဒ် ၃။ လုပ်ကွက်ငယ် တောင်သူများနှင့် လယ်မဲ့မြေမဲ့များအတွက် လယ်ယာပြင်ပ အလုပ်အကိုင် တိုးတက်လာခြင်း

*ဇယား ၂.၄။ စီမံကိန်းအဆင့် ရလဒ် ၃။ အညွှန်းများ၊ အောင်မြင်ပြီးစီးမှုများ*

| အညွှန်း | | | | ၂၀၁၆ ရည်မှန်းချက် | ပြီးစီးမှု % | အချက်အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| | ၂၀၁၅ | ၂၀၁၆ | ၂၀၁၅ + ၂၀၁၆ | | | |
| Pr ၃။ လုပ်ကွက်ငယ် တောင်သူများနှင့် လယ်မဲ့မြေမဲ့များအတွက် လယ်ယာပြင်ပ အလုပ်အကိုင် တိုးတက်လာခြင်း | | | | | | |
| Pr ၃.၁။ စိုက်ပျိုးရေး မဟုတ်သော လုပ်ငန်း ကျွမ်းကျင် မှု တိုးတက်ရေးအတွက် အထောက်အပံ့ရရှိသော LIFT အိမ်ထောင်စု အရေအတွက် | ၁၅,၃၄၆ (အိမ်ထောင်စု) ၁,၈၄၁ (ကျား) ၁၃,၅၀၅ (မ) | ၁၇,၇၁၉ (အိမ်ထောင်စု) ၁၀,၇၁၇ (ကျား) ၇,၀၀၂ (မ) | ၁၇,၇၁၉ (အိမ်ထောင်စု) ၁၀,၇၁၇ (ကျား) ၇,၀၀၂ (မ) | ၃၂,၀၀၀ (အိမ်ထောင်စု) | ၁၀၃% | IP |
| Pr ၃.၂။ လုပ်ငန်းထူထောင်နိုင်သော/ အလုပ်ရ သော သင်တန်းဆင်းဦးရေ | ၇၄,၀၃၄ (အိမ်ထောင်စု) ၄၂,၉၄၀ (ကျား) ၃၁,၀၉၄ (မ) | ၄,၉၆၅ (အိမ်ထောင်စု) ၂,၈၈၁ (ကျား) ၂,၀၈၄ (မ) | ၇၈,၉၉၉ (အိမ်ထောင်စု) ၄၅,၈၂၁ (ကျား) ၃၃,၁၇၈ (မ) | ၈၀,၀၀၀ (အိမ်ထောင်စု) | ၉၉% | HHTS |
| PR ၃.၃။ စိုက်ပျိုးရေး မဟုတ်သော အလုပ်ဖြင့် ဝင်ငွေတိုးတက်လာသော LIFT အိမ်ထောင်စု အရေအတွက် | ၁၈,၇၆၅ (အိမ်ထောင်စု) ၁၄,၈၂၄ (ကျား) ၃,၉၄၁ (မ) | ၂၅၈,၄၆၈ (အိမ်ထောင်စု) ၂၂၆,၉၀၆ (ကျား) ၃၁,၅၆၂ (မ) | ၂၇၇,၂၃၃ (အိမ်ထောင်စု) ၂၄၁,၇၃၀ (ကျား) ၃၅,၅၀၃ (မ) | ၁၅၀,၀၀၀ (အိမ်ထောင်စု) | ၁၈၅% | HHTS |

## စီမံကိန်းအဆင့်ရလဒ်၃.၁။ စိုက်ပျိုးရေး မဟုတ်သော လုပ်ငန်း ကျွမ်းကျင် မှု တိုးတက်ရေးအတွက် အထောက်အပံ့ ရရှိသော LIFTအိမ်ထောင်စုအရေအတွက်

၂၀၁၀ ပြည့်နှစ်မှ ၂၀၁၆ ခုနှစ် နှစ်ကုန်အထိ လူပေါင်း ၃၃,၀၆၅ ဦးသည် စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းကျွမ်းကျင်မှု ရရှိရန် အတွက် သင်တန်း သို့မဟုတ် အထောက်အပံ့ကို မိတ်ဖက်အဖွဲ့၂၁ ဖွဲ့ထံမှ ရရှိခဲ့ကြသည်။ ယင်းရလဒ်တွင် လူတယောက်လျှင် အိမ်ထောင်စုတစုကို ကိုယ်စားပြုပြီး ၆၂ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်သည်။ ယင်းတို့အနက် အိမ်ထောင်စု ၁၈,၀၀၀ ခန့်ကို ၂၀၁၆ ခုနှစ်အတွင်း ထောက်ပံ့ခြင်းဖြစ်သည်။ အဓိကမှာ အပ်ချုပ်ခြင်း၊ ဆံသခြင်း၊ စက်ပြင်ခြင်း၊ စားသောက်ကုန် ထုတ်လုပ်ခြင်း ပျားမွေးမြူရေး စသည့် အသက်မွေးပညာသင်တန်းများဖြစ်ကြသည်။ LIFTသည် ၂၀၁၆ ခုနှစ်ရည်မှန်းချက်၏ ၁၀၃ ရာခိုင်နှုန်းကို အကောင်အထည်ဖော်ခဲ့သည်။

## စီမံကိန်းအဆင့် ရလဒ် ၃.၂။ လုပ်ငန်းထူထောင်နိုင်သော/အလုပ်ရသော သင်တန်းဆင်းဦးရေ

၂၀၁၀ ပြည့်နှစ်မှ ၂၀၁၆ ခုနှစ် နှစ်ကုန်အထိ လူပေါင်း ၇၉,၀၀၀ ဦးခန့်သည် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်ရန် သို့မဟုတ် အလုပ်ရရန် အတွက် မိတ်ဖက်အဖွဲ့၁၉ဖွဲ့၏ အထောက်အပံ့ကို ရရှိခဲ့ကြသည်။ ယင်းတို့အနက် ၄၂ ရာခိုင်နှုန်းမှာ

အမျိုးသမီးများ ဖြစ်သည်။ အဓိက ပံ့ပိုးသူများမှာ- MARC ၅၁,၈၇၆ ဦး၊ UNDP ၆,၅၄၄ ဦး၊ PACT ၃,၁၆၅ ဦးတို့ ဖြစ်သည်။ ကျန်မိတ်ဖက်အဖွဲ့တို့တွင် IERG ၊ ActionAid ၊ TAG တို့ပါဝင်သည်။ ထူထောင်သောလုပ်ငန်း အများစုမှာ ဆန်စက်၊ ဂျုံနှင့်ပဲခွဲစက်ငယ်များ၊ ရေလုပ်ငန်း၊ ပျားမွေးမြူရေး၊ လက်မှုလုပ်ငန်း၊ ရက်ကန်းနှင့် ပရိဘောဂလုပ်ငန်းတို့ ပါဝင်သည်။ အဆိုပါ ရလဒ်များဖြင့် LIFTသည် ၂၀၁၆ ခုနှစ် ရည်မှန်းချက်၏ ၉၉ ရာခိုင်နှုန်းကို ရရှိခဲ့သည်။

### စီမံကိန်းအဆင့်ရလဒ် ၃.၃။ စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းဖြင့် ဝင်ငွေတိုးတက်လာသော LIFTအိမ်ထောင်စု အတွက်

၂၀၁၆ခုနှစ်အတွင်း အလွှာ ၁နှင့်၂ မှ အိမ်ထောင်စု၁၇ရာခိုင်နှုန်းသည် စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းများမှ ဝင်ငွေတိုးတက်လာကြောင်း စစ်တမ်းတွင် တင်ပြကြသည်။ ယင်းတို့တွင် အမျိုးသမီး ဦးစီးသည့် အိမ်ထောင်စုက ၁၃ရာခိုင်နှုန်း ပါဝင်ပြီး အမျိုးသား ဦးစီး အိမ်ထောင်စုက ၁၈ရာခိုင်နှုန်း ပါဝင်သည်။ ၂၀၁၆ခုနှစ်တွင် ပံ့ပိုးနိုင်ခဲ့မှုများအတွက် ခန့်မှန်း တွက်ချက်ပါက အိမ်ထောင်စု ၂၅၈,၀၀၀ခန့် ဖြစ်သည်။ ယင်းသည် ၂၀၁၆ခုနှစ် ရည်မှန်းချက်၏ ၁၈၅ ရာခိုင်နှုန်း ဖြစ်သည်။

## စီမံကိန်းအဆင့်ရလဒ် ၄။ အတိုးနှုန်းသက်သာပြီး လိုအပ်ချက်နှင့်ကိုက်ညီပြည့်စုံမှုရှိသော ငွေကြေး ဝန်ဆောင်မှုများ ကို လက်လှမ်းမီလာခြင်း

*ဇယား ၂.၅။ စီမံကိန်းအဆင့် ရလဒ် ၄။ အညွှန်းများ၊ အောင်မြင်ပြီးစီးမှုများ*

| အညွှန်း | | | | ၂၀၁၆ ရည်မှန်းချက် | ပြီးစီးမှု % | အချက်အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| | ၂၀၁၅ | ၂၀၁၆ | ၂၀၁၅ + ၂၀၁၆ | | | |
| Pr ၄။ အတိုးနှုန်းသက်သာပြီး လိုအပ်ချက်နှင့်ကိုက်ညီပြည့်စုံမှုရှိသော ငွေကြေး ဝန်ဆောင်မှုများ ကို လက်လှမ်းမီလာခြင်း | | | | | | |
| Pr ၄.၁။ ငွေကြေးအရ မိမိဘာသာ ရပ်တည်နိုင်သည့် LIFT၏ အသေးစား ငွေကြေးလုပ်ငန်းများ အရေအတွက် | ၆ | ၆ | ၁၂ | ၈ | ၁၅၀% | IP |
| Pr ၄.၂။ ငွေကြေးဝန်ဆောင်မှုများသို့ လက်လှမ်းမီသော LIFT အိမ်ထောင်စု အရေအတွက် (လက်ရှိ ဝန်ဆောင်မှု အသုံးပြုသူများ) | ၁,၂၆၉,၆၆၆ * (အိမ်ထောင်စု) ၈၈,၈၇၇ (ကျား) ၁,၁၈၀,၇၈၉ (မ) | ၃၆၆,၂၆၆ ** (အိမ်ထောင်စု) ၁၄,၀၉၄ (ကျား) ၃၅၂,၁၇၂ (မ) | ၁,၆၃၅,၉၃၂ (အိမ်ထောင်စု) ၁၀၂,၉၇၁ (ကျား) ၁,၅၃၂,၉၆၁ (မ) | ၁,၅၀၀,၀၀၀ (အိမ်ထောင်စု) | ၁၀၉% | IP |

* ၂၀၁၅ နှစ်ပတ်လည် အစီရင်ခံစာ တွင် ဖော်ပြထားသည့် အရေအတွက်နဲ့ ညှိယူထားပါသည်။ ** ၂၀၁၆ခုနှစ်၏ ဝန်ဆောင်မှု အသုံးပြုသူအသစ်များ

### စီမံကိန်းအဆင့်ရလဒ်၄.၁။ ငွေကြေးအရ မိမိဘာသာ ရပ်တည်နိုင်သည့် LIFT ၏ အသေးစားငွေကြေး လုပ်ငန်းများ အရေအတွက်

၂၀၁၆ခုနှစ်တွင် LIFTသည် အသေးစားငွေကြေးလုပ်ငန်း မိတ်ဖက်အဖွဲ့ ၄၂ဖွဲ့ ကို ဆက်လက်ထောက်ပံ့နေသည်။ ယင်းတို့တွင် ဒေသခံ အသေးစားငွေကြေးလုပ်ငန်း ၉ဖွဲ့၊ ငွေစုငွေချေးသမဝါယမ ၂၄ဖွဲ့၊ နိုင်ငံတကာ အသေးစားငွေကြေး လုပ်ငန်း NGO ၃ဖွဲ့နှင့် နိုင်ငံတကာ အသေးစားငွေရေးကြေးရေး ကုမ္ပဏီ ၄ခုတို့ ပါဝင်သည်။ ယင်း၄၂ဖွဲ့တွင် ၁၂ဖွဲ့သည် ငွေကြေးအရ မိမိဘာသာ ရပ်တည်နေနိုင်ပြီဖြစ်သည်။ ဆိုလိုသည်မှာ ငွေကြေးဆိုင်ရာ စရိတ်များ၊ ငွေဖောင်းပွနှုန်း စသည်တို့ကို ညှိပြီးသောအခါ လုပ်ငန်း စရိတ်ကို အကုန်ကျခံနိုင်နေပြီ ဖြစ်သည်။ အသေးစိတ်ကို အခန်း၄.၁ တွင် ကြည့်ပါ။ ဤအညွှန်းနှင့် ပတ်သက်၍ LIFTသည် ၂၀၁၆ခုနှစ်ရည်မှန်းချက်၏ ၁၅၀ရာခိုင်နှုန်းကို အကောင်အထည် ဖော်ခဲ့သည်။

### စီမံကိန်းအဆင့်ရလဒ် ၄.၂။ ငွေကြေးဝန်ဆောင်မှုများသို့ လက်လှမ်းမီသော LIFT အိမ်ထောင်စု အရေအတွက်

၂၀၁၁ပြည့်နှစ်တွင် စတင်ကာ အသေးစားငွေကြေးလုပ်ငန်းမိတ်ဖက်အဖွဲ့များကို ငွေကြေးအရရော အဖွဲ့အစည်း ဆိုင်ရာအရပါ အထောက်အကူပေးခဲ့ရာ အလျင်အမြန် ကြီးထွားလာလေသည်။ ၂၀၁၆ခုနှစ် နှစ်ကုန်တွင် ဤမိတ်ဖက် အဖွဲ့များသည် ဝန်ဆောင်မှု အသုံးပြုသူ ၁,၆၃၅,၉၃၂ဦး ကို ဝန်ဆောင်မှုများ ပေးအပ်လျက်ရှိသည်။ ၎င်းတို့၏ ၉၄ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်သည်။ ၂၀၁၅ခုနှစ်ကထက် ၃၆၆,၀၀၀ဦး တိုးလာခြင်းဖြစ်သည်။ ထို့ကြောင့် LIFTသည် ၂၀၁၆ခုနှစ် ရည်မှန်းချက်၏ ၁၀၉ ရာခိုင်နှုန်းကို ရရှိခဲ့သည်။

## စီမံကိန်းအဆင့်ရလဒ်၅။ အာဟာရ၊ ရေနှင့် ပတ်ဝန်းကျင် တစ်ကိုယ်ရည် သန့်ရှင်းမှု တိုးတက်ခြင်း

### စီမံကိန်းအဆင့်ရလဒ် ၅.၁။ အာဟာရဆိုင်ရာ သတင်းအချက် အလက်များကို ရရှိလက်လှမ်းမီသော LIFT အိမ်ထောင်စု အရေအတွက်

၂၀၁၀ခုနှစ်တွင် LIFT ပံ့ပိုးမှုများ စတင်ချိန်မှစ၍ ယနေ့ထိ မိတ်ဖက်အဖွဲ့ ၂၀ဖွဲ့တို့သည် အိမ်ထောင်စု ၁၂၈,၀၀၀ ထံသို့ အာဟာရ ဆိုင်ရာ သတင်းအချက်အလက်တို့ကို အသိပညာပေးသင်တန်းများဖြင့် ပို့ချပေးခဲ့သည်ဟု တင်ပြထားသည်။ ယေဘုယျ ကျန်းမာရေးထက် အာဟာရကဏ္ဍကို ပိုမို ဦးစားပေးခဲ့သည်။ သင်တန်းသားတဦးလျှင် အိမ်ထောင်စုတခုကို ကိုယ်စားပြုသည်ဟု ယူဆထားပြီး ယင်း၏ ၇၄ရာခိုင်နှုန်းခန့်မှာ အမျိုးသမီးများဖြစ်ကြသည်။ ၂၀၁၆ တနှစ်တည်း တွင်ပင် အိမ်ထောင်စု ၇,၀၀၀ခန့်သည် MCCTထောက်ပံ့မှုများကို လက်ခံရရှိခဲ့ကြပြီး အိမ်ထောင်စု ၅၅,၀၀၀ခန့်သည် ကျန်းမာရေးနှင့် အာဟာရမြှင့်တင်ရေး သင်တန်းများကို တက်ခဲ့ကြသည်။ ကျန်းမာရေးနှင့် အာဟာရကဏ္ဍဆိုင်ရာ သင်တန်းများကို အများဆုံးဆောင်ရွက်ခဲ့ကြသည့် မိတ်ဖက် အဖွဲ့များမှာ တက်လမ်းမှ IRC နှင့် အပူပိုင်းဇုန်မှ HelpAgeတို့ ဖြစ်သည်။ Save the Children စီမံချက်သည် MCCTထောက်ပံ့ခြင်း အစီအစဉ် ကို အပူပိုင်းဇုန်၊ မြစ်ဝကျွန်းပေါ်ဒေသနှင့် ရခိုင်ဒေသတို့တွင် စတင်ခဲ့သည်။ LIFT၏ အာဟာရကဏ္ဍ စီမံချက်အသစ် အချို့ စတင်ရန် နောက်ကျသောကြောင့် ဤအညွှန်းတွင် ၂၀၁၆ခုနှစ် ရည်မှန်းချက်၏ ၈၅ရာခိုင်နှုန်းကိုသာ အကောင်အထည်ဖော် နိုင်ခဲ့သည်။

*ဇယား ၂.၆။ စီမံကိန်းအဆင့် ရလဒ် ၅။ အညွှန်းများ၊ အောင်မြင်ပြီးစီးမှုများ*

| အညွှန်း | ၂၀၁၅ | ၂၀၁၆ | ၂၀၁၅ + ၂၀၁၆ | ၂၀၁၆ ရည်မှန်းချက် | ပြီးစီးမှု % | အချက် အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| Pr ၅။ အာဟာရ၊ ရေနှင့် တစ်ကိုယ်ရည် သန့်ရှင်းမှု တိုးတက်ခြင်း | | | | | | |
| Pr ၅.၁။ အာဟာရဆိုင်ရာသတင်းအချက် အလက်များကို ရရှိ လက်လှမ်းမီသော LIFT အိမ်ထောင်စု အရေအတွက် | ၆၅,၈၄၂ (အိမ်ထောင်စု) ၂၃,၂၈၈ (ကျား) ၄၂,၅၅၄ (မ) | ၆၂,၀၀၂ (အိမ်ထောင်စု) ၉,၉၃၅ (ကျား) ၅၂,၀၆၇ (မ) | ၁၂၇,၈၄၄ (အိမ်ထောင်စု) ၃၃,၂၂၃ (ကျား) ၉၄,၆၂၁ (မ) | ၁၅၀,၀၀၀ (အိမ်ထောင်စု) | ၈၅% | IP |
| Pr ၅.၂။အမျိုးသမီး နှင့် ကလေးများ၏ အာဟာရ လိုအပ်ချက်များကို သိရှိသော လူဦးရေ * | မရှိ | မရှိ | မရှိ | ၆၀,၀၀၀ ဦး | မရှိ | HHTS |
| PR ၅.၃။လက်ခံနိုင်ဖွယ်ရှိသော ရိက္ခာ အမျိုးအမည်စုံလင်စွာ ရရှိသည့် ၆လ မှ ၂၃လ အရွယ် ကလေးဦးရေ * | မရှိ | မရှိ | မရှိ | ၁၈,၀၀၀ (ကလေး) | မရှိ | HHTS |
| PR ၅.၄။ လွန်ခဲ့သော ၂၄နာရီအတွင်း မိခင်နို့ သက်သက်ကိုသာ သောက်သုံး ရသော နို့စို့ ကလေး (မွေးစ မှ ၅လ) ဦးရေ * | မရှိ | မရှိ | မရှိ | ၃၀,၀၀၀ (ကလေး) | မရှိ | HHTS |
| PR ၅.၅။ စိတ်ချရသော သန့်ရှင်းရေး အဆောက်အအုံ/အသုံးအဆောင်များ သုံးစွဲနေသော LIFTအိမ်ထောင်စု အရေအတွက် | ၂၀၂,၀၀၀ (အိမ်ထောင်စု) ၁၅၉,၅၈၀ (ကျား) ၄၂,၄၂၀ (မ) | ၁၇,၈၅၀ (အိမ်ထောင်စု) ၁၄,၆၄၃ (ကျား) ၃,၂၀၇ (မ) | ၂၁၉,၈၅၀ (အိမ်ထောင်စု) ၁၇၄,၂၂၃ (ကျား) ၄၅,၆၂၇ (မ) | ၂၂၅,၀၀၀ (အိမ်ထောင်စု) | ၉၈% | HHTS |
| PR၅.၆။စိတ်ချရသော သောက်ရေအရင်းအမြစ်ကို သုံးစွဲနေသော LIFTအိမ်ထောင်စု အရေအတွက် | ၁၆၂,၈၄၇ (အိမ်ထောင်စု) ၁၀၉,၂၅၂ (ကျား) ၅၃,၅၉၅ (မ) | ၂,၉၉၇ (အိမ်ထောင်စု) ၂,၂၉၆ (ကျား) ၇၀၁ (မ) | ၁၆၅,၈၄၄ (အိမ်ထောင်စု) ၁၁၁,၅၄၈ (ကျား) ၅၄,၂၉၆ (မ) | ၂၂၀,၀၀၀ (အိမ်ထောင်စု) | ၇၅% | HHTS |

* ၂၀၁၆ခုနှစ် အိမ်ထောင်စု အညွှန်းပြ စစ်တမ်းတွင် ကောက်ယူထားခြင်း မရှိပါ။

### စီမံကိန်းအဆင့်ရလဒ် ၅.၂။ အမျိုးသမီး နှင့် ကလေးများ၏ အာဟာရလိုအပ်ချက်များကို သိရှိသော လူဦးရေ

### စီမံကိန်းအဆင့်ရလဒ် ၅.၃။ လက်ခံနိုင်ဖွယ်ရှိသော ရိက္ခာအမျိုးအမည်စုံလင်စွာ ရရှိသည့် ၆လ မှ ၂၃လအရွယ် ကလေးဦးရေ

### စီမံကိန်းအဆင့်ရလဒ် ၅.၄။ လွန်ခဲ့သော ၂၄နာရီအတွင်း မိခင်နို့သက်သက်ကိုသာ သောက်သုံးရသော နို့စို့ကလေး (မွေးစ မှ ၅လ) ဦးရေ

ဤအညွှန်းများကို နှစ်နှစ်လျှင် တကြိမ်ကျ ဆောင်ရွက်နေသော LIFT၏ အာဟာရကဏ္ဍစစ်တမ်းတွင် တိုင်းတာမည် ဖြစ်သဖြင့် ၂၀၁၆ အညွှန်းပြစစ်တမ်းတွင် မပါဝင်ပါ။

### စီမံကိန်းအဆင့်ရလဒ် ၅.၅။ စိတ်ချရသော သန့်ရှင်းရေး အဆောက်အအုံ/အသုံးအဆောင်များ သုံးစွဲနေသော LIFTအိမ်ထောင်စု အရေအတွက်

LIFT၏ စီမံကိန်းအနေအထားသဘာဝအရ ဤအညွှန်းသည် အလွှာ၁ နှင့်သာ သက်ဆိုင်သည်။ ၂၀၁၅ မှ ၂၀၁၆ အတွင်း စိတ်ချ ရသော သန့်ရှင်းရေး ဝန်ဆောင်မှုကို သုံးနေကြောင်းတင်ပြသည့် အိမ်ထောင်စု ၁၁ ရာခိုင်နှုန်း တိုးလာသည်။ ယင်းတို့တွင် အမျိုးသမီးဦးစီးသော အိမ်ထောင်စုက ၁၃ ရာခိုင်နှုန်း ပါဝင်ပြီး အမျိုးသားဦးစီး အိမ်ထောင်စုက ၁၁ ရာခိုင်နှုန်း ပါဝင်သည်။ အလွှာ ၁ အတွင်း ၂၀၁၆ ခုနှစ်တွင် ပံ့ပိုးမှုများ ရရှိခဲ့သူအရေအတွက်ကို ခန့်မှန်း တွက်ချက်ပါက အိမ်ထောင်စု ၁၈,၀၀၀ ခန့် တိုးလာသည်။ ၂၀၁၅ ခုနှစ် အကောင်အထည်ဖော်မှုနှင့် ပေါင်းပါက ယင်းသည် ၂၀၁၆ ခုနှစ် ရည်မှန်းချက်၏ ၉၈ ရာခိုင်နှုန်း ဖြစ်သည်။

### စီမံကိန်းအဆင့်ရလဒ် ၅.၆။ စိတ်ချရသော သောက်ရေအရင်းအမြစ်ကို သုံးစွဲနေသော LIFTအိမ်ထောင်စု အရေအတွက်

LIFT ၏ လုပ်ငန်းသဘာဝအရ ဤအညွှန်းသည် အလွှာ၁နှင့်သာ သက်ဆိုင်သည်။ ၂၀၁၅ မှ ၂၀၁၆ အတွင်း စိတ်ချရသော ရေ အရင်းအမြစ်ကို သုံးနေကြောင်းတင်ပြသည့် အိမ်ထောင်စု ၂ရာခိုင်နှုန်း တိုးလာသည်။ ယင်းတို့တွင် အမျိုးသမီးဦးစီးသော အိမ်ထောင်စု ၂.၉ ရာခိုင်နှုန်း ပါဝင်ပြီး အမျိုးသားဦးစီး အိမ်ထောင်စုက ၁.၇ ရာခိုင်နှုန်း ပါဝင်သည်။ အလွှာ၁အတွင်း ၂၀၁၆ ခုနှစ် တွင် လက်လှမ်းမီခဲ့သည့် အိမ်ထောင်စုများကို ခန့်မှန်းတွက်ချက်ပါက အိမ်ထောင်စု ၃,၀၀၀ ခန့် ဖြစ်သည်။ ၂၀၁၅ ခုနှစ် အကောင်အထည်ဖော်နိုင်ခဲ့မှုနှင့် ပေါင်းပါက ယင်းသည် ၂၀၁၆ ခုနှစ် ရည်မှန်းချက်၏ ၇၅ ရာခိုင်နှုန်း ဖြစ်သည်။ ၎င်းရလဒ်မှာ ရေနှင့် သန့်ရှင်းရေး အပါအဝင်ဖြစ်သော အာဟာရတန်ဖိုးနားလည်ရေး စီမံချက်များ နှောင့်နှေးနေခြင်းကြောင့် ဖြစ်နိုင်သည်။

## စီမံကိန်းအဆင့်ရလဒ်၆။ လုပ်ကွက်ငယ်တောင်သူများနှင့် လယ်မဲ့မြေမဲ့များအနေဖြင့် သယံဇာတများကို လက်လှမ်းမီလာရေးနှင့် ရေရှည်အသုံးပြုနိုင်ရေးအတွက် အာမခံချက်ရှိခြင်း

*ဇယား ၂.၇။ စီမံကိန်းအဆင့် ရလဒ် ၆။ အညွှန်းများ၊ အောင်မြင်ပြီးစီးမှုများ*

| အညွှန်း | ၂၀၁၅ | ၂၀၁၆ | ၂၀၁၅ + ၂၀၁၆ | ၂၀၁၆ ရည်မှန်းချက် | ပြီးစီးမှု % | အချက်အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| Pr ၆။ လုပ်ကွက်ငယ်တောင်သူများနှင့် လယ်မဲ့မြေမဲ့များအနေဖြင့် သယံဇာတများကို လက်လှမ်းမီရေးနှင့် ရေရှည်အသုံးပြုနိုင်ရေးအတွက် အာမခံချက်ရှိခြင်း | | | | | | |
| Pr ၆.၁။ အများပိုင်ပစ္စည်း စီမံခန့်ခွဲမှု ရှိသော LIFT ကျေးရွာ အရေအတွက် | ၁၇၁ ရွာ | ၄၃၈ ရွာ | ၆၀၉ ရွာ | ၃၇၀ ရွာ | ၁၆၅% | HHTS |
| Pr ၆.၂။ကာကွယ်/စီမံခန့်ခွဲထားသော သယံဇာတများဖြင့် အကျိုးခံစားရသည့် LIFT အိမ်ထောင်စု အရေအတွက် | ၃၇,၉၁၄ (အိမ်ထောင်စု) ၂၉,၉၅၂ (ကျား) ၇,၉၆၂ (မ) | ၉၃၂ (အိမ်ထောင်စု) ၉၃၂ (ကျား) ၀ (မ) | ၃၈,၈၄၆ (အိမ်ထောင်စု) ၃၀,၈၈၄ (ကျား) ၇,၉၆၂ (မ) | ၄၅,၀၀၀ (အိမ်ထောင်စု) | ၈၆% | HHTS |

### စီမံကိန်းအဆင့်ရလဒ် ၆.၁။ အများပိုင်ပစ္စည်း စီမံခန့်ခွဲမှု ရှိသော ကျေးရွာ အရေအတွက်

LIFT ၏လုပ်ငန်းသဘာဝအရ ဤအညွှန်းသည် အလွှာ၁နှင့်သာ သက်ဆိုင်သည်။ အညွှန်းပြစစ်တမ်း ကောက်ယူခဲ့သည့် ကျေးရွာ ၃၀ ရာခိုင်နှုန်းက သယံဇာတစီမံခန့်ခွဲမှု တမျိုးမျိုးရှိကြောင်း တင်ပြကြသည်။ အလွှာ၁အတွင်း ၂၀၁၆ ခုနှစ်တွင် လက်လှမ်း မီခဲ့သူအရေအတွက်ကို ခန့်မှန်းတွက်ချက်ပါက ကျေးရွာ ၄၃၈ ရွာက ထိုသို့ ဆောင်ရွက်နေကြောင်း တွေ့ရပြီး ၂၀၁၅ ခုနှစ်ပြီးစီးမှု နှင့် ပေါင်းပါက ယင်းရလဒ်သည် ၂၀၁၆ ခုနှစ် ရည်မှန်းချက်၏ ၁၆၅ ရာခိုင်နှုန်း ဖြစ်သည်။

သယံဇာတစီမံခန့်ခွဲမှုအနေဖြင့် BLO၊ CARE၊ ICRAF၊ IRC တို့သည် ရပ်ရွာပိုင်သစ်တော၊ လေကာပင်တန်း၊ စားကျက်မြေ၊ ဒီရေတော၊ သဘာဝ ငါးဖမ်းဧရိယာများ၊ အင်းအိုင်များ၊ ရေဝေရေလဲဒေသများနှင့် တာရိုးများကို ရပ်ရွာနှင့်အတူ ဆောင်ရွက်နေသည်။

### စီမံကိန်းအဆင့်ရလဒ် ၆.၂။ ကာကွယ်/စီမံခန့်ခွဲထားသော သယံဇာတများဖြင့် အကျိုးခံစားရသည့် LIFT အိမ်ထောင် စု အရေအတွက်

LIFT ၏ လုပ်ငန်းသဘာဝအရ ဤအညွှန်းသည် အလွှာ၁နှင့်သာ သက်ဆိုင်သည်။ ၂၀၁၅ မှ ၂၀၁၆ အတွင်း ကာကွယ်/ စီမံခန့်ခွဲထားသော သယံဇာတမှ အကျိုးရှိကြောင်းတင်ပြသည့် အိမ်ထောင်စု ၀.၅ ရာခိုင်နှုန်း တိုးလာသည်။ အလွှာ ၁ အတွင်း ၂၀၁၆ ခုနှစ်တွင် လက်လှမ်းမီခဲ့သူများကို ခန့်မှန်းတွက်ချက်ပါက အိမ်ထောင်စု ၉၃၂ စု ဖြစ်သည်။

၂၀၁၅ ခုနှစ် အကောင်အထည်ဖော်မှု နှင့် ပေါင်းပါက ယင်းသည် ၂၀၁၆ ခုနှစ် ရည်မှန်းချက်၏ ၈၆ ရာခိုင်နှုန်း ဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ သယံဇာတစီမံခန့်ခွဲမှု လုပ်ငန်းများ ထူထောင်ချိန်နှင့် ရပ်ရွာအဖွဲ့ဝင်တို့အတွက် အကျိုးဖြစ်ထွန်းမည့် အချိန်ကွာခြားမှုကို လျှော့၍ ခန့်မှန်းမိ သောကြောင့် ဖြစ်နိုင်သည်။

## စီမံကိန်းအဆင့်ရလဒ်၇။ ရိက္ခာနှင့် အသက်မွေးမှုဖူလုံရေးအတွက် ကူညီ ထောက်ပံ့နိုင်ရန် ရပ်ရွာလူထု၊ ဒေသအာဏာပိုင်၊ အရပ်ဘက် လူမှုအဖွဲ့အစည်း နှင့် လုပ်ငန်းများ၏ စွမ်းဆောင်ရည်ကို အားဖြည့်ခြင်း


*ဇယား ၂.၈။ စီမံကိန်းအဆင့် ရလဒ် ၇။ အညွှန်းများ၊ အောင်မြင်ပြီးစီးမှုများ*

| အညွှန်း | | | | ၂၀၁၆ ရည်မှန်းချက် | ပြီးစီးမှု % | အချက်အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| | ၂၀၁၅ | ၂၀၁၆ | ၂၀၁၅ + ၂၀၁၆ | | | |
| Pr ၇။ ရိက္ခာနှင့် အသက်မွေးမှုဖူလုံရေးအတွက် ကူညီထောက်ပံ့နိုင်ရန် ရပ်ရွာလူထု၊ ဒေသအာဏာပိုင်၊ အရပ်ဘက်လူမှုအဖွဲ့အစည်း နှင့် လုပ်ငန်းများ၏ စွမ်းဆောင်ရည်ကို အားဖြည့်ခြင်း | | | | | | |
| Pr ၇.၁။ ပြည်တွင်းအဖွဲ့အစည်းက ခန့်ခွဲနေ သော LIFT၏ ရန်ပုံငွေ ရာခိုင်နှုန်း | ၁၄% | ၃၉% | မရှိ | ၂၀% | ၁၉၅% | FMO |
| Pr ၇.၂။ ရိက္ခာနှင့်အသက်မွေးမှုဖူလုံ စေရေးတွင် ပါဝင်ရန်အတွက် ထောက်ပံ့မှုများ ရရှိသော ဒေသခံအဖွဲ့ အရေအတွက်နှင့် အမျိုးအစား | ၂၀၆ ဖွဲ့ | ၁,၇၆၆ ဖွဲ့ | ၁,၉၇၂ ဖွဲ့ | ၁,၈၀၀ ဖွဲ့ | ၁၁၀% | IP |

### စီမံကိန်းအဆင့်ရလဒ် ၇.၁။ ပြည်တွင်းအဖွဲ့အစည်းများက စီမံခန့်ခွဲနေသော LIFT၏ ရန်ပုံငွေ ရာခိုင်နှုန်း

LIFT မဟာဗျူဟာအသစ်၏ အဓိက ရည်မှန်းချက်တခုမှာ အစိုးရ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ ပုဂ္ဂလိကကဏ္ဍ အပါအဝင်ဖြစ်သော ဒေသခံအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို အားဖြည့်ပေးရန် ဖြစ်သည်။ ဤအဖွဲ့အစည်းများသို့ ခွဲဝေပေးသော ဘတ်ဂျက်ပမာဏသည် LIFT ၏ ဤရည်မှန်းချက်ကို အလေးထားဆောင်ရွက်နေမှုကို ညွှန်းဆိုပြီး အဆင့်ဆင့်တွင် ချိတ်ဆက်ဆောင်ရွက်ကြောင်း ပြသနေသည်။  ဤနှစ်အတွင်း လက်မှတ်ရေးထိုးခဲ့သော ကန်ထရိုက် စာချုပ်အသစ် ၂၄ ခုအနက် ၉ ခုသည် ပြည်တွင်း NGO များ နှင့် တိုက်ရိုက်ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ ကျန်၁၅ ခုရှိ ၄ ခု တွင်လည်း ဒေသခံ ထပ်ဆင့်ချိတ်ဆက်ဆောင်ရွက်သည့် မိတ်ဖက်အဖွဲ့ ၇ဖွဲ့ ပါဝင်သည်။ ၂၀၁၆ ခုနှစ် ဘတ်ဂျက်တွင် ပြည်တွင်းအဖွဲ့အစည်းများက စီမံခန့်ခွဲသော တန်ဖိုးမှာ ကန်ဒေါ်လာ ၂၃.၁ သန်းရှိပြီး၊ ယင်းသည် ဘတ်ဂျက်စုစုပေါင်း၏ ၃၉ ရာခိုင်နှုန်း ဖြစ်သည်။ ၂၀၁၅ ခုနှစ်က ၁၄ ရာခိုင်နှုန်းသာရှိခဲ့သဖြင့် သိသိသာသာ တိုးလာသည်။ ဤသို့ တိုးလာမှုကြောင့် LIFT သည် ၂၀၁၆ ခုနှစ် ရည်မှန်းချက်၏ ၁၉၅ ရာခိုင်နှုန်းကို ရရှိခဲ့သည်။

*ပုံ ၂.၄။ နှစ်အလိုက် ပြည်တွင်းအဖွဲ့အစည်းများက စီမံခန့်ခွဲနေသည့် LIFT၏ ရန်ပုံငွေ ရာခိုင်နှုန်း*



### စီမံကိန်းအဆင့်ရလဒ် ၇.၂။ ရိက္ခာနှင့်အသက်မွေးမှုဖူလုံစေရေးတွင် ပါဝင်ရန်အတွက် ထောက်ပံ့မှုများ ရရှိသော ဒေသခံအဖွဲ့ အရေအတွက် နှင့် အမျိုးအစား

၂၀၁၀ ပြည့်နှစ်တွင် LIFT လုပ်ငန်းစတင်ချိန်မှ ယနေ့ထိ ရိက္ခာနှင့် အသက်မွေးမှုဖူလုံစေရေးတွင် ပါဝင်ရန်အတွက် ဒေသခံအဖွဲ့ ၁,၉၇၂ ဖွဲ့တို့ကို မိတ်ဖက်အဖွဲ့ ၂၀ ဖွဲ့တို့က ထောက်ပံ့နေခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် သိသိသာသာ တိုးတက် လာရခြင်းမှာ ပြောင်းလဲ အဓိပ္ပာယ် သတ်မှတ်လိုက်ခြင်းကြောင့် ဖြစ်သည်။ 'ဒေသခံအုပ်စုများနှင့်အဖွဲ့အစည်း များ'တွင်  ယခုအခါ ထုတ်လုပ်သူများ နှင့် ဈေးကွက် အုပ်စုများ၊ မိခင်အချင်းချင်းထောက်ကူရေး အဖွဲ့များ၊ ငွေစုငွေချေး အဖွဲ့များစသည့် ကျေးရွာအဖွဲ့များ ပါဝင်လာ သောကြောင့် ဖြစ်သည်။ ဒေသခံအဖွဲ့အများဆုံးကို ထောက်ပံ့နေကြသည့် မိတ်ဖက်အဖွဲ့ များမှာ-တက်လမ်း (၄၇၇ဖွဲ့)၊ Save the Children (၂၆၂ဖွဲ့)၊ HelpAge (၁၈၁ဖွဲ့)၊ Mercy Corps (၁၆၉ဖွဲ့)၊ ActionAid-SEDN (၁၂၀ဖွဲ့) တို့ဖြစ်သည်။ ဤအညွှန်းတွင် LIFT အောင်မြင်မှုသည် ၂၀၁၆ ရည်မှန်းချက်၏ ၁၁၀ ရာခိုင်နှုန်းကို ရရှိနိုင်ခဲ့သည်။

## စီမံကိန်းအဆင့်ရလဒ် ၈။ ဆင်းရဲနွမ်းပါးသူများ အကျိုးရှိစေမည့် ဖွံ့ဖြိုးရေးအတွက် မူဝါဒ နှင့် သက်ဆိုင်သော အထောက်အထား များကို ပြုစုခြင်း

*ဇယား ၂.၉ ။ စီမံကိန်းအဆင့် ရလဒ် ၈။ အညွှန်းများ၊ အောင်မြင်ပြီးစီးမှုများ*

| အညွှန်း | | | | ၂၀၁၆ ရည်မှန်းချက် | ပြီးစီးမှု % | အချက် အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| | ၂၀၁၅ | ၂၀၁၆ | ၂၀၁၅ + ၂၀၁၆ | | | |
| စီမံကိန်းရလဒ် ၈။ ဆင်းရဲနွမ်းပါးသူများ အကျိုးရှိစေမည့် ဖွံ့ဖြိုးရေးအတွက် မူဝါဒ နှင့် သက်ဆိုင်သော အထောက်အထားများကို ပြုစုခြင်း | | | | | | |
| Pr ၈.၁။ LIFTကထောက်ပံ့ခဲ့သော မူဝါဒ ရေးဆွဲရာတွင် အထောက်အကူဖြစ်စေမည့် ဆွေးနွေးပွဲ အရေအတွက် | ၅၄ | ၄၉ | ၁၀၃ | ၇၀ | ၁၄၇% | FMO၊ IP |
| Pr၈.၂။ ပတ်သက်ဆက်နွယ်သူများ ထံသို့ LIFTက ထုတ်ဝေ ဖြန့်ချိခဲ့သော မူဝါဒဆိုင်ရာ စာအုပ်စာတမ်းများ | မရှိ | ၄၉ | ၄၉ | ၄၀ | ၁၂၃% | FMO၊ IP |

### စီမံကိန်းအဆင့်ရလဒ် ၈.၁။ LIFTကထောက်ပံ့ခဲ့သော မူဝါဒ ရေးဆွဲရာတွင် အထောက်အကူဖြစ်စေမည့် ဆွေးနွေးပွဲ အရေအတွက်

၂၀၁၆ ခုနှစ်အတွင်းတွင် မူဝါဒ ရေးဆွဲရာတွင် အထောက်အကူဖြစ်စေမည့် ဆွေးနွေးပွဲပေါင်း ၄၉ ခု ကို မိတ်ဖက်အဖွဲ့များက ၄၇ ခုကို လည်းကောင်း ရန်ပုံငွေစီမံခန့်ခွဲရေးရုံးက ၂ ခုကိုလည်းကောင်း အသီးသီး စီစဉ် ကျင်းပခဲ့သည်။ ဥပမာအားဖြင့် ရွှေ့ပြောင်း သွားလာခြင်းနှင့်ပတ်သက်၍  အသိအမြင်နှင့် စွမ်းဆောင်ရည် တိုးပွားစေရန် ILO သည် နေပြည်တော်တွင် လွှတ်တော် ကိုယ်စားလှယ်များနှင့် တိုင်ပင်ဆွေးနွေးပွဲအခမ်းအနားများ ကျင်းပခဲ့သည်။ IOM ခေါင်းဆောင်သော သုတေသန စီမံချက်ကလည်း စစ်တမ်းအကြို အကြံပေးဆွေးနွေးပွဲ ခြောက်ကြိမ် ကို မန္တလေးတိုင်း ၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း ၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်း နှင့် နေပြည်တော် တို့တွင် ပြုလုပ်ခဲ့သည်။

သင်ယူခြင်း နှင့် တီထွင်ဆန်းသစ်ခြင်း အစီအစဉ်အရ စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (FSWG) သည် ရေလုပ်ငန်း အုပ်ချုပ်မှုကို ကောင်းမွန်စေရန် နှင့် လုပ်ကွက်တောင်သူများ ပါဝင်သော ဖွံ့ဖြိုးမှုဆိုင်ရာ ဆွေးနွေးပွဲ ၃ ခုကို ကျင်းပခဲ့သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများ အားကောင်းလာရေး အစီအစဉ်အရ ကျား/မရေးရာ တန်းတူညီမရေး ကွန်ရက် (GEN) သည် မူဝါဒ ဆိုင်ရာ ဆွေးနွေးပွဲများကို ကျင်းပခဲ့ရာ အမျိုးသမီးများကို အကြမ်းဖက်ခြင်းမှကာကွယ်သည့် ဥပဒေအတွက် ဆွေးနွေးခြင်း အခမ်းအနားလည်း ပါဝင်သည်။ UNESCAP သည် နေပြည်တော်တွင် စိုက်ပျိုးရေး မူဝါဒဆွေးနွေးပွဲများကို ကျင်းပခဲ့သည်။

LIFT ၏ မိတ်ဖက်အဖွဲ့များသည် အိမ်ထောင်စု နှင့် ရပ်ရွာကြံ့ကြံ့ခံနိုင်မှုဆိုင်ရာ (SPPRG)၊မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ (LCG) အဆင့်မြင့်အကြံပြု ဆွေးနွေးပွဲများကို ကျင်းပခဲ့ရာ ပြည်ထောင်စုအဆင့်၊ တိုင်း/ပြည်နယ် အဆင့် မှ အရာရှိများ နှင့် LIFT ရန်ပုံငွေ ဘုတ်အဖွဲ့ အဖွဲ့ဝင်များ တက်ရောက်ကြသည်။ LIFT ရန်ပုံငွေပံ့ပိုးပေးသည့် အကြံပေး ပုဂ္ဂိုလ်များ ကလည်း အဆင့်မြင့် အကြံပြု ဆွေးနွေးပွဲများတွင် ဝင်ရောက်ဆွေးနွေးခဲ့ကြပြီး ယင်းဆွေးနွေးပွဲများတွင် စိုက်ပျိုးရေး ဖွံ့ဖြိုးမှု မဟာဗျူဟာ (ADS)၊ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးနှင့် ရိက္ခာဖူလုံရေး အစီအစဉ် (GAFSP) အလုပ်ရုံဆွေးနွေးပွဲများ ပါဝင်သည်။

ရလဒ်များကို ပေါင်းစည်းလိုက်သောအခါ LIFT ရန်ပုံငွေစီမံခန့်ခွဲရေးရုံး နှင့် မိတ်ဖက်အဖွဲ့များက မူဝါဒဆိုင်ရာ ဆွေးနွေးပွဲ အခမ်းအနားပေါင်း ၁၀၃ ခုကို ကျင်းပခဲ့ပြီး ၂၀၁၆ ရည်မှန်းချက်၏ ၁၄၇ ရာခိုင်နှုန်းကို ရရှိနိုင်ခဲ့သည်။

### စီမံကိန်းအဆင့်ရလဒ်၈.၂။ LIFT၏ မူဝါဒဆိုင်ရာ စာအုပ်စာတမ်း ထုတ်ဝေမှု နှင့် ဖြန့်ချီမှုများ

၂၀၁၆ခုနှစ်အတွင်း LIFT၏မိတ်ဖက်အဖွဲ့များက မူဝါဒဆိုင်ရာ စာအုပ်စာတမ်း ၄၉ခုကို ထုတ်ဝေဖြန့်ချီခဲ့သည်။ ယင်းတို့တွင် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများအားလုံး ပပျောက်ရေး သဘောတူစာချုပ် (စီဒေါ/CEDAW) ဆိုင်ရာ GEN၏ အစီရင်ခံစာလည်း ပါဝင်သည်။ LEARN (Save the Children) က *A Critical Review of Literature and A Secondary Analysis of LIFT 2013 Household Survey Data* ဟူသော မြန်မာနိုင်ငံတွင် အာဟာရ မပြည့်ဝမှုဆိုင်ရာ အစီရင်ခံစာကို အပိုင်းနှစ်ပိုင်းခွဲပြီး ထုတ်ဝေခဲ့သည်။ ILO ကလည်း *Analysis of the Myanmar Law Relating to the Overseas Employment from 1999* ကို ထုတ်ဝေခဲ့သည်။

အားလုံးပါဝင်လက်လှမ်းမီသော ငွေကြေးကဏ္ဍတွင် LIFTက *ငွေကို ပညာသားပါပါ စီမံခန့်ခွဲခြင်း - အခြေခံ ငွေကြေး အသိပညာပေးစာစောင်* ကို ထုတ်ဝေသည်။ Micro-credit Ratings International Limited (M-CRIL) ကလည်း LIFT၏ အသေးစားငွေကြေးလုပ်ငန်း အစီအစဉ်များ၏ သုံးသပ်ချက်ကို ထုတ်ဝေသည့်ပြင် စစ်တမ်းအဖြစ်- *Cooperative Approaches to Farmer Organisations and cooperatives in LIFT Projects* ကိုလည်း ထုတ်ဝေသည်။

GRET က အစီရင်ခံစာအချို့ကို ထုတ်ဝေခဲ့ရာတွင် မြေယာပိုင်ခွင့် ဆိုင်ရာ စစ်တမ်းဖြစ်သော *Land Dynamics and Livelihoods in Peri_Urban Yangon: the Case of Htantabin Township* လည်း ပါဝင်သည်။ ထို့ပြင် ချင်းပြည်နယ်တွင် အစဉ်အလာ မြေယာအငှားချမှု အစီရင်ခံစာ မူကြမ်းကိုလည်း ပြုစုထားသည်။ LCG ကလည်း ဖျာပုံနှင့် မအူပင် မြို့နယ်များတွင် မြေယာ ပိုင်ဆိုင်ခွင့် အကြမ်းဖျင်း သုံးသပ်ချက်တစ်ခုကိုလည်း ပြုစုလျက်ရှိသည်။

LIFT၏ ရန်ပုံငွေစီမံခန့်ခွဲရေးရုံးကလည်း အရေးကြီးသော စာစောင်အချို့ ထုတ်ဝေရာတွင် ထောက်ပံ့ခဲ့သည်။ မီချီဂန် ပြည်နယ် တက္ကသိုလ်သည် စီးပွားရေး နှင့် လူမှုရေး ဖွံ့ဖြိုးမှု ဌာန ၊ နိုင်ငံတကာ စားနပ်ရိက္ခာမူဝါဒ သုတေသနဌာနနှင့် ပူးပေါင်းကာ ကျေးလက် အသွင်ကူးပြောင်းရေးတွင် အကျိုးသက်ရောက်စေသူများ၊ စိုက်ပျိုးရေး ဖွံ့ဖြိုးမှု၊ မြေယာပိုင်ခွင့် ၊ ရွှေ့ပြောင်း သွားလာခြင်း စသည်တို့နှင့် သက်ဆိုင်သော သုံးသပ်ချက်စာတမ်း ခြောက်ခုကို ထုတ်ဝေခဲ့သည်။ ကမ္ဘာ့ဘဏ်မှ စိုက်ပျိုး ကုန်ထုတ်မှု သုံးသပ်ချက်တစောင်ကို ထုတ်ဝေခဲ့သည်။

LIFT ရန်ပုံငွေ ပံ့ပိုးမှုဖြင့် ထုတ်ဝေခဲ့သော စာအုပ်စာတမ်းများ အသေးစိတ်ကို နောက်ဆက်တွဲ ၇ တွင် တွေ့နိုင်ပါသည်။

ဤအညွှန်းတွင် LIFT သည် ၂၀၁၆ ခုနှစ် ရည်မှန်းချက်၏ ၁၂၃ ရာခိုင်နှုန်းကို ရရှိနိုင်ခဲ့သည်။

## ၂.၄။ LIFT၏ ၂၀၁၆ခုနှစ် အကျိုးရလဒ်များ အကျဉ်းချုပ်

အချက်အလက် ကိန်းဂဏန်းများရရှိသော အညွှန်း၂၇ ခုအနက် ၂၄ ခု ကို ရရှိသည် ။ တနည်းဆိုသော ၂၀၁၆ ခုနှစ် ရည်မှန်းချက်များ ၏ ၈၉ ရာခိုင်နှုန်းကို LIFTက ပြည့်မီ သို့မဟုတ် ကျော်လွန်ခဲ့သည်။ [8] တာဝန်အဆင့် အကျိုးအားလုံး သည်လည်း ပြည့်မီ သို့မဟုတ် ကျော်လွန်သည်။ ယင်းတို့တွင် အိမ်ထောင်စုဝင်ငွေ၊ ပစ္စည်းပိုင်ဆိုင်မှု၊ ကြံ့ကြံ့ခံနိုင်မှု၊ အစားအသောက် အမျိုးအမည်စုံမှု၊ ရိက္ခာ ဖူလုံမှုတို့ ပါဝင်သည်။ LIFT၏ ရန်ပုံငွေ သက်တမ်းတလျှောက် လူပေါင်း ၂.၂ သန်း သို့မဟုတ် ၂.၃ သန်းကျော်သည် ဝင်ငွေ တိုးလာသော၊ အသုံးအဆောင်များ အတန်အသင့် တိုးလာသော အိမ်ထောင်စုများတွင် နေထိုင်ကြသည်။ လူပေါင်း နှစ်သန်းခန့် သည် ကြံ့ကြံ့ခံနိုင်မှု စွမ်းရည်များ ပိုမိုတိုးလာသည်။ အိမ်ထောင်စုပေါင်း ၃၂၆,၀၀၀ ခန့်သည် ပိုမိုအာဟာရပြည့်စွာ စားသောက်ကြရသည်ဟု အဓိပ္ပာယ်ဖွင့်နိုင်သည်။

အခြား အဓိကကျသော အကျိုးရလဒ် တခုမှာ လုပ်ကွက်ငယ်တောင်သူများ သီးထွက်တိုးလာခြင်းဖြစ်သည်။ အိမ်ထောင်စု ပေါင်း ၁၆၄,၀၀၀ ခန့်ကို အကြံပေးခြင်း၊ အိမ်ထောင်စု ၂၆၅,၀၀၀ ကျော်က နည်းနာသစ်များ၊ သွင်းအားစုသစ်များ၊ နည်းပညာသစ် များကို စမ်းသပ်/ကျင့်သုံးခဲ့ခြင်း၊ အိမ်ထောင်စု ၂၀၀,၀၀၀ ခန့်က သီးနှံအထွက်တိုးလာခြင်းတို့ဖြင့် ၂၀၁၆ခုနှစ် ရည်မှန်းချက်များကို LIFT က ပြည့်မီကျော်လွန်ခဲ့သည်ဟု ယူဆနိုင်သည်။ ထို့ပြင် အိမ်ထောင်စုပေါင်း ၁၈၆,၀၀၀ ခန့်က စိုက်ပျိုးရေးလုပ်ငန်းမှ အမြတ်ပိုမို ရလာ သည်။ လယ်ယာပြင်ပ လုပ်ငန်းများရှိ ဘေးကင်းစိတ်ချရသော အလုပ်အကိုင် အခွင့်အလမ်း တွင်လည်း ၂၀၁၆ ခုနှစ် ရည်မှန်းချက်များကို LIFT က ပြည့်မီ ကျော်လွန်ခဲ့သည်။ LIFT ၏ မိတ်ဖက်အဖွဲ့များက အိမ်ထောင်စုပေါင်း ၃၃,၀၀၀ ခန့်ကို လယ်ယာပြင်ပ လုပ်ငန်းများအတွက် ကျွမ်းကျင်မှု ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးခဲ့ကြသည်။ အိမ်ထောင်စုပေါင်း ၂၈၀,၀၀၀ ခန့်သည် လယ်ယာပြင်ပ လုပ်ငန်းများမှ ဝင်ငွေတိုးတက်လာခဲ့သည်။

အညွှန်းအများအပြားတွင် ကျော်လွန် အကောင်အထည်ဖော်နိုင်ခြင်းမှာ LIFT က အားလုံးပါဝင်လက်လှမ်းမီသော ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများကို အလျင်အမြန်တိုးချဲ့ခြင်း၏ တွန်းအားကြောင့်ဖြစ်သည်။ LIFTသည် အသေးစား ငွေရေးကြေးရေး

---

[8] အလှူရှင်အဖွဲ့အစည်းအချို့အတိုင်းပင် စီမံကိန်းတခုသည် ၉၀%-၁၁၀%အကြားရှိပါက ရည်မှန်းချက်ပြည့်မီသည်၊ ၁၁၀%ကျော်ပါက ရည်မှန်းချက်ထက် ကျော်လွန်သည်၊ ၉၀%အောက်ရှိပါက ရည်မှန်းချက်မပြည့်မီဟု မှတ်ယူနိုင်သည်။

လုပ်ငန်း မိတ်ဖက်အဖွဲ့ ၄၂ ဖွဲ့ ကို ထောက်ပံ့လျက်ရှိသည်။ ယင်းတို့သည် ဝန်ဆောင်မှု အသုံးပြုသူ ၁.၆ သန်းကျော်ထံသို့ ဝန်ဆောင်မှုများ ပေးအပ်နေသည်။ ထို့ပြင် ၂၀၁၅ ခုနှစ်တွင် LIFT ၏ အသေးစား ငွေရေးကြေးရေးဝန်ဆောင်မှု မိတ်ဖက်အဖွဲ့များအနက် ၆ ဖွဲ့သာ ငွေကြေးအရ မိမိဘာသာ ရပ်တည်နိုင်ခဲ့သော်လည်း ၂၀၁၆ ခုနှစ်တွင် ၁၂ ဖွဲ့အထိ တိုးတက်လာသည်။

အခြားအောင်မြင်သည့် နယ်ပယ်တခုမှာ ပြည်တွင်းအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို အားဖြည့်ပေးခြင်းပင် ဖြစ်သည်။ CSO များသည် ၂၀၁၅ ခုနှစ်တွင် LIFT ၏ ရန်ပုံငွေ၏ ၁၄ ရာခိုင်နှုန်းကိုသာ စီမံခန့်ခွဲခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် ၃၉ ရာခိုင်နှုန်းထိ တိုးတက်လာသည်။ ယခုအခါ ပုဂ္ဂလိကကဏ္ဍမှပါ ပါဝင်ဆောင်ရွက်လာနေပြီ ဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် LIFT နှင့် မိတ်ဖက်အဖွဲ့များက ဒေသခံအဖွဲ့ပေါင်း ၁,၇၀၀ ခန့်ကို ထောက်ပံ့ခဲ့သည်။

LIFT သည် မူဝါဒရေးရာတွင်လည်း အောင်မြင်မှု အတန်အသင့်ကို ရရှိခဲ့သည်။ အစိုးရက ပြောင်းလဲခဲ့သော မူဝါဒ နှင့် အစီအစဉ်ပေါင်း အခု ၂၀ နှင့် ဘတ်ဂျက်ခွဲဝေမှု ၅ ခုတို့တွင် အထောက်အပံ့ပေးအပ်နိုင်ခဲ့သည်။ ထိုသို့ ဆောင်ရွက် နိုင်ခြင်းတွင် LIFT နှင့် မိတ်ဖက်အဖွဲ့များသည် ယခင်နှစ်များအတွင်းက မူဝါဒဆိုင်ရာဆွေးနွေးပွဲ ၁၀၀ ကျော်ကို ကျင်းပခဲ့ကာ မူဝါဒဆိုင်ရာ စာအုပ်စာတမ်း ၅၀ ခန့်ကို ထုတ်ဝေဖြန့်ချိနိုင်ခဲ့ခြင်း သည်လည်း အကြောင်းရင်းတရပ် အဖြစ် ပါဝင်နေသည်။

ဤအညွှန်းဆိုင်ရာ ရလဒ်များသည် LIFT ၏ အရည်အချင်းသက်သက်ကြောင့်ဟု မမှတ်ယူနိုင်သော်လည်း ဤသို့ ရရှိလာစေရန် တိုးတက်ပြုပြင်မှု အမြောက်အမြားကို သိသာစွာ လုပ်ဆောင်ခဲ့သည်။ ထို့ပြင် နည်းပညာ အထောက်အကူ၊ စွမ်းဆောင်ရည် တည်ဆောက်မှု၊ သွင်းအားစုပစ္စည်းအမျိုးမျိုးကို ပေးအပ်ခြင်းတို့ဖြင့် တာဝန်ခံယူမှုရှိသော ငွေကြေးဝန်ဆောင်မှုကို ဖြစ်ပေါ်စေခဲ့သောကြောင့် LIFT နှင့် မိတ်ဖက်အဖွဲ့များသည် မြန်မာ့ကျေးလက်လူထု အမြောက်အမြားအား ယင်းတို့၏ဘဝများ တိုးတက် ကောင်းမွန်စေမည့် ရွေးချယ်စရာများ နည်းလမ်းများကို ပေးအပ်ခဲ့သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ငွေကြေးဝန်ဆောင်မှုသည် မြန်မာ့ကျေးလက်စီးပွားရေးကို ဘက်စုံသက်ရောက်မှု ရှိခဲ့ကြောင်း LIFT ၏ အခြားအညွှန်းများအရ တွေ့ရှိရသည်။

အသေးစား ငွေရေးကြေးရေးဝန်ဆောင်မှု၏ အသုံးပြုသူများမှာ မျှော်မှန်းထားသည်ထက် လျင်မြန်စွာ များပြားလာသည့် အပြင် ရန်ပုံငွေစီမံခန့်ခွဲရေးရုံးကလည်း ငွေကြေးဝန်ဆောင်မှု၏ ဘက်စုံသက်ရောက်မှုကို လျှော့တွက်မိခဲ့သဖြင့် LIFT သည် ၂၀၁၆ ခုနှစ် ရည်မှန်းချက်အချို့ကို သိသာစွာ ကျော်လွန်ခဲ့သည်။ ထိုကြောင့် LIFT သည် အထောက်အထား အခြေပြု စီမံကိန်းရေးဆွဲမှုကို တိုးတက်စေရန် ကြိုးပမ်းသည့်အနေဖြင့် ရည်မှန်းချက်အချို့ကို တိုးမြှင့်ခဲ့သည်။

အချက်အလက် ကိန်းဂဏန်းများရရှိသော အညွှန်း၂၇ ခုအနက် ၂၀၁၆ ခုနှစ် ရည်မှန်းချက် ၃ ခု သို့မဟုတ် ၁၁ ရာခိုင်နှုန်းမှာ မပြည့်မီခဲ့ပါ။ ယင်းတို့မှာ အာဟာရဆိုင်ရာ သတင်းအချက်အလက်များကို ရရှိလက်လှမ်းမီသော LIFT အိမ်ထောင်စု အရေအတွက် (ရည်မှန်းချက်၏ ၈၅ ရာခိုင်နှုန်း ကိုသာ ရရှိခဲ့သည်)၊ စိတ်ချရသော သောက်ရေအရင်းအမြစ်ကို သုံးစွဲနေသော LIFT အိမ်ထောင်စု အရေအတွက် (ရည်မှန်းချက်၏ ၇၅ ရာခိုင်နှုန်းကိုသာ ရရှိခဲ့သည်)၊ ကာကွယ်/စီမံခန့်ခွဲထားသော သယံဇာတများဖြင့် အကျိုးခံစားရသည့် LIFT အိမ်ထောင်စုအရေအတွက် (ရည်မှန်းချက်၏ ၈၆ ရာခိုင်နှုန်းကိုသာ ရရှိခဲ့သည်) တို့ ဖြစ်သည်။ ထိုသို့ မပြည့်မီရခြင်းမှာ အာဟာရ ဆိုင်ရာ နှင့် သယံဇာတစီမံခန့်ခွဲမှုဆိုင်ရာ စီမံချက်အချို့ကို စတင်ရန် နှောင့်နှေးခဲ့ခြင်းကြောင့် ဖြစ်နိုင်သည်။

အိမ်ထောင်စုအလိုက် အကျိုးခံစားရရှိမှုတွင် အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများသည် အမျိုးသားဦးစီးသော အိမ်ထောင်စုများ အောက် သိသာစွာ လျော့နည်းသည်ကို ညွှန်ပြနေသည်။ အမျိုးသမီးဦးစီး နှင့် အမျိုးသားဦးစီး အိမ်ထောင်စုများ၏ ကွာခြားချက်မှာ ရာခိုင်နှုန်း အမှတ်များအားဖြင့် ၉ မှ ၁.၂ ထိ ရှိကြပြီး ပျမ်းမျှရာခိုင်နှုန်းအမှတ် ၅ မှတ် ဖြစ်သည်။ အညွှန်းများအနက် ကွာခြားချက် အကြီးဆုံးတို့မှာ-ဝင်ငွေတိုးတက်မှု ( ၉ မှတ် )၊ ပစ္စည်းပိုင်ဆိုင်မှု တိုးတက်မှု ( ၈ မှတ် )၊ ကြံ့ကြံ့ခံနိုင်မှု ( ၉ မှတ်) စိုက်ပျိုးရေး လုပ်ငန်းမှ ဝင်ငွေတိုးတက်မှု( ၈.၅ မှတ် ) တို့ ဖြစ်သည်။ အမျိုးသားဦးစီးအိမ်ထောင်စုများထက် အနည်းငယ်သာသော အမျိုးသမီး ဦးစီးအိမ်ထောင်စုများရှိပြီး ၎င်းတို့မှာ စိတ်ချရသော သန့်ရှင်းရေး အဆောက်အအုံ/ အသုံးဆောင်များ နှင့် စိတ်ချရသော သောက်ရေ အရင်းအမြစ်ကို သုံးစွဲခြင်းတို့တွင် ၂ မှတ် နှင့် ၁.၂ မှတ်တို့ အသီးသီးရှိကြောင်း တွေ့ရသည်။ အမျိုးသမီးဦးစီး နှင့် အမျိုးသားဦးစီး အိမ်ထောင်စုများ၏ ကွာခြားချက် နှင့် LIFT မည်သို့ ပြောင်းလဲသွားမည်ကို ကျား/မ ရေးရာ အသေးစိတ် လေ့လာမှုဖြင့် စူးစမ်းရပေမည်။

## ၂.၅။ လုပ်ငန်းစောင့်ကြည့်စစ်ဆေးမှု (၂၀၁၀ - ၂၀၁၆)

LIFT၏မိတ်ဖက်အဖွဲ့များသည် မိမိတို့လုပ်ငန်းဆောင်တာအတွက် သတ်မှတ်ထားသော အညွှန်းများနှင့် တိုက်စစ်ကာ ရလဒ်များ ကို ၆လလျှင်တစ်ကြိမ် အစီရင်ခံရသည်။ နှစ်အလိုက် နှင့် ၂၀၁၆ခုနှစ်ထိ စုစုပေါင်း ကိန်းဂဏန်း အချက်အလက် အကျဉ်းချုပ်ကို အောက်ပါဇယားတွင် ဖော်ပြထားသည်။


| အကြောင်းအရာ | ပြီးစီးမှု | | | | | | | စုစုပေါင်း ၂၀၁၀-၂၀၁၆ |
|---|---|---|---|---|---|---|---|---|
| | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | |
| တိုက်ရိုက်အကျိုးခံစားခွင့်ရှိသော အိမ်ထောင်စု အရေအတွက် စုစုပေါင်း | ၁၅၅,၈၀၈ | ၆၉,၄၂၁ | ၁၄၉,၂၉၉ | ၁၃၈,၉၇၇ | ၁၁၆,၉၂၂ | ၁၉၃,၆၆၈ | ၁၅၉,၂၂၇ | ၉၈၁,၃၂၂ |
| အမျိုးသမီးဦးစီးသည့် အိမ်ထောင်စု အရေအတွက် | - | ၃,၆၉၁ | ၁၆,၉၄၀ | ၁၉,၇၃၃ | ၁၄,၆၃၇ | ၄၂,၅၁၁ | ၁၅,၂၅၁ | ၁၁၂,၇၆၃ |
| မသန်စွမ်းသူဦးစီးသည့် အိမ်ထောင်စု အရေအတွက် | - | ၁,၀၆၄ | ၂,၃၅၄ | ၃,၁၁၁ | ၁,၅၀၈ | ၁,၅၈၀ | ၂,၂၀၀ | ၁၁,၈၁၇ |
| စိုက်ပျိုးရေးလုပ်ငန်း(သီးနှံ) | | | | | | | | |
| စိုက်ပျိုးရေးလုပ်ငန်းအတွက် ထောက်ပံ့ခဲ့သော အိမ်ထောင်စု အရေအတွက် | ၄၃,၄၅၄ | ၁၅,၇၀၁ | ၄၂,၈၅၄ | ၅၂,၃၁၀ | ၂၀,၆၅၉ | ၁၄,၈၈၇ | ၇,၇၂၃ | ၁၉၇,၅၈၈ |
| ဈေးကွက်သတင်းနှင့်အချိတ်အဆက် ရရှိသော အိမ်ထောင်စု အရေအတွက် | - | ၃,၃၂၄ | ၂၁,၅၂၃ | ၃,၁၇၇ | ၁၀,၆၉၁ | ၄,၀၆၄ | ၁၂၂ | ၄၂,၉၀၁ |
| မွေးမြူရေးလုပ်ငန်း | | | | | | | | |
| မွေးမြူရေးလုပ်ငန်းအတွက် ထောက်ပံ့ခဲ့သော အိမ်ထောင်စုအရေအတွက် | ၇,၉၃၁ | ၁,၈၁၃ | ၆,၆၅၃ | ၃,၉၅၈ | ၁,၄၄၇ | ၁,၁၇၄ | ၁,၆၃၀ | ၂၄,၆၀၆ |
| ရေလုပ်ငန်း | | | | | | | | |
| သဘာဝ ငါးဖမ်းလုပ်ငန်းအတွက် ထောက်ပံ့ခဲ့သော အိမ်ထောင်စု အရေအတွက် | ၄,၇၉၉ | - | ၃,၁၇၇ | ၁,၉၅၆ | ၁,၆၅၄ | ၃,၉၄၈ | ၂၇၇ | ၁၅,၈၁၁ |
| အခြားဝင်ငွေ( စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းတို့မှ အပ) | | | | | | | | |
| အခြားဝင်ငွေရ လုပ်ငန်းများအတွက် ထောက်ပံ့ခဲ့သော အိမ်ထောင်စု အရေအတွက် | ၁၁,၆၃၅ | ၃,၇၀၀ | ၂,၆၂၀ | ၆,၁၅၇ | ၂,၆၃၆ | ၇၅၂ | ၁,၄၀၃ | ၂၈,၉၀၃ |
| ကျေးရွာလည်ပတ်ရန်ပုံငွေ | | | | | | | | |
| ကျေးရွာလည်ပတ်ရန်ပုံငွေဖြင့် ထောက်ပံ့ခဲ့သော အိမ်ထောင်စု အရေအတွက် | - | ၂,၁၁၂ | ၁၇,၂၁၁ | ၈,၀၂၁ | ၄,၁၃၃ | ၈၇၇ | ၅၇၂ | ၃၂,၉၂၆ |
| သင်တန်း | | | | | | | | |
| သင်တန်းသား စုစုပေါင်း | ၂၁,၄၉၁ | ၃၉,၂၃၇ | ၇၀,၉၁၄ | ၈၄,၆၇၉ | ၈၄,၄၃၈ | ၂၆,၅၈၈ | ၅၂,၁၂၈ | ၃၇၉,၄၇၅ |
| စိုက်ပျိုးရေးဆိုင်ရာ(မွေး/ရေအပါအဝင်) သင်တန်းသားဦးရေ | ၁၀,၄၄၃ | ၈,၅၃၀ | ၄၁,၂၃၁ | ၃၂,၃၆၇ | ၃၇,၁၇၁ | ၉,၃၄၈ | ၂၄,၈၀၃ | ၁၆၃,၈၉၃ |
| ဝင်ငွေတိုးလုပ်ငန်းဆိုင်ရာ (စိုက်ပျိုးရေးမပါ) သင်တန်းသားဦးရေ | ၆,၂၉၃ | ၄,၀၃၈ | ၃,၁၁၆ | ၃,၂၇၂ | ၅,၄၉၀ | ၂,၄၀၂ | ၈,၄၅၄ | ၃၃,၀၆၅ |
| သဘာဝငါးဖမ်းလုပ်ငန်းဆိုင်ရာ သင်တန်းသားဦးရေ | - | - | ၁၉၅ | ၁၂၁ | ၂၈၃ | ၂,၅၀၄ | ၂,၆၅၀ | ၅,၇၅၃ |
| ပညာပေးသင်တန်းသားဦးရေ | ၃,၈၀၁ | ၅၆ | ၁,၄၂၂ | ၆,၉၂၁ | ၃,၀၁၈ | ၂,၁၄၃ | ၇၉၂ | ၁၈,၁၅၃ |
| သဘာဝဝန်းကျင်ထိန်းသိမ်း/ ကာကွယ်ရေး သင်တန်းသားဦးရေ | ၉၅၄ | ၁,၅၈၀ | ၆,၄၇၇ | ၇,၂၂၃ | ၆,၉၇၆ | ၂၇၁ | ၁၀၈ | ၂၃,၅၈၉ |
| CBO များ စီမံခန့်ခွဲမှုစွမ်းရည်ဆိုင်ရာ သင်တန်းသားဦးရေ | - | ၂၅,၀၃၃ | ၁၈,၄၇၃ | ၃၄,၇၇၅ | ၃၁,၅၀၀ | ၉,၉၂၀ | ၁၅,၃၂၁ | ၁၃၅,၀၂၂ |
| အလုပ်နှင့်ငွေဖလှယ်ခြင်း | | | | | | | | |
| အလုပ်နှင့်ငွေဖလှယ်ခဲ့သော လုပ်ငန်းများတွင် ပါဝင်ခဲ့သော လူ-နေ့ ဦးရေ | - | ၃၇၄,၄၆၉ | ၆၇၁,၁၁၆ | ၅၈၈,၅၀၆ | ၃၀၁,၉၅၇ | ၂၀၉,၆၅၀ | ၁၅,၁၆၅ | ၂,၁၆၀,၈၆၃ |
| အလုပ်နှင့်ငွေဖလှယ်ခဲ့သော လုပ်ငန်းငန်းများတွင် ပါဝင်ခဲ့သော အမျိုးသမီး-နေ့ ဦးရေ | - | ၁၆၄,၁၉၁ | ၂၄၆,၈၂၁ | ၂၆၉,၉၃၇ | ၁၂၀,၂၈၁ | ၁၂၅,၇၃၀ | ၆,၇၇၉ | ၉၃၃,၇၃၉ |
| အလုပ်နှင့်ငွေဖလှယ်ကာ ထောက်ပံ့ခဲ့သော အိမ်ထောင်စု အရေအတွက် | ၃၃,၄၉၃ | ၃၁,၄၁၀ | ၄၃,၂၂၇ | ၃၈,၄၈၈ | ၇၄,၅၉၈ | ၂၀,၁၀၃ | ၂,၆၄၁ | ၂၄၃,၉၆၀ |
| ရပ်ရွာအခြေပြုအဖွဲ့အစည်းများ | | | | | | | | |
| ဖွဲ့စည်း (သို့မဟုတ်) အားဖြည့်ခဲ့သော CBO အရေအတွက် | ၁,၆၈၂ | ၁,၇၈၅ | ၂,၉၂၄ | ၂,၉၉၈ | ၁,၆၄၄ | ၆၄၀ | ၃,၄၉၂ | ၁၅,၁၆၅ |
| အာဟာရကဏ္ဍ | | | | | | | | |
| MCCTလက်ခံရရှိသူ ဦးရေ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | ၆,၉၆၇ | ၆,၉၆၇ |
| အာဟာရဆိုင်ရာ သင်တန်းသား ဦးရေ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | ၆၅,၈၄၂ | ၅၅,၀၃၅ | ၁၂၀,၈၇၇ |
| ရွှေ့ပြောင်းသွားလာရေး | | | | | | | | |
| ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ သင်တန်းသားဦးရေ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | ၂,၄၅၇ | ၂,၄၅၇ |
| သောက်သုံးရေ | | | | | | | | |
| သောက်သုံးရေ ရရှိသည့် အိမ်ထောင်စု အရေအတွက် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | ၃,၀၆၈ | ၃,၀၆၈ |
| သန့်ရှင်းရေး | | | | | | | | |
| ကောင်းမွန်သော အိမ်သာရှိသည့် အိမ်ထောင်စု အရေအတွက် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | ၄၉၂ | ၄၉၂ |

# ၃။ နယ်မြေဒေသများ

ဤအခန်းတွင် LIFT လုပ်ငန်းဆောင်ရွက်နေသော နယ်မြေဒေသ လေးခုဖြစ်သည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ အလယ်ပိုင်း အပူပိုင်းဇုန်၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ တနင်္သာရီ၊ မွန်၊ ရှမ်းဟူသော နယ်မြေများမှ တောင်တန်းဒေသများ၊ ရခိုင်ပြည်နယ် တို့တွင် ၂၀၁၆ ခုနှစ်အတွင်း ဖြစ်ထွန်းမှုများကို အထူးပြုတင်ပြပါမည်။ ယခုနှစ်တွင် LIFTသည် ၂၂၂ မြို့နယ် တွင် စီမံချက် ၇၁ ခု ကို လုပ်ငန်းဆောင်ရွက်နေသည်။ ၂၀၁၅ ခုနှစ် နှစ်ကုန်ရှိ မြို့နယ်အရေအတွက်၏ နှစ်ဆကျော် ဖြစ်သည်။

ကြံ့ကြံ့ခံနိုင်မှု နှင့် အားလုံးပါဝင်စေသော ဖွံ့ဖြိုးမှုဆီသို့ သွားသော နည်းလမ်းတို့မှာ စိုက်ပျိုး-ဂေဟဇုန်ကို လိုက်၍ ကွဲပြားကြသည်။ ဇုန်တစ်ခုစီ၏ အခြေအနေနှင့်လုပ်ဆောင်ချက်ကို မှန်ကန်စွာ တွဲဖက်ပေးခြင်းဖြင့် အသက်မွေးမှု၊ အာဟာရ၊ ကြံ့ကြံ့ခံနိုင်မှုဆိုင်ရာ ရလဒ်များ ကောင်းမွန်အောင်၊ ငွေကုန်ကျရကျိုးနပ်အောင်၊ တိုးချဲ့အောင် ဆောင်ရွက်နိုင်ကြောင်း သရုပ်ပြသနိုင်မည့် စီမံကိန်းဒီဇိုင်းကို LIFTက ရေးဆွဲပါသည်။

ဤဇုန်များရှိ စီမံချက်များ၏ အရေးပါသော နောက်ဆုံးအခြေအနေတို့ကို အသေးစိတ်ဖော်ပြထားသော ဇယားများကို နောက်ဆက်တွဲ၄ တွင် တွေ့နိုင်သည်။ ဇုန်အားလုံးတွင် ဆောင်ရွက်နေသော ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ ရွှေ့ပြောင်းသွားလာရေး စီမံကိန်းတို့ကို အခန်း၄ တွင် အသေးစိတ် ဖော်ပြထားပါသည်။ အာဟာရ၊ ကြံ့ကြံ့ခံနိုင်မှု၊ ကျား/မ ရေးရာ၊ လူမှုကာကွယ်စောင့်ရှောက်ရေး တို့ကို အခန်း၅ တွင်လည်းကောင်း၊ မူဝါဒရေးရာ ကို အခန်း၆တွင် လည်းကောင်း အသေးစိတ် ဖော်ပြထားပါသည်။




*ပုံ ၃ ။ ၂၀၁၀ - ၂၀၁၆ LIFT ၏ နိုင်ငံတဝန်း လွှမ်းခြုံမှု*

# ဧရာဝတီ မြစ်ဝကျွန်းပေါ် ဒေသ





## ၃.၁။ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ


## ခြုံငုံဖော်ပြချက်

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် တစ်နိုင်ငံလုံး စပါးအထွက် စုစုပေါင်း၏ လေးပုံတစ်ပုံခန့်ကို ထုတ်လုပ်သည့် အဓိက ဆန်စပါးထုတ်လုပ်ရာ နယ်မြေတစ်ခု ဖြစ်သည်။[၉] ၂၀၀၈ ခုနှစ်တွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း၏ အဖျက်အဆီးကို ခံခဲ့ရသော စိုက်ပျိုးအလားအလာကောင်းများမှ အများစုကို ယခုအခါ ပြန်လည်ရရှိနေပြီ ဖြစ်သည်။ သို့သော် လယ်မဲ့မြေမဲ့များ၏ ဆင်းရဲနွမ်းပါးမှုကို လျှော့ချရေးအတွက် များစွာ ဆောင်ရွက်ရဦးမည် ဖြစ်သည်။

မြစ်ဝကျွန်းပေါ်ဒေသ၏ ဆင်းရဲနွမ်းပါးမှုနှုန်း (၂၆ရာခိုင်နှုန်း)[၁၀] နှင့် အာဟာရမပြည့်ဝမှုနှုန်းတို့မှာ မြင့်မားသည်။ ပုညက်မှုမှာ ၂၆ရာခိုင်နှုန်းရှိပြီး[၁၁] ကြုံလှီမှုမှာ ၉.၄ ရာခိုင်နှုန်း ဖြစ်သည်။[၁၂] လူဦးရေ၏ သုံးပုံ နှစ်ပုံမှာ မြေယာပိုင်ဆိုင်မှု မရှိကြပေ။[၁၃] ဤဒေသတွင် တည်တံ့သော ပုံမှန်အလုပ်အကိုင် ရှားပါးနေသော်လည်း စီးပွားရေးအလားအလာ များစွာရှိနေသည်။ ဆန်ကြိတ်ခွဲခြင်းနှင့် သွင်းအားစုပေးသွင်းခြင်း လုပ်ငန်းတို့တွင် ပိုမို ရင်းနှီးမြှုပ်နှံမှုကြောင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပေါ်ပေါက်လာပြီး ယင်းတို့က အလုပ်အကိုင် ပေးလာနိုင်မည် ဖြစ်သည်။

၂၀၁၁ ခုနှစ် မှစတင်ကာ အလုပ်အကိုင် အခွင့်အလမ်းများရှိသော မြို့ပြဒေသသို့ ရွှေ့ပြောင်းသွားလာမှု တိုးလာသည်။ အထူးသဖြင့် မြစ်ဝကျွန်းပေါ်ဒေသ လူဦးရေ၏ ၆၆ ရာခိုင်နှုန်းဖြစ်သည့် အသေးစား ငါးမွေးမြူရေး၊[၁၄] လယ်ယာလုပ်သား အလုပ်များ ဖြင့် အသက်မွေးနေရသည့် လယ်မဲ့မြေမဲ့အိမ်ထောင်စုများမှ ဖြစ်သည်။ ထိုသို့ တဟုန်ထိုး တိုးပွားလာသော ရွှေ့ပြောင်းသွားလာမှုသည် မြစ်ဝကျွန်းပေါ်နေ ပြည်သူများ၏ အိမ်ထောင်စု ၂၅ ရာခိုင်နှုန်းအပေါ် သက်ရောက်မှုများရှိသည်။[၁၅]

*ပုံ ၃.၁ ။ ၂၀၁၆ခုနှစ် မြစ်ဝကျွန်းပေါ်ဒေသတွင် LIFT ၏ လုပ်ငန်းဆောင်ရွက်မှုများ*




---

၉ Myanmar Rice Sector Development Strategy', May 2015

၁၀ LIFT Household survey 2013

၁၁, ၁၃, ၁၄ LIFT Household survey 2015

၁၂ LEARN မှ မတ်လ ၂၀၁၆ခုနှစ်တွင် ထုတ်ဝေသည့် "မြန်မာနိုင်ငံအတွင်း အာဟာရချို့တဲ့မှု အသေးစိတ်လေ့လာသုံးသပ်ခြင်း"

15 ကမ္ဘာ့ဘဏ် "ရွေ့လျားနေသည့် နိုင်ငံ ၊ မြန်မာနိုင်ငံ၏ ဒေသနစ်ခုရှိ ပြည်တွင်းရွှေ့ပြောင်းမှု" ၂၀၁၆

မြို့ပြဒေသသို့ လုပ်အားရွှေ့ပြောင်းသွားလာမှုကြောင့် ကျေးလက်ဒေသတွင် လုပ်သားရှားပါးလာပြီး စိုက်ပျိုးစရိတ်လည်း ၂၀၁၃မှ ၂၀၁၆ခုနှစ်အတွင်း ၃၂ ရာခိုင်နှုန်း တက်လာသည်။[၁၆] ငွေကြေးဝန်ဆောင်မှု နှင့် သက်သာသော လယ်ယာသုံး စက်ကိရိယာများကို လက်လှမ်းမီသည့် တောင်သူများသည် စက်မှုလယ်ယာသို့ ကူးပြောင်းခဲ့ကြသည်။ လယ်ယာသုံး စက်ကိရိယာများကို ငှားရမ်းသည့် လုပ်ငန်းကို ထူထောင်လာကြကာ စိုက်ပျိုးရေးမှ အမြတ်အစွန်း ပိုရနေကြသည်။[၁၇]

အခြေခံအဆောက်အအုံ ဆောက်လုပ်ခြင်း၊ အမြဲတမ်း စိုက်ခင်းအဖြစ် ပြောင်းလဲခြင်းတို့သည်လည်း ရလဒ်ကောင်းများကို ဖြစ်ပေါ်စေသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် သီးနှံအထွက်ကောင်းရခြင်းမှာ NGOများ၏ အထောက်အကူ နှင့် ချေးငွေများကို ပိုမို လက်လှမ်းမီခြင်း တို့ကြောင့်လည်း ဖြစ်သည်။[၁၈]

မြစ်ဝကျွန်းပေါ်ဒေသတွင် ငါးမွေးမြူရေးမှာလည်း လျင်မြန်စွာ တိုးပွားလာသည်။ ယခုအခါ နိုင်ငံ၏ ရေချိုငါးမွေးမြူရေးကန် ဧရိယာ၏ ၉၀ရာခိုင်နှုန်းမှာ ဤဒေသတွင် ရှိနေသည်။[၁၉]

ရွှေ့ပြောင်းသွားလာမှု ၊ စက်မှုလယ်ယာသို့ ကူးပြောင်းမှု၊ ချေးငွေများကို ပိုမို လက်လှမ်းမီမှု၊  အခြေခံအဆောက်အအုံ ဆောက်လုပ်မှု ဟူသော အချက်များသည် ဤကျေးလက်ဒေသ စီးပွားရေးတွင် ပေါ်ပေါက်နေသော အသွင်ကူးပြောင်းမှု၏ တစိတ်တဒေသပင်ဖြစ်သည်။

LIFT က ဤဒေသတွင် ဆောင်ရွက်နေသော လုပ်ငန်း၏ တတိယ အဆင့်ဖြစ်သော မြစ်ဝကျွန်းပေါ် အစီအစဉ်(၃)တွင် ဦးစားပေး ကဏ္ဍ ၄ ခု ရှိသည်-

- ဆန်စပါးတန်ဖိုးကွင်းဆက်တွင် လုပ်ကွက်ငယ်တောင်သူများ၏ နေရာကို အားဖြည့်ပေးခြင်း - 'တက်လှမ်း'
- စီးပွားရေး အခွင့်အလမ်းအသစ်များကို ပိုမို လက်လှမ်းမီစေခြင်း။ လယ်ယာပြင်ပ ဝင်ငွေဖန်တီးခြင်း၊ အသက်မွေးမှု သင်တန်းပေးခြင်း၊ ရွှေ့ပြောင်းသွားလာမှုကို ထောက်ပံ့ခြင်း - 'ထွက်ခွာ'
- ခံနိုင်ရည်မဲ့မှုကို ဖြေရှင်းခြင်း။ လူမှုကာကွယ်စောင့်ရှောက်မှု၊ အာဟာရ တိုးတက်ကောင်းမွန်မှု၊ ကြွေးဝန်ထုပ်ကို လျှော့ချမှု၊ ရာသီဥတု အပြောင်းအလဲ နှင့် လိုက်လျောညီမှု - 'တောင့်ထား'
- ဆင်းရဲနွမ်းပါးသူများ အကျိုးဖြစ်ထွန်းစေမည့် မူဝါဒများ၊ ပတ်သက်သူများ ပေါင်းစပ်ညှိနှိုင်းမှု တို့ကို အထောက်အပံ့ ပေးခြင်း

မြစ်ဝကျွန်းပေါ် အစီအစဉ်(၃)မှ မိတ်ဖက်အဖွဲ့များသည် လုပ်ကွက်ငယ် လယ်ယာလုပ်ငန်းကို အရှိန်မြှင့်ခြင်း၊ စီးပွားဖြစ် လုပ်ဆောင်ခြင်း၊ လယ်ယာမဲ့များ ခံနိုင်ရည်မဲ့သူများကို အထောက်အပံ့ရစေခြင်း ဟူသော လုပ်ငန်းများကို ဦးတည် အကောင်အထည်ဖော်နေရာတွင်  ပထမနှစ် တစ်နှစ်တာ ကုန်ဆုံးသွားပြီ ဖြစ်သည်။

*ပုံ ၃.၁.၁ ။ မြစ်ဝကျွန်းပေါ်ဒေသအတွင်း ကဏ္ဍအလိုက် LIFT၏ ရင်းနှီးမြှုပ်နှံမှုများ (၂၀၁၆-၂၀၁၈)*[၂၀]

စိုက်ပျိုးရေး-ဂေဟဇုန်အလိုက် ရန်ပုံငွေ ခွဲဝေချထားမှု (ကန်ဒေါ်လာ)

| ကျေးလက်ငွေကြေး | ဆန်စပါး တန်ဖိုးမြှင့်ကွင်းဆက် | လယ်ယာပြင်ပ အလုပ်အကိုင် | အရပ်ဘက် လူမှုအဖွဲ့အစည်းများ အားကောင်းရေး | အာဟာရ | နွမ်းပါးသူများ အကျိုးရှိမည့် မူဝါဒ | လူမှုကာကွယ် စောင့်ရှောက်ရေး |
|---|---|---|---|---|---|---|
| ၈ သန်း | ၇.၆ သန်း | ၇.၅ သန်း | ၄ သန်း | ၃.၈ သန်း | ၂.၃ သန်း | ၀.၈ သန်း |
| ၂၄% | ၂၂% | ၂၂% | ၁၂% | ၁၁% | ၇% | ၂% |

16/17 - Michigan State University, USAID, LIFT, CESD, IFPRI, 'Agricultural Mechanization and Structural Transformation in Myanmar's Ayeyarwaddy Delta'

18 "မြန်မာ့ကျေးလက်ဒေသ ရှိ အသက်မွေးဝမ်းကျောင်းမှုနှင့်လူမှုရေးဆိုင်ရာ အပြောင်းအလဲများ" QSEM 2016 QSEM SERIES ROUND FIVE REPORT

19 Michigan State University, USAID, LIFT, CESD, IFPRI, 'The Myanmar Aquaculture E-Agriculture Survey 2016'

20 ယင်းတွင် တီထွင်ခြင်းနှင့်ဆန်းသစ်ခြင်းရန်ပုံငွေလုပ်ကွက်အောက်မှ ဆောင်ရွက်သည့် WorldFish ၏ ငါးမွေးမြူရေးစီမံချက်ပံ့ပိုးမှုလည်း ပါဝင်သည်။

21 အပူပိုင်းဇုန်ရှိ အသက် ၆လမှ ၁၁လအထိကလေးများ၏ အာဟာရရရှိမှုအလွန်အားနည်းသည်။ LEARN ၏၂၀၁၆ခုနှစ် မတ်လတွင် ထုတ်ဝေခဲ့သည့် "မြန်မာနိုင်ငံရှိ အာဟာရချို့တဲ့မှုများ" အစီရင်ခံစာအရ အဆိုပါအသက်အုပ်စုအတွင်းရှိ ကလေးအားလုံးနီးပါးမှာ ပြည့်စုံလုံလောက်သည့်အာဟာရများ မရှိဘဲ (IDDS ၂.၅) ဝမ်းပျက် ဝမ်းလျှောဖြစ်ပွားနှုန်းမှာ ၁၅%ရှိကြောင်း တွေ့ရသည်။

*ဇယား ၃.၁ ။ ၂၀၁၆ခုနှစ် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ LIFT ရန်ပုံငွေပံ့ပိုးသည့် စီမံချက်များ*

| စဉ် | မိတ်ဖက်အဖွဲ့အစည်း | နေရာ | ဦးတည်ချက် |
|---|---|---|---|
| ၁ | International Organization for Migration (IOM) | ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ | ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ သုတေသန နှင့် ဖွံ့ဖြိုးရေး ၊ အထောက်အပံ့ |
| ၂ | Mercy Corps၊ Ar Yone Oo၊ Swisscontact | လပွတ္တာ | တောင်သူ ထုတ်လုပ်သူအဖွဲ့များကို ထောက်ပံ့ခြင်း၊ လယ်ယာမဲ့ မိသားစု များကို အသက်မွေးမှု၊ စီးပွားရေး၊ ဘဝဆိုင်ရာ ကျွမ်းကျင်မှု ရရှိစေခြင်း၊ ရွှေ့ပြောင်းသွားလာရေး ဆိုင်ရာ သတင်း အချက်အလက်၊ ရန်ကုန်မှလုပ်ငန်းရှင်များ နှင့် ချိတ်ဆက်ပေးခြင်း တို့ဖြင့် ထောက်ပံ့ခြင်း |
| ၃ | Welthungerhilfe (WHH) | ဘိုကလေး၊ မော်လမြိုင်ကျွန်း | တောင်သူအုပ်စုများကို ထောက်ပံ့ခြင်း၊ လယ်ယာမဲ့၊ ထိခိုက်လွယ် မိသားစုများနှင့် စီးပွားရေးသမားငယ်များကို လယ်ယာ မဟုတ်သော အသက်မွေးမှု လုပ်ငန်းဆိုင်ရာ ထောက်ပံ့ခြင်း၊ အာဟာရ ကောင်းမွန်မှု၊ အခြေခံ တကိုယ်ရေသန့်ရှင်းမှု အလေ့အကျင့်တို့ကို ဖြစ်ထွန်းစေခြင်း |
| ၄ | Save the Children | လပွတ္တာ | ကလေး၏ ဘဝအစ ပထမရက်ပေါင်း ၁,၀၀၀ အတွင်းရှိ မိခင်နှင့် ကလေးများအား ငွေကြေး ထောက်ပံ့ခြင်း၊ အမူအကျင့် ပြောင်းလဲရေး သတင်းစကားပြောကြားခြင်း |
| ၅ | WorldFish | ကျိုက်လတ်၊ ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေး | အသေးစား ငါးမွေးမြူရေးလုပ်ငန်း သုတေသန ပြုစုခြင်း နှင့် ဖွံ့ဖြိုးတိုးတက်မှု၊ နေအိမ်ခြံဝင်းအတွင်း အသေးစားငါးမွေးမြူရေး စံနစ်များသုတေသနပြုခြင်းနှင့် တိုးချဲ့ခြင်း |
| ၆ | World Vision International Myanmar | ဘိုကလေး | အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းအမျိုးမျိုးကို ဖြစ်ထွန်းစေရန် ထောက်ပံ့ခြင်း |
| ၇ | Metta Development Foundation | မော်လမြိုင်ကျွန်း၊ လပွတ္တာ | အကြံပေးဝန်ဆောင်မှု၊ ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှု၊ စုပေါင်း သိုလှောင်မှု ဈေးကွက်တင်မှု၊ တောင်သူ အစည်းအရုံးတို့ဖြင့် စပါးထုတ်လုပ်မှု၊ အရည်အသွေး၊ တန်ဖိုးများကို တိုးမြှင့်ခြင်း |
| ၈ | Link Emergency Aid & Development (LEAD) | လပွတ္တာ | ကျေးလက်ဒေသ လယ်ယာပြင်ပ စီးပွားရေးဖြင့် ဝင်ငွေရလမ်း များပြားစေရန် ထောက်ပံ့ခြင်း |
| ၉ | Radanar Ayar | မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ | ဒေသတွင်း မျိုးစပါးထုတ်လုပ်ရေးကို ထောက်ပံ့ခြင်း၊ စုပေါင်း သိုလှောင်မှု ဈေးကွက် တင်မှု၊ ရိတ်သိမ်းချိန်လွန် နည်းနာများကို ကောင်းမွန်စေခြင်း၊ တောင်သူဦးဆောင်သော ပညာပေးရေး၊ ပုဂ္ဂလိကကဏ္ဍ နှင့် အကျိုးတူ လယ်ယာ လုပ်ကိုင်ခြင်း |
| ၁၀ | GRET | မြို့နယ် ၈ ခု | မြို့နယ် အခြေပြု CSO များ စွမ်းဆောင်ရည် တည်ဆောက်ခြင်း နှင့် အသေးစား ထောက်ပံ့ငွေ |
| ၁၁ | ACCU | ကန်ကြီးထောင့်၊ ကျိုက်လတ်၊ ကျောင်းကုန်း၊ ငပုတော၊ ဇလွန်၊ ညောင်တုံး၊ ဒေးဒရဲ၊ ဓနုဖြူ၊ ပုသိမ်၊ ပန်းတနော်၊ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ မြောင်းမြ၊ ရေကြည်၊ လေးမျက်နှာ၊ လပွတ္တာ၊ ဝါးခယ်မ၊ ဟင်္သာတ၊ အင်္ဂပူ၊ အိမ်မဲ | အခြေခံ ငွေရေးငွေကြေး အသိပညာပေးခြင်း၊ ငွေကြေး စီမံခန့်ခွဲခြင်း၊ သမဝါယမ စီမံခန့်ခွဲမှု သင်တန်း၊ ငွေစုငွေချေး |

| စဉ် | မိတ်ဖက်အဖွဲ့အစည်း | နေရာ | ဦးတည်ချက် |
| --- | --- | --- | --- |
| ၁၂ | ECLOF | ကျုံပျော် | အခြေခံ ငွေရေးငွေကြေး အသိပညာပေးခြင်း၊ စိုက်ပျိုးရေး၊ အသေးစား စီးပွား ရေးလုပ်ငန်း၊ လူမှုရေးချေးငွေ၊ စုငွေ၊ သက်သာချောင်ချိရေး |
| ၁၃ | Fullerton | ဒေါပုံ၊ပုသိမ်၊မအူပင်၊မိတ္ထီလာ၊ မြောင်းမြ၊ ဟသာ်တ၊ | အခြေခံ ငွေရေးငွေကြေး အသိပညာပေးခြင်း၊ စိုက်ပျိုးရေး၊ အသေးစား စီးပွား ရေးလုပ်ငန်း၊ လူမှုရေးချေးငွေ၊ သက်သာချောင်ချိရေး |
| ၁၄ | PGMF | ကန်ကြီးထောင့်၊ ကျိုက်လတ်၊ ကျောင်းကုန်း၊ ငပုတော၊ ဇလွန်၊ ညောင်တုံး၊ ဒေးဒရဲ၊ ဓနုဖြူ၊ ပုသိမ်၊ ပန်းတနော်၊ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ မြောင်းမြ၊ ရေကြည်၊ လေးမျက်နှာ၊ လပွတ္တာ၊ ဝါးခယ်မ၊ ဟသာ်တ၊ အင်္ဂပူ၊ အိမ်မဲ | အခြေခံ ငွေရေးငွေကြေး အသိပညာပေးခြင်း၊ စိုက်ပျိုးရေး၊ အသေးစား စီးပွား ရေးလုပ်ငန်း၊ လူမှုရေးချေးငွေ၊ စုငွေ၊ သက်သာချောင်ချိရေး |
| ၁၅ | Proximity Designs | ကန်ကြီးထောင့်၊ ကျိုက်လတ်၊ ကျောင်းကုန်း၊ ကွမ်းခြံကုန်း၊ ဇလွန်၊ ညောင်တုံး၊ ဒေးဒရဲ၊ ဓနုဖြူ၊ ဖျာပုံ၊ ဘိုကလေး၊မအူပင် မော်လမြိုင်ကျွန်း၊ မြောင်းမြ၊ ရေကြည်၊ လပွတ္တာ၊ ဝါးခယ်မ၊ ဟသာ်တ၊ အင်္ဂပူ၊ အိမ်မဲ | အခြေခံ ငွေရေးငွေကြေး အသိပညာပေးခြင်း၊ စိုက်ပျိုးရေး၊ အသေးစား စီးပွား ရေးလုပ်ငန်း၊ လူမှုရေးချေးငွေ၊ သက်သာချောင်ချိရေး |
| ၁၆ | VisionFund | ပုသိမ်၊ မြောင်းမြ၊ ဟသာ်တ၊ ဝါးခယ်မ၊ အိမ်မဲ၊ | အခြေခံ ငွေရေးငွေကြေး အသိပညာပေးခြင်း၊ စိုက်ပျိုးရေး မွေးမြူရေးချေးငွေ |
| ၁၇ | YMCA | မအူပင် | အခြေခံ ငွေရေးငွေကြေး အသိပညာပေးခြင်း၊ စိုက်ပျိုးရေး၊ အသေးစား စီးပွား ရေးလုပ်ငန်း၊ လူမှုရေးချေးငွေ၊ သက်သာချောင်ချိရေး |

## ၂၀၁၆ ခုနှစ်မှ စိတ်ဝင်စားဖွယ်များ

### ထိခိုက်လွယ်မှု/ခံနိုင်ရည်မဲ့မှုကို ဖြေရှင်းရန် အာဟာရကို ကောင်းမွန်စေခြင်း

မြစ်ဝကျွန်းပေါ် အစီအစဉ်(၃)သည် ပုညက်မှုဖြစ်ရခြင်း၏ လက်ငင်းအကြောင်းများဖြစ်သော တဦးချင်းအဆင့်၌ ရိက္ခာဖူလုံမှု မရှိခြင်း၊ ရောဂါစွဲကပ်ခြင်းပြဿနာများကို[၂၁] ဖြေရှင်းသည်သာမက ပုညက်မှုကြောင့် ဖြစ်လာနိုင်သည့် ဆိုးကျိုးများနှင့် တားဆီးကာကွယ်ပေးသည့် နည်းလမ်းများကို သိရှိနားလည်စေခြင်း၊ အရေးကြီးသော အသက်အရွယ်အပိုင်းအခြားတွင် နေထိုင်စားသောက်ပုံ အမူအကျင့်များ ပိုမို ကောင်းမွန်အောင် ပြုလုပ်ပေးခြင်း လုပ်ငန်းရပ်များလည်းပါဝင်ပါသည်။[၂၂]

၂၀၁၆ ခုနှစ်တွင် စတင်ခဲ့သော အာဟာရ အစီအစဉ်၏ ပင်မ အစိတ်အပိုင်းတို့မှာ- ကိုယ်ဝန်ဆောင် နှင့် နှစ်နှစ်အောက် ကလေးရှိသော မိခင်တို့ကို ငွေကြေးထောက်ပံ့ခြင်း (maternal and child cash transfer - MCCT)၊ အာဟာရဆိုင်ရာ အသိပညာပေးခြင်း၊ ဘဝအစ ရက်၁၀၀၀ အတွင်း အာဟာရဖွံ့ဖြိုးရေးအတွက် အမူအကျင့်ပြောင်းလဲရေး ဆိုင်ရာ သတင်းစကား ပြောကြားခြင်းများ (social behaviour change communication - SBCC) ဖြစ်ပါသည်။ အာဟာရ ဆိုင်ရာ သတင်းပေးခြင်းကို မိခင်များသာမက၊ ဖခင်များ၊ အဖိုးအဖွားများ၊ ကျေးရွာခေါင်းဆောင်များ၊ ကျန်းမာရေး ဝန်ထမ်းများ အတွက်ပါ ဦးတည်ဆောင်ရွက်သည်။ [၂၃]

MCCT အစီအစဉ်သည် မြန်မာအမျိုးသားလူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်တွင် ပါရှိသော ဘဝ သက်တမ်း တလျှောက်တွင် ခံနိုင်ရည်မဲ့မှုကို ဖြေရှင်းရန် ဆောင်ရွက်မည့် ပင်မအစီအစဉ် ရှစ်ခုအနက် တခု ဖြစ်သည်။ ဤအစီအစဉ်၏ အဓိက ရည်မှန်းချက်မှာ လူ့ဘဝ၏ အခရာကျသော ဘဝအစ ပထမရက်၁၀၀၀ဖြစ်သည့် ကိုယ်ဝန်ဆောင်ချိန်မှ ကလေး နှစ်နှစ်သား အထိ အချိန်အတွင်း မိခင်နှင့်ကလေးတို့အနေဖြင့် ကောင်းမွန်သော အာဟာရအကျိုး ရရှိစေရန် ဖြစ်သည်။

22 အသက်၆လအထိ မိခင်နှင့်တမျိုးတည်းသာတိုက်ကျွေးမှုမှာ ၄၁% ရှိပြီး ၆လမှ အသက်၂နှစ်အကြားကလေးများ၏ ၂၀%မှာ အနိမ့်ဆုံးလိုအပ်သည့် လက်ခံနိုင်ဖွယ်ရှိသော အစားအသောက် နှင့် လက်ခံနိုင်ဖွယ်ရှိသည့် အမျိုးအမည်စုံလင်စွာ စားသုံးရသည့် မိခင်များမှာ ၁၇.၅%ရှိသည်။ (LIFT အိမ်ထောင်စု စစ်တမ်း ၂၀၁၅ခုနှစ်)

23 အမျိုးသမီးများနှင့်ကလေးများ၏ အာဟာရလိုအပ်ချက်များကို သိရှိသော အမျိုးသား၊အမျိုးသမီးမှာ ၁၀.၁ %သာ ရှိသည်။ (LIFT အိမ်ထောင်စု စစ်တမ်း ၂၀၁၅ခုနှစ်)

မြစ်ဝကျွန်းပေါ် အစီအစဉ်(၃)သည် ကိုယ်ဝန်ဆောင် နှင့် ကလေးသူငယ်တို့၏ အာဟာရ အဆင့်အတန်းကို ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည့် အထိရောက်ဆုံး၊ ငွေကြေးကုန်ကျရကျိုး အနပ်ဆုံး ဖြစ်သည့်ပြင် ရေရှည်တည်တံ့မည့် နည်းလမ်းကို ရှာဖွေ သိရှိခဲ့သည်။ ပုညှက်မှုကို လျှော့ချရာတွင် MCCT နှင့် SBCC တို့၏ သက်ရောက်မှုများ၊ မိခင်တို့ကို ထောက်ပံ့ငွေ နှင့်အတူ SBCCကိုပါ လက်ရှိကျန်းမာရေးစနစ် မှတဆင့် ပေးအပ်ခြင်း၏ ထိရောက်မှုတို့ကို သိရှိသော LIFT၏ အဓိက မိတ်ဖက်အဖွဲ့ဖြစ်သည့် Save the Children က ဆောင်ရွက်သည့် စီမံချက်က အဆိုပါ ထိရောက်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်သည်။

၂၀၁၆ခုနှစ်အတွင်းတွင် ငပုတောမြို့နယ်ရှိ စီမံချက်ရွာများနှင့် ပြင်ပရွာများတွင်ပါ အခြေခံစစ်တမ်းကို ကောက်ယူခဲ့သည်။ ပုညှက်မှု ပျံ့နှံ့ပုံ၊ အထက်ပါ ကျေးရွာ နှစ်အုပ်စု၏ ပတ်ဝန်းကျင် သန့်ရှင်းမှု၊ စိုက်ပျိုးရေးဇုန်၊ ပိုင်ဆိုင်မှု အနေအထား စသည့် နောက်ခံ အကြောင်းအရာများကို စူးစမ်းခဲ့သည်။ ပုညှက်မှုနှင့် စပ်လျဉ်းသော အဓိက တွေ့ရှိချက်များမှာ အောက်ပါတို့ ဖြစ်သည်-

- အသက် နှစ်နှစ်အောက် ကလေးအားလုံး၏ ၁၆ ရာခိုင်နှုန်း နှင့် တနှစ် မှ နှစ်နှစ်ကြားအရွယ် ကလေးအားလုံး၏ ၂၅ ရာခိုင်နှုန်းတို့မှာ ပုညှက်ကြသည်။
- မူလတန်းပညာ မသင်ခဲ့သည့် မိခင်မှ မွေးဖွားသော ကလေးများ၊ ယခင် လစဉ်ဝင်ငွေ ကျပ် ၉၀,၀၀၀(ကန်ဒေါ်လာ ၇၀) အောက်သာ ရှိသော အိမ်ထောင်စု၊ လစဉ် စားသောက်စရိတ် ကျပ်၅၀,၀၀၀ (ကန်ဒေါ်လာ၃၈) အောက်သာ ရှိသော အိမ်ထောင်စု၊ သင့်လျော်သော ရေသန့် မသုံးနိုင်သော အိမ်ထောင်စု၊ ကောင်းမွန်သော အညစ်အကြေး စွန့်ပစ်မှု စနစ်မီသော အိမ်ထောင်စုတို့မှ ကလေးများ ပုညှက်ကြသည်ကို ပိုမို တွေ့ရသည်။
- ကလေးမမွေးဖွားမီ သတ်မှတ်ထားသော စောင့်ရှောက်မှုကို မရခဲ့သော၊ ကျွမ်းကျင်သည့် ဝမ်းဆွဲဆရာမ မရှိပဲ မွေးဖွားခဲ့ရသော၊ ကလေးနေမကောင်းသော်လည်း အကြံဉာဏ် ကုသမှု မရခဲ့သော မိခင်တို့၏ ကလေးများမှာ ပုညှက်ကြသည်ကို ပိုမို တွေ့ရသည်။
- ရိက္ခာမဖူလုံမှု နှင့် အစားအသောက် ကျွေးမွေးသည့် အမူအကျင့် မကောင်းခြင်းသည် နို့စို့ကလေး အပါအဝင် ကလေးငယ်များ ပုညှက်ခြင်း၏ အကြောင်းအချက် ဖြစ်သည်။ စားနပ်ရိက္ခာ မဖူလုံမှု အလယ်လတ်အဆင့် ရှိနေသည့် မိသားစုမှ ကလေးများ ပုညှက်ကြသည်ကို ပိုမိုတွေ့ရသည်။ စီမံချက်ပြင်ပ စောင့်ကြည့်ဒေသများရှိ ၆လ မှ ၂၃လ ကြား အရွယ် ပုညှက်သော ကလေးများ၏ ၉၀-၉၈ ရာခိုင်နှုန်းသည် သတ်မှတ်ထားသည့် အစာအုပ်စုအလိုက် အစားအစာများကို မစားကြရခြင်း သို့မဟုတ် စစ်တမ်းမကောက်မီနေ့က အနိမ့်ဆုံးစားသောက်ရန်လိုအပ်သည့် အစားအသောက်ပမာဏ ကို မစားခဲ့ရကြောင်း တင်ပြကြသည်။ မည်သည့် အသက်တွင် ဖြည့်စွက်အစာ သို့မဟုတ် အရည်ကို စတင် ကျွေးမွေးရမည်ကို မသိသော မိခင်များ၏ နို့စို့ကလေးများသည်လည်း ပုညှက်ကြသည်ကို အသင့်အတင့် တွေ့ရသည်။

Save the Children ၏ Bright SUN အာဟာရ စီမံချက်သည် လပွတ္တာမြို့နယ်ရှိ ကျေးရွာ ၂၀၀ခန့် တွင် အစိုးရ ကျန်းမာရေး စနစ် နှင့် 3MDG ရန်ပုံငွေစီမံချက်တို့နှင့် အတူ ဆောင်ရွက်နေသည်။ ယင်းစီမံချက်သည် ကိုယ်ဝန်ဆောင် မိခင် နှင့် အသက် နှစ်နှစ် အောက်ကလေး နို့တိုက်မိခင် ၁၀,၀၀၀ခန့်ကို ထောက်ပံ့ငွေ ပေးခြင်း အပြင် အမူအကျင့် ပြောင်းလဲရေးဆိုင်ရာ လုပ်ဆောင်မှုများကိုပါ ဆောင်ရွက်သည်။ စီမံချက်သည် ကျန်းမာရေး ဝန်ကြီး ဌာန မှတဆင့် ရေရှည် ဝန်ဆောင်မှုပေးရန် ဖြစ်နိုင်စွမ်း ရှိမရှိ စမ်းသပ်ဆောင်ရွက်လျက်ရှိသည်။

ဤအစီအစဉ်၏ ပထမနှစ်အတွင်းတွင် ကျေးလက်ကျန်းမာရေးဌာန ၅ ခု မှ လွှမ်းခြုံတာဝန်ယူပေးနေသည့် ကျေးရွာ ၂၀၂ ရွာတွင် MCCT အဓိက ဆောင်ရွက်သည့် အုပ်စုများကို ထူထောင်ကာ လေ့ကျင့်ပေးခဲ့သည်။ လက်ရှိကျေးရွာ ကျန်းမာရေး ကော်မတီများ၏ ကျန်းမာရေး ပညာပေး လုပ်သားများနှင့် ကျန်းမာရေး စေတနာ့ ဝန်ထမ်းများကို ပေါင်းစည်းထားသည့် ဤအုပ်စုများသည် အမူအကျင့် ပြောင်းလဲရေး လှုပ်ရှားမှုတွင် ပါဝင် ဆောင်ရွက်မည်ဖြစ်သည်။ Save the Children နှင့် ကျေးလက်ကျန်းမာရေးဌာနများ နှင့်အတူ MCCT အုပ်စု များသည် ကိုယ်ဝန်ဆောင်အမျိုးသမီး ၂,၂၀၀ ကို စာရင်းသွင်းကာ လစဉ်ထောက်ပံ့ငွေ ပေးအပ်လျက်ရှိသည်။ မြစ်ဝကျွန်းပေါ် ဒေသတွင် စုစုပေါင်း ငွေထောက်ပံ့မှု ၁၂,၀၀၀ ခုကို ဆောင်ရွက်ခဲ့ပြီး အမျိုးသမီး နှင့် ကျေးရွာ အဖွဲ့ဝင် ၈,၉၀၀ခန့်သည် အမူအကျင့် ပြောင်းလဲရေးဆိုင်ရာ လုပ်ဆောင်မှုများတွင် တက်ရောက်ခဲ့ကြသည်။

အခြားမိတ်ဖက်အဖွဲ့များကလည်း အာဟာရမြှင့်တင်ရေးလှုပ်ရှားမှုများ ဆောင်ရွက်ခဲ့ရာတွင် WHH/GRET၏ စီမံချက်သည် ဘိုကလေးမြို့နယ်ရှိ ကျေးရွာ ၁၁၈ရွာမှ အိမ်ထောင်စု ၁၀,၀၀၀ ခန့်ထံသို့ သင့်တော်သော အာဟာရဆိုင်ရာ အမူအကျင့်များ ရောက်ရှိစေရန် ရည်ရွယ်ထားသည်။ ယင်းတို့သည် ဥရောပသမဂ္ဂမှ ထောက်ပံ့ပေးခဲ့သော 'စိုက်ပျိုးရေး သယံဇာတ စီမံခန့်ခွဲမှု တို့ နှင့် အာဟာရကဏ္ဍကို ချိတ်ဆက်ခြင်း (Link Agriculture Natural Resource Management and Nutrition - LANN) ရှေ့ပြေးစီမံချက်မှ ရရှိခဲ့သော နည်းနာများကိုယူပြီး ကျေးရွာ ၄၅ ရွာမှ အိမ်ထောင်စုများကို ပံ့ပိုးဆောင်ရွက်ပေးရန် ဦးတည် ထားသည်။[၂၄] ၂၀၁၆ခုနှစ် အတွင်းတွင် ၅၁ ရွာမှ လူ ၁,၇၀၀ ကျော်ထံသို့ အာဟာရဆိုင်ရာ သတင်းစကားများ ရောက်ရှိခဲ့သည်။

---
[24] LANN သည် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုရရှိမှုနည်းပါးသည့် ဝေးလံခေါင်ဖျားဒေသများရှိ ထိခိုက်လွယ်သော ရပ်ရွာလူထု၏ အာဟာရအခြေအနေကို တိုးတက်စေရန် အတွက် ရပ်ရွာအခြေပြု နည်းလမ်းအသစ်များဖြင့် အာဟာရ၊ သဘာဝသယံဇာတစီမံခန့်ခွဲမှု၊ စိုက်ပျိုးရေးတို့နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

World Vision ၏ 'ဘိုကလေးတွင် အသက်မွေးဝမ်းကျောင်းမှုများကို ဖြစ်ထွန်းစေခြင်း' စီမံချက်သည် ပညာပေးခြင်း၊ သရုပ်ပြခြင်း၊ ငါးနှစ်အောက်ကလေးများ၏ ကြီးထွားမှုကို တိုင်းတာစစ်ဆေးခြင်း၊ ကောင်းမွန်သော အာဟာရဆိုင်ရာ ပညာပေးခြင်းတို့ကို ကျန်းမာရေးဝန်ထမ်းများ နှင့်အတူ ချိတ်ဆက် ဆောင်ရွက်ခဲ့သည်။ ၂၀၁၆ ခုနှစ်အတွင်းတွင် အခြေခံ အာဟာရ နှင့် တကိုယ်ရည် သန့်ရှင်းရေး သင်တန်းကို ကျေးရွာကျန်းမာရေး လုပ်သား ၃၇ ဦးသို့ ပို့ချခဲ့သည်။ လူပေါင်း ၁,၆၅၀ ထံသို့ အာဟာရဆိုင်ရာ သတင်းအချက်အလက်များ နှင့် လုပ်ငန်းများ ရောက်ရှိခဲ့သည်။

WorldFishက ခေါင်းဆောင်သော ပေါင်းစုအဖွဲ့၏ ငါးမွေးမြူရေး စီမံချက်တွင် အာဟာရဆိုင်ရာ အမူအကျင့် ပြောင်းလဲရေး ကဏ္ဍ နှင့် အစားအသောက် ပိုမိုအမည်စုံရေး ရည်မှန်းချက်လည်း ပါဝင်သည်။  သင်တန်းလက်စွဲ စာစောင်ကို LEARN၏ အထောက်အပံ့ဖြင့် ပြုစုပြီး၊ ဦးတည် ကျေးရွာများသို့ သွားရောက်ကာ အာဟာရဆိုင်ရာ အစဉ်အလာ ယုံကြည်မှုများ၊ ငါး၏ အာဟာရတန်ဖိုး၊ ကလေးများကို ငါးကျွေးမွေးခြင်းနှင့် စပ်လျဉ်းသော အမျိုးသမီးများ၏ အမြင်၊ အာဟာရဆိုင်ရာ အသိပညာ ဗဟုသုတများကို ယင်းတို့ လက်လှမ်းမီမှု စသည်တို့ကို နားလည်အောင် ဆောင်ရွက်ခဲ့သည်။

## အရည်သွေးမြင့် မျိုးစပါး ထုတ်လုပ်မှု နှင့် တောင်သူများသို့ ဖြန့်ချီမှုတို့ကို ကောင်းမွန်စေခြင်း

မြစ်ဝကျွန်းပေါ် အစီအစဉ်(၃)သည် ဆန်စပါးကဏ္ဍကို အထူးဦးတည်လျက်ရှိသည်။ တောင်သူများ အထူးသဖြင့် လယ် ၁၀ ဧက အောက်သာ ပိုင်ဆိုင်သော လုပ်ကွက်ငယ်တောင်သူများ အကျိုးအမြတ်ရှိရန် ဦးတည်လျက် အထောက်အကူ ပေးနေသည်။ အဆင့်မြင့်မျိုးစပါးများ ပိုမိုရရှိနိုင်ရေးကို  LIFTက ဦးစားပေးသည်၊ အကြောင်းမှာ အရည်အသွေးကောင်း မျိုးစပါး ရရှိမှုမှာ  တောင်သူများ၏ လိုအပ်ချက်အောက် များစွာနိမ့်နေပြီး တောင်သူ ၁၀ရာခိုင်နှုန်း အောက်သာ စီးပွားဖြစ် မျိုးသန့်မျိုးစေ့များကို အသုံးပြုနိုင်ကြသည်။[25] တောင်သူတို့ အကြိုက်ဖြစ်သော ကောင်းစွာဖြစ်ထွန်းသည့် အဆင့်မြင့် စပါးမျိုးတို့ကို မရရှိခြင်း၊ မသုံးစွဲနိုင်ခြင်းတို့သည် ဆန်စပါးကဏ္ဍကို ခေတ်မီစေရေးတွင် အဓိကအတားအဆီး ဖြစ်နေသည်။ မြစ်ဝကျွန်းပေါ် အစီအစဉ်(၃)၏ ရည်မှန်းချက်တစ်ခုမှာ စပါး မျိုးပွားမှုနှင့် ဖြန့်ချီမှု ပုံစံများကို စမ်းသပ်ရန်ဖြစ်သည်။

၂၀၁၆ ခုနှစ်တွင် LIFTသည် 'မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသ၏ မျိုးစပါးများ ဝယ်လိုအားနှင့် ရောင်းလိုအား စနစ် ကို လေ့လာခြင်း' စစ်တမ်းကို ပြုစုစေခဲ့ရာ၊ ယင်းမှာ မျိုးစပါးကဏ္ဍ၏ လုပ်ဆောင်မှုကို ဘက်စုံ ရေရှည်တည်တံ့စေရန် မည်သို့ ရင်းနှီးမြှုပ်နှံ သွားရမည်ကို သိရှိနိုင်စေရန် ဖြစ်သည်။ ဤစစ်တမ်းမှ တွေ့ရှိချက်များကို နောက်ဆက်တွဲဖြစ်သည့် မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲရာတွင် ထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်သကဲ့သို့ စိုက်ပျိုးရေးဖွံ့ဖြိုးမှုကဏ္ဍတွင် ပါဝင် ဆောင်ရွက် နေသူများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များ နှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင်လည်း ရည်ညွှန်းအသုံးပြုနိုင်မည်ဖြစ်သည်။ ၂၀၁၇-ခုနှစ် မတ်လတွင် ဤစစ်တမ်းအစီရင်ခံစာကို ထုတ်ဝေကာ ပတ်သက်ဆက်နွယ်သူများသို့ မျှဝေပေးမည် ဖြစ်သည်။ ၎င်း အစီရင်ခံစာတွင် မျိုးစပါးကဏ္ဍ၏ အသွင်ကူးပြောင်းရေးတွင် အခြေခံအကျဆုံး အပိုင်း ၅ ပိုင်း အတွက် တွေ့ရှိချက်များ နှင့် အကြံပြုချက်များကို ဖော်ပြထားသည်။[26]

- ဝယ်လိုအားကို အားကောင်းစေခြင်း
- မျိုးစပါးထုတ်လုပ်ရေးအတွက်လိုအပ်သော အခြေခံအဆောက်အဦများ တည်ဆောက်ခြင်း
- ဝန်ဆောင်မှုကဏ္ဍကို ဖွဲ့စည်းခြင်း
- အစိုးရအုပ်ချုပ်ရေးအပိုင်းမှ ပံ့ပိုးမှု
- မျိုးစပါး ကဏ္ဍ၏ လမ်းကြောင်းမှန်မှု နှင့် တာဝန်ခံမှု

၂၀၁၆ ခုနှစ်တွင် LIFT၏ မိတ်ဖက်အဖွဲ့များက ဝယ်လိုအားကို အားကောင်းစေရန် နှင့် ထုတ်လုပ်မှု တိုးတက် ကောင်းမွန်ရန် ဆောင်ရွက်ကြမည်။

LIFT နှင့်အတူ လက်တွဲလုပ်ဆောင်နေသော မျိုးစပါးထုတ်လုပ်သူများမှာ ၂၀၁၅ ခုနှစ်တွင် ၉၀ ဦး ရှိရာမှ ၂၀၁၆ ခုနှစ်တွင် ၁၆၄ ဦး ရှိလာသည်။ အရည်အသွေးမြင့် မျိုးစပါးသည် ပိုမို အမြတ်အစွန်း ရရှိစေကြောင်း တောင်သူများက ပိုမို အသိအမှတ်ပြု လာကြသည်။ အရည်အသွေးမြင့် မျိုးစပါးကို ထုတ်လုပ်ရန် မျိုးစပါးထုတ်လုပ်သူများကို ထောက်ပံ့ပေးသဖြင့် အချို့နေရာများတွင် ဒေသတွင်းထုတ်လုပ်မှုကို ၁၆ ရာခိုင်နှုန်း မှ ၃၀ ရာခိုင်နှုန်းအထိ အထွက်တိုးနိုင်သော အရည်အသွေးကောင်း မျိုးစပါးများကို ထုတ်လုပ်နိုင်လာသည်။

---

25 World Bank Group, 'Myanmar: Analysis of Farm Production Economics', February 2016.

26 Molenaar and co-workers, 2015

စိုက်ဧက ၂,၀၀၀ စာ အရည်အသွေးမြင့် စီးပွားဖြစ်မျိုးသန့်မျိုးစေ့ (certified seed - CS) စုစုပေါင်း တန် ၉၀ ကို ထုတ်လုပ်ခဲ့သည်။ ယင်းပမာဏမှာ ၂၀၁၅ ခုနှစ် တွင် ၁၆၁ တန် ထုတ်လုပ်နိုင်ခဲ့သည်ထက် နည်းပါးသည်။ ထိုသို့ဖြစ်ရခြင်းမှာ မျိုးစပါးထုတ်လုပ်သူ အရေအတွက် တိုးပွားလာသော်လည်း အောက်တိုဘာနှင့် နိုဝင်ဘာလတို့တွင် ထူးခြားစွာ မိုးသည်းထန်စွာ ရည်ရှည် ရွာသွန်းခဲ့သဖြင့် မျိုးစပါးခင်းများ ထိခိုက်ခဲ့ခြင်းကြောင့် ဖြစ်နိုင်သည်။

ဝယ်လိုအားကို အားကောင်းလာစေရန်အတွက် LIFT၏ မိတ်ဖက်အဖွဲ့များက ရောင်းလိုသူနှင့် ဝယ်လိုသူတို့ကို ချိတ်ဆက်ပေးသည်။ ရတနာရောသည် ရတနာအောင်တံခွန် သမဝါယမ နှင့် ရွှေဇာချည် စိုက်ပျိုးရေး ကုမ္ပဏီတို့ စီးပွားဖြစ် မျိုးသန့်မျိုးစေ့ (CS) တင်း ၃၀၀၀ (၆၃ မက်ထရစ် တန်) ကို သတ်မှတ်ထားသော ဈေးနှုန်းဖြင့် ထုတ်လုပ်ရမည့် အကျိုးတူ လယ်ယာ ဆောင်ရွက်နိုင်ရန် အကျိုးဆောင်ပေးခဲ့သည်။ တောင်သူများထံသို့ တိုက်ရိုက်ရောက်ရှိမည့် စီးပွားဖြစ် မျိုးသန့်မျိုးစေ့ (CS) များကို ကန်ထရိုက်လယ်ယာဖြင့် ဆောင်ရွက်ခြင်းသည် မြစ်ဝကျွန်းပေါ်ဒေသတွင် ဖြစ်ထွန်းမှု အသစ်တခု ဖြစ်သည်။ အထူးပြု ဆန်စပါးကုမ္ပဏီတို့က ယင်းတို့ကိုယ်ပိုင် စပါးထုတ်လုပ်ရေးအတွက် စီးပွားဖြစ် မျိုးသန့်မျိုးစေ့ (CS) များကို အကျိုးတူ လယ်ယာဖြင့် ဆောင်ရွက်နေခဲ့ကြသဖြင့် တန်ဖိုးကွင်းဆက် အပိုင်းတခု ဖြစ်နေခဲ့သည်။

မျိုးစပါးထုတ်လုပ်ခြင်း၊ အသိအမှတ်ပြုရရှိအောင် ဆောင်ရွက်ခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်းတို့အတွက် LIFT ၏ မိတ်ဖက်အဖွဲ့များသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲ တို့နှင့် ပူးပေါင်းဆောင်ရွက်နေသည်။ အစိုးရဌာန နှစ်ခုစလုံးသည် ပုဂ္ဂလိကကဏ္ဍကို ဆွဲဆောင်နိုင်စွမ်း မရှိသေးသည့် အချိန်ကပင် သဘာဝ ဝတ်မှုန်ကူးနည်းဖြင့် ရရှိထားသော မျိုးစပါးများ၏ မျိုးစေ့ ထုတ်လုပ်မှုကို စတင်နေခဲ့ကြသည်။ ၂၀၁၇ ခုနှစ်တွင် LIFT သည် အစိုးရကို ဆက်လက် ထောက်ပံ့မည် ဖြစ်သည်။ ဝယ်လိုအား တက်လာသည်ကို တုံ့ပြန်နိုင်သည့် ဒေသခံ ပုဂ္ဂလိက ကဏ္ဍ မျိုးစပါးထုတ်လုပ်မှု လုပ်ငန်းကိုလည်း ဖွံ့ဖြိုးစေရန် ဆက်လက် ဆောင်ရွက်မည် ဖြစ်သည်။

## မြစ်ဝကျွန်းပေါ်ဒေသမှ ထုတ်လုပ်သူများကို ထောက်ပံ့ခြင်း

### တောင်သူ အကြံပေးလုပ်ငန်းများ

မြစ်ဝကျွန်းပေါ်အစီအစဉ်(၃)၏ တောင်သူအကြံပေးလုပ်ငန်းများသည် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး ကဲ့သို့သော သွင်းအားစုများ ကို အကျိုးရှိစွာ သုံးစွဲရေး၊ ရိတ်သိမ်းချိန်လွန် နည်းပညာများ၊ အစိုးရ နှင့် ပုဂ္ဂလိက အကြံပေး လုပ်ငန်းများဖြင့် ရေရှည်တည်တံ့မည့် အကြံပေးလုပ်ငန်းတို့ကို အလေးထားဆောင်ရွက်သည်။ မြစ်ဝကျွန်းပေါ်အစီအစဉ်(၃)သည် မိတ်ဖက်အဖွဲ့များဖြစ်သော WHH၊ GRET၊ Mercy Corps တို့နှင့် လက်တွဲကာ အကြံပေး ဝန်ဆောင်မှု များ၊ ချေးငွေများ၊ သွင်းအားစုများ၊ စက်မှုလယ်ယာ တို့ကို မြစ်ဝကျွန်းပေါ်ဒေသတွင် ဆောင်ရွက်ပေးရာ၌ အားလုံး ပါဝင်စေသည့် ပုံစံကို ရှာဖွေလျက် ရှိသည်။ ၂၀၁၆ ခုနှစ်တွင် Mercy Corpsသည် အကြံပေးလုပ်ငန်းပုံစံ ၃ခု (တောင်သူ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ သီးခြား အထောက်အပံ့)တို့ကို နှိုင်းယှဉ်ကာ စူးစမ်းလေ့လာခဲ့သည်။ ၂၀၁၇ ခုနှစ် အတွင်း WHH/GRET၊ Mercy Corps တို့ထံမှ ရရှိမည့် စီးပွားရေး သုံးသပ်ချက်များဖြင့် ကိန်းဂဏန်း အချက်အလက် များကို အသုံးပြုကာ မည်သည့်ပုံစံသည် အထိရောက်ဆုံး ၊ ငွေကြေး ကုန်ကျရကျိုး အနည်ဆုံး၊ အတည်တံ့ဆုံး ဖြစ်မည်ကို ဆုံးဖြတ်နိုင်မည်ဖြစ်သည်။

၂၀၁၆ ခုနှစ်တွင် မြစ်ဝကျွန်းပေါ်အစီအစဉ်(၃)သည် မြို့နယ် ၃ ခုရှိ တောင်သူ ၄,၀၀၀ ခန့်အား အကြံပေးလုပ်ငန်းများကို နည်းလမ်းအမျိုးမျိုးဖြင့် ပေးအပ်ခဲ့ရာ ပုဂ္ဂလိကကဏ္ဍများမှ အထူးသဖြင့် ဆန်စက်ပိုင်များ၊ သွင်းအားစုပေးသွင်းသူများ၊ စက်ကိရိယာရောင်းချသူများက ပိုမိုပါဝင်လာကြသည်။ ၂၀၁၆ခုနှစ်၏ အဓိက အောင်မြင်မှုများမှာ-

- ယခင်အတွေ့အကြုံများကို အခြေခံကာ WHH/GRETတို့ ပူးပေါင်းပြီး တောင်သူ ဦးစီးသည့် ပညာပေး နည်းလမ်းကို မြစ်ဝကျွန်းပေါ် - ၃ အစီအစဉ်အတွက် သီးသန့်ပြုစုခဲ့သည်။ ဘိုကလေး မြို့နယ် ကျေးရွာ ၁၁၈ရွာမှ တောင်သူ၂,၀၀၀ ခန့်ကို သရုပ်ပြစိုက်ကွက်များ သင်တန်းဌာနများ ဖြင့် အကြံပေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ မြေဩဇာ အရည်အသွေးစီမံခန့်ခွဲမှုတွင် ဓာတ်မြေဩဇာနှင့် စိုက်ပျိုး-ဂေဟဗေဒ နည်းလမ်းများဖြင့် ပေါင်းစပ်သုံးစွဲသည့်နည်းကို သုံးသည့်နှုန်းမှာ မြင့်မားသည်။ အကြောင်းမှာ ထိုနည်းသည် ရိုးရှင်းခြင်း၊ လုပ်အားခနည်းခြင်း၊ အထွက်တိုးခြင်း (၁၇ မှ ၃၄ရာခိုင်နှုန်း) ကြောင့် ဖြစ်သည်။ [27]
- Mercy Corps ၏ ရေ့ပြေးစီမံချက်မှာ စိုက်ပျိုး-စီးပွားကုမ္ပဏီများနှင့် မိတ်ဖက်ဖွဲ့ခဲ့ခြင်း ဖြစ်သည်။ မြန်မာ့ဩဘာ နှင့် မိတ်ဖက်ပြုကာ သင်တန်းအစီအစဉ် တခုကို ပေးအပ်ခဲ့သည်။ ယင်းဝန်ဆောင်မှု သဘောတူညီချက်အရ ဆန်စက်ပိုင်ရှင်တစ်ဦးနှင့် လက်တွဲပြီး တောင်သူ ထုတ်လုပ်သူများ လုပ်ငန်း(Farmer Producer Enterprises - FPE) ခုနစ်ခုမှ အဖွဲ့ဝင် ၁၄၇ ဦး ကို ၂၀၁၇ ခုနှစ် မိုးစပါးနှင့်နွေစပါး ရာသီများအတွင်း သင်တန်းပေးနိုင်မည်ဖြစ်သည်။

[27] Stephane Fayon, 'Consultancy service-support to agriculture extension services development Project: DELTA RISE- Support mission no 3',October 2016

[28] FSWG and GRET, 'The Emergence of Farmers' Organizations in Myanmar A Mapping Study', December 2015

[29] AFC Consultants International, GmbH, '"တိုးချဲ့ပညာပေးရေးနှင့် တောင်သူအကြံပေးလုပ်ငန်းများကို လေ့လာမှု" မေ ၂၀၁၅

## တောင်သူ နှင့် ထုတ်လုပ်သူ အဖွဲ့အစည်းများ

တောင်သူ အဖွဲ့အစည်းများသည် စိုက်ပျိုးရေးဖွံ့ဖြိုးမှုအတွက် မရှိမဖြစ် ဖြစ်သည်။ ယင်းတို့သည် မူဝါဒရေးဆွဲရေးကို အထောက်ကူ ဖြစ်စေရန် ဆွေးနွေး စည်းရုံးပေးသည်။ တောင်သူများထံသို့ ဝန်ဆောင်မှုများကို ပို့ဆောင်ပေးသည်၊ တောင်သူတို့၏ အခွင့်အရေး၊ ပညာပေးခြင်း၊ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးမှုတို့ကို အားဖြည့်ပေးသည်။[၃၀] မြစ်ဝကျွန်းပေါ်ဒေသရှိ မိတ်ဖက်အဖွဲ့များသည် ယခင်စီမံချက်အတွင်းက ဖွဲ့စည်းပေးခဲ့သော တောင်သူအုပ်စုများ နှင့် ပူးပေါင်းဆောင်ရွက်ကာ ၎င်းတို့၏ အတွေ့အကြုံများကို အဖွဲ့အစည်းသစ် ဖွဲ့စည်းသည့်အခါများတွင် အသုံးပြုကြသည်။ LIFT နှင့် မိတ်ဖက်အဖွဲ့များသည် တောင်သူအဖွဲ့အစည်းများအတွက် အထိရောက်ဆုံးနှင့် ရေရှည်အတည်တံ့ဆုံး အစီအစဉ်များ၊ အဆိုပါ အစီအစဉ်များ အထမြောက်စေမည့် နည်းလမ်းများကို ဆုံးဖြတ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၆ ခုနှစ်တွင် မြစ်ဝကျွန်းပေါ်အစီအစဉ်(၃)သည် ဖွံ့ဖြိုးမှုအနေအထား အမျိုးမျိုးရှိကြသည့် တောင်သူအုပ်စုပေါင်း ၂၀၀ ကျော် ကို ထောက်ပံ့ခဲ့သည်။ ကျေးရွာနှင့် ကျေးရွာအုပ်စုအဆင့်တို့ရှိ တောင့်တင်းခိုင်မာသော တောင်သူအုပ်စုများသည် သွင်းအားစုများကို လက်လှမ်းမီမှု၊ ချေးငွေ ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှု၊ စုပေါင်း သိုလှောင်/ရောင်းချမှုကို လက်လှမ်းမီမှု စသည်တို့ ပါဝင်သော အကြံပေးလုပ်ငန်း အမျိုးမျိုးကို ဆောင်ရွက်နေကြသည်။ သမဝါယမနှင့် အလားတူ အသင်းများသည် လုပ်ကွက်ငယ် တောင်သူများသာ အများစုရှိသည့် ရပ်ရွာတို့ရှိ စိုက်ပျိုးရေး နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးမှုအတွက် ပင်မ အမာခံများ ဖြစ်ကြသည်။[၃၁]

WHH နှင့် GRET တို့သည် ထုတ်လုပ်သူအုပ်စု ၇၀ ကို ထောက်ပံ့ကာ ပုံစံနှစ်ခုကို စမ်းသပ်နေကြသည်။ ကျေးရွာအခြေပြု သမဝါယမပုံစံ နှင့် အသင်းအဖွဲ့ပုံစံ သမဝါယမတို့ ဖြစ်သည်။ မည်သည့် ပုံစံသည် အထိရောက်ဆုံး ရေရှည်အတည်တံ့ဆုံး ဖြစ်မည်ကို ပြောရန် ၂၀၁၆ ခုနှစ်တွင် စောလွန်းနေသော်လည်း မတူညီသည့်အခြေအနေတွင် မတူညီသည့်ပုံစံကို လိုအပ်မည်မှာ ထင်ရှားသည်။ ဥပမာ- သွင်းအားစုပေးသွင်းခြင်းနှင့် ဆိုင်သော စီးပွားရေးဝန်ဆောင်မှုအဖြစ်ဆိုလျှင် ကျေးရွာအခြေပြု သမဝါယမပုံစံက အကောင်းဆုံးဖြစ်ပြီး မျိုးစပါးထုတ်လုပ်ခြင်းဆိုပါက အသင်းအဖွဲ့ပုံစံ သမဝါယမကသာ ပိုမို ထိရောက်မည်။ အကြောင်းမှာ အသင်းပုံစံ သမဝါယမသည် လုပ်ငန်းနယ်မြေကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိနိုင်သောကြောင့် ဖြစ်သည်။

Mercy Corps သည် လပွတ္တာမြို့နယ် ကျေးရွာ၁၇၃ ရွာရှိ တောင်သူ ၂,၈၅၀ ပါဝင်နေသော ထုတ်လုပ်သူများအဖွဲ့ (FPE) ပေါင်း ၁၀၀ ကို ထောက်ပံ့နေသည်။ ယင်းသည် ဈေးကွက်ပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် လုပ်ဆောင်ပြီး အဖွဲ့ဝင်လုပ်ငန်းများ ဖွံ့ဖြိုးအောင် ဖန်တီးကာ စပါးစုပေါင်း ဝယ်ယူခြင်း ရောင်းချခြင်း၊ ဆန်စက်ပိုင်များ ကုန်သည်များထံမှ မျိုးစပါး အကြွေးဝယ်ယူခြင်း၊ ဒေသခံဆိုင်များမှ မြေသြဇာ အကြွေးဝယ်ယူခြင်း၊ စက်ကိရိယာ ငှားရမ်းခြင်း၊ သွင်းအားစု ရောင်းချသူများက ပေးသော သင်တန်းများတက်ခြင်း စသည်တို့ကို ဆောင်ရွက်ပေးနေသည်။ ၂၀၁၆ခုနှစ်တွင် Mercy Corps သည် FPEလမ်းညွှန်ချက် ကို အပြီးသတ် ပြုစုခဲ့သည်။ အဆိုပါလမ်းညွှန်ချက်တွင် ဖွဲ့စည်းပုံ၊ FPEက အဖွဲ့ဝင်များသို့ ပေးနိုင်မည့် ဝန်ဆောင်မှုများ၊ ယင်းတို့ကို မည်သို့ မိတ်ဆက်ပေးရမည် စသည်တို့ ပါဝင်သည်။

FPE၏ အမြတ်အစွန်း နှင့် ယင်းတို့ကို မည်သို့ ပြန်လည်ရင်းနှီးမည်ဟူသော အချက်တို့သည် ၎င်းတို့ ရေရှည်တည်တံ့ရေးတွင် အခရာကျသည်။ ၂၀၁၆ ခုနှစ် နှစ်ကုန်တွင် ယင်း LIFTရန်ပုံငွေ ပံ့ပိုးမှုသည့် မြစ်ဝကျွန်းပေါ် ၂ Mercy Corpsစီမံချက်မှ FPE (၁၈) ဖွဲ့ကို ဆန်းစစ်ကြည့်ရာတွင် ၎င်းတို့ထဲမှ နှစ်စဉ် ပျမ်းမျှ ၁၂ ရာခိုင်နှုန်းခန့်မှာ ပြည်လည် ရရှိကြောင်းတွေ့ရသည်။ အဆိုပါ ရလဒ်မှာ ရည်မှန်းချက် ပြည့်မီသည့်ပြင် ရလဒ်ကောင်းသည်ကို ညွှန်းဆိုသည်။

၂၀၁၇ ခုနှစ်တွင် မြစ်ဝကျွန်းပေါ်အစီအစဉ်(၃)သည် တောင်သူ စီးပွားရေးအသင်းများ၊ သမဝါယမများ၊ တောင်သူအဖွဲ့အစည်း များ၏ ဖွဲ့စည်းပုံမူဘောင်တို့ကို သုံးသပ်ရန် လေ့လာမှု တစ်ခုကို ပြုလုပ်မည်ဖြစ်သည်။ ယင်းသို့လေ့လာမှုကြောင့် LIFT အနေဖြင့် ထိရောက်တည်တံ့သော တောင်သူအဖွဲ့အစည်းများ အကြောင်း ပိုမိုသိရှိနားလည်စေမည် ဖြစ်သည်။

30 IOM, Migration as Livelihood Diversification Strategy Project's baseline study

31 Ben Belton, Michigan State University, 'Myanmar's Rural Transformation'

## ရွှေ့ပြောင်းသွားလာသူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းကို တည်ဆောက်ခြင်း

မြစ်ဝကျွန်းပေါ်ဒေသသည် ရန်ကုန်ရှိ မြို့ပြအလုပ်အကိုင် အခွင့်အလမ်းများနှင့် နီးစပ်မှုရှိသည်။ ရွှေ့ပြောင်းသွားလာမှုသည် မြစ်ဝကျွန်းပေါ်ဒေသတွင် ၂၀၁၁ခုနှစ်ကတည်းက မြင့်မားလာရာ အထူးသဖြင့် လယ်မဲ့မြေမဲ့ အိမ်ထောင်စုများတွင် ဖြစ်သည်။ IOM က ၂၀၁၆ခုနှစ်တွင် ဆောင်ရွက်ခဲ့သော အခြေခံစစ်တမ်းတစ်ခုအရ ရွှေ့ပြောင်းသွားလာရေးကဏ္ဍသည် မြစ်ဝကျွန်းပေါ် ဒေသရှိ ရွှေ့ပြောင်းသွားလာသူရှိသည့် အိမ်ထောင်စုများ အတွက် အရေးပါသော ဝင်ငွေရလမ်း ဖြစ်နေကြောင်း တွေ့ရှိရသည်။ စစ်တမ်းတွင် ပါဝင်ဖြေဆိုကြသူ လေးပုံသုံးပုံက ရွှေ့ပြောင်းသွားလာရေး လိုအပ်ကြောင်းနှင့် ပြန်လွှဲငွေများကြောင့် အိမ်ထောင်စု ဝင်ငွေ တိုးလာခြင်း ဖြစ်ကြောင်းကို တင်ပြကြသည်။ ယင်းအိမ်ထောင်စု ၈၀ရာခိုင်နှုန်းခန့်သည် ပြန်လွှဲငွေများကြောင့် အကျိုးရှိကြသည်။[၃၀]

LIFT နှင့် မိတ်ဖက်အဖွဲ့များသည် ရွှေ့ပြောင်းသွားလာရေး နှင့် အလုပ်အကိုင်ရရှိရေးတွင် မည်မျှလောက် ပါဝင် ဆောင်ရွက်မှု အိမ်ထောင်စုများအတွက် ဝင်ငွေကောင်းပြီး လုံခြုံမှုရှိသည့် အလုပ်အကိုင်ကို လက်လှမ်းမီစေမည်ကို သိရှိလိုကြသည်။ ၂၀၁၇ ခုနှစ်တွင် မိတ်ဖက်အဖွဲ့များသည် အလုပ်အတွက် အခြားနေရာများသို့ ရွှေ့ပြောင်းသွားသူနှင့် အိမ်တွင်ကျန်ရစ်ခဲ့သူတို့ အတွက် ရွှေ့ပြောင်းသွားလာရေး၏ အကျိုးရလဒ်များ၊ အလုပ်အကိုင်အခွင့်အလမ်း အမျိုးမျိုး ၏ သက်ရောက်မှုတို့ကို သုတေသနပြုကြမည် ဖြစ်သည်။

Mercy Corps / Swisscontact စီမံချက်သည် ကျေးလက်ဒေသရှိ လယ်မြေပိုင်ဆိုင်ခြင်းမရှိသောသူများအား ဒေသတွင်း စီးပွားရေးလုပ်ငန်းတို့တွင် အလုပ်အကိုင်ရရှိရန် နှင့် ရန်ကုန်ရှိ ဝင်ငွေကောင်းသော အလုပ်အကိုင် အခွင့်အလမ်းတို့သို့ လက်လှမ်းမီစေရန် ထောက်ပံ့ပေးသည်။ အလုပ်အကိုင်ရရှိမှု နှင့် လုပ်ငန်းခွင်အတွင်း တိုးတက်မှုတို့ကို ရရှိစေရန်အတွက် လုပ်ငန်း ကျွမ်းကျင်မှုများပေးခြင်းဖြင့် အထူးအာရုံစိုက်သည်။ ဦးစားပေး အလုပ် အမျိုးအစား ၅ မျိုးဖြစ်သည့် စက်မှု၊ လက်သမား၊ ပန်းရံ၊ အထည်ချုပ်၊ ကုန်ထုတ်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ကျွမ်းကျင်မှုတို့ကို ၂၀၁၆ ခုနှစ်တွင် ဖော်ထုတ် သတ်မှတ်ခဲ့သည်။ Swisscontact သည် သင်ရိုးညွှန်းတမ်းနှင့် သင်တန်းအစီအစဉ်တို့ကို ရေးဆွဲပြီး သင်တန်းသား၂၀၀ ကို သင်တန်းပေးခဲ့သည်။ ၂၀၁၇ခုနှစ်တွင် သင်တန်းသားများ ပိုမိုများပြားလာမည်ဖြစ်သည်။ ဤစီမံချက်သည် သင်တန်းသား ၁,၄၀၀ ထိ သင်တန်းပေးရန် ရည်ရွယ်ထားသည်။

၂၀၁၆ ခုနှစ်မှ သင်တန်းဆင်း၂၀၀ အနက် ၉၁ ယောက် (၄၆ ရာခိုင်နှုန်း) သည် လပွတ္တာမြို့နယ်ပြင်ပရှိ ရန်ကုန်၊ ပုသိမ်နှင့် အခြားဒေသများရှိ အထည်ချုပ်၊ ဧည့်ဝန်ဆောင်မှု၊ လက်သမား၊ စက်ပြင်၊ ပုံနှိပ်၊ ငါး၊ ပုဇွန်ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်းနှင့် စားသောက်ဆိုင် အလုပ်များကို ရရှိကြသည်။ ကျန် ၈၅ ရာခိုင်နှုန်းမှာ လပွတ္တာမြို့နယ်တွင် ဆက်လက် နေထိုင်နေကြသည်။ ယင်းတို့အနက် ၁၇ ရာခိုင်နှုန်း သည် စက်ပြင် လက်သမားစသော အလုပ်အကိုင်အသစ်တွင် စတင်လုပ်ကိုင်ကြပြီး ၂၅ ရာခိုင်နှုန်းမှာ သင်တန်း မတက်မီက အလုပ်တွင်ပင် ပြန်လုပ်ကြသည်။ ၂၀၁၇ ခုနှစ်တွင် ဤစီမံချက်သည် သင်တန်းဆင်း များမှ အလုပ်သစ် လုပ်ကိုင်သူများနှင့် မူရင်း အလုပ်လုပ်ကိုင်သူများ၏ ဝင်ငွေကို နှိုင်းယှဉ်ရန် သုတေသနပြုမည် ဖြစ်သည်။

## ကျေးလက်ဒေသ စီးပွားရေးလုပ်ငန်းများအတွက် စက်မှုလယ်ယာသည် သီးနှံအထွက်နှင့် ဝင်ငွေကို တိုးတက်စေသည်

၂၀၁၁ ခုနှစ်ကတည်းက မြစ်ဝကျွန်းပေါ်ဒေသမှ ရွှေ့ပြောင်းသွားလာမှု တိုးတက်လာသဖြင့် ကျေးလက်ဒေသတွင် လုပ်အား ရှားပါးလာကာ လုပ်ခကြီးမြင့်လာသည်။ [၃၀]ထိုကြောင့် စက်မှုလယ်ယာသို့ ကူးပြောင်းမှု လိုအပ်ချက်မှာ ကြီးမားလာသည်။[၃၀] ၂၀၁၆ ခုနှစ် LIFT၏ ပုဂ္ဂလိကကဏ္ဍနှင့် ချိတ်ဆက်ဆောင်ရွက်မှုသည် ယင်းလိုအပ်ချက်ကို ပြည့်မီစေသည်။ ရိုးမဘဏ်က ဆောင်ရွက်သည့် စိုက်ပျိုး-စီးပွားရေး ငွေကြေးပံ့ပိုးမှုအစီအစဉ်(AFP)သည် တောင်သူများ လက်ငင်းပေးချေငွေ နည်းပါးပြီး ပြန်လည်ပေးဆပ်ချိန် ကြာကြာရသော ငှားဝယ်စနစ်ဖြင့် စက်ကိရိယာများကို ဝယ်ယူနိုင်စေရန် ငွေကြေးထောက်ပံ့ခဲ့သည်။ စက်ပစ္စည်းတန်ဖိုး၏ ၃၀% ကို လက်ငင်း ပေးချေစေရာမှ ၁၀% သို့ လျှော့ချလိုက်သည်။ ငှားရမ်းသည့် ကာလကိုလည်း တစ်နှစ်မှ သုံးနှစ်အထိ တိုးမြှင့်ပေးလိုက်သည်။ တောင်သူများက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ကို အပေါင်ထားရခြင်း ကိုလည်း ပယ်ဖျက်ပေးလိုက်သည်။ ၂၀၁၆ ခုနှစ် နှစ်ကုန်တွင် ဧရာဝတီတိုင်းမှ ကျေးလက်လုပ်ငန်းရှင် ၄၅၆ ဦးသည် လယ်ထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များ၊ ကုန်တင်ကားများကို ဤအစီအစဉ်ဖြင့် ဝယ်ခဲ့ကြသည်။ ဝယ်ယူသော စက်ကိရိယာများ၏ ၆၆ ရာခိုင်နှုန်းမှာ တန်ဖိုးငွေ ကျပ်၁.၅ သန်းမှ ၇၈ သန်း(ကန်ဒေါ်လာ ၁,၁၅၀ မှ ၆၀,၀၀၀)ထိ ရှိသည့် လေးဘီးတပ် နှစ်ဘီးတပ် လယ်ထွန်စက်များ ဖြစ်ပြီး၊ ပျမ်းမျှဈေးငွေမှာ ကျပ် ၁၅ သန်း (ကန်ဒေါ်လာ ၁၁,၅၀၀) ဖြစ်သည်။ ငှားဝယ်စာချုပ် ၁၈ရာခိုင်နှုန်းမှာ ကုန်တင်ကားဝယ်ယူရန် ဖြစ်ပြီး ပျမ်းမျှဈေးငွေမှာ ကျပ်၇သန်း (ကန်ဒေါ်လာ ၅,၅၀၀) ဖြစ်သည်။ ၁၆ ရာခိုင်နှုန်းမှာ ရိတ်သိမ်းခြွေလှေ့စက်အတွက် ဖြစ်ပြီး ပျမ်းမျှဈေးငွေမှာ ကျပ်၂၉ သန်း (ကန် ဒေါ်လာ ၂၃,၀၀၀) ဖြစ်သည်။

စက်မှုလယ်ယာသည် သီးနှံအထွက်နှင့် ကျေးလက်ဝင်ငွေကို တိုးတက်စေသည့်ပြင် လုပ်ကွက်ငယ်တောင်သူများကို စက်ကိရိယာများ ငှားရမ်းသည့် စီးပွားရေးလုပ်ငန်းငယ်များ ပေါ်ပေါက်စေသည်။ စက်မှုလယ်ယာ၏ သက်ရောက်မှုကို ပျံ့နှံ့စေပြီး ဝင်ငွေလည်း တိုးတက်စေသည်။

[32] "မြန်မာ့ကျေးလက်ဒေသ ရှိ အသက်မွေးဝမ်းကျောင်းမှုနှင့်လူမှုရေးဆိုင်ရာ အပြောင်းအလဲများ" QSEM 2016 QSEM SERIES ROUND FIVE REPORT'

၂၀၁၇ ခုနှစ်တွင် LIFT နှင့် ရိုးမဘဏ်၏ AFP အစီအစဉ်သည် စိုက်ပျိုးရေးဝန်ဆောင်မှု လုပ်ငန်း၏ ပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှုကို သုံးသပ်ပြီး အမျိုးသမီးများကို မည်သို့ အကျိုးရှိစေသည်ကို စူးစမ်းလေ့လာမည်ဖြစ်သည်။ အထောက်အထားများအရ အမျိုးသမီး အနည်းငယ်ကသာ မိမိတို့ အမည်ခံကာ ရိုးမဘဏ်မှ ငွေချေးကြသော်လည်း ယင်းတို့မှာ အငှားဝယ်စနစ်ဖြင့် ဝယ်ယူထားသည့် စက်ကိရိယာများကို ပြန်လည်ငှားရမ်းသည့် လုပ်ငန်းကို လုပ်ကိုင်နေကြကြောင်း သိရသည်။

*ဇယား၃.၂။ မြစ်ဝကျွန်းပေါ်ဒေသရှိ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု*

| မိတ်ဖက်အဖွဲ့ | စီမံချက်နယ်မြေ | ချေးငွေ (ကန်ဒေါ်လာ) | ဝန်ဆောင်မှု အသုံးပြုသူ | အမျိုးသမီး ဦးရေ |
|---|---|---|---|---|
| PGMF | ၂၁ မြို့နယ် (LIFT မြစ်ဝကျွန်းပေါ် စီမံကိန်း ဒေသများအပါဝင်) | ၁၁၃,၈၇၈,၇၆၉ | ၄၃၃,၁၅၄ | ၄၂၄,၄၉၁ |
| Proximity Designs | ၁၇မြို့နယ်(LIFT မြစ်ဝကျွန်းပေါ် စီမံကိန်း ဒေသများအပါဝင်) | ၅,၇၅၈,၈၈၉ | ၂၉,၆၈၆ | ၁၁,၂၈၁ |
| VisionFund | ဟသ်ာတ၊ အိမ်မဲ၊ ပုသိမ်၊ မြောင်းမြ၊ ဝါးခယ်မ | ၁၁,၈၉၇,၄၅၀ | ၂၇,၂၇၈ | ၂၁,၈၁၆ |
| Fullerton | ပုသိမ်၊ မအူပင်၊ မြောင်းမြ၊ ဟသ်ာတ | ၄,၂၄၂,၃၂၇ | ၂၄,၆၉၉ | ၂၂,၄၇၆ |
| ECLOF | ကျုံပျော် | ၆၄၉,၅၂၃ | ၇,၅၉၆ | ၇,၅၄၅ |
| ACCU | ပုသိမ် | ၇၀၉,၇၄၀ | ၆,၅၇၉ | ၃,၂၉၉ |
| Yoma Bank | မြစ်ဝကျွန်းပေါ် | ၅,၃၈၃,၀၁၄ | ၄၅၈ | ၃၂ |
| စုစုပေါင်း | | ၁၄၂,၅၀၁,၇၁၂ | ၅၂၉,၄၆၈ | ၄၉၀,၉၄၀ |

## လယ်ယာပြင်ပ စီးပွားရေး အခွင့်အလမ်းသစ်များသို့ လက်လှမ်းမီမှု တိုးတက်လာခြင်း

ဧရာဝတီတိုင်းမှ ကျေးလက်နေပြည်သူလူထုသည် လယ်ယာပြင်ပ၊ စိုက်ပျိုးရေး၊ ရွှေ့ပြောင်းသွားလာရေး စသည့် ဝင်ငွေရလမ်း အမျိုးမျိုးဖြင့် ဝင်ငွေရရှိကြသည်။ ငွေအရင်းအနှီး နှင့် လုပ်အားတို့ မလုံလောက်သဖြင့် ဝင်ငွေရလမ်း အမျိုးမျိုးကို မဖန်တီးနိုင်သူများက နောက်ကျ ကျန်ရစ်ခဲ့ကြသည်။[၃၂] GRET၏ အသေးစားထုတ်လုပ်သူချေးငွေ၊ WHH ၏ ကျေးရွာလည်ပတ်ရန်ပုံငွေ တို့ကို လယ်မဲ့မြေမဲ့ နှင့် လုပ်ကွက်ငယ် တောင်သူတို့က စိုက်ပျိုးရေးတွင်သာမက မွေးမြူရေး၊ ကုန်အရောင်းအဝယ်၊ လယ်ယာသုံး စက်ပြင် /စက်ငှား လုပ်ငန်းတို့တွင်ပါ အသုံးပြုနေကြောင်း သိရသည်။ ၂၀၁၆ ခုနှစ်တွင် GRET ထုတ်ချေးငွေ၏ ၆၇ ရာခိုင်နှုန်းကို မွေးမြူရေးအတွက် အသုံးပြုခဲ့ကြသည်။

WorldFish စီမံချက်က အသေးစား ငါးမွေးမြူရေးလုပ်ငန်းအတွက် ထောက်ပံ့ပေးသည်။ ၂၀၁၆ ခုနှစ်တွင် ကျေးရွာ ၇၃ ရွာ တွင် ငါးမွေးမြူသူ ၆၄၈ ဦးကို အုပ်စုများဖွဲ့ပေးကာ လိုအပ်သော ပစ္စည်းကိရိယာများ ပေးအပ်ပြီး အသေးစား ငါးမွေးမြူရေး များကို စတင်ခဲ့သည်။ ဤစီမံချက်၏ အောင်မြင်မှုနှင့် ရေရှည်တည်တံ့မှုသည် တောင်သူတို့၏ အသက်မွေးမှုကို အသေးစားငါးမွေးမြူရေးက တိုးတက်အောင် လုပ်နိုင်စွမ်းကို မှီတည်နေသည်။ ဆက်လက်တိုးချဲ့မည့်အဆင့်တွင် ဤလုပ်ဆောင်ချက်များ အကျိုးအမြတ်ရှိမရှိ သုံးသပ်ချက်ကို အဓိက လုပ်ဆောင်ရမည်။ ၂၀၁၆ ခုနှစ်တွင် ဆောင်ရွက်ခဲ့သော လေ့လာမှုအရ ကုန်ကျစရိတ်၏ ၇၀ မှ ၉၀ ရာခိုင်နှုန်းအထိကို ငါးစာအတွက် သုံးနေရခြင်းမှာ အဓိကစိန်ခေါ်ချက် ဖြစ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် ထုတ်လုပ်မှုလုပ်ငန်းစဉ် နှင့် ကိုက်ညီမည့် ချေးငွေကို ဖော်ထုတ်သင့်ကြောင်း အကြံပြုခဲ့သည်။ ၂၀၁၇ ခုနှစ် တွင် WorldFish စီမံချက်သည် ပထမအကြိမ် ထုတ်လုပ်မှု၏ရလဒ်ကို သုံးသပ်ကာ အမြတ်အစွန်းရှိနိုင်မှုကို တွက်ချက်မည်။ ထို့နောက် ငါးမွေးမြူရေး နှင့် ကိုက်ညီသော ချေးငွေကို ထုတ်ချေးရန် ငွေကြေးဝန်ဆောင်သူတို့နှင့် ညှိနှိုင်းမည်။ ထုတ်လုပ်မှု လုပ်ငန်းနှင့် ကိုက်ညီမည့် ချေးငွေကို ထုတ်ပေးနိုင်သော ငွေစုငွေချေးအဖွဲ့များကိုလည်း WorldFish က ချဉ်းကပ် ဆောင်ရွက်မည်။

## ရွှေ့ကိုမျှော်ကြည့်လျှင်

LIFT ၏ မြစ်ဝကျွန်းပေါ်အစီအစဉ်သည် LIFT ၏ ရေရှည်တည်တံ့ရေး ကြိုးပမ်းချက်အရ ဒေသအစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပိုမို ပေါင်းစပ်ညှိနှိုင်းရန်၊ အသိအမြင်မျှဝေရန် မျှော်မှန်းထားသည်။ တိုင်းဒေသကြီး အစိုးရ၊ မြို့နယ် အစိုးရတို့နှင့် ပေါင်းစပ်ညှိနှိုင်းမှုကို စီမံချက်ဖွင့်ပွဲများ၊ မြစ်ဝကျွန်းပေါ်အဖွဲ့၏ အခြားပွဲလမ်းအခမ်းအနားများဖြင့် ထူထောင်ခဲ့ပြီးဖြစ်သည်။ တိုင်းဒေသကြီး အစိုးရအဖွဲ့သစ်က မြေယာ ပြန်လည်ခွဲဝေသတ်မှတ်ခြင်း ရှေ့ပြေးစီမံချက်ကို ထောက်ပံ့ပေးရန် LIFT ကို ပန်ကြားခဲ့သည်။ ထိုကြောင့် LIFT ၏ မြစ်ဝကျွန်းပေါ်အစီအစဉ်ကို အတည်ပြုရန်၊  သက်ဆိုင်ရာ အစိုးရဌာနများ လွှတ်တော် ကိုယ်စားလှယ်များ နှင့် ဆွေးနွေးရန်၊ ပူးပေါင်းဆောင်ရွက်ရန် လုပ်ငန်းများတွင် အခွင့်သာ လာခဲ့သည်။

၂၀၁၇ ခုနှစ်အတွင်းတွင် ဖျာပုံ၌ ကျေးလက်လူထုကို အသိပညာပေးခြင်းနှင့် ငွေကြေးဝန်ဆောင်မှုများပေးခြင်းဖြင့် အစိုးရ၏ မြေယာခွဲဝေရေး စီမံချက်ကို LIFT က ထောက်ပံ့မည်။ အသိပညာပေးခြင်းကို WHH/GRET က ဆောင်ရွက်နေသော Delta RISE စီမံချက်က ဆောင်ရွက်မည်။ အစိုးရစီမံချက်အတွင်းရှိ အလားအလာရှိသော အခြားနေရာများအတွက် လွတ်လပ်သော မြေယာလုပ်ပိုင်ခွင့် ဆန်းစစ်ချက်ကိုလည်း LIFT ရန်ပုံငွေ အထောက်အပံ့ပေးထားသည့် GRET ၏ မြေယာသုတေသနစီမံချက်က ဆောင်ရွက်မည်။

၂၀၁၆ ခုနှစ်၏ နောက်ဆုံး သုံးလပတ်တွင် မေတ္တာဖောင်ဒေးရှင်း နှင့် Network Activities Group (NAG) တို့သည် မဟာဗျူဟာ အဆိုပြုလွှာကို ပြုစုခဲ့ပြီး ၂၀၁၇ နှစ်ဆန်းတွင် LIFT ရန်ပုံငွေဘုတ်အဖွဲ့က အတည်ပြုခဲ့သည်။ မေတ္တာဖောင်ဒေးရှင်းသည် ကျေးလက်ဒေသဆင်းရဲမှု လျှော့ချရေး နှင့် တန်းတူညီမျှသော စီးပွားရေး ဖွံ့ဖြိုးမှုကို အထောက်အကူပြုသော လူမှုစီးပွားလုပ်ငန်း ပုံစံတခုကို တည်ဆောက်မည်။ ထို့ပြင် မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သော စိုက်ပျိုးရေးကို ဖြစ်စေမည့် အသက်မွေးမှုဆိုင်ရာ မူဝါဒများနှင့် ဥပဒေများအတွက် ဦးဆောင်ကာ ဆွေးနွေးလှုံ့ဆော်မည် ဖြစ်သည်။ NAG သည် ရေလုပ်ငန်း ရပ်ရွာများ၏ ရပိုင်ခွင့်၊  သယံဇာတ ကာကွယ်ရေး၊ မြေယာခွဲဝေခြင်း၊ အသက်မွေးမှု ဖွံ့ဖြိုးရေး စသည့် အဓိက မူဝါဒ နယ်ပယ်များကို အာရုံစိုက်မည်။ ယင်းတို့သည် တိုင်းဒေသကြီးအစိုးရ၏ ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာ ဦးစားပေးများ နှင့် ကိုက်ညီသည်။

နိုင်ငံတကာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့အစည်း (IOM) ၏ 'ရွှေ့ပြောင်းသွားလာမှုကို အသက်မွေးမှု မဟာဗျူဟာအဖြစ် မြစ်ဝကျွန်းပေါ်ဒေသတွင် အသုံးပြုခြင်း' စီမံချက်အသစ်သည် အသက်မွေးမှုအတွက် စီမံကိန်းများ ရေးဆွဲရာတွင် ရွှေ့ပြောင်း သွားလာရေးကို ထည့်သွင်းစဉ်းစားရန် မြစ်ဝကျွန်းပေါ်ဒေသမြို့နယ်များမှ ပြည်သူများကို တိုက်တွန်းမည်။ စီမံချက် မြို့နယ်များသို့ တိုက်ရိုက်ထောက်ပံ့သည့်ပြင်၊ LIFT နှင့် ချိတ်ဆက်ဆောင်ရွက်နေသည့် အဖွဲ့များကိုလည်း ရွှေ့ပြောင်းသွားလာရေး နှင့် ဖွံ့ဖြိုးရေး တို့၏ ဆက်စပ်မှုကို အလေးအနက် နားလည်အောင် ပိုမိုကျယ်ပြန့်စွာ ထောက်ပံ့ရန် ဤစီမံချက်အသစ်က အဆိုပြုသည်။ အရပ်ဘက် နှင့် ဘာသာရေး အဖွဲ့အစည်း ၁၆ ဖွဲ့သည် ဘေးကင်းလုံခြုံသော ရွှေ့ပြောင်းသွားလာရေး နှင့် ရွှေ့ပြောင်းသွားလာရေး၏ အကျိုးကျေးဇူးများကို လူအများ သိရှိလာစေရန် ပူးပေါင်း ဆောင်ရွက်ကြမည်။ မိတ်ဖက်အဖွဲ့ ၁၀ ဖွဲ့ သည် IOM နှင့်ပူးပေါင်းကာ ရွှေ့ပြောင်းသွားလာရေးကို အလေးထားသော အစီအစဉ်ရေးဆွဲခြင်းကို ထောက်ပံ့ကြမည်။

## စက်မှုလယ်ယာဖြင့် ရှေ့သို့တက်လှမ်းခြင်း



အသက်၇၀အရွယ်ရှိ ဦးယဉ်လှိုင်သည် ဇနီး၊သားသမီး ခြောက်ယောက်၊ မြေးကိုးယောက်တို့နှင့်အတူ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသရှိ ကြာကန်ထောင့်ရွာတွင် နေထိုင်လျက်ရှိသည်။ ဖခင်ထံမှ ၅၇-ဧကကို ဆက်ခံရခဲ့ပြီး ယခုအခါတွင် အဆိုပါမြေဧကများကို သားများ နှင့်အတူ ခွဲဝေ လုပ်ကိုင် စားသောက်နေကြသည်။

ဦးယဉ်လှိုင်တို့ မိသားစုလေးသည် စပါး နှင့် ပဲတို့ကို နှစ်တိုင်း စိုက်ပျိုးသည်။ စိုက်ပျိုးရေး မှာ အချိန်နှင့် လုပ်ရသည် ဖြစ်၍ အမှား မခံပေ။ အချိန်မီ မစိုက်နိုင်ပါက သီးထွက်၆၀ရာခိုင်နှုန်း အထိ ဆုံးရှုံးနိုင်သည်။

ဦးယဉ်လှိုင်သည် ကလေးဘဝကစ၍ ဤလယ်ထဲတွင်ပင် အလုပ်လုပ်လာခဲ့သည်။ နွားကျောင်းရသည်။ နွားများကိုသာ အသုံးပြု၍ ထွန်ယက်စိုက်ပျိုးရာတွင် လုပ်အားနှင့် အချိန် များစွာ ကုန်လှသည်။ မိသားစု တစ်စုလုံး နှစ်စဉ်နှစ်တိုင်းတွင် တမိုးတွင်းလုံး မနားမနေ အလုပ်လုပ်ခဲ့ကြရသည်။ လယ်ထွန်စက် မဝယ်မီက ဆိုလျှင် စပါးစိုက်ရန်နှင့် မြေပြင်ရန်အတွက် သုံးလ ထက်မနည်း လုပ်ကိုင်ကြရသည်ဟု ဦးယဉ်လှိုင်က ပြောပြသည်။ ယခုအခါ လယ်ထွန်စက်ကိုသုံးပြီး ငါးရက်နှင့် အပြီး ထွန်နိုင်ပြီ ဖြစ်သည်။

၂၀၁၆ခုနှစ်တွင် ဤမိသားစုလေး၏ စိုက်ပျိုးနည်းမှာ ရုတ်ခြည်း ပြောင်းလဲသွားသည်။ နှစ်ပေါင်းတော်တော် ကြာအောင် ငွေစုကာ လယ်ထွန်စက် အကြောင်းကိုလည်း လေ့လာပြီးနောက် ဦးယဉ်လှိုင်တို့ မိသားစုသည် ၂၀၁၆ခုနှစ် နှစ်ဆန်းတွင် LIFT ရန်ပုံငွေပံ့ပိုးသည့် ရိုးမဘဏ်၏ စိုက်ပျိုး-စီးပွား ငွေကြေးပံ့ပိုးမှု အစီအစဉ် (AFP) ဖြင့် လယ်ထွန်စက်တစီး ဝယ်ခွင့် ရရှိခဲ့သည်။ ဤအစီအစဉ်ဖြင့် ဦးယဉ်လှိုင် သည် မြင်းကောင်ရေ ၄၇-ကောင်အား ရှိသည့် ထွန်စက်ကို ကန်ဒေါ်လာ ၁၈,၀၀၀ ခန့်ဖြင့် ဝယ်ယူခဲ့သည်။ ကုန်ကျသည့်တန်ဖိုး၏ (၁၀)ရာခိုင်နှုန်းကိုသာ လက်ငင်း ငွေချေခဲ့ရပြီး (၂)နှစ်အရစ်ကျဖြင့် ပြန်လည်ပေးဆပ်မည် ဖြစ်သည်။ သုံးလတကြိမ် ငွေသွင်းရုံဖြင့် ဤမိသားစုသည် ထွန်စက်တစ်စီးကို ဝယ်နိုင်ခဲ့ပြီ ဖြစ်သည်။

ထွန်စက်ဝယ်ပြီးနောက် ချက်ချင်းပင် အကျိုးရှိလာသည်။ ယခင်က သုံးလ လေးလ လုပ်ရသော အလုပ်ကို ယခုအခါ ငါးရက်သာ လုပ်ရတော့သည်။ လုပ်အားပိုမို တိုးတက်လာကာ သီးနှံထွက်လည်း တိုးလာသည်။ သားအငယ်ဆုံး ဖြစ်သော မင်းထိုက် သည် အစ်ကိုများ နှင့်အတူ ဖခင်ကို အဖော်လုပ်ကာ ထွန်စက်ဝယ်ရန် စာချုပ်လက်မှတ်ထိုးရန် သွားခဲ့ကြသည်။ အဲဒီလိုဝယ်ဖို့ လုပ်နေတဲ့ နေ့တွေက ပျော်စရာကောင်းသောနေ့တွေ ဖြစ်ကြောင်း သူက ပြောပြသည်- `ကျွန်တော်တို့ ထွန်စက် ပိုင်ပြီဗျ။ အိပ်မက်တွေ တကယ်ဖြစ်လာပြီ’

ယခုအခါ သူ့ ရည်မှန်းချက်များမှာလည်း ကြီးထွားလာလေပြီ။ သူတို့လယ်ကို စနစ်တကျ ဖြစ်စေလိုသည်။ ရွာတွင်လည်း လမ်းကောင်းကောင်း ရှိချင်သည်။ လျှပ်စစ်မီးလည်း လိုချင်သည်။ တနေ့တွင် ခြွေလှေ့စက်ကြီး ဝယ်ဖို့ မျှော်လင့်သည်။ မြေထပ်ဝယ်ကာ တောင်သူများကို ပညာပေးဖို့ စံပြစိုက်ခင်းလည်း စိုက်ပြချင်သေးသည်။

ဦးယဉ်လှိုင် ၏ဇနီး ဒေါ်သန်းသန်းက- လယ်ကွင်းထဲမှာ စိုက်ချိန်မီအောင် သူ့အိမ်သားများ ပင်ပင်ပန်းပန်း လုပ်ခဲ့ရသည်ကို မကြည့်ရက်အောင် ဖြစ်ခဲ့ရကြောင်း ပြန်ပြောင်း ပြောပြသည်။ ကလေးများ ငယ်စဉ်က အလွန် ရုန်းကန်ခဲ့ရကြောင်း၊ ကလေးတိုင်းကို ကျောင်းထားရန် မတတ်နိုင်ခဲ့ကြောင်း၊ လယ်ထဲမှာ အလုပ်လုပ်ခိုင်း ခဲ့ရကြောင်း၊ မြေးများမှာမူ အခု ခေတ်ကောင်းကို ရောက်နေပြီဟု ပြောပြသည်။ သူမ၏မြေးများ ပညာရေးဆုံးခန်း တိုင်နိုင်မည့် အလားအလာမှာ တကယ် ဖြစ်လာနိုင်လေပြီ။ အကြီးဆုံး မြေးမလေးသည် ရွာမှ နာရီဝက်ခန့်သာ သွားရသော ပုသိမ်တက္ကသိုလ်တွင် တက်ရောက် ပညာသင်ကြားနေပြီဖြစ်သည်။

စက်မှုလယ်ယာကြောင့် တမိသားစုလုံး အချိန်ပို ရလာကာ ရပ်ရေးရွာရေး ဘာသာရေးတွင် ဝင်ပါလာနိုင် ကြသည်။ မိသားစု စုံစုံလင်လင် အတူတူ နေရသောအချိန် ပိုရလာသည်။

## ရွာမှာလည်း အကျိုးရှိသည်

လယ်ယာသုံးစက်ကိရိယာမရှိသည့် မင်းထိုက်တို့ အိမ်နီးနားချင်းများလည်း အကျိုးရှိလာသည်။ အိမ်နီးချင်း မြေပိုင်ရှင် ဦးမာစောနှင့် သူ့တူ ဖညတ်တို့သည် လယ်ထွန်စက်ကိုသုံးဖို့ ငွေကျပ်နှစ်သောင်း (ကန်ဒေါ်လာ ၁၅ခန့်) ပေးရသည်။ ထိုငွေမှာ လူ့လုပ်အားဖြင့် ထွန်ယက်သည့် စရိတ်ထက် နည်းသည်။ တနာရီအတွင်း ပြီးစီးသည့် အလုပ်ကို လယ်လုပ်သား နှစ်ယောက်က နွားများဖြင့် နှစ်ရက်ခန့် လုပ်ခဲ့ရသည်။ လွန်ခဲ့သော ရှစ်လအတွင်းတွင် အခြား တောင်သူ အယောက်၂၀ကလည်း မင်းထိုက်တို့ထံမှ ထွန်စက်ကို ငှားခဲ့ကြသည်။ တရွာလုံးမှလယ်များ ပဲစိုက်ရန် မြေပြင် ပြီးကြပြီ။ တရွာလုံး အထွက်ကောင်းမည်ဟု ယုံကြည်ကြောင်း ဦးယဉ်လှိုင်က ပြောပြသည်။ ထိုသို့ အောင်မြင်စေရန် သူ့လယ်ထွန်စက်ကလည်း ပါဝင် စွမ်းဆောင်ခဲ့သဖြင့် သူဂုဏ်ယူမိသည်။

သားအကြီးဆုံး လှမိုးခိုင်က ဒေသအတွင်း လုပ်အား ရှားပါးမှုအကြောင်းပြောပြသည်။ လုပ်ခပိုရသော အထည်ချုပ်လုပ်ငန်း သို့ အလုပ်ပြောင်းကြသဖြင့် လယ်များ မည်သို့ ထိခိုက်ကြောင်းကိုလည်း ပြောပြသည်။ လယ်ထွန်စက်သာ မရှိပါက သူတို့မိသားစုလည်း နောက်ကျကျန်ခဲ့မည်ဟု သူက ပြောသည်။

ယခုအခါ သူ့မိသားစု၏ အနာဂတ်ကို စိတ်ချနိုင်ပြီ ဖြစ်သောကြောင့် ဘဝ၏ ရိုးရှင်းသော အလုပ်ကလေး ဖြစ်သည့် ရွာကျောင်းသို့သွားကာ မြေးများကို ကျောင်းကြိုကျောင်းပို့ရသည်ကိုပင် ဦးယဉ်လှိုင် ပျော်မွေ့နေလေပြီ ဖြစ်သည်။



# အပူပိုင်းဇုန်







# ၃.၂။ အပူပိုင်းဇုန်


## ခြုံငုံဖော်ပြချက်

၂၀၁၅ ခုနှစ် နှစ်ကုန်တွင် အပူပိုင်းဇုန်စီမံကိန်းအသစ်၏ ကွင်းဆင်းလုပ်ငန်းများကို စတင်ခဲ့ပြီး ယခုအခါ စီမံချက် ခုနစ်ခုအနက် ခြောက်ခုကို အကောင်အထည်ဖော်နေပြီ ဖြစ်သည်။ အစီအစဉ်၏ ယေဘုယျ ဦးတည်ချက်မှာ သာတူညီမျှရှိသော ဖွံ့ဖြိုးမှုကိုရရှိရန်၊ ရပ်ရွာ နှင့် အလုပ်လုပ်ရာတွင် အသုံးပြုနိုင်မည့် အသိအမြင်နှင့် အတွေ့အကြုံကောင်းများကို တောင်သူများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ အစိုးရဌာနများ ရရှိရေးကို ကူညီမည့် ရေရှည်တည်တံ့သော ရလဒ်များကို ရရှိရန် ဖြစ်သည်။

LIFT ၏၂၀၁၅ခုနှစ်အိမ်ထောင်စုစစ်တမ်း မှရလဒ်များ အရ အပူပိုင်းဇုန်တွင် ရိက္ခာဖူလုံမှု သိသာစွာ တိုးတက်လာကြောင်း တွေ့ရသည်။[၃၃] ၂၀၁၁ ခုနှစ် စာရင်းတွင် အိမ်ထောင်စုများ၏ ၇၂ ရာခိုင်နှုန်းသည် ကုန်လွန်ခဲ့သော ၁၂ လ အတွင်း အိမ်ထောင်စု အတွက် လိုအပ်သည့် ရိက္ခာပမာဏ မရှိခဲ့ကြောင်း တွေ့ရပြီး ၂၀၁၅ ခုနှစ်တွင် ဤကိန်းဂဏန်းသည် ၂.၂ ရာခိုင်နှုန်းသို့ ကျသွားသည်။ အစားအသောက်အမည် စုံလင်မှုမှာလည်း တိုးတက်လာရာ အာဟာရအကြောင်းကို ပိုမို နားလည်လာကြောင်း၊ အစားအသောက်များကို အမည်စုံလင်အောင် ဝယ်နိုင်လောက်သော ဝင်ငွေရှိလာကြောင်းကို ညွှန်းဆိုနေသည်။

အပူပိုင်းဇုန်၏နေရာ အများအပြားတွင် ခိုင်းနွားများအစား လယ်ထွန်စက်များကို အသုံးပြုလာကြောင်း စစ်တမ်းအရ သိရသည်။ နိုင်ငံရေး နှင့် ဈေးကွက် အခြေအနေတို့က စိုက်ပျိုးရေး၏ စီးပွားရေးအသွင်ကူးပြောင်းလာမှုကို အထောက်အပံ့ပြု နေကြောင်း စက်မှုလယ်ယာဆိုင်ရာ လေ့လာချက်တစ်ခုအရ သိရသည်။ စိုက်ပျိုးရေးစက်ကိရိယာများ တင်သွင်းမှုတွင် ကန့်သတ်ချက် မရှိဘဲ ဈေးကွက်ပြိုင်ဆိုင်မှုမှာလည်း ကြီးမားလှသည်။[၃၄] အပူပိုင်းဇုန်တွင် စက်မှုလယ်ယာ ကူးပြောင်းရေးအတွက် တွန်းအားများမှာ (၁) လုပ်ငန်းလိုအပ်ချက်အများဆုံးအချိန်များတွင် လုပ်အားပြတ်လပ်ခြင်း၊ (၂) လယ်ထွန်စက်များ ခြွေလှေ့စက်များကို ရင်းနှီး မြှုပ်နှံပါက အမြတ်အစွန်းကြီးမားခြင်း၊ (၃) ဘဏ်များမှ ငွေကြေးဝန်ဆောင်မှုရရှိရန် လွယ်ကူလာခြင်း တို့ဖြစ်သည်။ ထို့ကြောင့် တောင်သူများသည် စက်မှုလယ်ယာဖြင့် စိုက်ပျိုးမြေများကို တိုးချဲ့လာနိုင်သည်။ မန္တလေးတိုင်းတွင် စိုက်ပျိုးမြေသည် ၁၉၈၉ မှ ၂၀၁၂ခုနှစ်အတွင်း ၂၁ ရာခိုင်နှုန်း တိုးလာသည်။

*ပုံ ၃.၂။ ၂၀၁၆ခုနှစ် အပူပိုင်းဇုန်တွင် LIFT ၏ လုပ်ငန်းဆောင်ရွက်မှုများ*




33 'LIFT Household Survey 2015'

34 B.Belton (MSU), Myat Thida Win (CESD) and Xiaobo Zhang (IFPRI), 'Briefing note: Myanmar's mechanization revolution', May 2016

LIFT သည် စိုက်ပျိုးရေးကဏ္ဍ ခေတ်မီရေးအတွက် အကြံပေးဝန်ဆောင်မှုများ၊ ငွေကြေး၊ ရေရရှိရေးနှင့် မျိုးစေ့ရရှိရေးတို့ဖြင့် ထောက်ပံ့သဖြင့် အိမ်ထောင်စုများအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် တက်လှမ်းနိုင်လာကြသည်။

၂၀၁၆ ခုနစ်တွင် ကမ္ဘာ့ဘဏ်က LIFT အထောက်အပံ့ဖြင့် ဆောင်ရွက်သောစစ်တမ်း- 'ရွှေ့လျားနေသောနိုင်ငံ။ မြန်မာနိုင်ငံ၏ ဒေသနှစ်ခုရှိ ပြည်တွင်းရွှေ့ပြောင်းမှု' တွင် အပူပိုင်းဇုန်၏ ရွှေ့ပြောင်းသွားလာမှု အနေအထားကို ဖော်ပြထားသည်။ စီးပွားရေး အသွင်ကူးပြောင်းသည့် ၂၀၁၁ခုနှစ် မှ စတင်ကာ မကွေးတိုင်းဒေသကြီးတွင် ပြင်ပရွှေ့ပြောင်း သွားလာမှု အထူး များပြားလာသည်။ အိမ်ထောင်စု ၅ စုလျှင် တစ်စုတွင် ရွှေ့ပြောင်းသွားလာသူ ရှိနေသည်။ အပူပိုင်းဇုန်၏ ရွှေ့ပြောင်း သွားလာသူများမှာ ငယ်ရွယ်သော ယောကျ်ားများဖြစ်ပြီး လယ်ယာလုပ်ငန်းထက် ဝင်ငွေပိုရသော အလုပ်အတွက် ရွှေ့ပြောင်းသွားကြခြင်း ဖြစ်တတ်သည်။


မွေးစကလေး ကိုယ်အလေးချိန်လျော့နည်းခြင်း၊ ပုညှက်ခြင်းတို့မှာ အပူပိုင်းဇုန် အနှံ့အပြားတွင် တွေ့ရသော အာဟာရ ဆိုင်ရာ စိန်ခေါ်မှုကြီးများဖြစ်ပြီး ကလေးများ၏ ၃၁.၂ရာခိုင်နှုန်းမှာ ပုညှက်လျက်ရှိကာ ၃၆.၆ ရာခိုင်နှုန်းမှာ မွေးခင်းစ ကိုယ်အလေးချိန် လျော့နည်းကြသည်။[35] မိခင်နှင့် ကလေးတို့အတွက် အာဟာရပြည့်ဝသော အစားအသောက်၊ အာဟာရ ဆိုင်ရာ မိရိုးဖလာ အစဉ်အလာအစွဲများကို ဖျောက်ဖျက်နိုင်မည့် အထောက်အပံ့ တို့ကို လိုအပ်နေသည်။ အာဟာရနှင့် ပတ်သက်၍ မိခင်နှင့်ကလေးများအား ငွေကြေးထောက်ပံ့မှု အစီအစဉ်ဖြင့် ဆောင်ရွက်သည်။ ယင်းတွင် အာဟာရပြည့်ဝသော အစားအသောက်များ၊ တကိုယ်ရည် သန့်ရှင်းရေး ၊ မိခင် နှင့် ကလေး ကျန်းမာရေး တို့၏ သတင်းစကားများကိုလည်း ရပ်ရွာသို့ ပေးအပ်သွားမည် ဖြစ်သည်။

LIFT ၏၂၀၁၅ ခုနှစ်အိမ်ထောင်စုစစ်တမ်းတွင် အပူပိုင်းဇုန်မှ ဖြေကြားသူ ၉၀ ရာခိုင်နှုန်းကျော်က အစာမစားမီ နှင့် စားပြီးသော အခါ လက်ဆေးကြသော်လည်း ၄၄ ရာခိုင်နှုန်းကသာ ကလေးများကို အစားအသောက်မကျွေးမီ လက်ဆေးကြသည်ဟု ဖြေကြားကြောင်း တွေ့ရသည်။ အိမ်ထောင်စုများ၏ ၅၈ ရာခိုင်နှုန်းကသာ ကောင်းမွန်သော ရေအရင်းအမြစ်ကို လက်လှမ်းမီ ကြပြီး ၃ ရာခိုင်နှုန်းကသာ သွယ်တန်းထားသည့်ရေပိုက်မှ သန့်ရှင်းသောရေကို လက်လှမ်းမီကြသည်။ ဤစစ်တမ်းက ပြသ နေသည်မှာ လဟာပြင်တွင် အညစ်အကြေးစွန့်ပစ်ခြင်းမှာ ၁၃.၈ ရာခိုင်နှုန်းထိ ရှိနေသေးသည်။ ယင်းကို ၂၀၁၉ ခုနှစ်တွင် သုည ရာခိုင်နှုန်းထိ ချသွားရန်မှာ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၏ ဦးတည်ချက် ဖြစ်သည်။

ကျေးလက်ဒေသမှန္တမ်းပါးသူများကို ရေရှည်တည်တံ့သည့် ကျေးရွာအခြေပြု လူမှုကာကွယ်စောင့်ရှောက်ရေး စီမံကိန်းများ၊ အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်အတွက် ရေ့ပြေးစီမံချက်များဖြင့် ထောက်ပံ့ရန် LIFT က ကတိကဝတ် ပြုထားသည်။

*ပုံ ၃.၂.၁ ။ အပူပိုင်းဇုန်အတွင်း ကဏ္ဍအလိုက် LIFT၏ ရင်းနှီးမြှုပ်နှံမှုများ (၂၀၁၆-၂၀၁၉)*

စိုက်ပျိုးရေး-ဂေဟဇုန်အလိုက် ရန်ပုံငွေ ခွဲဝေချထားမှု (ကန်ဒေါ်လာ)




35 Save the Children, WFP and MoALI, 'A Nutrition and Food Security Assessment of the Dry Zone of Myanmar in June and July 2013', 2014

*ဇယား ၃.၃ ။ ၂၀၁၆ခုနှစ် အပူပိုင်းဇုန်ရှိ LIFT ရန်ပုံငွေပံ့ပိုးသည့် စီမံချက်များ*

| စဉ် | မိတ်ဖက်အဖွဲ့အစည်း | နေရာ | ဦးတည်ချက် |
|---|---|---|---|
| ၁ | ActionAid | ညောင်ဦး၊ ပခုက္ကူ၊ မြောင် | အမျိုးသမီးများအား အသက်မွေးမှုသင်တန်း၊ အလုပ်အကိုင်နှင့် လူမှုရေးဝန်ဆောင်မှုများကို လက်လှမ်းမီစေရန် ဆောင်ရွက်ပေးခြင်း |
| ၂ | Terres des Hommes (TdH) | တောင်သာ၊ နတ်မောက်၊ မြင်းခြံ၊ ရေနံချောင်း။ | အပူပိုင်းဇုန်အတွင်းရှိ ချောင်ကျသော ကျေးရွာများမှ လယ်မဲ့မြေမဲ့များနှင့် ဝမ်းစာ မလုံလောက်သော တောင်သူများအား ရေကို ထိရောက်စွာ အသုံးပြုကာ အာဟာရပြည့်ဝသော ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးခြင်းဖြင့် ဝင်ငွေနှင့် အာဟာရကောင်းမွန်စေရန် ဆောင်ရွက်ခြင်း |
| ၃ | International Fertilizer Development Center (IFDC) | တောင်သာ၊ နွားထိုးကြီး၊ ပခုက္ကူ၊ မလှိုင်၊ မြင်းခြံ၊ ရေစကြို | သွင်းအားစု နှင့် အကြံပေးဝန်ဆောင်မှုပေးသည့် ဒေသခံများ နှင့် ဌာနဆိုင်ရာမှ တိုးချဲ့ပညာပေး အရာရှိများ ကို တောင်သူများအား လယ်ယာ အကြံပေးလုပ်ငန်းများ ပေးနိုင်ရန် ထောက်ပံ့ခြင်း |
| ၄ | Food and Agriculture Organization (FAO) | တောင်သာ၊ နွားထိုးကြီး၊ ပခုက္ကူ၊ မလှိုင်၊ မြင်းခြံ၊ ရေစကြို | တိရိစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများနှင့် ရောင်းဝယ်ရေး တို့ကို တိုးတက်စေမည့် မူဝါဒအဆင့်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တောင်သူများကို အကျိုးတူရင်းနှီးမြှုပ်နှံပေးသည့် စီမံချက်ငယ်များကို စတင်မိတ်ဆက်ပေးခြင်း |
| ၅ | Golden Plain | ပခုက္ကူ၊ ရေစကြို | သစ်စိမ်းမြေသြဇာကျွေးပြီး မြေဆီပြန်လည် ထိန်းသိမ်းကာ ရေရှည် အထွက်တိုးစေရန် ဆောင်ရွက်ခြင်း၊  သီးနှံပုံစံသစ် နှင့် အထွက်စော မျိုးကောင်းများကို မိတ်ဆက်ခြင်း၊ |
| ၆ | United Nations Economic and Social Commission for Asia and the Pacific (UNESCAP) | အပူပိုင်းဇုန်တဝှမ်း | စက်မှုလယ်ယာ၊ မျိုးစေ့ထုတ်လုပ်ခြင်း၊ တောင်သူ ဦးဆောင်သည့် လယ်ယာလုပ်ငန်းတီထွင်ဆန်းသစ်ခြင်းဆိုင်ရာ သင်တန်းဆွေးနွေးပွဲများ ကျင်းပခြင်း၊ နည်းပညာအစီရင်ခံစာများ ပြုစုခြင်း။။ |
| ၇ | HelpAge International | တောင်သာ၊ နွားထိုးကြီး၊ ပခုက္ကူ၊ မလှိုင်၊ မြင်းခြံ၊ ရေစကြို | အကြံပေးဝန်ဆောင်မှု၊ ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှု၊ စုပေါင်း သိုလှောင်မှု ဈေးကွက်တင်မှု၊ တောင်သူ အစည်းအရုံးတို့ဖြင့် စပါးထုတ်လုပ်မှု၊ အရည်အသွေး၊ တန်ဖိုးများကို တိုးမြှင့်ခြင်း |
| ၈ | Link Emergency Aid & Development (LEAD) | လပွတ္တာ | လက်ရှိ ကျေးရွာအခြေပြု လူမှု ကာကွယ် စောင့်ရှောက်ရေး အစီအစဉ်များကို ထောက်ပံ့ရန်၊ သက်ကြီးလူမှုရေးပင်စင် ပေးအပ်နေသော အစိုးရစီမံကိန်းနှစ်ခုကို ထောက်ပံ့ရန်၊ မသန်စွမ်း တို့ကို ထောက်ပံ့ရန်။ |
| ၉ | Alliance | ပုသိမ်ကြီး၊ ပြင်ဦးလွင်၊ မန္တလေး | စိုက်ပျိုးရေး၊ အသေးစား စီးပွားရေးလုပ်ငန်း၊ လူမှုရေးချေးငွေ၊စုငွေ၊ အခြေခံ ငွေရေးကြေးရေးဆိုင်ရာ အသိပညာပေးခြင်း၊ သက်သာချောင်ချိရေး |
| ၁၀ | Ar Yone Oo | ကလေး | စိုက်ပျိုးရေး၊ အသေးစား စီးပွားရေးလုပ်ငန်း၊ လူမှုရေးချေးငွေ၊စုငွေ၊ အခြေခံ ငွေရေးကြေးရေးဆိုင်ရာ အသိပညာပေးခြင်း၊ သက်သာချောင်ချိရေး |
| ၁၁ | Border Areas Development Association | မုံရွာ | စိုက်ပျိုးရေး၊ အသေးစား စီးပွားရေးလုပ်ငန်း၊ လူမှုရေးချေးငွေ၊စုငွေ၊ အခြေခံ ငွေရေးကြေးရေးဆိုင်ရာ အသိပညာပေးခြင်း၊ သက်သာချောင်ချိရေး |

| စဉ် | မိတ်ဖက်အဖွဲ့အစည်း | နေရာ | ဦးတည်ချက် |
|---|---|---|---|
| ၁၂ | Fullerton | ကျောက်ဆည်၊ မန္တလေး | စိုက်ပျိုးရေး၊ အသေးစား စီးပွားရေးလုပ်ငန်း၊ လူမှုရေးချေးငွေ၊စုငွေ၊ အခြေခံ ငွေရေးကြေးရေး ဆိုင်ရာ အသိပညာပေးခြင်း၊ သက်သာချောင်ချိရေး |
| ၁၃ | GRET | ဘုတလင်၊ မုံရွာ၊ ယင်းမာပင် | စိုက်ပျိုးရေး၊ အသေးစား စီးပွားရေးလုပ်ငန်း၊ လူမှုရေးချေးငွေ၊စုငွေ၊ အခြေခံ ငွေရေးကြေးရေး ဆိုင်ရာ အသိပညာပေးခြင်း၊ သက်သာချောင်ချိရေး |
| ၁၄ | PGMF | ကျောက်ပန်းတောင်း၊ ချောက်၊ ချောင်းဦး၊ စလင်း၊ ဆင်ဖြူကျွန်း၊ ညောင်ဦး၊ တောင်တွင်းကြီး၊ တောင်သာ၊ နတ်မောက်၊ နွားထိုးကြီး၊ ပခုက္ကူ၊ ပွင့်ဖြူ၊ မကွေး၊ မလှိုင်၊ မင်းဘူး၊ မိတ္ထီလာ၊ မြို့သစ်၊ မြင်းခြံ၊ မြောင်၊ မြိုင်၊ ရေစကြို၊ ရေနံချောင်း၊ အရာတော်၊ အောင်လံ | စိုက်ပျိုးရေး၊ အသေးစား စီးပွားရေးလုပ်ငန်း၊ လူမှုရေးချေးငွေ၊စုငွေ၊ အခြေခံ ငွေရေးကြေးရေး ဆိုင်ရာ အသိပညာပေးခြင်း၊ သက်သာချောင်ချိရေး |
| ၁၅ | Proximity Designs | ချောင်းဦး၊ တောင်သာ၊ နတ်မောက်၊ နွားထိုးကြီး၊ ပုလဲ၊ ပျော်ဘွယ်၊ မကွေး၊ မလှိုင်၊ မင်းဘူး၊ မုံရွာ၊ မြို့သစ်၊ မြင်းခြံ၊ ယင်းမာပင်၊ ရေစကြို၊ ရွှေဘို၊ သာစည်၊ ဝက်လက်၊ အောင်လံ | စိုက်ပျိုးရေး နှင့် မွေးမြူရေးချေးငွေများ ၊ အခြေခံ ငွေရေးကြေးရေးဆိုင်ရာ အသိပညာပေးခြင်း၊ |
| ၁၆ | Save the Children | ပခုက္ကူ၊ မလှိုင်၊ ရေစကြို၊ | မိခင်တို့ကို ငွေကြေးထောက်ပံ့သည့် ဘဝအစ ရက်တစ်ထောင် စီမံချက်၏ ထိရောက်မှုကို Randomized controlled trail (RCT) များဖြင့် ဆောင်ရွက်ခြင်း |
| ၁၇ | VisionFund | ကျောက်ဆည်၊ ချောက်၊ စစ်ကိုင်း၊ စဉ့်ကိုင်၊ ပုသိမ်ကြီး၊ ပြင်ဦးလွင်၊ မတ္တရာ၊ မန္တလေး၊ မုံရွာ၊ ရွှေဘို၊ | စိုက်ပျိုးရေး၊ အသေးစား စီးပွားရေးလုပ်ငန်း၊ လူမှုရေးချေးငွေ၊စုငွေ၊ အခြေခံ ငွေရေးကြေးရေး ဆိုင်ရာ အသိပညာပေးခြင်း၊ သက်သာချောင်ချိရေး |
| ၁၈ | Social Vision Service | ဝမ်းတွင်း | စိုက်ပျိုးရေး၊ အသေးစား စီးပွားရေးလုပ်ငန်း၊ လူမှုရေးချေးငွေ၊စုငွေ၊ အခြေခံ ငွေရေးကြေးရေး ဆိုင်ရာ အသိပညာပေးခြင်း၊ သက်သာချောင်ချိရေး |
| ၁၉ | MPSWA | တောင်သာ၊ နွားထိုးကြီး၊ မြင်းခြံ၊ | အမှုအကျင့်ပြောင်းလဲရေးဆိုင်ရာ သတင်းစကား ပြောကြားမှုများဖြင့် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်/နို့တိုက်/ကလေးငယ် မိခင်တို့၏ အာဟာရ အမူအကျင့်ကို ကောင်းမွန်စေခြင်း |
| ၂၀ | UN-Habitat | တောင်သာ၊ နွားထိုးကြီး၊ ပခုက္ကူ၊ မလှိုင်၊ မြင်းခြံ၊ ရေစကြို၊ | လေဟာပြင်အညစ်အကြေးစွန့်မှုလုံးဝပျောက်ရေး ကို ဦးတည်ကာ တကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အသိပညာများပေးခြင်း |

*ပုံ ၃.၂.၂ ။ ၂၀၁၆ခုနှစ်အပူပိုင်းဇုန်၌ LIFT၏ငွေကြေးဆိုင်ရာတွင်အားလုံး ပါဝင်စေမှု မိတ်ဖက်အဖွဲ့များ၏ ထုတ်ချေးငွေများ*



# ၂၀၁၆ ခုနှစ်မှ စိတ်ဝင်စားဖွယ်ရာများ

## အပူပိုင်းဇုန်တွင် စက်မှုလယ်ယာ ကူးပြောင်းရေး နှင့် လယ်ယာပြင်ပ အလုပ်အကိုင် အခွင့်အလမ်းများ အတွက် ထောက်ပံ့ခြင်း

အပူပိုင်းဇုန်ဒေသ ကျေးလက်စီးပွားရေး တိုးတက်စေရန် စက်မှုလယ်ယာ ကူးပြောင်းရေး နှင့် လယ်ယာပြင်ပ အလုပ်အကိုင် အခွင့်အလမ်းများ ဖြစ်ထွန်းအောင်လုပ်ပေးမည့် အသေးစားငွေကြေးလုပ်ငန်းများနှင့် ဘဏ်များကို LIFTက ထောက်ပံ့လျက်ရှိသည်။ ၂၀၁၆ ခုနှစ်တွင် LIFT၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်းဝင် မိတ်ဖက်အဖွဲ့များသည် ရွာပေါင်း ၅,၆၀၀ မှ အိမ်ထောင်စု ၇၁၀,၀၀၀ ထံသို့ ကန်ဒေါ်လာ ၉၁ သန်းရှိသော ချေးငွေများ ထုတ်ချေးခဲ့သည်။ ယင်းတွင် ၅၀ရာခိုင်နှုန်းမှာ မွေးမြူရေး နှင့် အငယ်စား စီးပွားရေးလုပ်ငန်းများ၊ ၃၇ရာခိုင်နှုန်းမှာ သီးနှံထုတ်လုပ်ရေး၊ ၈ ရာခိုင်နှုန်းမှာ စက်ကိရိယာ ဝယ်ယူရန် ၊ ၄ ရာခိုင်နှုန်းမှာ လုပ်ငန်းထူထောင်ရန်၊ ၁ ရာခိုင်နှုန်းမှာ လူမှုရေးနှင့် အခြား ချေးငွေများဖြစ်သည်။ စက်ကိရိယာ ဝယ်ယူရန် ချေးငွေမှာ အသစ်ဖြစ်သည်။ PGMF နှင့် ရိုးမဘဏ်တို့က ပုံစံကွဲများဖြင့် ထုတ်ချေးပေးလျက်ရှိသည်။

ရိုးမဘဏ်၏ စိုက်ပျိုး-စီးပွားရေး ငွေကြေးပံ့ပိုးမှုအစီအစဉ် (AFP)သည် ရလဒ်ကောင်းများ သိသာစွာ ရရှိနေပြီ ဖြစ်သည်။ စက်ကိရိယာ ဝယ်ယူရန် ငွေပိုမိုလိုအပ်ပါက LIFTမှ ပံ့ပိုးပေးသည့် တပိုင်းတစ ဆုံးရှုံးမှုအာမခံရန်ပုံငွေဖြင့် ဆောင်ရွက်သည်။ ထိုကြောင့် ဘဏ်သည် လက်ငင်း ပေးချေငွေကို ၃၀ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ လျှော့ချလိုက်ကာ ချေးငွေ ကာလကိုလည်း ၁ နှစ်မှ ၃ နှစ်သို့ တိုးပေးလိုက် နိုင်သည်။ ထိုကြောင့် ငွေချေးသူတို့မှာ ပြန်ပေးဆပ်ရန် ပိုမို တတ်နိုင်လာကြသည်။၂၀၁၆ခုနှစ်တွင် ရိုးမဘဏ်၏ AFP အစီအစဉ်ဖြင့် အပူပိုင်းဇုန်မှ ကျေးလက်စီးပွားရေးလုပ်ငန်းရှင် ၉၆၃ ဦးကို ပျမ်းမျှ မြန်မာကျပ်ငွေ ၁၉.၅ သန်း (ကန်ဒေါ်လာ ၁၄,၄၀၀ ခန့်) ထုတ်ချေးခဲ့သည်။ ၆၀ ရာခိုင်နှုန်းသော ငွေချေးသူများက လယ်ထွန်စက်များကို ဝယ်ယူခဲ့ပြီး တောင်သူ ၁၁,၆၀၀ ခန့်ထံသို့ အငှါးပြန်လိုက်ခဲ့ကြသည်။ ဤသို့ ငှားရမ်းမှုကြောင့် တောင်သူငယ်များမှာ မြေပြင်စရိတ်သက်သာကာ ကုန်ထုတ်စွမ်းအား တက်လာပြီး စက်မှုလယ်ယာ၏ အကျိုးကျေးဇူးကို ခံစားခဲ့ကြရသည်။

၂၀၁၆ ခုနှစ် နှစ်ကုန်တွင် ဤ AFP အစီအစဉ်သည် စစ်ကိုင်း၊ မကွေး၊ မန္တလေးတိုင်းတို့တွင် ကုန်တင်ကား ၄၃၁ စီး၊ လယ်ထွန်စက် ၆၃၀၊ ခြွေလှေ့စက် ၅၂ လုံးတို့ကို ဝယ်ယူရန် မြန်မာကျပ်ငွေ ၂၇.၇ ဘီလျံ (ကန်ဒေါ်လာ၂၁.၃ သန်း)ကို ထုတ်ချေးနိုင်ခဲ့သည်။ LIFT၏ ကွင်းဆင်းလေ့လာချက်များအရ တစ်ရာသီလျှင် လေးဘီးတပ် လယ်ထွန်စက်တစ်စီး သည် စိုက်ဧက ၄၀၀ အတွက် မြေပြုပြင်နိုင်ပြီး၊ ခြွေလှေ့စက်တလုံးသည် ဧက ၃၀၀ ခန့်ကို ရိတ်သိမ်းနိုင်သည်ဟု သိရသည်။

PGMFသည် ငွေစုငွေချေးသူ ၂၀၄ ဦးကို ပျမ်းမျှ ကန်ဒေါ်လာ ၂,၅၀၀ ကို ထုတ်ချေးခဲ့သည်။ ရည်မှန်းခဲ့သည်မှာ လယ်ယာသုံး စက်ကိရိယာများ ဝယ်ယူနိုင်ကြရန် ဖြစ်သော်လည်း နေ့စဉ်ဝင်ငွေရရှိစေသော အကျိုးရှိသည့် အခြားပစ္စည်းများဖြစ်သော အသေးစား ကုန်တင်ကားများ၊ စက်ရက်ကန်းများ၊ သုံးဘီးဆိုင်ကယ်များ၊ ရေတင်စက်များကို ဝယ်ခဲ့ကြသည်။ စက်ကိရိယာ ဝယ်ယူရန် ချေးငွေကြောင့် ကျေးလက် စီးပွားရေး လုပ်ငန်းရှင်များသည် လယ်ယာသုံး စက်ကိရိယာများကို ငှားရမ်းခြင်း၊ နေရောင်ခြည်စွမ်းအင်သုံး စက်သုံးဆီ ပန့်ဆိုင်များဖွင့်ခြင်း၊ စက်ရက်ကန်းစင်များကို ပြန်ငှားရမ်းခြင်း၊ သုံးဘီးဆိုင်ကယ်များဖြင့် အိမ်တိုင်ရာရောက် ဈေးရောင်းချခြင်း၊ ခရီးသည် နှင့် ကုန်စည် သယ်ယူပို့ဆောင်ခြင်းများစသည့် လုပ်ငန်းများကို လုပ်နိုင်လာကြသည်။

## လယ်ယာအကြံပေး ဝန်ဆောင်မှု ပိုကောင်းမွန်စေရန် အစိုးရ နှင့် ပုဂ္ဂလိက ကဏ္ဍများ ပူးပေါင်းဆောင်ရွက်ခြင်း

၂၀၁၆ ခုနှစ်တွင် International Fertilizer Development Centre (IFDC) စီမံချက်သည် သွင်းအားစု နှင့် ဝန်ဆောင်မှုပေးသူ ၅၅ဦး၊ တောင်သူ ပညာပေးရေး အရာရှိ ၁၇၀ ဦး၊ တောင်သူ ၄,၁၂၉ ဦး (ယင်းတို့အနက် ၁,၀၀၀ ကျော်သည် အမျိုးသမီးများဖြစ်ကြသည်) ကို လေ့ကျင့်ပေးကာ တောင်သူများနှင့် ချိတ်ဆက်ကာ ပတ်ဝန်းကျင်ထိခိုက်မှုမရှိသည့် စိုက်ပျိုးရေး ဆောင်ရွက်ပေးခဲ့သည်။ လက်လီ လုပ်ငန်းရှင်များကိုလည်း ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများပေးရန် နှင့် ပုဂ္ဂလိကကဏ္ဍက ပေးအပ်မည့် အခြားဝန်ဆောင်မှုများကိုလည်း ဖန်တီးပေးရန် တိုက်တွန်းဆောင်ရွက်သည်။ ဤစီမံချက်သည် စံပြကွက် ၆၈ ကွက်ကို ထူထောင်ခဲ့သည့်ပြင် ၁၅ ရက် ကွင်းဆင်းပြသခဲ့သည်။ ဆိုင်ပိုင်ရှင် တစ်ဦးက စံပြကွက် တစ်ကွက်ကို စထူထောင်ခဲ့သည့်ပြင် စက်ကိရိယာသရုပ်ပြပွဲ တစ်ရက် ကျင်းပကာ စိုက်ပျိုးရေး နည်းနာကောင်းများကိုလည်း တောင်သူများကို လေ့ကျင့်ပေးခဲ့သည်။ ယင်းသရုပ်ပြပွဲကို ဒေသခံ တောင်သူ ၅၉၃ ဦး တက်ရောက်ခဲ့ရာ အမျိုးသမီး ၇၈ ဦး ပါဝင်သည်။

စက်ကိရိယာ ဖြန့်ချီသူ နယူးဟော်လန် နှင့် ပူးပေါင်းဆောင်ရွက်သည့် စက်ကိရိယာသရုပ်ပြပွဲကို တောင်သူ ၉၃ ဦး နှင့် စိုက်ပျိုးရေး တိုးချဲ့ပညာပေး ဦးစီးဌာနမှ ၁၅ ဦးတို့ တက်ရောက်ခဲ့သည်။ စီမံချက်အဖွဲ့သည် ဆိုင်ပိုင်ရှင်များကို စက်မှုလယ်ယာ ဝန်ဆောင်မှုတွင် ရင်းနှီးမြှုပ်နှံရာတွင် အားပေးနိုင်ရန်အတွက် ဝန်ဆောင်မှုဆိုင်ရာ နည်းပညာသင်တန်းတခုကို ဖွင့်လှစ်ခဲ့သည်။

စိုက်ပျိုးရေးဌာနမှ တိုးချဲ့ပညာပေးဌာနခွဲ ဦးစီးအရာရှိများသည် တောင်သူသင်တန်းများကို တက်ရောက်ခဲ့ကြသည်။ (၁၀၇ ဦး၊ အမျိုးသမီး ၄၅ ရာခိုင်နှုန်း) စံပြကွက်များ ထူထောင်ခဲ့သည့်ပြင် ကွင်းဆင်းပြသခဲ့သည် (၉၉ ဦး၊ အမျိုးသမီး ၅၅ ရာခိုင်နှုန်း)။ သင်တန်းများ ကွင်းဆင်းပြသပွဲများတွင် တောင်သူများ၊ ဌာနများ၊ ဆိုင်ပိုင်ရှင်များ ပူးပေါင်းဆောင်ရွက်မှု၏

ရလဒ်ကို ဤစီမံချက်က တွေ့မြင်လာခဲ့သည်။ ယင်းသည် အရေးပါသည့် ခြေလှမ်းတခု ဖြစ်သည်။ အကြောင်းမှာ ဤစီမံချက် မတိုင်မီက ဆိုင်ပိုင်ရှင် အနည်းငယ်ကသာ အစိုးရ စိုက်ပျိုးရေးဦးဌာန တိုးချဲ့ပညာပေးရေးနှင့် ထိတွေ့ဆက်ဆံဖူးကြသည်။ လေ့ကျင့်ပေးခဲ့သော တောင်သူ ၅၁ ရာခိုင်နှုန်းက ဒေသခံ စီးပွားရေးလုပ်ငန်း၏ ဖောက်သည်အသစ်များ ဖြစ်နေခြင်းက ယခင်က တောင်သူများ နှင့် လက်လီအရောင်းသမားများအကြား အပြန်အလှန်ဆက်ဆံမှု မည်မျှနည်းပါးခဲ့သည်ကို ပြနေသည်။ သင်တန်းတက်ခဲ့သော တောင်သူများသည် စုစုပေါင်း မြန်မာကျပ် ၆၈.၈၈ သန်း (ကန်ဒေါ်လာ ၅၃,၀၀၀) တန်သည့် ဘောက်ချာဖြတ်ပိုင်းများကို ရရှိခဲ့ကြသည်။ ယင်းဖြတ်ပိုင်းများဖြင့် ပါဝင်ဆောင်ရွက်သည့် လက်လီအရောင်းသမားများထံမှ နောက်ထပ် မြန်မာကျပ် ၁၅.၇၁ သန်း (ကန်ဒေါ်လာ ၁၂,၀၀၀)ဖိုး ထပ်မံဝယ်နိုင်မည် ဖြစ်သည်။ ဤစီမံချက်သည် ဘဏ်များ ထံမှ အပေါင်မပါဘဲ ချေးငွေရစေရန် နည်းလမ်းရှာဖွေလျက်ရှိသည်။ အခြားပုဂ္ဂလိကလုပ်ငန်းများသည် စီမံချက်က ထောက်ပံ့ ထားသော ဆိုင်ပိုင်ရှင်များထံသို့ ငွေချေးရန်နှင့် အငှားချရန် အခွင့်အရေးများဖြင့် စည်းရုံးရန် ချဉ်းကပ်လာနေကြသည်။

မိတ်ဖက်အဖွဲ့ IFDCနှင့် Golden Plain တို့က မြေဆီလွှာ စမ်းသပ်မှုများကို ဆောင်ရွက်ခဲ့ရာ မြေဆီအရည်အသွေးမှာ စိုက်ပျိုး ထုတ်လုပ်မှုအတွက် အဓိက အတားအဆီးဖြစ်နေကြောင်း တွေ့ရသည်။[၃၆] အပူပိုင်းဇုန်၏ သဲဆန်သော မြေဆီလွှာတွင် ဩဂဲနစ် (သဘာဝ) ပစ္စည်းများ အလုံအလောက် မပါဝင်သဖြင့် မြေ၏အာဟာရဓာတ်များ တိုက်စားမခံရအောင် မကာကွယ်နိုင်ပေ။ ဩဂဲနစ် ပစ္စည်းများ ပိုမိုပါဝင်အောင် မြေဆွေးထည့်ကာ ကြိုးစားခဲ့သော်လည်း လုပ်အား ကုန်ကျလှသည်။ Golden Plain သည် သစ်စိမ်းမြေဩဇာ၏ ထိရောက်မှုကိုကျေးရွာ ၄၂ ရွာရှိ စံပြကွက် ၈၄ ခုတွင် ပြသခဲ့သည်။ (ဥပမာ။ ပိုက်ဆံလျှော်) ပျမ်းမျှအားဖြင့် တစ်ဧကလျှင် သစ်စိမ်းမြေဩဇာ၂.၁ တန်ကို ထယ်ထိုးကာ ထည့်ခြင်းဖြင့် နိုက်ထရိုဂျင် ၂၁.၅ ကီလိုဂရမ်၊ ပိုတက်ဆီယံ ၁၅.၄ ကီလိုဂရမ် ထည့်ပေးနိုင်သည်။ အပူပိုင်းဇုန် ဒေသများ အတွင်း အချိန်အခါမဟုတ် မိုးရွာခဲ့ခြင်းကြောင့် ပထမသီးနှံ၏ ရလဒ်ကို ထည့်မတွက်ခဲ့ပါ။ စိုက်ပြီး ၄၅ ရက်မှ ၆၀ ရက်အကြာတွင် အထွက်နှုန်းများသည့် လက်လှမ်းမီသောမျိုးဖြင့် ထပ်မံ စမ်းသပ်ရန် လိုအပ်သည်။

IFDC ၏ စံပြကွက်များသည် တောင်သူများ ရင်းနှီးမြှုပ်နှံမှုကို အကျိုးအမြတ် များစွာရရှိစေသည်။ ပဲတီစိမ်း၊ နှမ်း၊ ဝါတို့ အတွက် မျိုးကောင်းများကို သုံးခြင်း နှင့် မြေဩဇာကို စိုက်ပျိုးရေးဦးစီးဌာနက အကြံပေးထားသည့်နှုန်း အတိုင်း သုံးခြင်းတို့က အခရာကျသည်။ မြေပဲနှင့်စပါးတို့ အတွက်မှာမူ မျိုးကောင်းများကို သုံးခြင်းက အကျိုးရှိသော်လည်း မြေဩဇာကိုမူ ဌာနက အကြံပေးထားသည့်နှုန်းအတိုင်း သုံးပါက တွက်ခြေမကိုက်နိုင်ပေ။ သင်တန်းဆင်း တောင်သူများ သာမက အခြားတောင်သူများသည်လည်း စံပြကွက်များ ကွင်းဆင်းပြပွဲများကို စိတ်ဝင်စားကြသည်။

## အာဟာရကဏ္ဍ

၂၀၁၆ ခုနှစ်တွင် Save the Children၊ မြန်မာနိုင်ငံ သူနာပြု နှင့် သားဖွားအသင်း (Myanmar Nurse and Midwife Association- MNMA)၊ Innovation for Poverty Action အဖွဲ့များသည် မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးမှု (MCCT) နှင့် အမူအကျင့် ပြောင်းလဲရေး ဆိုင်ရာ သတင်းစကား ပြောကြားမှုများကို ပခုက္ကူ၊ မလှိုင်၊ ရေစကြို မြို့နယ်တို့ရှိ ကိုယ်ဝန်ဆောင် နှင့် နှစ်နှစ်အောက် ကလေးရှိသော နို့တိုက်မိခင်များကို ပေးအပ်ခဲ့သည်။ LEGACY စီမံချက်သည် အမူအကျင့် ပြောင်းလဲရေး ဆိုင်ရာ သတင်းစကား ပြောကြားမှုများက ငွေကြေးပံ့ပိုးမှု လက်ခံရရှိသော မိခင် နှင့် ကလေးများ၏ အာဟာရ ရလဒ်ကို မည်သို့ သက်ရောက်ကြောင်း သိရှိရန် ငွေထောက်ပံ့မှုကို ပုံစံနှစ်မျိုးဖြင့် ဆောင်ရွက်နေသည်။

ပထမအဆင့်တွင် စမ်းသပ်မည့် ရွာ၂၄၈ ရွာကို လက်တန်း ရွေးချယ်ခဲ့သည်။ ရွာ၄၀တွင် ပံ့ပိုးငွေကို အစိုးရကျန်းမာရေး ဌာနမှ တဆင့် ထောက်ပံ့သည်။ အမူအကျင့်ပြောင်းလဲရေးဆိုင်ရာ သတင်းစကားများကိုမူ လူချင်းတွေ့ဆုံကာ ပြောကြားခြင်း မရှိပေ။ သို့သော် ပုံနှိပ်ထားသော အာဟာရဆိုင်ရာ သတင်းစကားများကိုမူ သားဖွားဆရာမများထံမှတဆင့် ရရှိသည်။ ကျန် ၂၀၈ ရွာ တွင်မူ ငွေကို PGMF မှတဆင့် ထောက်ပံ့သည်။ ဤအုပ်စုမှ မိခင်တဝက်သည် မိခင်အချင်းချင်း ရိုင်းပင်းထောက်ပံ့ပေးသည့် အုပ်စုများက ပြုလုပ်သော အမူအကျင့်ပြောင်းလဲရေး ဆိုင်ရာ သင်တန်းများသို့ တက်ရောက်ကြသည်။ မိခင်နှင့်ကလေး ငွေကြေးထောက်ပံ့ရေး အုပ်စုများကို ရွာတိုင်းတွင် ဖွဲ့စည်းခဲ့ပြီး ငွေလက်ခံရသူများကို စာရင်းကောက်ခဲ့ရာ PGMF ပုံစံမှ ၄,၀၆၂ ဦး ရှိပြီး ကျန်းမာရေးဌာနပုံစံတွင် ၂၆၁ ဦး ရှိသည်။၂၀၁၆ တွင် ငွေထောက်ပံ့သည့် အကြိမ် စုစုပေါင်း ၁၈,၅၂၁ ကြိမ် ရှိပြီး ကိုယ်ဝန်ဆောင် နှင့် နှစ်နှစ်အောက် ကလေးမိခင် ၄,၁၁၆ ဦးကို ထောက်ပံ့ခဲ့သည်။

ရွာများတွင် မိခင်အချင်းချင်း ရိုင်းပင်းထောက်ပံ့သည့် အုပ်စု ၁၃၀ ခုက ဖွင့်လှစ်သော အမူအကျင့်ပြောင်းလဲရေးဆိုင်ရာ သင်တန်းများသို့ အမျိုးသမီး ၁,၃၇၂ ဦး တက်ရောက်ခဲ့သည်။ မိသားစုဝင်များနှင့် ရပ်ရွာလူထုများကပါ အာဟာရဆိုင်ရာ အသိပညာပေးသင်တန်းများကို တက်ရောက်ခဲ့ရာ ၂၀၁၆ နှစ်ကုန်တွင် တက်ရောက်သူဦးရေ ၇,၃၈၉( ကျား ၆၆၉၊ မ ၆၇၂၀)ဦး ရှိခဲ့သည်။

---

[36] IFDC က "နမူနာအများစုမှာ ဩဂဲနစ် ကာဗွန် အလွန်နည်း (၇၈.၁%)၊ နိုက်ထြိုဂျင် နည်း သို့ အလွန်နည်း (၈၇.၇၅%) ကြောင်း စမ်းသပ်တွေ့ရှိရသည်။ ထုံးဓါတ် (၉၀.၆%) နည်း၊ မက်ဂနီဆီယမ် (၇၁.၉%) အလယ်အလတ် မှ များ၊ ပိုတက်ဆီယမ် (၆၂.၅%) နည်း/အလွန်နည်း၊ K2O (၆၅.၆%) နည်းကြောင်း နမူနာအများစုမှ စမ်းသပ်ရရှိပြီး စမ်းသပ်မှုမှ ၃၄.၄% မှာ K2O အလယ်အလတ်မှ မြင့်မားကြောင်း တွေ့ရသည်။နမူနာစမ်းသပ်မှုများအားလုံးတွင် ရေတွင်ဆာလဖာပျော်ဝင်မှု နည်း (သို့) မတွေ့ရပေ။"

အပူပိုင်းဇုန်

LIFT သည် မြန်မာနိုင်ငံ လူမှုရေး ပညာရှင်များအသင်း (MPSWA) ကို ရန်ပုံငွေထောက်ပံ့ပြီး တောင်သာ၊ နွားထိုးကြီး နှင့် မြင်းခြံ မြို့နယ်များရှိ ကျေးရွာ ၉၀ မှ အိမ်ထောင်စု ၁၅,၀၀၀ ရှိ ကိုယ်ဝန်ဆောင် နှင့် နှစ်နှစ်အောက် ကလေးရှိသော မိခင်များကို ဦးတည်ကာ အာဟာရဆိုင်ရာ အမူအကျင့်များ ကောင်းမွန်စေရန် ဆောင်ရွက်ခဲ့သည်။ ၂၀၁၆တွင် ဤစီမံချက်သည် ကျေးရွာ အခြေပြု အာဟာရ ပညာပေး အုပ်စု ၆၄ ဖွဲ့ကို ဖွဲ့စည်းကာ အာဟာရဆိုင်ရာ အသိအမြင်ကို ရပ်ရွာသို့ ပေးအပ်ခဲ့သည်။

## လူမှုကာကွယ်စောင့်ရှောက်ရေး

HelpAge ၏ အပူပိုင်းဇုန်စီမံကိန်းသည် လူမှုဝန်ထမ်းဦးစီးဌာန၏ အစီအစဉ်နှစ်ခုကို အကောင်အထည်ဖော်ကာ စီးပွားရေး အသွင်ကူးပြောင်းမှုတွင် အထိခိုက်လွယ်ဆုံးသော အိမ်ထောင်စုများကို မချန်ခဲ့ကြောင်း ထင်ရှားစေသည်။ မြို့နယ် ခြောက်ခုမှ ကျေးရွာ ၃၀ စီတွင် အနွမ်းပါးဆုံး အိမ်ထောင်စုများကို အတိုးနှုန်း သက်သာသော လူမှုကာကွယ်စောင့်ရှောက်ရေး အရေးပေါ် ချေးငွေကို သုံးလမှ ခြောက်လထိ ထုတ်ချေးခဲ့သည်။ ဤအစီအစဉ်တွင် ပါဝင်သော ရွာများသည် လိုအပ်ပါက အနွမ်းပါးဆုံး အိမ်ထောင်စုများကို ထောက်ပံ့ရန် အတိုးငွေကို အဆက်မပြတ် ရရှိနေအောင် ဆောင်ရွက်ရသည်။ စီမံချက်ပြီးဆုံးသည့်တိုင် အစိုးရစီမံကိန်းက မစတင်သေးပါက သက်ကြီးရွယ်အိုများ မသန်စွမ်းသူများကို ထောက်ပံ့နိုင်လောက်အောင်ထိ အတိုးနှုန်းထား ရရှိကြသည်။

ရန်ပုံငွေ၏ တစိတ်တဒေသဖြစ်သော ကျပ် ၁၀၀,၀၀၀ မှ ၅၀၀,၀၀၀ ထိ (ကန်ဒေါ်လာ ၇၇ မှ ၃၈၅ ထိ) ကို အရေးပေါ် ကိစ္စများအတွက် ရွာတွင် ငွေသားအနေဖြင့် ဆောင်ထားသည်။ ဆေးရုံတင်ခြင်းနှင့် ဆေးဝါးကုသခြင်း ကဲ့သို့သော အရေးပေါ် ကျန်းမာရေး ကိစ္စ များအတွက် ယင်းငွေမှ နှစ်လအထိ အတိုးမဲ့ ချေးငှားနိုင်သည်။ အကျိုးခံစားခွင့်ရှိသူ တစ်ဦးသည် အမျိုးသားမှတ်ပုံတင် ကတ်ပြား မရှိသဖြင့် အစိုးရ၏ စည်းမျဉ်းများအရ ငွေချေးခွင့်မရလျှင် ကျေးရွာ လူမှု ကာကွယ် စောင့်ရှောက်ရေး ရန်ပုံငွေက ပေးချေပေးသည်။ ပြည်ထောင်စုအစိုးရသည် သက်ကြီးရွယ်အိုပင်စင်၏ အရေးပါပုံကို အသိအမှတ်ပြုပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ စတင်ကာ အကောင်အထည်ဖော်မည် ဖြစ်သည်။ အနွမ်းပါးဆုံးမိသားစုများ နှင့် မသန်စွမ်းသူရှိသည့် မိသားစုများကို ထောက်ပံ့ခြင်းကဲ့သို့သော အခြားအထောက်အပံ့များသည် အစိုးရ၏အစီအစဉ်၏ ထိရောက်မှုကို ဖော်ပြနိုင်လောက်အောင် မပေါ်ပေါက်သေးပေ။ HelpAge စီမံချက်သည် သက်ကြီးရွယ်အိုပင်စင်နှင့် မသန်စွမ်းသူ အထောက်အပံ့တို့ကို ရှေ့ပြေး ဆောင်ရွက်နိုင်ခဲ့သည်။

HelpAge စီမံချက်သည် ၂၀၁၆နှစ်ကုန်ထိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပူးပေါင်းကာ သက်ကြီး ဘိုးဘွား ၆၂၇ ဦး ကို ငွေကြေးထောက်ပံ့ခဲ့သည်။ ကျေးရွာအုပ်ချုပ်မှုများ နှင့် ဒေသအစိုးရတို့က HelpAgeစီမံချက်တွင် ပါဝင်ခဲ့ကြပြီး ငွေကြေးလွှဲပေးရာတွင် အဓိကပုဂ္ဂိုလ်များ ဖြစ်လာသည်။ ဤဆောင်ရွက်မှုကြောင့် ကျေးရွာ လူမှုကာကွယ်စောင့်ရှောက်ရေး ကော်မတီများနှင့် အစိုးရဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်လာစေခဲ့သည်။ ဦးတည်ချက်မှာ အစိုးရဝန်ထမ်း အဆင့်ဆင့် ကို ထိတွေ့ဆောင်ရွက်ခြင်းဖြင့် မျှော်လင့်ထားသော နိုင်ငံတော်အဆင့် ငွေကြေးထောက်ပံ့မှုအစီအစဉ်များကို စီမံခန့်ခွဲစေနိုင်မည့် အတွေ့အကြုံများကို ရရှိစေရန် ဖြစ်သည်။

HelpAge စီမံချက်သည် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ကာ လက်ရှိအခြေအနေတွင် ငွေကြေးထောက်ပံ့မှုရရှိရန် လိုအပ်သော အရည်အချင်း သတ်မှတ်ချက်များကို ပြုစုနေသည်။ ယင်းသည် အစိုးရသတ်မှတ်ချက်များနှင့် အတတ်နိုင်ဆုံး ကိုက်ညီရမည်။ ဤဆောင်ရွက်မှု၏ မထင်မှတ်သောရလဒ်မှာ ပြည်သူလူထုအနေဖြင့် အမျိုးသားမှတ်ပုံတင်ကတ်ပြား ရယူရန် အထူး စိတ်ဝင်စားလာခြင်း ဖြစ်သည်။ HelpAge ၏ ရွာအများစုသည် UN- Habitat က အကောင်အထည်ဖော်နေသော ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး စီမံချက် နှင့် Save the Children နှင့် မြန်မာနိုင်ငံ လူမှုရေး ပညာရှင်များအသင်း (MPSWA) တို့က ဆောင်ရွက်နေသော အာဟာရဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး ဆိုင်ရာသင်တန်းများတွင် ပါဝင်နေကြသည်။ ယင်းတို့ ဆောင်ရွက်မှုများသည် လူမှုကာကွယ်စောင့်ရှောက်ရေး စီမံချက်များကို ဖြည့်ပေးသဖြင့် ကျေးရွာ၏ ရိက္ခာဖူလုံရေးနှင့် အာဟာရ ကောင်းမွန်ရေးကို ဖြစ်ပေါ်စေသည်။

## ရွှေ့ပြောင်းသွားလာရေး

ရွှေ့ပြောင်းသွားလာရေးကို ပတ်သက်ဆက်နွယ်သူများ နှင့် ရပ်ရွာလူထုတို့ ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ ကိစ္စများကို နှစ်ဦးနှစ်ဘက်နားလည်စေရန် ဆွေးနွေးသင့်ကြောင်း LIFT ၏ အပူပိုင်းဇုန် ရွှေ့ပြောင်းသွားလာရေးလုပ်ရှားမှုက ဖော်ထုတ်လိုက်သည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (International Labour Organization - ILO) က ဆောင်ရွက်နေသော စီမံချက်က မန္တလေးတွင် လုပ်အား ရွှေ့ပြောင်းသွားလာရေး စီမံခန့်ခွဲမှုကို သင်တန်းပေးခဲ့ရာ အမျိုးသမီး ၃၄ဦး အပါအဝင် သင်တန်းသား ၄၃ဦး တက်ရောက်ခဲ့ရာ နယ်မြေရှိ ဌာန ဆိုင်ရာများ နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပါဝင်သည်။ ဤသင်တန်းသည် များစွာ ထိရောက်မှုရှိကြောင်း ကြိုဆိုကြပြီး အခြားနယ်မြေများတွင်လည်း ဖွင့်လှစ်ပေးရန် အကြံပြုခဲ့ကြသည်။

IOM၊ မေတ္တာ၊ ဆပ်ဆက်တက္ကသိုလ်တို့ ဆောင်ရွက်နေသော သုတေသနစီမံချက် ဖြစ်သည့်-'မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး နှင့် ဘက်စုံဖွံ့ဖြိုးရေးအတွက် လုပ်သားရွှေ့လျားမှုကို ရင်းနှီးမတည်ခြင်း(CHIME)က- ရွှေ့ပြောင်းသွားလာရေးသည် ပတ်သက်ဆက်နွယ်သူများ အားလုံးကို သက်ရောက်မှုရှိကြောင်း၊ များစွာ စိတ်ဝင်စားမှု ရှိနေကြောင်းကိုလည်း ဖော်ပြသည်။ သို့သော် ဤကိစ္စကို စုပေါင်းကာ သုံးသပ်ဆွေးနွေးမှု မရှိသေးပေ။ ရွှေ့ပြောင်းသွားလာရေး၏ သဘာဝအမှန်ကို နားလည်နိုင်အောင် ရွှေ့ပြောင်းသွားလာရေး၏ အခြေခံအချက်များကို စိတ်ချလောက်သော အထောက်အထားများကို အခြေခံကာ အားလုံးက ဆွေးနွေးရန် အရေးကြီးသည်။

### မွေးမြူရေး

LIFT ၏ အပူပိုင်းဇုန်စီမံကိန်းသည် ပြည်ထောင်စု အစိုးရ၊ FAO တို့ နှင့် ပူးပေါင်းကာ ဆောင်ရွက်နေသော စီမံချက်အရ မူဝါဒ ချမှတ်ရာတွင် အခြေအနေမှန်ကို သုံးသပ်ချက်ကို အခြေခံရန်လိုကြောင်းကို ဖော်ပြသည်။ အစိုးရကို ထောက်ပံ့ရန် ဤစီမံချက်က LIFT ၏ အပူပိုင်းဇုန် စီမံကိန်းဝင် ၆ မြို့နယ်တွင် ရှေ့ပြေး တိရစ္ဆာန် ကောင်ရေ စာရင်း ကောက်ယူခဲ့သည်။ အမျိုးသားအဆင့် တိရစ္ဆာန်ကောင်ရေစာရင်းကို  ငွေကုန်ရကျိုး နပ်အောင် ကောက်နိုင်မည့် ချဉ်းကပ်နည်းကို စမ်းသပ်ရန် ဤစီမံချက်က မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ဝန်ထမ်းများ နှင့် ရွာသားများကို အချက်အလက် ကောက်ရန် နှင့် အရည်အသွေးကို စစ်ဆေးရန်  လေ့ကျင့် ပေးခဲ့သည်။ စီမံချက်၏ အထောက်အပံ့ဖြင့် အမျိုးသားအဆင့်တွင် ဌာနက ထပ်မံစစ်ဆေးကာ အရည်အသွေး ကို သုံးသပ်မည် ဖြစ်သည်။ ရလဒ်ကောင်းများကြောင့် အစိုးရသည် မန္တလေးတိုင်းရှိ နောက်ထပ် ရှစ်မြို့နယ် တွင်လည်း ကောက်ယူရန် မြန်မာကျပ် ၃၆ သန်း (ကန်ဒေါ်လာ ၂၇,၇၀၀)ကို ခွင့်ပြုခဲ့သည်။ တိရစ္ဆာန် ကောင်ရေ စာရင်း ကောက်ယူခြင်း (တနိုင်ငံလုံးအဆင့်) အတွက် အစိုးရ၏ ၂၀၁၇ ဘတ်ဂျက်တွင်  မြန်မာကျပ်ငွေ ၁.၄ ဘီလျံ သုံးစွဲရန် သတ်မှတ်ခဲ့သည်။

တိရစ္ဆာန် ကောင်ရေ စာရင်း ရလဒ်ကို အခြေခံကာ FAO သည် မွေးမြူရေးကုန်သွယ်မှု ကန့်သတ်ချက်များကို ပယ်ဖျက်ရေး၊ ရပ်ရွာအခြေပြု တိရစ္ဆာန်ကျန်းမာရေးလုပ်သားများ ပိုမိုထိရောက်မှုရှိရေး တို့နှင့် သက်ဆိုင်သည့်  မူဝါဒဆိုင်ရာကို ဆွေးနွေးမည်။

## ရှေ့ကို မျှော်ကြည့်လျှင်

### အပူပိုင်းဇုန်အတွက် မျိုးစေ့ စီးပွားရေးလုပ်ငန်းသစ်

လက်ရှိတွင် အပူပိုင်းဇုန် မျိုးစေ့လိုအပ်ချက်၏ ၁ရာခိုင်နှုန်းအောက်ကိုသာ ထုတ်လုပ် ရရှိနေသည်။ [၃၇] မျိုးစေ့ နှင့် သီးနှံကို ခွဲခြားခြင်းမရှိသော လက်ရှိဈေးကွက်အတွင်းသို့ မျိုးကောင်းများကို ပေးသွင်းပါက ပြောင်းလဲသွားမည် ဖြစ်သည်။ မျိုးစေ့ စီမံချက်သည် အပူပိုင်းဇုန်တွင် စီးပွားရေး အသွင်ကူးပြောင်းရေးအတွက် LIFT၏ အားထုတ်မှုတွင် အခရာကျသည်။ LIFT ၏ မျိုးစေ့စီမံချက်သည် ဤစီးပွားရေးလုပ်ငန်းသစ်ကို လုပ်ကိုင်ရန် ဖွံ့ဖြိုးစေရန်အတွက် ပုဂ္ဂလိကကဏ္ဍ၏ အချက်အချာကျမှုကို အခြေခံသည်။ အပွင့်ဝတ်မှုံကူးသည့် သီးနှံမျိုးသစ်များ သုတေသနပြုခြင်းကို စိုက်ပျိုးရေးသုတေသန ဦးစီးဌာနက ဆက်လက် ဦးစီးဆောင်ရွက်မည်။ မျိုးစေ့ထုတ်လုပ်သည့် စက်ရုံရှိသည့် စီပွားရေးလုပ်ငန်းသစ်တစ်ခု  စီမံချက်က ထောက်ပံ့မည် ဖြစ်သည်။ စီးပွားရေးလုပ်ငန်းပိုင်ဆိုင်မှုကို မျိုးစေ့ထုတ်လုပ်သူ တောင်သူများ နှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူတို့က ခွဲဝေမည်။

### အစက်ချ ရေပေးရေး စနစ်

အီတလီမှ TdH အဖွဲ့သည် တကေရှိသော အစက်ချရေပေးရေး စနစ်တခုကို ထူထောင်ပြီး စရိတ်မကုန်ဘဲ ယင်း၏ထိရောက်မှု စီးပွားဖြစ်မှုတို့ကို ဖော်ဆောင်မည်။ တောင်သူများ ရင်းနှီးမြှုပ်နှံသူများကို လက်တွေ့ လေ့လာစေခြင်းဖြင့် ဤနည်းကို လူအများ သိအောင် လုပ်ဆောင်မည်။ LIFTသည် ရိုးမဘဏ်၏ AFP အစီအစဉ် နှင့် ပူးပေါင်းကာ မြေအောက်ရေ အခြေခံသည့် ရေပေးရေးစနစ်များ အတွက် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူတို့ကို ထောက်ပံ့မည်။

### ဒေသခံတို့၏ အသက်မွေးမှုကို ထောက်ပံ့ခြင်း

၂၀၁၇ တွင် အပူပိုင်းဇုန် မြို့နယ်အဆင့်၌ ဒေသခံတို့၏ အသက်မွေးမှုများကို ထူထောင်ဖြစ်ထွန်းစေမည့် CSO များကို LIFT က ရန်ပုံငွေ ပံ့ပိုးပေးသော စီမံချက်တခုကို စတင်မည်။ PACT က အကောင်အထည်ဖော်မည့် ဤစီမံချက်ဖြင့် LIFT သည် အပူပိုင်းဇုန်မြို့ပြဒေသများကို လွှမ်းခြုံစေမည်ဖြစ်သည်။ အသေးစိတ်ကို အခန်း ၄.၄ တွင် တွေ့နိုင်သည်။

---

[37] Syngenta Foundation for Sustainable Agriculture and AgriSource, ADB, 'Innovative Financing for Agriculture and Food Value Chains - One Feasibility Study to Develop Seed Business: Opportunities for the Myanmar Seed Sector', April 2016

# ရခိုင်ဒေသ






# ၃.၃ ရခိုင်ဒေသ

## ခြုံငုံဖော်ပြချက်

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးမှုအနည်းဆုံး နယ်မြေဒေသများမှ တစ်ခု အပါအဝင် ဖြစ်သည်။ ပြည်နယ်အတွင်းရှိ လူဦးရေ ၇၈ ရာခိုင်နှုန်းသည် တစ်နေ့လျှင် ကန်ဒေါ်လာ ၁.၂၅ အောက်သာ ဝင်ငွေရရှိကြသည်။[၃၈] UNICEF၏ နောက်ဆုံး ကောက်ယူထားသည့် စစ်တမ်းအရ ရခိုင် ပြည်နယ်ရှိ အသက် ၅ နှစ်အောက် ကလေးအားလုံး၏ ထက်ဝက်ခန့်မှာ ပုညှက် နေကြောင်း တွေ့ရှိရသည်။[၃၉] အလုပ်လက်မဲ့နှုန်းမှာ ၁၀ရာခိုင်နှုန်းကျော်ရှိနေပြီး တစ်နိုင်ငံလုံး၏ လုပ်အားထု ပါဝင်မှု တွင်လည်း အနည်းဆုံး ဖြစ်သည်။ တစ်နိုင်ငံလုံး အနေထားတွင် ၁၅နှစ် အထက် လူဦးရေ၏ စီးပွားရေးတွင် ပါဝင် လုပ်ကိုင်နိုင်ကြသည့် နှုန်းမှာ ၆၇ ရာခိုင်နှုန်းဖြစ်သော်လည်း[၄၀] ရခိုင်ပြည်နယ်တွင်မူ ၅၉ ရာခိုင်နှုန်းသာ ရှိသည်။ ရခိုင် ဒေသ ပြည်သူများသည် ငါးဖမ်းခြင်း၊ စိုက်ပျိုးရေးနှင့် ပျံကျ အလုပ်တို့ဖြင့် အသက်မွေး ကြသည်။ ၂၆ ရာခိုင်နှုန်းသော ဒေသခံတို့၏ ပင်မဝင်ငွေရလမ်းမှာ ပျံကျအလုပ် ဖြစ်ကြောင်း တင်ပြကြသည်။[၄၁] ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးရေးကို စိန်ခေါ်နေသည်မှာ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခြင်း၊ ရေကြီးခြင်းစသော သဘာဝဘေးဒဏ် များနှင့်၊ တိုင်းရင်းသား ရခိုင်လူမျိုးတို့ နှင့် မွတ်စ်လင်မ် အသိုက်အဝန်း အကြားရှိ ပဋိပက္ခတို့ ဖြစ်သည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခကြောင့် လူပေါင်း ၇၀,၀၀၀ ကျော်သည် အိုးအိမ်ကိုပစ်ကာ ထွက်ပြေးခဲ့ကြရသည်။

ရခိုင်ပြည်နယ်ကျေးလက်စီးပွားရေးကို အသွင်ကူးပြောင်းရန်မှာ အချိန်ကြာမည်ဖြစ်သော်လည်း အလားအလာ ကောင်းများ ရှိနေသည်။ ၂၀၁၆ တွင် ရခိုင်ပြည်နယ် စီးပွား-လူမှု ဖွံ့ဖြိုးရေး ငါးနှစ်စီမံကိန်း ရေးဆွဲရာတွင် ရခိုင်ပြည်နယ်အစိုးရကို LIFT က ပံ့ပိုးခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သော ရခိုင်ပြည်နယ် အစိုးရသည် ကုလသမဂ္ဂမှ နည်းပညာ အထောက်အပံ့ကို တောင်းခံခဲ့ရာ LIFT ၏ နည်းပညာအရာရှိ နှစ်ဦးကို စေလွှတ်ခဲ့ပြီး လအတန်ကြာမျှ ရခိုင်ပြည်နယ်အစိုးရနှင့် အတူတကွ လက်တွဲ ဆောင်ရွက်ခဲ့သည်။ ၎င်းမှာ ရခိုင်ပြည်နယ်တွင် ငါးနှစ်ကျော်မျှ ဖွံ့ဖြိုးရေးအစီအစဉ်များကို ဆောင်ရွက်

*ပုံ ၃.၃။ ၂၀၁၆ခုနှစ် ရခိုင်ဒေသတွင် LIFT ၏ လုပ်ငန်းဆောင်ရွက်မှုများ*




38 World Bank Group, 'Myanmar: Ending poverty and boosting shared prosperity in a time of transition', 2014

39 United Nations Children's Fund (UNICEF), 'Rakhine State: A Snapshot of Child Wellbeing', 2013

40 The Republic of the Union of Myanmar, Department of Population, Ministry of Immigration and Population, 'The Union Report: Census Report Volume 2', dop.gov.mm. May 2015, p.29, Web.

41 Livelihoods and Food Security Trust (LIFT) Fund and CARE International, Myanmar, 'Tat Lan Sustainable Food Security and Livelihoods Program: Baseline Assessment', November 2014, Print.

ခဲ့သော LIFT အတွက် မိမိရရှိထားသော သင်ခန်းစာများကို ဝေမျှရန် အဖိုးတန် အခွင့်အလမ်းပင် ဖြစ်သည်။ LIFTသည် ရခိုင်ပြည်နယ်တွင် အာဟာရကောင်းမွန်ရေး၊ စိုက်ပျိုးကုန် အထွက်တိုးရေး၊ ရိက္ခာဖူလုံရေးတို့ကို ဦးစားပေး ဆောင်ရွက်လျက် ရှိသည်။


၂၀၁၆ တွင် LIFTသည် အသေးစား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ငွေရေးကြေးရေးဝန်ဆောင်မှုများ နှင့် အသက်မွေးမှုပညာ သင်တန်းများဖြင့် ထောက်ပံ့လျက်ရှိသည်။ ရခိုင်ပြည်နယ် အလယ်ပိုင်းရှိ လူထောင်နှင့် ချီကာ အလုပ်ပေးနိုင်မည့် အထူးစီးပွားရေးဇုန်(SEZ) တည်ဆောက်ရေးမှာ နှောင့်နှေးကြန့်ကြာလျက်ရှိပါသည်။ သာတူညီမျှရှိသော ရေရှည် တည်တံ့မည့် SEZ ထူထောင်နိုင်စေရေး အတွက် ရပ်ရွာလူထုများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍတို့က ပွင့်လင်းမြင်သာပြီး အပြုသဘောဖြင့် ထိတွေ့ဆောင်ရွက်နိုင်ရန် LIFT က အထောက်အကူ ပြုနေသည်။

လုပ်သားရွှေ့ပြောင်းသွားလာရေးသည် ရခိုင်ပြည်နယ်၏ ကျေးလက်အသွင်ကူးပြောင်းရေးတွင် အဓိကကျသည့် မောင်းနှင်အား တစ်ခု ဖြစ်သည်။ LIFT ၏ စီမံချက်များရှိရာ ရွာများတွင် လူအပြောင်းအရွှေ့ အဆက်မပြတ်ရှိနေကြောင်း ဖော်ပြကြသည်။[၄၂] အချို့ကမူ အလုပ်လုပ်သည့်အရွယ်များ ရွာများမှ ထွက်ခွာနေကြောင်း ဆိုသည်။[၄၃] လွန်ခဲ့သော ငါးနှစ် အတွင်း လုပ်အား ရွှေ့ပြောင်းသွားလာမှု တဖြည်းဖြည်း တိုးလာသည်ကို LIFTက သတိထား မိသည်။ ရခိုင်ပြည်နယ်မှ ရွှေ့ပြောင်း သွားလာသူများ မှာ အခြားနယ်မြေများနှင့် ယှဉ်ကြည့်လျှင် နည်းသည့်ပြင် ငွေလွှဲပို့နိုင်စွမ်းမှာလည်း နည်းသည်။ သို့သော် ယင်းမှာ ပြောင်းလဲ လာပြီဖြစ်သည်။ LIFT၏ ရွှေ့ပြောင်း သွားလာရေး အစီအစဉ်သည် တစ်နိုင်ငံလုံးတွင် အရေအတွက် စစ်တမ်း ကောက်ကာ ရွှေ့ပြောင်းသွားလာရေး လုပ်ငန်းစဉ်များကို တိုင်းတာနေသည့်ပြင် ရခိုင်ပြည်နယ်အစိုးရ၊ လူမှု အဖွဲ့အစည်းများတို့ နှင့်အတူ ရွှေ့ပြောင်း သွားလာမှု စီမံခန့်ခွဲရေးကို ကောင်းမွန်အောင် လုပ်ကိုင်နေပြီ ဖြစ်သည်။

LIFT သည် ရခိုင်ပြည်နယ်တွင် ထိတွေ့ဆောင်ရွက်ရာ၌ ပဋိပက္ခများကို အလေးထား တုံ့ပြန်သောမူကို လိုက်နာသည်။ ဖွံ့ဖြိုးရေး အေဂျင်စီများ ရခိုင်ပြည်နယ်တွင် လုပ်ငန်းဆောင်ရွက်ရသည်မှာ မလွယ်ကူပေ။ အေဂျင်စီများက မွတ်စ်လင်မ် များကို မျက်နှာသာပေးသည်ဟု ရခိုင်လူထုက မြင်နေသောကြောင့် ဖြစ်သည်။ ရခိုင်ပြည်နယ်ရှိ မွတ်စ်လင်မ် အများစုမှာ စခန်းများတွင် သို့မဟုတ် ဘင်္ဂလားဒေ့ရှ်နှင့် နယ်ချင်းထိစပ်နေသော မောင်တောခရိုင်တွင်သာ နေထိုင်ကြပြီး လှုပ်ရှားသွားလာခွင့် မရှိသလောက်ပင် ဖြစ်သည်။ လူ့အသိုက်အဝန်း နှစ်ခုတို့အကြား တင်းမာမှုမှာ မြင့်မားလျက်ရှိနေသည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ဖြစ်ခဲ့သော အကြမ်းဖက်မှုကြောင့် မောင်တောတွင် စစ်ဆင်ရေးဖြင့် ငါးလခန့်ကြာ ကိုင်တွယ်ခဲ့ရပြီး မွတ်စ်လင်မ် ၇၀,၀၀၀ ကျော် သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲသို့ ဝင်ရောက်ခဲ့ကြသည်။ LIFT ၏လုပ်ငန်းများလည်း နှောင့်နှေး ခဲ့ရသည့်ပြင် ယင်းအကြမ်းဖက်မှုများကြောင့် ဖွံ့ဖြိုးရေး မိတ်ဖက်များ၊ ရခိုင်ပြည်နယ်အစိုးရ နှင့် လူမှုအဖွဲ့အစည်းများအကြား ဆက်ဆံရေး နှင့် ယုံကြည်မှုများအပေါ်တွင်လည်း သက်ရောက်မှုများ ရှိခဲ့သည်။

*ပုံ ၃.၃.၁ ။ ရခိုင် ဒေသအတွင်း ကဏ္ဍအလိုက် LIFT၏ ရင်းနှီးမြှုပ်နှံမှုများ (၂၀၁၆-၂၀၁၈)*

စိုက်ပျိုးရေး-ဂေဟာဇုန်အလိုက် ရန်ပုံငွေ ခွဲဝေချထားမှု (ကန်ဒေါ်လာ)




## ၂၀၁၆ ခုနှစ်မှ စိတ်ဝင်စားဖွယ်များ

### LIFT၏ လွှမ်းခြုံမှုကို တိုးချဲ့ခြင်း

LIFT သည် ဖွံ့ဖြိုးရေးရန်ပုံငွေ ကန်ဒေါ်လာသန်း ၆၀ ကို ရခိုင်ပြည်နယ်အတွက် ခွဲဝေပေးထားပြီး LIFTသည် ရခိုင်ပြည်နယ်တွင် အကြီးဆုံးဖွံ့ဖြိုးရေးမိတ်ဖက်ဖြစ်သည်။ ၂၀၁၅ ခုနှစ်က LIFT၏ ရန်ပုံငွေသည် ပြည်နယ် ဘတ်ဂျက်၏ ၁၂ရာခိုင်နှုန်း ဖြစ်ခဲ့သည်။ ၂၀၁၆တွင် ရခိုင်ပြည်နယ်၌ LIFT သည် အကြောင်းအရာ အကွာအရ သာမက နယ်မြေအရပါ သိသာစွာ တိုးချဲ့ခဲ့ပြီး ကန်ဒေါ်လာ ၈.၅သန်းကို ရင်းနှီးမြှုပ်နှံခဲ့သည်။ ယခုအခါ ၁၇ မြို့နယ်အနက် ၁၄ မြို့နယ်တွင် စီမံချက် လုပ်ငန်း များ ဆောင်ရွက်နေရာ အသေးစားငွေကြေးလုပ်ငန်း၊ အသက်မွေးမှု သင်တန်းတို့ ပါဝင်သည်။ ထို့ပြင် မွတ်စ်လင်မ် အကျိုး ခံစားခွင့်ရှိသူများ ပိုမိုပါဝင်လာသည်။

LIFT ၏ မိတ်ဖက်အဖွဲ့တို့တွင် International Rescue Committee (IRC)၊ Save the Children၊ Oxfam၊ Better Life Organisation၊ CARE ၊ ဝံလက် ၊ Danish Refugee Council (DRC)၊ Norwegian Refugee Council (NRC) တို့ ပါဝင်သည်။

---
42 'IRC Annual Report 2016'

43 'Save the Children Annual Report 2016'

*ဇယား ၃.၄ ။ ၂၀၁၆ခုနှစ် ရခိုင်ဒေသရှိ LIFT ရန်ပုံငွေပံ့ပိုးသည့် စီမံချက်များ*

| စဉ် | မိတ်ဖက်အဖွဲ့အစည်း | နေရာ | ဦးတည်ချက် |
|---|---|---|---|
| ၁ | Save the Children | ပေါက်တော | စိုက်ပျိုးရေး၊ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ အာဟာရ၊ ရေ ပတ်ဝန်းကျင် နှင့် သန့်ရှင်းရေး ၊ အုပ်ချုပ်မှု |
| ၂ | International Rescue Committee (IRC) | မင်းပြား၊ မြေပုံ | စိုက်ပျိုးရေး၊ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ အာဟာရ၊ ရေ ပတ်ဝန်းကျင် နှင့် သန့်ရှင်းရေး ၊ အုပ်ချုပ်မှု |
| ၃ | Oxfam GB, Scholar Institute | ကျောက်ဖြူ | အုပ်ချုပ်မှု၊ အထူးစီးပွားရေးဇုန်တွင် တာဝန်ခံယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု |
| ၄ | Better Life Organisation (BLO) | ကျောက်ဖြူ | အုပ်ချုပ်မှု၊ ငါးလုပ်ငန်း |
| ၅ | CARE International | ကျောက်ဖြူ ၊ ပေါက်တော၊ မင်းပြား၊ မြေပုံ | တက်လမ်းအစီအစဉ်ကို စောင့်ကြည့်စစ်ဆေးခြင်း နှင့် အကဲဖြတ်ခြင်း |
| ၆ | PGMF | ကျောက်ဖြူ၊ ဂွ၊ တောင်ကုတ်၊ သံတွဲ၊ အမ်း | စိုက်ပျိုးရေး ချေးငွေ၊ အသေးစား စီးပွားရေး လုပ်ငန်း ချေးငွေ၊ လူမှုရေးချေးငွေ၊ စုငွေ၊ ငွေရေးကြေးရေး ပညာပေးခြင်းနှင့် သက်သာ ချောင်ချိရေး |
| ၇ | Wanlark | စစ်တွေ၊ ပုဏ္ဏားကျွန်း | စိုက်ပျိုးရေး ချေးငွေ၊ အသေးစား စီးပွားရေး လုပ်ငန်း ချေးငွေ၊ လူမှုရေးချေးငွေ၊ စုငွေ၊ ငွေရေးကြေးရေး ပညာပေးခြင်းနှင့် သက်သာ ချောင်ချိရေး |
| ၈ | DRC/NRC | စစ်တွေ၊ ပုဏ္ဏားကျွန်း | အသက်မွေးမှုပညာသင်တန်း |
| ၉ | CARE International | ရသေ့တောင် | စိုက်ပျိုးရေး၊ သစ်တော၊ တကိုယ်ရည်သန့်ရှင်းရေး၊ လူမှုရေး ကဏ္ဍတွင် ညီညွတ်မှုရှိခြင်း ငွေကြေးကဏ္ဍတွင် အားလုံးပါဝင်စေခြင်း၊ |

## ငွေကြေးဝန်ဆောင်မှု လိုအပ်ချက် မြင့်မားခြင်းကို ပုံစံအမျိုးမျိုးဖြင့် ပံ့ပိုးဆောင်ရွက်ခြင်း

ရခိုင်ပြည်နယ်လူထုသည် တရားဝင် ငွေစုငွေချေးဝန်ဆောင်မှုများကို လက်လှမ်းမီမှု နည်းပါးသည်။ LIFT သည် ကျေးရွာ ငွေစု ငွေချေးအသင်း (VSLA)များနှင့် တရားဝင် ကျေးလက်ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများကို ထောက်ပံ့သည်။ VSLA များကို တရားဝင်ငွေကြေးဝန်ဆောင်မှုများ မရှိသည့်နေရာများတွင် ဖွဲ့စည်းထားပြီး တရားဝင်အသေးစား ငွေကြေးဝန်ဆောင်မှုများ ရှိလာပါက ယင်းတို့ ပျောက်ကွယ်သွားမည်ဟု ခန့်မှန်းထားသည်။ သို့သော် ၂၀၁၆ တွင် VSLAများရော LIFT ရန်ပုံငွေ ပံ့ပိုး နေသည့် အသေးစား ငွေရေးကြေးရေး လုပ်ငန်းများပါ တစ်နေရာတည်းတွင် လုပ်ငန်းဆောင်ရွက်နေကြပြီး ရွာသားများ၏ နှစ်မျိုးစလုံးကို  ထောက်ခံမှု မှာ မြင့်မားသည်။

ဤပုံစံများ၏ အရေးကြီးသော ခြားနားချက်မှာ VSLA များတွင် စုငွေမှ အတိုးရသည်။ ၂၀၁၆ တွင် အသင်းဝင် များသည် ၂၃.၆၆ ရာခိုင်နှုန်းခန့် အတိုးနှုန်း ရရှိကြသည်။ နောက်ခြားနားချက်မှာ VSLA များတွင် အသေးစား ငွေကြေး ဝန်ဆောင်သူများက ထုတ်ချေးသော ချေးငွေပမာဏကို ထုတ်ချေးပေးနိုင်ရန် အချိန်အတန် ကြာအောင် ငွေစုဆောင်းရသည်။ ဤပုံစံနှစ်မျိုးစလုံးသည် ရခိုင်ပြည်နယ် ရွာသူရွာသားများအတွက် အရေးပါသည်။ သို့သော် လိုအပ်ချက်များ ပြည့်မီအောင် ငွေထုတ်ချေးခြင်းများ မရနိုင်သေးချေ။

LIFT သည် ရခိုင်ဒေသတွင် VSLA များကို ၂၀၁၃ခုနှစ် ကတည်းက ထောက်ပံ့လာခဲ့ပြီး ၈၂ရာခိုင်နှုန်းက အမျိုးသမီးများ ဖြစ်သည့် ငွေစုချေးသူများကို ချေးငွေစုစုပေါင်း ၂၂,၀၀၀ ကို ထုတ်ချေးခဲ့သည်။ ပြန်ဆပ်သည့်နှုန်းမှာ ၉၉.၉ ရာခိုင်နှုန်း ဖြစ်သည်။ ၂၀၁၆တွင် VSLA အဖွဲ့ ၂၉၃ခုက လုပ်ငန်းဆောင်ရွက်နေပြီး အိမ်ထောင်စု ၆,၀၀၀ ထံသို့ ရောက်ရှိနေသည်။ ငွေရေးကြေးရေး ပညာပေးခြင်းသည် ၂၀၁၆ ခုနှစ် VSLA အစီအစဉ်၏ ဦးစားပေးဖြစ်သည်။ ကလေးများ၊ လူငယ်များကို ဦးတည်ကာ ရုပ်ပြများ၊ ဇာတ်လမ်းစာအုပ်များဖြင့် ငွေရေးကြေးရေးကို ပညာပေးခြင်းများ ပါဝင်သည်။

LIFT ၏ အထောက်အပံ့ခံ VSLA များ ရေရှည်တည်တံ့ရန် Save the Children သည် ရွာသား ၇၉ဦးကို ကျေးရွာကိုယ်စားလှယ်များအဖြစ် လေ့ကျင့်ပေးခဲ့သည်။ တက်လမ်း အစီအစဉ် ပြီးဆုံးသောအခါ လုပ်အားခ အနည်းငယ်မျှဖြင့် ယင်းတို့က အသင်းများလည်ပတ်နိုင်အောင် ကူညီမည်။ ၂၀၁၆ နှစ်ကုန်တွင် VSLA ၉၃ သင်းသည် တက်လမ်း စီမံကိန်း ၏ အထောက်အပံ့မပါပဲ ထိရောက်စွာ လုပ်ငန်းဆောင်ရွက်နေကြောင်း Save the Children က တင်ပြသည်။

ရခိုင်ပြည်နယ်တွင် အစိုးရချေးငွေ အချို့ရှိသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးမှုဘဏ်သည် စိုက်ပျိုးရေးချေးငွေများကို ထုတ်ပေးနေသော်လည်း ရွာသားများအနေဖြင့် အဆိုပါချေးငွေကို ရရှိရန်မှာ မလွယ်ကူလှပေ။ LIFT ၏ မိတ်ဖက်အဖွဲ့ IRC က ကျေးရွာ ၃၈ရွာမှ တောင်သူ ၁၆၄၀ဦးကို မျိုးစပါးနှင့် မြေသြဇာအတွက် ချေးငွေရရှိအောင် လျှောက်ထားသည့် လုပ်ငန်းစဉ်တွင် ကူညီပေးခဲ့သည်။ LIFTသည် PGMF နှင့် ရခိုင်အခြေစိုက် အသေးစားငွေရေးကြေးရေးလုပ်ငန်းဖြစ်သော ဝံလက်ဒေသဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း တို့မှတဆင့် ကျေးရွာ ၄၆၂ ရွာရှိ အိမ်ထောင်စု ၃၄,၀၆၂ တို့ထံသို့ ရောက်ရှိအောင်လည်း ထောက်ပံ့ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ကန်ဒေါ်လာ ၄.၅ သန်း ရှိသော ချေးငွေများကို အဓိကအားဖြင့် အသေးစားစီးပွားရေးလုပ်ငန်းများ စတင်ရန် နှင့် ထပ်မံတိုးချဲ့ရန်အတွက် ထုတ်ချေးခဲ့သည်။

## ဆားငန်ရေဝင်မှု တားဆီးခြင်း နှင့် နည်းပညာအသစ်များဖြင့် စိုက်ပျိုးထုတ်ကုန်ကို တိုးတက်စေခြင်း

ရခိုင်ဒေသစပါးထုတ်လုပ်မှုအဆင့်မှာ အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံ ကျန်ဒေသများအောက် လျော့နည်းသည်။ ဆားငန်ရေဝင်မှု နှင့် ရေသွင်းရေထုတ်စနစ်များ ညံ့ဖျင်းနေမှုမှာ အဓိက အဟန့်အတား ဖြစ်နေသည်။ LIFT သည် စိုက်ပျိုးထုတ်လုပ်နိုင်သည့် လယ်များ ဆားငန်ရေမဝင်ရန် ရေကာတာများကို ပြန်လည်ပြုပြင်ကာ ရေတံခါးများကိုလည်း တည်ဆောက်ရန် ဆောင်ရွက်နေသည်။ ကျေးရွာများမှ ယင်းရေကာတာများကို မိမိတို့ကိုယ်ပိုင် ရေရှည် ထိန်းသိမ်း နိုင်စေရန်အတွက် ထိန်းသိမ်းမှု စနစ်များကို ပြန်လည် မပြုပြင်မီကပင် ပြဋ္ဌာန်းခဲ့သည်။

၂၀၁၆ နှစ်ကုန်တွင် တက်လမ်းအဖွဲ့သည် စပါးစိုက်ဧက ၂၆,၀၀၀ ကျော်ကို ဆားငန်ရေမဝင်စေရန် နှင့် ရေကြီးမှုမှ ကာကွယ်ရန် ရေတံခါးပေါင်း ၇၀ ကျော် ပါဝင်သည့် မိုင်ပေါင်း၁၃၀ရှိသော ရေကာတာ ကို တည်ဆောက်ခဲ့သည်။ ကန်ဒေါ်လာ ၄.၈ သန်းကို ဤလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံခဲ့သည်။ ပျမ်းမျှအားဖြင့် ရခိုင်ဒေသတွင် တောင်သူတစ်ဦး သည် လယ် ၃ဧကမှ ၅ဧကထိ ပိုင်ဆိုင်ကြသည်။ ထို့ကြောင့် ကာကွယ်ထားသော လယ်ဧကများသည် အိမ်ထောင်စုပေါင်း ၅,၂၀၀ မှ ၈,၆၀၀ ထိ ကို အကျိုးပြုခဲ့သည်ဟု တွက်ချက်ရသည်။ တစ်ဧကလျှင် ဝင်ငွေ ကန်ဒေါ်လာ ၁၀၀ မှ ၃၀၀ထိ တိုးလာနိုင်သည်။ ဧက ၂၆,၀၀၀ မှ ရခိုင်ကျေးရွာများအတွက် ဝင်ငွေ ကန်ဒေါ်လာ ၅.၂ သန်း တိုးလာမည်ဟု မှတ်ယူရသည်။ ရေကာတာများသည် ပျမ်းမျှ ၁၀နှစ်မျှ တာရှည်ခံသည်။



“

'အခုကတော့ တော်တော်လေးအဆင်ပြေလာပါပြီ’-ဟု အသက်၄၄နှစ်အရွယ် ဒေါ်ဦးခင်သန်းက ပြောသည်။ အမြဲပဲ ရုန်းကန်နေရသည့် သူမအိမ်ဆိုင်လေးအတွက်တော့ ယခုနှစ်တွင် ငွေတိုးပေးသူများထံသို့ မသွားရဘဲ သူ့အိမ်ဆိုင်လေးကို လုပ်ငန်းတိုးချဲ့နိုင်ခဲ့သည်။ ယခင်အခါများက လုပ်ငန်းတိုးချဲ့ရန် ချေးငွေများအတွက် ပြန်ဆပ်ရသော အတိုးနှုန်းမှာ ကြီးလှသဖြင့် ဆိုင်လေးမှာ အရင်း ပြုတ်လုမတတ် ဖြစ်ခဲ့ရသည်။ လွန်ခဲ့သော နှစ်တွင် တက်လမ်းက ကျေးရွာငွေစုငွေချေးအသင်း သဘောတရားကို မိတ်ဆက်ပေးခဲ့သည်။ ထိုနှစ်အတွင်း ဒေါ်ဦးခင်သန်းသည် မိမိ ခြေနိုင်လက်နိုင် ငွေကျပ်၂၀၀,၀၀၀ ကို သုံးကြိမ်ခွဲ၍ ချေးယူကာ ထင်းလုပ်ငန်းကို စတင်ခဲ့သည်။ ‘ငွေစုငွေချေးက ပိုက်ဆံကို လိမ္မော်ရောင်သံဘူးထဲမှာ ထည့်တယ်။ ဈေးရောင်းရတဲ့ ပိုက်ဆံကို အဖြူရောင်သံဘူးထဲမှာ ထည့်တယ်။ ငွေစုငွေချေးအဖွဲ့နဲ့ လုပ်ရတာ ပျော်တယ်။ အချင်းချင်း ကူညီကြတယ်။ အဖွဲ့က ထောက်ပံ့တာကြောင့် ကိုယ့်ကိုယ်ကို ယုံကြည်မှုလည်း ပိုရှိလာတယ်” ဟု ဒေါ်ဦးခင်သန်းက ပြောသည်။နောက်နှစ်တွင်လည်း ကျေးရွာငွေစုငွေချေးအသင်းနှင့် ဆက်အလုပ်လုပ်ပြီး ငွေပိုစုကာ လုပ်ငန်း ကိုလည်း ဆက်လက်တိုးချဲ့မည်ဟု သူမက ဆက်လက်ပြောပြသည်။

ရေးသားတင်ပြသူ။ ဂျနီဖာ မက်ကင်တိုင်ယာ-တက်လမ်း ပြန်ကြားရေးနှင့်ဆက်သွယ်ရေး ဌာနမှူး

LIFTသည် ရေကာတာများကို အလုပ် နှင့် ငွေ ဖလှယ်သော စနစ်ဖြင့် တည်ဆောက်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် လုပ်သား ၃,၀၀၀ ကို ငှားရမ်းခဲ့ရာ ထက်ဝက်ကျော်မှာ အမျိုးသမီး ဖြစ်သည်။ တူညီသော အလုပအတွက် အမျိုးသမီးများကို အမျိုးသားများအောက် လျော့နည်းကာ လုပ်ခပေးနေသော လူ့အသိုက်အဝန်းတွင် ဤအလုပ်များအတွက် တန်းတူလုပ်အားခ ပေးခဲ့ရာ LIFTသည် ရခိုင် ကျေးရွာ များသို့ ဝင်ငွေ ကန်ဒေါ်လာ ၆၀၀,၀၀၀ ကို ပေးခဲ့သည်။

တောင်သူသင်တန်းကျောင်းများကိုလည်း စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းကာ ဆက်လက်ဖွင့်လှစ်ခဲ့သည်။ သင်တန်းသား များသည် စပါးစိုက်ပျိုးရာတွင် သင့်တော်သော နည်းနာများကို သုံးသဖြင့် ၆၃ ကာခိုင်နှုန်း အထွက် တိုးလာသည်။ ၂၀၁၆ ခုနှစ် တွင် မင်းပြားနှင့် မြေပုံမှ တောင်သူ ၆၅၂ ဦး (မ ၁၈၈၊ ကျား ၄၆၄)တက်ရောက်ခဲ့ကြသည်။

## အာဟာရ ကောင်းမွန်ရေး

၂၀၁၀ ပြည့်နှစ်တွင် ရခိုင်ပြည်နယ်အလယ်ပိုင်းကို ဂီရိ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့သဖြင့် LIFTသည် တက်လမ်း အစီအစဉ် မှတဆင့် အသက်မွေးမှုကို ပြန်လည်တည်ဆောက်ရန် ကတိကဝတ်ပြုခဲ့သည်။ တက်လမ်း အစီအစဉ် ဒုတိယအဆင့်ကို ၂၀၁၆ တွင် စတင်သောအခါ အာဟာရကဏ္ဍဖွံ့ဖြိုးရေးကို သိသာစွာ တိုးမြှင့်လုပ်ဆောင်လာသည်။ ပေါက်တော၊ မင်းပြား၊ မြေပုံမြို့နယ်တို့မှ ကျေးရွာ ၁၈၂ ရွာသည် ရက် ၁,၀၀၀ မိခင်ကလေးများအား ငွေကြေး ထောက်ပံ့ရေး စီမံချက်တွင် ပါဝင် လာကြသည်။ မမွေးမီ နှင့် မွေးပြီး ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အသိပညာပေးမှုများကိုလည်း မိခင်အချင်းချင်း အထောက်အပံ့ အုပ်စုများဖြင့် ပေးအပ်ခဲ့သည်။  အာဟာရဆိုင်ရာ အသိပညာပေးလှုပ်ရှားမှုများသို့ ဖခင်များ၊ အဘိုးအဘွားများ၊ ကျေးရွာခေါင်းဆောင်များ၊ သားဖွား ဆရာမများလည်း တက်ရောက်ကြသည်။

၂၀၁၆ ခုနှစ် ရခိုင်ဒေသရှိ မိခင်နှင့် ကိုယ်ဝန်ဆောင် ၃,၅၄၅ ဦးသည် လစဉ်ပံ့ပိုးမှုအဖြစ် ငွေကျပ်၁၃၀၀၀/-(ကန်ဒေါ်လာ ၁၀)ကို မိမိကိုယ်တိုင် နှင့် ကလေး၏ ကျန်းမာရေးနှင့် အာဟာရအတွက် သုံးစွဲရန် ရရှိကြသည်။ ကိုယ်ဝန်ဆောင်ချိန်နှင့် မွေးပြီးချိန်တို့တွင်



နှင်းထောင့်ရွာ ရေကာတာကော်မတီသည် ပေ၂၅၀၀ ရှည်သော ယင်းတို့၏ ရေကာတာတွင် လယ်များထဲသို့ ဆားငန်ရေ ဝင်နိုင်သည့် ရေဝင်ပေါက် ရေစိမ့်ပေါက် ရှိမရှိ လစဉ် စစ်ဆေးသည်။ ယင်းရေကာတာကို ၂၀၁၄ ဧပြီလတွင် တည်ဆောက်စဉ်က တက်လမ်းက အလုပ်နှင့် ငွေဖလှယ်ခြင်း အစီအစဉ်ဖြင့် လူ ၄၉ ယောက်ကို ၅၉ ရက်စာ အလုပ်ပေးနိုင်ခဲ့သည်။ ရပ်ရွာကလည်း မိမိတို့တွင် ယင်းရေကာတာကို တည်ဆောက်နိုင်စွမ်း ထိန်းသိမ်း ပြုပြင်နိုင်စွမ်း ရှိသဖြင့် ဂုဏ်ယူသည်။

အာဟာရပြည့်ဝစွာ စားသောက်ရသည့် နည်းလမ်းများကိုလည်း ပညာပေးသည်။ ပထမစစ်တမ်းတွင် ကလေးများ ပုညက်မှု ငါးရာခိုင်နှုန်းလျော့ကျခြင်းသည် ဤငွေထောက်ပံ့မှုနှင့် အာဟာရပညာပေးမှုကြောင့် ဖြစ်နိုင်ကြောင်း ဖော်ပြထားသည်။ ပုညက်မှု သို့မဟုတ် အသက်နှင့်စာလျှင် အရပ်ပုလွန်းခြင်းသည် လူသားဖွံ့ဖြိုးမှုကို အဟန့်အတားအပြုဆုံး ဖြစ်သည့်  ပြန်ပြင်ရန် ခက်သည့် အကြောင်းတရပ် ဖြစ်သည်။ ကလေးဘဝက ပုညက်မှုကြောင့် လူကြီးဘဝအရပ်၏ ၁ ရာခိုင်နှုန်းလျော့ပါက စီးပွား ကုန်ထုတ်နှုန်းတွင် ၁.၄ ရာခိုင်နှုန်းလျော့သည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။[၄၄] ကလေးဘဝက ပုညက်ခဲ့ပါက လူကြီး

[44] The World Bank, Washington DC, 'Repositioning nutrition as central to development: a strategy for largescale action', 2006, http://siteresources.worldbank.org/NUTRITION/Resources/281846-1131636806329/NutritionStrategy.pdf, accessed 21 October 2014.

၁၀၀တွင် ပုံမှန်အရပ်ရှိခဲ့သူများထက် ဝင်ငွေ ၂၀ ရာခိုင်နှုန်းလျော့နိုင်သည်။[၄၅] ခန့်မှန်းထားသော ကလေးများပုညှက်မှုကို ငါးရာခိုင်နှုန်း လျော့ကျအောင် ဆောင်ရွက်ခြင်း နှင့် ဤအစီအစဉ်ကို ရခိုင်ကျေးရွာ ၁၈၀ တို့တွင် ဆက်လက် ဆောင်ရွက်ခြင်း တို့သည် လူသားဖွံ့ဖြိုးမှု နှင့် စီးပွားရေးဖွံ့ဖြိုးမှုတို့အတွက် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် ငွေကုန်ရကျိုးနပ်သည့် ဆောင်ရွက်မှုပင် ဖြစ်သည်။

၂၀၁၆ တွင် LIFT သည် ရေရှည်တည်တံ့သော ရပ်ရွာအခြေပြု ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး လုပ်ငန်းကို အာဟာရ မြှင့်တင်ရေး လုပ်ရှားမှု၏ တွဲဖက်အနေဖြင့် စတင်ခဲ့သည်။ အချို့ရခိုင်ကျေးရွာတို့တွင် ဘေးကင်းသော သောက်သုံးရေကို မရရှိ ကြခြင်းမှာ လေဟာပြင်တွင် အညစ် အကြေးစွန့်ကြသဖြင့် ရေမှတဆင့် ရောဂါများ ဖြစ်လာခြင်းကြောင့်လည်း ဖြစ်သည်။ ၂၀၁၆ နှစ်ကုန်တွင် LIFT၏ အထောက်အပံ့ဖြင့် အိမ်ထောင်စုသုံး အိမ်သာ အလုံး ၂,၀၀၀ခန့် ကို တည်ဆောက်ခဲ့သည်။ ကျောင်းအိမ်သာ ၁၅ လုံးကိုလည်း ပေါက်တောမြို့နယ်တွင် ဆောက်ပေးခဲ့ရာ မူလတန်း ကျောင်းသား ၁,၇၆၈ ဦး တို့ကို အကျိုးပြုနိုင်ခဲ့သည်။ တကိုယ်ရည် သန့်ရှင်းရေးနှင့် ဝန်းကျင်သန့်ရှင်းရေး အသိပညာပေးမှုကိုလည်း အခြေခံ အဆောက်အအုံများ ပံ့ပိုးပေးရာတွင် ထည့်သွင်းထားသည်။ ရွာ ၁၄ ရွာတွင် ရေစစ်စနစ် နှင့် အနည်ထိုင်တွင်းတို့ ပါဝင်သော ရေကန်ပြုပြင်မှုကြောင့် အကျိုးကျေးဇူး များ ရရှိနေသည်။ ထိုရွာများသည် ရေကောင်းရေသန့်ကို ယခုမှ ပထမဆုံးအကြိမ် အဖြစ် သောက်သုံးခွင့် ရနေကြသည်။ အညစ်အကြေး စွန့်ပစ်မှုပုံစံ အားနည်းခြင်း၊ တကိုယ်ရည် သန့်ရှင်းမှု မရှိခြင်းနှင့် မသန့်ရှင်းသော ရေကို သောက်သုံးမှု တို့ကြောင့် ဖြစ်သော ဝမ်းပျက်ဝမ်းလျှောခြင်းသည် ကလေးများ ကို သေစေနိုင်သော အဓိကအကြောင်းရင်း[၄၆] ဖြစ်သည့်ပြင်၊ ပုညှက်မှု ကိုလည်း ဖြစ်စေနိုင်သည်။[၄၇] စနစ်တကျ အညစ်အကြေး စွန့်ပစ်မှုရှိသည့် အိမ်ထောင်စုမှ ကလေးများ ပုညှက် သည်မှာ နည်းပါးကြောင်း၊[၄၈] ဆပ်ပြာဖြင့် လက်ကို စင်ကြယ်အောင် ဆေးခြင်းသည် ဝမ်းပျက်ဝမ်းလျှောခြင်းကို ၄၂ ရာခိုင်နှုန်းမျှ လျှော့ချနိုင်ကြောင်း၊[၄၉] နှင့် ရေကောင်းရေသန့် ရရှိခြင်းသည် ဝမ်းပျက် ဝမ်းလျှောခြင်း ကို သိသိသာသာ လျှော့ချ နိုင်ကြောင်း  သုတေသနမှ တွေ့ရှိ ထားသည်။ အာဟာရမြှင့်တင်ရေး လှုပ်ရှားမှု ၏ တွဲဖက်အနေဖြင့် WASH လုပ်ငန်းကို ဆောင်ရွက်ခြင်းသည်လည်း LIFT၏ ရေရှည် ခိုင်မာသော ငွေကုန်ရကျိုးနပ်သည့် ဆောင်ရွက်မှု ဖြစ်သည်။




“ ကျွန်မရဲ့ ပထမကလေး စိုးပြည့်ဝင်း အခု အသက် (၅) နှစ်ရှိပါပြီ။ သူ(၁)လ အရွယ်မှာ ကလေးကို ထမင်းနဲ့ မိခင်နို့ရည်နဲ့ ရောကျွေးဖို့၊ ပြီးရင် အသား၊ ငါးတွေကို မကျွေးဖို့ ကျွန်မ အမေသင်ပြတာတွေကို နားထောင်ခဲ့ပါတယ်။ အခု ကျွန်မ နည်းလမ်းသစ်တွေကို သိလာပါပြီ။ ကျွန်မကလေးဟာ အရမ်း အစာ စားချင်စိတ် ရှိတယ်။ ပြီးတော့ ကျွန်မသူ့ကိုကျွေးဖို့မေ့သွားရင် စားဖို့တောင်းတယ်။ သူကတော့ ကျွန်မသမီး ဒီအရွယ်မှာထက် ပိုထွားတယ်၊ ပြီးတော့ ဖျားတယ်နာတယ်ဆိုတာ သိပ်မရှိဘူး။ သူက အရမ်းသန်မာပြီး အားရှိတယ်လေ။ ကျွန်မရဲ့ ပထမ ကလေးတုန်းက ပန်းကလေးတစ်ပွင့်လို ပြုစုစောင့်ရှောက်ခဲ့ရတာပါ။ ဒါပေမဲ့ ဟိန်းပြည့်စုံကတော့ ကျောက်ခဲလို သန်မာပါတယ်။

ဒေါ်သန်းသန်းဝင်း နှင့် ဟိန်းပြည့်စုံ၊ အသက် (၂၂) လ

---

45 Grantham-McGregor S, Cheung YB, Cueto S, Glewwe P, Richter L, Strupp B; International Child Development Steering Group, 'Developmental potential in the first 5 years for children in developing countries', Lancet, 2007, 369:60–70.

46 Walker, C., et al., 'Global burden of childhood pneumonia and diarrhoea', Lancet, 2013, 381(9875): 1405-1416.

47 Prendergast, A. & Kelly, P., 'Review: enteropathies in the developing world: neglected effects on global health', American Journal of Tropic Medicine and Hygiene, 2012, 86(5), 756-763. Spears, D., World Bank, USA, 'How much international variation in child height can sanitation explain?', 2013, Policy Research Working Paper 6351.

48 Lin, A., et al., 'Household environmental conditions are associated with enteropathy and impaired growth in rural Bangladesh', American Journal of Tropical Medicine and Hygiene, 2013, 89(1), 130-137.

49 Curtis, V. & Cairncross, S., 'Effect of washing hands with soap on diarrhoea risk in the community: a systematic review. The Lancet Infectious Diseases', 2003, 3(5), 275-281.

## ရခိုင်ပြည်နယ်ရှိ အထူးစီးပွားရေးဇုန်တွင် တာဝန်ခံယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုဖြစ်စေရေး စီမံခန့်ခွဲခြင်း

၂၀၁၆ နှစ်ကုန်တွင် အစိုးရသည် မြန်မာနိုင်ငံစက်မှုအသွင်ပြောင်းရေးတွင် အထူးစီးပွားရေးဇုန် (SEZ) များကို ဗဟိုပြုမည်ဟု ထပ်လောင်း ပြောဆိုခဲ့သည်။ ဆောင်ရွက်ရန် စီစဉ်ထားသော SEZ ၃ခုအနက် တခုကို ရခိုင်ပြည်နယ် ကျောက်ဖြူတွင် ထူထောင်မည် ဖြစ်သည်။ SEZ များသည် စီးပွားရေးအရ သက်ရောက်မှု အကြီးအကျယ်ရှိလာနိုင်ပြီး အထူးသဖြင့် အခြား စီးပွားရေးတွန်းအားများ မရှိသည့် ကျေးလက်ဒေသသို့ အကျိုးများ ဖြစ်ထွန်းနိုင်သည်။ ရေရှည်တည်တံ့သော သာတူညီမျှရှိသည့် စီးပွားရေး ဖွံ့ဖြိုးမှု ဖြစ်ပေါ်စေရန် LIFT ၏ ရန်ပုံငွေ အထောက်အပံ့က ဆောင်ရွက်သည်။

LIFT က ရန်ပုံငွေထောက်ပံ့သည့် Oxfam ၏ ကျောက်ဖြူ SEZ များ နှင့် တာဝန်ခံယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု အစီရင်ခံစာအား စတင်မိတ်ဆက်သော အခမ်းအနားတွင် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး တက်ရောက်ခဲ့ပြီး -'SEZ တွေက မြန်မာနိုင်ငံသားတိုင်းကို အထူးသဖြင့် SEZ တွေဆောက်မယ့် ပတ်ဝန်းကျင်က လူထုကို အကျိုးပြုတာကို ကျနော်တို့ မြင်ချင်ပါတယ်'ဟု ပြောခဲ့သည်။ မြန်မာနိုင်ငံ တာဝန်ခံယူမှုရှိသောစီးပွားရေးဗဟိုဌာန မှ ညွှန်ကြားရေးမှူး ဗစ်ကီဘောင်မန်ကလည်း-'အစကတည်းက မှန်ကန်မှုရှိဖို့က အရေးကြီးတယ်။ အဲဒါကြောင့် SEZ တွေ အစောပိုင်းအဆင့်မှာကို ဒါတွေကို ဆွေးနွေးဖို့ ပတ်သက်တဲ့သူတွေ ပေါင်းစုံဆွေးနွေးနိုင်တဲ့ အနေအထားတွေရှိဖို့ အရေးကြီးတယ်'ဟု ပြောသည်။

ပတ်သက်ဆက်နွယ်သူများ ကြောင့်ကြနေသည်မှ မြေယာ နှင့် ပြန်လည်နေရာချထားရေးကိစ္စများ ဖြစ်သည်။ နိုင်ငံတကာ ဥပဒေရေးရာ ကော်မရှင်(International Commission of Jurists ICJ)မှ ဥပဒေအတိုင်ပင်ခံ ရှောင်ဘိန်းက လူ၂၀,၀၀၀ခန့် တခြားနေရာများတွင် ပြောင်းရွှေ့နေရာချထားခံရဖွယ် ရှိမည်ဟု သူထင်မြင်မိကြောင်း၊ 'မြေသိမ်းဆည်းဖို့တော့ လုပ်နေပြီ။ ဒါပေမယ့် အသိမ်းခံရတဲ့လူတွေနဲ့ လူထုကတော့ အရေးကြီးတဲ့ သတင်းတွေကို ဘာမှမသိရဘူး။ နိုင်ငံတကာစံတွေနဲ့ ကိုက်ညီတဲ့ ပြန်လည်နေရာချထားရေး စီမံချက်က အရင်လာ ရမယ်။ နောက်မှ မဟုတ်ဘူး'ဟု သူက ပြောပြသည်။



“ တက်လမ်း/Save the Children ၏ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး သင်တန်းကို တက်ခဲ့သော မြင့်ဂါသစ်ရွာမှ အသက်၆၄နှစ်အရွယ် ဦးသိန်းထွန်းအောင်သည် သူ့သားသမီးများ၊ မြေးများသို့ ပြန်လည် သင်ပေးနိုင်တော့မည်ဖြစ်၍ ကျေနပ်နေသည်။ 'အရင်က ဆိုရင် ကလေးတွေ ကလေးမတွေ လူကြီးတွေ အားလုံး ချုံထဲ သွားကြရတယ်။ မိုးတွင်းတောင် မကျန်ဘူး။ အန္တရာယ်လည်း ရှိတယ်။ မိန်းမတွေဆို ကျွန်ကြွေလည်း မရဘူး၊ ခုတော့ အိမ်သာတွေရှိလာပြီ။ ကျန်းမာရေးလည်း သိလာပြီ။ သိပ်ကို အကျိုးရှိတယ်'

ဦးသိန်းထွန်းအောင်

LIFT ၏ မိတ်ဖက် အဖွဲ့များဖြစ်သော Oxfam နှင့် Scholar Institute တို့က ရွာသားများကို မြေယာဆိုင်ရာ သတင်း အချက်အလက်များကို သင်တန်းပေးနေသည်။ ဤနှစ်ဖွဲ့စလုံးသည် ကျောက်ဖြူ SEZ ပတ်ဝန်းကျင်ရှိ ရွာသားများ၊ CSO များ၊ အစိုးရတို့နှင့် ဆက်ဆံရေးတည်ဆောက်ရန် အချိန်အား၊ လူအား၊ ငွေအား များစွာ ရင်းနှီးခဲ့ရသည်။ အကျိုးရှိသော ထိတွေ့ဆောင်ရွက်မှု ဖြစ်စေရန် ပြည်နယ်မြို့တော် စစ်တွေတွင် လူထုကြားနာမှု နှစ်ကြိမ်ပြုလုပ်ခဲ့သည်။ ဤကြားနာမှုမျိုးမှာ ရခိုင်ပြည်နယ်တွင် ပထမဆုံးဖြစ်ပြီး၊ အစိုးရ၊ ရွာသားများ၊ CSO များ၊ ပုဂ္ဂလိကကကဏ္ဍတို့ အချင်းချင်း ယုံကြည်မှုနှင့် အပြုသဘော ဆွေးနွေးမှုဖြစ်ပေါ်စေရေး အတွက် လိုအပ်သော အစိုးရ၏ ပါဝင်မှုကို ရရှိခဲ့သည်။

## ကြံ့ကြံ့ခံနိုင်မှုစွမ်းရည် တိုးတက်လာခြင်း

၂၀၁၆ခုနှစ်တွင် ရခိုင်အစီအစဉ်က အကဲဖြတ်ခြင်းနှင့် သင်ယူခြင်းဆိုင်ရာ မေးခွန်းခြောက်စုံကို ပြုစုခဲ့သည်။ ဤအစီအစဉ် မည်သို့ ဖြစ်ပေါ်လာသည်။ နောင်တွင် မည်သို့ အကောင်အထည်ဖော်မည်ကို ထင်ဟပ်စေရန် လမ်းညွှန်နိုင်ရန် ဖြစ်သည်။ စစ်တွေတွင် LIFT နေ့ကို နှစ်စဉ် ကျင်းပရာ မိတ်ဖက်အဖွဲ့များ တက်ရောက်ပြီး မေးခွန်းကို ဖြေခဲ့ကြသည်။ ထို့အတူ လေ့လာမှုများကိုလည်း တနှစ်ပတ်လုံး ဆောင်ရွက်ခဲ့သည်။ ၂၀၁၆ ခုနှစ် တွင် LIFT ရခိုင်အစီအစဉ်က နှစ်စဉ်ကျင်းပမြဲဖြစ်သည့် စီမံချက်ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှု အစည်းအဝေးနှင့် စီမံချက် ပြပွဲကို နှစ်ကြိမ် ပြုလုပ်ခဲ့သည်- မိတ်ဖက်အဖွဲ့များ နှင့် တစ်ရက်၊ နောက်တနေ့တွင် အစိုးရကပါ မိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်းပါဝင်ခဲ့သည်။

၂၀၁၆ တွင် LIFT က မေးသော မေးခွန်းမှာ- ရခိုင်ပြည်နယ်တွင် LIFT က ဆောင်ရွက်ပေးသော ကြံ့ကြံ့ခံနိုင်ရည်နှင့် သက်ဆိုင်သည်။ မည်သို့ မည်မျှထိ LIFT ၏ ဆောင်ရွက်မှုတို့သည် ကျေးလက်လူထု၏ ကြံ့ကြံ့ခံနိုင်ရည်ကို တိုးတက်စေသလဲ။

ရခိုင်ဒေသတွင် ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်းမှာ ဆိုင်ကလုံးမုန်တိုင်း၊ ရေကြီးခြင်း၊ လူအသိုက်အဝန်းအချင်းချင်းအကြား ပဋိပက္ခဖြစ်ခြင်း စသည်တို့ကြောင့် မကြာခဏဆိုသလို တုံ့ဆိုင်းမှုများရှိသည်။ မိမိ ဆောင်ရွက်ချက်တို့သည် ကြိုတင်မျှော်တွေးနိုင်စွမ်း၊[50] ဒဏ်ခံနိုင်စွမ်း၊[51] လိုက်လျောညီထွေဖြစ်နိုင်စွမ်း[52] တို့ကို မည်မျှ တည်ဆောက်နိုင်သည်ကို အကဲဖြတ်နိုင်ရန် ဤအစီအစဉ်ကို ပြန်လည်သုံးသပ်ခဲ့ပါသည်။

- ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုသည် အသေးစားစီးပွားရေးလုပ်ငန်း ရင်းနှီးမှုများ အတွက်သာ အဓိကသုံးစွဲမည့် ချေးငွေကို လက်လှမ်းမီစေသည်။ အခက်အခဲ အကြပ်အတည်း အခြေအနေနှင့် တွေ့ကြုံလာလျှင် အိမ်ထောင်စုများက ဤဝင်ငွေအသစ်ကြောင့် ပိုင်ဆိုင်မှုများကို ပြောင်းလွဲနိုင်စွမ်း ရှိလာသဖြင့် ဒဏ်ခံနိုင်စွမ်း ရှိလာစေသည်။ ချေးငွေကို လက်လှမ်းမီခြင်းသည် လိုက်လျောညီထွေဖြစ်နိုင်စွမ်း ရှိလာစေသည်။ ရင်းနှီးမြှုပ်နှံမှုများကြောင့် အိမ်ထောင်စု၏ ပိုင်ဆိုင်မှုများ သို့မဟုတ် ဝင်ငွေများကို တိုးတက်ကောင်းမွန်စေသည့်ပြင် အနာဂတ်တွင် ဘေးသင့်မှုကိုလည်း နည်းပါးစေသည်။ ရင်းနှီးမှုများသည် ဘေးသင့်မှု နည်းပါးသည့် အသက်မွေးမှုအသစ်များကိုလည်း ဖန်တီးနိုင်သည်။
- စိုက်ပျိုးမြေများကို ဆားငန်ရေ၊ မုန်တိုင်း၊ ရေကြီးခြင်းတို့မှ ကာကွယ်ရန် ရေကာတာများ တည်ဆောက်ခြင်းသည် ကြိုတင်မျှော်တွေးနိုင်စွမ်း ရှိသည့် လုပ်ဆောင်ချက်များဖြစ်သည်။ အလုပ်နှင့်ငွေ ဖလှယ်သော အစီအစဉ်ဖြင့် ရေကာတာများ တည်ဆောက်ရာတွင် ပါဝင်သဖြင့် ရရှိသောဝင်ငွေသည် အိမ်ထောင်စုများ၏ အခြေခံ စားသောက်စရိတ် ဖူလုံစေသည့်ပြင် အခြားသောအသက်မွေးမှု ဆိုင်ရာ ချောက်ချားမှုများကိုလည်း ဒဏ်ခံနိုင်စွမ်း ရှိလာစေသည်။ ရေကာတာများသည် မုန်တိုင်း၏ သက်ရောက်မှုကိုလည်း ဒဏ်ခံနိုင်စွမ်း ရှိအောင် ကူညီနိုင်သည်။ တက်လမ်း(၁)က တည်ဆောက်ခဲ့သော ရေကာတာ၉၂.၅ မိုင်အနက် ၅.၅ မိုင်သာ ၂၀၁၅ ခုနှစ်တွင်တိုက်ခတ်ခဲ့သော ကိုမန်မုန်တိုင်း ဒဏ်ကြောင့် ပျက်စီးခဲ့သည်။ လယ်ကေထောင်ပေါင်းများစွာကို ဆားငန်ရေမှ ကာကွယ်ခြင်းသည် လိုက်လျော ညီထွေ ဖြစ်နိုင်စွမ်း ရှိသည့် နည်းပညာဖြစ်ပြီး ကျေးလက်အသက်မွေးမှုကို ပြောင်းနိုင်တိုးချဲ့နိုင်ကာ အိမ်ထောင်စု ဝင်ငွေကိုလည်း တိုးပွားစေနိုင်သည်။
- ကလေးအာဟာရ ပညာပေးခြင်း နှင့်အတူ မိခင်ကလေးများအားငွေကြေးထောက်ပံ့မှုသည် ကျန်းမာရေးဆိုင်ရာ ဘေးသင့်မှု ကို ကြိုတင်မျှော်တွေးနိုင်စွမ်းရှိအောင် ကူညီသည့်ပြင် နို့စို့ကလေး အာဟာရကိုလည်း ကောင်းမွန်စေသည်။ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းသည် အိမ်ထောင်စုများအနေဖြင့် အခက်အခဲ အကြပ်အတည်းများကို ဒဏ်ခံနိုင်စွမ်း ရှိအောင် သို့မဟုတ် အခက်အခဲ အကြပ်အတည်း နှင့် တွေ့ကြုံမှု လျော့နည်းစေမည့်၊ တွေ့ကြုံလျှင်လည်း ပြန်လည်တုံ့ပြန်နိုင်စေမည့် လိုက်လျောညီထွေဖြစ်နိုင်စွမ်း ရှိလာစေသည့် ကျန်းမာရေးရလဒ်ကောင်းများကို ဖြစ်စေသည်။
- အသက်မွေးမှုသင်တန်းများသည် အိမ်ထောင်စုများ ဝင်ငွေနှင့် ပစ္စည်း တိုးပွားအောင်၊ လူများ အခြေခံ စားသောက် စရိတ် ဖူလုံသဖြင့် ချောက်ချားမှုကို ဒဏ်ခံနိုင်စွမ်း ရှိအောင် ရည်ရွယ်သည်။ သင်တန်းများသည် အိမ်ထောင်စုများ အခက်မတွေ့စေပဲ ပိုမိုစိတ်ချရသည့် လယ်ယာပြင်ပ အသက်မွေးမှု နည်းနာအမျိုးမျိုးတို့နှင့် လိုက်လျောညီထွေ ဖြစ်နိုင်စွမ်း ရှိစေသည်။
- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ စီမံချက်ရေးဆွဲခြင်းသည် အိမ်ထောင်စုများ ရပ်ရွာများကို နောင်တွင် ကြုံလာနိုင်သည့် ဘေးများကို ကြိုတင်မျှော်တွေးနိုင်စွမ်း ရှိစေသည့်ပြင် ထိုဘေးများနှင့် တွေ့ကြုံမှုကို လျော့နည်းစေနိုင်စွမ်း တိုးပွားစေသည်။ ရပ်ရွာများသည် ရပ်ရွာဖွဲ့စည်းပုံကို ပြောင်းနိုင်လျှင် အိမ်ထောင်စုများ၏ အသက်မွေးမှုကို ယင်းစီမံချက်ကို အခြေခံခဲ့လျှင် လိုက်လျောညီထွေ ဖြစ်နိုင်စွမ်း ရှိလာပြီဖြစ်သည်။

---

50 ကြိုတင်မျှော်တွေးနိုင်စွမ်း ဟုဆိုရာတွင် အိမ်ထောင်စုများ၏ မျှော်လင့်ထားသော လုပ်ကိုင်နိုင်စွမ်း၊ ဒေသတွင်း စီးပွားရေး သို့ စနစ်များ ဟု မှတ်ယူနိုင်ပြီး ပြင်ဆင်ခြင်း၊ အစီအစဉ်များရေးဆွဲခြင်းတို့ဖြင့် စွန့်စားရမှုများ၏ သက်ရောက်မှုများကို လျှော့ချခြင်းဖြစ်သည်။ ဆုံးရှုံးနိုင်ခြေများကို ခန့်မှန်းကာ ၎င်းတို့၏ သက်ရောက်မှုများမှ ကာကွယ်ရန် သို့ အနည်းဆုံးဖြစ်စေရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအဖြစ်လည်း ရှုမြင်နိုင်သည်။

51 ဒဏ်ခံနိုင်စွမ်း ဟုဆိုရာတွင် အိမ်ထောင်စုများ၏ လုပ်ကိုင်နိုင်စွမ်း၊ ဒေသတွင်း စီးပွားရေး သို့ စနစ်များသည် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးနှင့် ပတ်ဝန်းကျင် ဆိုင်ရာ အခက်အခဲပြဿနာများကို ဒဏ်ခံနိုင်ခြင်း သို့ ရင်ဆိုင်နိုင်ခြင်း ဟု မှတ်ယူနိုင်သည်။

52 လိုက်လျောညီထွေဖြစ်နိုင်စွမ်း ဟုဆိုရာတွင် အိမ်ထောင်စုများ၏ လုပ်ကိုင်နိုင်စွမ်း၊ ဒေသတွင်း စီးပွားရေး သို့ စနစ်များသည် အနာဂတ်တွင် ကြုံတွေ့နိုင်သော၊ ရေရှည်ဖြစ်သော၊ များပြားသော စွန့်စားနိုင်ခြေများနှင့် လိုက်လျောညီထွေဖြစ်ခြင်းဟု မှတ်ယူနိုင်သည်။ ဘေးဖြစ်နိုင်ခြေများ၊ အခက်အခဲပြဿနာများ အဖြစ်သွားစေကာမူ ရည်မှန်းထားသည့် အခြေအနေကို ရောက်ရန် စီစဉ်ဆောင်ရွက်သည်။ အနာဂတ်တွင် ဖြစ်နိုင်ခြေရှိသည့် အခက်အခဲပြဿနာများကို လျှော့ချသည်။ အဟန့်အတားများကို ကျော်လွှားကာ ပိုမိုကောင်းမွန်စွာဖြင့် ရင်ဆိုင်တုံ့ပြန်နိုင်သည်။

## ရှေ့ကိုမျှော်ကြည့်လျှင်

၂၀၁၆ ခုနှစ်တွင် ရခိုင်ဒေသအစီအစဉ်တွင် သိသာသော အပြောင်းအလဲများရှိသည်။ LIFT၏ ၂၀၁၆-၂၀၁၈ ရန်ပုံငွေ သက်တမ်းနှင့်အတူ တက်လမ်း၏ စီမံချက်အသစ်များလည်း လုပ်ငန်းစတင်ခဲ့သည်။ ၂၀၁၇တွင် စီမံချက်လုပ်ငန်းများ နှင့်အတူ ရခိုင်အစိုးရ၊ ရခိုင်လူမှုအဖွဲ့အစည်းများတို့နှင့် ဆက်လက် ချိတ်ဆက်ဆောင်ရွက်ကာ ပွင့်လင်းမြင်သာမှု၊ အပြန်အလှန်ဆွေးနွေးအဖြေရှာမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ဖြစ်ထွန်းစေမည်။

တက်လမ်း၏ မိတ်ဖက်အဖွဲ့တို့သည် အဖွဲ့များ ထူထောင်ထားကာ ယခင်ရရှိခဲ့သော ရန်ပုံငွေသက်တမ်းအတွင်းမှ အဖိုးတန် အတွေ့အကြုံများကို ရရှိထားကြသည်။ မိခင်နှင့်ကလေးများအား ငွေကြေးထောက်ပံ့ခြင်း၊ အလုပ် နှင့် ငွေကြေးဖလှယ်ခြင်း တို့မှာ အထူးအောင်မြင်သည်။ ၂၀၁၇ ခုနှစ်တွင် တက်လမ်းသည် ငွေထောက်ပံ့ခြင်း၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၊ သီးနှံအထွက်တိုးရေး၊ ငွေစုငွေချေးအသင်းများကို ဆက်လက် တိုးချဲ့ဆောင်ရွက်မည်။

ရသေ့တောင်မြို့နယ်တွင် ရိက္ခာဖူလုံရေးနှင့် အသက်မွေးမှုစီမံချက်အသစ်သည် အကောင်အထည် စပေါ်လာပြီဖြစ်သဖြင့် စီမံချက်ရွာများအကြားလည်း စိတ်ဝင်စားမှု နှင့် ယုံကြည်မှုများရရှိလာပြီဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် အကောင်အထည်ပေါ်နှုန်း မြင့်မားလာရေးအား အလေးထားဆောင်ရွက်ရန် လိုအပ်သည်။ နေရပ်စွန့်ခွာသူစခန်းများ နှင့် မောင်တောခရိုင်တွင် ၂၀၁၆ ခုနှစ် ဖွန်လက စတင်ခဲ့သော ကျွမ်းကျင်မှု သင်တန်းများသည် ၂၀၁၆ ခုနှစ် အောက်တိုဘာလက ဖြစ်ခဲ့သော အကြမ်းဖက်မှုများကြောင့် နှောင့်နှေးခဲ့ရသည်။ စီမံချက်နေရာများသို့ ရောက်ရှိလုပ်ကိုင်ရန် ကန့်သန့်ချက်များကြောင့် LIFT နှင့် မိတ်ဖက်အဖွဲ့များသည် ယင်းစီမံချက်မှာ ဖြစ်နိုင်မဖြစ်နိုင် ပြန်လည် သုံးသပ်ရမည် ဖြစ်သည်။

# တောင်တန်းဒေသ








## ၃.၄။ တောင်တန်းဒေသ

### ခြုံငုံဖော်ပြချက်

မြန်မာနိုင်ငံ၏ တောင်တန်းဒေသသည် နိုင်ငံ့ မြေပြင်ဧရိယာစုစုပေါင်း၏ ၅၅ ရာခိုင်နှုန်း ရှိပြီး လူဦးရေ ၁၃ သန်းခန့် နေထိုင်ကြသည်။[၅၃] ဤဒေသတွင် အရှေ့တောင်ဘက် ထိုင်းနိုင်ငံနှင့် ထိစပ်နေသော တောင်တန်းများမှသည် ရှမ်းကုန်းပြင်မြင့်၊ ထိုမှ မြန်မာ့ဟိမဝန္တာတောင်တန်း၊ အိန္ဒိယနိုင်ငံနှင့် ထိစပ်နေသော ချင်းတောင်တန်း၊ နာဂတောင်တန်း တို့ အထိ ပါဝင်သည်။ LIFT၏ တောင်တန်းဒေသ စီမံကိန်း သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရှမ်း ပြည်နယ်များနှင့် တနင်္သာရီတိုင်းတို့တွင် လုပ်ငန်းဆောင်ရွက်နေသည်။ စီမံကိန်းနယ်မြေတဝှမ်းရှိ ကွာဟမှုမှာ အလွန်ကြီးမားကာ ဆင်းရဲနွမ်းပါးမှုနှုန်း အနိမ့်ဆုံးအဖြစ် ကယားပြည်နယ် တွင် ၁၁.၄ရာခိုင်နှုန်း ရှိပြီး အမြင့်ဆုံးအဖြစ် ချင်းပြည်နယ်တွင် ၇၃ ရာခိုင်နှုန်းအထိ ရှိသည်။[၅၄]

မြန်မာနိုင်ငံ၏ တိုင်းရင်းသား လူမျိုးစုများသည် တောင်တန်းဒေသတွင် အများဆုံး နေထိုင်ကြသည်။ လွတ်လပ်ရေးရရှိပြီး ကတည်းက ဤလူမျိုးစုအုပ်စု အများအပြားသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုရရှိရန်အတွက် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်နေကြသည်။ အချို့နေရာများတွင် အပစ်အခတ် ရပ်စဲထားသည်မှာ ကြာပြီဖြစ်သော်လည်း လက်နက်ကိုင် ပဋိပက္ခ ဖြစ်နေသည့် နေရာဒေသများလည်း ရှိနေသေးသည်။ တောင်တန်းဒေသတွင် နေရပ်စွန့်ခွာရသူများရှိနေပြီး ၎င်းတို့သည် အသက်မွေးမှု

*ပုံ ၃.၄။ ၂၀၁၆ခုနှစ် တောင်တန်းဒေသတွင် LIFT ၏ လုပ်ငန်းဆောင်ရွက်မှုများ*




[53] မြန်မာနိုင်ငံ၏ တောင်တန်းဒေသများမှာ ချင်း၊ကချင်၊ ရှမ်း၊ ကယား၊ ကရင်၊ မွန် နှင့် တနင်္သာရီတို့ဖြစ်ပြီး ၂၀၁၄ခုနှစ် လူဦးရေ သန်းခေါင်စာရင်းအရ လူဦးရေစုစုပေါင်း၏ ၂၄%ခန့်မှာ တောင်တန်းဒေသများတွင် နေထိုင်ကြသည်။ ဤပြည်နယ်နှင့်တိုင်းတို့မှ လူဦးရေတော်တော်များများမှာ မြေနိမ့်ပိုင်း နှင့် ကမ်းရိုးတန်းနေရာများတွင် နေထိုင်ကြသည်။ အခြားသော ပြည်နယ်နှင့်တိုင်းများမှ တောင်ပေါ်ပိုင်းတို့တွင်လည်း လူဦးရေတော်တော်များများရှိသည်။

[54] Ministry of National Planning and Economic Development, SIDA, UNICEF and UNDP, 'Integrated Household Living Conditions Survey in Myanmar 2009-2010: Poverty Profile', 2011, p.16.

အခွင့်အလမ်း နည်းပါးလှသည့် နိုင်ငံတွင်းရွှေ့ပြောင်းယာယီစခန်းများ နှင့် ရွာများတွင် နေထိုင်နေကြရသည်။ အဆိုပါ ရပ်ရွာလူထုများ၏ အသက်မွေးမှု အခွင့်အလမ်း ရေရှည် တိုးတက်ရန်မှာ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်က အဓိက ကျလှသည်။


ဝေးလံခေါင်သီပြီး တောတောင်ထူထပ်ကာ လူဦးရေလည်း နည်းပါးသည့် ဤဒေသများရှိ လုပ်ကွက်ငယ်တောင်သူများ၊ ဝမ်းစာ ဖူလုံရုံ တောင်သူများသည် ရိုးရာရွှေ့ပြောင်းတောင်ယာတို့၌ ဆန် နှင့် ပြောင်း တို့ကို စိုက်ပျိုးကြသည်။ လှေခါးထစ် လယ်ယာနှင့် ရေသွယ်စနစ်တို့အသုံးပြုသည့် အချို့ရွာများတွင် သီးထပ် စိုက်ပျိုးလာနိုင်ကြပြီး လုပ်ကွက်ငယ် တောင်သူအချို့မှာ နှစ်ရှည် သီးနှံများကို စိုက်ပျိုးလာကြသည်။ တောင်တန်းဒေသနေရာများစွာသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသဖြင့် သီးခြားဖြစ်နေကြသည်။ အိမ်ထောင်စုများသည် အသိအမြင်သစ်များနှင့် ကျွမ်းကျင်မှုများ၊ ကျန်းမာရေး၊ ပညာရေး၊ ပြည်သူ့ ဝန်ဆောင်မှုလုပ်ငန်းများ၊ ပညာပေးမှုများကို သာမက စိုက်ပျိုးရေးအတွက် ငွေကြေးနှင့် ထုတ်ကုန်ဈေးကွက်၊ စီးပွားရေး ဖွံ့ဖြိုးမှု စသည် တို့ကိုလည်း လက်လှမ်းမမီကြပေ။

ဒေသပြင်ပမှလူများ ဝင်ရောက်လာပြီး နှစ်ရှည်သီးနှံများ၊ စက်မှုသီးနှံများ စိုက်ပျိုးခြင်းသည် ဒေသခံများ၏ မြေယာ လက်လှမ်းမီမှု နှင့် အသက်မွေးမှုတို့အတွက် စိန်ခေါ်မှု တစ်ရပ်ဖြစ်နေသည်။ ၎င်းသည် ရပ်ရွာအချင်းချင်း၊ ရပ်ရွာ နှင့် ဒေသ အာဏာပိုင်တို့အကြားတွင် ပဋိပက္ခများကို ဖြစ်ပွားစေသည်။ စီးပွားရေးအခြေအနေများအရ ရွှေ့ပြောင်းနှုန်း မြင့်မားသည့်အတွက် ရွှေပြောင်းလုပ်ကိုင်ခြင်းမှ ရရှိသော ဝင်ငွေများကိုလည်း ရရှိကြသည်။

တောင်တန်းဒေသတွင် သီးနှံဖြစ်ထွန်းနိုင်သည့် အခြေအနေများ၊ ပြေပြစ်သော တောင်စောင်းများ၊ ဈေးကွက်နှင့် နီးခြင်းတို့ ရှိသည့် နိုင်ငံ့စိုက်ပျိုးရေးတွင် လှုပ်ရှားသက်ဝင်လျက်သော နယ်မြေဒေသများရှိသည်။ ထိုဒေသတို့တွင် ဈေးကွက်ကို ဦးတည်ကာ မြို့ပြဒေသများ၏ ဝယ်လိုအားများရှိသော ဂျုံ၊ ကြက်သွန်ဖြူ၊ အာလူး၊ ပဲပိစပ်၊ ဟင်းသီးဟင်းရွက်၊ သစ်သီးစသည့် တန်ဖိုးမြင့် သီးနှံများကို စိုက်ပျိုးရေ ရရှိသည့်တောင်သူတို့က စက်မှုလယ်ယာဖြင့် လျင်မြန်စွာ တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

*ပုံ ၃.၄.၁ ။ တောင်တန်းဒေသအတွင်း ကဏ္ဍအလိုက် LIFT၏ ရင်းနှီးမြှုပ်နှံမှုများ (၂၀၁၆-၂၀၁၉)*

စိုက်ပျိုးရေး-ဂေဟဇုန်အလိုက် ရန်ပုံငွေ ခွဲဝေချထားမှု (ကန်ဒေါ်လာ)



# ၂၀၁၆ခုနှစ်မှ စိတ်ဝင်စားဖွယ်များ

## LIFT ၏ လုပ်ငန်းများတိုးချဲ့ခြင်း

၂၀၁၆ ခုနှစ် ပထမနှစ်ဝက်တွင် LIFT သည် မိတ်ဖက်အဖွဲ့များနှင့် ညှိနှိုင်းကာ ၂၀၁၅ခုနှစ် နှစ်ကုန်က ခေါ်ယူထားသော အဆိုပြုလွှာများကို ရွေးချယ်ခဲ့သည်။ ၂၀၁၆ ဇူလိုင်လတွင် စုစုပေါင်း ကန်ဒေါ်လာ ၁၆.၈ သန်း တန်သော စီမံချက် ကန်ထရိုက် ၇ ခုကို စာချုပ်လက်မှတ်ရေးထိုးခဲ့သည်။ GRET နှင့် မေတ္တာအဖွဲ့တို့ ပါဝင်သော Swissaid ဦးဆောင်သည့် ပူးပေါင်းအဖွဲ့သည် LIFT၏ တောင်တန်းဒေသ မြို့နယ် ရန်ပုံငွေ၏ ရန်ပုံငွေမန်နေဂျာအဖြစ် ဆောင်ရွက်မည်။ ယင်းသို့ ဆောင်ရွက်နိုင်မှုသည် LIFT၏ CSOများနှင့် ကျယ်ပြန့်စွာ ထိတွေ့ဆောင်ရွက်မှု မဟာဗျူဟာ၏ အဓိကအစိတ်အပိုင်း ဖြစ်သည်။ ၂၀၁၆ ခုနှစ် နှစ်ဆန်းတွင် အစိုးရအရာရှိများ၊ CSO များအား လုပ်သားရွှေ့ပြောင်းသွားလာရေးစီမံခန့်ခွဲမှုကို လေ့ကျင့်သင်ကြားပေးရန် ILO ကို ထောက်ပံ့ခဲ့သည်။ ဤစီမံချက်အသစ်များကို လက်ရှိ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ ပုဂ္ဂလိကကဏ္ဍ နှင့် ထိတွေ့ဆောင်ရွက်မှု စီမံချက်များ နှင့် အတူ ဆောင်ရွက်သွားမည်။

ကန်ဒေါ်လာ ၁၃.၃ သန်း တန်ဖိုးရှိသည့် ကျေးရွာအခြေပြု လုပ်ငန်းများဖြစ်သည့် စီမံချက်အသစ် ခြောက်ခုသည် မြို့နယ် ၁၅ ခုရှိ ကျေးရွာ ၃၄၀ မှ အိမ်ထောင်စုပေါင်း ၁၆,၀၀၀ ကို စိုက်ပျိုးရေး၊ အာဟာရ၊ လူမှု-စီးပွားဆိုင်ရာ ဝန်ဆောင်မှုတို့ဖြင့် သုံးနှစ်တိုင်တိုင် တိုက်ရိုက် အကျိုးပြုမည်ဟု မျှော်လင့်ထားသည်။ လက်ရှိဘတ်ဂျက်တွင် အိမ်ထောင်စုတစ်စုအတွက် ပျမ်းမျှစရိတ် ကန်ဒေါ်လာ ၈၃၀ သုံးစွဲမည်ဖြစ်ပြီး စီမံချက်တစ်ခု နှင့် တစ်ခုအကြား ကန်ဒေါ်လာ ၆၀၀ မှ ၁,၇၀၀ ထိ ခြားနားချက်များ ရှိမည်ဖြစ်သည်။ အဓိက ကုန်ကျသည်မှာ ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု မြင့်မားမှုကို လိုအပ်သည့်အတွက် ဖြစ်သည်။ အထူးသဖြင့် စီမံချက်များတွင် ခိုင်မာသည့် ဖွဲ့စည်းပုံဆိုင်ရာ ကဏ္ဍများပါဝင်လာလျှင် ဖြစ်သည်။

၂၀၁၆ခုနှစ် ဒုတိယနှစ်ဝက်တွင် ဤစီမံချက်အသစ်များသည် ဝန်ထမ်းခန့်အပ်ခြင်း၊ ရုံးခန်းဖွင့်ခြင်း၊ ရပ်ရွာများ နှင့် ချိတ်ဆက်ခြင်း စသော လုပ်ငန်း အစပျိုးမှုများကိုသာ ဆောင်ရွက်နေကြသည်။ ယင်းတို့၏ MEAL စီမံချက်များကို အချောသပ်ပေးရန် အတိုင်ပင်ခံများကို LIFT က ခန့်ထားပြီးဖြစ်သည်။[၅၅] ထို့ပြင် LIFTသည် ပဋိပက္ခကို အလေးထား တုံ့ပြန်သော ဆန်းစစ်ချက်များကို ဆောင်ရွက်ခဲ့သည်။ အစိုးရ နှင့် လူမျိုးစုလက်နက်ကိုင်အဖွဲ့ များကိုလည်း ဤစီမံချက်အသစ်များအကြောင်းကို အသိပေးခဲ့သည်။

*ဇယား ၃.၅ ။ ၂၀၁၆ခုနှစ် တောင်တန်းဒေသရှိ LIFT ရန်ပုံငွေပံ့ပိုးသည့် စီမံချက်များ*

| စဉ် | မိတ်ဖက်အဖွဲ့အစည်း | နေရာ | ဦးတည်ချက် |
|---|---|---|---|
| ၁ | ICRAF (World Agroforestry Centre)<br>Partners: Yezin University of Forestry, Ecosystem Conservation and Community | ချင်းပြည်နယ်-တီးတိန်<br>ရှမ်းပြည်နယ်-ပင်လောင်း | သီးနှံ-သစ်တော ရောနှောစိုက်ပျိုးမှုဆိုင်ရာ ပညာပေးခြင်းနှင့် ဖွံ့ဖြိုးရေးတို့ အတွက် ထောက်ပံ့ခြင်း၊ |
| ၂ | Mercy Corps<br>Partner: Swisscontact | ရှမ်းပြည်နယ်ရှိ ကလော၊ ညောင်ရွှေ၊ တောင်ကြီး၊ ပင်လောင်း၊ ပင်းတယ၊ | ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့် တော်သူများကို စိုက်ပျိုးရေးပညာပေးခြင်း |
| ၃ | PRIME - Agri | ရှမ်းပြည်နယ်ရှိ ကလော၊ ဆီဆိုင်၊ တောင်ကြီး၊ ပင်းတယ၊ ဟဲဟိုး၊ | လုပ်ကွက်ငယ်တောင်သူများကို ရေရရှိရေး၊ သွင်းအားစု လက်လှမ်းမီရေး၊ ဈေးကွက် ၊ ငွေကြေး၊ သင်တန်း လက်လှမ်းမီရေး ကို ထောက်ပံ့ပေးခြင်း |
| ၄ | TAG International<br>Partners: Department of Apiculture, Parami Development Network (PDN) | ရှမ်းပြည်နယ်ရှိ ကလော၊ ညောင်ရွှေ၊ တောင်ကြီး၊ ပင်းတယ၊ ရပ်စောက် | ပျားမွေးမြူသည့် တောင်သူအသစ်များသို့ လုပ်ငန်းဆိုင်ရာ သင်တန်းပေးခြင်း၊ ပျားမွေးမြူရေး နည်းနာကောင်းများ၊ ဈေးကွက် ဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်ခြင်း |
| ၅ | Catholic Relief Services (CRS)<br>Partners: Karuna Mission Social Solidarity (KMSS) | ချင်းပြည်နယ်ရှိ ထန်တလန်၊ ဖလမ်း၊ မတူပီ | စိုက်ပျိုးရေး တိုးချဲ့ပညာပေးခြင်း၊ အာဟာရ ပညာပေးခြင်း |
| ၆ | Choklei Organisation for Rural and Agricultural Development (CORAD)<br>Partners: GRET | ချင်းပြည်နယ်ရှိ တီးတိန်၊ တွန်းဇံ၊ ထန်တလန်၊ ဖလမ်း၊ ဟားခါး | စိုက်ပျိုးရေး တိုးချဲ့ပညာပေးခြင်း၊ အာဟာရ ပညာပေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ တန်ဖိုးမြှင့်ကွင်းဆက်များဖွံ့ဖြိုးမှု၊ သဘာဝ သယံဇာတ စီမံခန့်ခွဲမှုကို ထောက်ပံ့ခြင်း၊ |

| စဉ် | မိတ်ဖက်အဖွဲ့အစည်း | နေရာ | ဦးတည်ချက် |
|---|---|---|---|
| ၇ | Karen Development Network (KDN)<br>Partners: Convenent Consult and Tanintharyi Karen Peace Support Initiative (TKPSI) | တနင်္သာရီတိုင်းရှိ ထားဝယ်၊ ပုလော၊ သရက်ချောင်း | အသက်မွေးမှုပညာ သင်တန်းကျောင်း ထူထောင်ခြင်း၊ သယံဇာတ စီမံခန့်ခွဲမှုကို ထောက်ပံ့ခြင်း၊ နေရပ်စွန့်ခွာသူများ၏ ကြံ့ကြံ့ခံနိုင်မှုအားကို ပိုမိုအားကောင်းစေခြင်း |
| ၈ | Consortium Dutch NGOs (CDN) in consortium with Cordaid and World Concern Myanmar<br>Partners: Karen Baptist Convention (KBC) and KMSS | ကရင်ပြည်နယ် - သံတောင်ကြီး | စိုက်ပျိုးရေး တိုးချဲ့ပညာပေးခြင်း၊ တန်ဖိုးမြှင့်ကွင်းဆက်ဖွံ့ဖြိုးမှု၊ မြေယာ ပြန်လည် ကောင်းမွန်ရေး၊ ရေရရှိရေး၊ အာဟာရပညာပေးခြင်း၊ ရေ ပတ်ဝန်းကျင် နှင့် သန့်ရှင်းရေး နှင့် အခြေခံ အဆောက်အအုံ၊ CBO CSO တို့၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်း |
| ၉ | Metta Development Foundation | ကချင်ပြည်နယ်-မိုးမောက်၊ မြစ်ကြီးနား၊ ဝိုင်းမော်<br>ရှမ်းပြည်နယ်-နမ္မတူ၊ လားရှိုး | စိုက်ပျိုးရေး တိုးချဲ့ပညာပေးခြင်း၊ တန်ဖိုးမြှင့် ကွင်းဆက်ဖွံ့ဖြိုးမှု၊ သဘာဝ သယံဇာတ စီမံခန့်ခွဲမှု တို့ကို ထောက်ပံ့ခြင်း၊ |
| ၁၀ | Myanmar Institute for Integrated Development (MIID)<br>Partners: Cornell | ချင်းပြည်နယ် ဟားခါး | အာဟာရဖောင်းပေး စိုက်ပျိုးရေး၊ အာဟာရပညာ ပေးခြင်း၊ အမျိုးသမီးအခွင့်အရေး နှင့် ခေါင်းဆောင်မှု ဖွံ့ဖြိုးရေးကို ထောက်ပံ့ခြင်း၊ |
| ၁၁ | SWISSAID<br>Partners: Metta Development Foundation and GRET | ကချင်ပြည်နယ် -မိုးကောင်း၊ မိုးညှင်း၊ဝိုင်းမော်<br>ကယား ပြည်နယ်-ဒီမောဆိုး၊ လွိုင်ကော်<br>ချင်း ပြည်နယ်-တီးတိန်၊ ဖလမ်း၊ ဟားခါး<br>ရှမ်း ပြည်နယ်-ကွတ်ခိုင်၊ ဆီဆိုင်၊ ပင်းတယ၊ ဖယ်ခုံ၊ လားရှိုး၊ သိန်းနီ၊ ဟိုပုံး | မြို့နယ်အလိုက် ရန်ပုံငွေဖြင့် CSO များ၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ ရပ်ရွာက ဦးစီးသော အသက်မွေးမှုလုပ်ငန်းများ၊ အစိုးရ၊ ဒေသအာဏာပိုင် များ၊ ပုဂ္ဂလိကကဏ္ဍတို့နှင့် |
| ၁၂ | Proximity Designs | ရှမ်းပြည်နယ်ရှိ ကလော၊ ညောင်ရွှေ၊ တောင်ကြီး၊ ၊ ရပ်စောက် | စိုက်ပျိုးရေး၊ ရွှေ့ပြောင်းသွားလာရေး၊ ကျေးလက် စီးပွားရေး လုပ်ငန်းများ၊ စက်ကိရိယာများ အတွက် ငွေကြေးထောက်ပံ့ခြင်း၊ အခြေခံ ငွေကြေးအသိပညာပေးခြင်း |
| ၁၃ | World Vision Myanmar/ VisionFund Myanmar (VFM)<br>Partners: World Vision Australia | ရှမ်းပြည်နယ် -ကျိုင်းတုံ၊ တာလေ၊ လားရှိုး၊ သီပေါ၊<br>ကယားပြည်နယ် -ဒီမောဆိုး၊ လွိုင်ကော်<br>ကရင်ပြည်နယ် - ဘားအံ | စိုက်ပျိုးရေးနှင့် လယ်ယာပြင်ပ အသက်မွေးမှု ဖွံ့ဖြိုးရေးအတွက် ငွေကြေးဝန်ဆောင်မှုများ၊ အသေးစားလယ်ယာသုံးစက်ကိရိယာ များအတွက် အထူးချေးငွေများ၊ ငွေစုငွေချေးအခွင့်အလမ်းများ |
| ၁၄ | PGMF | ရှမ်းပြည်နယ်ရှိ ကလော၊ ကျောက်မဲ၊ ညောင်ရွှေ၊ တောင်ကြီး၊ နောင်ချို၊ ပင်လောင်း၊ ပင်းတယ၊ ရွာငံ၊ | စိုက်ပျိုးရေး၊ အသေးစား စီးပွားရေးလုပ်ငန်း၊ လူမှုရေးချေးငွေ၊ စုငွေ၊ ငွေရေးကြေးရေး ပညာပေးခြင်း၊ သက်သာချောင်ချိရေး |
| ၁၅ | Yoma Bank | ရှမ်းပြည်နယ်-တောင်ကြီး<br>တနင်္သာရီတိုင်း-မြိတ် | စိုက်ပျိုးရေးနှင့် လယ်ယာပြင်ပ အသက်မွေးမှု ဖွံ့ဖြိုးရေးအတွက် ငွေကြေးဝန်ဆောင်မှုများ၊ အခြေခံ ငွေကြေးအသိပညာပေးခြင်း သက်သာချောင်ချိရေး |
| ၁၆ | GRET | ချင်းပြည်နယ်ရှိ တီးတိန်၊ တွန်းဇန်၊ ထန်တလန်၊ ဖလမ်း၊ ဟားခါး | စိုက်ပျိုးရေး၊ အသေးစား စီးပွားရေးလုပ်ငန်း၊ လူမှုရေးချေးငွေကို ထုတ်ပေးနေသည့် ချင်းMFIအဖွဲ့ကို တရားဝင်အဖွဲ့အစည်းအဖြစ် ဖြစ်ထွန်းလာအောင် ထောက်ပံ့ခြင်း၊ အခြေခံ ငွေကြေးအသိပညာပေးခြင်း၊ သက်သာချောင်ချိရေး |

[55] Monitoring and Evaluation for Accountability and Learning

### ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု

GRET (ချင်း) ၊ Proximity Designs၊ PGMF၊ ဗွီးရှင်းဖန် အင်တာနေရှင်နယ်လ် နှင့် ရိုးမဘဏ် တို့သည် LIFT ၏ တောင်တန်းဒေသ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း မိတ်ဖက်အဖွဲ့ များဖြစ်ကြသည်။ ယင်းတို့ သည် တောင်တန်းဒေသ ၂၃ မြို့နယ်ရှိ ကျေးရွာ ၁,၇၈၀ ကို လွှမ်းခြုံထားရာ ၁၃ မြို့နယ် (၅၇ ရာခိုင်နှုန်း)မှာ LIFT ၏ ဦးတည်မြို့နယ်များ ဖြစ်ကြသည်။ ချေးငွေများကို မွေးမြူရေး နှင့် အသေးစားစီးပွားရေးလုပ်ငန်း (၅၁ ရာခိုင်နှုန်း)၊ သီးနှံစိုက်ပျိုးရေး (၄၅ ရာခိုင်နှုန်း) တို့အတွက် သုံးစွဲကြသည်။ ၂၀၁၆ တွင် LIFTသည် ကန်ဒေါ်လာ ၃၆.၄ သန်းကို အိမ်ထောင်စု ၁၆၀,၀၀၀ အတွက် သုံးစွဲခဲ့သည်။

*ဇယား ၃.၆ ။ တောင်တန်းဒေသ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု*

| မိတ်ဖက်အဖွဲ့အစည်း | စီမံချက် နယ်မြေ | ထုတ်ချေးငွေ (ကန်ဒေါ်လာ) | ငွေစု/ချေးသူ စုစုပေါင်း | ငွေစု/ချေးသူ အမျိုးသမီး ဦးရေ |
|---|---|---|---|---|
| Proximity Designs | ရှမ်းပြည်နယ်တောင်ပိုင်း။ ကလော၊ ညောင်ရွှေ၊တောင်ကြီး၊ ရပ်စောက် | ၆၃၀,၁၈၅ | ၃,၄၃၃ | ၂,၅၇၅ |
| VisionFund Myanmar | ကယား-လွိုင်ကော်၊ ကရင်-ဖားအံ၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် အရှေ့ပိုင်း-ကျိုင်းတုံ၊ တာလေ၊ လားရှိုး၊ သီပေါ | ၄,၀၄၇,၉၆၆ | ၁၅,၃၀၇ | ၁၂,၆၆၆ |
| GRET Chin MFI | ချင်း-တီးတိန်၊ တွန်းဇံ၊ ထန်တလန်၊ ဖလမ်း၊ ဟားခါး | ၂,၀၁၃,၈၆၈ | ၁၀,၀၆၅ | ၆,၂၃၆ |
| PGMF | ရှမ်းပြည်နယ်တောင်ပိုင်း။ ကလော၊ ကျောက်မဲ၊ ညောင်ရွှေ၊ တောင်ကြီး၊ နောင်ချို၊ ပင်လောင်း ၊ ပင်းတယ၊ ရပ်စောက်၊ ရွှာင် | ၂၈,၄၂၈,၇၅၅ | ၁၃၁,၁၅၉ | ၁၂၈,၅၃၆ |
| Yoma Bank | ရှမ်း | ၁,၃၀၅,၉၈၅ | ၉၆ | ၇ |
| စုစုပေါင်း | | ၃၆,၄၂၆,၇၆၀ | ၁၆၀,၀၆၀ | ၁၅၀,၀၁၉ |

### တောင်သူများကို ပုဂ္ဂလိကကဏ္ဍမှ ထောက်ပံ့ခြင်း

ပုဂ္ဂလိကကဏ္ဍမှ မိတ်ဖက်အဖွဲ့များက ပညာပေးသင်တန်းများ၊ ဈေးကွက်၊ ငွေကြေးတို့ကို လက်လှမ်းမီအောင် ထောက်ပံ့ကြသည်။ တောင်သူများ စည်းရုံးကာ ပူးပေါင်းဆောင်ရွက်နိုင်ရန် ကူညီသည်။

Mercy Corps နှင့် Swisscontact တို့သည် နွမ်းပါးသူများအတွက် 'ဟင်းသီးဟင်းရွက်ဈေးကွက် ဖြစ်ထွန်းစေခြင်း (MVMW)' စီမံချက်ကို ရှမ်းပြည်နယ်တောင်ပိုင်း ၅ မြို့နယ်တွင် ဆောင်ရွက်နေသည်။ ဤအစီအစဉ်သည် လုပ်ဆောင်ချက် အမျိုးမျိုးဖြင့် အိမ်ထောင်စု ၁၀,၀၀၀ ကို ဟင်းသီးဟင်းရွက် ထုတ်လုပ်ရာမှ ဝင်ငွေတိုးလာစေရန် ရည်ရွယ်သည်။ ထို့ပြင် ထပ်ဆင့်ပွားခြင်းဖြင့် နောက်ထပ်အိမ်ထောင်စုများလည်း လက်လှမ်းမီလာစေရန် မျှော်လင့်ထားသည်။ ၂၀၁၆ တွင် East West Seed နိုင်ငံတကာ လီမိတက် သည် အိမ်ထောင်စု ၆,၀၃၆ ထံသို့ အရည်အသွေးပိုမိုကောင်းမွန်သည့် သွင်းအားစုများနှင့် တိုးချဲ့ပညာပေး သင်တန်းများ ပေးခဲ့သည်။ ၎င်းအဖွဲ့သည် ရှမ်းပြည်နယ်တွင် စံပြစိုက်ကွင်း ၁၄၆ခု ကို ထူထောင်ခဲ့သည်။

MVMW သည် ပုဂ္ဂလိကဝန်ဆောင်မှုပေးသူ ရှစ်ဦးနှင့် ပူးပေါင်းကာ မြေယာဥပဒေသင်တန်း ကို တောင်သူ ၃,၀၀၀ သို့ အသိပညာပေး ပို့ချခဲ့သည်။ စီးပွားရေးလုပ်ငန်းရှင် ၇၉၁ ဦး သို့လည်း စီးပွားရေး အကြံဉာဏ်များ ပေးခဲ့သည်။ အားလုံးပါဝင်စေသော ဈေးကွက်ဖြစ်စေရန် MVMWသည် BigM၊ Ecoma၊ Asiatic Industry၊ မာလာမြိုင် ကုမ္ပဏီတို့နှင့် ချိတ်ဆက် ဆောင်ရွက်ခဲ့သည်။ ၂၀၁၆ အတွင်း Ecomaက သင်တန်းပေးထားသော တောင်သူ ၁၁၄ ဦး အနက် ၆၉ ဦးသည် ဩဂဲနစ် ငရုတ်သီးများကို ကန်ဒေါ်လာ ၂,၇၆၃ မျှ ရရှိအောင် ရောင်းချနိုင်ခဲ့သည်။

## တန်ဖိုးကွင်းဆက်များကို အားဖြည့်ခြင်း

တောင်တန်းဒေသတွင် ဝင်ငွေကောင်းသည့် သီးနှံအမျိုးမျိုးနှင့် သင့်တော်သော ပတ်ဝန်းကျင်များ ရှိသည်။ အခွင့်အလမ်းများရှိကာ စျေးကွက်နှင့်လက်လှမ်းမီသော နေရာများတွင် မိတ်ဖက်အဖွဲ့များသည် ထုတ်လုပ်သူ အုပ်စုများ နှင့် လက်တွဲကာ တန်ဖိုးကွင်းဆက်များကို တိုးတက်အောင် ဆောင်ရွက်နေသည်။ CORAD သည် တောင်သူ အုပ်စုများအား စျေးကွက်အကြောင်း နားလည်စေရန်နှင့် သီးနှံအရည်အသွေးနှင့် စျေးကွက် နည်းနာများ ကောင်းမွန်စေရန် ပံ့ပိုးဆောင်ရွက်လျက်ရှိသည်။ ၂၀၁၆ ခုနှစ် လုပ်ငန်းအစပျိုးမှုကာလအတွင်းတွင် CORAD သည် သီးနှံ၇မျိုး၏ တန်ဖိုးမြှင့်ကွင်းဆက်များ ကို သုံးသပ်ပြီး မည်သည့်သီးနှံသည် တန်ဖိုးကွင်းဆက်လုပ်ငန်းအတွက် အလားအလာ အကောင်းဆုံးဖြစ်မည်ဆိုသည်ကို သတ်မှတ်ခဲ့သည်။

မေတ္တာဖောင်ဒေးရှင်းသည်လည်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တန်ဖိုးမြှင့် ကွင်းဆက် သုံးသပ်မှုများကို ပြုလုပ်ခဲ့သည်။ မေတ္တာသည် တောင်သူ အုပ်စုများကို ဩဂဲနစ် ဆီထွက်သီးနှံ နှင့် ပဲတို့မှ ထုတ်ကုန်များကို စျေးကောင်းရသည့် စျေးကွက်များသို့ လက်လှမ်းမီစေမည့် အသေးစားကြိတ်ခွဲစက်များ ထူထောင်နိုင်ရန် ထောက်ပံ့သည်။

CORAD ရော မေတ္တာပါ ပညာပေးရေးလုပ်ငန်းတွင် အတွေ့အကြုံများသော်လည်း တန်ဖိုးမြှင့်ကွင်းဆက်လုပ်ငန်းတွင် ပထမဆုံး ဆောင်ရွက်ခြင်း ဖြစ်သည်။ တန်ဖိုးမြှင့်ကွင်းဆက်လုပ်ငန်းဆိုင်ရာ ယင်းတို့၏ စွမ်းဆောင်ရည်ကို အားဖြည့်ရန် သင့်တော်သော ကျွမ်းကျင်သူများကို စည်းရုံးရန်လိုအပ်မည်ဖြစ်ကြောင်း ကန်ထရိုက်ချုပ်ဆိုရေး လုပ်ငန်းစဉ် တလျှောက်လုံးတွင် LIFT က သေချာစွာ ပြောကြားခဲ့သည်။ ဤအဖွဲ့အစည်းများ၊ နည်းနာများ၊ နည်းကိရိယာများ နှင့် ပတ်သက်သော သတင်းများကို ဖလှယ်နိုင်မည့် နည်းနာအသိုက်အဝန်း အုပ်စုတခုကို LIFT က ဖန်တီးပေးမည် ဖြစ်သည်။

CDN သည်  သံတောင်ကြီးဒေသ၏ အဓိက ဝင်ငွေကောင်းသီးနှံဖြစ်သည့် ဖာလာစေ့ကို တန်ဖိုးမြှင့်ကွင်းဆက် တည်ဆောက်ရေး အတွက် တောင်သူများ၊ ကုန်သည်များကို ထောက်ပံ့ရန် ညှိနှိုင်းနေသည်။

## ပျားမွေးမြူရေး နှင့် ပျားရည်တန်ဖိုးကွင်းဆက် တို့ကို အားဖြည့်ခြင်း

၂၀၁၆ ဖေဖော်ဝါရီလတွင် ပျားရည်တန်ဖိုးကွင်းဆက်ကို အားဖြည့်ရန် ရှမ်းပြည်နယ်တောင်ပိုင်းရှိ TAG၏ စီမံချက်ကာလကို နောက်ထပ်တနှစ် တိုးချဲ့ခဲ့သည်။ TAG သည် ရပ်ရွာကိုအခြေခံသော ချဉ်းကပ်နည်းအစား လုပ်ငန်းခွင်သင်တန်းအဖြစ် ပြောင်းလဲလိုက်ကာ၊ ပျားမွေးမြူရေးလုပ်ငန်းဦးစီးဌာန နှင့်အတူ သင့်တော်သော သင်တန်းအခွင့်အလမ်း ရရှိစေရေး ဆောင်ရွက်နေသည်။ ယင်းတွင် ရွှေ့ပြောင်းရာသီအတွင်း ပျားမွေးမြူသူ တောင်သူသစ်များကို ဝါရင့် ပျားမွေးမြူသူများ နှင့်အတူ လိုက်ပါစေကာ အပြည့်အဝ အလုပ်သင်စေခြင်းလည်း ပါဝင်သည်။ တောင်သူသစ်များ စုဆောင်းရာတွင် အရည်အချင်းကို တင်းကျပ်စွာ သတ်မှတ်ထားသည်။ သင်တန်းသားများသည် ရေရှည်လုပ်ကိုင်ရန် ကတိကဝတ်ပြုရန် လိုသည်။ TAG သည် သင်တန်းသားလောင်းများကို တိုးချဲ့ရှာဖွေခဲ့သည်။ အပူပိုင်းဇုန် အပါအဝင် ပျားအုံများ ရွှေ့ပြောင်းရာ လမ်းတလျှောက်ရှိ နေရာများမှပါ စုဆောင်းခဲ့သည်။ ၂၀၁၆ တွင် သင်တန်းသား ၅၃ ဦးကို အခြေခံပျားမွေးမြူရေးသင်တန်း ပေးခဲ့ပြီး၊ ၄၇ ဦးကို ရွှေ့ပြောင်းရေးရာသီတွင် အလုပ်သင်စေခဲ့သည်။ ၂၀၁၆ နှစ်ကုန်တွင် အချိန်ပြည့် ပျားမွေးမြူသူ ၆၂ ဦး ရှိလာသည်။ ထိုသို့ မဟာဗျူဟာ ပြောင်းလဲလိုက်ခြင်းကြောင့် သင်တန်းသား နှုတ်ထွက်မှုသည် ၁၂ ရာခိုင်နှုန်းသာရှိတော့သည်။ သင်တန်းဆင်းများသည် ကိုယ်ပိုင်လုပ်ငန်းများကို စတင်ခဲ့ပြီး ပထမနှစ်တွင်ပင် ဝင်ငွေအနည်းငယ် ရလာသည်။ နှစ်နှစ် အတွေ့အကြုံရှိသည့် ပျားမွေးမြူသူများသည် သာမန်လယ်ယာလုပ်ငန်းထက် ဝင်ငွေပိုရကြသည်။ ပျားမွေးမြူသူ တစ်ဦး၏ ပျမ်းမျှ အသားတင် လစဉ်ဝင်ငွေမှာ မြန်မာကျပ် ၁၅၈,၀၀၀(ကန်ဒေါ်လာ ၁၂၀) ဖြစ်သည်။ အခြေခံစစ်တမ်း တွင် ပါရှိသည့် အလယ်အလတ်တန်း အိမ်ထောင်စုတစ်ခု၏ ဝင်ငွေဖြစ်သည် မြန်မာကျပ်၂၅,၀၀၀-၅၀,၀၀၀ (ကန်ဒေါ်လာ ၁၉  နှင့် ၃၈ အကြား) နှင့် ယှဉ်ပါက သိသာစွာ မြင့်မားသည်။

ထိုဝင်ငွေကိုရရှိရန် သင်တန်းဆင်းများအတွက် အရေးကြီးသော အချက်နှစ်ခုရှိသည်- ရွှေ့ပြောင်းရာသီတွင် ဝါရင့် ပျားမွေးသူများ၏ စောင့်ကြည့်အကဲဖြတ်မှု နှင့် စျေးကောင်းရသည့် စျေးကွက်ကို လက်လှမ်းမီမှုတို့ ဖြစ်သည်။ Plan Bee ၏ ပျားရည်ကို ယခုအခါ ရန်ကုန် နှင့် အခြားမြို့ကြီးများရှိ လက်လီဆိုင်ကြီးများတွင် ရရှိနေပြီ ဖြစ်သည်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အတည်ပြုချက်ကို ရရှိရန်လည်း ဆောင်ရွက်နေသည်။ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများက နိုင်ငံတကာ စျေးကွက်သို့ ရောက်ရန် မျှတသောကုန်သွယ်လက်မှတ် (Fair Trade certification) ရရှိရန် ဤစီမံချက်နှင့် ချိတ်ဆက်ဆောင်ရွက်နေသည်။ ၂၀၁၅ တွင် ဖွင့်လှစ်ခဲ့သော ပင်းတယရှိ ပျားမွေးမြူရေး အရင်းအမြစ်စီးပွားရေးဗဟိုဌာန(ARBC) မှတဆင့် အရည်အသွေးအာမခံသော ပျားရည်ကို မျှတသောကုန်သွယ်စျေးနှုန်းဖြင့် ဤစီမံချက်က ဝယ်ယူခဲ့သည်။ ၂၀၁၆ တွင် ပျားရည် ၃.၇တန်ကို ပြုပြင်ကာ ရောင်းချခဲ့သည်။ ပုဂ္ဂလိကကဏ္ဍ ပါဝင်လာမှုဖြင့်  ၂၀၁၇ တွင် ဤပမာဏထက် ဆယ်ဆတိုးလာမည်ဟု မျှော်လင့်သည်။

ဤရလဒ်များသည် တန်ဖိုးကွင်းဆက်တစ်ခုလုံးကို ငွေကြေးအရ ရပ်တည်နိုင်စေသည်။ သို့သော် ပျားမွေးသူများက ARBC ကို စီမံခန့်ခွဲမှု နှင့် ပိုင်ဆိုင်မှုကို ဆက်လက် အားဖြည့်ရန် လိုနေသေးသည်။ ဤစီမံချက်ကို တိုးချဲ့ရန်၊ ဒေသခံတို့၏ စီမံခန့်ခွဲမှု နှင့် ဌာနဆိုင်ရာ စွမ်းဆောင်ရည်တို့ကို တည်ဆောက်ရန် အခွင့်အလမ်းများကို LIFT က   TAG နှင့်အတူ ရှာဖွေလျက်ရှိသည်။

## ချင်းတောင်သူများသည် ငွေဝင်ငွေထွက်စာရင်း မှတ်တမ်းထားခြင်းကြောင့် အကျိုးရှိကြသည်

CORAD သည် ရေရှည်တည်တံ့သော စိုက်နည်းများ၊ GRET က ဧရာဝတီဒေသတွင် ကျင့်သုံးခဲ့သော 'မလစက' ပုံစံတို့ကို ကျင့်သုံးစေရန် ထောက်ပံ့နေသည်။ ဤပုံစံဖြင့် တောင်သူအုပ်စုများ၊ တောင်သူ တစ်ဦးချင်းထံသို့ တောင်သူများကိုယ်တိုင် ဦးစီးသော ပညာပေးမှုများ ရောက်ရှိစေသည်။ ငွေဝင်ငွေထွက်စာရင်း ကို ထိန်းသိမ်း တတ်အောင် သင်ယူထားပြီး၊ ထိုစာရင်းကို တစ်နှစ်ကျော်အောင် ထိန်းသိမ်းထားသည့် တောင်သူများသည် ယင်းတို့၏ နှစ်စဉ်ဝင်ငွေမှာ ထင်ထားသည်ထက် အလွန်များကြောင်း တွေ့ရသည်။ သွင်းအားစုများ၏ ဈေးနှုန်းကွာခြားမှုကိုလည်း တွေ့ရသဖြင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းတို့ကို ချိန်ဆနိုင်သည်။ အသုံးစရိတ်များကို မှတ်တမ်းတင်ထားသဖြင့် ရရှိလာသော  အပြုသဘောအဆောင်ဆုံး ရလဒ်မှာ ဇနီး၊ခင်ပွန်းတို့ အချင်းချင်း ဘတ်ဂျက်စီမံခန့်ခွဲမှု နှင့် ပတ်သက်သည့် တင်းမာမှုများကို လျော့ပါးလာခြင်းပင်ဖြစ်ကြောင်း တောင်သူများထံမှ သိရသည်။

## ဒေသခံ အဖွဲ့အစည်းများကို စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း

ဒေသခံ အဖွဲ့အစည်းများကို ချိတ်ဆက်ဆောင်ရွက်မည့် LIFT ၏ ဦးတည်ချက်ကို ပြည်တွင်းNGO သုံးဖွဲ့ ဖြစ်သည့် CORAD၊ မေတ္တာ၊ KDNတို့ ဦးစီးသည့် ကန်ထရိုက်သုံးခုကို လက်မှတ်ထိုးခြင်းက ထင်ဟပ်နေသည်။ CORAD နှင့် KDN တို့အဖို့ အလှူရှင်အဖွဲ့များထံမှ ကန်ထရိုက်အကြီးစားကို တိုက်ရိုက်လက်ခံရရှိခြင်းမှာ ယခုအကြိမ် ပထမဆုံးဖြစ်သည်။ ယင်းတို့သည် မိမိတို့၏ စီမံခန့်ခွဲရေးစနစ်များကို စတင်အားဖြည့်နေပြီး နိုင်ငံတကာမိတ်ဖက်အဖွဲ့များ ဖြစ်သော GRETနှင့် Covenant Consult တို့ထံမှ နည်းပညာ အထောက်အပံ့ကို လက်ခံရရှိနေသည်။

LIFT၏ တောင်တန်းဒေသ မြို့နယ် ရန်ပုံငွေသည် ဒေသခံ CSO များကို အသက်မွေးမှုလုပ်ရှားမှု အငယ်စားများကို အကောင်အထည်ဖော်ခွင့်၊ အုပ်ချုပ်မှု နှင့် စီမံခန့်ခွဲမှု အားဖြည့်ခွင့်တို့ကို ရရှိစေမည်။ ယင်းသည် ပဋိပက္ခနယ်မြေများရှိ လူမျိုးစု အဖွဲ့အစည်းများကို ထိတွေ့ဆောင်ရွက်ခွင့် ရရှိမည့်ပြင် လူမျိုးစုလက်နက်ကိုင်အဖွဲ့များနှင့် အစိုးရတို့၏ အုပ်ချုပ်ရေး ဒေသများတွင် ပူးပေါင်းဆောင်ရွက်ခွင့်ကို ဖြစ်ထွန်းစေမည်။

## သယံဇာတ စီမံခန့်ခွဲမှု

၂၀၁၆ တွင် MIID နှင့် GRET တို့က ချင်းပြည်နယ်၏ ငါးလုပ်ငန်း နှင့် မြေယာလုပ်ပိုင်ခွင့် ဆိုင်ရာ စိတ်ဝင်စားဖွယ် စစ်တမ်းနှစ်စောင်ကို ကောက်ယူခဲ့သည်။ ယင်းတို့သည် စီမံကိန်းက စိတ်ဝင်စားသည့် မေးခွန်းများဖြစ်သည့် 'ဒေသ၏ သယံဇာတစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ရွာသားများနှင့် အာဏာပိုင်များ ဘက်ပေါင်းစုံပါဝင်သည့် ဆွေးနွေးပွဲကို မည်သို့ဆောင်ရွက်မည်နည်း' တို့အတွက် သတင်းများကို ရရှိရန်ဖြစ်သည်။

## MIID စစ်တမ်း-ချင်းပြည်နယ် ငါးမွေးမြူရေး နှင့် ငါးလုပ်ငန်း သုံးသပ်ချက်

ဤကဏ္ဍ၏ ဖွံ့ဖြိုးမှု နှင့် ငါးစားသုံးခြင်း၏ အာဟာရ အကျိုးများကို ကြော်ညာရန် MIID သည် ချင်းပြည်နယ်၏ ငါးလုပ်ငန်း နှင့် ငါးမွေးမြူရေးကို သုံးသပ်ရန် စစ်တမ်းတစောင် ကောက်ယူခဲ့သည်။

ဟားခါးမြို့နယ် တောင်ပေါ်ရွာများ၏ အစားအသောက်တွင် ငါးသည် အရေးပါနေသည်။ ချင်းပြည်နယ် တောင်ပိုင်းတွင် ကောက်ယူခဲ့သော အာဟာရဆိုင်ရာ စစ်တမ်းတစောင်တွင် -'အံ့သြစရာ ကိန်းဂဏန်းများ ထွက်ပေါ်လာသည်မှာ ကန်ပက်လက်မြို့နယ်မှ စစ်တမ်းဖြေဆိုသူ ၄၀ ရာခိုင်နှုန်း နှင့် မင်းတပ်မြို့နယ်မှ စစ်တမ်းဖြေဆိုသူ ၃၀ ရာခိုင်နှုန်းတို့က လွန်ခဲ့သော ၁၂ လအတွင်း မြစ်များ၊ ချောင်းများမှ ဖမ်းမိသောငါးများကို စားကြကြောင်း ဖြေကြားခြင်း ပင်ဖြစ်သည်။ [56] ဟားခါးမြို့နယ်တွင်လည်း ငါးမွေးမြူသော ရွာများတွင်ပင်  မြစ်များ ချောင်းများမှ ဖမ်းမိသောငါးများသည် ပင်မ ငါး အရင်းအမြစ်ဖြစ်နေသည်။

၁၉၇၀ ပြည့်လွန်နှစ်များမှ စတင်ပြီး ကန်ဖြင့် ငါးမွေးမြူရေးကို ကျယ်ပြန့်စွာ ထူထောင်ခဲ့ကြသည်။ စီးပွားဖြစ် ငါးမွေးမြူရေးကား မရှိပေ။ ငါးအထွက်နှုန်း နည်းပါးသည်။ ငါးမွေးသူတို့က မွေးသောငါးကို ကိုယ်တိုင်စားသုံးသည်၊ ရွာထဲမှာပင် ရောင်းချသည်ဟု တင်ပြကြသည်။ ဟားခါးမြို့နယ်တွင် ကျင့်သုံးသောနည်းမှာ စပါးနှင့်ငါး ပူးတွဲမွေးမြူခြင်းဖြစ်ကာ ငါးသိုင်း မျိုးစိတ်တခုကို မွေးကြသည်။ မိုးကြီးသောအခါ ငါးများ လယ်ကွင်းထဲမှ  ထွက်မသွားအောင် အထူး ကာကွယ်ထားခြင်းလည်း မရှိပေ။ ဒေသမှ စားသုံးသူတို့က လယ်ငါးသည် ကန်ငါးများ၊ မြေပြန့်ဒေသ ငါးကန်များမှ ရောက်လာသည့် ငါးများထက် အရသာပိုရှိသည်ဟု မှတ်ယူပြီး ပိုမို သဘောကျကြသည်။ လယ်ကွင်းများအတွင်း ထည့်မွေးရန် ဝယ်လိုအား များသော်လည်း ငါးသားပေါက် ထုတ်လုပ်မှု နည်းပါးသည်။

[56] Pritchard, B., et al., University of Sydney, 'Livelihoods and Food Security in Rural Myanmar: Survey Findings',  2017, uploaded from https://feedingmyanmar.files.wordpress.com/2017/02/working-paper-final.pdf

ဟားခါးမြို့နယ်တွင် ငါးကန်မွေးမြူရန်မှာ အကန့်အသတ် အချို့ ရှိနေသည်။ သင့်တော်သည့် မြေပြန့်ရှားခြင်း၊ ရေရရှိရေး မသေချာခြင်း၊ မြေပြန့်ဒေသနှင့် ယှဉ်ပါက ငါးသားပေါက် နှင့် အစာ ရှားပါးခြင်း၊ သက်ဆိုင်ရာ နည်းပညာနိမ့်ခြင်း တို့ ဖြစ်သည်။ MIID သည် လက်ရှိ ငါးထုတ်လုပ်မှု နည်းနာများကို တိုးတက်အောင် ဆောင်ရွက်ကာ အာဟာရ ကြွယ်ဝသည့် ပရိုတိန်း အရင်းအမြစ်ဖြစ်သည့် ငါးကို လက်လှမ်းမီစေရေးကို ထောက်ပံ့ရန် ဦးတည်သည်။ ငါးလုပ်ငန်းကို ကောင်းမွန်စွာ စီမံခန့်ခွဲရန်မှာ မြစ်ချောင်းများအတွင်း ငါးဖမ်းနေသည့် လက်ရှိနည်းနာများကို ကောင်းစွာ နားလည်ရန် လိုအပ်သည်။

စွမ်းဆောင်ရည် အကန့်အသတ်ဖြင့်သာရှိခြင်း၊ နည်းပညာဆိုင်ရာ အသိအမြင် မရှိခြင်း၊ ငါးမွေးမြူရေး နှင့် ငါးလုပ်ငန်း စီမံခန့်ခွဲမှု တို့တွင် အဖွဲ့အစည်းဆိုင်ရာ စည်းရုံးရေးဆိုင်ရာ စွမ်းဆောင်ရည်နိမ့်ခြင်း စသည်တို့ကို ကိုင်တွယ်ရန် စီမံကိန်း အဆိုပြုချက် ငါးချက်ရှိသည်။ ယင်းတို့ကို MIID က နောက်တဆင့်တွင် စူးစမ်းလေ့လာမည်

- ငါးမွေးမြူရေးနည်းနာကောင်းများကို အားဖြည့်ရန်
- မျိုးငါးစီမံခန့်ခွဲမှု နှင့် ငါးသားပေါက်ထုတ်လုပ်မှုကို ထောက်ပံ့ရန်
- ငါးသိုင်းကို အသုံးပြုကာ စပါးနှင့်ငါးမွေးမြူရာတွင် ပိုးမွှားနှိမ်နင်းရေးကို စမ်းသပ်ရန်
- တောင်တန်းဒေသ ငါးမွေးမြူရေးအတွက် ဒေသငါးမျိုးများကို ငါးလုပ်ငန်းဦးစီးဌာနနှင့်အတူ စူးစမ်းရန်
- ပူးတွဲငါးလုပ်ငန်းစီမံခန့်ခွဲမှု အတွက် လက်ရှိ ပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားသူများနှင့် ထိတွေ့ဆောင်ရွက်ရန်

### GRETစစ်တမ်း-ချင်းတို့၏ မြေ နှင့် အရင်းအမြစ်လုပ်ပိုင်ခွင့်

GRET သည် ဟားခါးမြို့နယ်တဝိုက်တွင် မြေယာလုပ်ပိုင်ခွင့် အလေ့အကျင့် နှင့် ရိက္ခာဖူလုံရေး ဆိုင်ရာ စစ်တမ်း တစောင်ကို ကောက်ယူခဲ့သည်။ ယင်းသုတေသန မူကြမ်းတွင် ဟားခါး၏ မြေယာလုပ်ပိုင်ခွင့် အလေ့အကျင့်များ၏ တည်မြဲမှု ပြောင်းလဲမှုတို့ကို ဖော်ပြထားသည်။ ချင်းလူမျိုးတို့၏ မြေယာနှင့် သက်ဆိုင်သော ဆက်နွယ်မှုကို အတွင်းကျကျ သိမြင်လာရသည်။ ယင်းဆက်နွယ်မှုသည် မည်သို့ ပြောင်းလဲလာသည်ကိုလည်း တွေ့ရသည်။ မြေနှင့်သယံဇာတများကို တန်းတူ ပိုင်ဆိုင်ခွင့်ကို ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းက မည်သို့ ခြိမ်းခြောက်လာသည်ကိုလည်း အလေးပေး ဖော်ပြထားသည်။ ဤစစ်တမ်းသည် ဤပြည်နယ်အတွင်း သယံဇာတစီမံခန့်ခွဲမှုကို ဆောင်ရွက်မည့် ပတ်သက်သူတိုင်းအတွက် အရေးကြီးသော ရည်ညွှန်းချက် ဖြစ်သည်။

## ရှေ့ကို မျှော်ကြည့်လျှင်

၂၀၁၆ ခုနှစ်တွင် တောင်တန်းဒေသ အစီအစဉ်သစ်ကို ထူထောင်ရန်၊ မိတ်ဖက်အသစ်များကို ကန်ထရိုက်ပေးရန်၊ သင့်လျော်မည့် သင်ယူရေး အစီအစဉ်များကို ထူထောင်ရန် ဦးတည်သည်။ ၂၀၁၇တွင် စီမံကိန်းလုပ်ငန်းများ စတင်မည်။

### အာဟာရ

LIFT၏ တောင်တန်းဒေသအစီအစဉ်သစ်တွင် အာဟာရကဏ္ဍကို အထူးအာရုံစိုက်ထားသည်။ Catholic Relief Services (CRS) သည် အာဟာရပညာပေးမှုနှင့် အမူအကျင့်ပြောင်းလဲရေး သတင်းစကားပြောကြားမှုများကို မိခင်အချင်းချင်း ထောက်ပံ့ရေးအုပ်စုများသို့ ပေးအပ်မည်။ CORAD သည် CRS နှင့်ပူးပေါင်းကာ မိမိ၏ အာဟာရဆိုင်ရာ စွမ်းဆောင်ရည်ကို တည်ဆောက်ကာ အာဟာရအသိပညာပေးရေးကို ဆောင်ရွက်မည်။ ပြည်နယ်စိုက်ပျိုးရေးသိပ္ပံ၊ စိုက်ပျိုးရေးဦးစီးဌာနတို့ က ယင်းတို့၏ သင်ရိုးညွှန်းတမ်း နှင့် ချဉ်းကပ်ပုံတို့တွင် အာဟာရကို ပိုမိုအလေးမူလာအောင် အာဟာရနှင့် စိုက်ပျိုးရေးတို့၏ ချိတ်ဆက်မှုကို နားလည်လာစေရန် MIID က ထိတွေ့ဆောင်ရွက်မည်။ CDN သည် သံတောင်ကြီးတွင် အာဟာရဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး သတင်းစကားပြောကြားမှုနှင့် ရေနှင့် အာဟာရပြည့်ဝသော ရိက္ခာများ လက်လှမ်းမီရေးတို့ကို ထောက်ပံ့ပေးမည်ဖြစ်သည်။ IDP များကို ဦးတည်ကာ ပြည်သူ့ဝန်ဆောင်မှုများသို့ ယင်းတို့ လက်လှမ်းမီရေးကို အားဖြည့်ပေးမည်ဖြစ်သည်။

ချင်းပြည်နယ်တဝန်းလုံးတွင် မိခင်နှင့်ကလေးများအား ငွေကြေးထောက်ပံ့ခြင်း (MCCT) ကို ဆောင်ရွက်ရန် LIFTသည် လူမှုဖူလုံရေး ဝန်ကြီးဌာနနှင့် ၂၀၁၆ခုနှစ် နှောင်းပိုင်းတွင် စတင်ဆွေးနွေးခဲ့သည်။ အာဟာရပြည့်ဝသော အစားအသောက်များ ဝယ်ရန် နှင့် ကျန်းမာရေးစောင့်ရှောက်မှုများရယူရန် ကိုယ်ဝန်ဆောင်မိခင်မိသားစုကို မြန်မာကျပ် ၁၅,၀၀၀(ကန်ဒေါ်လာ ၁၂) လစဉ် ထောက်ပံ့မည်။ ဤအစီအစဉ် ဖြစ်နိုင်ခြေကို လူမှုဖူလုံရေးဦးစီးဌာနအပါအဝင် ပတ်သက်ဆက်နွယ်သူများနှင့် ဆွေးနွေးနေပြီး ၂၀၁၇ ခုနှစ် ဒုတိယသုံးလပတ်တွင် စတင်ရန် မျှော်လင့်သည်။

MIID သည် စိုက်ပျိုးရေးသိပ္ပံ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့နှင့် ပူးပေါင်းကာ စိုက်ပျိုးရေးပညာပေး လုပ်သားများကို မွေးထုတ်မည်ဖြစ်ရာ အာဟာရဆိုင်ရာ နှင့် စီးပွားရေးသုံးသပ်မှုတို့ ပါဝင်သော သင်ရိုးညွှန်းတမ်း တစ်ခုကို တောင်တန်းဒေသနှင့် ကိုက်ညီအောင် ရေးဆွဲပြုစုလျက်ရှိသည်။ သင်တန်းသားများသည် တောင်သူများ နှင့်အတူ စံပြစိုက်ကွင်းများတွင် အလုပ်လုပ်ကိုင်ခွင့်ရရှိမည်။

## ရွှေ့ပြောင်းသွားလာရေး

၂၀၁၆နှစ်ကုန်တွင် ကန်ထရိုက်ရရှိခဲ့သော IOM သည် ကျေးလက်အိမ်ထောင်စုများကို ယင်းတို့၏ အသက်မွေးမှု မဟာဗျူဟာတွင် ရွှေ့ပြောင်းသွားလာရေးကိုလည်း ထည့်သွင်းရန် တိုက်တွန်းခဲ့သည်။ IOMသည် ငွေရေးကြေးရေး ပညာပေးခြင်း၊ ကျွမ်းကျင်မှု သင်တန်းပေးခြင်း၊ ကျွမ်းကျင်မှုနှင့်ကိုက်ညီသည့် အလုပ်အကိုင်များရွေးချယ်ပေးခြင်း တို့ကို ဆောင်ရွက်ပေးမည်။ ဤစီမံချက်၏ မိတ်ဖက်အဖွဲ့များဖြစ်သည့် မွန်အမျိုးသမီးအဖွဲ့အစည်း၊ ပါရမီဖွံ့ဖြိုးရေးကွန်ရက်၊ ချင်းလူ့အခွင့်အရေးအဖွဲ့ တို့သည် ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ အရှေ့တောင်ပိုင်းတို့တွင် လှုပ်ရှားနေသော NGO များနှင့် မိတ်ဖက်ပြုကြမည်။ ရွှေ့ပြောင်းသွားလာရေးလှုပ်ရှားသူများကို IOM၊ မေတ္တာ၊ ဆပ်ဆက်တက္ကသိုလ်တို့၏ သုတေသနပြုတွေ့ရှိချက်များကို ပေးအပ်မည်ဖြစ်သည်။ ရွှေ့ပြောင်းသွားလာရေးနှင့် ပတ်သက်၍ အခန်း(၄)တွင် အကျယ်ဖတ်ရှုလေ့လာနိုင်သည်။

## အသက်မွေးမှုပညာသင်တန်း

တနင်္သာရီတိုင်းတွင် ထားဝယ်မြို့နယ်၌ အသက်မွေးမှုပညာ သင်တန်းဌာနတစ်ခုကို KDNက ထူထောင်မည်။ တိုင်းဒေသကြီး အစိုးရရော  ကရင်အမျိုးသားအစည်းအရုံးပါ ယင်း၏ ဘုတ်အဖွဲ့တွင်ပါဝင်သော ဒေသခံအသင်းတခု ဖြစ်သည့် တနင်္သာရီ ကရင် ငြိမ်းချမ်းရေးအထောက်အပံ့စီမံချက်က ဤစီမံချက်ကို အကောင်အထည်ဖော်မည်။  ယင်းသင်တန်းဌာနသည် ပဋိပက္ခကြောင့်၊ သွားလာမှုကန့်သတ်ချက်ကြောင့်၊ ဘာသာစကား၊ ပညာရေး၊ စီးပွားရေး အကန့်အသတ်တို့ကြောင့် အစိုးရစက်မှုလက်မှုအထ က်တန်းကျောင်းတွင် ပုံမှန် ပညာသင်ကြားခွင့် မရခဲ့သူတို့ကို ဦးတည်သည်။ သင်တန်း၏ သင်ရိုးညွှန်းတမ်းကို  ထိုင်းနယ်စပ် ဒုက္ခသည်စခန်းများတွင် ADRAက ပြုစုခဲ့သော စာအုပ်စာစောင်များအား အခြေခံမည်။

## ၂၀၁၇ ခုနှစ် နည်းနာအသိုက်အဝန်းများ

တောင်တန်းဒေသစီမံကိန်းအဖွဲ့သည် မိတ်ဖက်သစ် အားလုံးနှင့် ၂၀၁၆ ဇူလိုင်နှင့် နိုဝင်ဘာလတို့တွင် ဆွေးနွေးပွဲ နှစ်ကြိမ် ပြုလုပ်ကာ  ပူးပေါင်းစပ်ညှိနိုင်းမည့် နည်းလမ်းများကို လည်းကောင်း၊  ၂၀၁၉ နှစ်လယ်ထိ  အစီအစဉ် အကောင်အထည်ဖော် စဉ်အတွင်း မည်သို့ အတူတကွ သင်ယူကြမည်ကို လည်းကောင်း တိုင်ပင်ခဲ့ကြသည်။ အစီအစဉ်တွင် သင်ယူမည့် မေးခွန်းများကိုလည်း စုပေါင်း တိုင်ပင်ကာ အတည်ပြုခဲ့ကြသည်။ အစီအစဉ်က သင်ယူမည့် နယ်ပယ်ငါးရပ်မှာ-(၁) စိုက်ပျိုးစနစ် သုံးသပ်ချက်နှင့် စိုက်ပျိုးရေးပညာပေးရေး၊ (၂) တန်ဖိုးကွင်းဆက်၊ (၃) သယံဇာတစီမံခန့်ခွဲမှု ၊(၄) အာဟာရ ၊ (၅) ပဋိပက္ခအလေးထားတုံ့ပြန်မှု တို့ဖြစ်သည်။

LIFT သည် တန်ဖိုးကွင်းဆက်၊ သယံဇာတစီမံခန့်ခွဲမှု ၊ အာဟာရ တို့နှင့် သက်ဆိုင်သည့် နည်းနာအသိုက်အဝန်း အုပ်စုများကို ထူထောင်မည်။ နည်းနာအသိုက်အဝန်းတို့သည် အတွေ့အကြုံများ၊ ပြဿနာများကို ဖလှယ်ခြင်း ဆွေးနွေးခြင်းဖြင့် သင်ယူခွင့်ရကြမည်။ အုပ်စုအလိုက် ပါဝင်သူများကို သတ်မှတ်ထားပြီး အုပ်စုများကို ၂၀၁၇ တွင် စတင်မည်။ စိုက်ပျိုးစနစ် သုံးသပ်ချက် နှင့် ပဋိပက္ခအလေးထားမှု တို့အတွက် သီးခြားကျွမ်းကျင်မှုဖြင့် ထောက်ပံ့မည်၊ သက်ဆိုင်ရာ စီမံချက်များ အချင်းချင်း ပေါင်းစပ်ညှိနှိုင်းမည် ဖြစ်သည်။

## စိုက်ပျိုးရေးမှသည် ပျားမွေးမြူရေးသို့



TAG ၏ ပျားမွေးမြူရေး စီမံချက်သည် လုပ်ကွက်ငယ်တောင်သူများကို စိုက်ပျိုးရေးမှ စီးပွားရေးလုပ်ငန်းအသစ်တခု ထံသို့ လုပ်ကိုင်နိုင်စေသည်။

မခင်မျိုးသွယ်(၃၈နှစ်) နှင့် မမူမူအေး(၃၅နှစ်)တို့သည် ရှမ်းပြည်နယ် ကလောမြို့နယ် ကျောက်ထပ်ရွာမှ ဖြစ်ပြီး ပျားမွေးမြူရေးကို အချိန်ပြည့်လုပ်ကိုင်နေသဖြင့် ဝင်ငွေရရှိနေသူ ၆၂၀ ဦးတွင် အပါအဝင်ဖြစ်သည်။

သူမတို့သည် TAG၏ အသက်မွေးမှုသင်တန်းကျောင်း (TVET) ကို ၂၀၁၆ ခုနှစ်တွင် မတက်မီက လုပ်ကွက်ငယ်တောင်သူများ ဖြစ်ခဲ့ပြီး အခြေခံပျားမွေးမြူရေးသင်တန်းကို ၂၀၁၆ တွင် တက်ခဲ့ကြသည်။ ၎င်းနှစ်မှာပင် သင်တန်းသားများ ကို အလုပ်သင်အဖြစ် လေ့ကျင့်သင်ကြားပေးကာ လွတ်လပ်သော အချိန်ပြည့် ပျားမွေးမြူသူများ ဖြစ်စေရန် သင်တန်းပုံစံကို ပြောင်းလဲခဲ့သည်။

၂၀၁၆ တွင် TAG၏ TVETသည် သင်တန်းသား နှစ်သုတ်ကို ဇူလိုင်နှင့် အောက်တိုဘာလတို့တွင် ခေါ်ယူခဲ့သည်။ ပထမအသုတ်သည် ဇီးပန်းပွင့်ချိန် ဖြစ်သည့် ဇူလိုင်လ မှ အောက်တိုဘာလနှင့် တိုက်ဆိုင်ပြီး ဒုတိယအသုတ်မှာ ပန်းနမ်း ပွင့်ချိန် ဖြစ်သည့် အောက်တိုဘာလ မှ ဒီဇင်ဘာလနှင့် တိုက်ဆိုင်သည်။ သင်တန်းမဆင်းမီ ၂၀၁၇ နှစ်ဆန်း ပျားစာပြတ်သည့်ရာသီ ရွှေ့ပြောင်းချိန်တွင် ယင်းနှစ်သုတ်လုံးကို လက်တွေ့သင်ပေးမည်ဖြစ်သည်။ ဒုတိယအုပ်စုကို ၂၀၁၇ နှစ် ဇီးပန်းပွင့်ချိန်ကုန်သည်ထိ ထောက်ပံ့ပေးမည်ဖြစ်သည်။

မခင်မျိုးသွယ်သည် Plan Bee မှ အအောင်မြင်ဆုံး ပျားမွေးမြူသူတဦးဖြစ်သည့် ကိုဇော်မျိုးသိန်း၏ ဇနီးဖြစ်ကာ မူမူအေးမှာ သူ့ညီမ ဖြစ်သည်။ သူတို့တွင် ကိုယ်ပိုင်ပျားအုံ ၂၀စီ ရှိကြပြီး ရှမ်းပြည်နယ်တခွင် ရွှေ့ပြောင်းသည့် ခရီးစဉ်တွင် လိုက်ပါကာ ကိုဇော်မျိုးသိန်းနှင့် စီမံချက်ဝန်ထမ်းများ၏ သင်ကြားပေးမှုကို အပြည့်အဝ ရရှိခဲ့ကြသည်။

ခင်မျိုးသွယ်တွင် အတွေ့အကြုံကိုးလရှိပြီ ဖြစ်ကာ ရှမ်းပြည်နယ်ပြင်ပတွင် လုပ်ကိုင်နေသည်။ လယ်ယာလုပ်ငန်းမှ ဝင်ငွေမှာ တလလျှင် မြန်မာကျပ် ၁၁,၀၀၀ ခန့် (ကန်ဒေါ်လာ၈၅)ခန့်သာ ရှိခဲ့သော်လည်း ၂၀၁၆ တွင် သူတို့ဇနီးမောင်နှံ ထုတ်လုပ်နိုင်ခဲ့သည့် ပျားရည်မှာ ပိဿာချိန် ၇၂၀ ရှိခဲ့ပြီး မြန်မာကျပ် ၁.၅ သန်း (ကန်ဒေါ်လာ ၁၁၅၀)ခန့်နှင့် ရောင်းချခဲ့သည်။ ၎င်းမှာ အစသာ ရှိပြီး ပျားအုံများ တိုးလာသည် နှင့်အမျှ တိုးတက်ထုတ်လုပ်မည်ဟု မျှော်လင့်နေသည်။

ပျားမွေးမြူရေးသည် သူမကို ဝင်ငွေသာမက ပေါင်းသင်းဆက်ဆံရေးတွင်ပါ တိုးတက်စေသည်ဟု မခင်မျိုးသွယ်က ပြောသည်။ လုပ်ငန်းသစ်မှ ဝင်ငွေတိုးလာမှုသဖြင့် သူတို့မိသားစု အကျိုးရှိလာသောကြောင့် ခင်မျိုးသွယ်ရော မူမူအေးပါ အချိန်ပြည့် ရွှေ့ပြောင်းပျားမွေးမြူသူ အဖြစ် ဆက်လက် လုပ်ကိုင်သွားလိုကြောင်း ပြောကြသည်။

# ၄။ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်သည့် စီမံကိန်းများ

LIFT သည် ဒေသအလိုက် စီမံကိန်းများကို သီးသန့်ရန်ပုံငွေထောက်ပံ့သည့်အပြင် ဒေသလေးခုလုံး အတွက် လွှမ်းခြုံသော ကဏ္ဍအလိုက် စီမံကိန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ထိတွေ့ဆောင်ရွက်မှု နှင့် ရွှေ့ပြောင်းသွားလာရေးတို့တွင် ဖြစ်သည်။

## ၄.၁ ။ LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုအစီအစဉ်

### ကျေးလက် ငွေကြေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများ

၂၀၁၆ နှစ်ကုန်တွင် LIFT သည် နိုင်ငံတဝန်း ၂၂၂ မြို့နယ်တွင် ငွေချေးသူ ၁.၆ သန်းကို ဝန်ဆောင်နေသည့် အဖွဲ့ပေါင်း ၅၆ ခု ကို ငွေကြေးထောက်ပံ့လျက်ရှိသည်။ ဝန်ဆောင်မှုအသုံးပြုသူ (ငွေစု/ချေးသူ) ၈၈ ရာခိုင်နှုန်းမှာ ချေးငွေကို စိုက်ပျိုးရေး (သီးနှံ၊ မွေးမြူရေး၊ ငါးမွေးမြူရေး) အတွက် သုံးစွဲပြီး ချေးငွေစုစုပေါင်း ကန်ဒေါ်လာ သန်း၄၀၀ ကို ထုတ်ပေးခဲ့သည်။ ချေးငွေများနှင့်ပတ်သက်၍ ဆုံးရှုံးနိုင်ချေမှာ ၀.၅ ရာခိုင်နှုန်းသာ ရှိသည်။ LIFT ၏ အသေးစားငွေရေးကြေးရေးလုပ်ငန်း (MFI) များသည် ငွေချေးသူများအနေဖြင့် ချေးငွေကို ပြန်လည်ဆပ်နိုင် မဆပ်နိုင်ကို ငွေထုတ်မချေးမီတွင် စီစစ်သည်။

### လုပ်ငန်းအနေထား ကြီးထွားမှုအခြေအနေ

၂၀၁၆ ခုနှစ်တွင် ၂၀၁၅ ထက် ဝန်ဆောင်မှု အသုံးပြုသူအရေအတွက်မှာ ၂၂ရာခိုင်နှုန်း တိုးပွားလာသည်။ ယင်းသို့ တိုးပွားရခြင်းသည် LIFT ၏ ရင်းနှီးမြှုပ်နှံမှုကြောင့် ဖြစ်သည်။ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများရရှိရန် ကြန့်ကြာနေသည့် အချိန်အတွင်း လုပ်ငန်းများကာမိစေရန် ရိုးမဘဏ်သည် MFI နှစ်ခုတွင် အမြောက်အမြား ရင်းနှီးမြှုပ်နှံခဲ့သည်။ ထိုကြောင့် MFIများသည် မိုးရာသီချေးငွေ တောင်းခံမှုကို ပေးနိုင်ခဲ့ပြီး ကျေးလက်အိမ်ထောင်စု ၅၀၀,၀၀၀ ခန့်သည် ချေးငွေများ ရရှိခဲ့ကြသည်။ ၂၀၁၆ တွင် MFIများသည် အရင်းအနှီး  ကန်ဒေါ်လာ ၅၂ သန်းကို လက်လှမ်းမီနိုင်ခဲ့ကြရာ ယင်းတွင်- LIFTထံမှ ကန်ဒေါ်လာ၁၃သန်း၊ ရိုးမဘဏ်မှ ကန်ဒေါ်လာ၁၂ သန်း၊ လုပ်ငန်း အသားတင် အမြတ်ငွေ မှ ပြန်လည်ရင်းနှီးမြှုပ်နှံရန် သတ်မှတ်ထားရှိငွေ (retained earnings)မှ ကန်ဒေါ်လာ၁၁ သန်း၊ စုဆောင်းငွေမှ ကန်ဒေါ်လာ၁၆ သန်းတို့ ပါဝင်သည်။

*ဇယား ၄.၁ ။ LIFT၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်း မှ မိတ်ဖက်အဖွဲ့များ၏ လုပ်ငန်းတိုးပွားမှု*

| အညွှန်း | ၂၀၁၅ | ၂၀၁၆ | မှတ်ချက် |
|---|---|---|---|
| ငွေစု/ချေးသူ စုစုပေါင်း | ၁,၂၆၉,၆၆၆ | ၁,၆၃၅,၉၃၂ | ၂၂%တိုး |
| ပိုင်ဆိုင်မှု  စုစုပေါင်း (ကန်ဒေါ်လာ) | ၁၆၂,၄၄၃,၁၄၈ | ၂၄၀,၇၂၄,၈၈၁ | ၄၈%တိုး |
| ချေးငွေ စုစုပေါင်း(ကန်ဒေါ်လာ) | ၁၃၉,၅၆၀,၇၁၀ | ၂၀၃,၈၃၉,၂၁၈ | ၄၆%တိုး |
| စုငွေ လက်ကျန် စုစုပေါင်း (ကန်ဒေါ်လာ) | ၃၆,၂၃၉,၇၈၁ | ၅၁,၉၉၅,၇၁၁ | ၄၃%တိုး |

### စီးပွားရေးတွင် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးမှု ပိုမိုပါဝင်လာသည်


မွေးမြူရေး၊ ရေလုပ်ငန်း၊ ငါးမွေးမြူရေးတို့ တိုးပွားလာသဖြင့်  စိုက်ပျိုးရေးကဏ္ဍတွင် အမျိုးအမည်များပြားလာသည်။

ဤအပြောင်းအလဲသည် LIFT၏ ၂၀၁၆ ကျေးလက်ငွေကြေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုတွင် ပေါ်လွင်နေသည်။ ၂၀၁၆ ခုနှစ်တွင် ထုတ်ချေးခဲ့သော MFIများမှ ချေးငွေစုစုပေါင်း၏ ၆၅ ရာခိုင်နှုန်းခန့်သည် မွေးမြူရေးအတွက် ဖြစ်ပြီး ၃၂ ရာခိုင်နှုန်းခန့်သာ သီးနှံအတွက် ဖြစ်သည်။ ၂၀၁၆ တွင် ထုတ်ဝေသော Center for Economic and Social Development ၏ အစီရင်ခံစာအရ မြန်မာ့ သား/ငါးကဏ္ဍ မူဝါဒရှိ စိုက်ပျိုးရေး စီးပွားဖြစ်တန်ဖိုး စုစုပေါင်း၌ မွေးမြူရေးက ၁၉ ရာခိုင်နှုန်း၊ ရေလုပ်ငန်း ငါးမွေးမြူရေးတို့က ၁၁ရာခိုင်နှုန်း၊ သီးနှံက ၇၀ ရာခိုင်နှုန်း ပါဝင်ကြောင်း ဖော်ပြထားသည်။

မွေးမြူရေးကဏ္ဍတိုးပွားလာရခြင်းမှာ အောက်ပါ တွန်းအားတို့ကြောင့် ဖြစ်နိုင်သည်-

- စားသောက်မှုပုံစံ ပြောင်းလဲလာသဖြင့် အသား ငါးကဏ္ဍတွင် ဝယ်လိုအား များလာသည်။ (၂၀၁၅ခုနှစ် LIFTအိမ်ထောင်စု စစ်တမ်းမှ အစားအသောက်အမျိုးအမည်စုံလင်မှု အညွှန်းရမှတ်သည် ၂၀၁၁ နှင့် ၂၀၁၃ ခုနှစ်တို့ထက် တိုးလာကြောင်း တွေ့ရသည်)
- မိုးရေကို မှီရသော သီးနှံများထက် မိုးလေဝသ နှင့် ရာသီဥတုအပြောင်းအလဲများ၏ သက်ရောက်ခံရမှု နည်းပါးသောကြောင့် ဖြစ်သည်။
- အမျိုးသမီးများသည်  ချေးငွေကို ပိုမို လက်လှမ်းမီလာသဖြင့် မွေးမြူရေးလုပ်ငန်းတွင် ပိုမို ရင်းနှီးမြှုပ်နှံလာနိုင်သည်။

*ပုံ ၄.၁ ။ ၂၀၁၆ ဒီဇင်ဘာလ အကုန်ထိ ငွေချေးသူများ၏ ချေးငွေကို အသုံးပြုပုံ*




## ရေရှည်တည်တံ့နိုင်မှု

LIFT သည် တိုးတက်လာသော ကျေးလက်ငွေကြေးဝန်ဆောင်မှုကဏ္ဍကို အဖွဲ့အစည်းအရရော ငွေကြေးအရပါ ရေရှည်တည်တံ့နိုင်စေရန် ထောက်ပံ့ခဲ့သည်။ LIFTသည် MFI ၁၇ခု၊ ကျေးရွာသမဝါယမအသင်း ၃၈ ခု၊ ပုဂ္ဂလိကဘဏ် ၁ ခု တို့နှင့် မိတ်ဖက်ပြုထားသည်။ ၂၀၁၅ တွင် ငွေကြေးအရ မိမိဘာသာရပ်တည်နိုင်သည့် MFI ခြောက်ခုသာ ရှိခဲ့ရာမှ ၂၀၁၆ တွင် ၁၂ ခု ရှိလာပြီး MFIနှစ်ခုသည်လည်း လုပ်ငန်းအရ လည်ပတ်လာနိုင်သည့် အနေအထားသို့ ရောက်ရှိလာသည်။ ကျန်နှစ်ခုသည်လည်း ၉၀ ရာခိုင်နှုန်းခန့်ထိ လုပ်ငန်းလည်ပတ်လာနိုင်ပြီ ဖြစ်သည်။

*ဇယား ၄.၂ ။ ဝန်ဆောင်မှု ပေးနိုင်သည့် လူဦးရေ နှင့် ငွေကြေးအရ မိမိဘာသာ ရပ်တည်နိုင်မှု*

| အညွှန်း | ၂၀၁၅ ဒီဇင်ဘာ | ၂၀၁၆ ဒီဇင်ဘာ | ၁၂လအတွင်း တိုးတက်မှု |
|---|---|---|---|
| ငွေကြေးအရ မိမိဘာသာရပ်တည်နိုင်သည့် MFI | ၆ | ၁၂ | ၁၀၀% |
| ကျေးရွာအရေအတွက် | ၁၂,၈၃၈ | ၁၆,၁၅၀ | ၂၆% |

## ကျား/မ ရေးရာကဏ္ဍ

LIFT ရန်ပုံငွေပံ့ပိုးပေးသည့် အသေးစားငွေကြေးဝန်ဆောင်မှုပေးနေသော အဖွဲ့များသည်သည် အမျိုးသမီး ၉၄ ရာခိုင်နှုန်းခန့် ပါဝင်သော ငွေစု/ချေးသူ ၁.၆ သန်းကို ဝန်ဆောင်မှုပေးနေသည်။ ဝန်ဆောင်မှုသုံးစွဲသူအားလုံးသည် ထိရောက်စွာ ငွေကြေးအသုံးပြုမ သင်တန်းများကိုလည်း တက်ရောက်ခဲ့ကြသည်။ LIFTက ပံ့ပိုးပေးသည့် အသေးစားငွေကြေး ဝန်ဆောင်မှု အဖွဲ့တို့၏ ဝန်ထမ်း၆၀ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်သည်။

MFI များ၏ ထုတ်ချေးငွေများကို သုံးသပ်ကြည့်ရာ ၅၈ ရာခိုင်နှုန်းမှာ မွေးမြူရေးအတွက် ဖြစ်သည်။ ကျေးလက်ဒေသ အလုပ်ခွဲဝေမှုအရ မွေးမြူရေးကို အမျိုးသမီးများသို့သာ တာဝန်ပေးကြသည်။ ငွေချေးသည့် အမျိုးသမီးများကလည်း ချေးငွေများကို ယောကျ်ားများသို့ တိုက်ရိုက်လွှဲအပ်လိုက်ခြင်းမျိုးမဟုတ်ဘဲ မိမိတို့ ဦးဆောင်သည့် လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံခဲ့ကြဟန် တူသည်။ LIFT သည် ၂၀၁၇ တွင် မိမိ၏ ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေမှုအစီအစဉ် နှင့် စပ်လျဉ်းပြီး အမျိုးသမီးများ လုပ်ကိုင်ဆုံးဖြတ်နိုင်စွမ်းရှိမှုကို စစ်တမ်းကောက်ယူမည် ဖြစ်သည်။

*ဇယား ၄.၃ ။ ကျား/မရေးရာ သုံးသပ်မှုဆိုင်ရာ အညွှန်းများ*

| ကျား/မ ရေးရာ အညွှန်း | အမျိုးသမီး | အမျိုးသား | စုစုပေါင်း |
|---|---|---|---|
| ငွေကြေးဝန်ဆောင်မှု လက်လှမ်းမီသူ ဦးရေ | ၁,၅၃၂,၉၆၁ (၉၄%) | ၁၀၂,၉၇၀ (၆%) | ၁,၆၃၅,၉၃၂ |
| ငွေရေးကြေးရေး ပညာပေး သင်တန်းဆင်း ဦးရေ | ၁,၅၃၂,၉၆၁ (၉၄%) | ၁၆,၁၅၀(၆%) | ၁,၆၃၅,၉၃၂ |
| အသေးစားငွေကြေးဝန်ဆောင်မှု ဝန်ထမ်း ဦးရေ | ၂,၇၄၁ (၅၇%) | ၂,၀၉၁ (၄၃%) | ၄,၈၃၂ |

## ၄.၂။ ပုဂ္ဂလိကကဏ္ဍနှင့် ထိတွေ့ဆောင်ရွက်မှု

LIFT သည် မိမိ၏မဟာဗျူဟာပန်းတိုင်များကို ရရှိရန် နှင့် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု လျော့ပါးရေးအတွက် ပုဂ္ဂလိကကဏ္ဍသည် အခြေခံဖြစ်ကြောင်း အသိအမှတ်ပြုလက်ခံထားပါသည်။ မြန်မာနိုင်ငံ၏ စိန်ခေါ်မှုများသည် ပုဂ္ဂလိကကဏ္ဍမှ ဆောင်ယူလာမည့် အရင်းအမြစ်များ၊ ကျွမ်းကျင်မှုများ၊ နည်းပညာများနှင့် ရေရှည်ခံမှုများကို လိုအပ်ပါသည်။

LIFT၏ ၂၀၁၆ ခုနှစ် ကျေးလက်ငွေကြေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများကို အောက်ပါ အကြောင်းအချက်များဖြင့် ထည့်သွင်းစဉ်းစား ဆောင်ရွက်သည်။ ၎င်းတို့မှာ ရင်းနှီးမြှုပ်နှံမှုများသည်-

- ဈေးကွက်ဆုံးရှုံးမှုကို ကျော်လွှားသင့်သည်။
- ဈေးကွက် ယိမ်းယိုင်မှုကို အနည်းဆုံးသာ ဖြစ်စေသင့်သည်။
- ဦးတည်သည့် ရင်းနှီးမြှုပ်နှံမှုများအတွက် ယာယီ မက်လုံးပေးခြင်းမျိုး ရှိသင့်သည်။
- ဈေးကွက်ဖွံ့ဖြိုးမှု နှင့် အသွင်ကူးပြောင်းမှုကို ရရှိစေမည့် ထည့်ဝင်မှုကို ပြုသင့်သည်။
- စီးပွားရေးမိတ်ဖက် နှင့် ဖွံ့ဖြိုးရေးမိတ်ဖက်တို့၏ အားထည့်ဆောင်ရွက်များအကြား ညှိနှိုင်းဆောင်ရွက်သင့်သည်။

၂၀၁၆ခုနှစ် တွင် LIFT သည် စက်မှုလယ်ယာဝန်ဆောင်မှု အသေးစားနှင့် အလယ်အလတ် လုပ်ငန်းရှင်များကို ငွေကြေး ပံ့ပိုးပေးခဲ့သည်။ ယင်းလုပ်ငန်းရှင်များသည် စိုက်ပျိုးရေး အဆောက်အအုံကို အသွင်ပြောင်းကာ မြန်မာနိုင်ငံတွင် အသေးစား ငွေကြေး အရင်းအနှီး ဈေးကွက်ကို ဖန်တီးနေသူများလည်း ဖြစ်ကြသည်။ LIFT က ရင်းနှီးမြှုပ်နှံသည့် ကန်ဒေါ်လာ ၁၉ သန်းသည် ၂၀၁၆ ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုတွင် ကန်ဒေါ်လာ သန်း ၁၂၀ ထိ အကျိုးအမြတ် တိုးသွားမည် ဖြစ်သည်။

### စိုက်ပျိုး-စီးပွားရေး ငွေကြေးအစီအစဉ် (AFP)-စက်မှုလယ်ယာကဏ္ဍအတွက် ငွေကြေးမတည်ပေးခြင်း

လယ်ယာလုပ်ကွက် သေးငယ်ခြင်း၊ လယ်ယာမြေများ အစိတ်စိတ်အမွှာမွှာ ဖြစ်နေခြင်း၊ လုပ်သားခ ဈေးတက်နေခြင်း တို့သည် မြန်မာ့စိုက်ပျိုးရေး၏ သွင်ပြင်လက္ခဏာများ ဖြစ်သည်။ တောင်သူတို့သည် သီးနှံအထွက်တိုးရန်အတွက် မြေပြုပြင်ခြင်းနှင့် ရိတ်သိမ်းခြင်းတို့တွင် ပြင်ပမှ ဈေးနှုန်းသက်သာသော စက်ကိရိယာဝန်ဆောင်မှုများကို ငှားရမ်းအသုံးပြုနေကြရသည်။

စက်မှုလယ်ယာနှင့် ပတ်သက်လျှင် လယ်မြေအရွယ်အစား ကြီးလေလေ လုပ်ကိုင်နိုင်လေလေဟု မှတ်ထင်နေကြသည်။ ၂၀၁၆ တွင် မြစ်ဝကျွန်းပေါ်ဒေသ၌ ကောက်ယူခဲ့သော စစ်တမ်းအရ စက်ကိရိယာသုံးစွဲခြင်းသည် လယ်မြေအရွယ်အစား နှင့် ဆက်စပ်မှု မရှိကြောင်း တွေ့ရသည်။ ၅ဧကအောက် လယ်များတွင်လည်း ၁၀ ဧကအထက်လယ်များ နည်းတူ စက်ကိရိယာများကို သုံးစွဲနေကြောင်းတွေ့ရသည်။[57]

စက်ကိရိယာသုံးစွဲခြင်းကြောင့် လုပ်ကွက်ငယ်တောင်သူများ စရိတ်သက်သာသည်။ သေချာသည့် ဝင်ငွေရနှုန်း မြင့်မားသည်၊ အချိန်မီ မြေပြင်နိုင် ရိတ်သိမ်းနယ်လှေ့နိုင်သည်။ ထို့ကြောင့် ကုန်ထုတ်စွမ်းအားတက်လာပြီး တောင်သူများလည်း ငွေကို ပိုသုံးလာနိုင်ကြသဖြင့် မြန်မာနိုင်ငံ၏ တိုးပွားလျက်ရှိသော လယ်ယာပြင်ပစီးပွားရေးကို တိုက်ရိုက် အကျိုးပြုသည်။

၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်အစိုးရသည် လယ်ယာသုံးစက်ကိရိယာ တင်သွင်းခြင်းကို ဖြေလျှော့ပေးလိုက်သည်။ တင်သွင်းလာသော လယ်ယာသုံးစက်ကိရိယာများကို ရောင်းချသူများ ရှိလာသည်။ ဘဏ်များက ငှား/ဝယ်စနစ်အတွက် ငွေထုတ်ချေးလာကြသည်။ သို့သော် စည်းကမ်းချက်များကြောင့် ကျေးလက်စီးပွားရေးသမားတို့မှာ ချေးငွေများကို လက်လှမ်းမမီနိုင်ကြပေ။

LIFT က ရိုးမဘဏ်နှင့် လက်တွဲကာ စိုက်ပျိုး-စီးပွားရေး ငွေကြေးအစီအစဉ်(AFP)ကို ၂၀၁၆ ဇန်နဝါရီလတွင် စတင်ခဲ့သည်။ ဤအစီအစဉ်အရ ငှား/ဝယ်ချေးငွေများအတွက် ဖြစ်လာဖွယ်ရှိသော ကြွေးဆုံးမှုလျော့ပါးစေရန် တပိုင်းတစ အဆုံးအရှုံး အာမခံအဖြစ် ကန်ဒေါ်လာ ၉ သန်းကို LIFT က ရိုးမဘဏ်သို့ ထည့်ဝင်ပေးသည်။ ထိုတပိုင်းတစ အဆုံးအရှုံး အာမခံ ကြောင့် ရိုးမဘဏ်သည် ယခင်က စီးပွားရေးအရ အလားအလာ မကောင်းခဲ့သည့် ကျေးလက်စီးပွားရေးသမားငယ်များ လက်ခံနိုင်သည့် စည်းကမ်းချက်များဖြင့် ငှား/ဝယ်ချေးငွေများကို ထုတ်ပေးလာနိုင်သည်။

[57] Myat Thida Win and Aye Mya Thinzar, Michigan State University, 'Agricultural Mechanization and Structural Transformation in Myanmar's Ayeyarwady Delta'

*ဇယား ၄.၄ ။ ရိုးမဘဏ်၏ ငှား/ဝယ် အစီအစဉ် စည်းကမ်းများ (LIFT၏ AFP မ တည်ငွေ မပါဝင်ခင်နှင့် ပါဝင်လာပြီး)*

| အမျိုးအမည် | သာမန်ငှား/ဝယ် (LIFT၏ AFP မတည်ငွေ မပါ) | အစီအစဉ်၏ ငှား/ဝယ် (LIFT၏ AFP မတည်ငွေ ပါပြီး) |
|---|---|---|
| လက်ငင်းချေရသည့်ငွေ | အနည်းဆုံး ၃၀% | အနည်းဆုံး ၁၀% |
| ချေးငွေကာလ | ၁နှစ် | ၃နှစ်အထိ |
| လိုအပ်ချက် | မြေယာလက်မှတ် (ပိုင်ဆိုင်မှု) | မည်သည့် အပေါင်ခံမှု မလိုအပ် |
| ဝန်ဆောင်ခ | ပစ္စည်းတန်ဖိုး၏ ၂% | ပစ္စည်းတန်ဖိုး၏ ၁% ရောင်းသူကပေးရန် |
| ကော်မရှင်ကြေး | မလို | စုစုပေါင်းတန်ဖိုး၏ ၁% |
| ရောင်းသူ၏ အာမခံငွေ | ငှား/ဝယ်တန်ဖိုး စုစုပေါင်း၏ ၁၀% | ငှား/ဝယ်တန်ဖိုး စုစုပေါင်း၏ ၁၀% |
| ဝယ်သူပေးရသော အတိုး | တနှစ်လျှင် ၁၂% | တနှစ်လျှင် ၁၃% |
| ချေးငွေပြန်လည်ပေးသွင်းခြင်း | ခြောက်လလျှင် တကြိမ် | ခြောက်လလျှင် တကြိမ် |

၂၀၁၆ ခုနှစ်တွင် AFP အစီအစဉ်အရ ရိုးမဘဏ်သည် မိမိတို့ကိုယ်ပိုင်အရင်းအနှီးမှ ကန်ဒေါ်လာ၄၃ သန်းကို ထုတ်ချေးခဲ့သည်။ အငယ်စား နှင့် အလတ်စား ကျေးလက်စီးပွားရေးသမား ၃,၀၀၀ ခန့်ကို လယ်ထွန်စက်များ၊ ခြွေလှေ့စက်များနှင့် ကုန်တင်ကားများ ဝယ်ယူရန် ချေးငွေများပေးနိုင်ခဲ့သည်။ ယင်းစီးပွားရေးလုပ်ငန်းများတွင် အမျိုးသမီးများ ပိုင်ဆိုင်သည့် လုပ်ငန်းများ ခုနစ်ရာခိုင်နှုန်းခန့် ရှိသည်။ ၂၀၁၆ ခုနှစ်တွင် AFP အစီအစဉ်အရ ချေးငွေပေးခဲ့သည့် လယ်ယာသုံးစက်ကိရိယာများ၏တန်ဖိုးမှာ ကန်ဒေါ်လာ ၅၆ သန်းဖိုးခန့် ရှိသည်။ LIFT ၏ ရန်ပုံငွေမှာ ငါးဆမျှ မြင့်တက်သွားခဲ့သည်။ ဆိုလိုသည်မှာ LIFT က ပံ့ပိုးထားသည်ထက် ငါးဆ ကို AFPအစီအစဉ်တွင် ရိုးမဘဏ်က ရင်းနှီးမြှုပ်နှံခဲ့သည်။

*ဇယား ၄.၅။ ၂၀၁၆ AFP အစီအစဉ်ဖြင့် ဝယ်ယူသူအရေအတွက် နှင့် စက်ကိရိယာအမျိုးအစား*

| အမျိုးအမည် | ဝန်ဆောင်မှုသုံးသူ အရေအတွက် | တန်ဖိုး စုစုပေါင်း (ကန်ဒေါ်လာ သန်းပေါင်း) | ငှား/ဝယ် ချေးငွေ စုစုပေါင်း (ကန်ဒေါ်လာ သန်းပေါင်း) | စက်ကိရိယာ ပျမ်းမျှ တန်ဖိုး (ကန်ဒေါ်လာ) | စက်ကိရိယာ အားလုံး၏ % |
|---|---|---|---|---|---|
| ခြွေလှေ့စက် | ၃၁၆ | ၉.၂၀ | ၇.၅၈ | ၂၉,၀၉၉ | ၁၇ |
| ကုန်တင်ကား | ၆၃၃ | ၉.၇၃ | ၇.၃၅ | ၁၅,၃၇၇ | ၁၈ |
| ရိတ်သိမ်းစက် | ၅၈ | ၁.၀၂ | ၀.၈၃ | ၁၇,၆၀၈ | ၂ |
| ပစ်ကပ်ကား | ၂၈၇ | ၂.၂၁ | ၁.၇၆ | ၇,၇၁၀ | ၄ |
| လက်တွန်းထွန်စက် | ၂၆၁ | ၀.၅၂ | ၀.၄၄ | ၁,၉၈၂ | ၁ |
| လယ်ထွန်စက် | ၁၄၁၀ | ၃၁.၀၉ | ၂၄.၅၉ | ၂၂,၀၄၈ | ၅၈ |
| အခြား | ၈ | ၀.၀၃ | ၀.၀၂ | ၃,၉၂၈ | ၀ |
| စုစုပေါင်း | ၂၉၇၃ | ၅၃.၈ | ၄၂.၅၆ | ၉၇,၇၅၂ | ၁၀၀ |

အရောင်းအားလုံး၏ ထက်ဝက်ခန့် - ၄၈ ရာခိုင်နှုန်း မှာ မြစ်ဝကျွန်းပေါ်ဒေသ (ဧရာဝတီနှင့် ရန်ကုန်)မှ ဖြစ်သည်။ အပူပိုင်းဇုန် (စစ်ကိုင်း၊ နေပြည်တော်၊ မကွေး၊ မန္တလေး)မှ ၃၇ ရာခိုင်နှုန်း၊ ကျန် ၁၂ ရာခိုင်နှုန်းမှာ တနင်္သာရီ နှင့် ပဲခူးမှ ဖြစ်သည်။ တောင်တန်းဒေသပြည်နယ်များမှ မွန် နှင့် ရှမ်းပြည်နယ်များအနေဖြင့် ၃ရာခိုင်နှုန်းသာ ပါဝင်သည်။

အငယ်စား နှင့် အလတ်စား ကျေးလက်စီးပွားရေးသမား ၃,၀၀၀ ခန့်ကို ချေးငွေမတည်ပေးနိုင်ခဲ့ခြင်းသည် AFPအစီအစဉ်၏ အဓိကသက်ရောက်မှု မဟုတ်သေးပေ။ ဤစီးပွားရေးသမား အားလုံးနီးပါးသည် စက်ကိရိယာများကို မိမိတို့ကိုယ်တိုင် သုံးရုံသာမက အခြားတောင်သူများသို့လည်း ငှားရမ်းကြသည်။ ငှားရမ်းခဖြင့် ငှား/ဝယ်အကြွေးကို ပေးဆပ်ကြသည်။ ဤသို့ ရွေ့လျား စိုက်ပျိုးရေးဝန်ဆောင်သူများအားဖြင့် စက်မှုလယ်ယာ အသွင်ပြောင်းခြင်း ဖြစ်ထွန်းလာသည်။ AFPအစီအစဉ်ဖြင့် ဝယ်ယူသော လယ်ထွန်စက်တစီးသည် ဧကပေါင်း ၁၅၀,၀၀၀ ခန့်၊ အိမ်ထောင်စု ၅၅,၀၀၀ ခန့်ကို မြေပြုပြင်ပေးသည်ဟု လည်းကောင်း၊ ရိတ်သိမ်း ခြွေလှေ့စက်ကြီးများမှာ ဧက၁၃၀,၀၀၀ နှင့် အိမ်ထောင်စု၂၀,၀၀၀ ကို ဝန်ဆောင်မှု ပေးနိုင်သည်ဟု လည်းကောင်း ခန့်မှန်းထားသည်။

## ရှေ့ကို မျှော်ကြည့်လျှင်

ရိုးမဘဏ်သည် ၂၀၁၆ ခုနှစ် ငှား/ဝယ်ချေးငွေတွင် LIFT၏ အဆုံးအရှုံးအာမခံမှုကို ၂၀ မှ ၁၅ ရာခိုင်နှုန်းသို့ လျှော့ချပေးခဲ့သည်။ ထို့ပြင် ရိုးမဘဏ်က ကန်ဒေါ်လာ သန်း ၆၀ ကို ထပ်မံထည့်ဝင်မည် ဖြစ်သောကြောင့် AFP အစီအစဉ်သည် ၂၀၁၇တွင် ကန်ဒေါ်လာ ၇၅ သန်းအထိ တိုးလာမည်ဟု မျှော်မှန်းနိုင်လာသည်။ LIFT ၏ ရိုးမဘဏ်၌ ထည့်ဝင်ထားသော အကြွေး ဆုံးရှုံးနိုင်မှုကို ကာကွယ်သည့် ရင်းနှီးမြှုပ်နှံငွေ (risk buffer) သည် ဤအစီအစဉ်သက်တမ်း ပြီးဆုံးသွားသည့်တိုင် မြန်မာ့ကျေးလက်ဒေသကို ဆက်လက်ထောက်ပံ့နေနိုင်မည် ဖြစ်သည်။

AFP အစီအစဉ်သည် ၂၀၁၆ တွင် ချေးငွေအသစ်နှစ်မျိုးဖြစ်သည့် ရရန် ရရန်ငွေမှ လျှော့ငွေစာရင်း နှင့် သိုလှောင်ထားသော သီးနှံအပေါ် မူတည်၍ ထုတ်ချေးသော ချေးငွေ (inventory financing) တို့အတွက် သုတေသနပြုခဲ့သည်။ ယင်းတို့ကို ၂၀၁၇ခုနှစ် တွင် စတင်မည်ဖြစ်သည်။ AFP ၏ ရရန်အကြွေး လျှော့ငွေစာရင်း သည်  သွင်းအားစုလုပ်ငန်းကြီးသမား (မျိုးစေ့၊ မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး)များကို ဦးတည်သည်။ ယင်းတို့သည် တောင်သူများထံသို့ ရောင်းချသူ အချိတ်အဆက်များဖြင့် ဖြန့်ချီလျက်ရှိသည်။ လက်ရှိတွင် ယင်းပုံစံသည် တောင်သူတို့ များစွာ လက်လှမ်းမမီနိုင်သည့် အခြေအနေ မရှိပေ။ ရိုးမဘဏ်သည် အရောင်းပြေစာများကို ပြသနိုင်သည့် ဆိုင်ရှင်များအား ငွေကြေးမတည်ပေးမည် ဖြစ်သည်။ AFP ၏ inventory financing သည် ရှမ်းပြည်နယ်မြောက်ပိုင်းမှ အစေ့ထုတ်ပြောင်း စိုက်သည့် တောင်သူများကို ဦးတည်သည်။ မြန်မာနိုင်ငံမှ ပြောင်းစေ့အများစု ကို တရုတ်သို့ တင်ပို့ကြသည်။ တောင်သူများနှင့် ကုန်သည်များက ရိတ်သိမ်းပြီးလျှင် အမြန် ရောင်းချကြရမည်ကို တရုတ် ဝယ်လက်များက သိထားကြသည်။  သီးနှံလှောင် မ'တည်ငွေ စနစ်က လှောင်ထားသော သီးနှံ၏ တန်ဖိုး၏ ၅၀ ရာခိုင်နှုန်းကို လေးလကြာ ငွေထောက်ပံ့ထားမည် ဖြစ်သည်။ ဤအစီအစဉ်ကြောင့် မြန်မာ့ တောင်သူများ၊ ကုန်သည်များသည် ကြိုက်ဈေး ရသည်အထိ စောင့်ဆိုင်းကာ ရောင်းချနိုင်လာမည် ဖြစ်သည်။

### The Currency Exchange (TCX)

မြန်မာ့ အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများသည် မိမိတို့ဖောက်သည်များ တောင်းခံသည့်အတိုင်း လုပ်ငန်းတိုးချဲ့ရန် အရင်းအနှီး အမြောက်အမြား လိုအပ်နေသည်။ မကြာသေးမီက လုပ်ထုံးလုပ်နည်းများကို ပြင်လိုက်သဖြင့် MFI များသည် မိမိတို့ဝန်ဆောင်မှု အသုံးပြုသူများထံမှ စုငွေများကို လက်ခံနိုင်လာပြီ ဖြစ်သည်။ သို့သော် MFI များသည် ခိုင်မာသော ပိုင်ဆိုင်မှုများ၊  ပေးရန်တာဝန်၊ ငွေပေါ်လွယ်ရေး စီမံခန့်ခွဲမှု စသည်တို့ကို ထူထောင်ရန် အချိန်ယူရမည်ဖြစ်သဖြင့် ဤပြင်ဆင်မှု၏ သက်ရောက်မှုအနေအထားမှာ နောက်နှစ်နှစ်ခန့် ကြာမှ ပေါ်လွင်ထင်ရှားလာမည် ဖြစ်သည်။ အသေးစား ငွေကြေးအရင်းအနှီး ဈေးကွက် ဖြစ်ထွန်းမှုသည်  မြန်မာအသေးစား ငွေကြေးကဏ္ဍ ဆက်လက်တိုးတက်ရေးအတွက် အခရာကျသည်။ မြန်မာ နိုင်ငံသည် အရင်းအနှီးအတွက် အလှူရှင်များ၏ လှူဒါန်းငွေအစား ပြည်တွင်းစုငွေကို အားထားရန် ပြောင်းလဲနေသည့် အချိန်အခါ ရောက်လာသည့်အခါ အထူး လိုအပ်လှသည်။

မြန်မာအသေးစားငွေကြေးအရင်းအနှီးဈေးကွက်၏ အကြီးဆုံးအဟန့်အတားမှာ မြန်မာကျပ်ငွေမတည်ငြိမ်မှု နှင့် MFI များ သာမက နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများပါ ရင်ဆိုင်နေရသည့် ချေးငွေအတိုးနှုန်းတို့ ဖြစ်သည်။ ယင်းအချက်တို့ကို ကိုင်တွယ်နိုင်ပါက မြန်မာMFI များ ငွေကြေးအရင်းအနှီးကို ဆွဲဆောင်နိုင်ရန် ခက်ခဲတော့မည် မဟုတ်ကြောင်း LIFT က လေ့လာသိရှိထားသည်။

နိုင်ငံရပ်ခြား ရင်းနှီးမြှုပ်နှံသူများက မြန်မာMFI ကဏ္ဍတွင် မြန်မာကျပ်ငွေဖြင့် ငွေထုတ်ချေးပေးနိုင်ရန် မြန်မာကျပ်ငွေ ငွေလဲနှုန်း မတည်ငြိမ်မှုမှ ကာကွယ်ပေးမည့် အကာရန်ပုံငွေအတွက် TCX ကို LIFT က ကန်ထရိုက်ပေးခဲ့သည်။[၅၈] ဈေးကွက်ပေါက်ဈေး အတိုးနှုန်းနှင့် မြန်မာနိုင်ငံဗဟိုဘဏ်က သတ်မှတ်ထားပေးသော အမြင့်ဆုံး အတိုးနှုန်း ကွာဟမှုကို ညှိပေးရာတွင် LIFT ၏ရန်ပုံငွေကို သုံးခဲ့သည်။ LIFT၏ ရင်းနှီးမြှုပ်နှံမှုသည် အသေးစားငွေကြေး အရင်းအနှီးဈေးကွက်ကို တဟုန်ထိုးတိုးတက်စေခဲ့သည်။ TCX သည် အကူးအပြောင်းကာလအတွင်း လက်ရှိအတိုးနှုန်း နှင့် မြန်မာကျပ်ငွေမတည်ငြိမ်မှု တို့ကို ကိုင်တွယ်ရန်အတွက် ဆောင်ရွက်ချက်တစ်ခု ဖြစ်သည်။

[58] The Currency Exchange (TCX) သည် ဖွံ့ဖြိုးရေးဆိုင်ရာ ငွေကြေးဆောင်ရွက်မှုတစ်ခုဖြစ်သည်။ ၎င်းသည် ငွေကြေး ဝန်ဆောင်မှုများ မရရှိသော သို့ အားနည်းသော ငွေကြေးဈေးကွက်အတွင်းသို့ ငွေကြေးဆိုင်ရာဆောင်ရွက်မှုများကို ပေးသည်။ TCX သည် ဘဏ်များမှ မပေးနိုင်သည့် ငွေကြေးများ၊ သတ်မှတ်ရက်အတိုင်း ပြန်လည်ပေးဆပ်ရမည့် ချေးငွေများ (ဥပမာ ၂နှစ်အတွင်း ပြန်လည်ပေးဆပ်ရခြင်း) နှင့် ပတ်သက်၍ ဈေးကွက်ဖော်ဆောင်သူဖြစ်ပါသည်။ အဆိုပါ ရန်ပုံငွေမှ အဓိကရည်ရွယ်သည်မှာ ငွေချေးသူနှင့် ချေးငွေရယူသူများအကြား အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံဖြတ်ကျော် ငွေကြေးဈေးကွက်သစ်များ ဖော်ဆောင်ရာတွင် ငွေကြေးတစ်ခုနှင့်တစ်ခုအကြား လဲလှယ်နှုန်းကွာဟချက်များကို  ကာမိစေရန်အတွက် ပံ့ပိုးခြင်းသည်။ TCX သည် ထိုကဲ့သို့သော ဆောင်ရွက်မှုများကို ဈေးကွက် သို့ ငွေဖြစ်လွယ်ခြင်း မရှိသည့် နိုင်ငံပေါင်း ၇၀တွင် ပေးအပ်လျက်ရှိပါသည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် TCX နှင့် LIFT တို့က ငွေကြေးလဲလှယ်နှုန်းကွာဟမှု ကာမိစေမည့် ရန်ပုံငွေ (The Currency Exchange Hedging Window - TCXHW) ကို နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံသူများသို့ ဖွင့်လှစ်ပေးခဲ့သည်။ MFI ၁၃ခု သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက တိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုမှာ ကန်ဒေါ်လာ ၁၇၉ သန်း ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှု တစ်ခုလျှင် ကန်ဒေါ်လာ ၂.၅ သန်း မှ ၃၂ သန်းထိ ရှိသည်။ LIFT ရင်းနှီးမြှုပ်နှံသည့် ကန်ဒေါ်လာ ၁၀ သန်းကြောင့် MFI ၁၄ခု (၈ခုမှာ အသစ်ဖြစ်သည်)သို့ ကန်ဒေါ်လာ ၇၀.၆ သန်း ခွဲဝေပေး နိုင်ခဲ့သည်။ ယင်းပံ့ပိုးမှုမှသည် ဝန်ဆောင်မှုအသုံးပြုသူပေါင်း ၃၅၀,၀၀၀ သို့ ငွေကြေးဝန်ဆောင်မှု ပေးနိုင်ခဲ့သည်။ ထိုကြောင့် LIFT ပံ့ပိုးပေးသည့် MFIများ၏ ဝန်ဆောင်မှုအသုံးပြုသူဦးရေမှာ ၂၁ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ၂၀၁၇တွင် TCXHW ဖြင့် ထောက်ပံ့မည့် LIFT ၏ မိတ်ဖက်အဖွဲ့သစ် များတွင် ဝန်ဆောင်မှု သုံးစွဲသူ စုစုပေါင်း ၉၃,၀၀၀၊ ပိုင်ဆိုင်မှု စုစုပေါင်း ကန်ဒေါ်လာ ၃၅.၄ သန်း၊ ထုတ်ချေးထားငွေ ကန်ဒေါ်လာ ၂၂.၅ သန်း ရှိကြသည်။ ယင်းMFIတို့ကို LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု အစီအစဉ်တွင် ထည့်ပေါင်းလိုက်ပါက အသေးစား ငွေကြေးကဏ္ဍတွင် LIFT ၏ပံ့ပိုးမှုမှာ ငါးရာခိုင်နှုန်း တိုးလာမည်ဖြစ်သည်။

## ၄.၃။ ရွှေ့ပြောင်းသွားလာရေး

### နောက်ခံအခြေအနေ

လွန်ခဲ့သော အနှစ်ငါးဆယ်အတွင်းတွင် တကမ္ဘာလုံး၌ မြို့ပြနေလူဦးရေသည် လူဦးရေစုစုပေါင်း၏ ငါးပုံတပုံမှ ထက်ဝက်ထိ ဖြစ်လာသည်။[၅၉] ကမ္ဘာအနှံ့ လူဦးရေ သန်းပေါင်း ၇၅၀ သည် ပြည်တွင်းတွင် လည်းကောင်း၊ သန်းပေါင်း ၂၅၀ သည် ပြည်ပသို့ လည်းကောင်း ရွှေ့ပြောင်းသွားလာနေကြသည်။[၆၀] မဟာမဲခေါင်နယ်မြေတွင် မြန်မာနိုင်ငံသည် ရွှေ့ပြောင်းသွားလာသူ အများဆုံးဖြစ်ကာ လူဦးရေ ၁၀ရာခိုင်နှုန်းသည် ပြည်ပသို့ ရွှေ့ပြောင်းသွားလာနေကြသည်။[၆၁] ၂၀၁၄သန်းခေါင်စာရင်းအရ ၂၀ ရာခိုင်နှုန်းသည် ပြည်တွင်းတွင် ရွှေ့ပြောင်းသွားလာနေကြသည်။[၆၂] လူငါးယောက်တွင် တယောက်က ရွှေ့ပြောင်း သွားလာနေရာ မြန်မာနိုင်ငံသည် 'ရွှေ့လျားနေသော နိုင်ငံ' ဖြစ်နေပေသည်။

လုပ်အားရွှေ့ပြောင်းသွားလာမှုသည် မြန်မာနိုင်ငံ၏ ကျေးလက်အိမ်ထောင်စုများ၏ အရေးကြီးသော အသက်မွေးမှု မဟာဗျူဟာ ဖြစ်သည်။ မိသားစုထံသို့ ပြန်လွှဲပို့သည့်ငွေသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင် အထူးသက်ရောက်သည်။ ရွှေ့ပြောင်း လုပ်သားများ၊ ယင်းတို့၏ လွှဲပို့ငွေများသည် ဖွံ့ဖြိုးဆဲနိုင်ငံတခု၏ ဆင်းရဲနွမ်းပါးမှုကို နက်နက်ရှိုင်းရှိုင်း လျှော့ချ ရာတွင် သက်ရောက်မှု ရှိသည်။ [၆၃] လွှဲပို့ငွေသည်လည်း ပညာရေး၊ ကျန်းမာရေး၊ ကျားမတန်းတူညီမျှမှုတို့ ကောင်းမွန် တိုးတက်ရေး နှင့် ဆက်နွယ်လျက်ရှိသည်။[၆၄] ၂၀၁၅ ခုနှစ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းသွားလာသူများသည့် မိမိတို့ တိုင်းပြည်သို့ ကန်ဒေါ်လာ ၄၄၁ ဘီလျံမျှ ငွေပြန်ပို့ခဲ့ကြသည်။ တရုတ်နိုင်ငံချန်လှပ်ထားပြီး တွက်ချက်ကြည့်ပါက ယင်းပမာဏ သည် ODA ၏ သုံးဆဖြစ်ပြီး၊ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံငွေ(FDI) ထက်ပင် များသေးသည်။[၆၅] မြန်မာနိုင်ငံ၏ မကြာခဏ တွေ့ကြုံနေရသော စီးပွားရေး ကျဆင်းခြင်း၊ သဘာဝဘေးသင့်ခြင်း၊ နိုင်ငံရေးပဋိပက္ခဖြစ်ခြင်း စသည့် အခြေအနေမျိုးတို့တွင်ပင် ယင်း လွှဲပို့ငွေများသည် ODA၊ FDI တို့ထက်ပင် ပုံမှန် စီးဝင်လျက်ရှိကြောင်း သုတေသန ပြုချက်တရပ်တွင် တွေ့ရှိထားသည်။[၆၆]

၂၀၁၆ တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကုလသမဂ္ဂအထွေထွေညီလာခံတွင် မိန့်ခွန်း ပြောရာ၌ ရွှေ့ပြောင်းသွားလာရေးကို စီမံခန့်ခွဲရန် အရေးကြီးကြောင်းကို ထည့်သွင်းပြောဆိုခဲ့သည်။ မြန်မာနိုင်ငံ ရင်ဆိုင်နေရသော စိန်ခေါ်မှုခြောက်ရပ်တို့မှာ- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ရခိုင်အခြေအနေ၊ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေး ပန်းတိုင်သို့ ရောက်ရှိရေး၊ အကြမ်းဖက်မှု တိုက်ဖျက်ရေး၊ ရွှေ့ပြောင်းသွားလာရေးတို့ ဖြစ်ကြောင်း သူက ပြောပြသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရွှေ့ပြောင်းသွားလာသူများသည် အိမ်ရှင်နိုင်ငံ၏ စီးပွားရေးကိုသာမက ကမ္ဘာစီးပွာရေးကိုပါ အကျိုးပြုကြောင်း။ ရွှေ့ပြောင်း လုပ်သားများအနေဖြင့် ၎င်းတို့ရပိုင်ခွင့်များကို ရရှိစေရန် အိမ်ရှင်နိုင်ငံ နှင့် မိခင်နိုင်ငံတို့ ပေါင်းစပ်ညှိနှိုင်း ပူးပေါင်း ဆောင်ရွက်လျှင် နှစ်နိုင်ငံစလုံး၏ စီးပွာရေးခိုင်မာမည် ဖြစ်ကြောင်းတို့ကို အလေးအနက်ထား ပြောဆိုခဲ့သည်။

---

59 Manning, P. and Trimmer, T., 'Migration in World History. 2nd ed', 2013, London and New York: Routledge.

60 Sutherland, P. D., 'Migration is Development: How Migration Matters to the Post-2015 Debate', Migration and Development, 2013, (2), pp. 151-156.

61 International Organisation for Migration (IOM), 'Myanmar: Overview', 2015, Web.

62 The Republic of the Union of Myanmar, Department of Population, Ministry of Immigration and Population, 'The Union Report: Census Report Volume 2', May 2015, p. 123-124, Web, dop.gov.mm.

63 Adams, RH; Page, J, 'Do international migration and remittances reduce poverty in developing countries?', 2005, World Development 33(10): 1645-1669, Pg. 1645.

64 Ratha, D., 'The impact of remittances on economic growth and poverty reduction. Policy Brief, 8', 2013, pp. 1-13.

65 The World Bank, 'International Migration at All-Time High', 2015, [Press Release]. Available from: http://www.worldbank.org/en/news/press-release/2015/12/18/international-migrants-and-remittances-continue-to-grow-as-people-search-for-better-opportunities-new-report-finds. Scalabrin, P. and Graham Fitzgerald, S., Washington, D.C.: World Bank Group, 'Migration and remittances facts 2016', 2016

66 ၂၀၀၉ခုနှစ် ကမ္ဘာ့ငွေကြေးအကြပ်အတည်းကာလအတွင်း ငွေလွှဲပို့မှုများမှာ ၅.၅%သို့ ကျဆင်းသွားရာ FDI (Ahmed and Martinez-Zarzoso, 2016) တွင် ခန့်မှန်းခြေ ၄၀% လျော့ကျသွားသည်။ Makina, ၂၀၁၄တွင် ကြည့်ပါ။

အလုပ်အကိုင် နှင့် ဝင်ငွေ အခွင့်အလမ်းရှားပါးခြင်း၊ လုပ်ခ အဆမတန်ကွာခြားခြင်းတို့သည် လူများ ရွှေ့ပြောင်းသွားလာရန် ဆုံးဖြတ်စေသည့် အဓိကအကြောင်းရင်းခံများ ဖြစ်ကြသည်။ မြန်မာနိုင်ငံမှ ပြည်ပသို့ ရွှေ့ပြောင်းသွားလာသူ အမျိုးသား အမျိုးသမီး ၇၀ရာခိုင်နှုန်းသည် ထိုင်းနိုင်ငံ၌ ဆောက်လုပ်ရေး၊ ကုန်ပစ္စည်းထုတ်လုပ်ရေး၊ စိုက်ပျိုးရေး၊ အထည်ချုပ်လုပ်ငန်း၊ အိမ်တွင်းလုပ်သားအလုပ် စသည်တို့တွင် လုပ်ကိုင်နေကြသည်။[၆၇]

သုတေသနပြုချက်အရ ပြည်တွင်းရွှေ့ပြောင်းသွားလာသူများသည် လစာဝင်ငွေ ကန်ဒေါ်လာ ၆၀-၁၀၀ သာ ရရှိကြကြောင်း၊[၆၈] သို့သော် ထိုင်းနိုင်ငံ၌ အမျိုးသမီးဆိုလျှင် လစာ ကန်ဒေါ်လာ ၂၁၉၊ အမျိုးသားဆိုလျှင် ကန်ဒေါ်လာ ၂၃၅ ရကြကြောင်း တွေ့ရသည်။[၆၉]



“ ကျွန်မတို့ သတင်းနှင့် စာနယ်ဇင်း ထုတ်လုပ်ဖြန့်ချီမှုများအတွက် LIFT ရဲ့ မိတ်ဖက်အဖွဲ့တွေနဲ့ချိတ်ဆက်မိဖို့ မူဝါဒတွေ ရည်မှန်းချက်တွေ နားလည်ဖို့အတွက် ဒီအစည်းအဝေးတွေက အခွင့်အရေးကောင်းတွေဖြစ်ပါတယ်။

ရေချယ်လ် မက်ဂွင်။ ဘီဘီစီ မီဒီယာအက်ရှင်၊ မြန်မာ

67 International Organisation for Migration (IOM) and Asian Research Center for Migration, Chulalongkorn University, 'Assessing Potential Changes in the Migration Patterns of Myanmar Migrants and their Impacts on Thailand', IOM: Bangkok, Thailand, 2013

68 International Labour Organisation (ILO), ILO Liaison Officer for Myanmar, 'Internal Labour Migration in Myanmar: Building an evidence-base on patterns in migration, human trafficking and forced labour', 2015

69 International Organisation for Migration (IOM) and Asian Research Center for Migration, Chulalongkorn University, 'Assessing Potential Changes in the Migration Patterns of Myanmar Migrants and their Impacts on Thailand', IOM: Bangkok, Thailand, 2013

ဤသို့ အလားအလာကောင်းများ ရှိနေသော်လည်း ရွှေ့ပြောင်းသွားလာရေးကို ကောင်းစွာ မစီမံ မခန့်ခွဲနိုင်ပါက ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ ခေါင်းပုံဖြတ်ခံရခြင်း၊ လူကုန်ကူးခံရခြင်း၊ မြို့ပြလူနေမှုဒဏ်၊ မိသားစုနှင့် ကွဲနေသည့်ဒဏ် စသည့် ဘေးများ သင့်နိုင်သည်။ဘေးကင်းစေမည့်၊ အကျိုးအမြတ်ရှိစေမည့် ရွှေ့ပြောင်းသွားလာရေး ဖြစ်စေမည့် စီမံခန့်ခွဲမှု ကောင်းမွန်ရန် အလေးထားသည့် ကန်ဒေါ်လာ၁၆သန်းတန် ရွှေ့ပြောင်းသွားလာရေး အစီအစဉ်ကို ၂၀၁၆တွင် LIFTက အပြီးသတ်ရေးဆွဲခဲ့သည်။ ရွှေ့ပြောင်းသွားလာရေး သိသာစွာ တိုးပွားလာမည်ကို အဓိက ပတ်သက်ဆက်နွှယ်သူများ အသင့်ပြင်ထားနိုင်ရန် LIFTက ဆောင်ရွက်လျက်ရှိသည်။ LIFT၏ ရွှေ့ပြောင်းသွားလာရေးအစီအစဉ်သည် မြန်မာနိုင်ငံတွင် အကြီးမားဆုံး ရွှေ့ပြောင်းသွားလာရေး ရန်ပုံငွေ ချထားမှုတစ်ခု ဖြစ်သည်။ LIFTသည် မိမိ ရန်ပုံငွေထောက်ပံ့ထားသည့် စီမံချက်များ အချင်းချင်း ပေါင်းစပ်ညှိနှိုင်းရေး ပူးပေါင်းဆောင်ရွက်ရေးအတွက် အဓိက ဦးစီး ဆောင်ရွက်ခဲ့သည်။ ရွှေ့ပြောင်းသွားလာရေး နှင့် အဓိက ပတ်သက်ဆက်နွှယ်သူများ၏ လုပ်ငန်းပုံမှန်အစည်းအဝေးများကို ၂၀၁၆တွင် စတင်ခဲ့သည်။

ရွှေ့ပြောင်းလုပ်သားများ  ခေါင်းပုံဖြတ်ခံရခြင်း၊ လူကုန်ကူးခံရခြင်း မဖြစ်စေရန် နိုင်ငံတော် အစိုးရက ဦးစားပေးထားသည်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး၊ ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပူးပေါင်းကာ LIFTသည် နိုင်ငံတကာ အလုပ်အကိုင် စံချိန်များ၊ အထူးသဖြင့် လူစုဆောင်းမှုလုပ်ငန်းစဉ်၊ တိုင်ကြားချက်ဖြေရှင်းသည့် စနစ်တကျ ပုံစံများ၊ သက်သာချောင်ချိရေး စနစ် တို့ ကောင်းမွန်စေရန် ဆောင်ရွက်နေသည်။ နှိပ်စက်ညှဉ်းပန်းခံရခြင်းကို တိုက်ဖျက်ရန် အစိုးရ၏ အားထုတ်နေမှုကို ထောက်ပံ့ရန်အတွက် ပထမခြေလှမ်းမှာ ခိုင်မာသည့် ဥပဒေကောင်းများပင်ဖြစ်သည်။  ယင်းအတွက် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေတွင် အလွန်လိုအပ်နေသေးသည့် နည်းဥပဒေများကို အဆိုပြုမည် ဖြစ်သည်။ အိမ်တွင်းလုပ်သားများအတွက် သင့်တင့်သောအလုပ်အကိုင် ဆိုင်ရာ ကွန်ဗင်းရှင်း ၁၈၉ကို အတည်ပြုရန်၊ သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန် ထောက်ပံ့ခဲ့သည်။ ထို့ပြင် ဝန်ကြီးဌာနအချင်းချင်း ပိုမို ပေါင်းစပ်ညှိနှိုင်းရေးကို ရည်ရွယ်သည့် အစိုးရတရပ်လုံးနှင့်ဆိုင်သည့် ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ အုပ်ချုပ်မှု မူဘောင် တရပ်ကို ဖွဲ့စည်းရန် LIFTက ထောက်ပံ့လျက်ရှိသည်။

၂၀၁၆ တွင် သုတေသနစာတမ်းများကိုပြုစု ထုတ်ဝေခဲ့သည်-

- LIFT ရန်ပုံငွေပံ့ပိုးမှုဖြင့်  ILO သည် နိုင်ငံတကာအလုပ်အကိုင်စံချိန်စံညွှန်းများ နှင့် ချိန်ထိုးကာ ပြည်ပ အလုပ်အကိုင်ဆိုင်ရာ ဥပဒေ သုံးသပ်ချက်ကို ပြုစုခဲ့သည်။
- အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး၊ ပြည်သူ့အင်အားဝန်ကြီးဌာနသည် ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ ဥပဒေမူဘောင်ကို အားကောင်းစေရန် ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီရန်အတွက် မူရင်းနိုင်ငံဆိုင်ရာ တိုင်ကြားချက်မှု ယန္တရားစာတမ်းကို  ILO က ရေးသားပြုစုခဲ့သည်။ ယင်းစာတမ်းတွင်-လက်ရှိ ပြည်တွင်း ပြည်ပ ဥပဒေများအပေါ် သုံးသပ်ချက်၊ မြန်မာနိုင်ငံ ရှိ တိုင်ကြားမှု ယန္တရားများအပေါ် ယေဘူယျအမြင်၊ အခြားနိုင်ငံများမှ နည်းနာကောင်းများ (နီပေါ၊ ဖိလစ်ပိုင်၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား)၊ အစိုးရသို့ အကြံပြုချက်များ ပါဝင်သည်။
- လူမှုကာကွယ်စောင့်ရှောက်ရေး၊ လုပ်သားစုဆောင်းခြင်း၊ နိုင်ငံတကာ လုပ်အားရွှေ့ပြောင်းသွားလာရေး မူဝါဒဆီလျော်မှု တို့နှင့် ပတ်သက်သော စာတမ်းသုံးစောင်ကိုလည်း ၂၀၁၇ခုနှစ်တွင် ထုတ်ဝေမည် ဖြစ်သည်။ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စာတမ်းကို ၉ကြိမ်မြောက်ကျင်းပမည့် လုပ်အား ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ  အာဆီယံဖိုရမ်အတွက် အမျိုးသားအဆင့် ကြိုတင်ပြင်ဆင်ရေး အစည်းအဝေးတွင် တင်ပြခဲ့သည်။ အကြံပြုချက် နှစ်ချက်မှအပကျန် အကြံပြုချက်များအားလုံးကို ဖိုရမ်သို့ တင်သွင်းမည့် တရားဝင်အကြံပြုချက်စာတမ်းတွင် ထည့်သွင်းခဲ့သည်။
- အနာဂတ်တွင် ဆုံးဖြတ်ချက်နိုင်ရေးအတွက် ၂၀၁၆ ခုနှစ်တွင် အလုပ်သမား၊ လူဝန်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနသည် LIFT၏ ပံ့ပိုးမှုဖြင့် IOM၊ University of Sussex ၊ မေတ္တာဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အထောက်အထားအခြေပြု သုတေသနစီမံချက်၏ တရားဝင် မိတ်ဖက်အဖွဲ့အစည်း ဖြစ်လာခဲ့သည်။

LIFT၏ ပံ့ပိုးမှုသည် အမျိုးသားအဆင့်တွင် သာမက ပြည်နယ်/တိုင်းဒေသကြီး အဆင့်တွင်လည်း ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ စွမ်းဆောင်ရည်တည်ဆောက်ရန် ရည်ရွယ်သည်။ ILOစီမံချက်သည် ပြည်နယ်/တိုင်းဒေသကြီး အဆင့် အစိုးရ အရာရှိများ၊ အရပ်ဘက် အဖွဲ့အစည်းများသို့လည်း လုပ်သားရွှေ့ပြောင်းသွားလာရေး စီမံခန့်ခွဲမှုဆိုင်ရာ ငါးရက်တာသင်တန်းကို ခြောက်ကြိမ်တိုင် ဖွင့်လှစ်ပေးခဲ့သည်။ IOMဦးဆောင်လျက်ရှိသည့် သုတေသနစီမံချက်ကလည်း စစ်တမ်းအတွက် ပဏာမဆွေးနွေးပွဲကို ခြောက်ကြိမ်တိုင် ပြုလုပ်ကျင်းပခဲ့သည်။ လုပ်သားရွှေ့ပြောင်းသွားလာရေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းကို လူ၂၀၀ ကျော်က  လည်းကောင်း၊        စစ်တမ်း ပဏာမ ဆွေးနွေးပွဲကို လူ ၃၀၀ ကျော်က လည်းကောင်း တက်ရောက်ခဲ့ကြသည်။ သင်တန်းသားများသည် ရွှေ့ပြောင်းသွားလာရေးကို စုပေါင်း သုံးသပ် ဆွေးနွေးရသည်ကို နှစ်သက်ကြောင်း၊ ဝန်ကြီးဌာန အချင်းချင်း ပေါင်းစပ်ညှိနှိုင်းမှု ကောင်းမွန်လာကြောင်း စသဖြင့် မှတ်ချက်ပေးကြသည်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး၊ ပြည်သူ့အင်အားဝန်ကြီးဌာန နှင့် လူကုန်ကူးမှု တိုက်ဖျက်ရေး ရဲတပ်ဖွဲ့တို့က ဤအချက်ကို အထူးဖော်ပြကြသည်။

### ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ လုပ်သားစုဆောင်းမှုအတွက် အာမခံငွေ ဘယ်လောက်ထားသင့်သလဲ

လုပ်သားစုဆောင်းမှုစာတမ်းကို လေ့လာပြီးနောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနသည် ILOကို အခြားနိုင်ငံများမှ ပြည်ပအလုပ်အကိုင် အေဂျင်စီများက အာမခံအဖြစ် တင်ထားရသော ငွေပမာဏ၏ ဥပမာများကို တင်ပြရန် လမ်းညွှန်ခဲ့သည်။ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ မြန်မာကျပ်ငါးသန်း (ကန်ဒေါ်လာ ၃၈၀၀) ကို အာမခံတင်ထားရန် လိုအပ်သည်။ အေဂျင်စီက ငွေပိုတောင်းလျှင် လည်းကောင်း၊ အလုပ်ရှင်က ခေါင်းပုံဖြတ်လျှင် လည်းကောင်း၊ ထိုကိစ္စရပ်များအတွက် အေဂျင်စီမှ တာဝန်မယူလျှင် လည်းကောင်း ရွှေ့ပြောင်းသွားလာသူများကို ဤအာမခံငွေမှ ပြန်အမ်းပေးရန် ဖြစ်သည်။ သို့သော်လည်း ဤပမာဏသည် လျင်မြန်စွာ ကုန်ခမ်းနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးဌာနက လေ့လာတွေ့ရှိသဖြင့် ရွှေ့ပြောင်းသွားလာသူများကို ပိုမိုကာကွယ်ပေးနိုင်မည့် တိုးမြှင့်ထားသည့် အာမခံငွေ ပမာဏကို လေ့လာလျက်ရှိသည်။ LIFTမှ ပံ့ပိုးပေးလျက်ရှိသည့် ILOစီမံချက်သည် အာမခံငွေနှင့် ပတ်သက်၍ လိုအပ်သော သတင်းအချက်အလက်ကို ပေးအပ်ခဲ့ပြီး၊ လုပ်သားစုဆောင်းမှုဆိုင်ရာ လုပ်ငန်းစဉ်များ တိုးတက်ကောင်းမွန်စေရေးအတွက် အခြားသောနည်းလမ်းများနှင့် ပတ်သက်၍ နည်းပညာများဆိုင်ရာ အကူအညီများ ပေးအပ်ခဲ့သည်။

LIFTရန်ပုံငွေပံ့ပိုးထားသည့် ILOစီမံချက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ရွှေ့ပြောင်းသွားလာရေး စီမံခန့်ခွဲမှုကိစ္စကို သိရှိရန်၊ လွှတ်တော်အတွင်း ဤကိစ္စကို ဆွေးနွေးနိုင်စွမ်းရှိရန်အတွက် ဆွေးနွေးတိုင်ပင်သည့် အစည်းအဝေးများကို နေပြည်တော်တွင် နှစ်ကြိမ်တိုင်အောင် ကျင်းပခဲ့သည်။ လွှတ်တော်နှစ်ရပ်စလုံးမှ ပြည်တွင်းပြည်ပ အလုပ်အကိုင်ရရှိရေး၊ နိုင်ငံတကာဆက်ဆံရေး၊ အမျိုးသမီးနှင့် ကလေးများ စသည့် ကော်မတီများမှ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ဤအစည်းအဝေးပွဲနှစ်ကြိမ်တွင် မေးမြန်းသောမေးခွန်းများတွင် ရွှေ့ပြောင်းသွားလာသူများကို မည်သို့ ပိုမိုကာကွယ်ပေးမည်၊ ဆိုက်ရောက်နိုင်ငံများတွင် ရွှေ့ပြောင်းသွားလာသူများ၏ တိုင်ကြားချက်များကို မည်သို့ ဖြေရှင်းမည်၊ ဝန်ဆောင်ခကို မည်သို့ လျှော့ချမည်၊ မြန်မာနိုင်ငံအနေဖြင့် မည်သည့်နိုင်ငံ မည်သည့် အတွေ့အကြုံများကို သင်ယူကာ ပိုမို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်မည် စသည်တို့ ပါဝင်သည်။

## တာဝန်ခံယူမှုရှိပြီး အကျိုးအမြတ်ရရှိနိုင်သော ကျေးလက်မှ မြို့ပြသို့ ရွှေ့ပြောင်းသွားလာရေး ဖြစ်စေရန် စက်မှုလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

မြန်မာနိုင်ငံသည် ကျေးလက်စိုက်ပျိုးရေး စီးပွားရေးစနစ်မှ မြို့ပြစက်မှုဝန်ဆောင်မှု စီးပွားရေးစနစ်သို့ ဖွဲ့စည်းတည်ဆောက်ပုံအရ ပြောင်းလဲလျက် ရှိသည်။ မြန်မာနိုင်ငံ စက်မှုအသွင်ကူးပြောင်းရေး၏ လုပ်သားနှင့် ကျွမ်းကျင်မှု လိုအပ်ချက်အရ ကျေးလက်မှ မြို့ပြသို့ ရွှေ့ပြောင်းသွားလာမှုမှာ သိသိသာသာ တိုးမြှင့်လာနိုင်သည်ဟု ခန့်မှန်းထားသည်။ သို့ရာတွင် ရွှေ့ပြောင်း သွားလာသူများမှာ များသောအားဖြင့် စက်မှုအသွင်ကူးပြောင်းရေးတွင် ပါဝင်နိုင်ရန် လိုအပ်သည့် လုပ်ငန်းကျွမ်းကျင်မှုများ မရှိသည့်အပြင် ပံ့ပိုးကူညီပေးသည့် ဝန်ဆောင်မှုများလည်း မရရှိကြပေ။ ထို့ကြောင့်ပင် ရွှေ့ပြောင်းလာသူများသည် မြို့ပြဒေသတွင် အလုပ်လုပ်ရန် ရောက်လာသည်နှင့် မဖြစ်နိုင်သော မျှော်မှန်းချက်များကြောင့် ဆောက်တည်ရာ မရခြင်း၊ လူတောမတိုးခြင်း၊ လုပ်အား ခေါင်းပုံဖြတ်ခံရခြင်းတို့ကို မကြာခဏ ကြုံတွေ့ရကြောင်း သိရသည်။ စက်ရုံပိုင်ရှင်များသည်လည်း ကျွမ်းကျင်မှု မရှိသည့် ရွှေပြောင်းလုပ်သား အသစ်များကို အလုပ်ပေးရန် ဝန်လေးတတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ကျွမ်းကျင်မှုရှိလာစေရန် လေ့ကျင့်ပေးရသည်မှာ ကုန်ကျစရိတ်ကြီးမားသော ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သည့်အပြင် အလုပ်သမားမမြဲဘဲ အလုပ်ထွက်မှု များသောကြောင့် ဖြစ်သည်။

LIFTသည် မြန်မာနိုင်ငံတွင် လုပ်သားထု အများဆုံးရှိသည့် ရန်ကုန်ရှိ အထည်ချုပ်လုပ်ငန်းကဏ္ဍ နှင့်အတူ အလုပ်လုပ်ကိုင်နေသည်။ အထည်ချုပ်ကဏ္ဍသည် လုပ်သား ၄၀၀,၀၀၀ခန့်မှ ၂၀၂၀ ပြည့်နှစ်တွင် ၁.၅သန်းအထိ လေးဆမျှ တိုးတက်လာမည်ဟု ခန့်မှန်းထားသည်။ LIFT၏ ရွှေ့ပြောင်းသွားလာမှု စီမံချက်များသည် ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်မည်ဖြစ်ပြီး ဘေးကင်းလုံခြုံသော ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ သတင်းအချက်အလက်များပေးခြင်း၊ စက်ရုံအခြေပြု ကျွမ်းကျင်မှု သင်တန်းများပေးခြင်း၊ အလုပ်အကိုင် ရှာဖွေရေး၊ ငွေကြေးဝန်ဆောင်မှု၊ ခေါင်းပုံဖြတ်ခံရမှု၊ လိင်အကြမ်းဖက်မှုတို့မှ ကာကွယ်မည့် အထောက်အကူပြု ဝန်ဆောင်မှုများဖြင့် ရွှေ့ပြောင်း လုပ်သားများကို ပံ့ပိုးပေးမည်ဖြစ်သည်။ ဤစီမံချက်သည် လုပ်သားထုကို လုပ်ငန်းကျွမ်းကျင်လာစေရန် အထည်ချုပ်လုပ်ငန်း ကဏ္ဍ၊ ဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်ကာ မြန်မာ့အထည်ချုပ်လုပ်ငန်းကို အရွယ်အစားသာမက အရည်အသွေး ပိုင်းတွင်ပါ တိုးတက်စေမည် ဖြစ်သည်။ LIFT၏ စီမံချက်သည် ဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ရန်ကုန်တွင် အထည်ချုပ် ကျွမ်းကျင်မှုသင်တန်းကျောင်းကို ဖွင့်လှစ်မည် ဖြစ်ပြီး မြန်မာနိုင်ငံ အမျိုးသားအဆင့်ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေး အစီအစဉ်က ပြည်တွင်း ပြည်ပ အသိအမှတ် ပြုမည့် လက်မှတ်များကို ပေးအပ်မည်ဖြစ်ပြီး လက်ရှိလုပ်သမားများလည်း ယင်းတို့၏ ကျွမ်းကျင်မှုကို အသိအမှတ်ပြုသည့် ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်များ ရရှိမည် ဖြစ်သည်။



## လုံခြုံစိတ်ချ ဘေးကင်းသော အကျိုးအမြတ်ရရှိနိုင်သော ရွှေ့ပြောင်းသွားလာရေး ဆိုင်ရာ အသိအမြင်များကို လူမှုအဖွဲ့အစည်း နှင့် မီဒီယာတို့မှတဆင့် အသိပညာပေးခြင်း

ရွှေ့ပြောင်းသွားလာမှုသည် ဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးပြုစေရန်မှာ ၊ လက်ရှိ ရွှေ့ပြောင်းသွားလာသူများ၊ ယင်းတို့၏ မိသားစုများ၊ ရပ်ရွာလူထုများသည် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အခွင့်အလမ်းများ၊ အန္တရာယ်မျိုးကို ပိုမိုနားလည်ရန် လိုအပ်သည်။ LIFTသည် ဦးတည်ထားသည့် လူထုထံသို့ ရွှေ့ပြောင်းသွားလာရေး ဆိုင်ရာ သတင်းအချက်လက်များ ရောက်ရှိစေမည့် လက်တွေ့အသုံးကျမည့် ထိရောက်သည့် နည်းလမ်းအမျိုးမျိုးဖြင့် စမ်းသပ်ရန် ရည်ရွယ်သည်။

အထူးသဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်း(CSO)များကို လုပ်ကိုင်နိုင်စွမ်းတည်ဆောက်ပေးကာ ယင်းတို့ကို ယုံကြည်နေသည့် ပြည်သူများထံသို့ သတင်းအချက်အလက်အမှန်များ ရောက်ရှိစေရန် ရည်ရွယ်သည်။ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီတွင် LIFT နှင့် IOMတို့သည် CSO ၁၃ဖွဲ့သို့ အသိအမြင်တိုးတက်ရေး သင်တန်းများ ပေးခဲ့သည်။  ယင်းတို့အနက်မှ အဖွဲ့ သုံးဖွဲ့သည်  LIFTမှ ရန်ပုံငွေ ပံ့ပိုးပေးထားသည့် ဘေးကင်းလုံခြုံ၍ အကျိုးအမြတ် ရရှိနိုင်သော ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ အသိအမြင်များ ကျေးလက်ဒေသသို့ ရောက်ရှိရေးအစီအစဉ်တွင် IOMနှင့်အတူ ပါဝင်ခဲ့သည်။ LIFT မှပံ့ပိုးသည့် စီမံချက်သည် ရွှေ့ပြောင်း သွားလာသူများအတွက် အလုပ်သမားအစည်းအရုံးများ၊ CSOကွန်ရက်များကိုကို ပံ့ပိုးကူညီပေးလျက်ရှိသည်။ ဤစီမံချက်သည် ကွန်ရက်အဖွဲ့ဝင်များကို ရွှေ့ပြောင်းသွားလာရေး နှင့် သက်ဆိုင်သည့် နောက်ဆုံးမူဝါဒများကို မျှဝေပေးသည့်ပြင် လစဉ် တွေ့ဆုံကာ အတွေ့အကြုံများကို ဖလှယ်ကြသည်။ LIFT၏ ရန်ပုံငွေဖြင့် ပရိသတ်အင်အား အခိုင်အမာရှိသည့် ပြည်တွင်းပြည်ပ မီဒီယာများဖြင့် ရွှေ့ပြောင်းသွားလာရေးဆိုင် သတင်းများကို ဖြန့်ချီနိုင်ခဲ့သည်။ ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် LIFT၏ မိတ်ဖက် ဘီဘီစီ မီဒီယာအက်ရှင်သည်  ရွှေ့ပြောင်းသွားလာရေး၊ ငွေကြေးစီမံခန့်ခွဲရေးတို့ နှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များကို မီဒီယာများမှ ကူညီပေးနိုင်သည့်စီမံချက်ကို ပြင်ဆင‌လျက်ရှိသည်။ ယင်းစီမံချက်တွင် အပတ်စဉ် တင်ဆက်မည့် ရေဒီယို အစီအစဉ် ၄၈ပိုင်း ပါဝင်သည်။  LIFT၏ စီမံချက်သည် ပြည်နယ်တိုင်းဒေသကြီး ရှစ်ခုတွင် CSOများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်း များကို ရွှေ့ပြောင်းသွားလာရေး၊  ငွေကြေးစီမံခန့်ခွဲရေးတို့နှင့် ပတ်သက်သော အားလုံးပါဝင်စေသည့် ဆွေးနွေးပွဲများကို ကျင်းပရန် ပံပိုးကူညီပေးမည်ဖြစ်ပြီး အပတ်စဉ် ရေဒီယိုနားထောင်သည့်အသင်းများလည်း ဖွဲ့စည်းမည်ဖြစ်သည်။ ရွှေ့ပြောင်း သွားလာရေး၊  ငွေကြေးစီမံခန့်ခွဲရေးတို့ နှင့် ပတ်သက်သည့် အစီအစဉ်များ ထုတ်လုပ်ရန်၊ ပရိသတ်နှင့် ထိတွေ့ ဆောင်ရွက်ရန် မြန်မာအစိုးရမီဒီယာများ၊ တိုင်းရင်းသားမီဒီယာများ၊ ရပ်ရွာမီဒီယာများကိုလည်း စွမ်းဆောင်ရည် မြှင့်တင်ပေးမည်ဖြစ်သည်။ စီမံချက်သည် ၂၀၁၉ခုနှစ်တွင် ပရိသတ် သုံးသန်း မှ လေးသန်းအထိသို့ ရောက်ရှိမည် ဖြစ်သည်။

## ရွှေ့ပြောင်းသွားလာရေးတွင် ကျား/မရေးရာ အမြင် အထူးသဖြင့် အမျိုးသမီး နှင့် ကလေးများကို ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် လူကုန်ကူးခြင်းကို အလေးထားထည့်သွင်းစဉ်းစားခြင်း

LIFT ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် ဆောင်ရွက်သည့် ရွှေ့ပြောင်းသွားလာရေး သုတေသနသည် အသက်၊ ရွှေပြောင်းကြသည့် နေရာဒေသများ၊ ကြာမြင့်ချိန်နှင့် ရာသီ၊ နေထိုင်မှု ပုံစံ၊ လုပ်ခ၊ အလုပ်အခြေအနေ၊ ပြန်လွှဲပို့ငွေ ပမာဏနှင့် လွှဲပို့ပေးသည့် လမ်းကြောင်းများ၊ လုံခြုံမှု နှင့် ဘေးကင်းမှု စသည့် ရွှေ့ပြောင်းသွားလာရေး လက္ခဏာများ၊ ရွှေ့ပြောင်းသွားလာရေး ပုံစံများ၊ ကျား/မအလိုက် ခြားနားပုံတို့ကို လေ့လာမည်။ မြန်မာနိုင်ငံတွင်း ရွှေ့ပြောင်းသွားလာသူ ၉သန်းကျော်အနက် ထက်ဝက်ကျော်မှာ အမျိုးသမီးများ ဖြစ်ကြသည်။ သုတေသနတွင် အိမ်ထောင်စုဝင်၏ ရွှေ့ပြောင်းသွားလာရေးတွင် ကျားမရေးရာ ပြောင်းလဲမှု၊ ပြန်လွှဲပို့ငွေ နှင့် ပတ်သက်၍ လူမှုရေး နှင့် ငွေကြေးဆိုင်ရာကို မည်သူက ဆုံးဖြတ်သည်။ လူမှု-ယဉ်ကျေးမှုဆိုင်ရာ နှင့် မျိုးဆက်သစ်များ အချင်းချင်း အကူးအပြောင်း ဆိုင်ရာ သက်ရောက်မှုများ မည်သို့ ရှိသည်တို့ သုံးသပ်မှုများ ပါဝင်မည်ဖြစ်သည်။ ရွှေ့ပြောင်းသွားလာရေးတွင် အမျိုးသမီး အမျိုးသားအလိုက် ခံနိုင်ရည်ကင်းမဲ့ပုံ ကွာခြားသည်ကို လည်းကောင်း၊ ကျား/မ တန်းတူညီမျှမှု နှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းတို့ ပိုမိုဖြစ်ထွန်းစေမည့် မူဝါဒ နှင့် နည်းလမ်းများကို လည်းကောင်း ဖော်ထုတ်နိုင်ရန် ၎င်းအချက်များကို စူးစမ်းရန် လိုအပ်လှသည်။ လုပ်သားရွှေ့ပြောင်းသွားလာမှုသည် ရွှေ့ပြောင်းသွားလာသည့် အမျိုးသမီးများ နှင့် ယင်းတို့၏ မိသားစုများကို သိသာသည့် ကောင်းကျိုးများကို ဖြစ်ထွန်းနိုင်သည်။ အမျိုးသမီးများသည် လစာအများစုကို ပြန်လွှဲကြရာ မိသားစု၏ ကျန်းမာရေးနှင့် ပညာရေးတို့တွင် အကျိုးသက်ရောက်စေသည်။[၇၀]

LIFTသည် ရွှေ့ပြောင်းသွားလာသူ အမျိုးသမီးများအနေဖြင့် ရွှေ့ပြောင်းသွားလာရေးမှ အကျိုးကျေးဇူး ပိုမို ရရှိစေရန် ပံ့ပိုးကူညီရန် ရည်ရွယ်သည်။ အထည်ချုပ်လုပ်ငန်းများ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်၊ ပြည်သူ့အင်အား ဝန်ကြီးဌာန၊




အသေးစား ငွေကြေးဝန်ဆောင်သူများနှင့် ပူးပေါင်းကာ အဆင့်မီကျွမ်းကျင်မှုသင်တန်းများ၊ အထူး လိုအပ်နေသော ငွေကြေး ဝန်ဆောင်မှုများကို အမျိုးသမီးများ ရရှိစေရန် ပံ့ပိုးကူညီပေးမည် ဖြစ်သည်။ ထို့ပြင် ရွှေ့ပြောင်းသွားလာသူ အမျိုးသမီးများ ကြုံတွေ့ဖွယ်ရှိသည့် ကမ္ဘာ အနှံ့မှ လူဦးရေ ၄၅.၈သန်း ရင်ဆိုင်ရသော 'ခေတ်သစ် ကျွန်ပြုမှု' ဖြစ်သည့် လူကုန်ကူးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းစသည့် အန္တရာယ်များကို LIFTက လေ့လာသိရှိကာ ကာကွယ် တားဆီးနိုင်မည့် ကြိုးပမ်းမှုများကို ပံ့ပိုး ပေးမည် ဖြစ်သည်။၇၂ အသက်၁၈နှစ်အောက် အိမ်အကူ လုပ်သားများသည် ပုဂ္ဂလိက အိမ်ယာများ တွင်သာ နေထိုင်ရပြီး ပြင်ပနှင့် ထိတွေ့ခွင့်နည်းပါးသဖြင့် ခေါင်းပုံဖြတ်ခြင်းကို ခံရဖွယ်ရှိသည်။ ILOက 'အိမ်အကူ လုပ်သားများ စာတမ်း' မူကြမ်းကို ပြုစုထားပြီး ၂၀၁၇ခုနှစ် နှစ်ဆန်းတွင် ထုတ်ဝေမည် ဖြစ်သည်။ ၂၀၁၇ခုနှစ်တွင် စတင်မည့် LIFT၏စီမံချက်သည် လုပ်ငန်းခွင်တွင် ခေါင်းပုံဖြတ်ခံရမှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတို့မှ ကာကွယ် နိုင်မည့်နည်းလမ်းကို ရှေ့ပြေးစီမံချက်အဖြစ် ဆောင်ရွက်မည်။ လိင်မှုဆိုင်ရာ လူကုန်ကူးခြင်းကိုလည်း ကုထုံးအစီအစဉ်များဖြင့် ထိထိရောက်ရောက် တုံ့ပြန်ဆောင်ရွက်မည်။

---

[70] For the effect of remittances on health and education see: McKenzie and Rapoport 2006; Mansuri, 2006, Hildebrandt and McKenzie, 2005, De and Ratha, 2012.

[71] 'Global Slavery Index'

### မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းသွားလာရေးကဏ္ဍ တိုးတက်ကောင်းမွန်လာစေရန် ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ အသိပညာမိတ်ဖက်ပြုဆောင်ရွက်ခြင်း

၂၀၁၆ခုနှစ်တွင် LIFTသည် အမျိုးသမီးနှင့် အမျိုးသားများ ရွှေ့ပြောင်းသွားလာရာတွင် လုံခြုံကာ လုပ်ကိုင်နိုင်စွမ်းရှိရေး အတွက် အစိုးရ၊ ကုလသမဂ္ဂ၊ ပုဂ္ဂလိကကဏ္ဍ၊ အသေးစားငွေကြေးဝန်ဆောင်သူများ၊ အလုပ်အကိုင်ရှာဖွေရေးဌာနများ၊ ပညာရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ လူထုမီဒီယာ၊ INGOများ ပါဝင်သော ရွှေ့ပြောင်းသွားလာရေး နှင့် ပတ်သက်သူ ၁၅ဖွဲ့ နှင့် မိတ်ဖက်ပြုခဲ့သည်။ ဤအဖွဲ့သည် တီထွင်ဆန်းသစ်မှု နှင့် ရေရှည်လုပ်ဆောင်ချက်များကို အားဖြည့်ကာ ကျွမ်းကျင်မှု၊ ရွှေ့ပြောင်းသွားလာရေး နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အမြင်များကို တစ်ဦးနှင့် တစ်ဦး အထောက်အကူဖြစ်စေမည့် အဓိပ္ပာယ်ရှိသော အသိအမြင်ပေါင်းစည်းဆောင်ရွက်မှုများ ပူးပေါင်းလုပ်ဆောင်နိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ ရွှေ့ပြောင်းသွားလာရေး နှင့် ပတ်သက်သူ အများအပြားကို စုစည်းနိုင်သဖြင့် ပေါင်းစပ်ညှိနှိုင်းနိုင်မှသာ တညီတညွတ်တည်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။ LIFT၏ အလှူရှင်နိုင်ငံများဖြစ်သည့် ဆွစ်ဇာလန် နှင့် ဩစတြေးလျတို့က 'Triangle project' နှင့် 'Promise project' စသည့် အာဆီယံဒေသအဆင့် ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ အစီအစဉ်နှစ်ခုကို  ရန်ပုံငွေ ထောက်ပံ့လျက်ရှိသည်။ LIFTနှင့် အဆိုပါအလှူရှင်နိုင်ငံတို့က အမျိုးသားအဆင့် အစီအစဉ် နှင့် ဒေသအဆင့်အစီအစဉ်တို့အကြား အချင်းချင်း မည်သို့ ချိတ်ဆက် ဆောင်ရွက်ပေးနိုင်မည်ကို ဆွေးနွေးခဲ့ကြသည်။ ဤသို့ အနီးကပ်ချိတ်ဆက်ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံ၏ ရွှေ့ပြောင်းသွားလာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိအမြင်များကို ဖန်တီးခြင်း၊ အတည်ပြုခြင်း၊ ပေါင်းစည်းခြင်း နှင့် တီထွင်ဆန်းသစ်သော လုပ်ငန်းဆောင်ရွက်နည်း ကို အသုံးချခြင်းတို့ကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ရွှေ့ပြောင်းသွားလာသူများ နှင့် မိသားစုများ အတွက် ကောင်းလုံခြုံပြီး အကျိုးရှိဆုံး ဖြစ်စေမည့် ရွှေပြောင်းသွားလာခြင်းကို ဖြစ်ထွန်းစေမည်ဖြစ်သည်။

အိမ်အကူလုပ်သားအဖြစ် လုပ်ကိုင်ခြင်းကို တားမြစ်ခြင်းသည် အကာအကွယ်ပေးနိုင်မှု လျော့နည်းနိုင်သည် ၂၀၁၆ခုနှစ် အတွင်း နိုင်ငံခြားတိုင်းပြည်များရှိ မြန်မာနိုင်ငံသား အိမ်အကူလုပ်သားများ၏ သတင်းများ မီဒီယာများတွင် ဖော်ပြလာသည်။ သို့သော် ပြည်ပတွင် အိမ်အကူလုပ်သား လုပ်ကိုင်မှု တားမြစ်ထားခြင်းကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန် ရည်ရွယ်ထားသော်လည်း ထိုသို့ ဆောင်ရွက်ခြင်းကား မရှိသေးပေ။ ပြည်ပတွင် အိမ်အကူလုပ်သားအချို့တို့ ဆိုးရွားစွာ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသဖြင့် ဤသို့ ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။ အမျိုးသမီးများကို ပြည်ပသို့ သွားကာ အိမ်အကူလုပ်သားအဖြစ် မလုပ်ကိုင်ရန် ကာကွယ်ခြင်း မရှိပဲ၊ ပုံမှန်မဟုတ်သော အကာအကွယ်မဲ့သည့် လမ်းကြောင်းများဖြင့် သွားရောက်အောင် တွန်းအားပေးခြင်း ဖြစ်နေသဖြင့် ခေါင်းပုံဖြတ်ခံရပါက အကူအညီတောင်းခံ၍ မရအောင် လုပ်ဆောင်ခြင်းမျိုး ဖြစ်နေရာ ဤသို့တားမြစ်ပိတ်ပင်မှုကို ဝေဖန်ခဲ့ကြသည်။

LIFT ရန်ပုံငွေ ပံ့ပိုးသည့် ILOက ရန်ကုန်တွင် ကျင်းပသော 'အိမ်အကူလုပ်သားကို တန်ဖိုးထားခြင်း လူထုဆွေးနွေးပွဲ' တွင် အမျိုးသမီးအများအပြားသည် ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်း မရှိသောကြောင့် ပိတ်ပင်ထားသော်လည်း အိမ်အကူလုပ်သား လုပ်ကိုင်ရန် သွားနေကြဆဲပင် ဖြစ်ကြောင်း၊ တားမြစ်ထားသဖြင့် ယင်းတို့ ခေါင်းပုံဖြတ်ခံရသော်လည်း အကူအညီ မတောင်းဝံ့ကြကြောင်း ဆွေးနွေးသူများစွာက စိုးရိမ်ကြီးစွာ ဆွေးနွေးကြသည်။

ထိုသို့တားမြစ်ထားသည်ကို ပယ်ဖျက်မည့်ဆဲဆဲတွင် ရန်ကုန်၌ အိမ်အကူလုပ်သား လုပ်ကိုင်နေကြသော မိန်းကလေး နှစ်ဦး ညှဉ်းပန်းနှိပ်စက်ခံရကြောင်း ပေါ်ပေါက်လာသည်။ လူ့အခွင့်အရေးကော်မရှင်က ထိုမိန်းကလေးနှစ်ယောက်ကို လျော်ကြေးငွေဖြင့် ကျေအေးစေရန် အဆိုပြုသဖြင့် ထိုအမှုမှာ ထင်ရှားလာလေသည်။ လူထုတစ်ရပ်လုံးက  ကျေနပ်မှုမရှိကြဘဲ အမှန်တရား ပေါ်ပေါက်ရန် တောင်းဆိုလာကြသဖြင့် ထိုမိန်းကလေး နှစ်ယောက်မှာ စစ်မှန်သည့်တရားမျှတမှုကို ရရှိခဲ့ကြသည်။ ဤသို့သော အခြေအနေတွင် အစိုးရသည် အိမ်အကူလုပ်သား မလုပ်ကိုင်ရန် ပိတ်ပင်ထားခြင်းကို ပယ်ဖျက်ရန် အဆိုမပြုတော့ပေ။

## ၄.၄။ အရပ်ဘက်လူမှုအဖွဲ့အစည်း


### LIFT သည် အဘယ်ကြောင့် မြန်မာ့အရပ်ဘက်လူမှုအဖွဲ့အစည်းကို ထောက်ပံ့ရသလဲ

အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ရေရှည်တည်တံ့သော အားလုံးပါဝင်စေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဖြစ်ထွန်းစေရန် အတွက် အရေးပါသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို အားဖြည့်ပေးခြင်း၊ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍတို့နှင့် ဆွေးနွေးခြင်း၊ ထိတွေ့ဆောင်ရွက်ခြင်းသည် ရပ်ရွာဖွံ့ဖြိုးရေးအတွက် LIFTက ဆောင်ရွက်ရာတွင် အဓိကကျသည်။ တနိုင်ငံလုံးက ပိုင်ဆိုင်သော ဖွံ့ဖြိုးရေးကို ထောက်ပံ့သည့်ပြင် မြန်မာနိုင်ငံကျေးလက်ဒေသ အသွင်ကူးပြောင်းရေး နှင့် သက်ဆိုင်သည့် မူဝါဒဖြစ်ထွန်းရေး၊ အဆုံးအဖြတ်ပေးရေးတို့တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများက ဦးဆောင်နိုင်စေရန် LIFT က ဆောင်ရွက်နေသည်။

ဆင်းရဲနွမ်းပါးသူများ အကျိုးဖြစ်ထွန်းစေမည့် မူဝါဒနှင့် ဖွံ့ဖြိုးရေးအသုံးစရိတ်တို့ ကောင်းမွန်ရေးမှာ သတင်းစုံစွာရရှိပြီး လုပ်ကိုင်နိုင်စွမ်းရှိသည့် ပြည်သူလူထုနှင့် ပွင့်လင်းမြင်သာသော အုပ်ချုပ်မှုတို့ကို မှီတည်နေသည်ဟု LIFT က သိရှိ နားလည်ထားသည်။[72] LIFT သည် စတင်တည်ထောင်သည့် အချိန်မှစကာ တိုက်ရိုက် ရန်ပုံငွေ ချထားပေးသည့် မိတ်ဖက်အဖွဲ့အဖြစ်နှင့် သာမက၊ INGO များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ မှတဆင့် တဆင့်ခံ မိတ်ဖက်အဖွဲ့အဖြစ်နှင့်ပါ CSO များ နှင့် ရန်ပုံငွေ ထောက်ပံ့သည့် သာမန်လုပ်ကွက်များ မှတဆင့် အတူ စီမံချက်များ ဆောင်ရွက်ခဲ့သည်။

၂၀၁၆ တွင် LIFT က ရန်ပုံငွေ ပံ့ပိုးမှု သဘောတူညီချက် အသစ်၂၄ ခု ချုပ်ဆိုခဲ့ရာ ၉ ခုမှာ မြန်မာNGO များ နှင့် တိုက်ရိုက် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ LIFT က ထောက်ပံ့သည့် ရန်ပုံငွေ၏ ၃၉ ရာခိုင်နှုန်းကို CSO များ၊ ပုဂ္ဂလိကကဏ္ဍများ အပါအဝင် ပြည်တွင်းအဖွဲ့အစည်းများက စီမံခန့်ခွဲလျက်ရှိသည်။

*ပုံ ၄.၂ ။ ပြည်တွင်းအဖွဲ့အစည်းများက စီမံခန့်ခွဲနေသော LIFTရန်ပုံငွေရာခိုင်နှုန်း*




### ထောက်ပံ့ငွေ အသေးစားရန်ပုံငွေ

၂၀၁၅ ခုနှစ် ဇူလိုင်လတွင် LIFT သည် အရပ်ဘက်လူမှုအဖွဲ့အစည်းသို့ ပိုမို ထောက်ပံ့နိုင်မည့်နည်းကို ရှာဖွေလေ့လာခဲ့သည်။ လေ့လာရေးအစီရင်ခံစာ၏ အဓိကအကြံပြုချက်မှာ LIFT ၏ အဓိကဒေသအလိုက် စီမံကိန်းများအပြင် သီးခြား ထောက်ပံ့ငွေ အသေးစားများကို ထူထောင်ရန် ဖြစ်သည်။ ၂၀၁၆ တွင် LIFT သည် CSO များသို့ ထောက်ပံ့ငွေ အသေးစား လုပ်ကွက် ကို ဖွင့်လှစ်ပြီး မဟာဗျူဟာမြောက် မိတ်ဖက်ပြုမှုများကို စတင်ခဲ့ပြီး အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ လူမှုအဖွဲ့အစည်း တို့ နှင့် လက်တွဲကာ အသက်မွေးမှုစနစ်တွင် အားကောင်းစေရေးကို ဆောင်ရွက်မည်ဖြစ်သည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုန်၊ တောင်တန်းဒေသတို့တွင် ထောက်ပံ့ငွေ အသေးစားရန်ပုံငွေ ဖြင့် ဆောင်ရွက်လိုသူများ၏ ဆန္ဒပြုလွှာများကို စိစစ်ခဲ့သည်။

၂၀၁၆ ခုနှစ်အတွင်းတွင် တောင်တန်းဒေသတွင် ထောက်ပံ့ငွေအသေးစားရန်ပုံငွေကို ဆောင်ရွက်ရန် SWISSAID ၊ GRET နှင့် မေတ္တာတို့ကို ရွေးချယ်ခဲ့သည်။ ဤအဖွဲ့အစည်းများသည် ဝန်ထမ်းများခန့်အပ်ခြင်း၊ ရုံးခန်းဖွင့်ခြင်း၊ မြို့နယ် အဆင့် လွှမ်းခြုံမှု မြေပုံရေးဆွဲခြင်း၊ လုပ်ငန်းဆိုင်ရာ ငွေရေးကြေးရေးဆိုင်ရာ လမ်းညွှန်ချက်များ ပြုစုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ သက်ဆိုင်ရာ မြို့နယ်များမှ CSO များ နှင့် တွေ့ဆုံကာ ထောက်ပံ့ငွေအသေးစား ရန်ပုံငွေ နှင့် အဆိုပြုလွှာ စည်းကမ်းများကို ဆွေးနွေးခဲ့ကြသည်။ ၂၀၁၇ ခုနှစ်တွင် အဆိုပြုလွှာများကို သုံးသပ်မည် ဖြစ်သည်။

[72] 'LIFT မဟာဗျူဟာ ၂၀၁၄-၂၀၁၈'

*ဇယား၄.၆။ တောင်တန်းဒေသ (SWISSAID၊ GRET၊ မေတ္တာ) ကန်ဒေါ်လာ ၃.၅သန်း*

| ရန်ပုံငွေများကို တာဝန်ယူ ဆောင်ရွက်သူ | ပြည်နယ် | ဂုန်ပုံငွေ အဖွဲ့များ နေရာ | အတည်ပြုထားသည့် ဦးစားပေး မြို့နယ်များ |
|---|---|---|---|
| GRET | ချင်း | ဟားခါး | တီးတိန်၊ ဖလမ်း၊ ဟားခါး |
| SWISSAID | ကချင် | မြစ်ကြီးနား | ဝိုင်းမော်၊ မိုးကောင်း၊ မိုးညင်း |
| Metta | ရှမ်း-မြောက် | လားရှိုး | လားရှိုး၊ ကွတ်ခိုင်၊ သိန္နီ |
| SWISSAID | ရှမ်း-တောင် | တောင်ကြီး | ဆီဆိုင်၊ ပင်းတယ၊ ဟိုပုံး |
| Metta | ကယား | လွိုင်ကော် | လွိုင်ကော်၊ ဒီမောဆိုး၊ ဖယ်ခုံ(ရှမ်း-တောင်)၊ |

*ဇယား၄.၇။ အပူပိုင်းဇုန်ဒေသ (PACT) ကန်ဒေါ်လာ ၂.၂သန်း*

| ဂုန်ပုံငွေ အဖွဲ့ နေရာ | အတည်ပြုထားသည့် ဦးစားပေး မြို့နယ်များ |
|---|---|
| ဆိပ်ဖြူ၊ ညောင်ဦး၊ ရေစကြို၊ ရေနံချောင်း | ကျောက်ပန်းတောင်း၊ စလင်း၊ ဆိပ်ဖြူ၊ ပွင့်ဖြူ၊ မြင်းခြံ၊ ရေစကြို၊ ရေနံချောင်း |

*ဇယား၄.၈။ မြစ်ဝကျွန်းပေါ်ဒေသ (GRET) ကန်ဒေါ်လာ ၂.၁သန်း*

| ဂုန်ပုံငွေ အဖွဲ့ နေရာ | အတည်ပြုထားသည့် ဦးစားပေး မြို့နယ်များ |
|---|---|
| ပုသိမ် | ကျိုက်လတ်၊ ဒေးဒရဲ၊ ပုသိမ်၊ ပန်းတနော်၊ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ၊ |

မြစ်ဝကျွန်းပေါ်ဒေသ CSO ထောက်ပံ့ငွေအသေးစား ရန်ပုံငွေကို ၂၀၁၆အောက်တိုဘာလတွင် လက်မှတ်ရေးထိုးခဲ့သည်။ လုပ်ငန်းအစပျိုးသည့် အစောပိုင်းလများတွင် GRETသည် ပုသိမ်တွင် ရုံးခန်းဖွင့်ကာ ဝန်ထမ်းများ ခန့်အပ်ပြီး မြစ်ဝကျွန်းပေါ်ဒေသ၏ အသက်မွေးမှုစနစ်များကို သုံးသပ်လေ့လာခဲ့သည်။ အထူးသဖြင့် CSO များ၏ လက်ရှိတာဝန်များ၊ ယင်းတို့၏ လုပ်ကွက်များ စသည်တို့ကို လေ့လာသည်။ CSO များ၊ INGO များ၊ LNGO များ၊ ဒေသကြီးအစိုးရ၊ မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ပုဂ္ဂလိက ကဏ္ဍများ နှင့် ဆွေးနွေးတိုင်ပင်သည်။ LIFT မှ စီမံကိန်းများ ဆောင်ရွက်လျက်ရှိပြီး CSO များ တက်ကြွစွာ လှုပ်ရှားနေသည့် မြို့နယ် ၈ ခု တွင် ဤစီမံချက်ကို ဆောင်ရွက်မည်။ ၂၀၁၇ ခုနှစ် တွင် အဆိုပြုလွှာများကို သုံးသပ်မည်။

## CSO များ နှင့် မဟာဗျူဟာမြောက် မိတ်ဖက်ပြုခြင်း

LIFT က ရန်ပုံငွေပံ့ပိုးဆောင်ရွက်သည့် CSO များနှင့် ထိတွေ့ဆောင်ရွက်မှုဆိုင်ရာ စစ်တမ်းပါ အကြံပြုချက်တစ်ခုအရ LIFTသည် အရပ်ဘက် လူမှုအဖွဲ့အစည်း နှင့် မဟာဗျူဟာမြောက် မိတ်ဖက်ပြုမှုကို၂၀၁၆ တွင် ရေးဆွဲခဲ့သည်။ အရပ်ဘက် လူမှုအဖွဲ့အစည်း မိတ်ဖက်များကို LIFT က စွမ်းဆောင်ရည် တည်ဆောက်ပေးပြီး မူဝါဒရေးဆွဲမှုများအတွက် ပံ့ပိုးဆောင်ရွက်ပေးမည် ဖြစ်သည်။ ယင်းတို့ဖြင့် LIFT သည် မြန်မာနိုင်ငံ၏ အရပ်ဘက်လူမှုအဖွဲ့အစည်းတို့ကို ပိုမိုနားလည်နိုင်ပြီး လက်လှမ်းမီနိုင်မည် ဖြစ်သည်။ အရပ်ဘက် လူမှုအဖွဲ့အစည်း မိတ်ဖက်များကို ရွေးချယ်ရာတွင် အောက်ပါ စံနှုန်းများကို အသုံးပြုသည်-

- ရောက်ရှိမှု ကောင်းမွန်သည့်ပြင် မြန်မာနိုင်ငံ လူမှုအဖွဲ့အစည်းက ယုံကြည်သည့် CSO များ
- မိမိအဖွဲ့အစည်းကို သာမက လူမှုအဖွဲ့အစည်းကိုပါ အားဖြည့်ရန် ကတိကဝတ်ကို ပြသခဲ့သည့် CSO များ
- အချက်အချာကျသော မူဝါဒကဏ္ဍများတွင် သို့မဟုတ် အတန်အသင့် ကျယ်ပြန့်သောနယ်မြေဒေသများတွင် အသက်မွေးမှု စီမံချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ခဲ့သော မှတ်တမ်းကောင်းရှိသည့် CSO များ
- LIFT၏ ရေရှည်-ဖွံ့ဖြိုးရေး ဦးတည်ချက်များကို သဘောတူလက်ခံသည့် CSO များ

LIFT သို့ တင်ပြလာသော အဆိုပြုလွှာများကို အထက်ပါစံနှုန်းများကို အခြေခံလျက် စားနပ်ရိက္ခာ ဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ (FSWG)၊ ကျား/မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်(GEN)၊ မြေယာမဏ္ဍိုင်အုပ်စု(LCG)တို့ကို မဟာဗျူဟာမြောက် လူမှုအဖွဲ့အစည်း မိတ်ဖက်များအဖြစ် LIFTက ရွေးချယ်ခဲ့သည်။ ဤကွန်ရက်များသည် မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးလှုံ့ဆော်ခြင်းကို တက်ကြွစွာ ဆောင်ရွက်နေကြသည်။ ယင်းတို့၏ ထူးခြားသော ဆောင်ရွက်ချက်များကို ဆက်လက်ဖော်ပြထားသည်။

အမျိုးသားအဆင့် မူဝါဒဆွေးနွေးပွဲတွင် နေရာရထားခြင်း။ GEN သည် ဝန်ကြီးဌာနပေါင်းစုံပါဝင်သည့် မြန်မာနိုင်ငံ လုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ(MNCWA) တွင် ပါဝင်ခွင့်ရထားသောကြောင့် အမျိုးသမီးများအပေါ် ခွဲခြား ဆက်ဆံမှုများအားလုံး ပပျောက်ရေး သဘောတူစာချုပ် (စီဒေါ/CEDAW)၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း(NSPAW)၊ ကဏ္ဍအားလုံးတွင် အမျိုးသမီးများ တန်းတူညီမျှရေးတို့ကို အကောင်အထည်ဖော်ရေး အတွက် ဆွေးနွေးလှုံ့ဆော်နိုင်ခဲ့ကာ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ပထမ အစည်းအဝေးကို တက်ရောက်နိုင်ခဲ့သည်။ ဤကော်မတီတွင် ပါဝင်ခြင်းဖြင့် GEN သည် ဝန်ကြီးဌာနအချင်းချင်း ပေါင်းစပ် ညှိနှိုင်းခြင်းကို ထောက်ပံ့နိုင်ခဲ့ကာ အစိုးရ၏ မူဝါဒများ၊ ဘတ်ဂျက်များတွင် ကျားမရေးရာကို ပါဝင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ LIFT ၏ အထက်တန်း အတိုင်ပင်ခံအဖွဲ့တွင်လည်း မြန်မာလူထုကို ကိုယ်စားပြုကာ ပါဝင်သည်။

CEDAW ပြန်လည်သုံးသပ်မှုလုပ်ငန်းစဉ်တွင် ပါဝင်ခြင်း။ GEN သည် CEDAW နှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ တိုးတက်မှုကို ပြန်လည်သုံးသပ်သော ကုလသမဂ္ဂ၏ လုပ်ငန်းစဉ်တွင် ပါဝင်ခဲ့သည်။ ထိုကြောင့် ပူးပေါင်းဆောင်ရွက်မှု အသစ်များကို ပြုလုပ်နိုင်ခဲ့ပြီး မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ ရပိုင်ခွင့်အခြေခံများကို ထုတ်ဖော်နိုင်ခဲ့ကာ ပြည်တွင်း/ပြည်ပမှ အသိအမှတ်ပြုမှုကို ရရှိခဲ့သည်။ GEN သည် နယူးယောက်ရှိ အမျိုးသမီးများ အဆင့်အတန်းဆိုင်ရာ ကော်မရှင်သို့ ကိုယ်စားလှယ် အဖွဲ့ကို ပထမအကြိမ် အဖြစ် စေလွှတ်ခဲ့ပြီး အဓိကကျသော အပြည်ပြည်ဆိုင်ရာ နှင့် ကျား/မ ရေးရာဆိုင်ရာ အခြေအနေတို့ကို သိမြင် လေ့လာနိုင်ခဲ့သည်။

စိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ဖြည့်ဆည်းပေးခြင်း။ ပေါင်းကူး၊ မေတ္တာ၊ FSGW၊ Oxfam တို့သည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော် အထူးကော်မတီများ၊ အခြားCSO များ နှင့် အကြိမ်ကြိမ် စုပေါင်းဆွေးနွေးခဲ့သည်။ ယင်း စုပေါင်းဆွေးနွေးပွဲများ၏ ရည်မှန်းချက်မှာ တောင်သူတို့၏ ရပိုင်ခွင့်များကို စိုက်ပျိုးရေးရင်းနှီးမြှုပ်နှံမှုဥပဒေက ကာကွယ်ပေးနိုင်ရန် ဖြစ်သည်။

အမျိုးသားမြေယာအသုံးချမှုမူဝါဒကို အတည်ပြုခြင်း။ အမျိုးသားမြေယာအသုံးချမှုမူဝါဒတွင် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာအတိုင်း မြေအသုံးချမှု အခွင့်အရေးကို ပြည်ထောင်စုအစိုးရက အသိအမှတ်ပြုသည်။ သို့သော် အချို့CSO များက မူဝါဒကို အားရမှု မရှိကြသေးပေ။ LCG သည် စိန်ခေါ်ချက်များကို ညှိနှိုင်းကာ ယင်းမူဝါဒကို အားဖြည့်ပေးရန် ဆောင်ရွက်နေသည်။

အမျိုးသားမြေသိမ်းဆည်းမှုအက်ဥပဒေ။ LCG သည် အမျိုးသားမြေသိမ်းဆည်းမှုအက်ဥပဒေ၊ စိုက်ပျိုးရေး ဖွံ့ဖြိုးမှု မဟာဗျူဟာ၊ လယ်ယာမြေဥပဒေတို့ကို ပြန်လည်သုံးသပ်ခြင်း စသော မူဝါဒနှင့် ဥပဒေဆိုင်ရာ တို့တွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်နေသည်။ ၁၈၉၄ ခုနှစ် အမျိုးသားမြေသိမ်းဆည်းမှု အက်ဥပဒေကို အသေးစား ပြောင်းလဲမှုအချို့ ဆောင်ရွက်ရန် အစိုးရကို စည်းရုံး ဆောင်ရွက်ပြီးနောက်၊ လွှတ်တော်ရှိ တောင်သူရေးရာ ကော်မတီသို့လည်း အမျိုးသားမြေ အသုံးချမှုမူဝါဒကို ရှင်းပြခဲ့ရာ ယင်းကော်မတီက မြေသိမ်းဆည်းမှုအက်ဥပဒေ အသစ်တရပ်ကို ရေးဆွဲရန် သဘောတူစေခဲ့သည်။

## ရှေ့ကို မျှော်ကြည့်လျှင်။ မဟာဗျူဟာမြောက် မိတ်ဖက် အလားအလာများ

၂၀၁၆ ခုနှစ် နှစ်ဆန်းတွင် LIFT ၏ မဟာဗျူဟာမြောက်မိတ်ဖက် ရည်မှန်းချက် ပန်းတိုင်များအကြောင်း ရေးသားထားသည့် အနှစ်ချုပ် စာတမ်းကို ကရုဏာ (KMSS) Network Activities Group (NAG)၊ မေတ္တာဖောင်ဒေးရှင်းတို့ ထံသို့ ပေးပို့ခဲ့သည်။ ဤဒေသခံ အဖွဲ့အစည်းများသည် မိတ်ဖက် ရွေးချယ်ရေး စံနှုန်းများကို ပြည့်မီကြသည်။ ဤအဖွဲ့အစည်းများမှ လုပ်ငန်း ဆောင်ရွက်နိုင်မည့် အကြံဉာဏ် များကို တင်ပြခဲ့ပြီး နှစ်ဦးနှစ်ဘက် အကျိုးရှိနိုင်သည့် မိတ်ဖက်ဆိုင်ရာ မဟာဗျူဟာမြောက် ဦးတည်ချက်များကို LIFT နှင့် ဆွေးနွေးခဲ့သည်။

ထို့နောက်တွင် အဆိုပြုလွှာ အပြည့်အစုံ နှင့် ဘတ်ဂျက်များကို LIFT သို့ တင်ပြခဲ့သည်။ ဤအဆိုပြုလွှာ သုံးစောင်ကို အတည်ပြုခဲ့ပြီး ၂၀၁၇ နှစ်ဆန်းတွင် မိတ်ဖက်သဘောတူညီမှုများကို လက်မှတ်ရေးထိုးကြမည် ဖြစ်သည်။

မိတ်ဖက်ပြုမှု သုံးခုစလုံးသည် အောက်ပါ မူဝါဒနယ်ပယ်များတွင် အထောက်အထားအခြေပြု သုတေသနပြုကြမည်-


- ကချင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ၏ အာဟာရ အခြေအနေ
- ကချင်ပြည်နယ် လူသားချင်းစာနာထောက်ထားမှု အခြေအနေတွင် ငွေကြေးထောက်ပံ့မှု ပုံစံနစ်များ၏ ထိရောက်မှု
- တိုင်းရင်းသားလူမျိုးများ၏ မြေအသုံးချမှု အခွင့်အရေး နှင့် ပိုင်ဆိုင်မှုကို ဖြစ်ထွန်းစေခြင်း
- ငါးလုပ်ငန်းကဏ္ဍ နှင့် စပ်လျဉ်းသော မူဝါဒ နှင့် ဥပဒေ တိုးတက်ကောင်းမွန်မှု
- ဩဂဲနစ် (သဘာဝအတိုင်း စိုက်ပျိုးထားသော) သီးနှံများ တရားဝင်မှတ်ပုံတင်ခြင်း၊ အသိအမှတ်ပြု လက်မှတ် ထုတ်ပေးခြင်း လုပ်ငန်းစဉ် နှင့် နိုင်ငံတွင်းရှိ ဩဂဲနစ်ထွက်ကုန်များအတွက် အားလုံးပါဝင်အာမခံသောစနစ်(PGS)ကို အားဖြည့်ခြင်း

## ဆောင်ရွက်ဆဲ စွမ်းဆောင်ရည်တည်ဆောက်မှုများ

LIFT တည်ထောင်စကပင် မိတ်ဖက် အဖွဲ့များမှတဆင့် ရပ်ရွာများသို့ နည်းပညာ အထောက်အပံ့ ပေးအပ်ခဲ့ပါသည်။ ယင်းအထောက်အပံ့တို့တွင် သင်တန်းများ၊ အပြန်အလှန် လေ့လာရေး ခရီးစဉ်များ၊ ဆွေးနွေးပွဲများ၊ နီးနှောဖလှယ်ပွဲများ၊ နည်းပြခြင်းများ၊ လက်တွေ့သင်ကြားပေးခြင်းများ ပါဝင်သည်။

ပုံ ၄.၃ တွင် LIFT၏ သင်တန်းပေးမှု စုစုပေါင်းကို ဖော်ပြထားရာ ၂၀၁၀ မှ ၂၀၁၆ နှစ်ကုန်ထိ သင်တန်းဆင်းဦးရေကို ဖော်ပြထားသည်။

*ပုံ ၄.၃။ LIFT၏ သင်တန်းပေးမှု စုစုပေါင်း ၂၀၁၀ခုနှစ် မှ ၂၀၁၆ခုနှစ်အထိ*




၂၀၁၁ မှ ၂၀၁၆ ခုနှစ် အတွင်း LIFTက ရန်ပုံငွေ ပံ့ပိုးပေးသည့် ကျား/မ သင်တန်းသားဦးရေမှာ ဆယ်ဆမျှ တိုးလာပြီး ကျေးရွာပေါင်း ၂၀,၀၀၀ ကို လွှမ်းခြုံနိုင်ခဲ့သည်။ ယင်းသည် မြန်မာနိုင်ငံရှိ ကျေးရွာစုစုပေါင်း ၇၀,၈၃၈ ရွာ၏ ၃၀ ရာခိုင်နှုန်း ဖြစ်သည်။[73] ဤသင်တန်းများသည် အထူးသဖြင့် အမျိုးသမီးများ ပါဝင်စေရန် ဦးတည်ပြီး မသန်စွမ်းသူများလည်း ပိုမိုပါဝင်လာစေရန် အားထုတ်ခဲ့သည်။ မသန်စွမ်းသူများပါဝင်မှုမှာ ၂၀၁၀ခုနှစ် တွင် ဦးရေ ၂,၀၀၀ သာ ရှိရာမှ ၂၀၁၆ တွင် ၁၆,၀၀၀ ထိ ရှိလာသည်။ ထောက်ပံ့ငွေ အသေးစားရန်ပုံငွေဖြင့် မဟာဗျူဟာမြောက် မိတ်ဖက်ပြုမှုများကို ဆောင်ရွက်နေပြီ ဖြစ်ရာ နောင် ၂ နှစ် အတွင်း သင်တန်းများ ရောက်ရှိမှုသည်လည်း ပိုမိုတိုးတက်လာမည် ဖြစ်သည်။

73 Source: Myanmar Information Management Unit (MIMU) Myanmar Administrative Structure

# ၅။ အားလုံး နှင့် အကျုံးဝင်သော နယ်ပယ်များ

အာဟာရပြည့်ဝမှု၊ ကြံ့ကြံ့ခံနိုင်မှု၊ ကျားမရေးရာ ကဏ္ဍနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး တို့သည် LIFT ၏ အစီအစဉ်တိုင်းတွင် အကျုံးဝင်သော ဦးတည်နယ်ပယ်များ ဖြစ်ကြသည်။

## ၅.၁။ အာဟာရဆိုင်ရာ

### ဘဝအတွက် အချက်အချာကျသော ပထမ ရက်တစ်ထောင်

မြန်မာနိုင်ငံရှိ ၂ နှစ် အောက်ကလေး သုံးယောက်တွင် တယောက်သည် အသက်အလိုက် ရှိသင့်သော ပျမ်းမျှ အရပ် အောက်တွင် ရောက်နေကာ ပုညှက်နေကြသည်။ အဓိကအားဖြင့် ကလေး၏ ဘဝအစ ပထမရက် ၁၀၀၀ အတွင်း (သန္ဓေတည်ချိန်မှ ဒုတိယမွေးနေ့ အထိ) အစားအသောက် မလုံလောက်မှု၊ အဏုအာဟာရချို့တဲ့မှု၊ အနာရောဂါ အကြိမ်ကြိမ် ကျရောက်မှုတို့ကြောင့် ဖြစ်သည်။ ပုညှက်ခြင်းသည် ကလေး၏ဖွံ့ဖြိုးမှု နှင့် စီးပွားရေး စွမ်းဆောင်ရည်ကိုပါ ရေရှည် သက်ရောက်မှု ရှိသည်။ ပထမရက် ၁၀၀၀အတွင်း အာဟာရကောင်းမွန်စွာ ရရှိသော ကလေးငယ်သည် ကျောင်းတွင် အတန်းများများ ရောက်အောင် တက်နိုင်သည်။ လူကြီးဘဝတွင် ဝင်ငွေ ၂၁ ရာခိုင်နှုန်း ပိုမိုရရှိနိုင်သည်။[74] အာဟာရ၊ ပညာရေးနှင့် အသက်မွေးမှု အခွင့်အလမ်း တို့မှာ တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေကြသည်။

ပုညှက်ခြင်းသည် ကျန်းမာရေး ကိစ္စသက်သက် မဟုတ်ပေ။ လုပ်ငန်းနယ်ပယ်များစွာတွင် အာဟာရကဏ္ဍကို အလေးထား ဆောင်ရွက်မှုများ  ပါဝင်မှသာ လူထုသို့ ပိုမိုရောက်ရှိကာ ရေရှည်တည်တံ့သော သက်ရောက်မှုများကို  ရရှိမည် ဖြစ်သည်။ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး တို့တွင် အာဟာရကို အလေးထားသော ဆောင်ရွက်မှုများ ပါဝင်ပါက အာဟာရဆိုင်ရာ ရလဒ်ကောင်းများ ထွက်ပေါ်လာကြောင်း အထောက်အထားများ ပိုမို တွေ့လာရသည်။ နိုင်ငံရေးခေါင်းဆောင်များ၊ ဝန်ကြီးဌာနအချင်းချင်း၊ နယ်ပယ်အချင်းချင်း ပေါင်းစပ်ညှိနှိုင်းမှုများတွင် အာဟာရ အစီအစဉ်များအား ဒေသခံများကိုယ်တိုင်နားလည်လက်ခံဆောင်ရွက်ကာ ရရှိသည့် ရလဒ်များ ပေါင်းစပ်ပါမှသာ အာဟာရကဏ္ဍ ဆောင်ရွက်မှုများ၏ အကျိုးကျေးဇူးလည်း တိုးပွားလာမည်။ CSO များသည်လည်း ထိရောက်သော လူမှုရေး တာဝန်ခံယူမှု ပုံစံ စနစ်များဖြင့် ဖြည့်ဆည်းပေးသည့် အရေးကြီးလှသော တာဝန်ကို ထမ်းဆောင်ရန် ရှိသည်။

### စွမ်းဆောင်ရည် အားကောင်းစေရန် ဆောင်ရွက်ခြင်း

အရေးကြီးသော နယ်ပယ်အများအပြားအတွက် အစီအစဉ်ရေးဆွဲခြင်း၊ မူဝါဒ ထိတွေ့ဆောင်ရွက်ခြင်းတို့တွင် အာဟာရ ကောင်းမွန်တိုးတက်မှုကို ထောက်ပံ့ရန် ထည့်သွင်းထားသည်။ ကျားမရေးရာနှင့် ပတ်သက်လျှင် အာဟာရ ကောင်းမွန် တိုးတက်မှုသည် အမျိုးသမီးများ၏ စီးပွားရေး၊ လူမှုရေး စွမ်းဆောင်နိုင်မှုများ အပြည့်အဝရရှိရန် အတွက် အချက်အချာကျသည်။ LIFT သည် စီမံချက်များ ဆောင်ရွက်ရာတွင် ကလေးများ၊ အမျိုးသမီးများ အာဟာရ ကောင်းမွန်လာပြီး ပိုမို ကျန်းမာလာရန်၊ ပညာ ပိုမိုတတ်လာရန်နှင့် စိတ်ချရသော အလုပ်အကိုင်များကို လက်လှမ်းမီလာစေရန် ဦးတည်သည်။ LIFT ၏ ရန်ပုံငွေ ပံ့ပိုးမှုများတွင် ကလေးများ ပုညှက်ခြင်းကို ကာကွယ်ရန်အတွက် ကလေးဘဝ၏ ပထမရက်၁၀၀၀ အတွင်း ငွေကြေး ထောက်ပံ့ခြင်း နှင့် အာဟာရပညာပေးခြင်းကို ဆောင်ရွက်ပေးရန်လည်း ပါဝင်သည်။

LIFT သည် မြန်မာ့ကျန်းမာရေးကဏ္ဍနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ အမျိုးသား အာဟာရ ဖွံ့ဖြိုးရေးနှင့် သုတေသန ဦးစီးဌာနခွဲနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းလည်း ပါဝင်သည်။ LIFT၏ အဓိကရည်မှန်းချက်မှာ ဌာနဆိုင်ရာ နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်မှုများကို အားဖြည့်ပေးကာ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များကို ပညာပေးရန် နှင့် မိခင် နှင့် ကလေးကျန်းမာရေး ဝန်ဆောင်မှုကို လက်လှမ်းမီအောင် ဆောင်ရွက်ပေးစေရန် ဖြစ်သည်။ အထူးသဖြင့် အမူအကျင့်ပြောင်းလဲရေး သတင်းစကားပြောကြားမှုများ(SBCC) ဆောင်ရွက်နိုင်စွမ်းကို LIFTက အလေးထားသည်။ SBCC သည် အမျိုးသမီးများအား ကောင်းမွန်သော အာဟာရဆိုင်ရာ အမူအကျင့်များကို ကျင့်သုံးနိုင်စွမ်းကို ဟန့်တားနေသည့် ရှုပ်ထွေးသည့် လူမှုရေး၊ စီးပွားရေး အတားအဆီးများကို ကျော်လွှားနိုင်စေမည့် နည်းလမ်းလည်း ဖြစ်သည်။

### အာဟာရကို အလေးထားသော စိုက်ပျိုးရေး

စိုက်ပျိုးရေးတွင် LIFT သည် အာဟာရကို အလေးမူသော နည်းနာများ နှင့် အာဟာရပညာပေးရေးတို့ကို ပေါင်းစည်းကာ လူမှုသိုက်အဝန်း အုပ်စုများနှင့် အလုပ်လုပ်ရာတွင် ထည့်သွင်းထားသည်။ ဥပမာအားဖြင့် တောင်တန်းဒေသ အစီအစဉ်တွင် LIFT ၏ မိတ်ဖက်အဖွဲ့များသည် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးကို ဖြစ်ထွန်းအောင် လုပ်သည့်နည်းတူ အာဟာရ နှင့် အစားအသောက် အမူအကျင့်ကောင်းဆိုင်ရာ သတင်းစကားများကိုလည်း ပေးအပ်သည်။ မိတ်ဖက်အဖွဲ့  ဖြစ်သော MIID သည် စိုက်ပျိုးရေး တိုးချဲ့ပညာပေးရေး ဦးစီးအရာရှိများအတွက် သင်ရိုးညွှန်းတမ်းတွင် အာဟာရပညာကိုလည်း ထည့်သွင်းရန် ချင်းပြည်နယ် စိုက်ပျိုးရေးသိပ္ပံ နှင့် ပူးပေါင်းဆောင်ရွက်နေသည်။

[74] 'Global Nutrition Report', 2015

## မိခင် နှင့် ကလေး အာဟာရ

LIFT ၏ နယ်မြေအလိုက် အစီအစဉ်များတွင်လည်း ကိုယ်ဝန်ဆောင်များ၊ ၂ နှစ်အောက်ကလေးများ၏ မိခင်များအား MCCT ငွေထောက်ပံ့မှုကို ထည့်သွင်းထားသည်။ ယင်းဒေသများတွင် LIFT သည် Save the Children အဖွဲ့၏ MCCT ရွေ့ပြောင်းစီမံချက်များကို ရန်ပုံငွေပံ့ပိုးခဲ့သည်။ ယင်းတွင် ငွေကြေးထောက်ပံ့မှု နှင့် အာဟာရပညာပေးနည်း အမျိုးမျိုးတို့ကို စမ်းသပ်ခဲ့သည်။ အစီအစဉ်၏ ပထမနှစ်ဖြစ်သော ၂၀၁၆ တွင် စီမံချက်သုံးခုသည် အကျိုးခံစားရသူ ၉,၁၂၅ ဦးသို့ စုစုပေါင်း ငွေကြေးထောက်ပံ့မှု ၄၅,၉၃၆ ကို ပေးအပ်နိုင်ခဲ့သည်။

မြစ်ဝကျွန်းပေါ် (၃)အစီအစဉ်တွင် Welthungerlife နှင့် WorldFish တို့သည် အာဟာရ အသိပညာပေးမှုနှင့် အစား အသောက် အမျိုးအမည်စုံလင်မှုကို တိုးတက်စေမည့် ဆောင်ရွက်ချက်များကို ထည့်သွင်းထားသည်။ အပူပိုင်းဇုန်တွင် Lodestar အဖွဲ့၏ စီမံချက်သည် စစ်ကိုင်းတိုင်း မြောင်မြို့နယ်တွင် ကျေးလက် စေတနာ့ဝန်ထမ်းများ၊ အမျိုးသမီးအုပ်စုများ နှင့်ပူးပေါင်းကာ MCCT အထောက်အပံ့များ၊ အာဟာရသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိသည်။ ရခိုင်ဒေသတွင် တက်လမ်းအစီအစဉ် နှင့် Save the Children တို့သည် MCCT ကို သာမက ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ပညာပေးမှုကိုပါ ဆောင်ရွက်နေသည်။ ယင်းတွင် မိသားစုနှင့် ရပ်ရွာပိုင် အိမ်သာများ နှင့် ရေကောင်းရေသန့်တို့ကို ပိုမိုလက်လှမ်းမီအောင် ဆောင်ရွက်ခြင်းလည်း ပါဝင်သည်။


LIFT သည် အဏုအာဟာရများ ဖြည့်တင်းရေးကို ပုဂ္ဂလိကကဏ္ဍနှင့်လည်း ပူးပေါင်းလုပ်ကိုင်နေသည်။ PATH အဖွဲ့သည် အားဖြည့်ဆန်ကို စီးပွားဖြစ်ထုတ်လုပ်ကာ ပင်မစားသုံးကြသည့် အစားအသောက် မှတဆင့် အဏုအာဟာရများကို လက်လှမ်းမီစေရန် ဆောင်ရွက်နေသည်။ PATH သည် အမျိုးသား အာဟာရဖွံ့ဖြိုးမှု နှင့် သုတေသန ဌာနခွဲ နှင့် ပူးပေါင်းကာ အားဖြည့်ဆန်ကို စားသုံးသူများ တိုက်ရိုက်ဝယ်ယူနိုင်ရန် သာမက အစိုးရ နှင့် NGO များမှလည်း တဆင့်ဖြန့်ချိရန် ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၆ ခုနှစ်၊ မတ်လတွင် PATH သည် အစိုးရဦးဆောင်သော အားဖြည့်ဆန်လုပ်ငန်းအဖွဲ့ကို အားဖြည့်ဆန်မူဝါဒ နှင့်အညီ ထူထောင်နိုင်ခဲ့သည်။ ၂၀၁၆ ခုနှစ်၊ ဇွန်လတွင် ဤစီမံချက်သည် အားဖြည့်ဆန်နှင့် တကွ ရန်ကုန်ရှိ အားဖြည့်ဆန်ထုတ်လုပ်သည့် စက်ရုံသုံးခုအတွက်ပါ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာ FDA ထံမှ အသိအမှတ်ပြုမှုကို ရရှိခဲ့သည်။

LIFT ၏ ရန်ပုံငွေ ပံ့ပိုးမှုဖြင့် LEARN စီမံချက်အတွက်သာမက မူဝါဒရေးဆွဲမှုများအတွက်ပါ အထောက်အကူပေးနိုင်မည့် အရေးကြီးသော သုတေသနတခုကို ဆောင်ရွက်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် BBC မီဒီယာအက်ရှင်ကို World Vision၊ WorldFish၊ Save the Children တို့ နှင့်အတူ လက်တွဲပြီး မြစ်ဝကျွန်းပေါ် နှင့် အပူပိုင်းဇုန်ရှိ ဘဝ၏ပထမရက် ၁၀၀၀ အတွင်း ရှေးရိုးစွဲ အစားအသောက်ရှောင်ကြဉ်မှုများ၊ အကျင့်များကို လေ့လာရန် LEARN စီမံချက်က ဆောင်ရွက်ခဲ့သည်။ ဤသုတေသန တွေ့ရှိချက်များကို အာဟာရဆိုင်ရာ SBCC များ ဆောင်ရွက်ရာတွင် အသုံးပြုမည် ဖြစ်သည်။ LIFTသည် LEARN စီမံချက်မှ ပြုစုသည့် မြန်မာနိုင်ငံတွင် အာဟာရချို့တဲ့မှုဆိုင်ရာ သုံးသပ်ချက် နှစ်စောင်ကို ထုတ်ဝေခဲ့သည်။ ၎င်းတို့တွင် ထုတ်ဝေခဲ့ပြီးသော အဟာရဆိုင်ရာ စာတမ်းများကို ပြန်လည် လေ့လာသုံးသပ်ခြင်းနှင့် LIFT ၏ အိမ်ထောင်စု စစ်တမ်းမှ လေ့လာတွေ့ရှိချက်များကို အကဲဖြတ်သုံးသပ်ခြင်းတို့ ပါဝင်သည်။

အာဟာရကဏ္ဍသည် နယ်ပယ်အားလုံးတွင် အကျုံးဝင်သည့်အလျောက် LIFT အနေဖြင့် မိတ်ဖက်အများအပြားနှင့် ချိတ်ဆက် ဆောင်ရွက်လျက်ရှိသည်။ ပုဂ္ဂလိကကုမ္ပဏီများ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ NGO များ သာမက ဖွံ့ဖြိုးရေးမိတ်ဖက် ဖြစ်သော UNICEF နှင့် 3MDG စသော ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများပါ ပါဝင်သည်။ LIFTနှင့် 3MDG ရန်ပုံငွေ အဖွဲ့များကို UNOPS က စီမံခန့်ခွဲသဖြင့် အချင်းချင်း ပေါင်းစည်းဆောင်ရွက်ရန် အခွင့်သာသည်။ ဥပမာအားဖြင့် ရန်ပုံငွေ နှစ်ဖွဲ့လုံးသည် အာဟာရဆိုင်ရာ မဟာဗျူဟာတရပ်ကို ပူးတွဲဆောင်ရွက်နေသဖြင့် တတ်နိုင်သမျှ ပေါင်းစပ်ညှိနှိုင်းကြသည်။ ဥပမာအားဖြင့် Save the Children အဖွဲ့က မြစ်ဝကျွန်းပေါ်တွင် ဆောင်ရွက်နေသော Bright SUN စီမံချက်ကို LIFT က ရန်ပုံငွေ ထောက်ပံ့သည်။ ဤစီမံချက်အနေဖြင့် မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးမှု နှင့် အတူ SBCCကို ဆောင်ရွက် ရာတွင် 3MDG၏ လက်ရှိပံ့ပိုးနေသည့် စီမံချက် နှင့် ပေါင်းစည်းဆောင်ရွက်သည်။ ကျေးလက်ကျန်းမာရေးဌာနများမှ ဝန်ထမ်းများမှတဆင့် ငွေကြေးထောက်ပံ့မှုကို ဆောင်ရွက်သည်။ အခြေခံကျန်းမာရေး ဝန်ဆောင်မှုကို သာမက အာဟာရ ဆိုင်ရာကိုပါ လုပ်ဆောင်နိုင်ရန် ရပ်ရွာကျန်းမာရေး လုပ်သားများ၏ စွမ်းဆောင်ရည် ကိုလည်း တိုးတက်စေခဲ့သည်။

LIFT နှင့် မိတ်ဖက်များသည် ပြည်ထောင်စု အဆင့်မှ မြို့နယ်အဆင့်ထိ အာဏာပိုင်များနှင့် ထိတွေ့ကာ အာဟာရဆိုင်ရာ ရလဒ်ကောင်းမွန်စေရေးအတွက် အစီအစဉ်တိုင်းတွင် ပါဝင်အောင် ရေးဆွဲခြင်း၊ မူဝါဒအတွက် ဆွေးနွေးလှုံ့ဆော်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ LIFT ၏ အဓိက မိတ်ဖက်များမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ အမျိုးသားအာဟာရ ဖွံ့ဖြိုးမှု နှင့် သုတေသန ဦးစီးဌာနခွဲ၊ ကျန်းမာရေးပညာပေးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာန တို့ဖြစ်သည်။

*ပုံ ၅.၁။ LIFT၏ရာသီဥတုအပြောင်းအလဲကိုချဉ်းကပ်ပုံ*




*ဤပုံစံသည် ရာသီဥတုပြောင်းလဲမှုတွင် ကြံ့ကြံ့ခံနိုင်မှု အားကောင်းလာစေရန် LIFT က ဆောင်ရွက်သည့် ပုံစံကို ဖော်ပြထားသည်။ သို့ရာတွင် LIFT ၏ ကြံ့ကြံ့ခံနိုင်မှု အားကောင်းစေရေး ရည်မှန်းချက်မှာ လူတစ်ဦးချင်း၊ အိမ်ထောင်စု နှင့် ရပ်ရွာလူထုတို့အနေဖြင့် ရာသီဥတု ပြောင်းလဲမှုကြောင့်ဖြစ်စေ၊ စီးပွားရေး လူမှုရေးဆိုင်ရာ ဖိစီးမှုများကြောင့် ဖြစ်စေ ရရှိလာသော ဖိစီးမှု နှင့် အခက်အခဲများမှ ပြန်လည်ထူထောင်နိုင်သော စွမ်းရည်များ မြင့်မားလာစေရန် ဆောင်ရွက်ခြင်းဖြစ်သည်။

## ၅.၂။ ကြံ့ကြံ့ခံနိုင်မှု

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ရာသီဥတု ပြောင်းလဲမှုဘေးဒဏ်ကြောင့် ဒုတိယ အထိခိုက်ဆုံးနိုင်ငံ ဖြစ်သည်။[၇၅] လွန်ခဲ့သော နှစ် ၆၀ အတွင်း မြန်မာနိုင်ငံ၏ ပျမ်းမျှအပူချိန်နှင့် မိုးရေချိန်တို့ မြင့်တက်လာခဲ့သည်၊ ရာသီဥတု ဆိုးရွားမှု မကြာခဏဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်လည်း မြင့်တက်လာသည်။[၇၆] ဤအပြောင်းအလဲသည် လူတိုင်းကို သက်ရောက်သော်လည်း နွမ်းပါးသူများ၊ ထိခိုက်လွယ်သူများ၊ ဝမ်းစာဖူလုံရုံ တောင်သူများမှာ အထိခိုက်ဆုံးဖြစ်သည်။ ဤအိမ်ထောင်စုများအား ရာသီဥတုဘေးဒဏ်ကို ခံနိုင်စွမ်း၊ အပြောင်းအလဲကို ရင်ဆိုင်နိုင်စွမ်းတို့ ရှိလာအောင် ဆောင်ရွက်ပေးရန် LIFT က ဦးတည်သည်။ ထို့ပြင် LIFT သည် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုအတွက် ပြင်ဆင်ရေး လုပ်ငန်းအစီအစဉ်နှင့်အညီ စိုက်ပျိုးရေး၊ သစ်တော၊ ငါးလုပ်ငန်း အစီအစဉ်များတွင် ရာသီဥတုနှင့် ကိုက်ညီမှုရှိသော မူများကို ချမှတ်ထားသည်။ တစ်ဖက်ပါပုံတွင် LIFT ၏အစီအစဉ်များက လူထုကို မည်သို့ ရာသီဥတုဘေးဒဏ်နှင့် လိုက်လျောအောင် နေထိုင်စေနိုင်မည်ကို တွေ့နိုင်သည်။

### LIFT ၏ ကြံ့ကြံ့ခံနိုင်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပုံ

မြန်မာနိုင်ငံရှိ ကျေးလက်နေနွမ်းပါးသူ အိမ်ထောင်စုများ ကြံ့ကြံ့ခံနိုင်မှုကို တည်ဆောက်ရန်မှာ LIFT ၏လုပ်ငန်းတိုင်းတွင် အဓိက ပါဝင်သည်။ ယင်းအိမ်ထောင်စုများ ကြုံတွေ့ရသည့် ရာသီဥတု၊ ပဋိပက္ခ၊ လူမှု-စီးပွားရေး အခက်အခဲ ဘေးဒဏ်များ၏ အရင်းခံပြဿနာများကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်သည်။ လူထု၏ အာဟာရ ရရှိမှုနှင့် ဝင်ငွေကို တိုးတက်စေခြင်း၊ ဘေးဒဏ်ခံရမှုကို လျော့နည်းစေခြင်း၊ ဆင်းရဲနွမ်းပါးသူများ အကျိုးဖြစ်ထွန်းစေမည့် မူဝါဒများ ဖြစ်ထွန်းစေရန် ထောက်ပံ့ခြင်း တို့ဖြင့် ဤစိန်ခေါ်မှုများကို LIFT က ဖြေရှင်းဆောင်ရွက်သည်။ ဤနည်းလမ်းဖြင့် LIFT၏ အစီအစဉ်များသည် ပြည်သူများကို အောက်ပါအတိုင်း ထောက်ပံ့သည်-

- စိုက်ပျိုးရေးကဏ္ဍမှ အခြားအကျိုးရှိသော စီးပွားရေးကဏ္ဍများသို့ အောင်မြင်စွာ 'ထွက်ခွာရန်'
- စိုက်ပျိုးရေးကဏ္ဍအတွင်းတွင်ပင် တန်ဖိုးမြင့်တက်စေပြီး နွမ်းပါးမှုမှ 'တက်လှမ်းရန်'
- စိုက်ပျိုးရေးကဏ္ဍကို သက်စောင့်ပိုက်ကွန်အဖြစ်သုံးစွဲပြီး ရိက္ခာဖူလုံကာ၊ အာဟာရကောင်းမွန်လျက်'တောင့်ထားရန်'

LIFT ၏ အစီအစဉ်များက သက်ဆိုင်ရာ အခြေအနေ အကြောင်းအရာ ကဏ္ဍအလိုက် နှင့် စိုက်ပျိုး-ဂေဟဇုန်အလိုက် လုပ်ဆောင်ချက်များဖြင့် ကြံ့ကြံ့ခံနိုင်မှုကို တည်ဆောက်သည်။

### ရခိုင်ဒေသတွင်

ရခိုင်ဒေသသည် မြန်မာနိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်းဒဏ် အခံရနိုင်ဆုံး၊ ရေကြီးခြင်း၊ ရေငန်ဝင်ခြင်း စသည့် ရာသီဥတု ဘေးဒဏ်ကြောင့် အထိခိုက်နိုင်ဆုံးဒေသ ဖြစ်သည်။[၇၇] ရခိုင်ပြည်သူများ၏ ရာသီဥတုဘေးဒဏ် ကြံ့ကြံ့ခံနိုင်မှုကို တည်ဆောက်ရေးသည် ဤပြည်နယ်၏ ဖွံ့ဖြိုးရေးတွင် အခရာကျသည်။ ရေကြီးခြင်း နှင့် သဘာဝဘေးများကို တုံ့ပြန်ဆောင်ရွက်ကာ ပြည်သူတို့၏ လူနေမှုဘဝများ ပြန်လည်တည်ဆောက်ရာတွင် ကာလရှည်ကြာ ထောက်ပံ့ခဲ့သည့် မှတ်တမ်းကောင်း LIFTတွင် ရှိသည်။[၇၈] ၂၀၁၆ တွင် တက်လမ်းစီမံကိန်းသည် လယ်မြေများတွင် ရေငန်ဝင်မှုနှင့် မုန်တိုင်းဒီရေတို့မှ ထိရောက်စွာ ကာကွယ်ပေးနိုင်ခဲ့သည်။ ရေငန်ဝင်မှုသည် ကမ္ဘာအဝန်း အထူးသဖြင့် ရခိုင်ဒေသမှ တောင်သူတို့၏ အသက်မွေးမှုကို ခြိမ်းခြောက်လျက်ရှိသည်။[၇၉] ၂၀၁၆ခုနှစ်တွင် ရေကာတာ ၂၂ မိုင်ခန့်ကို တည်ဆောက်ကာ စပါးစိုက် ဧက ၅,၀၀၀ ကျော်ကို ကာကွယ်ပေးပြီး တောင်သူ ၃၈၄ ဦး၏ ကြံ့ကြံ့ခံနိုင်မှုကို တည်ဆောက်ပေးသည့်ပြင် အိမ်ထောင်စုပေါင်း ၁၄၅၀ ကိုလည်း သွယ်ဝိုက်ကာ အကျိုးပြုခဲ့သည်။ တက်လမ်းစီမံကိန်း မှတဆင့် ၃၄ ရွာမှ တောင်သူပေါင်း ၂၂၉ ဦးသည် ယင်းတို့၏လယ်များ အထွက်တိုးစေမည့် စိုက်နည်းအသစ်များကို သင်ကြားပေးသည့် တောင်သူသင်တန်းကျောင်းများကို တက်ရောက်ခဲ့ကြသည်။ ယင်းသင်တန်းတို့၏ ရလဒ်အနေဖြင့် စပါးပေါ်ချိန်တွင် ဝင်ငွေတိုးခြင်းက သက်သေခံလျက်ရှိသည်။ အချို့ဆိုလျှင် ၆၃ ရာခိုင်နှုန်းအထိ တိုးခဲ့သည်။ ဤ ဆောင်ရွက်ချက်များကြောင့် စိုက်ပျိုးရေးကဏ္ဍအတွင်းတွင်ပင် တန်ဖိုးမြင့်တက်ကာ 'တက်လှမ်းရန်' ထောက်ပံ့ခဲ့သဖြင့် လူမှု-စီးပွားရေး နှင့် ရာသီဥတု ဒဏ်များကို ပိုမို ကြံ့ကြံ့ခံနိုင်လာသည်။

---

[75] 'Global climate risk index', 2017, https://germanwatch.org/en/download/16411.pdf.

[76] Global Climate Change Alliance, 2017, http://www.gcca.eu/national-programmes/asia/gcca-myanmar.

[77] Asia Disaster Preparedness Centre, http://www.adpc.net/igo/contents/Publications/publications-Details.asp?pid=277#sthash.DkG4r9zM.dpbs.

[78] LIFT နှစ်ပတ်လည် အစီရင်ခံစာများ ၂၀၁၃-၂၀၁၅ အထိ

[79] Science Direct, 'Food Security Threatened by Sea-level Rise', January 2017, https://www.sciencedaily.com/releases/2017/01/170118082423.htm.

## မြစ်ဝကျွန်းပေါ်ဒေသတွင်

မြစ်ဝကျွန်းပေါ်ဒေသအစီအစဉ်အနေဖြင့် ကျေးလက်နေနွမ်းပါးသူ အိမ်ထောင်စုများ ရိက္ခာနှင့် ဝင်ငွေ တိုးတက်လာပြီး၊ ထိခိုက်လွယ်မှု လျော့နည်းလာသဖြင့် လူမှု-စီးပွားရေး နှင့် ရာသီဥတုဒဏ်များကို ကြံ့ကြံ့ခံနိုင်မှုကို တည်ဆောက်ပေးရန် လုပ်ဆောင်နေသည်။ ထိုသို့ဖြစ်ထွန်းစေရန်အတွက် မျိုးစပါးတန်ဖိုးကွင်းဆက်ကို အထူး ဦးတည်ကာ စိုက်ပျိုးရေးကဏ္ဍ အတွင်းတွင်ပင် တန်းဖိုးမြင့်တက်ကာ 'တက်လှမ်းရန်' တောင်သူများကို ကူညီနေသည်။ ထို့ပြင် မြစ်ဝကျွန်းပေါ်ဒေသ အစီအစဉ်သည် ရာသီဥတုပြောင်းလဲမှု၏ ရေရှည်သက်ရောက်မှုကို မျှော်တွေးကာ ဒေသမျိုးကွဲတို့၏ အရည်အသွေးကို ထိန်းသိမ်းကာ ဇီဝမျိုးကွဲကြွယ်ဝမှုကို ကာကွယ်စောင့်ရှောက်နိုင်ခဲ့သည်။ ဤဆောင်ရွက်မှုတွင် LIFT ၏ မိတ်ဖက်အဖွဲ့ မေတ္တာသည် ရေ့တန်းမှ ပါဝင်ကာ ၄၈ ရွာတွင် စပါး ၄၈ မျိုးကို စမ်းသပ်ခဲ့သည်။ မေတ္တာသည် မျိုးစစ်မျိုးမှန် မျိုးစပါး ၁၀ ကီလိုဝင် အိတ် ၇၂၀ ကို တောင်သူသင်တန်းကျောင်းဆင်းများသို့ လည်းကောင်း၊ ၃၆ အိတ်ကို မျိုးစေ့ ထုတ်လုပ်သူများသို့ လည်းကောင်း ဖြန့်ဝေပေးခဲ့သည်။ ထို့သို့ဆောင်ရွက်ချက်များသည် ရေတိုအနေဖြင့် တောင်သူများကို အရည်အသွေးမြင့် မျိုးစပါးကို လက်လှမ်းမီစေပြီး ရေရှည်တွင်လည်း ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံနိုင်စေမည် ဖြစ်သည်။

## ကြံ့ကြံ့ခံနိုင်မှုဆိုင်ရာ မူဝါဒ အဆင့်တွင် LIFT၏ ဆောင်ရွက်မှု

LIFT သည် မူဝါဒကဏ္ဍတွင် ကြံ့ကြံ့ခံနိုင်မှုကို အခြေပြုကာ ပေါင်းစည်းထားသော ဘက်စုံဖွံ့ဖြိုးရေးအတွက် ဆွေးနွေး လုံ့ဆော်ခဲ့သည်။ LIFT သည် စိုက်ပျိုးရေး မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တို့မှ အဆင့်မြင့်အရာရှိများ တက်ရောက်သော အစည်းအဝေးတခုကို ၂၀၁၆ ခုနှစ်တွင် ကျင်းပပေးခဲ့သည်။ ဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် လူမှုအဖွဲ့အစည်းများပါ တက်ကြွစွာ ပေါင်းစည်းကာ ကြံ့ကြံ့ခံနိုင်မှုကို မည်သို့ ချဉ်းကပ်သင့်ကြောင်းကို အလေးထား ဆွေးနွေးခဲ့သည်။ ဤအစည်းအဝေးသည် ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုဆောင်ရွက်နိုင်စွမ်းရှိသော အနေထားကို ပေါ်လွင်စေခဲ့သည်။

## ကြံ့ကြံ့ခံနိုင်မှုဆိုင်ရာ LIFT၏ သုတေသန နှင့် လေ့လာသင်ယူမှု

၂၀၁၆ တနှစ်လုံးတွင် LIFT သည် မူဝါဒရေးဆွဲမှုများနှင့် လက်တွေ့ဆောင်ရွက်မှုများတွင် ပံ့ပိုးကူညီရန် မြန်မာနိုင်ငံ၏ ကြံ့ကြံ့ခံနိုင်မှုကို ဆက်လက်သုတေသနပြုခဲ့သည်။ ၂၀၁၆ခုနှစ်တွင် မြစ်ဝကျွန်းပေါ်ဒေသအစီအစဉ်သည် (strategic resilience assessment - STRESS)ဟု ခေါ်သော ကြံ့ကြံ့ခံနိုင်မှု ဆိုင်ရာ မဟာဗျူဟာမြောက် သုံးသပ်ချက်ကို ဆောင်ရွက်ခဲ့သည်။ ဤသုံးသပ်ချက်တွင် မြစ်ဝကျွန်းပေါ်ဒေသမှ အိမ်ထောင်စုများ၊ ရပ်ရွာများသည် ဖိစီးမှုများ ဘေးဒဏ်များနှင့် ရင်ဆိုင်ရပါက မည်သို့ သင်ယူသည်၊ ကျော်လွှားသည်၊ လိုက်လျောညီထွေနေထိုင်သည်၊ ပြောင်းလဲသည် ဆိုသည့်အခြေအနေကို လေ့လာသည်။ မြစ်ဝကျွန်းပေါ်မှ မိတ်ဖက်အဖွဲ့များသည် ကြံ့ကြံ့ခံနိုင်မှုဆိုင်ရာ စီမံချက်များတွင် STRESS တွေ့ရှိချက်များကို အသုံးပြုနေသည့်ပြင်၊ အိမ်ထောင်စုများ သင်ယူပုံ၊ ကျော်လွှားပုံ၊ လိုက်လျောညီထွေ နေထိုင်ပုံတို့တွင် မြစ်ဝကျွန်းပေါ်ဒေသ(၃) အစီအစဉ်က မည်သို့ပြောင်းလဲစေကြောင်းကို လေ့လာသုံးသပ်နိုင်မည့် နည်းလမ်းကိုလည်း ပြုစုနေသည်။ ရခိုင်ဒေသ အစီအစဉ်သည် နိုင်ငံတကာ ပတ်ဝန်းကျင်နှင့်ဖွံ့ဖြိုးမှုဌာနကို ကန်ထရိုက်ချုပ်ဆို ခေါ်ယူခဲ့ပြီး မိမိတို့အစီအစဉ်က ကြံ့ကြံ့ခံနိုင်မှုကို မည်သို့ တည်ဆောက်ပေးနေကြောင်း၊ ဘေးဒဏ်များကို လူထုကတုန့်ပြန်နိုင်အောင် မည်သို့ ကူညီကြောင်းကို လေ့လာခဲ့သည်။ ဤအစီအရင်ခံစာပါ အကြံပြုချက်များသည် နောင်ကာလ ရခိုင်ဒေသအစီအစဉ် ရေးဆွဲရာတွင် အထောက်အကူပြုမည် ဖြစ်သည်။

LIFT ၏ အစီအစဉ်အားလုံးတွင် ကြံ့ကြံ့ခံနိုင်မှုကို မည်သို့ တည်ဆောက်ပေးနေကြောင်းကို သုတေသန ပြုလျက်ရှိသည်။ ၂၀၁၆တွင် LIFTသည် တာဝန်အဆင့်အကျိုးများကို မည်သို့ ဖြစ်မြောက်စေသည်၊ ယင်းတို့က ကြံ့ကြံ့ခံနိုင်မှုကို မည်သို့ တည်ဆောက်ပေးနေသည်ကဖော်ထုတ်နိုင်မည့် လေ့လာမှုများ ဆောင်ရွက်လျက်ရှိသည်။ ကြံ့ကြံ့ခံနိုင်မှုကို နားလည်စေရေး လေ့လာတွေးခေါ်မှု မူဘောင်တရပ်ကိုလည်း ၂၀၁၆ တွင်ပင် ရေးဆွဲခဲ့ပြီး ယင်းကို စစ်တမ်းများ၏ တွေ့ရှိချက်များကို သုံးသပ်ရာတွင် ကျင့်သုံးမည် ဖြစ်သည်။

## ၅.၃။ ကျား/မရေးရာ

၂၀၁၆ ခုနှစ်တွင် LIFTသည် ကျား/မ တန်းတူညီမျှရေး၊ အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိရေးတို့အတွက် ကျား/မ ရေးရာ မဟာဗျူဟာ နှင့် ရေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်တို့ဖြင့် အဓိကထား ဆောင်ရွက်ခဲ့သည်။ LIFT သည် မြန်မာနိုင်ငံရှိ အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိစေရန် နှင့် ကျားမတန်းတူညီမျှမှုရရှိရန် ဆက်လက်ထောက်ပံ့ခဲ့ရာ မှတ်သားဖွယ် အောင်မြင်မှု များစွာကို ရရှိခဲ့သည်။

### LIFT၏ ကျား/မရေးရာမဟာဗျူဟာ နှင့် လုပ်ငန်းစီမံချက်

၂၀၁၆ ခုနှစ်တွင် LIFTသည် မိမိ၏ ကျား/မ ရေးရာမဟာဗျူဟာကို ပြန်လည်သုံးသပ်ကာ ပြန်ရေးဆွဲခဲ့သည့်အပြင် ရှေ့ဆက် ဆောင်ရွက်မည့် အစီအစဉ်ကိုလည်း ပြုစုခဲ့သည်။ ဤလုပ်ငန်းစဉ်ကို နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်တစ်ဦးက ဆောင်ရွက်ခဲ့ပြီး LIFTက ဦးဆောင်ကာ ဌာနတွင်း (အလှူရှင်များနှင့် LIFT ရန်ပုံငွေပံ့ပိုးမှု ရရှိသည့် မိတ်ဖက်အဖွဲ့များအပါအဝင်) တိုင်ပင်ဆွေးနွေးမှုများကို အကြိမ်ကြိမ် ပြုလုပ်ခဲ့သည်။ ထိုသို့ပြုလုပ်ခဲ့သဖြင့် ဤမဟာဗျူဟာသည် မြန်မာနိုင်ငံ၏ အခြေအနေကို အခြေခံကာ LIFT နှင့်လည်း ကိုက်ညီမှုရှိခဲ့သည်။

ဤမဟာဗျူဟာ၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိစေရေး နှင့် ကျား/မ တန်းတူညီမျှမှု ရရှိရေး တို့အတွက် LIFT၏ ဆောင်ရွက်ချက်များကို တိုးမြှင့်ရန် ဖြစ်သည်။ ဤသို့ဖြစ်ရန်အတွက် အောက်ပါ အတိုင်း ဆောင်ရွက်မည်။

- LIFT ၏အစီအစဉ်တိုင်း စီမံချက်တိုင်းတွင် ကျား/မ ရေးရာကို ပါဝင်စေရန်၊ LIFT ၏အစီအစဉ်များတွင် ပါဝင်သော ကျား/မရေးရာ အလေးထားဆောင်ရွက်မှုများကိုလည်း အကောင်ထည်ဖော်ရန်
- ကျား/မ မတူညီမှု နှင့် အမျိုးသမီးများ၏ လိုအပ်ချက်တို့ကို LIFT၏မူဝါဒ၊ ဆွေးနွေးလှုံ့ဆော်မှု၊ အသိပညာပိုင်းဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းများတွင် ပိုမိုအလေးထားဆောင်ရွက်ရန်
- LIFT၏ ခိုင်မာသော ခေါင်းဆောင်မှု၊ အုပ်ချုပ်မှုဖွဲ့စည်းတည်ဆောက်ပုံတို့ဖြင့် ကျား/မ ရေးရာ မဟာဗျူဟာ အထမြောက် အောင် ပံ့ပိုးထောက်ပံ့ရန်
- အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်း နှင့် ကျား/မ တန်းတူညီမျှမှုရှိရေး အတွက် LIFT၏ စွမ်းဆောင်ရည်နှင့် တာဝန်ယူမှု တာဝန်ခံမှုကို မြှင့်တင်ရန်

ကျား/မ ရေးရာလုပ်ငန်းရှေ့ဆက်လုပ်ငန်းအစီအစဉ်တွင် ကျား/မ ရေးရာ မဟာဗျူဟာကို ဆောင်ရွက်ရန် အချက်များအဖြစ် ဖွင့်ဆိုထားပြီး ပြတ်သားသော အညွှန်းများ နှင့် ဦးတည်ချက်များကိုပါ ဖော်ပြထားသည်။

### ကျား/မ ရေးရာဆိုင်ရာ LIFT၏ အုပ်ချုပ်မှု နှင့် ကတိကဝတ်

ကျား/မ ရေးရာဆိုင်ရာ LIFTဆောင်ရွက်မှု၏ အရေးပါပုံကို မြှင့်တင်ရန် နှင့် အထူးပြုရန်အတွက် ကျား/မ ရေးရာမဟာဗျူဟာ နှင့် ရှေ့ဆက်လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်မှုကို အထက်တန်း စီမံအုပ်ချုပ်သူများမှ တာဝန်ယူသည်။ ထိုသို့ ဆောင်ရွက်ရာ တွင် အထက်တန်းစီမံခန့်ခွဲသူများကို ထောက်ပံ့ရန် လုပ်ငန်းအဖွဲ့တစ်ခုကို ဖွဲ့စည်းထားသည်။ သို့သော် ကျား/ မရေးရာ မဟာဗျူဟာတွင် ပါရှိသည့်အတိုင်း အောင်မြင်ရန်မှာ LIFTက စုစည်းဆောင်ရွက်ရမည့် တာဝန် ဖြစ်သည်။

ကျား/မရေးရာ မဟာဗျူဟာ အကောင်အထည်ဖော်မှုအတွက် ကန်ဒေါ်လာ ၁၀၀,၀၀၀ကို ဘတ်ဂျက်လျာထားပြီး၊ ယင်းကို စစ်တမ်းများ၊ ဆွေးနွေးပွဲများ၊ ကျွမ်းကျင်သူ(များ) ခေါ်ယူရန် အသုံးပြုမည်ဖြစ်သည်။

LIFTသည် မိမိ၏ အုပ်ချုပ်မှုအဆောက်အအုံ အတွင်းတွင်ပင် ကျား/မရေးရာကို အလေးထားသည်။ UNOPS နှင့် ပူးပေါင်းကာ ဝန်ထမ်းရွေးချယ်ခန့်ထားသည့်လုပ်ငန်းစဉ်တွင် အမျိုးသမီးများကို ဦးတည်ကာ ထိပ်တန်းခေါင်းဆောင်ရာထူး များတွင် ကျား/မ မျှတမှုကို ပိုမိုဖြစ်စေသည်။ ထို့ပြင် လုပ်ငန်းခွင်တခုလုံးတွင်လည်း ကျားနှင့်မတို့၏ သီးခြားလိုအပ်ချက်များအလိုက် ဖြည့်ဆည်းဆောင်ရွက်သည်။ ၂၀၁၆ တွင် ရုံးဝန်ထမ်းမိခင်များ အဆင်ပြေစေရန် မိခင်များ နားနေခန်းတစ်ခုကို သီးသန့် ထားပေးခဲ့သည်။ အလုပ်ချိန်ကို လိုက်လျောညီထွေ ထားပေးသည်။ ကွန်ဒုံးများကို ထားရှိပေးသည်။ အထက်တန်း စီမံခန့်ခွဲသူ များကလည်း ကျား/မရေးရာ အလေးထားရေး သင်တန်းကို တက်ရောက်ကြသည်။

ထို့ပြင် ၂၀၁၆ တွင် LIFTရန်ပုံငွေ ပံ့ပိုးသည့် သုံးသပ်လေ့လာမှုများ၊ သင်ယူမှုများအားလုံးတွင် ကျား/မရေးရာကို မပါမနေရ ထည့်သွင်းရန် မူဝါဒချမှတ်ခဲ့သည့်ပြင် သုံးသပ်သည့် မေးခွန်း ၇ခု တွင်လည်း ကျား/မရေးရာနှင့် ပတ်သက်သော မေးခွန်း တခုကို ထည့်သွင်းခဲ့သည်။ ထိုသုံးသပ်သည့်မေးခွန်းများကို ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်တွင် ဖြေရှင်းဆောင်ရွက်မည်ဖြစ်သည်။

## အစီအစဉ်များမှ စိတ်ဝင်စားဖွယ်များ

LIFT၏ မဟာဗျူဟာအသစ် နှင့်အညီ ဤရန်ပုံငွေသည် အမျိုးသမီးများ၏ ကြံ့ကြံ့ခံနိုင်မှုကို ဆက်လက်တည်ဆောက်ကာ ယင်း၏အစီအစဉ်တိုင်းတွင် အမျိုးသမီးလုပ်ကိုင်နိုင်စွမ်းရှိစေရေး နှင့် ကျား/မတန်းတူညီမျှမှု ရရှိရေး တို့အတွက် ဆက်လက် လုပ်ကိုင်မည် ဖြစ်သည်။ စိတ်ဝင်စားဖွယ်အချို့၏ အသေးစိတ်ကို အောက်တွင် ဆက်လက်ဖတ်ရှုနိုင်ပါသည်။

### ရခိုင်ဒေသအစီအစဉ်

ရခိုင်ဒေသအစီအစဉ်တွင် အမျိုးသမီးများအား စီမံချက်များမှ အကျိုးကျေးဇူး အပြည့်အဝရရှိစေရန်၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများကြောင့် ဟန့်တားမှုများမရှိစေရန် ဆောင်ရွက်ပါသည်။ ဥပမာ တက်လမ်း အစီအစဉ်(၂)၏ မိတ်ဖက်အဖွဲ့ Oxfamသည် ကျောက်ဖြူရှိ ရပ်ရွာများမှ အမျိုးသမီးများကို  ခေါင်းဆောင် ဖြစ်လာနိုင်စေမည့် ကျွမ်းကျင်မှု နှင့် စွမ်းဆောင်ရည်ကို အားဖြည့်ပေးကာ အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်း ပိုမိုရှိစေရန် အလွန် အားထုတ် ဆောင်ရွက်ခဲ့သည်။ ဤအမျိုးသမီး ခေါင်းဆောင်မှုသင်တန်းများတွင် အမျိုးသမီးများ အမျိုးသားများ ကျားမရေးရာ ကိစ္စများကို သိမြင်ရန် နှင့် အောက်ပါ သတင်းစကားသုံးချက်ကို နားလည်စေရန် ရည်မှန်းခဲ့သည်။

(၁) အမျိုးသမီး၊ အမျိုးသားတို့သည် အခွင့်အရေး တန်းတူရှိကြသည်။
(၂) အမျိုးသမီးများကို အကြမ်းဖက်ခြင်းအား လက်မခံနိုင်ပါ။
(၃) အမျိုးသမီးများသည်လည်း အမျိုးသားများနည်းတူ ခေါင်းဆောင်များဖြစ်နိုင်ကြသည်။

အမျိုးသမီးများအနေဖြင့် ဤသင်တန်းများ မှ ရရှိသည့် အသိအမြင်များကို မိမိတို့ရွာများတွင် ပြန်လည်ဝေမျှရာ၌ အထောက်အကူ ဖြစ်စေမည့် ပိုစတာများ နှင့် လမ်းညွှန်ချက်များကို Oxfamက ထုတ်ဝေခဲ့ပြီး ကျယ်ကျယ်ပြန့်ပြန့် ထိရောက်မှု ရှိစေရန် ဆောင်ရွက်ခဲ့သည်။

> "
> သင်တန်းက ပြန်ရောက်ရောက်ချင်းပဲ သိလာတာလေးတွေကို ပြန်ပြောပြတာပေါ့...ပထမတော့ သူတို့လဲ လိင်ကွဲပြားမှုကို အခြေခံတဲ့ အကြမ်းဖက်မှုဆိုတာကို နားမလည်ကြဘူး၊ ဒီတော့ တက်လမ်းက ထုတ်တဲ့ ပိုစတာကို သုံးပြီး ကာတွန်းရုပ်လေးတွေနဲ့ ရှင်းပြရတယ်
>
> ဒေါ်နုနုရီ၊ ကျောက်ဖြူတွင် Oxfam မှဖွင့်လှစ်သော ခေါင်းဆောင်မှု သင်တန်းတက်ပြီးနောက်

ချောင်းဝရွာ၊ ကင်းမြောက်ရွာ စသည်တို့တွင် အမျိုးသမီးများသည် ရပ်ရေးရွာရေးကိစ္စများတွင် ပိုမိုတက်ကြွစွာ ပါဝင်နေကြ ပြီး အရက်သေစာ သောက်စားမှု ဆန့်ကျင်ရေး၊ အစိုးရ အရာရှိများနှင့် မိတ်ဖက်ကွန်ရက်ဖွဲ့ခြင်း၊ CSO များနှင့် ချိတ်ဆက်ခြင်း စသည်တို့ကို ဦးဆောင်နေသည်။ ကျောက်ဖြူဒေသမှ အမျိုးသမီးများအပေါ် ရခိုင်ဒေသအစီအစဉ် နှင့် Oxfam စီမံချက်တို့၏ သက်ရောက်မှုကို ယင်းအမျိုးသမီးများ ကိုယ်တိုင်က ပြောပြခြင်းသည်ပင်  အကောင်းဆုံးဖြစ်သည်။

> "
> ကျွန်မက စာမတတ်ပါဘူး။ အစကတော့ ကိုယ့်ကိုယ်ကိုယ်တောင် မယုံပါဘူး၊ သင်တန်းတက်ပြီးတော့မှ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာပြီး ခေါင်းဆောင်ချင်လာတယ်။ ၂၀၂၀ ခုနှစ် ရောက်ရင် ရွာအုပ်ချုပ်ရေးမှူး နေရာကို ဝင်အရွေးခံမယ်။
>
> တင်တင်နွယ်၊ မင်းကျောက်ရွာ
>
> ကျွန်မတို့ရွာမှာက အိမ်တိုင်းလိုပဲ အိမ်တွင်း အကြမ်းဖက်မှု ရှိနေတယ်။ ဘယ်သူမှ ဒါကို အရေးမလုပ်ကြဘူး။ ခုတော့ မိန်းမတယောက်ကို အကြမ်းဖက်တာဟာ လူ့အခွင့်အရေးကို ချိုးဖောက်တာပဲ ဆိုတာ သိလာပြီ။ ရပ်ရွာထဲက အမျိုးသမီးတွေကိုလဲ ဒါကို လက်မခံရဘူးဆိုတာ နားလည်အောင် ကျွန်မတို့အုပ်စုက သင်ပေးရမယ်
>
> ဒေါ်ခင်ယုမေ၊ ချင်းမင်းပြင်ရွာ

“

မိုက်ခွက်ကို စ ကိုင်ရတော့ တကိုယ်လုံးတုန်ပြီး ခြေဖျားလက်ဖျားပါ အေးလာတယ်။ ကိုယ့်ကိုယ်ကိုယ် ပြောပြရတယ်။ ဒါ ကိုယ့်ရွာအတွက် ပြောပြမှ ဖြစ်မယ်။ လူရှေ့သူရှေ့ မပြောဖူးလဲ ကိစ္စမရှိဘူး။ ဆွေးနွေးပွဲတို့ သင်တန်းတို့မှာ ပြောနေသလိုပဲ သဘောထား…လို့။ အဲဒီနောက်တော့ စကားတွေ ချောချောမောမော ထွက်လာပြီး လူလဲ နေသာသွားတယ်

ဒေါ်သာနုခိုင်၊ သံချောင်းရွာ

“

သင်တန်းမတက်ခင်တုန်းကတော့ ကျား/မ ရေးရာတို့ အမျိုးသမီးခေါင်းဆောင်မှုတို့ဆိုတာ မိန်းမတွေကို သူတို့ ယောကျ်ားတွေနဲ့ ရန်တိုက်ပေးတာလို့ မှတ်နေခဲ့တာ။ တကယ်တော့ ထင်ထားတာနဲ့ တခြားစီ ဖြစ်နေတယ်။ မိန်းမနဲ့ ယောကျ်ားတွေ မိတ်ဆွေတွေဖြစ်တယ်။ လူမှုပေါင်းသင်းဆက်ဆံရေးတို့ ဘာတို့ကို  ဆွေးနွေးရတယ်။ ကျုပ်က ကျုပ်မိန်းမနဲ့ ရန်မဖြစ်ချင်ပါဘူး။ သားကိုရော သမီးကိုရော အတူတူပဲ အခွင့်အရေးပေးတယ်။

အမျိုးသား သင်တန်းသား တဦး၊ ကလန်ကျွန်း



ကျောက်ဖြူဒေသမှ အမျိုးသမီးများ၏ ခေါင်းဆောင်မှု

တက်လမ်းကျေးရွာများတွင် အမျိုးသမီးများသည် အချင်းချင်းအထောက်အပံ့ပြုလျက် ကျား/မခွဲခြားဆက်ဆံမှု အတားအဆီးများကို ကျော်လွှားကာ ရပ်ရွာများကို ခေါင်းဆောင်နေကြသည်။ ဒေါ်ရွှေသန်းသည် တချိန်က ရခိုင်ဒေသ ကျေးရွာများတွင် ယောကျ်ားနှင့် မိန်းမများကို ခွဲခြားထားမှုအခြေအနေကို ဖြတ်ကျော်နိုင်ခဲ့သည်။ ချောင်းဝရွာက သူမကို ဆယ်အိမ်မှူး တယောက်အဖြစ် ရွေးကောက်ခဲ့သည်။ သူ့ကို ရပ်ရွာလူကြီးများက ထောက်ခံကြသည်။

အစတွင် ဒေါ်ရွှေသန်းသည် ထိုတာဝန်ကို ထမ်းဆောင်ရန် ကြောက်နေခဲ့သည်။ သူ စာမတတ်သောကြောင့် ဖြစ်သည်။ သို့သော် ရွာက သူ့ကို ယုံကြည်သည့်ပြင် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိမှု သင်တန်းကို တက်ခဲ့ရသောကြောင့် အားရှိလာပြီး ထိုတာဝန်ကို လက်ခံခဲ့သည်။

“

'ကျွန်မ ကိုယ့်ကိုယ်ကိုယ် အားပေးပြီး အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိရေး လှုပ်ရှားမှုတွေမှာ ခေါင်းဆောင်ခဲ့တယ်။ ကိုယ်သိထားတာကို အများပြည်သူကို ဘယ်လိုပြန်ပြောပြရလဲဆိုတာမျိုးကို အဲဒီမှာ တတ်ခဲ့တာ' သူမသည်  ဉာဏ်ကျွမ်းကျင်မှုနှင့် စိတ်အားထက်သန်မှုတို့ဖြင့် ကျေးရွာအစည်းအဝေးများကို ဆယ်အိမ်မှူး တစ်ယောက်အဖြစ် ဦးဆောင်နေသည်။

ရေးသားတင်ပြသူ။ ဂျနီဖာ မက်ကင်တိုင်ယာ-တက်လမ်း ပြန်ကြားရေးနှင့်ဆက်သွယ်ရေး ဌာနမှူး

တက်လမ်းအစီအစဉ် ပထမအဆင့်(၂၀၁၃-၂၀၁၅) အတွင်း ရခိုင်ဒေသ ကျား/မ တန်းတူညီမျှမှု တိုးတက်ရေး၏ အဓိက ရလဒ်များတွင် အောက်ပါတို့ပါဝင်သည်-

## ဆုံးဖြတ်ချက်ချမှတ်ရေးတွင် တက်ကြွစွာ ပါဝင်မှု

- VDC ကိုယ်စားလှယ် ၃၀ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်သည်။
- အိမ်ထောင်စု ၆၅ ရာခိုင်နှုန်း (ယခင်က ၄၁ ရာခိုင်နှုန်း)က အမျိုးသမီးများသည် ရပ်ရေးရွာရေး ဆုံးဖြတ်ချက် ချမှတ်ရေးတွင် ပါဝင်သင့်သည်ဟု သဘောတူကြသည်။
- သင်တန်းများ ဆွေးနွေးပွဲများတွင် အမျိုးသမီးများ ပိုမို ပါဝင်တက်ရောက်ကြသည်။
- အမျိုးသမီး လုပ်ကိုင်နိုင်စွမ်းရှိမှု သင်တန်းကို တက်ရောက်နေသော အမျိုးသမီး ၆၅ ရာခိုင်နှုန်းက သူတို့၏ အသိအမြင်
- ကျွမ်းကျင်မှုများကြောင့် ပိုမို ယုံကြည်စိတ်ချမှုရှိလာကြောင်း ပြောကြားကြသည်။

## ကျေးရွာ ငွေစုငွေချေးအသင်းများ (VSLA)

- VSLA များတွင် အမျိုးသမီးများပါဝင်မှု မြင့်မားသည်။ အသင်းဝင် ၈၂ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်သည်။ ခေါင်းဆောင်နေရာကို ရထားသူ အမျိုးသမီးများလည်း များစွာရှိသည်။
- အမျိုးသမီး ၇၀ ရာခိုင်နှုန်းခန့်မှာ အိမ်ထောင်စုများတွင်ဖြစ်စေ၊ VSLAများတွင်ဖြစ်စေ ငွေကြေးကိစ္စကို အဆုံးအဖြတ်ပေးရာတွင် ပါဝင်နေကြသည်။
- VSLA အသင်းဝင် ၅,၅၂၃ ဦးသည် စုငွေ ကန်ဒေါ်လာ ၄၂၀,၀၀၀ ကို စုဆောင်းထားပြီး ချေးငွေ ကန်ဒေါ်လာ ၉၀၀,၀၀၀ ခန့်ကို ထုတ်ချေးထားသည်။ ချေးငွေ ၃၃ ရာခိုင်နှုန်းမှာ အမျိုးသမီးများဦးစီးသော အသေးစား စီးပွားရေး လုပ်ငန်းများသို့ ထုတ်ချေးထားသည်။ ချေးငွေများကို သုံးလအတွင်း ပြန်ဆပ်ရသည်။

## ဝင်ငွေ နှင့် လုပ်ခတူညီမှု

- တက်လမ်း၏ အလုပ် နှင့် ငွေ ဖလှယ်သော စီမံချက်လုပ်ငန်းများတွင် ဝင်ငွေနည်းပါးကြရှာသည့် ကျေးရွာသူ / သားပေါင်း ၃၁,၀၀၀ ပါဝင်ခဲ့ရာ ၅၄ရာခိုင်နှုန်းမှာ အမျိုးသမီး ဖြစ်သည်။  မူလရည်မှန်းချက် ၄၀ ရာခိုင်နှုန်းထက် များစွာ သာလွန်သည်။
- အမျိုးသမီးများအား လုပ်ခ ပိုပေးရန်ဆုံးဖြတ်ချက်ကို အမျိုးသားများက ကန့်ကွက်ခဲ့ကြသော်လည်း ကျား/မတူညီစွာ လုပ်ခပေးချေခဲ့သည်။



အသက် ၂၇ နှစ်အရွယ် သက်ရည်ဝင်း သည် ရပ်ရွာခေါင်းဆောင်တစ်ဦးဖြစ်လိုသော ဆန္ဒရှိပြီး စွမ်းဆောင်ရည်နှင့် သတ္တိတို့လည်း ရှိသည်။ ရှေးရိုးဆန်လှသော ရခိုင်ပြည်နယ်မှ ကျေးတောသူလေးအတွက် ထူးခြားလှသည့် စိတ်အား ထက်သန်မှု တစ်ခုပင် ဖြစ်သည်။ သူမသည် လွန်ခဲ့သော သုံးနှစ်က ဇာတိ အုန်းတောရွာတွင် ပထမဆုံး အမျိုးသမီး ဆယ်အိမ်မှူး ဖြစ်ခဲ့သည်။ သက်ရည်ဝင်း သည် Oxfam က ကြီးမှူး ကျင်းပသော သင်တန်းများမှ ကျားမရေးရာ၊ အမျိုးသမီးခေါင်းဆောင်မှု၊ လူမှုရေး တာဝန်ခံယူမှု၊ မြေယာဥပဒေ၊ ဆွေးနွေးလှုံ့ဆော်ခြင်း စသည့် ဘာသာရပ်များဆိုင်ရာ အသိအမြင် နှင့် သတင်း အချက်အလက်များကို ရရှိခဲ့သည်။ Oxfam၏ အမျိုးသမီးခေါင်းဆောင်မှု သင်တန်း တက်ရောက်ပြီးနောက် ၂၀၁၆ခုနှစ် ဒီဇင်ဘာလတွင် အမျိုးသမီး ၂၂ ဦးပါ အုပ်စုတခု ကို ဦးဆောင်ဖွဲ့စည်းခဲ့သည်။ ထိုအုပ်စုသည် တစ်လလျှင် နှစ်ကြိမ် တွေ့ဆုံကာ အမျိုးသမီးရေးရာများကို ဆွေးနွေးကြသည်။ အဖွဲ့ဝင် အချင်းချင်း ထောက်ပံ့ရန် အမျိုးသမီးအများအတွက် အရေးပေါ်ရန်ပုံငွေတရပ်ကို ထူထောင်ထားကြသည်။ ယင်းအဖွဲ့လေးသည် ပုဂ္ဂိုလ်ရေးရာ အခက်အခဲများ ရှိပါကလည်း အချင်းချင်း အသိပေး မျှဝေကာ ဖေးမနိုင်မည့် လုံခြုံသည့် နေရာလေးတခုလည်း ဖြစ်သည်။

“

‘သင်တန်းတွေကနေ သိခဲ့ရတာတွေကတော့ အများကြီးပဲ။ ဒါတွေကို ရပ်ရွာထဲက အမျိုးသမီးတွေကို ပြန်မျှဝေပေးတယ်။ အချင်းချင်း စည်းလုံးအောင် ပါဝင်ကြဖို့လည်း တိုက်တွန်းတယ်’ဟု သူက ဆိုသည်။ အဆင့်မြင့်ခေါင်းဆောင်မှုကို သူလှမ်းတက်ရာတွင် ကျန်အမျိုးသမီးများ၏ အထောက်အပံ့သည် အခရာပင်ဖြစ်ကြောင်း သူမက လေ့လာသိရှိထားသည်။ ပိုမို တာဝန်ယူရန်လည်း သူ စိတ်ဆုံးဖြတ်ထားပြီး ဖြစ်သည်။ ‘ရွာခေါင်းဆောင်မပြောနဲ့၊ ဖြစ်နိုင်ရင် နိုင်ငံတော်သမ္မတတောင် လုပ်ချင်တယ်’ ဟု သူမကပြုံးလျက် ဆိုသည်။

## မြစ်ဝကျွန်းပေါ်ဒေသ အစီအစဉ်

မြစ်ဝကျွန်းပေါ်အစီအစဉ်သည် စီမံချက်လုပ်ငန်းများတွင် အားလုံးပါဝင်စေရန် နှင့် အမျိုးသမီး၊အမျိုးသားများ၏ လိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်ပေးသည်။ မိတ်ဖက်အဖွဲ့ WHH က ဆောင်ရွက်နေသော စီမံချက်သည် မြစ်ဝကျွန်းပေါ် (၂) အစီအစဉ်မှ ရရှိသော သင်ခန်းစာများအပေါ် အခြေခံပြီး အမျိုးသမီးများနှင့် ကျား/မ တန်းတူညီမျှရေးကို အထူးအလေးထားကာ စီမံချက်လုပ်ငန်းစဉ်များနှင့် ဘတ်ဂျက်ကို ပြန်လည်သတ်မှတ်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် WHH သည် ယင်းတို့၏ လုပ်ငန်းအားလုံးတွင် ကျား/မရေးရာပါဝင်မှု ပိုမိုကောင်းမွန်စေရန်အတွက် သုံးသပ်ချက်တခုကို ဆောင်ရွက်ကာ ကျား/မ ရေးရာ မဟာဗျူဟာ ကို ရေးဆွဲခဲ့သည်။ ကျား/မ ရေးရာ အသိပညာပေးမှုများကို ကျေးရွာ ၅၂ ရွာတွင် ဆောင်ရွက်ခဲ့သည်။ ၂၀၁၆ခုနှစ်နှစ်ဆန်းတွင် မိတ်ဖက်အဖွဲ့များ၊ နည်းပညာဝန်ထမ်းများနှင့် ကွင်းဆင်းဝန်ထမ်းများကို နည်းပြသင်တန်း ပို့ချခဲ့သည်။

ကျား/မ တန်းတူညီမျှမှု ပိုမိုဖြစ်လာစေရေးအတွက် အခွင့်အလမ်းများ အတားအဆီးများကို ဖော်ထုတ်ရန် ကျား/မ ရေးရာ လုပ်ငန်းအုပ်စုတခုကို ဖွဲ့စည်းကာ စီမံချက်လုပ်ငန်းများကို ပြန်လည်သုံးသပ်ခဲ့ပြီး၊ ယင်းတွေ့ရှိချက်များအတိုင်း ဆောင်ရွက်ရန် စီမံချက်များ ရေးဆွဲခဲ့သည်။ ဤမဟာဗျူဟာ၏ နောက်ဆုံးအဆင့်မှာ ကျား/မ ရေးရာ အသိပညာပေးမြှင့်တင်ရေး လုပ်ရှားမှုတခုကို ရေးဆွဲ အကောင်အထည်ဖော်ခြင်း ဖြစ်သည်။ မြစ်ဝကျွန်းပေါ် (၂) အစီအစဉ်အတွင်းက ထုတ်လုပ်ခဲ့သော ညီညွတ်မှုဆီသို့ ဇာတ်လမ်းရုပ်ရှင်ကို ရွာများတွင် ပြသကာ ကျား/မ တန်းတူညီမျှမှု ကောင်းမွန်စေရေးအတွက် အခွင့်အလမ်းများ နှင့် အတားအဆီးများကို ဆွေးနွေးစေသည်။ ၂၀၁၆ နှစ်ကုန်တွင် စီမံချက်ရွာအားလုံးနီးပါး၌ ပညာပေးလုပ်ငန်းဆောင်ရွက်ခဲ့ရာ တက်ရောက်သူ ၂,၀၀၀ ကျော်ရှိသည်။ ၂၀၁၇ ခုနှစ် လုပ်ငန်းများပြီးစီးချိန်၌ အမျိုးသမီးများ၏ဘဝအပေါ် ဤပညာပေးလုပ်ငန်းများ၏ သက်ရောက်မှု ပေါ်လွင် လာမည် ဖြစ်သည်။

## အပူပိုင်းဇုန်အစီအစဉ်

အပူပိုင်းဇုန်အစီအစဉ်၏ စီမံချက်လုပ်ငန်းအားလုံးတွင် အမျိုးသမီးများ အသင့်အတင့်ပါဝင်သည့်ပြင် အမျိုးသမီးများ၏ သီးသန့် လိုအပ်ချက်များကို ဖြည့်ဆည်းသော စီမံချက်လုပ်ငန်းများကိုလည်း ဆောင်ရွက်သည်။ မိတ်ဖက်အဖွဲ့ ActionAid က မကွေးတိုင်း ကျေးလက်ဒေသမှ ဝင်ငွေရလမ်းမရှိသူ အမျိုးသမီးများအတွက် အခြေခံဝန်ဆောင်မှုများ၊ လူမှုရေး အထောက်အပံ့များ ရရှိစေရန် သီးသန့်စီမံချက်တခု ဖြစ်သည့် SEDN ကို ဆောင်ရွက်ခဲ့သည်။ ဤစီမံချက်သည် အမျိုးသမီး များကို အသက်မွေးမှု ပညာသင်တန်းများ ဖွင့်ပေးပြီး အရည်အသွေးမြင့် လက်မှုပစ္စည်းများကို ထုတ်လုပ်ကာ MBoutik ဆိုင်များ မှတဆင့် ရောင်းချစေခဲ့သည်။ ထို့ပြင် အမျိုးသမီးများကို CSO များ၊ NGOများ၊ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍတို့ နှင့် ချိတ်ဆက်ပေးခဲ့သည်။ ၂၀၁၆ တွင် SEDNသည် အမျိုးသမီး ၃,၉၀၀ ကို ဤကွန်ရက်များ မှတဆင့် လူမှုအထောက်အပံ့ ဝန်ဆောင်မှုများ၊ ကျောင်းပြင်ပ ပညာရေးတို့ကို ပေးအပ်နိုင်ခဲ့သည်။ အမျိုးသမီးခေါင်းဆောင် ၈၀ ဦးကိုလည်း လူမှုစီးပွားရေး ဆိုင်ရာ သင်တန်းများ ပေးခဲ့ပြီး ယင်းတို့၏ MBoutikဆိုင်များမှ မြန်မာကျပ် ၇၃,၀၀၀,၀၀၀ (ကန်ဒေါ်လာ၅၆,၁၀၀) ဖိုးထိ ရောင်းချရခဲ့သည်။ ၂၀၁၆ခုနှစ်တွင် ဤစီမံချက်သည် ယင်း၏ စီးပွားရေး စီမံချက်ကို အပြီးသတ်ရေးဆွဲခဲ့ရာ ၂၀၁၈ တွင် ဤစီမံချက် ပိတ်သိမ်း သွားသည့်တိုင် အမျိုးသမီးများ၏ဘဝကို ဆက်လက် အကျိုးပြုနေနိုင်စေရန် ဦးတည်ထားသည်။

# နိုင်ငံအဝန်း နှင့် အစီအစဉ်အားလုံးတွင် ပါဝင်မှု

ကျား/မ တန်းတူညီမျှမှု နှင့် အမျိုးသမီးလုပ်ကိုင်နိုင်စွမ်းရှိမှု တို့သည် LIFT ၏အစီအစဉ်အားလုံးတွင် ပါဝင်သည့် အရေးပါ သောကဏ္ဍများဖြစ်သည်။ အထူးသဖြင့် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ အာဟာရ၊ ရွှေ့ပြောင်း သွားလာရေး၊ မူဝါဒဆိုင်ရာ ပံ့ပိုးမှုများတွင် ဖြစ်သည်။ အောက်တွင် စိတ်ဝင်စားဖွယ်အချို့ကို ဖော်ပြထားပြီး အသေးစိတ်ကို အခန်း(၄)နှင့် (၆) တွင် တွေ့နိုင်သည်။

## ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု

မြန်မာကျေးလက်ဒေသရှိ အမျိုးသမီးများတွင် ငွေကြေးလက်လှမ်းမီမှု နှင့် ငွေကြေးဆိုင်ရာတွင် ဆုံးဖြတ်ပိုင်ခွင့်မှာ အကန့်အသတ်ဖြင့်သာ ရှိနေသည်။ ငွေကြေးအရင်းအမြစ်ကို လက်လှမ်းမီမှု နှင့် ထိန်းချုပ်ပိုင်ခွင့်မှာ ကျား/မ တန်းတူ မညီမျှမှုနှင့် ဆက်စပ်လျက်ရှိသည်။[၈၀] အမျိုးသမီးများကို ငွေကြေးအရင်းအမြစ် လက်လှမ်းမီမှုနှင့် ငွေကြေးအသုံးပြုမှု အသိပညာပေးမှုများ ပေးအပ်ခြင်းဖြင့် ဤတန်းတူ မညီမျှမှုကို ကိုင်တွယ်နိုင်ပြီး အမျိုးသမီးများ၏ ငွေကြေးဆိုင်ရာ ဆုံးဖြတ်နိုင်စွမ်းလည်း ကောင်းမွန်လာမည်ဟု အပြည်ပြည်ဆိုင်ရာ သုတေသနများက ထောက်ပြနေသည်။[၈၁] ထို့ပြင် အမျိုးသမီးများသည် ငွေကြေးကို လက်လှမ်းမီလာပါက ပိုမိုယုံကြည်စိတ်ရှိလာပြီး ရပ်ရေးရွာရေးကိစ္စများတွင် အဆုံးအဖြတ်ပေးသည့် တာဝန်များကိုလည်း ယူလာကြောင်း အထောက်အထားများက ပြနေသည်။[၈၂]

LIFT၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုအစီအစဉ်သည် အမျိုးသမီးများအား လုပ်ကိုင်ဆုံးဖြတ်နိုင်စွမ်းကို ပေးအပ်သည်။ အမျိုးသမီးများအား ချေးငွေနှင့် ငွေကြေးဆိုင်ရာပညာပေးမှု အပါအဝင် ငွေကြေးဝန်ဆောင်မှုများ ပေးအပ်ကာ ကျား/မ တန်းတူညီမျှမှု ရရှိရေးကို ဆောင်ရွက်သည်။ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်းမှ ပံ့ပိုးမှုရရှိသူ ၉၀ ရာခိုင်နှုန်း ကျော်မှာ အမျိုးသမီးများ ဖြစ်သည်။ အသေးစား ငွေကြေး မိတ်ဖက်အဖွဲ့များကလည်း ယင်းတို့၏ ဝန်ထမ်းရေးရာ မူဝါဒများဖြင့် အမျိုးသမီးများအား လုပ်ကိုင်နိုင်စွမ်းရရှိအောင် ဆောင်ရွက်ပြီး ဝန်ထမ်း ၆၀ ရာခိုင်နှုန်းခန့်မှာ အမျိုးသမီး ဖြစ်သည်။

*ဇယား၅.၁။ LIFT၏ အသေးစား ငွေကြေး မိတ်ဖက်အဖွဲ့များ၏ ကျား/မအလိုက် ဝန်ဆောင်မှုအသုံးပြုသူ နှင့် ဝန်ထမ်းစာရင်း*[၈၃]

| အညွှန်း | အမျိုးသမီး | အမျိုးသား | စုစုပေါင်း |
|---|---|---|---|
| ဝန်ဆောင်မှုအသုံးပြုသူ | ၁,၆၀၁,၀၉၁<br>(စုစုပေါင်း၏ ၉၃ရာခိုင်နှုန်း) | ၁၁၃,၁၉၆<br>(စုစုပေါင်း၏ ၇ရာခိုင်နှုန်း) | ၁,၇၁၄,၂၈၇ |
| ဝန်ထမ်း | ၂,၇၇၇<br>(စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်း) | ၁,၈၅၄<br>(စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်း) | ၄,၆၂၉ |

## အာဟာရ

LIFTသည် မိခင်နှင့်ကလေး ငွေကြေးထောက်ပံ့မှု (MCCT)ကို ဒေအသလိုက် စီမံကိန်းတိုင်းတွင် ထည့်သွင်းဆောင်ရွက်ကာ ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် နှစ်နှစ်အောက် ကလေးရှိသည့် မိခင်များကို ထောက်ပံ့ငွေနှင့်အတူ အာဟာရ အသိပညာပေး သင်တန်းများကို တက်စေသည်။ ၂၀၁၆ ခုနှစ်တွင် မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုန်နှင့် ရခိုင်ပြည်နယ်တို့တွင် MCCT စီမံချက်များကို အောင်မြင်စွာ ဆောင်ရွက်ခဲ့သည်။ ရရှိသည့် အတွေ့အကြုံကို အသုံးချကာ ၂၀၁၆ ခုနှစ်တွင် လူမှုဝန်ထမ်း ဦးစီးဌာန နှင့်အတူ ချင်းပြည်နယ်တွင် အစိုးရက ဦးဆောင်မည့် MCCT အစီအစဉ်ကို စီမံချက်ရေးဆွဲခဲ့သည်။ ယင်းကို ၂၀၁၇ ခုနှစ်တွင် စတင်မည်။ အသေးစိတ်ကို အခန်း(၃)နှင့် (၆) တွင် ကြည့်ပါ။

ဤ MCCT စီမံချက်များက ငွေကြေးထောက်ပံ့မှုကြောင့် အမျိုးသမီးများအနေဖြင့် ငွေကြေးထိန်းချုပ်ခွင့်ကို လက်လှမ်းမီလာသည်။ အာဟာရပညာပေးသင်တန်းများကြောင့် မိမိနှင့် ရင်သွေးငယ်တို့၏ ကျန်းမာသုခဆိုင်ရာ ကိစ္စများအတွက် ဆုံးဖြတ်နိုင်စွမ်းလည်း တိုးတက်လာသည်။ ဤဆောင်ရွက်ချက်များကြောင့် အမျိုးသမီးများမှာ မိမိကိုယ်မိမိ လေးစားစိတ်နှင့် ရပ်ရေးရွာရေးတွင် ပါဝင်ဆုံးဖြတ်လိုစိတ်လည်း ရှိလာကြောင်း သုတေသနပြုမှုအရ သိရသည်။[၈၄]

---

[80] Australian Department of Foreign Affairs and Trade (DFAT), 'Women and the economy in Myanmar: An assessment of DFAT´s private sector development programs', January 2016

[81] United Nations Population Fund (UNFPA, 2010); Food and Agriculture Organization (FAO) and Myanmar Ministry of Agriculture Livestock and Irrigation, Formulation and Operationalisation of National Action Plan for Poverty Alleviation and Rural Development through Agriculture (NAPA), 'Exploring Linkages: Women's Empowerment, Microfinance and Health Education', Social Inclusion and Gender, Working Paper – 12, Yangon, June 2016, available at: http://www.fao.org/3/a-bl834e.pdf [accessed on 16/11/16].

[82] Food and Agriculture Organization (FAO) and Myanmar Ministry of Agriculture Livestock and Irrigation, Formulation and Operationalisation of National Action Plan for Poverty Alleviation and Rural Development through Agriculture (NAPA), Social Inclusion and Gender, Working Paper – 12, Yangon, June 2016, available at: http://www.fao.org/3/a-bl834e.pdf [accessed on 16/11/16].

[83] ဝန်ဆောင်မှုအသုံးပြုသူဆိုင်ရာ ကိန်းဂဏန်းများကို ၂၀၁၇ခုနှစ် အစောပိုင်း ၊ ဝန်ထမ်းများနှင့်ပတ်သက်သည့် ကိန်းဂဏန်းများကို ၂၀၁၆ခုနှစ်ဇွန်လ အသီးသီးဖြင့် ဖော်ပြထားခြင်း ဖြစ်သည်။

[84] Van den Bold, Quisumbing, Gillespie, 'Women's Empowerment and Nutrition. An Evidence Review', 2013

### ရွှေ့ပြောင်းသွားလာခြင်း

LIFTက ရန်ပုံငွေထောက်ပံ့သည့် သုတေသန နှင့် စာအုပ်စာတမ်းများတွင် လုပ်သားရွှေ့ပြောင်းသွားလာရေးသည် အမျိုးသမီးများအား မိမိကိုယ်မိမိ လေးစားစိတ်နှင့် စွမ်းဆောင်ရည်တည်ဆောက်နိုင်မည့် အခွင့်အလမ်းကို ပေးအပ်ကာ ယင်းတို့၏ လုပ်ကိုင်နိုင်စွမ်းကို ပေးနိုင်သည်ကို ဖော်ပြထားသည်။[၈၅] ဤသို့ဖြစ်စေရန် အမျိုးသမီးများသည် အကာအကွယ် ရှိကာ လုံခြုံရမည့်အပြင်၊ ရွှေ့ပြောင်းသွားလာရေးက ပေးသည့် အခွင့်အလမ်းများကို လက်လှမ်းမီနိုင်မည့် ကျွမ်းကျင်မှုနှင့် အရင်းအမြစ်များရှိရန်လည်း လိုသည်။ ၎င်းမှာ LIFT၏ ရွှေ့ပြောင်းသွားလာရေး အစီအစဉ်၏ အဓိက ဦးတည်သည့် အချက်ပင် ဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် LIFTသည် မိမိ၏ ရွှေ့ပြောင်းသွားလာရေးအစီအစဉ် နှင့် အစိုးရ၏ မူဝါဒရေးဆွဲမှု အပိုင်းတို့အတွင် အထောက်အကူဖြစ်စေရန်အတွက် မြန်မာနိုင်ငံ ရွှေ့ပြောင်းသွားလာရေးတွင် ကျား/မအလိုက် အခြေအနေများကို သုတေသန ပြုစေခဲ့သည်။ ယင်းသုတေသနစာတမ်းကို ၂၀၁၆တွင် ထုတ်ဝေခဲ့သည်။ အမျိုးသမီး ရွှေ့ပြောင်းသွားလာသူများကို ထောက်ပံ့ ရာတွင် လိုအပ်နေသည့် မူဝါဒများ၊ နည်းလမ်းများကို စတင် သုတေသန ပြုနေသည်။ [၈၆]

LIFT၏ ရွှေ့ပြောင်းသွားလာရေး အစီအစဉ်သည် အမျိုးသမီးများ လုံခြုံဘေးကင်းစွာ ရွှေ့ပြောင်းသွားလာရေးကို ဖြစ်ပေါ် စေရန်အတွက် ဆောင်ရွက်လျက်ရှိသည်။ အိမ်တွင်းလုပ်သားများအတွက် သင့်တင့်သော အလုပ်အကိုင်ဆိုင်ရာ ကွန်ဗင်းရှင်း၁၈၉ ကို အတည်ပြုရန် နှင့် သက်ဆိုင်သည့် လုပ်ထုံး လုပ်နည်းများကို ရေးဆွဲရန် ထောက်ပံ့ခဲ့သည်။ ၂၀၁၆ခုနှစ် တွင် လူကုန်ကူးခြင်း၊ ရွှေ့ပြောင်းသွားလာရေး၊ အမျိုးသမီး အလုပ်အကိုင် စသည်တို့နှင့် စပ်လျဉ်း၍ အလုပ်သမား၊လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် ထိတွေ့ဆောင်ရွက်ရာတွင် ဤကွန်ဗင်းရှင်းကို ဦးတည်ခဲ့ပြီး အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိရေး နှင့် အကာအကွယ်ပေးရေး မှုများ၊ အိမ်တွင်းလုပ်သားများ ကိစ္စတို့ကို ဆွေးနွေးခဲ့သည်။

၂၀၁၆တွင် ထိခိုက်လွယ်သော ရွှေ့ပြောင်းသွားလာသူအမျိုးသမီးများကို ပိုမိုဦးတည်ကာ ရန်ကုန်ဒေသတွင် လိင်လုပ်သား ဖြစ်သွားသည့် ရွှေ့ပြောင်းသွားလာသူအမျိုးသမီးများကို ထောက်ပံ့မည့် စီမံချက်အသစ်တခုကို Eden အဖွဲ့အစည်း နှင့် လက်မှတ်ရေးထိုးခဲ့သည်။ အသေးစိတ်ကို အခန်း (၄)တွင် ကြည့်ပါ။

### မူဝါဒ

၂၀၁၆ တွင် LIFT သည် မြန်မာနိုင်ငံတွင် ကျား/မ တန်းတူညီမျှမှုကို ပိုမိုရရှိစေရန် သက်ဆိုင်ရာ မူဝါဒ ဆွေးနွေးမှုများ တွင် ပါဝင်ခဲ့သည်။ ကျား/မ ရေးရာ မူဝါဒဖြစ်ထွန်းရေးကိစ္စများတွင် အစိုးရနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ခဲ့ရာ မှတ်သား လောက်သော အောင်မြင်မှုများကို မိတ်ဖက်အဖွဲ့ GEN မှတဆင့် ရရှိခဲ့သည်။ GEN သည် ဝန်ကြီးများ၊ လွှတ်တော်အမတ် များနှင့် တွေ့ဆုံကာ အမျိုးသမီးများအား အကြမ်းဖက်ခြင်းမှ ကာကွယ်တားဆီးသည့် ဥပဒေကို ဆွေးနွေးခဲ့သည်။ မတ်လတွင် အုပ်ချုပ်ရေးတွင် အမျိုးသမီးများပါဝင်စေရေး ဆွေးနွေးပွဲကို ကျင်းပခဲ့ရာ လွှတ်တော်အမတ် ၁၀၀ ကျော် တက်ရောက်ခဲ့သည်။ GEN သည် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ (MNCWA) တွင် ပါဝင်ခွင့်ရထားသောကြောင့် အမျိုးသမီးများ အပေါ် ခွဲခြားဆက်ဆံမှုများအားလုံး ပပျောက်ရေး သဘောတူစာချုပ် (စီဒေါ/CEDAW) ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း(NSPAW)၊ ကဏ္ဍအားလုံးတွင် အမျိုးသမီးများ တန်းတူညီမျှမှု တို့ကို အကောင်အထည်ဖော်ရေးအတွက် ဆွေးနွေးလှုံ့ဆော်နိုင်ခဲ့သည်။

## ၅.၄။ လူမှုကာကွယ်စောင့်ရှောက်ရေး

မြန်မာနိုင်ငံ၏ လူမှုရေး စီးပွားရေးတို့မှာ သွက်လက်တက် ကြွစွာ လှုပ်ရှားအသက်ဝင်နေပြီး များစွာသော လူများ၊ အိမ်ထောင်စု များ အတွက် မိမိတို့၏အသက်မွေးမှုကို တိုးတက်အောင် လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများ ဖြစ်ထွန်းလျက် ရှိသည်။ သို့သော် ကျေးလက် နေ အိမ်ထောင်စုများအဖို့ ရောဂါများဖြစ်ခြင်း၊ ရာသီဥတုဆိုးရွားခြင်းစသော ဘေးသင့်မှုများကြောင့် လည်းကောင်း၊ အာဟာရချို့တဲ့ခြင်း၊ လူမှုရေး ကမောက်ကမ ဖြစ်ခြင်း၊ ဆင်းရဲနွမ်းပါးခြင်းစသော လူမှုရေး စီးပွားရေး ဖိစီးမှုဒဏ် များကြောင့် လည်းကောင်း ဤအခွင့်အလမ်းများ ဆုံးရှုံးနိုင်သည်။ အစိုးရ၏ အမျိုးသား လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာ စီမံချက်သည်-(၁) လူမှုရေး စီးပွားရေးအရ ထိခိုက်လွယ်မှုကို ကာကွယ်ရန်၊ လျော့ပါးသက်သာစေရန်၊ (၂) မရှိမဖြစ် အခြေခံ ဝန်ဆောင်မှုများ နှင့် စီးပွားရေး အခွင့်အလမ်းများကို ပိုမို လက်လှမ်း မီစေရန်၊ (၃) မျှော်လင့်မထားသော ဘေးဒဏ်များကို ကျော်လွှားနိုင်စွမ်း ပိုမို ရှိလာအောင် ဆောင်ရွက်ရန် ရည်မှန်းသည်။ LIFT သည် အစိုးရ ဌာနဆိုင်ရာ စွမ်းဆောင်ရည်ကို အားဖြည့်ပေးခြင်း၊ ဘက်စုံဖွံ့ဖြိုးမှုနှင့် တန်းတူညီမျှမှုကို မြှင့်တင်ဆောင်ရွက်ခြင်း၊ အကျိုးခံစားခွင့်ရှိသည့် ရပ်ရွာများ၏ ကြံ့ကြံ့ခံနိုင်မှုကို တိုးတက်စေမည့် လုပ်ဆောင်ချက်များဖြင့် အစိုးရ၏ အမျိုးသားလူမှုကာကွယ်ရေး ရည်မှန်းချက်များကို ပံ့ပိုး ဆောင်ရွက်မည် ဖြစ်သည်။

---

[85] BRIDGE at the Institute of Development Studies, University of Sussex, Brighton, 'Gender and Migration Overview Report', 2005

[86] The World Bank, 'On the Move, Migration Survey', LIFT, Yangon, 2016

## အစိုးရကို ပံ့ပိုးဆောင်ရွက်ခြင်း

၂၀၁၆ တွင် LIFT ၏ မိတ်ဖက်အဖွဲ့ HelpAge သည် လူမှုကာကွယ်စောင့်ရှောက်ရေး ရေရှည် ရည်မှန်းချက်များကို ထောက်ပံ့ရန်နှင့် အစိုးရ၏ ဌာနဆိုင်ရာ စွမ်းဆောင်ရည်ကို အားဖြည့်ရန် အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး ဌာန နှင့် ပူးပေါင်း ဆောင်ရွက်ခဲ့သည်။ ၂၀၁၆ စက်တင်ဘာလတွင် သက်ကြီးရွယ်အိုများ ဆိုင်ရာဥပဒေကို လွှတ်တော်က အတည်ပြုခဲ့သည်။ သက်ကြီးရွယ်အိုဆိုင်ရာ အမျိုးသားမူဝါဒ နှင့် ငါးနှစ်စီမံကိန်းကိုလည်း စတင်ရေးဆွဲနေရာ ၂၀၁၇ ခုနှစ်တွင် ပြီးစီးမည် ဖြစ်သည်။ ၂၀၁၆ ခုနှစ် ဖွန်လတွင် လူမှုဝန်ထမ်းဦးစီးဌာန နှင့် HelpAge တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော သက်တမ်း ၁ နှစ်ရှိပြီဖြစ်သည့် ငွေကြေးပံ့ပိုးမှု ရှေ့ပြေးစီမံချက် ပြီးစီးခဲ့သည်။ ဝန်ကြီးဌာနသည် ဤရှေ့ပြေးစီမံချက်၏ သုံးသပ်အစီရင်ခံစာကို ချင်းပြည်နယ် MCCT အစီအစဉ် ရေးဆွဲရာတွင် မှီငြမ်းခဲ့သည်။ စီမံချက်၏ ထူးခြားသော အခြား အောင်မြင်မှုတခုမှာ အသက် ၉၀ကျော် သက်ကြီးပုဂ္ဂိုလ်များအား ပံပိုးမည့် လူမှုရေးပင်စင်အတွက် ဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်ကို တိုးမြှင့်ရန် စီမံကိန်း နှင့် ဘဏ္ဍာရေးကော်မရှင်က ဆုံးဖြတ်ခဲ့ခြင်းပင် ဖြစ်သည်။

## ရပ်ရွာလူထုကို ထောက်ပံ့ခြင်း

အမျိုးသားအဆင့်တွင် အစိုးရနှင့် မူဝါဒဆိုင်ရာ ထိတွေ့ဆောင်ရွက်သည့်နည်းတူ အောက်ခြေအဆင့်တွင်လည်း ရပ်ရွာများနှင့် တက်ကြွစွာ ဆောင်ရွက်လျက်ရှိသော စီမံချက်များကို LIFT က ထောက်ပံ့နေသည်။ အပူပိုင်းဇုန်တွင် HelpAge နှင့် ဒေသခံမိတ်ဖက် မွန္တလေး ခရစ်ယာန် ကလျာဏယုဝအသင်း (YMCA) တို့ ပူးတွဲ အကောင်အထည်ဖော် နေသော လူမှုကာကွယ်စောင့်ရှောက်ရေး စီမံချက်တခုကို ပံ့ပိုးပေးလျက်ရှိသည်။ ဤစီမံချက်သည် အဓိက ပြဿနာ နှစ်ခုကို ဖြေရှင်းမည် ဖြစ်သည်။ ယင်းတို့မှာ- သက်ကြီးရွယ်အိုများ၏ ထိခိုက်လွယ်မှုကို ကိုင်တွယ်မည့် ခိုင်မာသော စနစ်များ ရပ်ရွာတွင် မရှိခြင်း၊ အိမ်ထောင်စုအဆင့် နှင့် ရပ်ရွာအဆင့်တို့တွင် လူမှုကာကွယ်စောင့်ရှောက်ရေးစီမံချက်ကို အသက်သွင်းမည့် အသိနှင့် အတွေ့အကြုံတို့ အစိုးရတွင် မရှိခြင်းတို့ဖြစ်သည်။ ၂၀၁၆ ခုနှစ် အတွင်းတွင် ကျေးရွာ၄၀မှ လူမှုကာကွယ်စောင့်ရှောက်ရေး ကော်မတီများ ကို သင်တန်းပေးကာ ကျေးရွာ လူမှုကာကွယ်စောင့်ရှောက်ရေး နှစ်စဉ်စီမံချက်ကို ရေးဆွဲစေသည့်ပြင် ကျေးရွာအခြေပြု လူမှုကာကွယ်စောင့်ရှောက်ရေး စနစ်များကို ထူထောင်ရန် ငွေကြေးထောက်ပံ့ပေးခဲ့သည်။ ထိုသို့ထောက်ပံ့ရာတွင် သင်တန်းပေးခြင်း၊ ဆွေးနွေးလေ့လာခြင်းများ၊ ကွင်းဆင်းစစ်ဆေးမှုများဖြင့် ဒေသအစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့သည်။ စီမံချက်သည် ၂၀၁၆ ဒီဇင်ဘာလတွင် စီမံချက်ရွာများမှ အသက် ၈၅ နှစ်ကျော် သက်ကြီးပုဂ္ဂိုလ် ၅၉၇ ဦးကို ငွေကြေးထောက်ပံ့ခဲ့သည်။ မသန်စွမ်းသူများကိုလည်း အလားတူ ငွေကြေးထောက်ပံ့မည့်ပုံစံကို ရေးဆွဲလျက်ရှိပြီး ၂၀၁၇ ခုနှစ်တွင် စီမံချက် စတင်မည် ဖြစ်သည်။

LIFT သည် Social Policy and Poverty Research Group မှ စစ်ကိုင်းတိုင်းတွင် ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေး စီမံချက်တခုကိုလည်း ထောက်ပံ့နေသည်။ ဤစီမံချက်သည် အစဉ်အလာအတိုင်း ရှိနေသည့် ရပ်ရွာအဖွဲ့အစည်းများ၊ စနစ်များကို သုံးသပ်၍ စွမ်းဆောင်ရည် တည်ဆောက်ပေးကာ လူမှုကာကွယ် စောင့်ရှောက်မှု ပေးနိုင်ရန် ရည်ရွယ်ထားသည်။ ၂၀၁၆ နှစ်ကုန် တွင် ကျေးရွာပေါင်း ၁၉ ရွာ သည် ရန်ပုံငွေအတွက် မ' တည် ငွေများကို လက်ခံရရှိပြီး လူမှုကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှုများကို စတင်ဆောင်ရွက်နေကြပြီ ဖြစ်သည်။ ကျေးရွာကော်မတီတိုင်းသည် မိမိတို့၏ ဦးစားပေးများကို သတ်မှတ်ထားပြီး ရန်ပုံငွေကို ပွင့်လင်းမြင်သာစွာ စီမံခန့်ခွဲရမည် ဖြစ်သည်။ ရွာ တစ်ရွာ၏ ရပ်ရွာအခြေပြု လူမှုကာကွယ်စောင့်ရှောက်ရေးအတွက် နှစ်စဉ်ပျမ်းမျှ အသုံးစရိတ်မှာ ကန်ဒေါ်လာ ၁,၁၀၀ ခန့် ဖြစ်သည်။ အများအားဖြင့် ဤရန်ပုံငွေများကို နာရေးစရိတ်နှင့် အရေးပေါ်ဆေးဝါး အထောက်အပံ့များအတွက် အသုံးပြုကြသည်။ ထိုရွာများမှာ အစိုးရ ကျန်းမာရေးဌာနများနှင့် အလှမ်းဝေးသော ချောင်ကျသည့် နယ်မြေများတွင် တည်ရှိကြသည်။

## လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍကို စုစည်းလေ့လာခြင်း

LIFTသည် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လမ်းညွှန်ချက်တခုကို ပြုစုကာ မိတ်ဖက်အဖွဲ့များသို့ ဝေငှထားပြီး မိမိ ဝက်ဘ်ဆိုက်တွင်လည်း ၂၀၁၆ ဇူလိုင်လတွင် တင်ထားသည်။ ၂၀၁၆ နိုဝင်ဘာလတွင် လူမှုကာကွယ်စောင့်ရှောက်ရေး ကဏ္ဍကို စုစည်းလေ့လာသည့် ဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ လူမှုကာကွယ်စောင့်ရှောက်ရေးတွင် လုပ်ကိုင်နေကြသော မိတ်ဖက်များအချင်းချင်း အတွေ့အကြုံများကို ပထမဆုံးအကြိမ် မျှဝေခွင့်၊ လေ့လာခွင့် ရရှိခဲ့သည်။ LIFT၏ မိတ်ဖက် အဖွဲ့များ မျှဝေခွင့် သင်ယူခွင့်ရရှိရန်အတွက် ဤဆွေးနွေးပွဲများကို ပုံမှန်ဆောင်ရွက်သွားမည် ဖြစ်သည်။

# ၆။ မူဝါဒရေးရာ နှင့် အစိုးရသို့ အထောက်အပံ့

LIFT သည် အစိုးရသို့ ဆက်လက်ပံ့ပိုးလျက်ရှိပြီး အစိုးရ၏မူဝါဒများကိုလည်း မိမိ၏အစီအစဉ်တရပ်လုံးနှင့် ချိတ်ဆက်ဆောင်ရွက်နေသည်။ အထူးသဖြင့် LIFT ၏ ရည်မှန်းချက်များနှင့် သက်ဆိုင်သည့် မူဝါဒနယ်ပယ်များတွင် ဖြစ်သည်။

## ၆.၁။ အာဟာရ

### မူဝါဒအခြေအနေ

မြန်မာနိုင်ငံတွင် အာဟာရပိုင်းဆိုင်ရာ ကိစ္စရပ်များမှာ ရှုပ်ထွေးလှပေရာ စုပေါင်းကိုင်တွယ်ဖြေရှင်းမှ ဖြစ်နိုင်မည်ဟု အစိုးရက သိမြင်လက်ခံထားသည်။ အာဟာရပြည့်ဝရေးသည် နိုင်ငံတော်အစိုးရ၏ ဦးစားပေးမူဝါဒတစ်ရပ်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က LIFTမှ ရန်ပုံငွေပံ့ပိုးသည့် အပူပိုင်းဇုန်အာဟာရစီမံချက်တခု သို့ သွားရောက်စဉ် ပြောကြားခဲ့သည်။ အာဟာရပြည့်ဝရေး သည် စိုက်ပျိုးရေး၊မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန ၊ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန စသော ဝန်ကြီးဌာနပေါင်းစုံက ပေါင်းစပ်ညှိနှိုင်းမှု ကောင်းကောင်းဖြင့် အားထုတ်ကြိုးပမ်းရမည့် ဘက်စုံ စိန်ခေါ်မှု တရပ်ပင် ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံက ရှုမြင်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် အမျိုးသားအဆင့် လူမှုကာကွယ် စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်ကို အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းလျက်ရှိရာ၊ ဝန်ကြီးဌာနမှဆောင်ရွက်မည့် အဓိကအစီအစဉ် ရှစ်ခုတွင် MCCT လည်း ပါဝင်သည်။ MCCT ၏ ရည်မှန်းချက်မှာ ဘဝအစ အရေး ကြီးသည့် ပထမရက် ၁၀၀၀ အတွင်းရှိ ကိုယ်ဝန်ဆောင်များ၊ နို့တိုက်မိခင်များအားလုံး၊ ကလေးများအတွက် အာဟာရဆိုင်ရာ အကျိုးရလဒ် ကောင်းမွန်စေရန် ဖြစ်သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည်လည်း ၎င်း၏ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးပညာပေးဌာန၊ အမျိုးသားအာဟာရဖွံ့ဖြိုးမှုနှင့် သုတေသန ဌာနခွဲတို့ အားဖြင့် မြန်မာနိုင်ငံ၏ အာဟာရဆိုင်ရာ မူဝါဒရေးဆွဲမှုတွင် အဓိက ပါဝင်နေသည်။ ကျေးလက်ကျန်မာရေးဌာနများမှတစ်ဆင့် မိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် အာဟာရ ပညာပေးရေးကိုလည်း ထည့်သွင်းပေးရန် သက်ဆိုင်ရာဌာနများအားလုံးက ဆောင်ရွက်နေကြသည်။

### LIFT၏ မူဝါဒဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှု

ကိုယ်ဝန်ဆောင်များနှင့် ယင်းတို့၏ကလေးများ အာဟာရပြည့်ဝရေးမှာ LIFT ၏များတွင် ဦးစားပေးမူဝါဒတစ်ရပ်ဖြစ်ပါသည်။ ဤမူဝါဒအရ -(၁) မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးမှုများကို မြှင့်တင်ဆောင်ရွက်ခြင်း (၂) အားဖြည့်ဆန် ထုတ်လုပ် ဖြန့်ဖြူးရေးကို ဖြစ်မြောက်အောင် ဆောင်ရွက်ကာ အဏုအာဟာရများကို ပိုမိုစားသုံးစေခြင်း။ (၃) သုတေသန နှင့် အသိအမြင်ကို ဖန်တီးခြင်း သုံးမျိုးတို့ကို ဦးစားပေးဆောင်ရွက်သည်။

### မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးခြင်း (MCCT)

LIFT ၏ မဟာဗျူဟာမှ အဓိကအချက်မှာ MCCT ရှေ့ပြေးစီမံချက်များကို ထောက်ပံ့ပေးခြင်းဖြင့် အာဟာရဆိုင်ရာမူဝါဒများေ ရးဆွဲကျင့်သုံး အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်စေရန်ဖြစ်သည်။ ယင်းစီမံချက်များသည် အစိုးရအား မူဝါဒနှင့် နည်းနာဆိုင်ရာ အထောက်အထားများကို ပေးအပ်သည်။ LIFTသည် Save the Children က မြစ်ဝကျွန်းပေါ်၊ ရခိုင်၊ အပူပိုင်းဇုန် ဒေသတို့တွင် ဆောင်ရွက်နေသော MCCTရှေ့ပြေးစီမံချက်များကို ထောက်ပံ့ခဲ့သည်။ ငွေကြေးထောက်ပံ့မှု စနစ်နှင့်ပုံစံများ၊ အာဟာရဆိုင်ရာ အသိပညာပေးရေး၊ အစိုးရနှင့် ရပ်ရွာလူထုတို့၏ ပါဝင်မှု စသည်တို့တွင် စီမံချက် တစ်ခုနှင့် တစ်ခု မတူညီကြပေ။ ဤလုပ်ငန်းဆောင်ရွက်မှုများမှ ရရှိသော သင်ခန်းစာများသည် အစိုးရအနေဖြင့် MCCT ကို ရေရှည်တည်တံ့မည့်နည်းဖြင့် တိုးချဲ့ဆောင်ရွက်ရာတွင် အထောက်အကူပြုမည်ဖြစ်သည်။ အဓိကရရှိသည့် သင်ခန်းစာ များမှာ-

- စီမံချက်အောင်မြင်ရေးတွင် အစိုးရ၏ တက်ကြွစွာ ဦးဆောင်မှု၊ အမျိုးသားအဆင့် နှင့် ဒေသဆိုင်ရာ အဆင့်များတွင် ကဏ္ဍစုံ ပေါင်းစပ်ညှိနှိုင်းမှုတို့က အချက်အချာကျသည်။
- အာဟာရဆိုင်ရာ ရလဒ်ကောင်းမွန်ရန်အတွက် ငွေကြေးထောက်ပံ့ခြင်းအပြင် အမူအကျင့်ပြောင်းလဲရေး သတင်းစကား ပြောကြားမှုများ(SBCC)ပါ လိုအပ်သည်။
- အစီအစဉ်ထိရောက်ရန် မိခင်ချင်းချင်းရိုင်းပင်းကူညီရေးအဖွဲ့များ စသော ရပ်ရွာလူထုအုပ်စုများက အဓိက ကျသည်။
- ရပ်ရွာအတွင်း ရွှေ့ပြောင်းသွားလာမှုနှုန်း များပြားခြင်းသည် MCCTအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ကြီးမား သော စိန်ခေါ်မှုဖြစ်လာနိုင်သည်။

## အဟာရအာဟာရဆိုင်ရာ

အားဖြည့်ဆန် ထုတ်လုပ်ဖြန့်ဖြူးခြင်းဖြင့် စားသုံးသူများ အဟာရအာဟာရကို အလွယ်တကူရရှိစေရန် ဦးတည်သည့် PATH ၏ စီမံချက်ကို LIFT က ထောက်ပံ့လျက်ရှိသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည်လည်း အားဖြည့်ဆန်ဖက်မှ ခိုင်ခိုင်မာမာ ရပ်တည်သည်။ ၂၀၁၆ မတ်လတွင် PATH သည် အစိုးရဦးဆောင်သော အားဖြည့်ဆန်လုပ်ငန်းအဖွဲ့ကို အားဖြည့်ဆန်မူဝါဒ နှင့်အညီ ထူထောင်နိုင်ခဲ့သည်။ ဤအဖွဲ့ကို အမျိုးသား အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲက ဦးဆောင်သည်။ အထောက်အကူပြုမည့် လုပ်ထုံးလုပ်နည်းများ၊ ထိရောက်သော စံချိန်စံညွှန်းများ ဖြစ်ပေါ်စေရန် အတွက် အားဖြည့်ဆန်နှင့်ပတ်သက်သော အမျိုးသားမူဝါဒ အကြံပြုချက်ကို ရေးဆွဲနေသည်။ ၂၀၁၆ ဇွန်လတွင် ဤစီမံချက်သည် အားဖြည့်ဆန်နှင့်တကွ ရန်ကုန်ရှိ အားဖြည့်ဆန် ထုတ်လုပ်သည့် စက်ရုံသုံးခုအတွက်ပါ FDA ထံမှ အသိအမှတ်ပြုမှုကို ရရှိခဲ့သည်။ သံ၊ ဇင့်၊ ဗီတာမင် အေ၊ သိုင်ယာမင်၊ ဖောလစ်အက်စစ်၊ ဗီတာမင်ဘီများ စသော အဟာရအာဟာရများကို အပူသွင်းနည်းဖြင့် ဆန်တွင် ပေါင်းစပ်သည်။ အားဖြည့်ဆန်များကို အစိုးရ နှင့် ပုဂ္ဂလိကကဏ္ဍ မိတ်ဖက်အဖွဲ့တို့မှတဆင့် ဖြန့်ဖြူးနေသည်။ အမျိုးသမီးများ၊ ကလေးငယ်များ၊ အိတ်ချ်အိုင်ဗွီ နှင့် တီဘီလူနာများစသော ထိခိုက်လွယ်သူများထံသို့ လူမှုဖူလုံရေးနှင့်ကာကွယ်စောင့်ရှောက်ရေးအစီအစဉ် မှတဆင့်  ပံ့ပိုးသည်။ မြန်မာစီးပွားရေးဖွံ့ဖြိုးမှုအကြံပေးအဖွဲ့သည် လက်လီအရောင်းသမားများထံသို့ ရောက်ရှိအောင် ပေါင်းစပ်ညှိနှိုင်းနေသည်။ UNICEF၊ WFP၊ World Vision တို့သည် လူမှုရေးကဏ္ဍ ဖြန့်ဖြူးရေးတွင် ဤစီမံချက်တခုလုံးကို အထူးလမ်းညွှန်မှုပေးကြပါသည်။

## သုတေသနနှင့် အထောက်အထား

အပူပိုင်းဇုန်ရှိ Save the Children ၏ LEGACYစီမံချက်သည် SBCCကို MCCTနှင့်အတူ ပေးသည့် အကောင်းဆုံး ပုံစံတခု ပေါ်ထွက်လာရေး သုတေသနပြုလုပ်နေသည်။ ၎င်း၏ Innovations for Policy Action အဖွဲ့ (IPA) သည် ထောက်ပံ့ငွေ ပေးအပ်မည့် အကောင်းဆုံးပုံစံ နှစ်ခုကို စမ်းသပ်နေသည်။ IPA၏သုတေသနသည် အမျိုးသားအဆင့်၊ အပြည်ပြည်ဆိုင်ရာ အဆင့်တို့ အတွက် MCCTဒီဇိုင်း နှင့် အကောင်အထည်ဖော်မှု ပုံစံများဆိုင်ရာ အထောက်အထားများကို ဖော်ထုတ်တင်ပြမည် ဖြစ်သည်။

၂၀၁၆ခုနှစ် မတ်လတွင် LIFTသည် အာဟာရပြည့်ဝရေး အစီအစဉ် အထောက်အထားများကို အားဖြည့်ရန် မြန်မာနိုင်ငံတွင် အာဟာရချို့တဲ့မှုဆိုင်ရာ သုံးသပ်ချက် စာတမ်းနှစ်စောင်ကို ထုတ်ဝေခဲ့သည်။ LEARN၏ စီမံချက် အစီရင်ခံစာတွင် အာဟာရ ကဏ္ဍ ထုတ်ဝေထားသည့် အစီရင်ခံစာများအပေါ်  သုံးသပ်ချက်နှင့် LIFT၏ အိမ်ထောင်စုစစ်တမ်းပါ ကိန်းဂဏန်းများကို သုံးသပ်ချက်များ ပါဝင်သည်။ PATHကလည်း အားဖြည့်ဆန်လုပ်ငန်းအဖွဲ့၏ အကြံပြုချက်များကို မူဝါဒရေးဆွဲချမှတ်သူများက ဦးစားပေးရာတွင် အထောက်အကူဖြစ်စေပြီး ပိုမိုပြည့်စုံသော အချက်အလက်များကို ပေးနိုင်ရန် တနိုင်ငံလုံး၏ ဆန်စပါးကဏ္ဍ သုံးသပ်ချက်ကို ပြုစုခဲ့သည်။

## အစိုးရ နှင့် လက်တွဲဆောင်ရွက်ခြင်း

LIFT သည် လက်ရှိအနေအထားတွင် MCCT အစီအစဉ်ကို တိုးချဲ့ရန် အစိုးရနှင့် တိုက်ရိုက်လက်တွဲဆောင်ရွက်နေသည်။ ချင်းပြည်နယ်တွင် နှစ်နှစ်ကြာ (၂၀၁၇-၂၀၁၉) MCCT အစီအစဉ်ကို ဆောင်ရွက်မည့် လူမှုဝန်ထမ်းဦးစီးဌာနသို့ ထောက်ပံ့ပေးရန် သဘောတူခဲ့သည်။ ချင်းပြည်နယ်သည် တနိုင်ငံလုံးတွင် ကလေးသူငယ်ပုညှက်မှု အများဆုံး၊ အဆင်းရဲဆုံး ပြည်နယ်များထဲမှ တစ်ခုဖြစ်သောကြောင့် ရွေးချယ်ရခြင်း ဖြစ်သည်။ MCCT အစီအစဉ်သည် အမေရိကန်ဒေါ်လာ ၉သန်းခန့် ကုန်ကျမည်ဟု ခန့်မှန်းထားသည်။ အကျိုးခံစားကြရမည့် အိမ်ထောင်စုပေါင်းမှာ ၄၀,၀၀၀မှ ၇၀,၀၀၀ထိ ဖြစ်နိုင်ပြီး ကိုယ်ဝန်ဆောင် ၄၀,၀၀၀ ခန့် နှင့် ကလေးသူငယ် ၂၉,၀၀၀ ကျော် ပါဝင်မည်ဟု ခန့်မှန်းသည်။ ထို့ပြင် နောက်ထပ် ကန်ဒေါ်လာ ၄သန်း ကိုလည်း အထောက်အကူပြု စီမံချက်များအတွက် သုံးစွဲမည် ဖြစ်ရာ ထောက်ပံ့ငွေ ရရှိပြီး အခြေအနေကို ထောက်လှမ်းရန်၊ ဒေသခံ ကျန်မာရေးဝန်ဆောင်မှုပေးသူများ (ဥပမာ သားဖွားဆရာမများ၊ အရန် သားဖွားများ)၏ SBCCဆိုင်ရာ  စွမ်းဆောင်ရည် အားဖြည့်ပေးရန်တို့ ပါဝင်သည်။

ဤ MCCT အစီအစဉ် ဒီဇိုင်းအတွက် LIFT မှ ရန်ပုံငွေပံ့ပိုးဆောင်ရွက်ခဲ့သည့် အာဟာရပြည့်ဝရေးစီမံချက်များ အထူးသဖြင့် Save the Children အဖွဲ့၏ မြစ်ဝကျွန်းပေါ်၊ ရခိုင်နှင့် အပူပိုင်းဇုန်တို့တွင် ဆောင်ရွက်ခဲ့သော MCCTရှေ့ပြေးစီမံချက်များ၏ လုပ်ငန်း ဆောင်ရွက်မှုကောင်းများနှင့် အကျိုးရလဒ်ဖြစ်ထွန်းမှုများ မှ အတွေ့အကြုံများကို အခြေခံခဲ့သည်။ အစိုးရ  ဦးဆောင်သည့် စီမံချက်တခုကို LIFT က ပထမဆုံးအကြိမ်အဖြစ် ငွေကြေးတိုက်ရိုက် ထောက်ပံ့ခြင်း ဖြစ်သည်။ ထိုကြောင့် အစိုးရက ဆောင်ရွက်နေသော ကဏ္ဍစုံပါဝင်သည့် အာဟာရ နှင့် လူမှုကာကွယ် စောင့်ရှောက်ရေး မူဝါဒ ရည်မှန်းချက်များ ကို ထောက်ပံ့ခွင့် နှင့် အစိုးရနှင့် တိုက်ရိုက်လက်တွဲဆောင်ရွက်ခွင့် ကို LIFT က ရရှိခဲ့သည်။

ပြည်နယ်တစ်ခုလုံးမှ ကိုယ်ဝန်ဆောင်များ၊ နှစ်နှစ်အောက်ကလေးရှိသည့် မိခင်များအားလုံးကို လွှမ်းခြုံမှုရှိသော မိခင်နှင့် ကလေးအာဟာရ အစီအစဉ်အား အကောင်အထည်ဖော်ရန် အစိုးရက ဆုံးဖြတ်ခြင်းသည် မြန်မာနိုင်ငံ၏ ရေရှည် အာဟာရ မပြည့်ဝမှုအနေအထားကို ကိုင်တွယ်ဖြေရှင်းမည်ဟူသော သန္နိဌာန်ကို ပြသလိုက်ခြင်း ဖြစ်သည်။ ထို့ပြင် စီမံကိန်း တတိယနှစ် မှစကာ ချင်းပြည်နယ် MCCTအစီအစဉ်၏ ငွေကြေးနှင့် စီမံခန့်ခွဲမှုကို အပြည့်အဝတာဝန်ယူမည့်ပြင်၊ နာဂနှင့် ရခိုင်ဒေသ တို့တွင်ပါ တိုးချဲ့ရန်၊  တပြည်လုံးအထိ ဆောင်ရွက်သွားရန် ရည်ရွယ်ခြင်းကလည်း ဤသန္နိဌာန်ကို ထင်ဟပ်နေသည်။

တစ်နိုင်ငံလုံးတွင် အာဟာရဆိုင်ရာ ရလဒ်ကောင်းများရရှိစေရန် အစိုးရ၏ ကဏ္ဍပေါင်းစုံ ချဉ်းကပ်သောနည်းလမ်းကိုလည်း ဤအစီအစဉ်တွင်တွေ့မြင်နိုင်သည်။ ချင်းပြည်နယ်MCCTအစီအစဉ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုများ ပါဝင်မည်ဖြစ်သည်။ LIFT သည် 3MDG၊ မိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်းကာ အာဟာရဆိုင်ရာအသိပညာပေးခြင်းနှင့် SBCC သတင်းစကားများ ပြန့်ပွားရေး တို့အတွက် ဒေသအဆင့် ကျန်းမာရေးဝန်ဆောင်မှု လုပ်ရည်ကိုင်ရည်များအားကောင်းလာစေရန် ဆောင်ရွက်မည် ဖြစ်သည်။

### မူဝါဒ မိတ်ဖက်ပြုမှု

လူမှုဝန်ထမ်းဦးစီးဌာနက MCCT အစီအစဉ် ရေးဆွဲရာတွင် အရေးကြီးသော မူဝါဒထောက်ပံ့မှုကို တည်ဆောက် အားဖြည့်ရာတွင် LIFT သည် Save the Children၊ UNICEF တို့နှင့် မိတ်ဖက်ပြုကာ ကူညီပေးမည်ဖြစ်သည်။ အစီအစဉ် အကောင်အထည်ဖော်ခြင်း၏ ထိရောက်မှု၊ ခရီးရောက်မှုတို့ကို စောင့်ကြည့်အကဲဖြတ်စနစ် နှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှု စနစ်များကို ထူထောင်ရာတွင် ဤအဖွဲ့နှစ်ခုစလုံးနှင့် LIFT က ပူးပေါင်းဆောင်ရွက်မည်။ LIFT သည် အစီအစဉ် တိုးချဲ့ရာတွင် အထောက်အထားများကို ပေးအပ်မည့် အခြေခံစစ်တမ်းတခုကို UNICEF နှင့်အတူ ကောက်ယူခဲ့သည်။ LIFT သည် လူမှုဝန်ထမ်းဦးစီးဌာနနှင့် အခြား မိတ်ဖက်များနှင့်အတူ နောင်အချိန်တွင် ဒစ်ဂျစ်တယ်စနစ်များကို အသုံးပြုပြီး ငွေကြေးထောက်ပံ့ခြင်း၊ SBCC သတင်းစကားများပေးခြင်း စသည့် အခွင့်အလမ်းများအား လေ့လာမည်ဖြစ်သည်။

LIFT သည် ဖွံ့ဖြိုးရေး မိတ်ဖက်များအား မူဝါဒရေးဆွဲမှုများတွင် အထောက်အကူပြုနိုင်မည့် အခွင့်အလမ်းများနှင့် အာဟာရ ဆိုင်ရာ အဆင့်မြင့် ပေါင်းစပ်ညှိနှိုင်းမှုများကို ဆက်လက် ပံ့ပိုးမည်ဖြစ်သည် ။ ၂၀၁၆ နှစ်ဆန်းတွင် LIFT သည် အာဟာရ နှင့် စားနပ်ရိက္ခာဖူလုံရေး ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ ကွန်ရက်နှင့် အာဟာရမြှင့်တင်ရေး လှုပ်ရှားမှု (Scaling Up Nutrition – SUN) တွင် အဖွဲ့ဝင် ဖြစ်လာသည်။ LIFTသည် ကုလသမဂ္ဂကွန်ရက်၏ အာဟာရမြှင့်တင်ရေးလုပ်ငန်းများ အပေါ် တာဝန်ခံမှုနှင့် ရလဒ်အကျိုးများ ရရှိမှု၏ တိုးတက်မှုမှတ်တမ်းများပြုစုခြင်းတို့ အတွက် နှစ်စဉ်လုပ်ငန်းစီမံချက် နှင့် အစီရင်ခံခြင်းတွင် အားဖြည့်ပေးခဲ့သည်။ ဤဆောင်ရွက်မှုသည် နောင်အခါ ကုလသမဂ္ဂကွန်ရက်၏ စောင့်ကြည့် အကဲဖြတ်မှု မူဘောင်၏ တစိတ်တဒေသ ဖြစ်လာမည် ဖြစ်သည်။

LIFT သည် LEARN အစီအစဉ်ကို ထောက်ပံ့ခြင်းဖြင့် မိတ်ဖက်အဖွဲ့များက အာဟာရဆိုင်ရာစီမံချက်များ ထိရောက်စွာ အကောင်အထည်ဖော်ရာတွင် အဓိကပံ့ပိုးရာ ကျသည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် LEARN သည် မြန်မာနိုင်ငံ SUN အရပ်ဘက် လူမှုအဖွဲ့အစည်း မဟာမိတ်၏ အတွင်းရေးမှူးတာဝန်ကို ယူခဲ့သည်။ အဆိုပါ မဟာမိတ်အဖွဲ့သည် မူဝါဒ ဆွေးနွေး လှုံ့ဆော်ရန် နှင့် စုပေါင်းသင်ယူရန်အတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများကို စုစည်းသည်။ SUN အရပ်ဘက် လူမှုအဖွဲ့အစည်းမဟာမိတ်သည် မြန်မာနိုင်ငံ SUN အကောင်ထည်ဖော်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ ကွန်ရက် လေးခုတွင် အစိုးရ၊ ကုလသမဂ္ဂ၊ အလှူရှင်ကွန်ရက်များ နည်းတူ ပါဝင်သည်။

၂၀၁၇ နှစ်ဆန်းတွင် LIFT နှင့် 3MDG တို့သည် အာဟာရမူဝါဒ ကျွမ်းကျင်ပညာရှင်တစ်ဦးကို ခန့်အပ်ရန် ရည်ရွယ် ထားသည်။ အဆိုပါ ပညာရှင်အနေဖြင့် အဖွဲ့အစည်း နှစ်ခုလုံးအား မိခင်နှင့် ကလေး အာဟာရဆိုင်ရာ မူဝါဒများကို ပြန်လည် သုံးသပ်ရာတွင်လည်းကောင်း၊ မူဝါဒ ဆွေးနွေးလှုံ့ဆော်ရာတွင် လည်းကောင်း သိသာစွာ တိုးတက်စေမည် ဖြစ်သည်။

## ၆.၂။ မြေယာလုပ်ပိုင်ခွင့်

မြေယာသည် ကျေးလက်မိသားစုများ၏ အဖိုးအတန်ဆုံး ပိုင်ဆိုင်မှု ဖြစ်သည်။ သို့သော် လုပ်ကွက်ငယ် တောင်သူများ၏ မြေယာလုပ်ပိုင်ခွင့် အာမခံချက်မှာ အုပ်ချုပ်ရေး နှင့် မြေယာစီမံခန့်ခွဲမှု အားနည်းချက်များကြောင့် ထိခိုက်ခံရမှုများရှိနေသည်။ မြန်မာနိုင်ငံ၏ ဈေးကွက်စီးပွားရေးသစ် ဖြစ်ထွန်းမှုတွင် မြို့ပြ၊ ဆင်ခြေဖုံးနှင့် ကျေးလက် ဒေသများ၏ မြေဈေးများ အလျင်အမြန် တက်လာသည်။ အထိန်းအကွပ်မဲ့ အလွတ်သဘောဆန်သည့် မြေဈေးကွက် ပေါ်လာခြင်း၊ ထင်ကြေးဖြင့် ရင်းနှီးမြှုပ်နှံခြင်း တို့ကြောင့် မြေယာများမှ ထုတ်လုပ်မှုများ ကျဆင်းလာခြင်း၊ မြေယာပဋိပက္ခများ ဖြစ်လာခြင်း၊ လူမှုရေး နှင့် စီးပွားရေးတွင် အပယ်ခံဖြစ်ခြင်းတို့ ဖြစ်စေသည်။

အစိုးရသစ်သည် နှစ်လရှည်ကြာ တည်ရှိလာသော မြေယာပဋိပက္ခများ၊ ပြဿနာများကို ဖြေရှင်းနေရသည့်အပြင် တရားဥပဒေ ပိုမို စိုးမိုးရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် မူဘောင်အတွင်းမှ မြေယာအုပ်ချုပ်မှု ကောင်းမွန်ရေးမှာ အရေးကြီးကြောင်း အသိအမှတ်ပြုလက်ခံထားသည်။ ၎င်းမှတဆင့် ဦးစားပေးများကို သတ်မှတ်ထားရာ-(၁) မြေယာ ပဋိပက္ခများကို ဖြေရှင်းရန်၊ (၂) ထုံးတမ်းစဉ်လာ မြေယာအသုံးချခွင့် အပါအဝင် မြေအသုံးချမှု လုံခြုံစေရန်၊ (၃)မြေမဲ့လယ်မဲ့များ မြေယာလက်လှမ်းမီစေရန်၊ (၄) လုပ်ကွက်ငယ်များ အထွက်တိုးရန်နှင့် စိတ်ကြိုက်သီးနှံ စိုက်ခွင့်ပြုရန်၊ (၅) တောင်သူ အသင်းအဖွဲ့များ၏ ကဏ္ဍကို အားဖြည့်ပေးရန် တို့ဖြစ်သည်။

ဤဦးစားပေးများသည် ၂၀၁၆ခုနှစ် အစောပိုင်း ယခင်အစိုးရလက်ထက်တွင် အတည်ပြုခဲ့သည့် အမျိုးသားမြေအသုံးချမှု မူဝါဒနှင့် ကိုက်ညီမှုရှိသည်။ အဆိုပါမူဝါဒသည် အစိုးရ၊ လူမှုအဖွဲ့အစည်းများ၊ တောင်သူများ၊ ပြည်တွင်းပြည်ပမှ မြေယာစီမံခန့်ခွဲမှု ကျွမ်းကျင်သူ များအားလုံးပါဝင်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့မှု၏ ရလဒ်ဖြစ်သည်။ LIFTသည် မိတ်ဖက် မြေယာမဏ္ဍိုင်အုပ်စု မှတဆင့် တနိုင်ငံလုံးမှ လူမှုအဖွဲ့အစည်းများကို ယင်းဆွေးနွေးပွဲများတွင် ပါဝင်နိုင်အောင် ဆောင်ရွက်ပေးခဲ့သည်။

ယခုအခါ ဤမူဝါဒ စတင်အကောင်အထည်ဖော်မှုကို ကြီးကြပ်မည့် အမျိုးသားမြေအသုံးချမှုကောင်စီ သို့မဟုတ် အလားတူ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုဌာနတခုကို ဖွဲ့စည်းရန် အရေးကြီးလာပြီ ဖြစ်သည်။ ယင်းကောင်စီသည် ဦးစားပေးများကို သတ်မှတ်ပြီး ရှင်းလင်းသည့် အကောင်အထည်ဖော်မှု စီမံချက်ကို ရေးဆွဲကာ အရင်းအမြစ်များကိုလည်း စုစည်းရမည် ဖြစ်သည်။ LIFTသည် အစိုးရက ဤမူဝါဒကို အသက်ဝင်အောင် ဆောင်ရွက်ရာတွင် နည်းပညာ ကျွမ်းကျင်မှုများ ပေးအပ်ခြင်း၊ အစိုးရအဆင့်ဆင့်၏ မြေယာစီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု ဌာနဆိုင်ရာ စွမ်းဆောင်ရည်ကို အားဖြည့်ပေးခြင်း တို့ဖြင့် ဆက်လက် ထောက်ပံ့မည်။ ၂၀၁၆တွင် LIFTသည် ဥရောပသမဂ္ဂ၊ FAO၊ USAID တို့နှင့် ပူးပေါင်းကာ နိုင်ငံတကာ မြေယာမူဝါဒ ကျွမ်းကျင်သူ နှစ်ဦးကို စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ မူဝါဒသုတေသန ဌာနရုံးအတွက် တာဝန်ပေးခန့်အပ်ထားခဲ့သည်။ ထို့ပြင် စိုက်ပျိုးရေး ဖွံ့ဖြိုးရေး မဟာဗျူဟာ ရေးဆွဲရာတွင်လည်း ကူညီခဲ့သည်။ ၎င်းမဟာဗျူဟာတွင် မြေယာပြုပြင်ပြောင်းလဲရေး အတွက် အကြံပြုဆောင်ရွက်ချက်များလည်း ပါဝင်သည်။ ဤသို့ ဆောင်ရွက်မှုများသည် မူဝါဒပါ အကြံပြုချက်များကို စတင် အသုံးချသည့် အရေးကြီးသည့် ပထမခြေလှမ်းပင် ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှု နှင့် စွမ်းဆောင်ရည်အားဖြည့်မှု လိုအပ်ချက်များမှာ LIFTမှ ဖြည့်ဆည်းနိုင်သည်ထက် ကျော်လွန်နေသည်။ ထို့ကြောင့် LIFTသည် ဝန်ကြီးဌာန၊ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများနှင့်အတူ အစိုးရသစ်၏ ဦးစားပေးကဏ္ဍများအတိုင်း မြေယာကဏ္ဍတွင် အများပြည်သူဝန်ဆောင်မှုများ ပိုမိုကောင်းမွန်အောင် ဆက်လက် ဆောင်ရွက် မည်။ LIFTသည် ပြည်နယ်၊တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့် မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ ဆောင်ရွက်မှုများကိုလည်း ထောက်ပံ့လျက်ရှိသည်။

## ဧရာဝတီ မြေယာခွဲဝေမှု အစီအစဉ်

၂၀၁၆ ခုနှစ်တွင် LIFT သည် ဧရာဝတီတိုင်းဒေသကြီးအစိုးရမှ ဖျာပုံမြို့နယ်ရှိ လယ်မဲ့မြေမဲ့ ၄၄၂ ဦးကို နိုင်ငံတော်ပိုင်မြေများ ခွဲဝေပေးနိုင်ရန် ထောက်ပံ့ခဲ့သည်။ စီမံချက်ပါမြေကွက်များ၏ လက်ရှိမြေအသုံးချမှု၊ စိုက်ပျိုးရေးအလားအလာ၊ ဒေသခံတို့ ၏ လိုအပ်ချက်များ၊ ရပ်ရွာလူထု၏ တောင်းဆိုမှုများနှင့် ထိုတောင်းဆိုမှုများကြောင့် ဖြစ်ပေါ်နေသော ပဋိပက္ခများ စသည်တို့ကို အစိုးရက လုံလောက်စွာသိရှိစေရန် လွတ်လပ်သော သီးခြား ကွင်းဆင်းသုံးသပ်မှုဖြင့် ထောက်ပံ့ခဲ့သည်။ LIFT ၏ မိတ်ဖက် မြေယာမဏ္ဍိုင် အုပ်စုက ဤသုံးသပ်မှုကို ဦးဆောင်သည်။ LIFT သည် WHH၊ GRET တို့ နှင့်အတူ စိုက်ပျိုးရေး ပညာပေးမှု နှင့် ငွေကြေးဝန်ဆောင်မှုတို့ကို မြေရခါစ အိမ်ထောင်စုများသို့ ထောက်ပံ့ကာ သီးနှံအထွက်တိုးရန် ကူညီခဲ့သည်။ အနီးအနားပတ်ဝန်းကျင်လူထုကိုလည်း အလားတူ ထောက်ပံ့ခဲ့သည်။ အစိုးရသည် ဖျာပုံမြို့နယ်အတွက် ဆောင်ရွက်ရန် ရှိသည် များကို အထောက်အကူဖြစ်စေသည့် ဤသုံးသပ်ချက်အတွက် ကျေးဇူးတင်ရှိကာ ထပ်မံ သုံးသပ်မှုများ ပြုလုပ်ရန် LIFT ကို တောင်းဆိုခဲ့သည်။

## GRET၏ မြေယာသုတေသန

GRET ၏ မြေယာသုတေသနသည် ကျေးလက်အိမ်ထောင်စုများ၏ လက်ရှိ မြေယာ လက်လှမ်းမီသည့် အလေ့အကျင့်များ၊ တရားဝင်/အလွတ်သဘော လွှဲပြောင်းမှုများကို ပိုမိုနားလည်စေရန် ရည်ရွယ်သည်။  GRET သည် ၂၀၁၅ခုနှစ်က ရန်ကုန်မြို့ ဆင်ခြေဖုံး ထန်းတပင်မြို့နယ်တွင် ကောက်ခဲ့သည့်စစ်တမ်း၏ ရလဒ်များကို ၂၀၁၆ မေလတွင် ဆွေးနွေးတင်ပြခဲ့သည်။ ယင်းဆွေးနွေးပွဲသို့ အစိုးရအရာရှိများ၊ NGO များ၊ မြန်မာနိုင်ငံ မြို့ပြစီမံမှု ကျွမ်းကျင်သူများ တက်ရောက်ကြသည်။

GRET သည် ချင်းပြည်နယ် ဟားခါးမြို့ ဆင်ခြေဖုံးတွင်လည်း အလားတူ သုတေသနလုပ်ခဲ့သည်။ ၎င်းသုတေသန အစီရင်ခံစာ- ‘ချင်းတို့ဒေသ ဟားခါး၏ မြေယာလုပ်ပိုင်ခွင့် အလေ့အကျင့်များ၏ တည်မြဲမှု နှင့် ပြောင်းလဲမှု။ ဟားခါးမြို့ပြ နှင့် ဆင်ခြေဖုံးတို့၏ မြေယာပြောင်းလဲမှု’ ကို များမကြာမီက ထုတ်ဝေခဲ့သည်။ အဆိုပါ သုတေသနသည် ယနေ့ရင်ဆိုင်နေရသော မြေယာပိုင်ဆိုင်ခွင့် ပြဿနာများကို ပိုမိုနားလည်စေရန် ဗြိတိသျှတို့ သိမ်းပိုက်ပြီး နောက်ပိုင်းမှစကာ ချင်းလူမျိုးတို့၏ မြေယာပိုင်ဆိုင်မှုစနစ် မည်သို့ ပြောင်းလဲ လာသည်ကို မှတ်တမ်းတင်ထားသည်။  GRET သည် ယခုအခါ မွန္တလေး ဆင်ခြေဖုံးဒေသများကို သုတေသနပြုနေသည်။

### မြေယာမဏ္ဍိုင်အုပ်စု

မြေယာမဏ္ဍိုင်အုပ်စုသည် လက်ရှိဆောင်ရွက်နေသည့် အားလုံးပါဝင်စေသော မြေယာဆိုင်ရာ ဆွေးနွေးမှု၊ လုပ်ကွက်ငယ်တောင်သူများ မြေယာပိုင်ဆိုင်ခွင့် အသိအမြင်၊ မြေယာကဏ္ဍတွင် CSOများ ပေါင်းစပ်ညှိနှိုင်းရေး၊ မြေယာနှင့် ရင်းနှီးကျွမ်းဝင်မှုရှိသည့် ပုဂ္ဂလိကကုမ္ပဏီများ နှင့် ထိတွေ့ဆောင်ရွက်ခြင်း၊ မြေယာသုတေသနပြုခြင်း တို့ကို အခြေခံကာ တိုးချဲ့ဆောင်ရွက်မည့် LIFT၏ သုတေသန အသစ်တခုကို စတင်နေသည်။

အမျိုးသားမြေအသုံးချမှု မူဝါဒ နှင့် ဧရာဝတီတိုင်း ကွင်းဆင်းသုံးသပ်ရေး တို့အပြင် မြေယာမဏ္ဍိုင်အုပ်စုသည် ဓလေ့ထုံးစံအတိုင်း မြေယာအသုံးချခွင့်နှင့် အကျိုးတူလယ်ယာဆိုင်ရာ ကိစ္စများကို CSO များ ပိုမိုနားလည်အောင် ဆောင်ရွက်နေသည်။ စီမံချက်သည် ဤကိစ္စများနှင့် သက်ဆိုင်သည့် အစီရင်ခံစာနှစ်စောင်ကို ဆွေးနွေးပွဲများပြုလုပ်ပြီး ထုတ်ဝေခဲ့သည်။ ASDOက ဦးစီးသော တောင်သူ၊ ရေလုပ်သား ကျေးလက်ဒေသ ဖွံ့ဖြိုးရေး နှီးနှောဖလှယ်ပွဲကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဧရာဝတီတိုင်းတွင် ကျင်းပခဲ့ပြီး တောင်သူများ နှင့် ရေလုပ်သားများ ရင်ဆိုင်နေရသော အဓိက စိန်ခေါ်မှုများကို ဖော်ထုတ်ခဲ့ကြသည်။ နေပြည်တော် ပြည်သူ့လွှတ်တော်၊ တောင်သူရေးရာ ကော်မတီ နှင့် Spectrum တို့ ပူးပေါင်းကျင်းပသော ပုံစံ (၇)နှင့် ပတ်သက်သည့် ဆွေးနွေးပွဲ အတွက် ဒီဇိုင်းရေးဆွဲခြင်း၊ ပံ့ပိုးကူညီခြင်းတို့ဖြင့် ပါဝင်ခဲ့သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်မည့် နယ်မြေများတွင် ဒေသခံရပ်ရွာလူထုတို့ ၏ မြေနှင့်သယံဇာတ လက်လှမ်းမီခွင့် ဆိုင်ရာ အမျိုးသားအဆင့် စကားဝိုင်း ဆွေးနွေးပွဲကိုလည်း ကျင်းပခဲ့သည်။ လယ်ယာမြေဥပဒေ ကို သိမြင်စေရန် CSO ၆ ဖွဲ့ကိုလည်း သင်တန်းပေးခဲ့သည်။ ဤCSO များသည် ကျေးရွာ၂၂၆ ရွာတွင် ဆက်လက် သင်တန်း ပေးလျက်ရှိသည်။

### UN-Habitat

LIFTသည် ၂၀၁၃ နှင့် ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းကာလအကြားတွင် UN-Habitat ကို ရန်ပုံငွေချထားပေးပြီး လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကို ခေတ်မီ နည်းပညာများ အသုံးပြုကာ မြေယာအုပ်ချုပ်ရေးစနစ်အသစ်များ ရွေ့ပြောင်းဆောင်ရွက်ရန် ပံ့ပိုးခဲ့သည်။ ဤစီမံချက်သည် ခေတ်မီနည်းပညာများသည် စရိတ်ကို လျှော့ချကာ၊ အကျိုးများစေပြီး၊ မှတ်တမ်းများလည်း ပိုမိုတိကျလာစေ ကြောင်း ပြသသည်။ ခိုင်မာသော မြေယာအုပ်ချုပ်မှုစနစ်သည် လူထု၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် မျှတစွာ တုံ့ပြန်မှုရှိသည့် မြေယာအုပ်ချုပ်မှုအဖြစ်သို့ ပြောင်းလဲမည့် အခြေခံအုတ်မြစ်ပင်ဖြစ်သည်။

## ၆.၃။ စိုက်ပျိုးရေး

၂၀၁၆ခုနှစ်တွင် LIFTသည် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအား စားနပ်ရိက္ခာဖူလုံမှု စောင့်ကြည့်လေ့လာခြင်း၊ ပြည်သူ့အသုံးစရိတ်ကို ပြန်လည်သုံးသပ်ခြင်း၊ မဟာဗျူဟာ ပြုစုခြင်း စသည့် နယ်ပယ်များ၏ မူဝါဒချမှတ်ရာတွင် ပံ့ပိုးခဲ့သည်။

### စိုက်ပျိုးရေးမူဝါဒ နှင့် ပြည်သူ့အသုံးစရိတ် ပြန်လည်သုံးသပ်ခြင်း

LIFT သည် ကမ္ဘာ့ဘဏ်ကို ရန်ပုံငွေထောက်ပံ့ကာ မြန်မာ့စိုက်ပျိုးရေးမူဝါဒ နှင့် ပြည်သူ့အသုံးစရိတ်ကို ပြန်လည်သုံးသပ်သည့် လေ့လာချက်တစ်ရပ်ကို ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးလာစေရန်အတွက် ပြည်သူ့ရန်ပုံငွေကို မည်သို့ အသုံးပြုပြီး ဆောင်ရွက်သင့်ကြောင်းကို ယင်းလေ့လာချက်ပေါ်တွင်အခြေပြုပြီး မူဝါဒအဆင့် ဆွေးနွေးနိုင်ရန် ရည်ရွယ်သည်။ အစိုးရက စိုက်ပျိုးရေးအစီအစဉ်များအတွက် ဘဏ္ဍာငွေတိုးမြှင့်ခွဲဝေပေးနေသော်လည်း မြန်မာ့စိုက်ပျိုးရေး ကဏ္ဍကြီးထွားမှုမှာ နိမ့်နေသေးသည့်ပြင် စွမ်းဆောင်ရည်မှာလည်း နောက်ကျကျန်နေသဖြင့် လူထု၏ မျှော်လင့်ချက်ကို မပြည့်မီပေ။

လေ့လာမှု အစီရင်ခံစာသည် ၂၀၀၉ မှ ၂၀၁၇ ခုနှစ်အထိ စိုက်ပျိုးရေးဆိုင်ရာ ပြည်သူ့အသုံးစရိတ်ကို ပြန်လည်သုံးသပ်ရာ သုံးစွဲမှုအဆင့် နှင့် အသုံးစရိတ်၏ လုပ်ငန်းဆောင်ရွက်မှုနှင့် စီးပွားရေးပေါင်းစပ်မှုတို့ကို ဆန်းစစ်သည်။ ဆည်မြောင်း၊ စက်မှုလယ်ယာ၊ မျိုးစေ့၊ စိုက်စရိတ်ချေးငွေ၊ ငါးလုပ်ငန်းဆိုင်ရာ အစီအစဉ်များ အကောင်အထည်ဖော်မှုကို ဆန်းစစ်သည်။ အလှူရှင်များ၏ အထောက်အပံ့ဖြင့်ဆောင်ရွက်သော စီမံချက်များကိုလည်းစမ်းစစ်ပြီး၊ ပြည်သူ့အသုံးစရိတ်မှ အကျိုးအမြတ် ပြန်လည် ရရှိမှုနှုန်းကို ကန့်သတ်နေသော မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများကိုလည်း ပြန်လှန်သုံးသပ်သည်။

ပြည်သူ့အသုံးစရိတ် အခြေခံမျဉ်းကို ရေးဆွဲသည့်ပြင်၊ မြန်မာ့စိုက်ပျိုးရေးတိုးပွားမှုကို ပိုမိုသက်ရောက်စေရန် လိုအပ်မည့် မူဝါဒနှင့် ဘတ်ဂျက်ညှိနှိုင်းမှုဆိုင်ရာ အကြံပြုချက်များကိုလည်း ပေးအပ်သည်။ သုတေသန၊ ပညာပေးရေး၊ စွမ်းဆောင်ရည် တည်ဆောက်ရေး စသည့် အစိုးရက အထောက်အပံ့အလိုအပ်ဆုံး နယ်ပယ်များသို့လည်း အလှူရှင်များကို လမ်းပြပေးသည်။ ထိရောက် အကျိုးရှိမှု ပိုမိုလာစေရန် အလှူရှင်များ၏ စီမံချက်များမှ ရရှိသော သင်ခန်းစာများကို အစိုးရ၏ ပင်မ အစီအစဉ်များတွင် အသုံးချရန် အစိုးရကို တိုက်တွန်းသည်။

## အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးနှင့် ရိက္ခာဖူလုံရေး အစီအစဉ် (GAFSP)

အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးနှင့် ရိက္ခာဖူလုံရေး အစီအစဉ် (GAFSP) သည် သတ်မှတ်ချက်များနှင့် ကိုက်ညီသော တိုင်းပြည်များသို့ နွမ်းပါးမှုပပျောက်ရေး၊ ကျေးလက်ဒေသဝင်ငွေတိုးတက်ရေး၊ ရိက္ခာနှင့်အာဟာရဖူလုံရေး မဟာဗျူဟာ အစီအစဉ် များအတွက် ငွေကြေးထောက်ပံ့ပေးလျက်ရှိသည်။ ယင်းသည် LIFT၏ မဟာဗျူဟာ ရည်ရွယ်ချက်များနှင့် ကိုက်ညီသည်။

GAFSPက အဆိုပြုလွှာခေါ်ယူကြောင်းကို USAID နှင့် LIFT တို့က ဒု-ဝန်ကြီးသို့ တင်ပြခဲ့ရာ[87] မြန်မာနိုင်ငံက အဆိုပြုလွှာ တင်သင့်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ADB၊ FAO၊ LIFT တို့က အဆိုပြုလွှာတင်ရန် နည်းပညာအထောက်အကူ ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံ၏အဆိုပြုလွှာကို စိုက်ပျိုးရေးဖွံ့ဖြိုးမှုမဟာဗျူဟာ နှင့်အတူ GAFSPသို့ ၂၀၁၇ ဇန်နဝါရီလတွင် တင်သွင်းခဲ့သည်။ ၂၀၁၇ မတ်လတွင် မြန်မာနိုင်ငံသို့ ကန်ဒေါ်လာ ၂၇ သန်းကို ချီးမြှင့်ခဲ့သည်။ ထိုထောက်ပံ့ငွေနှင့်အတူ ADBထံမှ နှစ်ရှည် အတိုးသက်သာသောချေးငွေ ကန်ဒေါ်လာ၃၅ သန်းကိုလည်း ရရှိခဲ့သည်။ LIFT ၏ မူဝါဒထိတွေ့ဆောင်ရွက်မှု နှင့် ဩဇာ သက်ရောက်မှုသည် သိသာစွာ အောင်မြင်သည်။ ဝန်ကြီးဌာနက အစီအစဉ်များအတွက် အနည်းဆုံး ကန်ဒေါ်လာ ၆၂ သန်း တိုးတက်လာသည်။

## ရိက္ခာဖူလုံမှုကို စောင့်ကြည့်လေ့လာခြင်း

ရိက္ခာဖူလုံမှုနှင့် ဈေးကွက်အချက်အလက်သတင်းစနစ်တိုးတက်ရေးသည် LIFT က ရန်ပုံငွေပံ့ပိုးနေသည့် လေးနှစ်တာ စီမံချက်ဖြစ်ပြီး ၎င်းကို ကုလသမဂ္ဂလက်အောက်ခံ WFP အဖွဲ့၏ ထိခိုက်လွယ်မှုဆန်းစစ်ရေးနှင့် မှတ်တမ်းတင်ရေးဌာနက ဆောင်ရွက်သည်။ ဤစီမံချက်သည် အစိုးရကို ရိက္ခာဖူလုံမှုဆန်းစစ်ခြင်း နှင့် စစ်တမ်း ကောက်ယူခြင်း ဆိုင်ရာ စွမ်းဆောင်ရည် တည်ဆောက်ပေးသည်။ ရိက္ခာဖူလုံမှုဆိုင်ရာ သတင်းများကို ကောက်ယူခြင်း၊ ဆန်းစစ်ခြင်း၊ ဖြန့်ဝေခြင်းတို့အတွက် စနစ်တကျ ချဉ်းကပ်ဆောင်ရွက်နည်းတခုကို ပြုစုပေးသည်။

စီမံချက်သည် ရိက္ခာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှု ခန့်မှန်းရေးစစ်တမ်းကို ကျေးလက်ဒေသ ၂၇၈ မြို့နယ်တွင် ကောက်ယူရန်နှင့် ပြည်နယ်/တိုင်း ဒေသရှစ်ခုရှိ မြို့နယ်ပေါင်း ၁၁၀ တွင် ရိက္ခာဖူလုံမှုနှင့် ဈေးကွက်သတင်းများကို ပုံမှန်ပေးမည့်စနစ်ကို တည်ဆောက်ရန် အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို နည်းပညာအထောက်အကူပေးခဲ့သည်။ (ပုံ ၆.၁။ဝဲဘက်ပုံကို ကြည့် ပါ) ဤစီမံချက်သည် အသိအမြင်မျှဝေရေး၊ စွမ်းဆောင်ရည် အားဖြည့်ရေးကွန်ရက်ဖြစ်သည့် အရင်းအမြစ်ဌာန ၉ခုကို ထူထောင်ကာ စစ်တမ်းကောက်ခြင်း၊ ကိန်းဂဏန်းများ ဆန်းစစ်ခြင်း၊ မှတ်တမ်းတင်ခြင်း ဆိုင်ရာ အဆင့်မြင့်သင်တန်းများကို အမျိုးသားအဆင့် ဒေသကြီးအဆင့် အစိုးရဌာနများသို့ သင်တန်းပေးခဲ့သည်။

ဤစီမံချက်သည် မြန်မာနိုင်ငံတွင် ရေရှည်နှင့် ရေတို ရိက္ခာမဖူလုံမှု ဆိုင်ရာ အသိအမြင်များကို ဖော်ထုတ် တည်ဆောက်နိုင် ခဲ့သည်။ (ပုံ၆.၁။ယာဘက်ပုံကို ကြည့်ပါ) အထောက်အထားကိုအခြေခံသည့် မူဝါဒနှင့် ဆုံးဖြတ်ချက်ချမှတ်ရေးတွင် လိုအပ်သည့် နေရာအလိုက် ထိထိရောက်ရောက် ထောက်ပံ့မည့် မြို့နယ်အဆင့် ရိက္ခာဖူလုံမှုဆိုင်ရာ အသေးစိတ် အချက်အလက် ပေးသည့် စီမံချက်မှာ မြန်မာနိုင်ငံတွင် ဤစနစ်တခုမှလွဲ၍ မရှိသေးပေ။


## စိုက်ပျိုးရေးဖွံ့ဖြိုးမှုမဟာဗျူဟာ

၂၀၁၆ ခုနှစ်တွင် ဝန်ကြီးဌာန၏ တောင်းဆိုမှုအရ ADB၊ FAOနှင့် LIFT တို့က စိုက်ပျိုးရေးကဏ္ဍ မဟာဗျူဟာ ရေးဆွဲရာတွင် ထောက်ပံ့ခဲ့သည်။ ဤမဟာဗျူဟာ၏ ရည်မှန်းချက်မှာ- စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေး နှင့် မူဝါဒအကောင်အထည်ဖော်ရေးကို အထောက်အကူပြု လမ်းညွှန်ရန်နှင့် လုပ်ကိုင်သူများ၊ အစီအစဉ်များ၊ စီမံချက်များ၊ ရင်းနှီးမြှုပ်နှံမှုများကို ပေါင်းစပ်ညှိနှိုင်းပေးရန် ဖြစ်သည်။

ဤမဟာဗျူဟာသည် ပေါင်းစည်းမှုဝေထားသော စာတမ်းတခုဖြစ်ပြီး အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ လူမှုအဖွဲ့အစည်း၊ ဖွံ့ဖြိုးရေး မိတ်ဖက်တို့က စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးမှုအတွက် ချဉ်းကပ်နည်းအမျိုးမျိုးကို အဆိုပြုခဲ့ကြသည်။ အမှန်မှာ ယင်းသည် မကြာမီက အစိုးရ ရေးဆွဲခဲ့သည့် စိုက်ပျိုးရေးမူဝါဒကို အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက်ပင် ဖြစ်သည်။ ဤမဟာဗျူဟာ ကို အကောင်အထည်ဖော်ရန် ပတ်သက်ဆက်နွယ်သူ တဦးချင်းအလိုက် ရရှိရမည့် ရလဒ်များကို ရှင်းပြထားသည့် ရင်းနှီးမြှုပ်နှံမှု စီမံချက် လိုအပ်သည်။ လုပ်ငန်းတခုချင်းအလိုက် တန်ဖိုးသင့်ထားကာ၊ ငွေကြေးထောက်ပံ့မည့် အရင်းအမြစ်များကိုလည်း ဖော်ပြထားရမည်။ သို့မှာ ပတ်သက်ဆက်နွယ်သူများအနေဖြင့် လိုအပ်မည့် ငွေကြေး၊ ပစ္စည်း၊ လူသား အရင်းအမြစ်များ နှင့်၊ ငွေကြေးအထောက်အပံ့အရင်းအမြစ်များကို ကောင်းစွာသိရှိမည် ဖြစ်သည်။

[87] The GAFSP Public Sector Window has allocated \$1.02 billion in recipient-executed funding to 30 low-income countries in Africa, Asia, Latin America, and the Caribbean.

၂၀၁၆ စက်တင်ဘာလမှစကာ ADB၊ FAOနှင့် LIFTတို့ စုစည်းထားသော ပြည်တွင်း၊ ပြည်ပ ကျွမ်းကျင်သူများအဖွဲ့သည် ဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ဤမဟာဗျူဟာကို စတင်ရေးဆွဲခဲ့ကြသည်။ ဤအဖွဲ့သည် ဝန်ကြီးဌာန၊ အခြား ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍတို့နှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ ၂၀၁၇ခုနှစ် တွင် တိုင်းနှင့် ပြည်နယ်များတွင်ပါ ဆက်လက် ဆွေးနွေးတိုင်ပင်မည်ဖြစ်ပြီး ဤမဟာဗျူဟာတွင် အကြောင်းအရာများ၊ ပတ်သက်သူ အများအပြား၏ အမြင်များ ပါဝင်စေမည်၊ ဒေသနှင့် ဇဟို စိုက်ပျိုးရေး စီမံချက်များကို သဟဇာတဖြစ်စေမည် ဖြစ်သည်။



# ၆.၄။ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု

### စီးပွားရေး အသွင်ကူးပြောင်းရေးအတွက် ကျေးလက်ငွေကြေးမူဝါဒ ပေါ်ပေါက်ရေးကို ထောက်ပံ့ခြင်း

၂၀၁၆ ခုနှစ် တွင် LIFT၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု မိတ်ဖက်အဖွဲ့များ၌ အသေးစားငွေရေးကြေးရေး လုပ်ငန်းများ သာမက သမဝါယမများ၊ ပုဂ္ဂလိကဘဏ်များ၊ ရင်းနှီးမြှုပ်နှံသူများပါ ပါဝင်လာသည်။ LIFT သည် ဤသို့ မိတ်ဖက်ပြုနိုင်ခဲ့ခြင်းမှာ အစိုးရ၏ ပံ့ပိုးမှုကြောင့်သာမက မူဝါဒနှင့် စည်းမျဉ်းချမှတ်ရေးတွင် LIFT က အဆက်မပြတ် ရင်းနှီးမြှုပ်နှံမှုကြောင့်လည်း ဖြစ်သည်။

ကျေးလက်ငွေကြေးကဏ္ဍသည် အရင်းအနှီး ချို့တဲ့မှုကြောင့် မတိုးတက်နိုင်ပဲရှိနေသည်။ အရင်းအနှီးတို့မှာ အလှူရှင်များ၏ ပံ့ပိုးမှုများ၊ အစိုးရဘတ်ဂျက် သို့မဟုတ် ချေးငွေ၊ လုပ်ငန်း အသားတင် အမြတ်ငွေ မှ ပြန်လည်ရင်းနှီးမြှုပ်နှံရန် သတ်မှတ်ထားရှိငွေ (retained earnings)၊ ဝန်ဆောင်မှုအသုံးပြုသူများ၏ စုဆောင်းငွေတို့သာ အဓိကဖြစ်တတ်သည်။ စီးပွားရေးဘဏ်များအနေဖြင့် ကျေးလက်ဒေသတွင် ရင်းနှီးမြှုပ်နှံလာသည်မှာ မကြာသေးပေ။ ဤကဏ္ဍ၏ တိုးပွားရေး၊ ကျေးလက်ငွေကြေး လုပ်ငန်းဌာနများ ခိုင်မာစိတ်ချရေးတို့အတွက်၂၀၁၆ ခုနှစ်တွင် အစိုးရ၏ မူဝါဒများမှာ ဖြေလျှော့လာသည်။

### အသေးစားငွေရေးကြေးရေးလုပ်ငန်း

အသေးစား ငွေရေးကြေးရေးလုပ်ငန်းဌာနများ၏ ချေးငွေ ပမာဏအလိုက် မိမိဆန္ဒအရ စုဆောင်းကြသည့် စုငွေပမာဏ အချိုးကို ပယ်ဖျက်လိုက်သည့်ပြင်၊ MFI များသို့ ထုတ်ချေးပေးသည့် ချေးငွေ ကိုပါ လုပ်ခွင့်ဖွင့်ပေးခဲ့သဖြင့် အရင်းအနှီးအားနည်းမှု ကို ကိုင်တွယ်လာနိုင်ခဲ့ရာ ၂၀၁၆ ခုနှစ် အတွင်း အသေးစား ငွေကြေးလုပ်ငန်း ကဏ္ဍ၏ မူဝါဒဆိုင်ရာ ထူးခြားသော ဖြစ်ထွန်းမှုပင် ဖြစ်သည်။ LIFT သည် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊ ဗဟိုဘဏ်၊ စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့နှင့် ထိတွေ့ကာ အသေးစားငွေကြေးလုပ်ငန်းတွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုရန် ဆွေးနွေးလှုံ့ဆော်ခဲ့သည်။ The Currency Exchange (TCX) မှတဆင့် ငွေလဲနှုန်း မတည်ငြိမ်မှုမှ ဖြစ်ပေါ်နိုင်သော စွန့်စားရမှုများအတွက် တစိတ်အပိုင်း အထောက်အကူပေးမှုကို စတင်နိုင်ခဲ့သဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ  မြန်မာ့ အသေးစားငွေကြေးဈေးကွက်တွင် တိုက်ရိုက် ရင်းနှီးမြှုပ်နှံလာနိုင်ကြသည်။ TCX သည် ၂၀၁၆ နှစ်ကုန်တွင် ရင်းနှီးမြှုပ်နှံငွေ ကန်ဒေါ်လာ ၇၀.၆ သန်းကို  မြန်မာ့ အသေးစားငွေကြေးလုပ်ငန်း ၁၃ ခုသို့ MFI များသို့ ထုတ်ချေးပေးသည့် ချေးငွေကို ထုတ်ချေးနိုင်ခဲ့သည်။ အသေးစိတ် ကို အခန်း၄.၁။ တွင် ကြည့်ပါ။

LIFT သည် ချေးငွေ ပမာဏနှင့် မိမိဆန္ဒအရ စုငွေပမာဏ တို့၏ အမြင့်ဆုံးအချိုးကို ပယ်ဖျက်ရန် နှင့် အသေးစား ငွေကြေးလုပ်ငန်းများတွင် စုငွေလက်ခံနိုင်မည့် လိုအပ်ချက်များကို စတင်မိတ်ဆက်နိုင်ရန်အတွက် ကြိုးပမ်းအားထုတ်ကာ ဆွေးနွေးလှုံ့ဆော်ခဲ့သည်။ အစိုးရသည် အနည်းဆုံး မ’တည်အရင်းအနှီးကို ကျပ်သန်း ၃၀ (ကန်ဒေါ်လာ၂၃,၀၀၀) မှ ကျပ်သန်း၃၀၀ (ကန်ဒေါ်လာ၂၃၀,၇၀၀)သို့ တိုးမြှင့်လိုက်ကာ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက အသေးစားငွေကြေးလုပ်ငန်းများကို လုပ်ငန်းများ အရောက်/အဝေးမှ စစ်ဆေးကာ လိုင်စင်ထုတ်ပေးသည့် စနစ်ကို စတင်ခဲ့သည်။ ယင်းစည်းကမ်းသည် စုငွေလက်ခံသော အသေးစားငွေကြေးလုပ်ငန်းများ ခိုင်မာစိတ်ချရေးကို အားဖြည့်ပေးသဖြင့် LIFT က ကြိုဆိုခဲ့သည်။ LIFT သည် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနမှ ဦးစီးပြီး ယင်းစည်းကမ်းအကောင်အထည်ဖော်ရာတွင် စစ်ဆေးရေးအဖွဲ့များ တည်ထောင်ရန်နှင့် စုငွေလက်ခံသော အသေးစားငွေကြေးလုပ်ငန်းများကို ချဉ်းကပ်သည့် နည်းလမ်းများ ရေးဆွဲရန်အတွက် လိုအပ်သော နည်းပညာ အထောက်အကူကို ဆက်လက်ပံ့ပိုးမည် ဖြစ်သည်။

၂၀၁၇ ခုနှစ်အတွင်း LIFT ၏ ကျေးလက်ငွေကြေးဆိုင်ရာမူဝါဒလုပ်ငန်းများထဲမှ ဦးတည်ချက်တစ်ခုမှာ အသေးစားငွေကြေး လုပ်ငန်းများမှ နိုင်ငံခြားငွေကြေးစာရင်းကို စာရင်းရှင်းတမ်းတွင် ဖော်ပြခြင်းနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်း အသစ်များ ဖြစ်ထွန်းအောင် တိုက်တွန်းဆွေးနွေးမည် ဖြစ်သည်။ ဤသို့ဆောင်ရွက်ခြင်း၏ ရည်မှန်းချက်မှာ နိုင်ငံခြားငွေ ကို အပေါင်အဖြစ်ထားပြီး မြန်မာကျပ်ငွေထုတ်ယူခွင့် (back-to-back financial transactions) ကို ခွင့်ပြုကာ အသေးစား ငွေကြေးလုပ်ငန်းများ၏ အရင်းအနှီးများကို ခိုင်မာစိတ်ချစေသည့်ပြင် အသေးစားငွေကြေးလုပ်ငန်းများနှင့် စီးပွားရေးဘဏ်များနှင့် ချိတ်ဆက်မှုများ ဖြစ်ထွန်းစေသည်။

အသေးစားငွေရေးကြေးရေးလုပ်ငန်းများကို ကြီးကြပ်ရန် နှင့် လေးနက်စနစ်ကျသည့် လုပ်ထုံးလုပ်နည်းများကို ချမှတ် နိုင်ရန်အတွက် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန နှင့် စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ စွမ်းဆောင်ရည်ကို LIFT က တည်ဆောက်ပေးမည်။ ဤဌာနသည် လုပ်ထုံးလုပ်နည်းများနှင့် စနစ်ကျသည့်စံများကို လိုအပ်လျှင် မြန်ဆန် မှန်ကန် သော အရေးယူမှုများဖြင့် တည်အောင်ဆောင်ရွက်ရမည်။ အသေးစားငွေကြေးလုပ်ငန်းများ ကို စုငွေလက်ခံခွင့်ပြုရန် အစိုးရက ကတိကဝတ်ပြုခဲ့ပြီဖြစ်၍ ဤသို့ဆောင်ရွက်ရန် အလွန်အရေးကြီးသည်။အသေးစား ငွေရေး ကြေးရေးလုပ်ငန်းများအနေဖြင့် စုငွေလည်ပတ်မှုနှင့် ပုဂ္ဂလိက အရင်းအနှီးတို့ကို တာဝန်ခံယူမှုရှိစွာ ဆောင်ရွက်နိုင်ရန် စနစ်တကျ ချမှတ်ထားသော နည်းလမ်း များ မရှိပါက ရေရှည်တည်တံ့သော ကျေးလက်ဖွံ့ဖြိုးရေးမှာ နှောင့်နှေးမည် ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတွင် စစ်ဆေးရေးမှူးရာထူး တနေရာအတွက် ငွေကြေးထောက်ပံ့မည် ဖြစ်သည်။

## သမဝါယမများ

မြန်မာနိုင်ငံရှိ ငွေကြေးဆိုင်ရာ သမဝါယမများသည် အများအားဖြင့် အစိုးရချေးငွေများကို ကျေးရွာရှိ ငွေတိုးချေးငှားသူများထံသို့ လွှဲပြောင်းပေးသည့်ပုံစံဖြင့်သာ လည်ပတ်ကြသည်။ သမဝါယမများသည် အစိုးရဌာနခွဲများ ဖြစ်ကြပြီး သမဝါယမဥပဒေနှင့် ထိန်းချုပ်ထားသည်။ ၂၀၁၃ ခုနှစ် တွင် အသေးစားငွေရေးကြေးရေးဥပဒေ စတင်ခဲ့ပြီးနောက် ငွေကြေးသမဝါယမအသင်း ၇၇ ခုတို့က လိုင်စင်လျှောက်ထားကာ ရရှိခဲ့ကြသည်။ သို့သော် ၂၀၁၆ ခုနှစ်တွင် ယင်းအသင်းအားလုံး လိုင်စင်များကို ပြန်အပ်ခဲ့ကြသည်။ အကြောင်းမှာ မ'တည် အရင်းအနှီး နှင့် အနည်းဆုံး ငွေလည်ပတ်မှုအချိုးတို့ ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊  လစဉ် အစီရင်ခံရမည့် အချက်အလက် စီမံခန့်ခွဲမှုစနစ်ကို လည်းကောင်း လိုက်နာရန် ခက်ခဲသောကြောင့် ဖြစ်သည်။

အစိုးရ၏ သဘောတူညီမှုအရ LIFT သည် ၂၀၁၆ ခုနှစ်တွင် သမဝါယမကဏ္ဍ၌ ရင်းနှီးမြှုပ်နှံခဲ့ပြီး Canadian Cooperative Assoication Credit Union မှတဆင့် က အပူပိုင်းဇုန်တွင် စီမံချက်လုပ်ငန်းစတင်ခဲ့သည်။ ဤစီမံချက်သည် စိတ်ချနိုင်မာသော ငွေချေးမှုအစီအစဉ်များကို ဆောင်ရွက်မည်၊ မြို့နယ်အဆင့် အသင်းစုများ၏ ငွေကြေးဝန်ဆောင်မှုကို အဓိကထားသော စီမံခန့်ခွဲမှု အစီရင်ခံစာကို တင်ပြမည်၊ ထို့ပြင် ပိုမိုကျယ်ပြန့်ကာ ရေရှည်ခံမည့် အရင်းအနှီး ပုံစံကို ထူထောင်မည်။  အစိုးရကို မှီခိုခြင်း မရှိသော ရေရှည်ခံမည့် ငွေချေးအသင်းစု ပုံစံကို မိတ်ဆက်ပေးမည်။  နောင်တွင် ငွေချေးသမဝါယမ/ ငွေချေးအသင်းစု နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ လိုအပ်လာမည်ဖြစ်သည်။

၂၀၁၆ ခုနှစ် နောက်ဆုံး သုံးလပတ်တွင် အစိုးရသည် မြန်မာ့ စိုက်ပျိုးရေးကို စက်မှုလယ်ယာသို့ကူးပြောင်းဖြင့် ခေတ်မီရန် ဆောင်ရွက်ရာတွင် အထောက်အကူများပေးရန် စက်ကိရိယာ အရောင်းသမားများ၊ စီးပွားရေးဘဏ်များ၊ အလှူရှင်အဖွဲ့အစည်းများကို ကမ်းလှမ်းခဲ့သည်။ LIFT/ရိုးမဘဏ် စိုက်ပျိုး-စီးပွားရေး ငွေကြေးအစီအစဉ်(AFP)သည် အစိုးရ၏ စက်မှုလယ်ယာကူးပြောင်းရေး မဟာဗျူဟာ အကောင်အထည်ဖော်မှုကို ထောက်ပံ့မည်။ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနသည် AFP နှင့် ရောင်းချက်လျက်ရှိသည့် ရိုးမဘဏ် စက်ကိရိယာ အရောင်းကိုယ်စားလှယ် သုံးဦးနှင့် အသေးစား နှင့် အလတ်စား စီးပွားရေးချိတ်ဆက်မှုများ (တောင်သူများ စက်ကိရိယာများ ဝယ်ယူမှုအတွက် အာမခံပေးခြင်း)များကို ဆောင်ရွက်ပေးမည်။ ဤအစိုးရအစီအစဉ်အတွက် တန်ဖိုး ကန်ဒေါ်လာ၁၂.၅သန်းရှိသော လယ်ထွန်စက်အစီး ၅၀၀ အတွက် နယူးဟော်လန် နှင့် CPCL ဖြန့်ချီရေး ကုမ္ပဏီတို့ မှတဆင့် AFP က ငွေကြေးပံ့ပိုးမည် ဖြစ်သည်။

## ၆.၅။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ထောက်ပံ့ခြင်း

LIFT ၏ ဝန်ထမ်းအင်အား ၂၆ ဦးပါ နည်းပညာ ပံ့ပိုးမှုအဖွဲ့သည် နေပြည်တော်ရှိ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် အခြေပြုကာ ဦးစီးဌာနကို စွမ်းဆောင်ရည် နှင့် စနစ်များကို တည်ဆောက်ရာတွင် ဆက်လက်ထောက်ပံ့နေသည်။

LIFTသည် ၂၀၁၄ခုနှစ်တွင် အကြံပေးနှစ်ဦးကို ယင်းဌာနရုံးတွင် ခန့်ထားပေးခဲ့ပြီး ၂၀၁၅ ခုနှစ်တွင်တွင် ပြည်တွင်း အကြံပေး ၂၅ ဦး ကို ထပ်မံ ခန့်အပ်ခဲ့သည်။ ၎င်းတို့ကို နိုင်ငံတကာ အထက်တန်း မဟာဗျူဟာအကြံပေးတဦးက ဦးဆောင်နေသည်။ ၂၀၁၇ ခုနှစ် ကုန်အပြီး အကောင်အထည်ဖော်ရမည့် လုပ်ငန်း၁၅ခုပါဝင်သော သုံးနှစ်သက်တမ်းရှိ ဘက်စုံစွမ်းဆောင်ရည်ဖွံ့ဖြိုးရေးစီမံချက်ကို ရေးဆွဲရာတွင် LIFT က ပံ့ပိုးခဲ့သည်။ ဦးစီးဌာနသည် မိမိ၏ ဌာနဆိုင်ရာ လည်ပတ်မှုပုံစံစနစ်များ၊ အဖွဲ့အစည်း စနစ်များ၊ အရာရှိများ၏ နည်းပညာကျွမ်းကျင်မှုများ နှင့် အခြားအစိုးရဌာနများက ယင်းလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်သည့် စွမ်းဆောင်ရည်များ ဖြစ်ထွန်းစေရန် LIFT အဖွဲ့ထံမှ အထောက်အကူ တောင်းခံခဲ့သည်။

### အစိုးရ၏ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းကို ထောက်ပံ့ခြင်း

အဓိကလုပ်ဆောင်ချက်မှာ အစိုးရ၏ အောက်မှအထက်သို့ စီမံချက်ရေးဆွဲမှု နှင့် ဘတ်ဂျက်ရေးဆွဲမှု မဟာဗျူဟာကို ဖြည့်ဆည်းမည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲမှု နှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် အမျိုးသားအဆင့်နမူနာပုံစံ တခုကို ရေးဆွဲခြင်း ဖြစ်သည်။

၂၀၁၆ တွင် LIFT အဖွဲ့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာ၌ နည်းပညာပိုင်း နှင့် ဌာနဆိုင်ရာပိုင်း လုပ်ငန်းစဉ်အဆင့်တိုင်းတွင် အစိုးရ၏ မဟာဗျူဟာပိုင်း စွမ်းဆောင်ရည် ဖွံ့ဖြိုးစေရန် အဓိက ဆောင်ရွက်ခဲ့သည်။

၂၀၁၅ ခုနှစ် နှစ်ဆန်းတွင် အမျိုးသားအဆင့်နမူနာပုံစံကို မြို့နယ်နှစ်ခုမှ ရွာပေါင်း ၁၀ရွာ တွင် စမ်းသပ်ခဲ့ပြီးနောက်၊ တနိုင်ငံလုံးမှ ၃၄မြို့နယ်ရှိ ရွာပေါင်း ၁၇၀ တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲမှုကို ရှေ့ပြေးဆောင်ရွက်ခဲ့သည်။ ယင်းရှေ့ပြေးလုပ်ငန်းမှာ ၂၀၁၅ ခုနှစ်တွင်ပြီးဆုံးခဲ့သည်။ ၂၀၁၆ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက ရှေ့ပြေး ၃၄ မြို့နယ်ရှိ ကျေးရွာများမှ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်အတွက် ၎င်းတို့ရွာများ၏ နှစ်စဉ် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ရေးဆွဲရာတွင် ကူညီသည်ကို LIFT က ထောက်ပံ့ခဲ့သည်။ ထို့နောက် ဦးစီးဌာနက တရွာလျှင် ကျပ်ငါးသန်းကျစီ (ကန်ဒေါ်လာ ၃၈၀၀) ကို ရွာပေါင်း ၁၇၀ အတွက် ရင်းနှီးမြှုပ်နှံရန် ခွဲဝေပေးခဲ့သည်။ ဤဆောင်ရွက်မှုမှာ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲမှု နှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် တို့ကို ထိရောက်စွာ အသုံးချခြင်းကို စံပြဖော်ဆောင်ခြင်း ဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲမှုကို ရှေ့ပြေးဆောင်ရွက်ပြီးနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် LIFT တို့သည် ကျေးလက်ဒေသ ၂၉၈ မြို့နယ်မှ ကျေးရွာ ၆၃,၉၀၀ ကို လွှမ်းခြုံနိုင်မည့် နည်းလမ်းကို ဖော်ထုတ်ခဲ့ကြသည်။ ဤသည်မှာ ရည်မှန်းချက် အလွန်ကြီးမားလှပြီး အစိုးရဌာနများသော်လည်းကောင်း၊ ဖွံ့ဖြိုးရေးမိတ်ဖက်များ သော်လည်းကောင်း စီစဉ်ဆောင်ရွက်ဖူးခြင်း မရှိကြချေ။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ၁၃၀ကို စီမံချက်ရေးဆွဲပုံနည်းလမ်းများကို သင်တန်းပို့ချခဲ့သည်။ ထိုဦးစီးအရာရှိများမှ တဆင့် ရွာခံ စီမံချက်ရေးဆွဲသူ ၁၀,၆၀၀ ကို ထပ်ဆင့်သင်တန်းပြန်ပေးခဲ့သည်။ ယင်းတို့သည် ယခုအခါ ကိန်းဂဏန်းအချက်အလက်များစုဆောင်းကာ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များကို ရေးဆွဲနေသည်။ ကျေးရွာများသည် ၂၀၁၇ ခုနှစ်တွင် ယင်းတို့၏ ဦးစားပေး စီမံချက် လုပ်ငန်းများကို အကောင်အထည်ဖော်ရန် အထောက်အကူများ ရမည်ဖြစ်သည်။ ဤစီမံချက်များကို ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်အွန်လိုင်းဒေတာဘေ့စ်မှတဆင့် ၂၀၁၇-၂၀၁၈ မြို့နယ်အဆင့် ဖွံ့ဖြိုးရေး ဘတ်ဂျက်များနှင့် ချိန်ညှိမည် ဖြစ်သည်။

# ၇။ ရန်ပုံငွေစီမံခန့်ခွဲခြင်း

## ၇.၁။ အုပ်ချုပ်ရေး ကိစ္စရပ်များ

### LIFT ၏ ရန်ပုံငွေ ဘုတ်အဖွဲ့တွင် အစိုးရ ပါဝင်ခြင်း

၂၀၁၅ ခုနှစ်တွင် LIFTသည် အစိုးရက ဦးဆောင်သော အထက်တန်းအတိုင်ပင်ခံအုပ်စုတစ်ခုကို ထူထောင်ကာ LIFT ၏ အုပ်ချုပ်ရေးတွင် အစိုးရကို ပါဝင်စေခဲ့သည်။ သို့သော် ရန်ပုံငွေထောက်ပံ့မည့် စီမံချက်များရွေးချယ်ရာတွင် ဆုံးဖြတ်ပိုင်ခွင့် ကိုမူ မပေးအပ်ခဲ့ပေ။ အစိုးရ၊ မိတ်ဖက်အဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍတို့မှ ကိုယ်စားလှယ် များ ပါဝင်သော အထက်တန်းအတိုင်ပင်ခံအုပ်စုသည် ရန်ပုံငွေဘုတ်အဖွဲ့အတွက် အလွန်အကျိုးရှိလှသည့် အဆိုပြုချက်များကို ပေးသည့် အကြံပေးအဖွဲ့ဖြစ်သည်။

၂၀၁၆ ခုနှစ် မတ်လတွင် အင်အယ်လ်ဒီ ခေါင်းဆောင်သည့် အစိုးရအသစ် တက်လာပြီးနောက် LIFT၏ အလှူရှင်များသည် ရှေ့သို့ တဆင့်တက်လှမ်းကာ အသစ်ဖွဲ့စည်းခဲ့သော စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနကို ရန်ပုံငွေ ဘုတ်အဖွဲ့တွင် ပါဝင်ရန် ဖိတ်ခေါ်ခဲ့သည်။ ဝန်ကြီးဌာနကလည်း လက်ခံခဲ့ပြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာနကို ဘုတ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ရန် တာဝန်ပေးခဲ့သည်။ အစိုးရကိုယ်စားလှယ် တက်ရောက်သည့် ပထမဆုံး အစည်းအဝေး ကို ၂၀၁၆ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သည်။ ဘုတ်အဖွဲ့တွင် အစိုးရ ပါဝင်လာနိုင်ခဲ့ပြီးနောက် အထက်တန်း အတိုင်ပင်ခံ အုပ်စု၏ အဓိက လုပ်ငန်းတာဝန်များကို အပြီးသတ်ဆောင်ရွက်ခဲ့သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများ နှင့် ပုဂ္ဂလိက ကဏ္ဍ တို့အား ရန်ပုံငွေဘုတ်အဖွဲ့တွင် ပါဝင်စေရေးကို စဉ်းစားလျက်ရှိသည်။

### လုပ်ငန်းဆောင်ရွက်မှု လမ်းညွှန်ကို ပြောင်းလဲပြင်ဆင်လိုက်ခြင်း

နိုင်ငံတော် အစိုးရနှင့် ပုံမှန်လက်တွဲဆောင်ရွက်နေခဲ့ပြီး ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် LIFT ၏ အလှူရှင်များသည် ချင်းပြည်နယ်တွင် အစိုးရက ဆောင်ရွက်မည့် အာဟာရပြည့်ဝရေး အစီအစဉ်တခုအတွက် အစိုးရကို တိုက်ရိုက် ငွေကြေးထောက်ပံ့နိုင်ရန် မူဝါဒကို ပြောင်းလဲရေးကို သဘောတူလိုက်သည်။ ယင်းမှာ LIFT ၏ လုပ်ငန်းဆောင်ရွက်မှု လမ်းညွှန်ကို သိသိသာသာ ပြောင်းလဲလိုက်ခြင်းပင် ဖြစ်သည်။ LIFT သည် အောက်ပါ သတ်မှတ်ချက်များ နှင့်အညီ အစိုးရကို တိုက်ရိုက်ငွေကြေးထောက်ပံ့ရန် သဘောတူခဲ့သည်။

- လွှဲပြောင်းပေးမည့် ရန်ပုံငွေသည် ဘတ်ဂျက်အရ ရှုပ်ထွေးမှုနည်းသော လုပ်ဆောင်မှုများအတွက် ဖြစ်ရမည်။ ဥပမာ ချင်းပြည်နယ် မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးမှု အစီအစဉ်တွင် ရန်ပုံငွေအားလုံးကို အိမ်ထောင်စုများသို့ လွှဲပြောင်းပေးရန် သတ်မှတ်ထားပြီး ဖြစ်သည်။
- UNOPS သည် ယင်းလုပ်ဆောင်မှုအတွက် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနနှင့် စီမံချက်ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်(PCA) ကို လက်မှတ်ရေးထိုးရမည်။
- ဤကိစ္စရပ်အတွက် PCA အရ အစိုးရက ဖွင့်လှစ်ထားသော သီးခြားဘဏ်စာရင်းတခုသို့ ရန်ပုံငွေကို လွှဲပြောင်းပေးရမည်။
- အတည်ပြုထားသော လုပ်ငန်းစီမံချက်အရ ရန်ပုံငွေကို တဆင့်ချင်းတိုးကာ ထုတ်ပေးရမည်။
- လုပ်ငန်းစဉ်တလျှောက်လုံးတွင် UNOPS သည် နည်းပညာ အထောက်အကူပေးခြင်း၊ PCAပါ စည်းကမ်းချက်များ၊ UNOPS၏ ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးများအတိုင်း ရန်ပုံငွေကို သုံးစွဲခြင်းရှိမရှိ ရှောင်တခင် စစ်ဆေးခြင်း အပါအဝင် လုံလောက်စွာ ပါဝင်ဆောင်ရွက်ရမည်။
- စီမံချက်လုပ်ငန်းများအတွက် နစ်နာမှုတိုင်တန်းနိုင်သော သင့်လျော်သည့် စနစ်တခုကိုလည်း UNOPSက ထူထောင်ထားရမည်။

### ရန်ပုံငွေဘုတ်အဖွဲ့ နှင့် အလှူရှင်များအဖွဲ့တို့၏ ဥက္ကဋ္ဌသစ်များ

၂၀၁၆ခုနှစ် ဒီဇင်ဘာလတွင် ယူကေကို LIFTရန်ပုံငွေဘုတ်အဖွဲ့၏ ဥက္ကဋ္ဌအသစ်အဖြစ် လည်းကောင်း၊ ဥရောပသမဂ္ဂကို အလှူရှင်များအဖွဲ့၏ ဥက္ကဋ္ဌအသစ်အဖြစ် လည်းကောင်း အလှူရှင်များက တာဝန်ပေးခဲ့သည်။

### ကန့်သတ်ထည့်ဝင်မှုဆိုင်ရာ မူဝါဒ

လက်ရှိ အလှူရှင်များက ထပ်မံထည့်ဝင်လာကြသော်လည်း LIFT ၏ ရန်ပုံငွေအားလုံးနီးပါးကို အစီအစဉ်များအတွက် ခွဲဝေထားပြီး ဖြစ်သည်။ ထို့ကြောင့် ယခုနှစ်ဆန်းတွင် ရန်ပုံငွေဘုတ်အဖွဲ့သည်-(၁) အစီအစဉ်များ ရေးဆွဲရန်အတွက် အရင်းအမြစ်အသစ်များ ရရှိရန်၊ (၂) အလှူရှင်ထည့်ဝင်မှုများ ပိုမိုမျှတလာစေရန် အတွက် LIFT သို့ အလှူရှင်အသစ်များ ပါဝင်ရန် တိုက်တွန်းသည့် နည်းလမ်းများကို စူးစမ်းခဲ့သည်။ မတ်လတွင် ရန်ပုံငွေဘုတ်အဖွဲ့သည် သတ်မှတ်ချက်များ နှင့် ကိုက်ညီပါက ကန့်သတ် ငွေကြေးထည့်ဝင်မှုကို လက်ခံနိုင်မည့်မူကို ပြဋ္ဌာန်းလိုက်သည်။ တရားဝင်ရေးဆွဲထားသည့် မူဝါဒကို အလှူရှင်များ အဖွဲ့ကလည်း အတည်ပြုပေးခဲ့သည်။

### LIFT၏ ကြားဖြတ်ပြန်လည်သုံးသပ်ချက်

၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ရန်ပုံငွေဘုတ်အဖွဲ့သည် ရန်ပုံငွေသက်တမ်းကာလ ထက်ဝက်ရှိ LIFT ၏ လုပ်ငန်းဆောင်ရွက်မှုကို လက်ရှိမဟာဗျူဟာနှင့် ကိုက်ညီမှု ရှိ၊ မရှိ အကဲဖြတ်ရန် ကြားဖြတ်ပြန်လည်သုံးသပ်ချက် တင်ပြရန် တာဝန်ပေးခဲ့သည်။ ဤပြန်လည်သုံးသပ်ချက်သည် ၂၀၁၈ ခုနှစ်နောက်ပိုင်း LIFT အတွက် အခွင့်အရေး နှင့် စိန်ခေါ်မှုများကို စစ်ဆေးခြင်းအပါအဝင် မေးခွန်း ၉ ခု ကို ဦးတည် ထည့်သွင်းထားသည်။ သီးခြားလွတ်လပ်သော ပြန်လည်သုံးသပ်ရေး အဖွဲ့သည် ရန်ပုံငွေမန်နေဂျာရုံး၊ ရန်ပုံငွေဘုတ်အဖွဲ့၊ အစိုးရကိုယ်စားလှယ်များ၊ မိတ်ဖက်အဖွဲ့များ၊ အခြားပတ်သက်သူများနှင့် ကျယ်ကျယ်ပြန့်ပြန့် တွေ့ဆုံမေးမြန်းခဲ့သည်။ ပြန်လည်သုံးသပ်ချက်အရ လုပ်ငန်းဆောင်ရွက်မှု ဆိုင်ရာမေးခွန်းများနှင့် အကဲဖြတ်ပါက LIFT ၏ လုပ်ငန်း ဆောင်ရွက်မှုမှာ ကောင်းမွန်ကြောင်း၊ လူများကို 'တက်လှမ်းရန်'၊ 'ထွက်ခွာရန်'၊ 'တောင့်ထားရန်' ပံ့ပိုးကူညီသည့် ရည်မှန်းချက်များ အပါအဝင် ရလဒ်များမှာလည်း LIFT ၏ မဟာဗျူဟာနှင့် ကိုက်ညီကြောင်း ကောက်ချက်ချသည်။ ထိရောက်မှုကို ပိုမိုအားကောင်းရန် ဆောင်ရွက်နိုင်မည့် နယ်ပယ်များကို အကြံပြုရာတွင် အထူးသဖြင့် အစိုးရ နှင့် မူဝါဒရေးဆွဲဖော်ဆောင်မှုကို ထောက်ပံ့ခြင်း၊ စီမံကိန်းများတွင် ကျား/မရေးရာကို စီမံကိန်းများတွင် ထည့်သွင်းဆောင်ရွက်ခြင်း၊ ပံ့ပိုးမှုများအတွက် ဆုံးဖြတ်ချက်ချရာတွင် ငွေကြေးကုန်ကျရ ကျိုးနပ်မှုကို ထည့်သွင်းစဉ်းစားခြင်း၊ LIFT ၏ သင်ယူမှုများကို စုစည်းခြင်းတို့ ပါဝင်သည်။ သုံးသပ်ချက်အရ ၂၀၁၆ ခုနှစ်တွင် LIFT ၏ လုပ်ဆောင်ချက်များသည် ဤနယ်ပယ်တိုင်းတွင် အောင်မြင်ကြောင်းကို အသိအမှတ်ပြုထားသည်။ ၂၀၁၇ ခုနှစ်တွင် LIFT သည် အစိုးရ၏စွမ်းဆောင်ရည်ကို ဖွံ့ဖြိုးအောင် ဆက်လက်ဆောင်ရွက်မည်၊ ကျား/မ ရေးရာ နှင့် ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေဖြစ်ရေးကို အစီအစဉ်များတွင် အားဖြည့်မည်၊ ပံပိုးမှုများအတွက် ဆုံးဖြတ်ချက်ရာတွင် ငွေကြေး ကုန်ကျရ ကျိုးနပ်မှု ကို ထည့်သွင်း စဉ်းစားသည့်အချက်များကို ဆွေးနွေးဆောင်ရွက်မည်ဖြစ်သည်။ သုံးသပ်ချက်သည် LIFT ၏ နောက်ဆက်တွဲ အစီအစဉ်ကို စီမံချက်ရေးဆွဲရန်လည်း အကြံပြုထားသည်။ LIFTသည် နောက်တဆင့်အတွက် စဉ်းစားရန် လေ့လာသုံးသပ်မှုများကို၂၀၁၇ ခုနှစ်တွင် ဆောင်ရွက်မည် ဖြစ်သည်။

## ၇.၂။ LIFT၏ ရန်ပုံငွေခွဲဝေမှု

LIFTသည် ရန်ပုံငွေဘုတ်အဖွဲ့၏ မူဝါဒများနှင့်အညီ ရန်ပုံငွေများကို မည်မျှအထိ ခွဲဝေပေးခဲ့သည်၊ ပွင့်လင်းမြင်သာမှုရှိသည်တို့ကို တိုင်းတာရန် အညွှန်းနှစ်ခုကို အသုံးပြုခဲ့သည်။ အောက်ပါဇယားတွင် တွေ့ရှိသည့်အတိုင်း ရန်ပုံငွေစီမံခန့်ခွဲရေးရုံး(FMO) သည် ငွေရေးကြေးရေးနှင့် စီမံခန့်ခွဲရေးတွင် ကျစ်လစ်ခိုင်မြဲသော သတ်မှတ်ချက်များ ဆက်လက်ထားရှိပြီး ၎င်းတို့နှင့်ကိုက်ညီစေရန်လည်း အကောင်အထည် ဖော်လျက်ရှိသည်။ ၂၀၁၅ ခုနှစ် နှစ်ပတ်လည် စာရင်းစစ်ဆေးမှုကို ၂၀၁၆ ခုနှစ် မေလတွင် ဆောင်ရွက်ခဲ့သည်။ အားလုံးခြုံ၍ ကျေနပ်ဖွယ်ရှိကြောင်း၊ စီမံချက်စီမံခန့်ခွဲမှု၊ ငွေကြေး၊ ပစ္စည်းဝယ်ယူခြင်း၊ လူစွမ်းအား အရင်းအမြစ် စသည့် လုပ်ငန်းနယ်ပယ်များတွင်လည်း ကျေနပ်ဖွယ်ရှိကြောင်း ဖော်ပြထားသည်။ စာရင်းစစ် အစီရင်ခံစာတွင် မှတ်ချက် တစ်စုံတစ်ရာပင် မရှိခဲ့ပါ။

မိတ်ဖက်အဖွဲ့များ၏ စီမံချက်၃၄ခု၏ အသုံးစရိတ်များကို ၂၀၁၆ ခုနှစ်တွင် စာရင်းစစ်ခဲ့ရာတွင် အထူးဦးစားပေးအဆင့် တွေ့ရှိချက် ငါးခုသာ ရှိသည်။ ၂၀၁၅ ခုနှစ်ကမူ မိတ်ဖက်အဖွဲ့ ၄၄ ဦးတွင် ၈ ချက် တွေ့ရှိခဲ့သည်။


*ဇယား ၇.၁။ ၂၀၁၆ ခုနှစ် LIFT၏ ရန်ပုံငွေ ခွဲဝေမှု*

| အညွှန်းများ | ၂၀၁၆ ရည်မှန်းချက် | ၂၀၁၆  ပြီးစီးမှု | ပြီးစီးမှု % |
|---|---|---|---|
| သတ်မှတ်ချိန်အတွင်း ရန်ပုံငွေ မန်နေဂျာ (Fund Manager FM) က ပြီးစီးသည့် ရန်ပုံငွေ ဘုတ်အဖွဲ့ (Fund Board FB) ၏ အကြံပြုချက်များ% | ၁၀၀% | ၉၅% * | ၉၅% |
| FMနှင့် အကောင်အထည်ဖော်သည့် မိတ်ဖက်အဖွဲ့များအတွက်ပါ အထူးဦးစားပေးဟု စာရင်းစစ်များက သတ်မှတ်သော စာရင်းစစ် နယ်ပယ် ရာခိုင်နှုန်း နှင့် အရေအတွက် | အားလုံးပေါင်း ၀ | အားလုံးပေါင်း ၁၀ ** | ၄,၆၂၉ |

* ၂၀၁၆ခုနှစ် ရန်ပုံငွေဘုတ်အဖွဲ့ အစည်းအဝေးများအရ ရန်ပုံငွေမန်နေဂျာမှ ဆောင်ရွက်ရန်အချက် ၈၀ရှိခဲ့ရာတွင် ၇၆ခုမှာ သတ်မှတ်ချိန်အတွင်း ဆောင်ရွက်နိုင်ခဲ့သည်။

** IP များကို စုစုပေါင်း ၁၆၈ခု စာရင်းစစ်ခဲ့ပြီး ယင်းတို့မှ ၁၀ခုကို အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း မှတ်ချက်ပေးခဲ့သည်။ FMO ၏ ၂၀၁၅ အသုံးစရိတ်များနှင့်ပတ်သက်၍ မှတ်ချက်တစုံတရာ မရှိခဲ့ပေ။ ၂၀၁၆ခုနှစ် စာရင်းစစ်ဆောင်ရွက်မှုကို ၂၀၁၇ ခုနှစ်တွင် ပြုလုပ်မည်ဖြစ်သည်။


*ပုံ ၇.၂။ ၂၀၁၆နှစ်ကုန်ရှိ မိတ်ဖက် အဖွဲ့အစည်း အမျိုးအစား အလိုက် ထောက်ပံ့မှု အချိုးအစား*




*ဇယား ၇.၂။ ၂၀၁၆ LIFT၏ ရန်ပုံငွေလုပ်ကွက်အလိုက် စီမံချက်များ၏ အခြေအနေ*

| ရန်ပုံငွေ (စီမံကိန်း/လုပ်ကွက်) | လက်မှတ်ထိုးပြီး စာချုပ် ၂၀၁၅ ဒီဇင်ဘာ B | လက်မှတ်ထိုးပြီး စာချုပ် ၂၀၁၆ ဒီဇင်ဘာ C | ပြီးဆုံး စီမံချက် D | ဆောင်ရွက်ဆဲ စီမံချက် E=C-D | စာချုပ်ပြင်ဆင်ချက် ၂၀၁၅ ဒီဇင်ဘာ G | စာချုပ်ပြင်ဆင်ချက် ၂၀၁၆ ဒီဇင်ဘာ H |
|---|---|---|---|---|---|---|
| မြစ်ဝကျွန်းပေါ်- ၁ | ၂၂ | ၂၂ | ၂၂ | ၀ | ၃၀ | ၃၀ |
| နိုင်ငံတဝန်း | ၁၉ | ၁၉ | ၁၈ | ၁ | ၄၇ | ၄၈ |
| မြစ်ဝကျွန်းပေါ် - ၂ | ၁၀ | ၁၀ | ၁၀ | ၀ | ၂၅ | ၂၅ |
| အခြား (တိုက်ရိုက် ထောက်ပံ့မှု နှင့် QSEM) | ၃ | ၄ | ၂ | ၂ | ၆ | ၆ |
| သင်ယူမှုနှင့် တီထွင်ဆန်းသစ်ခြင်း | ၂၇ | ၂၇ | ၁၄ | ၁၃ | ၄၆ | ၅၅ |
| ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၁၄ | ၁၆ | ၄ | ၁၂ | ၉ | ၁၅ |
| ရခိုင်ဒေသ | ၁၀ | ၁၀ | ၄ | ၇ | ၆ | ၇ |
| အပူပိုင်းဇုန် | ၇ | ၁၂ | ၂ | ၁၀ | ၃ | ၅ |
| မြစ်ဝကျွန်းပေါ်- ၃ | ၅ | ၉ | ၀ | ၉ | ၀ | ၃ |
| တောင်တန်းဒေသ | ၄ | ၁၀ | ၄ | ၇ | ၀ | ၀ |
| ပုဂ္ဂလိကကဏ္ဍ | ၂ | ၂ | ၀ | ၂ | ၀ | ၀ |
| ရွှေ့ပြောင်းသွားလာရေး | ၁ | ၄ | ၀ | ၄ | ၁ | ၁ |
| အရပ်ဘက် လူမှုအဖွဲ့အစည်း | ၃ | ၃ | ၀ | ၃ | ၀ | ၀ |
| ရေဘေးသင့်ဒေသများကို ပံ့ပိုးမှု | ၃ | ၃ | ၃ | ၀ | ၂ | ၂ |
| အာဟာရကဏ္ဍ | ၀ | ၁ | ၀ | ၁ | ၀ | ၀ |
| စုစုပေါင်း | ၁၃၀ | ၁၅၄ | ၈၃ | ၇၁ | ၁၇၆ | ၁၉၈ |

*ပုံ ၇.၃။ LIFT၏ အသုံးစရိတ် စုစုပေါင်း (ကန်ဒေါ်လာ(သန်း) ဖြင့်) ၂၀၁၀-၂၀၁၆*



## ၇.၃။ ရန်ပုံငွေစီးဆင်းမှုနှင့် မိတ်ဖက်များ၏ စွမ်းဆောင်ရည်

LIFT သည် ရန်ပုံငွေစီးဆင်းမှုကို တိုင်းတာရန် အညွှန်း၂ ခုကို အသုံးပြုခဲ့သည်။ ဇယား ၇.၄ တွင် ပါဝင်သည့် အတိုင်း LIFT ၏ မိတ်ဖက်အဖွဲ့များသည် LIFT၏ လုပ်ငန်းလမ်းညွှန်များကို လိုက်နာကြပြီး ငွေကြေး ထိန်းချုပ်မှုမှာ နေသားတကျရှိနေသည်။ ၂၀၁၆ ခုနှစ်တွင် စာရင်းစစ်ဝင်ခဲ့သော စီမံချက် ၃၄ ခုတွင် အသုံးစရိတ် စုစုပေါင်း၏ ၂.၁ ရာခိုင်နှုန်းသာလျှင် အရည်အချင်းမပြည့်မီဟု သတ်မှတ်ခြင်းကို ခံရသည်။

*ဇယား ၇.၃။ ၂၀၁၆ခုနှစ်အတွင်း လက်မှတ်ထိုးခဲ့သော ထောက်ပံ့မှုများ (စီမံချက်များ)*

| စဉ် | အဖွဲ့အစည်း/မိတ်ဖက်အဖွဲ့ | ထောက်ပံ့သော စီမံကိန်း | ဘတ်ဂျက် (ကန်ဒေါ်လာ) |
|---|---|---|---|
| ၁ | GRET - small grants | မြစ်ဝကျွန်းပေါ် - ၃ | ၂,၁၁၉,၈၉၈ |
| ၂ | Link Emergency Aid & Development (LEAD) | မြစ်ဝကျွန်းပေါ် - ၃ | ၄၀၇,၃၀၅ |
| ၃ | Metta Development Foundation | မြစ်ဝကျွန်းပေါ် - ၃ | ၈၀၃,၉၄၂ |
| ၄ | Radanar Ayar | မြစ်ဝကျွန်းပေါ် - ၃ | ၇၂၉,၂၈၁ |
| ၅ | Golden Plain Livelihood Development Services Co-operative | အပူပိုင်းဇုန် | ၇၂၉,၆၃၆ |
| ၆ | IWMI | အပူပိုင်းဇုန် | ၁,၁၀၀,၀၁၅ |
| ၇ | Myanmar Professiona Workers Association (MPSWA) | အပူပိုင်းဇုန် | ၇၈၂,၄၃၂ |
| ၈ | PGMF | အပူပိုင်းဇုန် | ၁,၈၂၄,၆၃၁ |
| ၉ | UN-HABITAT | အပူပိုင်းဇုန် | ၄,၄၀၀,၀၀၀ |
| ၁၀ | UNOPS | အပူပိုင်းဇုန် | ၃,၉၀၀,၀၀၀ |
| ၁၁ | CCA | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၃,၀၀၀,၀၀၀ |
| ၁၂ | Cordaid Foundation | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၁,၀၀၀,၀၀၀ |
| ၁၃ | BBC Media Action | ရွှေ့ပြောင်းသွားလာရေး | ၁,၉၇၅,၆၀၂ |
| ၁၄ | International Labout Organisation (ILO) | ရွှေ့ပြောင်းသွားလာရေး | ၁,၉၉၉,၇၅၄ |
| ၁၅ | Save the Children - LEARN II | ရွှေ့ပြောင်းသွားလာရေး | ၁,၁၇၅,၇၉၀ |
| ၁၆ | World Bank - Study II | အခြား | ၁,၁၀၀,၀၀၀ |
| ၁၇ | Danish Refugee Council | ရခိုင်ဒေသ | ၂,၆၄၈,၂၂၃ |
| ၁၈ | Catholic Relief Services | တောင်တန်းဒေသ | ၁,၈၁၃,၂၀၃ |
| ၁၉ | CDN/Stichting ZOA | တောင်တန်းဒေသ | ၃,၆၄၀,၀၀၀ |
| ၂၀ | Choklei Organization for Rural and Agricultural Development (CORAD) | တောင်တန်းဒေသ | ၂,၂၀၄,၂၁၂ |
| ၂၁ | Karen Development Network (KDN) | တောင်တန်းဒေသ | ၁,၈၃၇,၄၁၄ |
| ၂၂ | Metta Development Foundation | တောင်တန်းဒေသ | ၂,၁၂၃,၁၆၈ |
| ၂၃ | Myanmar Institute for Integrated Development (MIID) | တောင်တန်းဒေသ | ၁,၆၇၅,၄၁၀ |
| ၂၄ | SwissAid (Small Grants) | တောင်တန်းဒေသ | ၃,၄၉၉,၉၂၉ |
| | | စုစုပေါင်း (ကန်ဒေါ်လာ) | ၄၆,၄၈၉,၈၄၅ |

မှတ်ချက်။ ။ မြစ်ရေတင် စီမံကိန်းတွင် ကဏ္ဍများစွာ ပါဝင်သည်။ စီမံကိန်း၏ အဆောက်အအုံကဏ္ဍကို UNOPS က အကောင်ထည်ဖော် ဆောင်ရွက်ပြီး ကျန်ကဏ္ဍများကို IWMI က ဆောင်ရွက်သည်။

*ဇယား ၇.၄။  ၂၀၁၆ခုနှစ် ရန်ပုံငွေစီးဆင်းမှုနှင့် မိတ်ဖက်များ၏ စွမ်းဆောင်ရည်ရလဒ်များ*

| အညွှန်း | LIFT ရည်မှန်း ချက် ၂၀၁၆ | ၂၀၁၅ ရည်မှန်း ချက် | ၂၀၁၆ နှစ်ကုန် ပြီးစီးမှု | ပြီးစီးမှု ရာခိုင်နှုန်း |
|---|---|---|---|---|
| IP များ စာချုပ်များအရ FBက ထုတ်ပေးသော ရန်ပုံငွေ % | ၈၇% | ၈၇% | ၉၈%* | ၁၁၂% |
| FMက ဘဏ္ဍာရေးသုံးသပ်ချက် ပြီးစီးသည့် IP % | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% |

*ဇယား ၇.၅ ။ စီမံကိန်းစီမံခန့်ခွဲမှု အညွှန်းချုပ် ဝါစိမ်းနီပုံစံ (၂၀၁၆)*

| အညွှန်း | | နည်း(စိမ်း)<br>သတ်မှတ်နှုန်း<br>ထောက်ပံ့ငွေ % | | အလယ်အလတ်(အဝါ)<br>သတ်မှတ်နှုန်း<br>ထောက်ပံ့ငွေ % | | များ(အနီ)<br>သတ်မှတ်နှုန်း<br>ထောက်ပံ့ငွေ% | |
|---|---|---|---|---|---|---|---|
| ၁ | အကောင်အထည်ဖော်နှုန်း | >၉၀%<br>လမ်းကြောင်းမှန် | ၃၈% | ၇၁% - ၉၀%<br>လမ်းကြောင်းမှန် | ၂၄% | <=၇၀%<br>လမ်းကြောင်းမှန် | ၃၈% |
| ၂ | နှစ်စဉ် အသုံးစရိတ် | >၉၀%<br>သုံးပြီး | ၃၀% | ၇၁% - ၉၀%<br>သုံးပြီး | ၃၂% | <=၇၀%<br>သုံးပြီး | ၃၈% |
| ၃ | အချိန်မှန် အစီရင်ခံမှု | ၀ ရက် နောက်ကျ | ၇၇% | ၁- ၇ရက်<br>နောက်ကျ | ၂၁% | >၈ ရက်<br>နောက်ကျ | ၂% |
| ၄ | အစီရင်ခံစာပြည့်စုံမှု | ၁၀၀%<br>ပြည့်စုံ | ၉၄% | ၇၁% - ၉၉%<br>ပြည့်စုံ | ၆% | <=၇၀%<br>ပြည့်စုံ | ၀% |
| ၅ | စီမံခန့်ခွဲနိုင်မှု * | မှတ်ချက် ၀<br>ခုတွေ့ရှိ | ၆၄% | မှတ်ချက်<br>၁ - ၃ ခုတွေ့ရှိ | ၂၀% | >မှတ်ချက် ၃<br>ခုတွေ့ရှိ | ၁၆% |
| ယေဘုယျနှုန်း ၂၀၁၆ | | ၄၉% | | ၄၅% | | ၆% | |
| ၂၀၁၅ | | ၄၁% | | ၄၅% | | ၁၄% | |
| ၂၀၁၄ | | ၅၁% | | ၃၇% | | ၁၂% | |
| ၂၀၁၃ | | ၄၈% | | ၄၀% | | ၁၂% | |
| ၂၀၁၂ | | ၃၂% | | ၄၀% | | ၃၂% | |

* အညွှန်း၅ခု၏ တစ်ခုစီဆုံးရှုံးနိုင်မှု အနည်းအများအလိုက် ချိုင့်တွက်ချက်တားခြင်းဖြစ်သည်။

LIFT သည် ၂၀၁၂ ခုနှစ်တွင် ' ဝါစိမ်းနီ' ပုံစံကို စတင်အသုံးပြုကာ မိတ်ဖက်အဖွဲ့များ၏ စီမံကိန်း စီမံခန့်ခွဲမှုကို စောင့်ကြည့် လေ့လာ မှတ်တမ်းတင်ခဲ့သည်။ ၂၀၁၆ ခုနှစ် စီမံချက်ရလဒ်များကို အထက်ပါဇယားတွင် အကျဉ်းချုပ်ဖော်ပြထားသည်။ ယခုနှစ်တွင် စီမံချက် ၅၃ ခု ကို စောင့်ကြည့်လေ့လာ မှတ်တမ်းတင်ခဲ့သည်။ LIFT ၏ ပံ့ပိုးမှု စတင်ချိန်မှစ၍ အများဆုံး ဖြစ်သည်။ (ဥပမာ။ ၂၀၁၅ ခုနှစ်တွင်  စီမံချက် ၂၃ ခု၊ ၂၀၁၄တွင် စီမံချက် ၄၀ ခု ဖြစ်သည်) ၂၀၁၆ခုနှစ်၊  ဒီဇင်ဘာတွင် မိတ်ဖက် အသစ်များနှင့် ဆောင်ရွက်ဆဲ စီမံချက် ၇၁ ခု ရှိသည်။ ဤ ' ဝါစိမ်းနီ ' ပုံစံသည် ဆုံးရှုံးနိုင်မှု  နှင့် တာဝန်ထမ်းဆောင်မှုကို စီမံခန့်ခွဲရာတွင် အသုံးပြုသည့် ပုံစံတစ်ခုလည်း ဖြစ်သည်။ ယေဘုယျအနေဖြင့် မိတ်ဖက်အဖွဲ့များသည် အညွှန်းအများစုအတွက် တိုးတက်နေသည်။ နှစ်စဉ်အသုံးစရိတ်အညွှန်းသာ ယခင်နှစ်များနည်းတူ ဖြစ်နေသည်။ 'ဆုံးရှုံးနိုင်ခြေများ' သည့် စီမံချက် အရေအတွက်သည် တနှစ်ထက်တနှစ် ကျဆင်းလျက်ရှိသည်။ LIFT ၏ FMO သည် ၂၀၁၇ ခုနှစ်တွင် မိတ်ဖက်များ နှင့်အတူ လက်တွေ့အကောင်ထည်ဖော်သည့်အခါ ကုန်ကျမည့်ဘတ်ဂျက်နှင့် ပို၍နီးစပ်သည့် ဘတ်ဂျက်ကို ရေးဆွဲမည် ဖြစ်သည်။ ထို့အတူ အကောင်ထည်ဖော်ရာတွင် နှောင့်နှေးနေမှုများကို ပိုမိုထိရောက်စွာ အရေးယူ ဆောင်ရွက်မည်။

*ယင်းမှာ၂၀၁၅ခုနှစ် အသုံးစရိတ် စာရင်းစစ်မှတ်တမ်းများအရ စုစုပေါင်း IP အသုံးစာရိတ် အချိုးအစား နှင့် IP အသုံးစရိတ်တို့ ကိုက်ညီမရှိခြင်းဖြစ်သည်။ IP စာရင်းစစ်မှတ်တမ်းအရ စုစုပေါင်း ကန်ဒေါ်လာ ၇၄၂,၁၀၀ ကို ကိုက်ညီမှုမရှိသည့် နေရာများတွင် သုံးစွဲထားပြီး ယင်းမှာ IPများ၏ စုစုပေါင်းအသုံးစရိတ်၏ ၂.၁% ရှိပါသည်။

## ၇.၄။ ဘဏ္ဍာရေး

*ဇယား ၇.၆။ ၂၀၁၆ခုနှစ် ဒီဇင်ဘာလထိ အလှူငွေ ထည့်ဝင်မှု စုစုပေါင်း*

| အလှူရှင် | လက်မှတ်ထိုးပြီး ကတိကဝတ် ပြုထားသည့် ပမာဏ (ကန်ဒေါ်လာ) | စုစုပေါင်း၏ % |
|---|---|---|
| Australia | ၂၅,၈၂၄,၆၂၇ | ၅.၉% |
| Denmark | ၉,၉၉၁,၅၆၆ | ၂.၃% |
| European Union | ၁၃၀,၀၀၇,၁၀၉ | ၂၉.၇% |
| France | ၁,၃၁၉,၈၀၀ | ၀.၃% |
| Ireland | ၁,၁၀၇,၀၈၀ | ၀.၃% |
| Italy | ၈၅၂,၀၄၀ | ၀.၂% |
| Luxembourg | ၁,၀၆၅,၉၇၅ | ၀.၂% |
| Mitsubishi | ၂၀၀,၀၀၀ | ၀.၀% |
| Netherlands | ၂,၉၅၀,၀၀၀ | ၀.၇% |
| New Zealand | ၈၀၉,၆၅၀ | ၀.၂% |
| Sweden | ၂,၇၂၅,၇၇၆ | ၀.၆% |
| Switzerland | ၁၈,၂၂၄,၁၄၆ | ၄.၂% |
| United Kingdom | ၂၁၇,၃၈၀,၀၄၂ | ၄၉.၇% |
| United States | ၂၀,၀၀၀,၀၀၀ | ၄.၆% |
| UNDP/ PGMF | ၄,၈၄၄,၇၉၁ | ၁.၁% |
| အလှူထည့်ဝင်မှု စုစုပေါင်း | ၄၃၇,၃၀၂,၆၀၂ | ၁၀၀% |
| အတိုးရငွေ | ၂,၀၁၈,၈၅၀ | |
| စုစုပေါင်း | ၄၃၉,၃၂၁,၄၅၂ | |

*ဇယား၇.၇။ ၂၀၁၆ ခုနှစ် LIFT ၏ အသုံးစရိတ် စုစုပေါင်း*

| လုပ်ငန်း | ဘတ်ဂျက် (ကန်ဒေါ်လာ) | အမှန် တကယ်သုံးစွဲမှု (ကန်ဒေါ်လာ) | ပိုသုံး / (လိုသုံး) | % |
|---|---|---|---|---|
| စီမံကိန်းအကောင်အထည်ဖော်ခြင်း<br>(က) IP များသို့ ရန်ပုံငွေထောက်ပံ့ခြင်း | ၅၁,၀၁၉,၃၄၆ | ၄၆,၁၈၅,၈၈၅ | (၄,၈၃၃,၄၆၁) | -၉% |
| (ခ) အလှူငွေ မဟုတ်သော အထောက်အပံ့* | ၅,၉၆၂,၇၃၉ | ၆,၀၂၅,၂၂၂ | ၆၂,၄၈၃ | ၁% |
| သုတေသန | ၁,၉၈၈,၈၃၈ | ၁,၄၆၉,၇၈၃ | (၅၁၉,၀၅၅) | -၂၆% |
| FMO လုပ်ငန်းစရိတ် | ၄,၄၀၃,၇၁၈ | ၄,၁၃၉,၆၂၅ | (၂၆၄,၀၉၃) | -၆% |
| FB သို့ ထောက်ပံ့ခြင်း | ၁၇,၁၃၅ | ၁၃,၂၉၂ | (၃,၈၄၃) | -၂၂% |
| အဆောက်အအုံနှင့်စီမံခန့်ခွဲရေး | ၁,၂၂၅,၄၅၉ | ၁,၁၂၆,၈၄၃ | (၉၈,၆၁၆) | -၈% |
| စုစုပေါင်း | ၆၄,၆၁၇,၂၃၅ | ၅၈,၉၆၀,၆၅ | (၅,၆၅၆,၅၈၅) | -၉% |

*မှတ်ချက်။ ဤစာရင်းတွင် TCX ၏ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ နှင့် အစိုးရသို့ ပံ့ပိုးသည့် နည်းပညာအထောက်အပံ့ကဲ့သို့သော စီမံကိန်းအသုံးစားရိတ်များ ပါဝင်သည်။

၂၀၁၅ ခုနှစ်တွင် ၂၀၁၆ ခုနှစ်အတွက် စီမံချက်ရေးဆွဲစဉ်အချိန်က မူလခန့်မှန်းချက်မှာ အတော်အတန်များသည်။ ၂၀၁၆ ခုနှစ်အတွက် ခန့်မှန်း အသုံးစရိတ်မှာ ကန်ဒေါ်လာ ၈၃ သန်း ဖြစ်သည်။ အကောင်အထည်ဖော်သောအခါ အပြောင်းအလဲများ ဖြစ်ပေါ်ကာ ၂၀၁၆ လုပ်ငန်းဆောင်ရွက်ချက်ကို သက်ရောက်မှုများ ရှိလာသည်။ ထို့ကြောင့် ရန်ပုံငွေ စီမံခန့်ခွဲမှုရုံးသည် နှစ်ဝက် အစီရင်ခံစာတွင် ၂၀၁၆ ခုနှစ် ခန့်မှန်းချက်ကို ကန်ဒေါ်လာ ၆၄သန်းသို့ ပြောင်းလဲခဲ့သည်။ ဤနှစ်ဝက်အစီရင်ခံစာကို ရန်ပုံငွေဘုတ်အဖွဲ့က လက်ခံခဲ့သည်။

## ၇.၅။ LIFT ၏ ငွေကြေးကုန်ကျရကျိုးနပ်မှု

၂၀၁၅ ခုနှစ်တွင် ရန်ပုံငွေဘုတ်အဖွဲ့သည် နှမ်းပါးသူများဘဝ ပိုမိုကောင်းမွန်ရေးအတွက် သုံးစွဲသည့် ငွေ တဒေါ်လာတိုင်းမှ အကျိုးသက်ရောက်မှု အများဆုံးဖြစ်စေမည့် သတင်းအချက်အလက်ကို ယင်းတို့ နှင့်တကွ အခြား ဆုံးဖြတ်ချက်ချမှတ်သူများသို့ ပေးနိုင်မည့် အရေးယူဆောင်ရွက်မှုများ၊ နည်းလမ်းများကို ပြုစုကျင့်သုံးရန် FMO ကို တာဝန်ပေးအပ်ခဲ့သည်။ ထို့ကြောင့် LIFT မှ ရေးဆွဲသည့် MEAL စနစ်သစ်၏ အစိတ်အပိုင်းအဖြစ် ငွေကြေးကုန်ကျရကျိုးနပ်မှု (VFM) မူဘောင်တရပ်ကို ပြုစုခဲ့ပြီး အောက်ပါ နယ်ပယ်သုံးရပ်ကို ဦးတည်ကာ လမ်းညွှန်ချက် များကိုပါ ဆက်လက်ပြုစုခဲ့သည်-

- လုပ်ငန်း။ စီမံချက်များ အစီအစဉ်များကို ရေးဆွဲရာတွင်၊ ရွေးချယ်ရာတွင်၊ စီမံခန့်ခွဲရာတွင် VFMမူများကို LIFTက ထည့်သွင်းစဉ်းစားကာ လုပ်ကိုင်သည့် နည်းလမ်းများကို တည်ထောင်ခြင်း၊ မှတ်တမ်းတင်ခြင်း။
- ထိရောက်မှု။ ယေဘုယျဖြစ်စေ၊ အစီအစဉ်၏ သီးခြားကဏ္ဍ အလိုက်ဖြစ်စေ အိမ်ထောင်စု တခုချင်းအတွက် LIFTက သုံးစွဲသည့် ငွေပမာဏကို တွက်ချက်ခြင်း၊ စဉ်းစားသုံးသပ်ခြင်း။
- အကျိုး။ မူဝါဒနယ်ပယ်အလိုက် အဆင့်မြင့် အကျိုးတရပ်ရပ်ကို ရည်မှန်းထားသောလူထုမှ ရရှိစေရန် LIFTက သုံးစွဲသည့် ငွေပမာဏကို တွက်ချက်ခြင်း၊ စဉ်းစားသုံးသပ်ခြင်း။

၂၀၁၆ ခုနှစ်တွင် LIFT သည် အဆိုပါ နည်းလမ်းများကို ပထမဆုံးအကြိမ် စတင်အသုံးပြုခဲ့သည်။ အောက်ပါ ကိန်းဂဏန်းများသည် LIFT တစ်ခုလုံးကို ကိုယ်စားမပြုသော်လည်း ဤသတင်းအချက်အလက်ကို LIFT ၏ စီမံကိန်းများ လည်ပတ်သုံးစွဲမှု၊ ထိရောက်မှု၊ အကျိုးရှိမှု ကို ဆန်းစစ်ရာတွင် အသုံးပြုနိုင်မည်။

### LIFT လုပ်ငန်းဆောင်ရွက်များမှု၏ ငွေကြေးကုန်ကျရကျိုးနပ်မှု

အောက်ပါ ဇယားတွင် ၂၀၁၆ ခုနှစ်အတွင်း နယ်မြေ လေးခုစလုံးတွင် စီမံခန့်ခွဲခဲ့သော စီမံချက် ၃၇ ခု ကို အစီရင်ခံထားသည်။

*ဇယား ၇.၈။ လုပ်ငန်းဆောင်ရွက်များမှု၏ ငွေကြေးကုန်ကျရကျိုးနပ်မှုဆိုင်ရာ တိုင်းတာမှုများ*

| တိုင်းတာမှု/ဆောင်ရွက်မှု | အောင်မြင်မှု |
|---|---|
| စီမံချက်ရေးဆွဲရာတွင် VFMကို ထည့်သွင်းစဉ်းစားသည့် စီမံချက် အရေအတွက် | ၂၀၁၆တွင် သဘောတူစာချုပ် ချုပ်ဆိုခဲ့သော/တိုးချဲ့ခဲ့သော ဒေသအလိုက် စီမံကိန်းများမှ စီမံချက် ၃၇ခုအနက် ၃၁ခု(၈၄%) သည် ပထမအကြိမ် နှင့်/သို့ ပြင်ဆင် အဆိုပြုလွှာတွင် VFMကို ထည့်သွင်း စဉ်းစားခဲ့သည်။ |
| သတ်မှတ်ထားသော အသုံးစရိတ်ပုံစံများကို ဖော်ပြထားသော စီမံချက် အရေအတွက် | ၂၀၁၆တွင် ဒေသအလိုက် စီမံကိန်းများမှ စီမံချက် ၃၇ခုလုံး (၁၀၀%) သည် ဖော်ပြထားသော သတ်မှတ် အသုံးစရိတ် ပုံစံများဖြင့် လုပ်ငန်းဆောင်ရွက်ခဲ့သည်။ |
| VFM သုံးသပ်မှုပြုလုပ်သည့် စီမံချက် အရေအတွက် | ဒေသအလိုက် စီမံကိန်း ၂ခု မှ စီမံချက် ရှစ်ခုသည် သုံးသပ်မှုပြုလုပ်ရန် စီစဉ်ရေးဆွဲထားသည်။ စီမံချက်တိုင်း ထိုသို့ သုံးသပ်ရန် မဖြစ်နိုင်ပေ။ |
| လုပ်ငန်း/အသုံးစရိတ် လမ်းကြောင်းမှန် ပေါ်ရောက်နေသော စီမံချက် ရာခိုင်နှုန်း | ဒေသအလိုက် စီမံကိန်းများမှ စီမံချက် ၃၇ခု အနက်-<br>• ၇ခု (၁၉%) သည် ၂၀၁၆ ဘတ်ဂျက်၏ ၉၀% ကျော် ကို သုံးစွဲခဲ့သည်<br>• ၁၄ခု (၃၈%) သည် ၂၀၁၆ ဘတ်ဂျက်၏ ၇၁% မှ ၉၀% ထိ ကို သုံးစွဲခဲ့သည်<br>• ၁၆ခု (၄၃%) ၂၀၁၆ ဘတ်ဂျက်၏ ၇၀% အောက် ကို သုံးစွဲခဲ့သည် |

## စီမံချက်များကို ရေးဆွဲရာတွင်၊ ရွေးချယ်ရာတွင် VFM မူများကို ထည့်သွင်းစဉ်းစားခြင်း

ဒေသအလိုက် စီမံကိန်း ၄ ခုမှ ၂ ခု၏ အဆိုပြုလွှာခေါ်ဆိုမှုတွင် VFM နှင့်ပတ်သက်၍ သီးခြားဖော်ပြရန်လိုအပ်ချက်ကို ထည့်သွင်းခဲ့သည်။ သို့ရာတွင်၂၀၁၅ ခုနှစ်ကုန်နှင့် ၂၀၁၆ ခုနှစ်တွင် တင်ပြလာသော စီမံချက်အဆိုပြုလွှာ ၃၇ ခုအနက် ၃၁ ခု (၈၄%)တွင် စီမံချက်၏သဘော သဘာဝကို လိုက်၍ VFMဆိုင်ရာ အရေအတွက် နှင့်/သို့ အရည်အသွေးပါ ထည့်သွင်းစဉ်းစားမှု အမျိုးမျိုးကို တွေ့ရသည်။ အောင်မြင်သည့် အဆိုပြုလွှာရှင်များသည် နည်းပညာ နှင့် ငွေကြေးအဆိုပြုလွှာများကို ချိတ်ဆက် ဖော်ပြပေးသည့်အတွက် FMO ဝန်ထမ်းများမှ VFMဆိုင်ရာကို သုံးသပ်ရာတွင် အထောက်အကူ ဖြစ်စေသည်။ ရန်ပုံငွေ သဘောတူစာချုပ်အတွက် ညှိနှိုင်းသည့်အဆင့်တွင်လည်း အလားအလာရှိသော စီမံချက်အဆိုပြုလွှာများအား VFM ဆိုင်ရာ တွက်ချက်မှုများ၊ အကြောင်းပြချက်များကိုပါ ထည့်သွင်းဖော်ပြရန် တောင်းဆိုခဲ့သည်။ ဥပမာအားဖြင့် ထုတ်လုပ်သူ အုပ်စုများနှင့် ဆောင်ရွက်မည့် စီမံချက်များသည် မျှော်မှန်းထားသည့် အရင်းအနှီး ပမာဏနှင့် ယင်း အရင်းအနှီးကြောင့် နှစ်စဉ်ဝင်ငွေကိုလည်း ခန့်မှန်းထားသည့် စီးပွားရေးပုံစံတစ်ခုရေးဆွဲတင်ပြရန် လိုအပ်သည်။ အချို့စီမံချက်များတွင် စီးပွားရေး အညွှန်းများ၊ ရည်ရွယ်ချက်များကိုပါ ထည့်သွင်းစေသည်။ သို့မှသာ နောင်တွင် ဝင်ငွေနှင့် ငွေကြေးအရ ၎င်းတို့ဘာသာရပ်တည်နိုင်မှုကို တိုင်းတာနိုင်မည် ဖြစ်သည်။ ထို့ကြောင့် ၂၀၁၆ ခုနှစ်တွင် ကန်ထရိုက်ရသော/ တိုးချဲ့သော အဆိုပြုလွှာ အားလုံးနီးပါးသည် စနစ်တကျ ထိရောက်သည့် သုံးသပ်မှုများကို ဖြတ်သန်းခဲ့ရသည့်အတွက် ပံ့ပိုးမှုရရှိသည့် ထက်မြက်သော ရလဒ်ကောင်းများ ပေါ်ထွက်စေရန်၊ အထောက်အထားတည်ဆောက်သည့် အားထုတ်မှုကို အားဖြည့်ရန်၊ လိုအပ်နေသော သီးခြား စွမ်းဆောင်ရည် များကို မဟာဗျူဟာ နည်းများဖြင့်တည်ဆောက်ရန်စသည့် VFM ဆိုင်ရာတွင် သိသာသော တိုးတက်မှု များကို ရှိလာသည်။

## အသုံးစရိတ်နှင့်ဆိုင်သော တွန်းအားများ နှင့် ထိန်းချုပ်မှုများ

အသုံးစရိတ်များကို အဓိပ္ပာယ်ရှိစေရန်၊ ထိန်းချုပ်ရန်အတွက် စီမံချက်တိုင်းသည် ဘတ်ဂျက်ဆွဲခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ သုံးစွဲခြင်း ဟူသော လုပ်ငန်းစဉ်များတွင် တင်းတင်းကျပ်ကျပ် ဆောင်ရွက်ကြရန် လိုအပ်သည်။ ထိုလုပ်ငန်းစဉ်များတွင် လစာ၊ ခရီးစရိတ် စသည့် အသုံးစရိတ်များကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာပြီး အဓိပ္ပာယ်ရှိကြောင်း ပြသရန် အပြင် စီမံချက်တခုလုံး၏ အလားတူ စရိတ်များ၊ မြန်မာနိုင်ငံ ပေါက်စျေးများနှင့် နှိုင်းယှဉ်ရန်လည်း ပါဝင်သည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် စီမံချက်အဆင့် ကုန်ကျစရိတ်များကို စီမံချက်အဆင့်တွင် ထိန်းချုပ်ပြီး FMO က စီမံကိန်းအဆင့်တွင် ကြီးကြပ်သည်။

## VFM ဆိုင်ရာသုံးသပ်မှု

ဒေသအလိုက်စီမံကိန်း ၂ ခုမှ စီမံချက် ၈ ခု အနက် ၂ ခုသည် သင့်လျော်မည့် အချိန်တွင် သုံးသပ်မှုပြုလုပ်ရန် စီမံထားသည်။ ယင်းတို့တွင် မျိုးစပါးထုတ်လုပ်ခြင်း၊ ငါးမွေးမြူခြင်း၊ တာဖို့ခြင်း၊ ရပ်ရွာပိုင် သစ်တောစိုက်ခြင်း စသည်တို့၏ စရိတ်နှင့် အကျိုး သုံးသပ်ခြင်း၊ တောင်သူအစည်းအရုံးများ၊ မွေးမြူသူ အုပ်စုများ၊ ငွေစု/ချေးအသင်းများ၊ မိခင်နှင့်ကလေး များအား ငွေထောက်ပံ့ခြင်း၊ သက်မွေးသင်တန်းများ စသည်တို့၏ လူမှုရေး အကျိုးအမြတ် သုံးသပ်လေ့လာခြင်းများ ပါဝင်သည်။ သက်တမ်းဝက်နှင့် လုပ်ငန်းသိမ်း သုံးသပ်ချက်များတွင်လည်း VFM ဆိုင်ရာသုံးသပ်မှုများ ပါဝင်မည်။

## စီမံချက် အကောင်အထည်ဖော်မှု လမ်းကြောင်းမှန်ခြင်း

LIFT ၏ စီမံချက်ထက်ဝက်ကျော်သည် ၂၀၁၆ ခုနှစ် ဘတ်ဂျက်၏ ၇၀ရာခိုင်နှုန်းကျော်ကို သုံးစွဲခဲ့ပြီး ဖြစ်သည်။ LIFT၏ စီမံကိန်း မန်နေဂျာများကလည်း ဘတ်ဂျက်အပြည့် မသုံးနိုင်သေးသူများနှင့်လည်း သုံးစွဲမှု ပုံမှန်အတိုင်းရောက်ရှိလာရန် အနီးကပ်လက်တွဲဆောင်ရွက်နေကြသည်။ စီမံချက်အချို့မှာ အစပျိုးသည့် အဆင့်တွင်သာ ရှိနေကြပြီး လမ်းကြောင်းမှန် နေသဖြင့် မကြာမီတွင် ယင်းတို့၏ အသုံးစရိတ်များ ပိုမိုလာရန် ရှိသည်။ အခြားစီမံချက်များမှာ ပစ္စည်းဝယ်ယူရေးလုပ်ငန်းတွင် နှောင့်နှေးနေကြသည်။ စီမံချက်နှစ်ခုမှာ[၈၈] ပဋိပက္ခဖြစ်ပွား နေသော နယ်မြေတွင် အလုပ်လုပ်နေရာ စီမံချက်လုပ်ငန်းများကို စတင်ရန် သို့မဟုတ် ဆက်လုပ်ရန် ခွင့်ပြုခြင်း မရှိသေးပေ။ ၂၀၁၇ ခုနှစ်တွင် FMO သည် စီမံချက်၏ဘတ်ဂျက်များ၊ လုပ်ငန်း စီမံချက်များကို စေ့စပ်စွာ စောင့်ကြည့်လေ့လာကာ မိတ်ဖက်အဖွဲ့များနှင့် မကြာခဏ ဆက်သွယ်ပြီး စီမံချက် အချိန်မီ ပြီးစီးစေမည် ဖြစ်သည်။

## LIFT ၏ ငွေကုန်ရကျိုးနပ်မှု ဆိုင်ရာ (Value for Money - VFM) လွှမ်းခြုံမှု

ငွေကြေးကဏ္ဍတွင် အားလုံးပါဝင်စေမှု အပါအဝင် အစီအစဉ်များ၊ စီမံချက်များ အားလုံး၏ အသုံးစရိတ်အစီရင်ခံစာများ ၂၀၁၆ ခုနှစ် တွင် လက်လှမ်းမီ ပံ့ပိုးခဲ့သော အိမ်ထောင်စုအရေအတွက်တို့ကို အခြေခံကာ ခန့်မှန်းလျှင် LIFT၏ ဝန်ဆောင်မှုစရိတ်မှာ တအိမ်ထောင်လျှင် ကန်ဒေါ်လာ ၃၆ သို့မဟုတ် ယင်းအိမ်ထောင်စုဝင်တစ်ဦးလျှင် ကန်ဒေါ်လာ ရှစ်ဒေါ်လာနှုန်း ဖြစ်သည်။

LIFT သည် ဖွံ့ဖြိုးရေးလုပ်ငန်း အမျိုးမျိုးကို ထောက်ပံ့နေသဖြင့် အဓိကကျသော အစီအစဉ်ကဏ္ဍများ၏ စရိတ်များကို လေ့လာရန် အရေးကြီးသည်။

[၈၈] CARE ၏ စားနပ်ရိက္ခာဖူလုံမှုနှင့် ကြံ့ကြံ့ခံနိုင်မှု စီမံချက် နှင့် DRC/NRC တို့၏ အသက်မွေးမှုသင်တန်းစီမံချက်နှစ်ခုလုံးမှာ ရခိုင်ပြည်နယ်တွင် ဆောင်ရွက်ခြင်းဖြစ်သည်။

*ဇယား ၇.၉။ ၂၀၁၆အတွက် ကောက်နှုတ်ရွေးချယ်ထားသည့် အစီအစဉ်ကဏ္ဍများရှိ LIFT စီမံချက်များ၏ VFM*

| အစီအစဉ်ကဏ္ဍ | စီမံချက် အရေအတွက် | ၂၀၁၆ လက်လှမ်းမီသော အိမ်ထောင်စု အရေအတွက် | ၂၀၁၆ LIFT အသုံးစရိတ် | တအိမ်ထောင် ကုန်ကျစရိတ် (ကန်ဒေါ်လာ) | လူတဦး ကုန်ကျစရိတ် (ကန်ဒေါ်လာ) |
|---|---|---|---|---|---|
| စိုက်ပျိုးထုတ်လုပ်မှု | ၁၇ | ၅၄,၂၁၆ | ၈,၃၂၂,၄၁၈ | ၁၅၄ | ၃၅ |
| မိခင်နှင့်ကလေးများအား ငွေကြေး ပံ့ပိုးခြင်း (MCCT) | ၄ | ၂၂,၀၂၅ | ၁,၇၁၄,၉၄၇ | ၇၈ | မရှိ |
| အသေးစား ငွေရေးကြေးရေး (လက်ရှိ ဝန်ဆောင်မှု အသုံးပြုသူ) | ၁၀ | ၁,၆၃၅,၉၃၂ | ၂၃,၇၈၉,၃၅၈ | ၁၄.၅ | ၃.၃ |

၂၀၁၆ ခုနှစ် အသုံးစရိတ်အစီရင်ခံစာများအရ သင်တန်းများ၊ ကုန်ပစ္စည်းများ အပါအဝင် စိုက်ပျိုးရေး အထောက်အပံ့စရိတ်မှာ တအိမ်ထောင်လျှင် ကန်ဒေါ်လာ ၁၅၄ ဖြစ်သည်။ ၎င်းတွင် ငွေကြေးထောက်ပံ့ခြင်းနှင့် အာဟာရ ဆိုင်ရာ သတင်းစကား ပြောကြားခြင်း တို့ဖြင့် MCCTအတွက် ကန်ဒေါ်လာ၇၈ အပါအဝင် ဖြစ်သည်။ တအိမ်ထောင်လျှင် လက်ရှိဝန်ဆောင်မှု အသုံးပြုသူ တစ်ဦးကျဖြင့် တွက်ချက်ပါက အသေးစားချေးငွေအတွက် ကန်ဒေါ်လာ ၁၄.၅ ဖြစ်သည်။ ၂၀၁၆ ခုနှစ် အတွက် LIFT၏ ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၂၄သန်းသည် LIFT ရန်ပုံငွေ ပံ့ပိုးသည့် အသေးစားငွေကြေးလုပ်ငန်းများ၏ ချေးငွေ ကန်ဒေါ်လာ သန်း ၄၆၀ ကို ထပ်ဆောင်းဖြစ်စေခဲ့သည်။

## LIFT ၏ မူဝါဒဆိုင်ရာ လုပ်ငန်းများ၏ VFM

အောက်ပါတို့မှာ ၂၀၁၆တွင် ရွေးချယ်ထုတ်နှုတ်ထားသည့် LIFT၏ မူဝါဒ လုပ်ငန်းများ၏ ငွေကြေးဆိုင်ရာ ထိရောက်မှု အကျဉ်းချုပ်ဖြစ်သည်။

- စိုက်ပျိုးရေးမူဝါဒ။ ၂၀၁၆ ခုနှစ်အတွင်း ကြိုးပမ်းမှုများကြောင့် ၂၀၁၇ ခုနှစ် မတ်လတွင် မြန်မာနိုင်ငံသို့ GAFSP က ကန်ဒေါ်လာ ၂၇ သန်းကို ချီးမြှင့်ခဲ့သည်။ ယင်းချီးမြှင့်မှုကြောင့် နောက်ထပ် ကန်ဒေါ်လာ၁၃.၅ သန်း ကို အစိုးရနှင့် အခြား ပတ်သက်သူများက ထည့်ဝင်လာကြသည်။ LIFT၏ မူဝါဒထိတွေ့ဆောင်ရွက်မှု နှင့် ဩဇာ သက်ရောက်မှုသည် သိသာစွာ အောင်မြင်သည် ဟုဆိုရမည် ဖြစ်ပြီး ဝန်ကြီးဌာနအနေဖြင့် အစီအစဉ်များအတွက် ဘတ်ဂျက်ချထားမှု အနည်းဆုံး ကန်ဒေါ်လာ ၄၀.၅ သန်း တိုးတက်လာသည်။ အသေးစိတ်ကို အခန်း ၆.၃ တွင် တွေ့နိုင်သည်။
- ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု။ LIFTသည် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန ၊ဗဟိုဘဏ်၊ စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့နှင့် ချိတ်ဆက်ကာ အသေးစားငွေကြေးလုပ်ငန်းတွင် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုရန် တိုက်တွန်း ဆွေးနွေးလှုံ့ဆော်ခဲ့သည်။ LIFTသည် The Currency Exchange (TCX) မှတဆင့် ငွေလဲနှုန်းမတည်ငြိမ်မှုကြောင့် ဆုံးရှုံးနိုင်ချေများမှ ကာကွယ်ပေးနိုင်မည့်ပုံစံ ကို စတင်နိုင်ခဲ့သဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများမှာ မြန်မာ့ အသေးစားငွေကြေးဈေးကွက်တွင် တိုက်ရိုက် ရင်းနှီးမြှုပ်နှံလာနိုင်ကြသည်။ LIFT၏ ကန်ဒေါ်လာ ၁၀ သန်း ရင်းနှီးမှုဖြင့် ရင်းနှီးမြှုပ်နှံငွေ စုစုပေါင်း ကန်ဒေါ်လာ ၇၀.၆ သန်းကို မြန်မာ့ အသေးစား ငွေကြေးလုပ်ငန်း ၁၄ခု (LIFT နှင့် လက်တွဲဆောင်ရွက်သည့် လုပ်ငန်းသစ် ၈ ခု ပါဝင်)သို့ ထုတ်ချေးနိုင်ခဲ့သည်။ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို တိုးချဲ့ရန် နိုင်ငံတော်အစိုးရ၏ တွန်းအားပေးဆောင်ရွက်နေမှုကို ဤနည်းဖြင့် အထောက်အကူဖြစ်စေပြီး ပြည်သူလူထုအနေဖြင့်လည်း ငွေကြေးဝန်ဆောင်မှုများကို လက်လှမ်းမီလာသည်။
- အာဟာရ။ မြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ဒေသ၊ အပူပိုင်းဇုန်တို့တွင် LIFT ၏ အာဟာရအစီအစဉ်များ အောင်မြင်မှု နှင့် LIFT ၏ မူဝါဒ ထောက်ပံ့ရေး အားထုတ်မှုကြောင့် အစိုးရသည် MCCT ကို ချင်းပြည်နယ်တွင် ဆောင်ရွက်ပေးရန် ဆုံးဖြတ်လိုက်သည်။ နိုင်ငံတော် အစိုးရသည် ၂၀၁၉ ခုနှစ်မှ စတင်ကာ တစ်နှစ်လျှင် ကန်ဒေါ်လာငါးသန်းဖြင့် MCCTကို ချင်းပြည်နယ်တွင် ဆောင်ရွက်ပေးမည်ဖြစ်ပြီး နောင်တွင် တနိုင်ငံလုံး၌ ဆောင်ရွက်သွားမည်ဟု ပြောကြားထားပါသည်။
- လူမှုကာကွယ်စောင့်ရှောက်ရေး။ HelpAge စီမံချက် သည် ငွေကြေးပံ့ပိုးမှုများမှာ ထိရောက်လှကြောင်းကို အစိုးရမှ လူမှုရေး ပင်စင်ကို ဘတ်ဂျက် တိုးမြှင့်ကာ ခွဲဝေပေးမှုဖြင့် စံပြဖြစ်စေခဲ့သည်။ ဤစီမံချက်ကို LIFT က ကန်ဒေါ်လာ ၂ သန်း ပံ့ပိုးပေးခဲ့ပြီးနောက် တနိုင်ငံလုံး လွှမ်းခြုံသော ပင်စင်တရပ်ကို ထူထောင်မည်ဟု အစိုးရက ဆုံးဖြတ်လိုက်သည်။ ယင်းပင်စင်အတွက် ၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကန်ဒေါ်လာသုံးသန်း ခွဲဝေချထား ပေးခဲ့သည်။ HelpAge သည် နိုင်ငံတော်အစိုးရအား လူမှုကာကွယ်စောင့်ရှောက်ရေး စီစဉ်မှုနှင့် မူဝါဒများတွင် ထောက်ပံ့ခြင်းသည် သိသာလှသည့် ငွေကြေးကုန်ကျရကျိုးနပ်သည့် ဆောင်ရွက်မှု ဖြစ်သည်။ အကြောင်းမှာ ဤလုပ်ဆောင်ချက်သည် အစိုးရကိုယ်တိုင် ဦးစီးဆောင်ရွက်မည့် အနေထားသို့ ဖြစ်စေပြီး လူမှုရေး ပင်စင် သည်လည်း စီမံချက်ကာလကိုပင် ကျော်လွန်ကာ တည်တံ့မည်ဖြစ်သည်။

## ၇.၆။ တာဝန်ခံမှုနှင့် သင်ယူမှုတို့အတွက် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း (MEAL)

၂၀၁၆ ခုနှစ်တွင် M&E အဖွဲ့နှင့် LIFT ၏ စီမံကိန်း ဌာနများသည် LIFT ၏ MEAL မူဘောင်အသစ်ကို ဆက်လက် ပြင်ဆင်ရေးဆွဲခဲ့သည်။ M&E ဆိုင်ရာ စစ်တမ်းများကို ကောက်ယူခဲ့ပြီး မိတ်ဖက်အဖွဲ့များ၏ M&E ဆိုင်ရာ စွမ်းဆောင်ရည်ကို အားဖြည့်ပေးခဲ့သည်။

### MEAL မူဘောင်အသစ်ကို အရျောကိုင်ခြင်း အကောင်အထည်ဖော်ခြင်း

၂၀၁၅ ခုနှစ်တွင် LIFTသည် MEAL မူဘောင်အသစ်ကို ပြုစုခဲ့သည်။ ယင်းကို အကောင်အထည်ဖော်ရန် M&E စနစ်များ၊ FMO နှင့် မိတ်ဖက်အဖွဲ့များ၏ စွမ်းဆောင်ရည် နှင့် လုပ်ငန်းအလေ့အကျင့်များကို သိသိသာသာ အဆင့်မြှင့်ရန် လိုအပ်သည်။

၂၀၁၆ ခုနှစ်တွင် MEALမူဘောင်နှင့် ပတ်သက်၍ LIFTသည်-

- ယုတ္တိဗေဒမူဘောင်အသစ်၏ အညွှန်းများကို ဆက်လက်သတ်မှတ်ခဲ့သည်။ ယင်းတွင် အညွှန်းတခုချင်း၏ အချက်အလက်အရင်းမြစ်များ၊ ကောက်ယူနည်းများ၊ တွက်ချက်မှု လုပ်ငန်းစဉ်များကို မှတ်တမ်းတင်ခြင်းလည်း ပါဝင်သည်။
- LIFTအဆင့် မေးခွန်းများ၊ တဆင့်ခံ မေးခွန်းများ၊ အချက်အလက် အရင်းအမြစ်များ၊ မေးခွန်းများကို ဖြေနိုင်မည့် ကောက်ယူနည်းများကို သတ်မှတ်သည်။
- မိတ်ဖက်အဖွဲ့များ၏ အစီရင်ခံစာပုံစံအသစ် နှင့် အဖွဲ့များ၏ ပြင်ဆင်ထားသော စောင့်ကြည့်လေ့လာမှု နှင့် ယုတ္တိဗေဒမူဘောင် အညွှန်းများကို စီမံခန့်ခွဲမည့် ဒေတာဘေ့စ်ကို ဒီဇိုင်းထုတ်ခဲ့သည်။
- အစီရင်ခံစာပုံစံအသစ်ကို မိတ်ဖက်အဖွဲ့များအား ရှင်းပြကာ ၎င်းတို့၏ အကြံပေးတုံ့ပြန်မှုများကို ရရှိရန်အတွက် သင်တန်းများ ပေးခဲ့သည်၊ စီမံကိန်းဒေသများတွင် သုံးကြိမ် နှင့် ရန်ကုန်တွင် တစ်ကြိမ် ဖြစ်သည်။
- မိတ်ဖက်အဖွဲ့များအတွက် အစီရင်ခံစာပုံစံအသစ် အသုံးပြုပုံကို မြန်မာ၊အင်္ဂလိပ် နှစ်ဘာသာဖြင့် ရှင်းပြထားသည့် M&E လက်စွဲစာစောင်ပြုစုသည်။
- LIFT ၏ အဆင့်တိုင်းတွင် VFM ကို ကိုင်တွယ်ရန် လမ်းညွှန်ချက်များကို ပြုစုသည်။

### M&E ဆိုင်ရာ စစ်တမ်းများကောက်ယူခြင်း နှင့် အကဲဖြတ်ခြင်း

၂၀၁၆ ခုနှစ်တွင် M&Eအဖွဲ့နှင့် စီမံကိန်းအဖွဲ့များသည် အောက်ပါ စစ်တမ်းကောက်ခြင်း အကဲဖြတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်-

- LIFT၏ ၂၀၁၅အိမ်ထောင်စုစစ်တမ်းကို အပြီးသတ်ဆောင်ရွက်ခဲ့သည်။ စစ်တမ်းတွင် အထွေထွေမေးခွန်းလွှာ ၄,၈၀၀၊ အသုံးစရိတ် မေးခွန်းလွှာ ၁,၅၀၀ ပါဝင်ပြီး ကလေး ၅,၀၃၉ ဦးကို ကြီးထွားမှုတိုင်းတာခြင်းတို့ ပါဝင်သည်။
- လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှု (QSEM) အတွဲ ၅ နှင့် ယင်းနှင့် ဆက်စပ်နေသော ရွှေ့ပြောင်း သွားလာရေးစစ်တမ်းတို့၏ နောက်ဆုံးအစီရင်ခံစာကို ထုတ်ပြန်ခဲ့သည့်ပြင် QSEM အတွဲ ၆ စစ်တမ်း ဆောင်ရွက်မှုကိုလည်း ကြီးကြပ်ခဲ့သည်။



- ထိခိုက်လွယ်မှု နှင့် ကြံ့ကြံ့ခံနိုင်မှု၊ ဝင်ငွေ နှင့် ပိုင်ဆိုင်မှု၊ သက်ဆိုင်မှု နှင့် ရေရှည်တည်တံ့မှု ဆိုင်ရာ အသေးစိတ် စစ်တမ်းများကို ပုံစံရေးဆွဲခြင်း၊ ကောက်ယူခြင်းတို့ ဆောင်ရွက်ခဲ့သည်။ ယင်းစစ်တမ်းတို့သည် LIFT အဆင့် အကဲဖြတ်သင်ယူသည့် မေးခွန်းများ(ELQ)အတွက် ဖြေရှင်းနိုင်မည် ဖြစ်သည်။
- ပြီးစီးသည့် စီမံချက်များကို အကဲဖြတ်မှု ခြောက်ခုနှင့် စီမံချက် သက်တမ်းထက်ဝက် ပြန်လည်သုံးသပ်ချက် တခုကို ဆောင်ရွက်ခဲ့သည်။
- ၂၀၁၇ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ၏ ယုတ္တိဗေဒမူဘောင်အညွှန်း ရလဒ်များကို အစီရင်ခံရန် ၂၀၁၆ အညွှန်းပြ စစ်တမ်းကို ဒီဇိုင်းထုတ်ကာ ဆောင်ရွက်ခဲ့သည်။
- LIFT၏ ကြားဖြတ်ပြန်လည်သုံးသပ်ချက်ကို ဖွဲ့စည်းဆောင်ရွက်ခြင်း နှင့် ကြီးကြပ်ခြင်းတွင် ရန်ပုံငွေ ဘုတ်အဖွဲ့ကို ကူညီခဲ့သည်။

## မိတ်ဖက်အဖွဲ့များ၏ M&E စနစ်များကို အားဖြည့်ခြင်း

၂၀၁၆ ခုနှစ်တွင် M&E အဖွဲ့နှင့် စီမံကိန်းအဖွဲ့များသည် မိတ်ဖက်အဖွဲ့များ၏ M&E စနစ်များကို အားဖြည့်ရန် အောက်ပါအတိုင်း အထောက်အကူများ ပေးခဲ့သည်။

- မိတ်ဖက်အဖွဲ့များအတွက် အသေးစိတ်လမ်းညွှန်ချက်များ ပြုစုခြင်း၊ ယင်းတို့၏ MEAL စီမံချက် ပြုစုရာတွင် ကူညီခြင်း။
- မိတ်ဖက်အဖွဲ့များ၏ အခြေခံမျဉ်း စစ်တမ်းကောက်မည့် အစီအစဉ်များကို သုံးသပ်ပေးခြင်း။
- မိတ်ဖက်အဖွဲ့ ၁၀ဖွဲ့၏ ကိန်းဂဏန်းကောက်ယူမှု၊ စီမံခန့်ခွဲမှု လုပ်နည်းများအပါအဝင် M&E စနစ်များကို သုံးသပ်ခြင်း။

## မြန်မာနိုင်ငံ စောင့်ကြည့်လေ့လာရေး နှင့် အကဲဖြတ်ခြင်း အသင်း (MMEA)

၂၀၁၆ နှစ်ဆန်းတွင် မြန်မာနိုင်ငံ စောင့်ကြည့်လေ့လာရေး နှင့် အကဲဖြတ်ခြင်းအသင်း (MMEA) စတင်ဆောင်ရွက်ရာတွင် LIFTက ကူညီခဲ့သည်။ MMEAသည် မြန်မာနိုင်ငံ၊ NGOများ၊ INGO များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ တတ်သိပညာရှင်များ၊ ပုဂ္ဂလိက အကြံပေး ကုမ္ပဏီများ၊ အစိုးရဌာနများမှ M&E ပိုင်းကို တာဝန်ယူသူများ ပါဝင်သည်။ MMEAသည် အောက်ပါတို့ကို ဆောင်ရွက်ရန် ရည်ရွယ်ထားသည်။

- ဖွံ့ဖြိုးရေး ကဏ္ဍတွင် M&E အစဉ်အလာ ခိုင်မာစွာ ထွန်းကားလာစေရန်
- M&E တာဝန်ယူသူများ ကျွမ်းကျင်မှု ထွန်းကားလာစေရန်
- အစိုးရ နှင့် အခြားအဖွဲ့အစည်းများမှ M&E နှင့် ပတ်သက်သည့် စွမ်းဆောင်ရည်၊ မူဝါဒများ၊ စနစ်များ ကို အားဖြည့်ရန်


MMEA တွင် ယခုအခါ အသင်းဝင် ၅၀ ဦး ရှိနေပြီဖြစ်ကာ ပုံမှန်တွေ့ဆုံဆွေးနွေးကြသည်။ M&E နီးနှောဖလှယ်ပွဲအချို့ကို ၂၀၁၆ခုနှစ်တွင် ကျင်းပခဲ့ရာ random control trials,  အပြောင်းအလဲသီအိုရီ၊ M&E အချက်များ ကောက်ယူရာတွင် မိုဘိုင်းလ်နည်းပညာကို အသုံးပြုခြင်း စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

## LIFTအဆင့် အကဲဖြတ်သင်ယူသည့် မေးခွန်းများ

- LIFT ၏ MEAL မဟာဗျူဟာအရ အကဲဖြတ်သင်ယူသည့် မေးခွန်းများ (evaluation and learning questions - ELQ) ကို ပြုစုထားသည်။ ယင်းမေးခွန်းများကို အကဲဖြတ်နိုင်မည့် မူဘောင်ချထားပြီး OECD ၏ အဓိကစံနှုန်းများဖြစ်သည့် သက်ဆိုင်မှု၊ ထိရောက်မှု၊ ရေရှည်တည်တံ့မှု၊ ငွေကြေးကုန်ကျရကျိုးနပ်မှုတို့အပြင် ကျား/မရေးရာ၊ မူဝါဒ နှင့် အသိပညာ စီမံခန့်ခွဲမှု နှင့် LIFT တို့ကို ပုံစံတစ်ခုထုတ်ကာ ချိတ်ဆက်ထားသည်။ ဤမေးခွန်းများကို အဆင့်မြင့် မူဘောင် မေးခွန်းများ အဖြစ် LIFT တစ်ခုလုံးအတွက် ဖြစ်စေ၊ သီးခြား LIFT၏ အထောက်အပံ့ခံ စီမံချက် တစ်ခုချင်း အလိုက် ဖြစ်စေ မေးမြန်း နိုင်သည်။ အားလုံးနှင့်သက်ဆိုင်သည့် ဤအကဲဖြတ်မှု နယ်ပယ်သာမက သီးခြားနယ်ပယ်များမှလည်း အထောက်အထား များကို စုဆောင်းကာ အကြောင်းအရာအလိုက် LIFT သက်တမ်းတလျှောက် ဆောင်ရွက်ခဲ့မှုများ၏ အနှစ်ချုပ် စာတမ်းများကို ရေးသားမျှဝေမည်ဖြစ်သည်။

၂၀၁၆ ခုနှစ်တွင် LIFTသည် ELQများကို ပြင်ဆင်ပြီး ယင်းတို့ကို ဖြေကြားမည့် စစ်တမ်းများကို ဖော်ထုတ်မည်။ အောက်ပါပုံသည်-

- အဓိက အကဲဖြတ်ခြင်း၊ သင်ယူခြင်း နယ်ပယ်များ (အကြောင်းကဏ္ဍအလိုက်ဆောင်ရွက်သည့် နယ်ပယ်များ အပါဝင်) ကို ခြုံငုံဖော်ပြသည်။
- ကိန်းဂဏန်းများကို ဖော်ထုတ်ရန်နှင့် သုံးသပ်ရန်အတွက် ဆောင်ရွက်မည့် စစ်တမ်းများကို အကျဉ်းချုပ် ဖော်ပြသည်။
- ယင်းလုပ်ငန်းစဉ်မှ ထွက်ပေါ်လာမည့် စစ်တမ်းများမှ အထောက်အထားများဖြင့် ရေးဆွဲမည့် အချက်အချာကျသော အဆင့်မြင့် ပေါင်းစည်းအစီရင်ခံစာများ အပါအဝင် အဓိက အသိပညာရလဒ်များကို ညွှန်းပြသည်။
- ယင်းစစ်တမ်းများကို စိတ်ပါဝင်စားကြမည့်သူများ (ပရိသတ်) ကို ရှာဖွေဖော်ထုတ်မည်။



# ၇.၇။ အသိပညာစီမံခန့်ခွဲခြင်း နှင့် သင်ယူခြင်း

၂၀၁၆ခုနှစ် သည် သင်ယူခြင်း၊ အပြန်အလှန်လေ့လာသင်ယူခြင်း နှင့် အသုံးပြုခြင်းတို့ကို ခိုင်မာစေသောနှစ် ဖြစ်သည်။ LIFT သည် လုပ်ဆောင်မှုကောင်းမွန်စေရန်၊ မူဝါဒနှရေးဆွဲမှုနှင့် နည်းနာတို့တွင် အားကိုးအထောက်အကူပြုလာစေရန် ခိုင်လုံသော အထောက်အထားကို ဖော်ထုတ်ကာ သုံးစွဲခဲ့သည့်ပြင်၊ သင်ယူမှုကို အထောက်အပံ့ပြုစေရန် မိမိ၏ စနစ်များကိုလည်း အားဖြည့်ပေးခဲ့သည်။ သင်ယူခြင်းသည် LIFT၏ အစီအစဉ်များ နှင့် မိတ်ဖက်များ၏ လုပ်ဆောင်မှုတို့ကို ပံ့ပိုးစေမည့် နောက်ခံအခြေအနေ၊ အဟန့်အတား၊ အခွင့်အလမ်းတို့ကို နားလည်စေကြောင်း LIFTက သိရှိ လက်ခံထားသည်။

*ပုံ၇.၄။ LIFT၏ အသိပညာစီမံခန့်ခွဲခြင်း နှင့် သင်ယူခြင်း လုပ်ငန်းစဉ်*[၈၉]




## ၂၀၁၆ ခုနှစ်တွင် သင်ယူခြင်း နှင့် အသိပညာစီမံခန့်ခွဲခြင်းတို့ကို LIFTက ဦးစားပေးခဲ့သည်

LIFT သည် မြန်မာနိုင်ငံတွင် ခုနစ်နှစ်တာ လုပ်ငန်းဆောင်ရွက်ခဲ့ရာတွင် သက်ဆိုင်ရာ အကြောင်းအရာအလိုက် အထောက်အထားအမြောက်အမြားကို စုဆောင်းနိုင်ခဲ့သည်။ ဤအထောက်အအထားများသည် နောင် ရင်းနှီးမြှုပ်နှံမှုများ၊ မူဝါဒများ၊ ကျေးလက်စီးပွားရေး၊ လူထု၏ကြံ့ကြံ့ခံနိုင်မှု၊ ယင်းတို့၏အာဟာရပြည့်ဝမှု စသည်တို့ ဖွံ့ဖြိုးစေရန် မည်သို့ ထောက်ပံ့ရမည် စသည့် အဓိကအကြောင်းအရာများအတွက် နည်းလမ်းများတို့ကို ဆွေးနွေးရာတွင်၊ ပြုစုရာတွင် အထောက်အကူပြုမည် ဖြစ်သည်။

အထောက်အထားများကို မည်သို့ ဖော်ထုတ်ကာမည်၊ သုံးသပ်မည်၊ ဆက်သွယ်မည်ဟု လမ်းညွှန်နိုင်ရန် LIFT၏ အသိပညာစီမံခန့်ခွဲမှု စွမ်းဆောင်ရည်၊ နည်းလမ်းများတို့ကို ၂၀၁၆ခုနှစ် နှစ်ဆန်းတွင် ပြင်ပသုံးသပ်မှုတခု ဆောင်ရွက်ခဲ့သည်။ အဓိက အကြံပြုချက်မှာ LIFT ၏အသိပညာစီမံခန့်ခွဲမှုအတွက် အရင်းအမြစ်များကို ပိုမို ခွဲဝေပေးရန်ဖြစ်သည်။ ၂၀၁၆ ခုနှစ်၏ ဒုတိယ သုံးလပတ်တွင် အသိပညာဖွံ့ဖြိုးရေးကဏ္ဍအတွက် သုံးသပ်သူတဦးကို အချိန်ပြည့် ဝန်ထမ်းအဖြစ် ခန့်ထားခဲ့သည်။

## အစီအစဉ်များမှ အသိပညာဖန်တီးခြင်း နှင့်  သင်ယူခြင်း


LIFT၏အောင်မြင်မှုမှာ အစီအစဉ်များမှ သင်ယူနိုင်စွမ်းကြောင့် ဖြစ်သည်။ သို့သော် ဖော်ထုတ်ထားသော အသိပညာများကို စီမံချက်များသို့ မျှဝေရန် လိုအပ်သည်။ ၂၀၁၆ခုနှစ်အတွင်းတွင် LIFTသည် မိမိ၏အသိပညာ ဖော်ထုတ်နိုင်စွမ်း၊ အသုံးချနိုင်စွမ်းကို အများဆုံးဖြစ်စေရန် အားဖြည့်ခဲ့သည်။

ကွင်းဆင်းစစ်ဆေးမှုများ၊ စီမံချက်အစီရင်ခံစာများသည် LIFT သင်ယူမှု၏ ကျောရိုးပင် ဖြစ်သည်။ ယင်းသင်ယူမှုကို စီမံချက်များ အစီအစဉ်များ အကောင်အထည်ဖော်ရာတွင် ပိုမို ကောင်းမွန်စေရန် အသုံးချသည်။ ဥပမာ၊ ၂၀၁၆ခုနှစ် တွင် အပူပိုင်းဇုန်၌ ကွင်းဆင်းစစ်ဆေးကာ ပတ်သက်သူများနှင့် ဆွေးနွေးမှုကြောင့် UN-Habitatက ဆောင်ရွက်နေသော WASH စီမံချက်တွင် အိမ်သာများကို စီမံချက်အဖွဲ့ကသာ မတည်ဆောက်ပဲ ရပ်ရွာကို ထိတွေ့ဆောင်ရွက်ကာ ရပ်ရွာက ပါဝင်ဆောက်လုပ်စေခြင်းဖြင့် ရေရှည်တည်တံ့မှုအတွက် အလားအလာပိုမိုကောင်းစေခဲ့သည်။

၂၀၁၆ ခုနှစ်တွင် LIFTသည် မိတ်ဖက်များက သင်ယူမှုကို မည်သို့ အသုံးပြုကြကြောင်း သုံးသပ်ရန် စစ်တမ်းကောက်စေခဲ့သည်။ LIFT၏ သင်ယူရေးအစီအစဉ်များက- မိမိတို့၏ စီမံချက်များကို မည်သို့ ပြောင်းလဲသည်။ သို့မဟုတ် နောင်စီမံချက်များ အကောင်အထည်ဖော်ရာတွင် မည်သို့ သတင်းပေးသည် ဟူသော မေးခွန်းကို မိတ်ဖက်များက ဖြေဆိုပုံကို တဖက်ပါပုံ တွင် ခွဲခြားဖော်ပြထားသည်။ ၈၅ ရာခိုင်နှုန်းက LIFT၏ သင်ယူရေးအစီအစဉ်များက နည်းလမ်းများကို ပြောင်းလဲစေသည်၊ ဥပမာ စီမံချက်အချင်းချင်း မိတ်ဖက်များအချင်းချင်း ပိုမိုပေါင်းစပ်ညှိနှိုင်းလာကြသည်ဟု ဖြေဆိုကြသည်။

89 ဤမူဘောင်မှာ LIFT နှင့် ကိုက်ညီဆောင် ဆောင်ရွက်ထားပြီး UNOPS အသိပညာစီမံခန့်ခွဲမှုမူဘောင် (KM Strategy for IPMG, 2016) နှင့် အသိပညာစီမံခန့်ခွဲမှုဆိုင်ရာ စာတမ်းများကို ရည်ညွှန်းရယူထားသည်။

*ပုံ ၇.၅။ LIFT၏ သင်ယူရေးအစီအစဉ်များက မိတ်ဖက်အဖွဲ့များအတွက် တန်ဖိုးရှိမှု*




၂၀၁၆ ခုနှစ်မှ အသိပညာစီမံခန့်ခွဲမှုဆိုင်ရာ အဓိကသင်ခန်းစာများမှာ-

- LIFT၏ ပြောင်းလွယ်ပြင်လွယ်ရှိမှု၊ လိုက်လျောနိုင်စွမ်းရှိမှုတို့သည် စီမံချက်များမှ သင်ယူခြင်း၊ သင်ခန်းစာများ ကို အသုံးချခြင်းတို့တွင် အချက်အချာကျသည်။
- ၂၀၁၆ ခုနှစ်သည် မိမိမည်သို့ လုပ်ကိုင်သည်၊ မည်သို့ ကောင်းမွန်အောင်လုပ်နိုင်မည်ကို LIFTက ပြန်ပြောင်းဆင်ခြင်သုံးသပ်သည့် အချိန်ပင် ဖြစ်သည်။ အသိပညာစီမံခန့်ခွဲမှုကို ပြင်ပမှ သုံးသပ်စေခြင်း၊ ကြားဖြတ် ပြန်လည်သုံးသပ်ခြင်းတို့က မိမိကိုယ်မိမိ ပြန်ပြောင်းဆင်ခြင်သုံးသပ်ခြင်းသည် သင်ယူခြင်းတွင် အရေးပါကြောင်း ကို ပြနေသည်။
- သင်ခန်းစာအများကြီးများမှ လမ်းညွှန်ချက်ကို ရှာခြင်း။ LIFT၏ အသိပညာများကို စုစည်းရသည်မှာ လွယ်ကူသည် မဟုတ်ပေ၊ ဖော်ထုတ်ထားသောအသိပညာတို့မှာ ပမာဏကြီးခြင်း၊ အမျိုးအမည်များခြင်း၊ ရှုပ်ထွေးခြင်းတို့ကြောင့် စိန်ခေါ်မှုတရပ် ဖြစ်နေသည်။
- နယ်ကိုကျော်၍ ကြည့်ခြင်း။ နည်းနာအသိုက်အဝန်းအရ အစီအစဉ်များ စီမံချက်များသည် မိမိတို့၏ လုပ်ငန်းစီမံချက် နယ်ပယ်ကိုကျော်လွန်ကာ ကြည့်ရှုရန် လိုအပ်သည်။ ယင်းသည် ရလဒ်ကို ဦးတည်သည့် အခြေအနေတွင် စိန်ခေါ်မှုတခု ဖြစ်နိုင်သည်။ သို့သော် အချိန်အတိုင်းအတာတစ်ခုကို ရင်းနှီးမြှုပ်နှံသင့်ပေသည်။

## LIFT ၏ အသိပညာများကို ပတ်သက်သူများသို့ ဆက်သွယ်ခြင်း

LIFT၏ အသိပညာစီမံခန့်ခွဲမှုတွင် ပတ်သက်သူများသို့ ဆက်သွယ်ခြင်းလည်း ပါဝင်သည်။ ၂၀၁၆တွင် LIFT၏ စနစ်များကို ဤကိစ္စဆိုင်ရာအတွက် အားဖြည့်ခဲ့သည်။ LIFT၏ရုံးတွင် ရုပ်ပိုင်း နှင့် ဒစ်ဂျစ်တယ်သင်ယူမှု စာကြည့်တိုက်တခု ထူထောင်ခဲ့သည်။ မိမိ၏ ဝက်ဘ်ဆိုက်တွင်လည်း လေ့လာသင်ယူမှုများ ပိုမို လက်လှမ်းမီစေရန် ပြန်လည် တည်ဆောက်ခဲ့သည်။

LIFT သက်တမ်းတလျှောက်ဆောင်ရွက်ခဲ့မှုများ၏ အနှစ်ချုပ်စာတမ်းများကို ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်တို့တွင် ရေးသားရန်အတွက် စာတမ်းများနှင့် ဆိုင်သည့် စိတ်ကူးစိတ်သန်းတင်ပြချက်များ၊ အစီအစဉ်များကို ၂၀၁၆ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည်။ ယင်းစာတမ်းများသည် ပြင်ပသို့ ထုတ်ဝေခြင်းမရှိသေးသော အစီရင်ခံစာအမျိုးမျိုးမှ အထောက်အထားများနှင့် သင်ခန်းစာများကို စုစည်းမည်။ ပထမဆုံး စာတမ်းအဖြစ် တက်လမ်းစီမံချက် ရခိုင်ဒေသမှ ရရှိခဲ့သော သင်ခန်းစာများကို ၂၀၁၇ခုနှစ် နှစ်ဆန်းတွင် ထုတ်ဝေမည်။ ဒုတိယစာတမ်းအဖြစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပူးတွဲဆောင်ရွက်ခဲ့သော အောက်မှ အထက်သို့ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရေး မူဝါဒလုပ်ငန်းအကြောင်းကို မျှဝေမည်ဖြစ်မည်။ တတိယမှာ ၂၀၁၀-၂၀၁၅ အတွင်း LIFTရရှိခဲ့သော သင်ခန်းစာများ၊ ယင်းတို့မှ LIFT ကို သက်ရောက်မှုများအား စုစည်းထုတ်ဝေမည်။

## LIFT ၏ သင်ယူမှုက မူဝါဒဆွေးနွေးမှုများကို သတင်းပေးသည်

၂၀၁၆ ခုနှစ်အတွင်း LIFT၏ သင်ယူမှုများက မူဝါဒများကို အောင်မြင်စွာ သတင်းပေးခဲ့သည့် ဖြစ်စဉ် အချို့ရှိခဲ့သည်-

- LIFT ၏ အာဟာရဆိုင်ရာ သုတေသန [၉၀] နှင့် MCCT စီမံချက်များ ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံကြောင့် ၂၀၁၆ တွင် အစိုးရဦးစီးသည့် ချင်းပြည်နယ် တခုလုံးတွင် MCCTဆောင်ရွက်မည့် အစီအစဉ် အဆိုပြုချက် ပေါ်ထွက်လာခဲ့သည်။ အခန်း ၆.၁ တွင် ကြည့်ပါ။

[90] LIFT သည် သုတေသနများကို ဆောင်ရွက်ခဲ့ရာ အာဟာရဆိုင်ရာ မိတ်ဖက် LEARN - အာဟာရမပြည့်ဝခြင်း အပိုင်း ၁၊၂ (၂၀၁၆) နှင့် ရခိုင်ပြည်နယ် စီမံကိန်းမှ အကောင်ထည်ဖော်သည့် MCCT မှ random control trials တို့ ဖြစ်ကြသည်။

- LIFT သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို နည်းပညာအထောက်အကူပေးကာ မြန်မာနိုင်ငံတွင် အောက်မှ အထက်သို့ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲရေးကို ထူထောင်ခဲ့သည်။ ဤကျေးရွာအခြေခံ စီမံချက် ရေးဆွဲရေး နည်းလမ်းကို အကြိမ်ကြိမ် သင်ယူမှုလုပ်ငန်းစဉ် မှတဆင့် ရရှိခဲ့ရာ သင်ယူမှုသည် မူဝါဒကို မည်သို့ အထောက်အကူပြုနိုင်သည်ကို ပြသော ဥပမာ ကောင်းတခုဖြစ်သည်။ အခန်း ၆.၅ ကို ကြည့်ပါ။
- LIFTသည် စိုက်ပျိုးရေး နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍ လုပ်ငန်းအုပ်စု နှင့်အတူ အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ နီးနှောဖလှယ်ပွဲများ၊ စစ်တမ်းများကို အကြိမ်ကြိမ်ပြုလုပ်ကာ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနသို့ စိုက်ပျိုးရေး နှင့် ပြည်သူ့ အသုံးစရိတ်ဆိုင်ရာ မူဝါဒ အကြံပြုချက်များကို ပေးအပ်ခဲ့သည်။ ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် CGIAR ၏ သုတေသန ဌာန ၇ခု နှင့်အတူ စိုက်ပျိုးရေးကဏ္ဍမှ ပတ်သက် သူများသို့ မူဝါဒဆွေးနွေးမှုများကို အသိပညာမျှဝေရန် နီးနှောဖလှယ်ပွဲ ကျင်းပခဲ့သည်။
- LIFT သည် ရခိုင်ပြည်နယ်တွင် ၂၀၁၃ ခုနှစ် ကတည်းက စီမံချက်များဖြင့် ပံ့ပိုးပေးနေခဲ့သဖြင့် ၂၀၁၆ ခုနှစ်တွင် ရခိုင်ပြည်နယ် အစိုးရ၏ လူမှု-စီးပွားရေးဖွံ့ဖြိုးမှုစီမံကိန်း ပြုစုရာတွင် အဓိကပါဝင်ခဲ့သည်။

## ၇.၈။ ဆက်သွယ်ပြန်ကြားရေး

### အစီအစဉ်သစ်များ နှင့် မူဝါဒနယ်ပယ်များ

အစီအစဉ်သစ်များ နှင့် မူဝါဒနယ်ပယ်များကို ပိုမိုနားလည်စေရန် အစီအစဉ် တစ် ခုချင်းအလိုက် အနှစ်ချုပ်ဖော်ပြမှုများကို ပြုစုခဲ့ပြီး အာဟာရ၊ MCCT၊ ကျေးလက်ဒေသငွေကြေးပံ့ပိုးမှုတို့အတွက် မူဝါဒရေးရာ စာစောင်များကို LIFT က ပြုစုခဲ့သည်။ ယင်းတို့ကို ဝက်ဘ်ဆိုက်နှင့် ဆွေးနွေးပွဲ အခမ်းအနားများ နှင့် အစိုးရနှင့်တွေ့ဆုံဆွေးနွေးသည့် အခါများတွင် မျှဝေသည်။

### စာအုပ်စာတမ်းများ

အစီအစဉ်သစ်များ နှင့် မူဝါဒနယ်ပယ်များကို ပိုမိုနားလည်စေရန် အစီအစဉ်တခုချင်းအလိုက် အနှစ်ချုပ်ဖော်ပြမှုများကို ပြုစုခဲ့ပြီး အာဟာရ၊ MCCT၊ ကျေးလက်ဒေသငွေကြေးပံ့ပိုးမှုတို့အတွက် မူဝါဒရေးရာ စာစောင်များကို LIFTက ပြုစုခဲ့သည်။ ယင်းတို့ကို ဝက်ဘ်ဆိုက်နှင့် ဆွေးနွေးပွဲ အခမ်းအနားများ နှင့် အစိုးရနှင့်တွေ့ဆုံဆွေးနွေးသည့် အခါများတွင် မျှဝေသည်။

### ဝက်ဘ်ဆိုက်

၂၀၁၆ ခုနှစ်တွင် LIFT ၏ဝက်ဘ်ဆိုက်တွင် နောက်ဆုံးရ သတင်းများ၊ နည်းလမ်းကောင်းများ၊ ဆွေးနွေးပွဲအခမ်းအနားများ အကြောင်း ဆောင်းပါး နှင့် ဘလော့ဂ် အရေအတွက် ၆၀ ကျော်ကို လွှင့်တင်ခဲ့သည်။ ပျမ်းမျှအနေဖြင့် တစ်နေ့လျှင် ဝင်ရောက်ကြည့်ရှုသူ/ကြည့်ရှုသည့် စာမျက်နှာ ၁၅၀ ခန့် ရှိသည်။ ဖွန်လတွင် ဝက်ဘ်ဆိုက်၏ ဆောင်းပါးများ၊ လမ်းညွှန်ချက်များ စာမျက်နှာကို သုံးစွဲသူများ ပိုမို လွယ်ကူစွာ နားလည်စေရန်အတွက် ပြန်လည်တည်ဆောက်ရန် ဆုံးဖြတ်ခဲ့သည်။ စာအုပ်စာတမ်းများ မျှဝေထားသည့် စာမျက်နှာကို ရာသီဥတု အပြောင်းအလဲ၊ ငွေကြေးအရာတွင် အားလုံးပါဝင်စေမှု၊ ကျား/ မရေးရာ၊ အားလုံးပါဝင်စေသော တန်ဖိုးမြှင့်ကွင်းဆက်၊ ရွှေ့ပြောင်းသွားလာရေး၊ အာဟာရ၊ မြေယာလုပ်ပိုင်ခွင့်လုံခြုံမှု၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ အရပ်ဘက်လူမှုအဖွဲ့အစည်းကိုအားဖြည့်ခြင်း စသည့် ဦးတည်ချက် / အကြောင်းအရာအလိုက် ပြန်လည်ဖွဲ့စည်းခဲ့သည်။

### လူမှုကွန်ရက်

မြန်မာနိုင်ငံတွင် ဖေ့စ်ဘုတ်သည် အရေးကြီးသော ဆက်သွယ်ရေး စင်မြင့်တခုဖြစ်သည်။ LIFTက မိမိ၏ လှုပ်ရှားမှုများကို ပတ်သက်သူများသိစေရန် ယင်းကို အသုံးပြုသည်။ LIFTသည် နိုင်ငံတကာမှ လူမှုမီဒီယာအသုံးပြုသူများသို့ လက်လှမ်းမီစေရန် တွစ်တာကိုလည်း အသုံးပြုသည်။ #LIFTLearning၊ #LIFTPeople၊ #LIFTDonorProfiles စသည့် hashtag တို့ဖြင့် ပို့စ်များကို ဖေ့စ်ဘုတ်စာမျက်နှာတွင် ၂၀၁၆ခုနှစ်အတွင်း မျှဝေခဲ့သည်။ hashtag အသစ် ၂ ခုကိုလည်း စတင်ခဲ့သည်။ #LIFTingLivesကို ရေဘေး တုံ့ပြန်မှု/ ကြံ့ကြံ့ခံနိုင်မှု အကြောင်းများအတွက် အသုံးပြုသည်။ #LIFTFeatureofthemonth ဖြင့် မြန်မာနိုင်ငံတွင် နွမ်းပါးသူများအတွက် စီးပွားတိုးတက်ရေး မူဝါဒ ဖြစ်ထွန်းရေးအတွက် လုပ်ဆောင်ကြသော မိတ်ဖက်အဖွဲ့များအပါအဝင် LIFTအဖွဲ့သားများ အကြောင်းကို ပိုမိုနားလည်စေရန် မိတ်ဆက်တင်ပြသည်။ LIFT၏ ဖေ့စ်ဘုတ်စာမျက်နှာ သည် နှစ်ကုန်တွင် စာမျက်နှာ like လုပ်သူပေါင်း ၁၆,၀၀၀ ခန့်ကို ရရှိခဲ့သည်။

### ‘What is LIFT’ ဗီဒီယို

What is LIFT ဗီဒီယို ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ထုတ်လွှင့်ခဲ့သည်။ ယင်းတွင် LIFT၏ အကြောင်းကို ခြုံငုံဖော်ပြထားပြီး LIFT၏ မဟာဗျူဟာအသစ်နှင့် ဦးတည်သည့် နယ်ပယ်များကို ရှင်းပြထားသည်။ ဖေ့စ်ဘုတ်တွင် ယင်းဗီဒီယိုကို ထုတ်လွှင့်ရာ ဖေ့စ်ဘုတ်သုံးစွဲသူ ၅၅,၀၀၀ ထံသို့ ဗီဒီယိုနှင့် ပတ်သက်၍ ဆွေးနွေးမှု အတော်များများရှိကြောင်း တွေ့ရသည်။

# အခန်း ၈။ နောက်ဆက်တွဲများ

## နောက်ဆက်တွဲ၁။ LIFTမှ လက်ရှိဆောင်ရွက်နေသော စီမံချက်များနှင့် နေရာဒေသများ

၂၀၁၆ခုနှစ်တွင် LIFTသည် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ် နှင့်  တိုင်းဒေသကြီး ၁၄ခုရှိ ခရိုင်၃၉ခုမှ ၁၀၉မြို့နယ်တွင် လုပ်ငန်းဆောင်ရွက်ခဲ့သည်။ တနိုင်ငံလုံးတွင် ဆောင်ရွက်နေသော စီမံချက် ၂၁ခုရှိသည်။

| အညွှန်း | မြို့နယ် အရေအတွက် | ခရိုင် အရေအတွက် | တိုင်း/ပြည်နယ် အရေအတွက် |
|---|---|---|---|
| LIFTလုပ်ငန်းဆောင်ရွက်ခဲ့သည့် နေရာဒေသ စုစုပေါင်း | ၁၇၆ | ၅၁ | ၁၄ |
| ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၃၁ရက်နေ့အထိ လုပ်ငန်း ဆောင်ရွက်ဆဲ | ၁၀၉ | ၃၉ | ၁၄ |

*နောက်ဆက်တွဲဇယား ၁.၁။ ၂၀၁၆ခုနှစ် ဒီဇင်ဘာလကုန်တွင် LIFTလုပ်ငန်းဆောင်ရွက်နေဆဲ မြို့နယ်များ*

| | ပြည်နယ်/တိုင်း | | ခရိုင် | မြို့နယ်များ |
|---|---|---|---|---|
| ၁ | ဧရာဝတီ | ၁ | ဟသ်ာတ | ကြံခင်း၊ ဇလွန်၊ ဟသ်ာတ၊ မြန်အောင်၊ အင်္ဂပူ |
| | | ၂ | လပွတ္တာ | မော်လမြိုင်ကျွန်း၊ လပွတ္တာ၊ |
| | | ၃ | မအူပင် | ဓနုဖြူ၊ ညောင်တုံး၊ ပန်းတနော်၊ မအူပင် |
| | | ၄ | မြောင်းမြ | မြောင်းမြ၊ ဝါးခယ်မ၊ အိမ်မဲ၊ |
| | | ၅ | ပုသိမ် | ကန်ကြီးထောင့်၊ ကျုံပျော်၊ ငပုတော၊ ပုသိမ်၊ သာပေါင်း |
| | | ၆ | ဖျာပုံ | ကျိုက်လတ်၊ ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေး |
| ၂ | ပဲခူး | ၇ | ပဲခူး | ကဝ၊ ညောင်လေးပင်၊ ဒိုက်ဦး၊ ပဲခူး၊ ရွှေကျင်၊ ဝေါ၊ သနပ်ပင်၊ |
| | | ၈ | ပြည် | ပေါင်းတည်၊ ပြည်၊ ရွှေတောင်၊ သဲကုန်း |
| | | ၉ | တောင်ငူ | တောင်ငူ၊ ရေတာရှည် |
| | | ၁၀ | သာယာဝတီ | ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်း၊ မိုးညို၊ မင်းလှ၊ လက်ပံတန်း၊ သာယာဝတီ၊ အုတ်ဖို၊ |
| ၃ | ချင်း | ၁၁ | ဖလမ်း | တီးတိန်၊ တွန်းဇံ ၊ ထန်တလန်၊ ဖလမ်း၊ ဟားခါး၊ |
| | | ၁၂ | မင်းတပ် | မတူပီ |
| ၃ | ကချင် | ၁၃ | ဗန်းမော် | ဗန်းမော်၊ မန်စီ၊ မိုးမောက်၊ ရွှေကူ |
| | | ၁၄ | မိုးညှင်း | မိုးကောင်း |
| | | ၁၅ | မြစ်ကြီးနား | မြစ်ကြီးနား၊ ဝိုင်းမော်၊ အင်ဂျန်းယန် |
| | | ၁၆ | ပူတာအို | ဆွမ်ပရာဘုံ၊ နောင်မွန်း၊ ပူတာအို၊ မချန်းဘော၊ |
| ၅ | ကယား | ၁၇ | လွိုင်ကော် | ဒီမောဆိုး၊လွိုင်ကော် |
| ၆ | ကရင် | ၁၈ | ဘားအံ | ဘားအံ၊ လှိုင်းဘွဲ့၊ သံတောင်ကြီး |
| | | ၁၉ | ကော့ကရိတ် | ကော့ကရိတ် |
| ၇ | မွန် | ၂၀ | သထုံ | ကျိုက်ထို၊ ဘီးလင်း၊ သထုံ |
| ၈ | မကွေး | ၂၁ | မကွေး | ချောက်၊ တောင်တွင်းကြီး၊ နတ်မောက်၊ မကွေး၊ နတ်မောက်၊ ရေနံချောင်း |
| | | ၂၂ | မင်းဘူး | စလင်း၊ စေတုတ္တရာ၊ မင်းဘူး၊ |
| | | ၂၃ | ပခုက္ကူ | ဆိပ်ဖြူ၊ ပခုက္ကူ၊ ပေါက်၊ မြိုင်၊  ရေစကြို |
| | | ၂၄ | သရက် | ကံမ ၊ အောင်လံ၊ |

| | ပြည်နယ်/တိုင်း | | ခရိုင် | မြို့နယ်များ |
|---|---|---|---|---|
| ၉ | မန္တလေး | ၂၅ | ကျောက်ဆည် | ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား |
| | | ၂၆ | မန္တလေး | အမရပူရ |
| | | ၂၇ | မိတ္ထီလာ | မလှိုင်၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ သာစည်၊ |
| | | ၂၈ | မြင်းခြံ | ကျောက်ပန်းတောင်း၊ ငါန်းဇွန် ၊ တောင်သာ၊ နွားထိုးကြီး၊ မြင်းခြံ၊ |
| | | ၂၉ | နေပြည်တော် | တပ်ကုန်း၊ ပုဗ္ဗသီရိ၊ ပျဉ်းမနား၊ လယ်ဝေး |
| | | ၃၀ | ညောင်ဦး | ညောင်ဦး |
| | | ၃၁ | ပြင်ဦးလွင် | မတ္တရာ |
| | | ၃၂ | ရမည်းသင်း | ပျော်ဘွယ်၊ ရမည်းသင်း |
| ၁၀ | ရခိုင် | ၃၃ | ကျောက်ဖြူ | အမ်း၊ ကျောက်ဖြူ |
| | | ၃၄ | စစ်တွေ | ကျောက်တော်၊ စစ်တွေ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ၊ မင်းပြား၊ မြေပုံ၊ မြောက်ဦး၊ ရသေ့တောင် |
| | | ၃၅ | သံတွဲ | ဂွ၊ တောင်ကုတ်၊ သံတွဲ၊ |
| ၁၁ | စစ်ကိုင်း | ၃၆ | ကလေး | ကလေး |
| | | ၃၇ | မုံရွာ | ချောင်းဦး၊ ဆားလင်းကြီး၊ ပုလဲ၊ မုံရွာ၊ ယင်းမာပင်၊ အရာတော်၊ |
| | | ၃၈ | စစ်ကိုင်း | စစ်ကိုင်း၊ မြင်းမူ၊ မြောင် |
| | | ၃၉ | ရွှေဘို | ခင်ဦး၊ ရေဦး၊ ရွှေဘို၊ ဝက်လက်၊ |
| ၁၂ | ရှမ်း | ၄၀ | ကျိုင်းတုံ | ကျိုင်းတုံ |
| | | ၄၁ | ကျောက်မဲ | ကျောက်မဲ၊ နောင်ချို၊ နမ္မတူ၊ သီပေါ |
| | | ၄၂ | လားရှိုး | လားရှိုး |
| | | ၄၃ | လောက်ကိုင် | လောက်ကိုင် |
| | | ၄၄ | လွိုင်လင် | မိုင်းကောင် |
| | | ၄၅ | မိုင်းဖြတ် | မိုင်းဖြတ် |
| | | ၄၆ | တာချီလိတ် | တာချီလိတ်၊ တာလေ |
| | | ၄၇ | တောင်ကြီး | ကလော၊ ဆီဆိုင်၊ ညောင်ရွှေ၊ တောင်ကြီး၊ ပင်လောင်း၊ ပင်းတယ၊ ရပ်စောက်၊ ရွာငံ၊ ဟိုပုံး၊ |
| ၁၃ | တနင်္သာရီ | ၄၈ | ထားဝယ် | ထားဝယ် |
| ၁၄ | ရန်ကုန် | ၄၉ | ရန်ကုန် (အရှေ့) | ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ်(အရှေ့)၊ ဒဂုံမြို့သစ်(မြောက်)၊ ဒဂုံမြို့သစ်(တောင်)၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သာကေတ |
| | | ၅၀ | ရန်ကုန် (မြောက်) | တိုက်ကြီး၊ ထန်းတပင်၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ လှည်းကူး၊ အင်းစိန် |
| | | ၅၁ | ရန်ကုန် (တောင်) | ကော့မှူး၊ ကျောက်တန်း၊ ကွမ်းခြံကုန်း၊ တွံတေး၊ သန်လျင်၊ |

# နောက်ဆက်တွဲ ၂။ ၂၀၁၆ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော/ ပြီးစီး ပိတ်သိမ်းခဲ့သော စီမံချက်များ

*နောက်ဆက်တွဲဇယား ၂.၁။ ၂၀၁၆ဒီဇင်ဘာ၃၁ရက်ထိ လက်မှတ်ရေးထိုးခဲ့သော ရန်ပုံငွေ အထောက်အပံ့များ*

| စဉ် | မိတ်ဖက်အဖွဲ့ | ရန်ပုံငွေ လုပ်ကွက် | ပမာဏ (ကန်ဒေါ်လာ) |
|---|---|---|---|
| ၁ | GRET (Small Grants) | မြစ်ဝကျွန်း ပေါ် - ၃ | ၂,၁၁၉,၈၉၈ |
| ၂ | Link Emergency Aid & Development (LEAD) | မြစ်ဝကျွန်း ပေါ် - ၃ | ၄၀၇,၃၀၅ |
| ၃ | Metta Development Foundation | မြစ်ဝကျွန်း ပေါ် - ၃ | ၈၀၃,၉၄၂ |
| ၄ | Radanar Ayar | မြစ်ဝကျွန်း ပေါ် - ၃ | ၇၂၉,၂၈၁ |
| ၅ | Golden Plain Livelihood Development Services Co-operative Ltd. | အပူပိုင်းဇုန် | ၇၂၉,၆၃၆ |
| ၆ | International Water Management Institute (IWMI) | အပူပိုင်းဇုန် | ၁,၁၀၀,၀၁၅ |
| ၇ | Myanmar Professional Social Workers Association (MPSWA) | အပူပိုင်းဇုန် | ၇၈၂,၄၃၂ |
| ၈ | Pact Global Microfinance Fund (PGMF) | အပူပိုင်းဇုန် | ၁,၈၂၄,၆၃၁ |
| ၉ | UN-Habitat | အပူပိုင်းဇုန် | ၄,၄၀၀,၀၀၀ |
| ၁၀ | UNOPS | အပူပိုင်းဇုန် | ၃,၉၀၀,၀၀၀ |
| ၁၁ | Canadaian Co-operative Association (CCA) | ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမှု | ၃,၀၀၀,၀၀၀ |
| ၁၂ | Cordiad Foundation | ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမှု | ၁,၀၀၀,၀၀၀ |
| ၁၃ | BBC Media Action | ရွှေ့ပြောင်း သွားလာရေး | ၁,၉၇၅,၆၀၂ |
| ၁၄ | International Labour Organization (ILO) | ရွှေ့ပြောင်း သွားလာရေး | ၁,၉၉၉,၇၅၄ |
| ၁၅ | Save the Children (LEARN II) | အာဟာရ | ၁,၁၇၅,၇၉၀ |
| ၁၆ | World Bank (Study II) | အခြား | ၁,၁၀၀,၀၀၀ |
| ၁၇ | Danish Refugee Council (DRC) | ရခိုင်ဒေသ | ၂,၆၄၈,၂၂၃ |
| ၁၈ | Catholic Relief Services (CRS) | တောင်တန်းဒေသ | ၁,၈၁၃,၂၀၃ |
| ၁၉ | Consortium Dutch NGOs (CDN)/ Stichting ZOA | တောင်တန်းဒေသ | ၃,၆၄၀,၀၀၀ |
| ၂၀ | Choklei Organization for Rural and Agricultural Development (CORAD) | တောင်တန်းဒေသ | ၂,၂၀၄,၂၁၂ |
| ၂၁ | Karen Development Network (KDN) | တောင်တန်းဒေသ | ၁,၈၃၇,၄၁၄ |
| ၂၂ | Metta Development Foundation | တောင်တန်းဒေသ | ၂,၁၂၃,၁၆၈ |
| ၂၃ | Myanmar Institute for Integrated Development (MIID) | တောင်တန်းဒေသ | ၁,၆၇၅,၄၁၀ |
| ၂၄ | SWISSAID (Small Grants) | တောင်တန်းဒေသ | ၃,၄၉၉,၉၂၉ |
| | စုစုပေါင်း(ကန်ဒေါ်လာ) | | ၄၆,၄၈၉,၈၄၅ |

မှတ်ချက်။ မြစ်ရေတင် စီမံချက်တွင် ကဏ္ဍများစွာပါဝင်သည်။ UNOPSသည် အဆောက်အအုံကဏ္ဍကို အကောင်အထည်ဖော်ဆောင်ရွက်ပြီး ကျန် ကဏ္ဍများကို IWMI မှ အကောင်ထည်ဖော်ဆောင်ရွက်သည်။

*နောက်ဆက်တွဲဇယား ၂.၂။ ၂၀၁၆ခုနှစ် ဒီဇင်ဘာ၃၁ရက်တွင် ပြီးစီးခဲ့သော ရန်ပုံငွေ အထောက်အပံ့များ*

| စဉ် | မိတ်ဖက်အဖွဲ့ | ရန်ပုံငွေ လုပ်ကွက် | ပိတ်သိမ်းရက်စွဲ | စီမံချက်အမည် |
|---|---|---|---|---|
| ၁ | ActionAid - Social Policy and Poverty Research Group (SPPRG) | သင်ယူခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ၃၁/၁၂/၁၆ | အားလုံးပါဝင်စေသော အသက်မွေးဝမ်းကျောင်းမှုနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး သုတေသနစီမံချက် |
| ၂ | FAO - NAPA | သင်ယူခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ၃၀/၆/၁၆ | စိုက်ပျိုးရေးဖြင့် အမျိုးသားအဆင့် ဆင်းရဲမွဲတေမှုလျော့ချရေးနှင့် ကျေးလက် ဖွံ့ဖြိုးမှုကို ဖော်ဆောင်ရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး |
| ၃ | Food Security Working Group (FSWG) | သင်ယူခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ၃၁/၁/၁၆ | မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာဖူလုံရေးအတွက် အရင်းအမြစ်များနှင့် မိတ်ဖက်များ ကို စုစည်းခြင်း |
| ၄ | Radanar Ayar | သင်ယူခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ၁၀/၁/၁၆ | ဘိုကလေးတွင် လူမှု-စီးပွားရေးနှင့် ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး (SEED) |
| ၅ | Save the Children - LEARN | သင်ယူခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ၃၀/၄/၁၆ | အာဟာရချို့တဲ့မှုလျှော့ချရန်အမိကကျသော အာဟာရဆိုင်ရာလုပ်ဆောင်မှုများအား အားဖြည့်ခြင်း (LEARN) |
| ၆ | UN-Habitat | သင်ယူခြင်းနှင့် တီထွင်ဆန်းသစ်ခြင်း | ၂၉/၂/၁၆ | မြန်မာ့မြေယာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး အစီအစဉ် (LAMP) |
| ၇ | VisionFund Myanmar | ရေဘေး တုံ့ပြန်ဆောင်ရွက်ချက် | ၃၁/၇/၁၆ | စစ်ကိုင်း၊ ပုသိမ်၊ ဖားအံ၊ ဟသ်ာတတို့တွင် ရေဘေး တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ရန် အဆိုပြုခြင်း |

## နောက်ဆက်တွဲ၃။ LIFT၏ ယုတ္တိဗေဒမူဘောင်

## တာဝန်။ မြန်မာကျေးလက်နေ ဆင်းရဲနွမ်းပါးသူတို့၏ ဝင်ငွေနှင့် စားနပ်ရိက္ခာအဆင့်အတန်းကို မြှင့်တင်ရန်အတွက် ကြံ့ကြံ့ခံနိုင်သော အသက်မွေးဝမ်းကျောင်းမှုများနှင့် ရိက္ခာဖူလုံမှုတို့ကို ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးရန်

### တာဝန်အဆင့်အညွှန်းများ

#### တာဝန်အဆင့်အကျိုး(PO)၁။ ကျေးလက်နေ အိမ်ထောင်စုများ ဝင်ငွေတိုးတက်ခြင်း

**PO ၁.၁။ ဝင်ငွေတိုးလာသော LIFTအိမ်ထောင်စု အရေအတွက်**

ဤအညွှန်းသည် လွန်ခဲ့သော ၁၂လအတွင်း ဝင်ငွေတိုးလာသည်ဟု တင်ပြကြသော LIFTအိမ်ထောင်စု စုစုပေါင်း၏ အရေအတွက်ကို တိုင်းတာသည်။ (ကိန်ဂဏန်းအရင်းအမြစ်။ LIFT အိမ်ထောင်စုစစ်တမ်း)

**PO ၁.၂။ ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်း အောက်တွင်ရောက်နေသောLIFT အိမ်ထောင်စု အရေအတွက်**

ဤအညွှန်းသည် LIFTကျေးရွာများရှိ ဆင်းရဲနွမ်းပါးမှု သတ်မှတ်မှုမျဉ်းအောက်တွင် ရှိနေသော အိမ်ထောင်စု%ကို တိုင်းတာသည်။ ဆင်းရဲနွမ်းပါးမှုသတ်မှတ်မျဉ်းမှာ တစ်နေ့လျှင် ကန်ဒေါ်လာ၁.၂၅ဖြစ်သည်။ ၎င်းမှာ ၂၀၁၁ အခြေခံမျဉ်းစစ်တမ်းမှ စားသုံးသူဈေးနှုန်း အညွှန်း (Purchasing Power Parity PPP ) နှင့် ငွေဖောင်းပွနှုန်း တို့နှင့် ညှိထားသည့် စားသုံးမှုနှင့်သုံးစွဲမှု အသေးစိတ်အကဲဖြတ်မှုကို အခြေခံထားသည်။ (ကိန်ဂဏန်းအရင်းအမြစ်။ LIFT အိမ်ထောင်စုစစ်တမ်း။)

#### တာဝန်အဆင့်အကျိုး(PO)၂။ ဆင်းရဲနွမ်းပါးသော ကျေးလက် အိမ်ထောင်စုများ ချောက်ချားမှု၊ ဖိစီးမှု၊ အကျိုးမဲ့မည့် အခြေအနေတို့နှင့် ရင်ဆိုင်ပါကကြံ့ကြံ့ခံနိုင်ခြင်း

**PO ၂.၁။ ပစ္စည်းပိုင်ဆိုင်မှု တိုးတက် လာသော LIFTအိမ်ထောင်စု အရေအတွက်**

ဤအညွှန်းကို လွန်ခဲ့သော၁၂လအတွင်း ပစ္စည်းပိုင်ဆိုင်မှုတိုးလာသောလာသည့် LIFTကျေးရွာများရှိ အိမ်ထောင်စု အရေအတွက် စုစုပေါင်းဖြင့် တိုင်းတာနိုင်သည်။ (ကိန်ဂဏန်းအရင်းအမြစ်။ LIFT အိမ်ထောင်စုစစ်တမ်း)

**PO ၂.၂။ ဝင်ငွေရလမ်း များပြားလာသော LIFT အိမ်ထောင်စုအရေအတွက်**

ဤအညွှန်းကို လွန်ခဲ့သော၁၂လအတွင်း ဝင်ငွေရလမ်းတိုးလာသည့် LIFTကျေးရွာများရှိ အိမ်ထောင်စုအရေအတွက် စုစုပေါင်းဖြင့် တိုင်းတာနိုင်သည်။ (ကိန်ဂဏန်းအရင်းအမြစ်။ LIFT အိမ်ထောင်စုစစ်တမ်း)

**PO ၂.၃။ ကြံ့ကြံ့ခံနိုင်မှုရှိပြီး အခက်အခဲများကို ရင်ဆိုင်ဖြေရှင်း နိုင်သည့် လူဦးရေ**

ဤအညွှန်းကို ဝင်ငွေတိုးလာခြင်း၊ ပစ္စည်း ပိုမိုပိုင်ဆိုင်လာခြင်း၊ ရိက္ခာဖူလုံလာခြင်းတို့ကြောင့် ကြံ့ကြံ့ခံနိုင်မှု တိုးတက်လာသော လူတစ်ဦးချင်းကို စုပေါင်းဖော်ပြထားသည့် အညွှန်းဖြစ်သည်။ (ကိန်ဂဏန်းအရင်းအမြစ်။ LIFT အိမ်ထောင်စု စစ်တမ်း)

#### တာဝန်အဆင့်အကျိုး PO၃။ အမျိုးသမီးများနှင့် ကလေးများ အာဟာရ တိုးတက်ကောင်းမွန်ခြင်း

**PO ၃.၁။ လက်ခံနိုင်ဖွယ်ရှိသောရိက္ခာအမျိုးအမည် စုံလင်စွာ ရရှိသည့် LIFT အိမ်ထောင်စုအရေအတွက်**

ဤအညွှန်းသည် လက်ခံနိုင်ဖွယ် အမျိုးအမည် စုံလင်စွာ စားသုံးနိုင်မှု ရမှတ်ဗမှတ် အထက်ရရှိသော LIFTကျေးရွာများရှိ အိမ်ထောင်စု အရေအတွက် စုစုပေါင်းဖြင့် တိုင်းတာသည်။ (ကိန်ဂဏန်းအရင်းအမြစ်။ LIFT အိမ်ထောင်စုစစ်တမ်း)

**PO ၃.၂။ ၁၂ လတာ အစားအစာလုံလောက်မှုရှိသော LIFT အိမ်ထောင်စု အရေအတွက်**

ဤရိက္ခာဖူလုံမှုအညွှန်းသည် ၁၂လအပြည့် ရိက္ခာဖူလုံမှုရှိခဲ့သော LIFTကျေးရွာများရှိ အိမ်ထောင်စု အရေအတွက် စုစုပေါင်းဖြင့် တိုင်းတာနိုင်သည်။ (ကိန်ဂဏန်း အရင်းအမြစ်။ LIFT အိမ်ထောင်စုစစ်တမ်း)

**PO ၃.၃။ LIFT ကျေးရွာများရှိ ၅နှစ်အောက် ကလေးများ၏ အလွန်အမင်း/ အသင့်အတင့် ပုညက်မှုရာခိုင်နှုန်း**

ဤအညွှန်းသည် အသက် ၅နှစ်အောက်ရှိ အတန်အသင့် သို့ အလွန်အမင်း ပုညက်သောကလေးများ ရာခိုင်နှုန်းကို တိုင်းတာသည်။ (ကိန်ဂဏန်း အရင်းအမြစ်။ LIFT အိမ်ထောင်စုစစ်တမ်း)

PO ၃.၄။ လွန်ခဲ့သော နှစ်ပတ်အတွင်း ၅နှစ် အောက်ကလေးများ ဝမ်းပျက်ဝမ်းလျှောဖြစ်မှု အချိုးအစား
ဤအညွှန်းသည် လွန်ခဲ့သော ရက်သတ္တပတ်၂ပတ်အတွင်း ဝမ်းလျှောဝမ်းပျက်ဖြစ်ခဲ့သည့် အသက် ၅နှစ်အောက် ကလေးများ အချိုးအဆကို တိုင်းတာသည်။ (ကိန်ဂဏန်း အရင်းအမြစ်။ LIFT အိမ်ထောင်စုစစ်တမ်း)

တာဝန်အဆင့်အကျိုး(PO)၄။ ဆင်းရဲနွမ်းပါးသူများ အကျိုးဖြစ်ထွန်းစေမည့် တိုးတက်သော မူဝါဒများ၊ ထိရောက်သော လူထု အသုံးစရိတ်များ

PO ၄.၁။ LIFTက ထောက်ပံ့သော ပြည်သူ့ရေးရာ မူဝါဒ နှင့် အစီအစဉ် အပြောင်းအလဲ အရေအတွက် နှင့် အမျိုးအစား
ဤအညွှန်းသည် မိတ်ဖက်အဖွဲ့များနှင့် LIFT၏ ရန်ပုံငွေမန်နေဂျာရုံးတို့က ထောက်ပံ့သော အစိုးရကဏ္ဍ မူဝါဒ နှင့် အစီအစဉ်အပြောင်းအလဲ အမျိုးအစားနှင့် အရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်။ FMOနှင့် IP)

PO ၄.၂။ LIFTက ထောက်ပံ့သော လူထု ကဏ္ဍ/ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဘတ်ဂျက် ခွဲဝေမှု/သုံးစွဲမှု အပြောင်းအလဲ အရေအတွက် နှင့် အမျိုးအစား
ဤအညွှန်းသည် မိတ်ဖက်အဖွဲ့များမှဖြစ်စေ၊ LIFT၏ ရန်ပုံငွေမန်နေဂျာရုံးမှ ဖြစ်စေ ထောက်ပံ့သော အစိုးရကဏ္ဍ ဘတ်ဂျက် ခွဲဝေမှုနှင့် သုံးစွဲမှု အပြောင်းအလဲ အမျိုးအစားနှင့် အရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်။ FMOနှင့် IP)

## စီမံကိန်းအဆင့်အညွှန်းများ

စီမံကိန်းအဆင့်ရလဒ်Pr၁။ လုပ်ကွက်ငယ်တောင်သူများ၏ ရေရှည်တည်တံ့သော စိုက်ပျိုးရေး လုပ်ငန်းနှင့် လယ်ယာအခြေပြု ထုတ်လုပ်မှုများ

Pr ၁.၁။ အကြံပေးဝန်ဆောင်မှုရောက်ရှိသော LIFT အိမ်ထောင်စုအရေအတွက်
ဤအညွှန်းသည် LIFT၏ အထောက်အပံ့ပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ရေလုပ်ငန်း ဆိုင်ရာ အကြံပေးဝန်ဆောင်မှုများ ရောက်ရှိခဲ့သည့် ကျေးလက်အိမ်ထောင်စုများ၏ အရေအတွက်ကို တိုင်းတာသည်။ IPများက တိုက်ရိုက်ပေးသော (ဥပမာ တောင်သူသင်တန်းကျောင်းများ)၊ IPများ၏ မိတ်ဖက်များ (ဥပမာ၊ ပုဂ္ဂလိက ပညာပေးသူများ) တို့မှတစ်ဆင့် သွယ်ဝိုက်၍ပေးသော ဝန်ဆောင်မှုအားလုံး ပါဝင်သည်။ (ကိန်းဂဏန်း အရင်းအမြစ်။ IP)

Pr. ၁.၂။ နည်းနာကောင်းများ၊ သွင်းအားစု များ၊ နည်းပညာများကို စမ်းသပ်သော/ ကျင့်သုံးသောLIFT အိမ်ထောင်စုအရေအတွက်
ဤအညွှန်းသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းဆိုင်ရာ လုပ်နည်းလုပ်ဟန် နှင့် သွင်းအားစု နှင့်/သို့ နည်းပညာများ အသစ်များ ကို ကျင့်သုံးခဲ့သော အိမ်ထောင်စုအရေအတွက်စုစုပေါင်းကို တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်။ LIFT အိမ်ထောင်စုစစ်တမ်း)

Pr ၁.၃။ သီးနှံထုတ်လုပ်မှုတိုးတက်လာသော LIFT အိမ်ထောင်စုအရေအတွက်
ဤအညွှန်းသည် သီးနှံအထွက်တိုးတက်လာသည်ဟု သတင်းပို့သော အိမ်ထောင်စုအရေအတွက်ကို တိုင်းတာသည်။ (ကိန်ဂဏန်းအရင်းအမြစ်။ LIFT အိမ်ထောင်စုစစ်တမ်း)

စီမံကိန်းအဆင့်ရလဒ် Pr၂။ လုပ်ကွက်ငယ်တောင်သူများ ဈေးကွက်လက်လှမ်းမီမှုနှင့် ဈေးကွက်အခြေအနေ တိုးတက်လာခြင်း

Pr ၂.၁။ ထုတ်လုပ်သူအုပ်စုဝင် LIFT အိမ်ထောင်စု အရေအတွက်
ဤအညွှန်းသည် အိမ်ထောင်စုဝင်များက ထုတ်လုပ်မှုအုပ်စုတွင် ပါဝင်နေသော အိမ်ထောင်စုအရေအတွက်ကို ရေတွက်သည်။ ထုတ်လုပ်သူအုပ်စုတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးမွေးမြူရေး၊ ငါးဖမ်းခြင်း၊ စီးပွားရေး၊ ဈေးကွက်တင်ခြင်း၊ ကြိတ်ခွဲ ပြင်ဆင်ခြင်း၊ ဝယ်ခြင်းရောင်းခြင်း စသည်တို့ကို လုပ်ကိုင်သည့် အုပ်စုတို့ ပါဝင်သည်။ (ကိန်းဂဏန်းအရင်းအမြစ်။ IP)

Pr.၂.၂။ ဈေးကွက်နည်းနာအသစ်များကို ကျင့်သုံးသည့် LIFT အိမ်ထောင်စု အရေအတွက်
ဤအညွှန်းသည် စိုက်ပျိုးရေးထုတ်ကုန်များကို ဈေးကောင်းရရန် ဈေးကွက်တင်သည့် လုပ်နည်းလုပ်ဟန်အသစ်များကို သုံးစွဲသော အိမ်ထောင်စုအရေအတွက်ကို တိုင်းတာသည်။ (ကိန်ဂဏန်းအရင်းအမြစ်။ LIFT အိမ်ထောင်စု စစ်တမ်း)

Pr ၂.၃။ စိုက်ပျိုးရေး/ မွေးမြူရေး/ ရေလုပ်ငန်း တို့မှ အမြတ်အစွန်းရရှိသည့် LIFT အိမ်ထောင်စု အရေအတွက်
ဤအညွှန်းသည် လွန်ခဲ့သာတစ်နှစ်အတွင်း စိုက်ပျိုးရေး/မွေးမြူရေး/ရေလုပ်ငန်းတို့မှ အမြတ်ပိုရလာသည်ဟု သတင်းပို့သော LIFTကျေးရွာများမှ စုစုပေါင်း အိမ်ထောင်စုအရေအတွက်ဖြင့် တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်။ LIFT အိမ်ထောင်စု စစ်တမ်း)

စီမံကိန်းအဆင့်ရလဒ် Pr ၃။ လုပ်ကွက်ငယ် တောင်သူများနှင့် လယ်မဲ့မြေမဲ့များအတွက် လယ်ယာပြင်ပ အလုပ်အကိုင် တိုးတက်လာခြင်း

Pr ၃.၁။ စိုက်ပျိုးရေး မဟုတ်သော လုပ်ငန်း ကျွမ်းကျင် မှု တိုးတက်ရေးအတွက် အထောက်အပံ့ရရှိသော LIFTအိမ်ထောင်စုအရေအတွက်
ဤအညွှန်းသည် လယ်ယာကို အခြေမခံသော လုပ်ငန်းကျွမ်းကျင်မှုများ၊ အသက်မွေးပညာ ကျွမ်းကျင်မှု သင်တန်းများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုများ၊ လူမှုဆက်ဆံရေးများ၊ ရွှေ့ပြောင်းသွားလာရေး အကြံဉာဏ်များ၊ စသည်တို့ဖြင့် ထောက်ပံ့ခံခဲ့ရသော LIFTကျေးရွာမှ စုစုပေါင်း အိမ်ထောင်စုအရေအတွက်ဖြင့် တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်။ IP)

Pr ၃.၂။ လုပ်ငန်းထူထောင်နိုင်သော/အလုပ်ရသော သင်တန်းဆင်းဦးရေ
ဤအညွှန်းသည် သင်တန်းဆင်းပြီးသူများထဲမှ မိမိကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်သူ သို့မဟုတ် ဒေသတွင်း သို့မဟုတ် ရွှေ့ပြောင်းသွားလာခြင်းဖြင့် လယ်ယာပြင်ပ အလုပ်များ ဖြစ်သည့် စီးပွားရေးဖြင့် သို့ အလုပ်ရသွားသူ စုစုပေါင်းအရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်။ IP)

Pr ၃.၃။ စိုက်ပျိုးရေးမဟုတ်သော အလုပ်ဖြင့် ဝင်ငွေတိုးတက်လာသော LIFTအိမ်ထောင်စုအရေအတွက်
ဤအညွှန်းသည် ယခင်နှစ် ဝင်ငွေဖြင့် နှိုင်းယှဉ်ပါက ယခုနှစ်တွင် စိုက်ပျိုးရေးမဟုတ်သောအလုပ်ဖြင့် ဝင်ငွေတိုးတက်လာသည်ဟု ယင်းတို့က ထင်မြင်သော အိမ်ထောင်စုအရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်။ LIFT အိမ်ထောင်စု စစ်တမ်း)

စီမံကိန်းအဆင့်ရလဒ်Pr၄။ အတိုးနှုန်းသက်သာပြီး လိုအပ်ချက်နှင့်ကိုက်ညီပြည့်စုံမှုရှိသော ငွေကြေး ဝန်ဆောင်မှုများ ကို လက်လှမ်းမီလာခြင်း

Pr ၄.၁။ ငွေကြေးအရ မိမိဘာသာ ရပ်တည်နိုင်သည့် LIFT၏ အသေးစား ငွေကြေးလုပ်ငန်းများ အရေအတွက်
ဤအညွှန်းသည် LIFT က ထောက်ပံ့နေသော MFI များမှ ငွေကြေးအရ မိမိဘာသာ ရပ်တည်နိုင်သော အရေအတွက်ကို တိုင်းတာသည်။ နှစ်စဉ်ဝင်ငွေသည် နှစ်စဉ် ဘဏ္ဍာရေးနှင့် လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ်များကို ကျော်လွန်မှသာ ငွေကြေးအရ မိမိဘာသာရပ်တည်နိုင်သည်။ (ကိန်းဂဏန်းအရင်းအမြစ်။ IP)

Pr ၄.၂။ ငွေကြေးဝန်ဆောင်မှုများသို့ လက်လှမ်းမီသော LIFT အိမ်ထောင်စု အရေအတွက် (လက်ရှိ ဝန်ဆောင်မှု အသုံးပြုသူများ)
ဤအညွှန်းသည် LIFT အထောက်အပံ့ရရှိသည့် ဘဏ်များ နှင့်/သို့ သမဝါယမများ၊ MFI များတွင် မှတ်ပုံတင်ထားသည့် အိမ်ထောင်စုဝင်တဦး အနည်းဆုံးရှိနေသော အိမ်ထောင်စုအရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်။IP)

စီမံကိန်းအဆင့်ရလဒ် Pr ၅။ အာဟာရ၊ ရေနှင့် တစ်ကိုယ်ရည် သန့်ရှင်းမှု တိုးတက်ခြင်း

Pr ၅.၁။ အာဟာရဆိုင်ရာသတင်းအချက် အလက်များကို ရရှိ လက်လှမ်းမီသော LIFT အိမ်ထောင်စု အရေအတွက်
ဤအညွှန်းသည် အာဟာရဆိုင်ရာ အသိပညာများကို LIFT ၏ IP များက ဆောင်ရွက်သည့် လုပ်ငန်းများဖြင့် တိုက်ရိုက်ပံ့ပိုးမှုရရှိသည့် အိမ်ထောင်စုအရေအတွက် စုစုပေါင်းဖြင့် တိုင်းတာသည်။ ၎င်းတွင် ရပ်ရွာအဆင့်ဆောင်ရွက်သည့် အသိပညာပေးမြှင့်တင်မှုများ မပါဝင်ဘဲ အုပ်စုအဆင့် နှင့် အိမ်ထောင်စုအဆင့် လုပ်ဆောင်များပါဝင်သည်။ (ကိန်းဂဏန်းအရင်းအမြစ်။ IP)

၅.၂။ အမျိုးသမီး နှင့် ကလေးများ၏ အာဟာရ လိုအပ်ချက်များကို သိရှိသော လူဦးရေ
ဤအညွှန်းသည် ကလေးဘဝ၏ ပထမရက် ၁၀၀၀ အတွင်း ကိုယ်ဝန်ဆောင်များ စားရမည့် အစားအသောက်များ၊ ကလေးများကို သင့်လျော်သော ကျွေးမွေးမှုပုံစံများ အပါအဝင် မိခင် နှင့် ကလေးတို့၏ အာဟာရလိုအပ်ချက်ကို သိမြင်သော LIFTကျေးရွာများမှ လူဦးရေ (၂နှစ်အောက်ကလေးများကို စောင့်ရှောက်ပေးကြသူ အမျိုးသား၊ အမျိုးသမီးများ) စုစုပေါင်းဖြင့် တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်။ LIFT အိမ်ထောင်စု စစ်တမ်း)

Pr ၅.၃။ လက်ခံနိုင်ဖွယ်ရှိသော ရိက္ခာ အမျိုးအမည်စုံလင်စွာ ရရှိသည့် ၆လမှ ၂၃လအရွယ် ကလေးဦးရေ
ဤအညွှန်းသည် လက်ခံနိုင်ဖွယ် အမျိုးအမည်စုံလင်သည့် အစားအစာများကို စားရသော ၆လမှ ၂၃လအရွယ် ကလေးဦးရေကို တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်။ LIFT အိမ်ထောင်စု စစ်တမ်း)

Pr ၅.၄။ လွန်ခဲ့သော ၂၄နာရီအတွင်း မိခင်နို့ သက်သက်ကိုသာ သောက်သုံးရသော နို့စို့ ကလေး (မွေးစ မှ ၅လ) ဦးရေ
ဤအညွှန်းသည် စစ်တမ်းမကောက်မီနေ့ (၂၄နာရီအတွင်း) က မိခင်နို့သက်သက်ကိုသာ သောက်သုံးခဲ့သော အသက်၅လအတွင်း ကလေးများ၏ အရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်။ LIFT အိမ်ထောင်စု စစ်တမ်း)

### Pr ၅.၅။ စိတ်ချရသော သန့်ရှင်းရေး အဆောက်အအုံ/အသုံးအဆောင်များ သုံးစွဲနေသော LIFTအိမ်ထောင်စု အရေအတွက်

ဤအညွှန်းဖြင့် ကောင်းမွန်သော ရေနှင့်သန့်ရှင်းရေးစနစ်ကို သုံးစွဲနေသော LIFT အိမ်ထောင်စု အရေအတွက်ကို တိုင်းတာသည်။ ယင်းတွင် ရေဆိုးကန်စနစ်၊ မိလ္လာကန်စနစ် တို့ရှိသည့် ရေလောင်း/ရေဆွဲ အိမ်သာ၊ ရိုးရိုး ကျင်းအိမ်သာ၊ လေဝင်လေထွက်ကောင်းမွန်အောင် လုပ်ထားသည့် ကျင်းအိမ်သာ၊ အဖုံးပါသည့် ကျင်းအိမ်သာ စသည်တို့ ပါဝင်သည်။ (ကိန်းဂဏန်းအရင်းအမြစ်။ LIFT အိမ်ထောင်စုစစ်တမ်း)

### Pr ၅.၆။ စိတ်ချရသော သောက်ရေအရင်းအမြစ်ကို သုံးစွဲနေသော LIFTအိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် နွေရာသီတွင် လုံခြုံစိတ်ချရသော သို့ အရည်အသွေးကောင်းမွန်သော ရေအရင်းအမြစ်ကို သုံးစွဲနေသော LIFTအိမ်ထောင်စု အရေအတွက် စုစုပေါင်းကို တိုင်းတာသည်။ ယင်းတို့တွင် အိမ်တိုင်ရာရောက် ရေသွယ်ခြင်း၊ အများသုံးရေဘုံပိုင်၊ ရေတွင်း၊ အကာအကွယ်ရှိသည့် လက်တူးရေတွင်း၊ အကာအကွယ်ရှိသည့် စမ်းရေထွက် နှင့်  မိုးရေသိုလှောင်မှု၊ အကာအကွယ်ရှိသည့် ရေကန်များ ပါဝင်သည်။ (ကိန်းဂဏန်းအရင်းအမြစ်။ LIFT အိမ်ထောင်စုစစ်တမ်း)

## စီမံကိန်းအဆင့်ရလဒ် Pr ၆။ လုပ်ကွက်ငယ်တောင်သူများနှင့် လယ်မဲ့မြေမဲ့များအနေဖြင့် သယံဇာတများကို လက်လှမ်းမီရေးနှင့် ရေရှည်အသုံးပြုနိုင်ရေးအတွက် အာမခံချက်ရှိခြင်း

### Pr ၆.၁။ အများပိုင်ပစ္စည်း စီမံခန့်ခွဲမှု ရှိသော ကျေးရွာ အရေအတွက်

ဤအညွှန်းသည် အများပိုင် မြေယာအရင်းအမြစ် သို့မဟုတ် သယံဇာတ(သစ်တော၊ စားကျက်မြေ၊ သဘာဝ အင်းအိုင်၊ ဒီရေတော၊ တာရိုး)တို့ကို စီမံခန့်ခွဲနေသည့် LIFTကျေးရွာအရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်။ LIFT အိမ်ထောင်စုစစ်တမ်း)

### Pr ၆.၂။ ကာကွယ်/စီမံခန့်ခွဲထားသော သယံဇာတများဖြင့် အကျိုးခံစားရသည့် LIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် အိမ်ထောင်စုဝင်တစ်ဦးက ကာကွယ်ထားသော/စီမံခန့်ခွဲထားသော သယံဇာတများ (သစ်တော၊ စားကျက်မြေ၊ သဘာဝအင်းအိုင်၊ ဒီရေတော၊ တာရိုး)မှ အကျိုးခံစားရသည့် အိမ်ထောင်စု အရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်။ LIFT အိမ်ထောင်စုစစ်တမ်း)

## စီမံကိန်းအဆင့်ရလဒ် Pr ၇ ။ ရိက္ခာနှင့် အသက်မွေးမှုဖူလုံရေးအတွက် ကူညီထောက်ပံ့နိုင်ရန် ရပ်ရွာလူထု၊ ဒေသအာဏာပိုင်၊ အရပ်ဘက်လူမှုအဖွဲ့အစည်း နှင့် လုပ်ငန်းများ၏ စွမ်းဆောင်ရည်ကို အားဖြည့်ခြင်း

### Pr ၇.၁။ ပြည်တွင်းအဖွဲ့အစည်းက ခန့်ခွဲနေ သော LIFT၏ ရန်ပုံငွေ ရာခိုင်နှုန်း

ဤအညွှန်းသည် ပြည်တွင်းအဖွဲ့အစည်းများက စီမံခန့်ခွဲနေသော LIFT၏ ရန်ပုံငွေ ရာခိုင်နှုန်းကို တိုင်းတာသည်။ ယင်းတို့သည် အစိုးရ၊ ပုဂ္ဂလိက၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတို့ ဖြစ်နိုင်သည်။ ကိန်းဂဏန်းအရင်းအမြစ်။ (ကိန်းဂဏန်းအရင်းအမြစ်။ FMO)

### Pr ၇.၂။ ရိက္ခာနှင့်အသက်မွေးမှုဖူလုံစေရေးတွင် ပါဝင်ရန်အတွက် ထောက်ပံ့မှုများ ရရှိသော ဒေသခံအဖွဲ့ အရေအတွက် နှင့် အမျိုးအစား

ဤအညွှန်းသည် ရိက္ခာနှင့်အသက်မွေးမှုဖူလုံစေရေးတွင် ပါဝင်ရန်အတွက် အထောက်အပံ့ခံရသော ဒေသခံအုပ်စုများ နှင့် အဖွဲ့အစည်းများ အရေအတွက်ကို တိုင်းတာသည်။ ယင်းအဖွဲ့တို့တွင် ကျေးရွာအဖွဲ့အစည်းများ၊ ထုတ်လုပ်သူ အဖွဲ့အစည်းများ၊ ငွေစုချေးအုပ်စုများ၊ ဒေသခံ အစိုးရဌာနများ ပါဝင်သည်။ (ကိန်းဂဏန်းအရင်းအမြစ်။ IP)

## စီမံကိန်းအဆင့်ရလဒ် Pr ၈။ ဆင်းရဲနွမ်းပါးသူများ အကျိုးရှိစေမည့် ဖွံ့ဖြိုးရေးအတွက် မူဝါဒ နှင့် သက်ဆိုင်သော အထောက်အထားများကို ပြုစုခြင်း

### Pr ၈.၁။ LIFTကထောက်ပံ့ခဲ့သော မူဝါဒ ရေးဆွဲရာတွင် အထောက်အကူဖြစ်စေမည့် ဆွေးနွေးပွဲ အရေအတွက်

ဤအညွှန်းသည် LIFT သို့ မိတ်ဖက်အဖွဲ့တို့က ကျင်းပခဲ့သော မူဝါဒအပြောင်းအလဲကို ထောက်ပံ့သည့် ဆွေးနွေးပွဲများ၏ အရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်။ FMOနှင့် IP)

### Pr ၈.၂။ ပတ်သက်ဆက်နွယ်သူများ ထံသို့ LIFTက ထုတ်ဝေ ဖြန့်ချိခဲ့သော မူဝါဒဆိုင်ရာ စာအုပ်စာတမ်းများ

ဤအညွှန်းသည် LIFT၏ FMOရော မိတ်ဖက်အဖွဲ့များကပါ မူဝါဒပြောင်းလဲရေးအတွက် ထောက်ပံ့ရန် ရည်ရွယ်သည့် ထုတ်ဝေခဲ့သော စာအုပ်စာတမ်း အရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်။ FMOနှင့် IP)

## နောက်ဆက်တွဲ ၄။ မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုန်၊ ရခိုင်ဒေသ၊ တောင်တန်းဒေသ၊ ငွေကြေးအရာတွင် အားလုံးပါဝင်စေမှု ၊ ရွှေ့ပြောင်းသွားလာရေး စီမံချက်များ၏ ဆောင်ရွက်မှုများ

နောက်ဆက်တွဲဇယား ၄.၁။ ၂၀၁၆ခုနှစ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသရှိ စီမံချက်၁၀ခု၏ အရေးပါသော တင်ပြချက်များ

| စဉ် | IP၊ စီမံချက် အမည်၊ အချိန် ၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁ | GRET<br><br>မြို့နယ်အခြေစိုက် CSOများအား ထောက်ပံ့ငွေ အသေးစား ပံ့ပိုးပေးခြင်း နှင့် စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း<br><br>၁/၁၀/၂၀၁၆မှ ၃၀/၀၆/၂၀၁၉ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၂,၁၁၉,၈၉၈<br><br>အစပျိုးကာလ | အစပျိုးကာလတွင် ဝန်ထမ်းများခန့်အပ်ခဲ့ပြီး ရုံးခန်းလည်း ဖွင့်လှစ်ထားသည်။ MEAL လုပ်ငန်းစဉ်ရေးဆွဲမှုများကို အပြီးသတ် ဆောင်ရွက်ခဲ့ပြီး မြို့နယ် (၃)ခုတွင် လူမှုရေး - မနသသဗေဒ သုံးသပ်ချက်ကို စတင်ဆောင်ရွက်နေသည်။ |
| ၂ | International Organization for Migration (IOM)<br><br>ရွှေ့ပြောင်းသွားလာမှုကို အသက်မွေးမှု မဟာဗျူဟာ အဖြစ် မြစ်ဝကျွန်းပေါ်ဒေသတွင် အသုံးပြုခြင်း (MILDAS)<br><br>၁၅/၁၂/၂၀၁၅မှ ၃၁/၀၈/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၇၄၉,၁၀၀ ဆောင်ရွက်ဆဲ | ရွှေ့ပြောင်းသွားလာရေး အစီအစဉ်ရေးဆွဲရာတွင် အထောက်အကူဖြစ်စေမည့် ရွှေ့ပြောင်း သွားလာရေး နှင့် ဖွံ့ဖြိုးရေးအကြောင်းကို လေ့လာမည်။ အဆိုပါလေ့လာမှုသည် ရွှေ့ပြောင်းသွားလာသူ ရှိသည့် အိမ်ထောင်စုများအား ဘေးကင်းလုံခြုံသော ရွှေ့ပြောင်းသွားလာရေး အစီအစဉ် ရေးဆွဲသည့် LIFT ၏ ပတ်သက်သူများကို အထောက်အကူပြုမည်ဖြစ်သည်။<br><br>• Myanmar Survey Researchက အခြေခံမျဉ်းစစ်တမ်း ကောက်ယူခဲ့သည်။<br>• စီမံချက်သည် ပြည်ထောင်စု နှင့် တိုင်းဒေသကြီးအဆင့် အစိုးရ၊ အခြား LIFTမိတ်ဖက်အဖွဲ့များ အပါအဝင် အဓိက မိတ်ဖက်များ၊ ပတ်သက်သူများက အစီအစဉ်ရေးဆွဲရာတွင် ရွှေ့ပြောင်းသွားလာရေးကို ကိုင်တွယ်ရာ၌ ထောက်ပံ့ပေးမည် ဖြစ်ကြောင်း ကမ်းလှမ်းထားသည်။<br>• ရွှေ့ပြောင်းသွားလာလိုသူများ၊ ရွှေပြောင်းသွားလာသူ များရှိသည့် မိသားစုများကို ထောက်ပံ့ရန် CSO မိတ်ဖက် များ၊ LIFT IPများ၊ မြို့နယ် အလုပ်သမားရုံးများ နှင့် တိုင်ပင်ဆွေးနွေးပွဲတစ်ခု ကျင်းပခဲ့သည်။<br>• ဘေးကင်းလုံခြုံသော ရွှေ့ပြောင်းသွားလာရေး သင်ရိုးညွှန်းတမ်းကို ပြုစု စမ်းသပ်ခဲ့သည်။ |

| | | |
|---|---|---|
| ၃ | Link Emergency Aid and Development (LEAD)<br><br>လယ်မဲ့မြေမဲ့ တောင်သူတို့၏ အသက်မွေးမှုနှင့် ရိက္ခာဖူလုံမှုကို ထောက်ပံ့ခြင်း<br><br>၀၆/၀၄/၂၀၁၆မှ ၃၁/၀၃/၂၀၁၉ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၄၀၇,၃၀၅<br><br>ဆောင်ရွက်ဆဲ | ကျေးလက်ဒေသ လယ်ယာပြင်ပစီးပွားရေးကို ဝင်ငွေရလမ်းများပြားစေခြင်းဖြင့် အဓိက ထောက်ပံ့လျက်ရှိသည်။ ၎င်းကို စီးပွားရေးလုပ်ငန်းငယ်များကို ထောက်ပံ့ပေးခြင်း နှင့် ကျေးရွာလည်ပတ်ရန်ပုံငွေ ထူထောင်ခြင်း တို့ဖြင့် ဆောင်ရွက်လျက် ရှိသည်။<br>• ၅ရွာတွင် ကျေးရွာလည်ပတ်ရန်ပုံငွေ ကော်မတီများ ထူထောင်ခဲ့သည်။<br>• ၅ရွာတွင် LIFT FMO အထောက်အပံ့ဖြင့် ကျေးရွာ လည်ပတ်ရန်ပုံငွေ လက်စွဲပြုစုလျက်ရှိသည်။<br>• ဘိုကလေးသို့ လေ့လာရေးခရီးသွားခဲ့ပြီး ၊ WHH နှင့် World Vision တို့၏ ကျေးရွာလည်ပတ်ရန်ပုံငွေ ဆောင်ရွက်ပုံကို လေ့လာခဲ့သည်။<br>• လတ်ရန်ပုံငွေ အသင်းဝင် ၃၈ယောက်သည် စာရင်းကိုင် သင်တန်း တက်ခဲ့သည်။<br>• ဟင်းသီးဟင်းရွက် နှင့် ဆောင်းသီးနှံစိုက်သူ ၄၉ယောက်ကို စျေးကွက်ဝင် မျိုးစေ့များကို မိတ်ဆက်ပေးပြီး စနစ်တကျ စိုက်ပျိုးနည်း သင်တန်းများ ပေးခဲ့သည်။ |
| ၄ | Mercy Corps , Ar Yone Oo, Swisscontact<br><br>လပွတ္တာကို ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်း ကျွမ်းကျင်မှု အလုပ်အကိုင်တို့ဖြင့် ဝင်ငွေတိုးစေခြင်း<br><br>၀၁/၁၀/၂၀၁၅မှ ၃၀/၀၉/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၄,၃၃၈,၁၉၇<br><br>ဆောင်ရွက်ဆဲ | ဤစီမံချက်သည် တောင်သူထုတ်လုပ်သူအုပ်စုများ (Farmer Producers Enterprises FPE) တို့ကို ဝန်ဆောင်မှုပေးခြင်း(သွင်းအားစု ထောက်ပံ့ခြင်း၊ ပညာပေး ခြင်း၊ ကိရိယာငှားရမ်းခြင်း၊ ချေးငွေ လက်လှမ်းမီ နေခြင်း၊ စက်ပိုင်ရှင်များနှင့် အကျိုးတူ လယ်ယာ ဆောင်ရွက်ခြင်း)၊ လယ်မဲ့မြေမဲ့တို့ကို အသက်မွေးမှု၊ စီးပွားရေး၊ ဘဝသက်တာ ကျွမ်းကျင်မှုများ၊ ရွှေ့ပြောင်းသွားလာရေး သတင်းများ၊ ရန်ကုန်မှ အလုပ်ရှင်များနှင့် ချိတ်ဆက်ပေးခြင်းတို့ဖြင့် ထောက်ပံ့မည်၊<br>• FPE လမ်းညွှန်ချက်များပြုစုပြီး၊ LIFT IPများ နှင့် MIMUတို့ကို မျှဝေခဲ့သည်။<br>• စက်ပိုင်ရှင်လေးဦး၊ ကုန်သည်ခြောက်ဦးနှင့် အကျိုးတူလယ်ယာ ဆောင်ရွက်ကာ မျိုးကောင်း မျိုးစပါး ၁,၂၂၆ တင်းကို တောင်သူ ၃၉၆ ယောက်သို့ အကြွေးစနစ် ဖြင့် ထုတ်ပေးထားသည်။<br>• FPE၅၄ဖွဲ့ကို ထပ်မံထူထောင်ခဲ့ရာ စုစုပေါင်း ၇၃ရွာတွင် FPE ၁၀၀ ဖွဲ့ ရှိလာပြီး အဖွဲ့ဝင် ၂,၈၅၀ ( မ ၆၄၀ ပါဝင်ပြီး၂၃%) ရှိသည်။<br>• ပညာပေးလုပ်ငန်းများအတွက် ဩဘာ နှင့် ဝန်ဆောင်မှု စာချုပ်ကို ချုပ်ဆို ခဲ့သည်။ ၂၀၁၇ နွေစပါးနှင့် မိုးစပါး အတွက် FPE၇ဖွဲ့သည် စက်ပိုင်ရှင်တဦး နှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။<br>• FPE ၁ဖွဲ့သည် မျိုးစေ့ထုတ် အသေးစား/အလတ်စား စီးပွားရေး လုပ်ငန်း SMEအဖြစ် ထူထောင်ခဲ့သည်။ ပေါ်ဆန်း စီးပွားဖြစ် မျိုးသန့်မျိုးစေ့ တင်း၄၀ အကြွေး ဖြင့် ရရှိခဲ့သည်။ ကျပ် ၆,၂၁၀,၀၀၀ တန်ဖိုး ရှိသည့် စပါး ၆၂၁တင်း ထုတ်လုပ် နိုင်ခဲ့သည်။<br>• လယ်မဲ့မြေမဲ့ ၁၉၉ဦးသည် လုပ်ငန်း ကျွမ်းကျင်မှု သင်တန်းများ တက်ရောက်ခဲ့ပြီး ၎င်းတို့မှ ၁၇၆ဦး(၈၈%)မှာ အလုပ်လုပ်ကိုင် နေကြပြီ ဖြစ်သည်။ |

| | | |
|---|---|---|
| ၅ | Metta Development Foundation<br><br>အားလုံးပါဝင်စေသော တိုးတက်ထွန်းကားမှုနှင့် ရေရှည်ခံသော ဖွံ့ဖြိုးမှုအတွက် တောင်သူများ စီမံခန့်ခွဲသော စီမံချက်များကို ဖြစ်ထွန်းစေခြင်း<br><br>၀၇/၀၄/၂၀၁၆မှ ၃၁/၀၂/၂၀၁၉ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၈၀၃,၉၄၂<br><br>ဆောင်ရွက်ဆဲ | အသေးစား၊ အလတ်စား တောင်သူများ ရင်ဆိုင်နေရသော အခက်အခဲဖြစ်သည့် လယ်ယာထွက်ကုန်အရည်အသွေးနှင့်တန်းဖိုးများမြင့်တက်ပြီး ဝင်ငွေတိုးလာရေး ကို ကိုင်တွယ်မည်။ လယ်ယာအကြံပေးခြင်း၊ ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှု၊ တောင်သူအသင်းများ စုပေါင်းသိုလှောင်မှု တို့ဖြင့် အကောင်အထည်ဖော်မည်။<br>• တောင်သူ သင်တန်းကျောင်း (Farmer Field School FFS) သင်ရိုးညွှန်းတမ်းပြုစုခဲ့သည်။<br>• FFS ၃၆ကျောင်း ဖွဲ့စည်းခဲ့ရာ (လပွတ္တာတွင် ၁၈ကျောင်း၊ မော်လမြိုင်ကျွန်းတွင် ၁၈ကျောင်း) သင်တန်းသား ၆၇၀ဦး (ကျား ၅၆၅၊ မ ၁၀၅ဦး)ရှိသည်။<br>• FFS ၃၆ကျောင်း တွင် ၂၈.၅၆ဧကရှိ စံပြ စိုက်ကွက် ၃၆ကွက် ထူထောင်ခဲ့သည်။<br>• မေတ္တာ မျိုးခြံသည် စီးပွားဖြစ် မျိုးသန့်မျိုးစေ့ ၁၀ကီလိုဝင် အိတ်၇၂၀ကို FFSသင်တန်းသားများသို့ ပေးခဲ့ပြီး ၊ မျိုးသန့်မျိုးပွား မျိုးစေ့ ၃၆အိတ်ကို ကျေးရွာ မျိုးစပါးထုတ်လုပ်သူများသို့ ပေးခဲ့သည်။ |
| ၆ | Radanar Ayar<br>ဘက်စုံစိုက်ပျိုး - စီးပွားလုပ်ငန်း နှင့် ကျေးလက် ဖွံ့ဖြိုးရေး<br><br>၀၆/၀၄/၂၀၁၆မှ ၂၈/၀၂/၂၀၁၉ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၇၂၉,၂၈၁<br><br>ဆောင်ရွက်ဆဲ | ရိတ်သိမ်းချိန်လွန်နည်းနာများ ကောင်းမွန်စေခြင်း၊ တောင်သူဦးဆောင်သည့် ပညာပေးလုပ်ငန်းများပေးခြင်း၊ ပုဂ္ဂလိက ကဏ္ဍနှင့် အကျိုးတူလယ်ယာ ဆောင်ရွက်ကာ စုပေါင်း ဈေးကွက်တင်ခြင်း တို့ကို ဆောင်ရွက်ပေးကာ ဒေသခံ မျိုးစပါးထုတ်လုပ်မှုကို ထောက်ပံ့သည်။<br>• ရွာ ၃ရွာမှ မြေ၄ဧကတွင် မျိုးသန့်မျိုးပွား မျိုးစေ့ ၂၁၄တင်း ထုတ်လုပ်ခဲ့သည်။<br>• ၂၀၁၆ခုနှစ် မိုးရာသီ စီးပွားဖြစ် မျိုးသန့်မျိုးစေ့ ဧက၂၀ စိုက်ပျိုးရန် ထောက်ပံ့ခဲ့ပြီး ၂၀၁၆/၁၇ နွေရာသီတွင် စုစုပေါင်း မျိုးစပါး ၆၃ဧက စိုက်ပျိုးရန် စီစဉ်ထားသည်။<br>• မျိုးစပါးထုတ်လုပ်သူ ၁၉၃ဦးကို မျိုးစပါး ထုတ်လုပ်ရေး သင်တန်းပေးခဲ့ပြီး မျိုးစပါးထုတ်လုပ်သူ ၁၃၀ကို ၎င်းတို့ လယ်ယာမြေများအတွက် လိုအပ်သော နည်းပညာ ပညာပေးခဲ့သည်။ |
| ၇ | Save the Children<br><br>ကြံ့ကြံ့ခံမှု၊ အာဟာရ ပြည့်ဝရေး စုပေါင်းဆောင်ရွက်မှု တို့ကို တည်ဆောက်ခြင်း<br><br>၁၁/၁၂/၂၀၁၅ မှ ၃၁/၁၂/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။<br>ကန်ဒေါ်လာ၃,၂၅၃,၃၉၀<br><br>ဆောင်ရွက်ဆဲ | ကလေး သန္ဓေတည်ချိန်မှ ၂နှစ်မြောက်မွေးနေ့အထိ ၁၀အစ ရက်ပေါင်း ၁,၀၀၀အတွင်း မိခင်နှင့်ကလေးများ ကို ငွေကြေး ပံ့ပိုးပေးမည်၊ အမူအကျင့်ပြောင်းလဲရေး သတင်းစကားများ ပြောကြားမည်။ လက်ရှိ 3MDGစီမံကိန်းနှင့် ပေါင်းစည်းပြီး မြို့နယ် ကျန်းမာရေး လုပ်သားများမှတစ်ဆင့် ငွေကြေးပံ့ပိုးမှု (MCCT) ကို ဆောင်ရွက်မည်၊ အာဟာရကောင်းမွန်ရေးနှင့် တစ်ကိုယ်ရည် သန့်ရှင်းမှု ကောင်းမွန်ရေး ဖြစ်ထွန်းစေမည်၊ လပွတ္တာမြို့နယ် ကျေးလက် ကျန်းမာရေး စနစ်အတွင်းရှိ ကျန်းမာရေး လုပ်သားများ အား ပင်မ ကျန်းမာရေးစောင့်ရှောက်မှုအပြင် အာဟာရဆိုင်ရာ ကိုပါ ဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည် တည်ဆောက်ပေးမည်။<br>• ကျေးလက်ကျန်းမာရေးဌာန RHC ၅ခုအောက်ရှိ ရွာ ၂၀၂ ရွာတွင် MCCT အုပ်စုများ ကို ထူထောင် လေ့ကျင့်ပေးခဲ့သည်။<br>• ကိုယ်ဝန်ဆောင်၂,၂၁၂ဦးကို စာရင်းသွင်းကာ လစဉ်ထောက်ပံ့ငွေကို ၁၁,၈၉၁ ကြိမ် ထုတ်ပေးခဲ့သည်။<br>• ပုံစံနည်းလမ်းအမျိုးမျိုး ပါဝင်သော အာဟာရဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး လှုပ်ရှားမှုများတွင် အမျိုးသမီး ၈,၈၈၄ဦး နှင့် ရွာသားများ တက်ရောက်ခဲ့သည်။<br>• ငွေကြေးပံ့ပိုးမှုများ ထုတ်ပေးချိန် နှင့် ထုတ်ပေးပြီး စောင့်ကြည့် စစ်ဆေးခြင်း တို့ကို RHC ၅ခုစလုံး တွင် ဆောင်ရွက်ခဲ့သည်။ |

| | | |
|---|---|---|
| | | • လုပ်ငန်းစဉ်၏ အရည်အသွေးနှင့် ပွင့်လင်းမြင်သာမှု ရှိစေရန် အိမ်ထောင်စုများ၏ တိုင်ကြားချက် အရေးယူသည့် စနစ်တစ်ခု ထူထောင်ခဲ့သည်။<br>• မြို့နယ်နှင့် RHC ၅ခုတွင် အာဟာရရက်သတ္တပါတ်နှင့် လက်ဆေးနေ့ လှုပ်ရှားမှုအစီအစဉ်များ ကျင်းပခဲ့သည်။ |
| ၈ | Welthungerhilfe (WHH)<br><br>ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက် မြစ်ဝကျွန်းပေါ်ကျေးလက် ဒေသအား အလေးထားခြင်း။<br><br>၀၁/၁၀/၂၀၁၅ မှ ၃၀/၀၉/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။<br>ကန်ဒေါ်လာ၃,၈၉၆,၅၆၄<br><br>ဆောင်ရွက်ဆဲ | ထုတ်လုပ်သူအဖွဲ့(Producer Organisations - PO)များကို စွမ်းဆောင်ရည် တည်ဆောက်မှု၊ ဖွဲ့စည်းပုံ တည်ဆောက်မှုတို့ဖြင့် ထောက်ပံ့မည်။ ယင်းအဖွဲ့တို့သည် အရည်အသွေးကောင်း မျိုးစပါး၊ သွင်းအားစု၊ စုပေါင်းသိုလှောင်မှု၊ စက်ကိရိယာ ငှား-ဝယ်စနစ်၊ ရိတ်သိမ်းချိန်လွန်နှင့် ဈေးကွက် နှင့်ဆိုင်သော သတင်းများကို တောင်သူတို့ကို ပေးမည်။ လယ်မဲ့မြေမဲ့နှင့် ထိခိုက်လွယ် သော မိသားစုတို့ကိုလည်း လယ်ယာပြင်ပ အသက်မွေးမှု (ဥယျာဉ်ခြံ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးမွေးမြူရေး) တို့နှင့် အသေးစား စီးပွားရေး လုပ်ငန်းများအတွက် ထောက်ပံ့မည်။ အာဟာရနှင့် အခြေခံ သန့်ရှင်းမှုဆိုင်ရာ အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်ရေး၊ ပြန့်ပွားရေးကိုလည်း ဆောင်ရွက်မည်။ အထူး သဖြင့် မိခင်နှင့် ကလေး တို့ကို ဘ၀အစ ရက်၁၀၀၀အတွင်းတွင် လည်းကောင်း၊ ချို့တဲ့သော အိမ်ထောင်စုများကို လည်းကောင်း ဦးစားပေးမည်။<br>• PO အဖွဲ့ဟောင်း၂၃ဖွဲ့၊ အသစ်၇ဖွဲ့တို့သည် အဖွဲ့ဝင် ၂,၇၂၄ဦးကို ဝန်ဆောင်မှု ပေးနေသည်။<br>• တောင်သူ၂,၀၆၅ထံ စိုက်ပျိုးရေး ပညာပေးလုပ်ငန်းများ ရောက်ရှိပံ့ပိုးခဲ့သည်။<br>• ၂၀၁၆ မိုးရာသီတွင် အရည်အသွေးကောင်း မျိုးစပါး ၃၉.၈တန်၊ နွေရာသီတွင် ၅.၈တန် ထုတ်လုပ်ခဲ့သည်။<br>• ၄၇ရွာမှ မလစက ခေါ် မိသားစုလယ်ယာစီမံခန့်ခွဲရေး အကြံပေးခြင်း ဆောင်ရွက်သူ များက ၇၄ရွာမှ မလစက အသင်းသား ၅၂၆ဦးတို့ကို ပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။<br>• လုပ်ကွက်ငယ်တောင်သူနှင့် လယ်မဲ့မြေမဲ့ ၃,၁၁၆ဦးတို့သည် စီမံချက် က ထောက်ပံ့ထားသည့် ချေးငွေ/ ကျေးရွာလည်ပတ်ရန်ပုံငွေ ကို သုံးနိုင်ခဲ့သည်။<br>• အိမ်ထောင်စု ၃,၆၀၄စု ထံ LANN အာဟာရနည်းလမ်းများ ရောက်ရှိပံ့ပိုးခဲ့သည်။ |
| ၉ | WorldFish<br><br>အသေးစားငါးမွေးမြူရေးလုပ်ငန်း ရေရှည် ဖြစ်ထွန်းစေခြင်း<br><br>၂၁/၀၉/၂၀၁၅ မှ ၃၁/၁၂/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။<br>ကန်ဒေါ်လာ၃,၂၈၄,၀၀၀<br><br>ဆောင်ရွက်ဆဲ | ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဇုန်မှ လုပ်ကွက်ငယ် တောင်သူ ၅,၀၀၀တို့ကို လယ်ယာအခြေပြုသုတေသနနှင့် အိမ်ထောင်အခြေပြု အသေးစားငါးမွေးမြူရေး (SSA) (ကန်၊ လှောင်အိမ်၊ လယ်ကွင်း) ကို တိုးချဲ့ရန်အတွက် ထောက်ပံ့မည်။ ဦးတည် ကျေးရွာများ၊ ပြည်တွင်း မိတ်ဖက်များ (အထူးသဖြင့် အသေးစား ငွေရေးကြေးရေး မိတ်ဖက်များ၊ အစိုးရကျေးလက်ဖွံ့ဖြိုးရေး ရန်ပုံငွေ) မှ အသိအမြင် မျှဝေခြင်း၊ သင်ထောက်ကူ စာရွက် စာတမ်းများ ထုတ်လုပ်ခြင်းဖြင့် နောက်ထပ် အိမ်ထောင်စု ၅,၀၀၀သို့လည်း တိုးချဲ့ မွေးမြူမည့် အဆင့် တွင် ရောက်ရှိမည် ဖြစ်သည်။<br>• စီမံချက်မိတ်ဖက်များ နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့မှ သင်တန်းသား ၃၂ဦးကို နည်းပြသင်တန်းပေးခဲ့သည်။<br>• ငါးမွေးမည့် တောင်သူ ၅၄၂ ဦးကို နည်းပညာ သင်တန်း ပေးခဲ့သည်။<br>• ၇၃ရွာမှ ငါးမွေးသူ ၆၄၈ကို အဖွဲ့ ၄၀ဖွဲ့ပြီး လိုအပ်သော ကိရိယာများ ပေးကာ အသေးစားငါးမွေးမြူရေးလုပ်ငန်း စတင် ဆောင်ရွက်စေခဲ့သည်။ |

| | | |
|---|---|---|
| | | • ငါးစာထုတ်လုပ်ရေး၊ ငါးသားပေါက် ဖြန့်ဖြူးရေး စီမံချက်များ မိတ်ဖက်တို့က ရေးဆွဲခဲ့သည်။<br>• ရန်ကုန်တိုင်း ငါးလုပ်ငန်းဦးစီးဌာန ငါးသားပေါက်ထုတ်လုပ်ရေး အစီးအစဉ်၏ ပူးပေါင်းပါဝင်မှုဖြင့် မလေးရှားနိုင်ငံ ငါးသုတေသန မှ မျိုးဗီဇမြင့် တီလားပီးယား သားပေါက် ၃,၂၀၀ကို ပထမဆုံး အကြိမ် ထောက်ပံ့ခဲ့သည်။ |
| ၁၀ | World Vision International Myanmar<br><br>ဘိုကလေးတွင် အသက်မွေးဝမ်းကျောင်းမှုများကို ဖြစ်ထွန်းစေခြင်း<br><br>၀၈/၀၉/၂၀၁၅ မှ ၃၁/၁၂/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၁,၅၆၀,၁၃၈<br><br>ဆောင်ရွက်ဆဲ | လယ်မဲ့မြေမဲ့ နှင့် ထိခိုက်လွယ် အိမ်ထောင်စုများကို ဈေးကွက်၊ လုပ်အား၊ တန်ဖိုးမြှင့် ကွင်းဆက်လက်လုပ်မီမှုဆိုင်ရာ သတင်းများ ပေးခြင်း၊ ငွေစု/ချေးအား လက်လုပ်မီ စေခြင်းတို့ဖြင့် ဖွံ့ဖြိုးရေး၊ အသက်မွေးမှုနည်းလမ်း တိုးလာရေးတို့ကို ထောက်ပံ့မည်။<br>စီမံချက် သည် ကျန်းမာရေးကဏ္ဍ ဆောင်ရွက်နေသူများကို အထောက်အပံ့ပေးပြီး ၎င်းတို့မှတဆင့် ဦးတည်ထားသည့် ရပ်ရွာလူထုတို့ အနေဖြင့် အာဟာရနှင့် အခြေခံ သန့်ရှင်းမှုဆိုင်ရာ အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်ရေးကို ဆောင်ရွက်ရန်၊ ရပ်ရွာ အခြေပြု အဖွဲ့အစည်းများ၏ သဘာဝဘေးစီမံခြင်းအပါဝင် လုပ်ငန်းစီမံချက်များ ကိုလည်း အထောက်အပံ့ပေးရန်အတွက် လုပ်ဆောင်မည်။<br>• အကျိုးခံစားခွင့်ရှိသူ ၁၀၀ဦးကို 'သင့် စီးပွားရေးလုပ်ငန်း ဖော်ဆောင်ခြင်း/ သင့် စီးပွားရေးလုပ်ငန်း စတင်ခြင်း' သင်တန်းပေးခဲ့သည်။<br>• လယ်မဲ့မြေမဲ့ ၁၀၉ဦး ပါဝင်သော အဖွဲ့ ၅ဖွဲ့သည် ပလပ်မြေတွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးနေရာ ၂၀၁၅/၁၆ ဆောင်းတွင် ၆ဧက စိုက်ခဲ့ပြီး ၂၀၁၆/၁၇ ဆောင်းတွင် ၁၂ဧက စိုက်မည်။<br>• အဖွဲ့ဝင် ၄၂၄ဦးပါ ၁၀၆ဖွဲ့ မွေးမြူရေးနှင့် တိရစ္ဆာန် အစာ ထုတ်လုပ်ရေး ဆောင်ရွက်နေသည်။<br>• VSLA ၄၁ဖွဲ့သည် အဖွဲ့ဝင် ၇၅၃ဦးပါ (အမျိုးသမီး၈၇%) တို့ဖြင့် လုပ်ငန်း ဆောင်ရွက်နေသည်။<br>• ကျေးလက်ကျန်းမာရေးလုပ်သား၃၇ဦးကို အခြေခံ အာဟာရနှင့် တကိုယ်ရည် သန့်ရှင်းရေး သင်တန်းပေးခဲ့များ။<br>• အာဟာရဆိုင်ရာ အစီအစဉ်များနှင့် သတင်းစကားများဖြင့် လူပေါင်း ၁,၆၅၀ဦးကို ပံ့ပိုးခဲ့သည်။ |

နောက်ဆက်တွဲဇယား ၄.၂။ ၂၀၁၆ခုနှစ်အတွင်း အပူပိုင်းဇုန်ဒေသရှိ စီမံချက်သုံးခု၏ အရေးပါသော တင်ပြချက်များ

| စဉ် | IP၊ စီမံချက် အမည်၊ အချိန် ၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁ | ActionAid Myanmar<br><br>ဒေသတွင်း ဖွံ့ဖြိုးရေးအတွက် လူမှု စီးပွားရေး ကွန်ရက် (SEDN)<br><br>၀၈/၀၃/၂၀၁၃ မှ ၀၇/၀၃/၂၀၁၇ ထိ<br><br>ဘတ်ဂျက်။ကန်ဒေါ်လာ ၁,၃၁၂,၉၃၆<br><br>ဆောင်ရွက်ဆဲ | • မကွေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်အပါအဝင် တက်ရောက်သူပေါင်း ၂၀၀ကျော်ရှိသည့် အပြည်ပြည်ဆိုင်ရာ ကွန်ရက်ဖွဲ့ခြင်း အစည်းအဝေး ကျင်းပခဲ့သည်။<br>• ပခုက္ကူ နှင့် မြိုင်ရှိ ညွှန်းပို့လွှဲပြောင်း စနစ်မှာ ကောင်းစွာ လည်ပတ်နေသည်။ အမျိုးသမီး ၃,၈၉၇ဦးကို လူမှုရေး အထောက်အပံ့နှင့် ကျောင်းပြင်ပ ပညာရေး တို့အတွက် ညွှန်းပို့ခဲ့သည်။<br>• အမျိုးသမီး သင်တန်းဆင်း ၉၄၉ကို ထုတ်လုပ်သူအုပ်စု ၁၃၅ဖွဲ့ထားသည်။ အဖွဲ့ဝင် ၉ဦးဖြင့် အမျိုးသမီး လက်မှုပစ္စည်း ထုတ်လုပ်ရေးအသင်း ဖွဲ့ထားသည်။<br>• MBoutik အရောင်းစင်တာတွင် ရောင်းချရန် လက်မှုပစ္စည်း ၆၃၀မျိုးကို ထုတ်လုပ်ခဲ့ပြီး ၂၀၁၆တွင် တစ်နှစ်တာလုံး ရောင်းရငွေ ကျပ်၇၃,၀၀၀,၀၀၀ နှင့် သဘောတူစာချုပ်ချုပ်ဆို ထားမှုများဖြင့် ရောင်းရငွေ ကျပ် ၂၃,၀၀၀,၀၀၀ ရရှိခဲ့သည်။<br>• MBoutik စီးပွားရေးစီမံချက်ကို ရေရှည် တိုးပွားစေမည့် ရှင်းလင်းသော စျေးကွက် မဟာဗျူဟာထည့်သွင်းပြီး အပြီးသတ်ရေးဆွဲခဲ့သည်။ |
| ၂ | Food and Agriculture Organization of the United Nations<br><br>မွေးမြူရေး တိရစ္ဆာန်များ၏ ကျန်းမာရေး၊ ကုန်ထုတ်စွမ်းအားနှင့် စျေးကွက်တင်ခြင်း တို့ကို တိုးတက် ကောင်းမွန်စေခြင်း ဖြင့် အပူပိုင်းဇုန်ရှိ တောင်သူ များ၏ အသက်မွေးမှုကို တိုးတက် ကောင်းမွန်စေခြင်း။<br><br>၁/၁/၂၀၁၆ မှ ၃၁/၁၂/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၄,၄၀၀,၀၀၀<br><br>ဆောင်ရွက်ဆဲ | ရပ်ရွာ တိရစ္ဆာန်ကျန်းမာရေးလုပ်သား (Community Animal Health Workers CAHW)များမှတဆင့် လုပ်ကွက်ငယ်တောင်သူများကို မွေးမြူရေး ဝန်ဆောင်မှု ပေးရေး နှအတွက် အမျိုးသားမူဝါဒ နှင့် လုပ်ငန်း လမ်းညွှန်ချက် ပြုစုရန် နည်းပညာ အထောက်အပံ့ ပေးနေသည်။ FAO သည် CAHW မူဝါဒ၊ ဆိတ်မူဝါဒ၊ တိရစ္ဆာန် ရောင်းဝယ်မှု မူဝါဒ ဖြစ်ထွန်းရန် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကို ထောက်ပံ့နေသည်။ စီမံချက်သည် ညောင်ဦးတွင် စားကျက် နှင့် ဆိတ်မူဝါဒ ဆွေးနွေးပွဲ ကျင်းပခဲ့သည်။<br>• တိမွေးကု တက္ကသိုလ်ကျောင်းသားများသည် နွားထိုးကြီး မြို့နယ်တွင် တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ လေ့လာမှုတစ်ခုကို ဆောင်ရွက်ခဲ့သည်။<br>• မြို့နယ် ၆ခုတွင် တိရစ္ဆာန်ကောင်ရေ စာရင်း အချက်အလက်များ ကောက်ယူလျက်ရှိသည်။ ၂၀၁၇ခုနှစ်တွင် မန္တလေးတိုင်း မြို့နယ် ၈ခုတွင် တိရစ္ဆာန် ကောင်ရေ စာရင်း ကောက်ယူရန် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန/ တိမွေးကုဦးစီးဌာန က ကျပ် ၃၆သန်းကို ခွဲဝေ ချထားသည်။ ၂၀၁၇-၁၈ဘဏ္ဍာနှစ်တွင် တနိုင်ငံလုံး၌ ကောက်ယူရန် ကျပ်၁.၄ဘီလျံကို ခွဲဝေထား ရာ ဤစီမံချက်၏ မူဝါဒရေးရာတွင် အောင်မြင်မှုတစ်ခုအဖြစ် သုံးသပ်နိုင်သည်။ ဗဟိုစာရင်းအင်းဌာနသည် မွေးမြူရေးအချက်အလက်များကို ငါးနှစ်လျှင်တကြိမ်ကျ ကောက်ယူရန် သဘောတူထားသည်။<br>• ဆိတ်အသားတိုးစီမံချက်ငယ် ကို ဆိတ်မွေးမြူသူ ၉ဦးနှင့် နွားထိုးကြီး၊ မလှိုင် မြို့နယ် တို့တွင် ဆောင်ရွက်နေပြီး ၊ နွားသိုး မှတ်တမ်း စီမံချက်ခွဲကို နွားသိုး ပိုင်ရှင် ၉ဦးနှင့် ပခုက္ကူနှင့် ရေစကြို မြို့နယ်တို့တွင် စတင် ဆောင်ရွက်နေသည်။ |

| | | |
|---|---|---|
| ၃ | Golden Plain Livelihood Development Services Co-operative Ltd.<br><br>အပူပိုင်းဇုန်တွင် သစ်စိမ်းမြေဩဇာ အသုံးပြုခြင်း နှင့် သီးနှံစနစ် ကို ပြုပြင်ခြင်းဖြင့် မြေဆီလွှာ ကို ကောင်းမွန် စေကာ ရေရှည်တည်တံ့သော သီးနှံထွက်နှုန်း ရရှိစေခြင်း<br><br>၀၉/၀၅/၂၀၁၆ မှ ၃၁/၁၀/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။ကန်ဒေါ်လာ ၇၂၉,၆၃၆<br><br>ဆောင်ရွက်ဆဲ | စီမံချက်ကို ပခုက္ကူ၊ ရေစကြို မြို့နယ်တို့မှ ၄၂ရွာတွင် ဆောင်ရွက်နေသည်။ စံပြကွက်များ ထူထောင်ရန် တရွာလျှင် နှစ်ယောက်နှုန်းဖြင့် တောင်သူ ၈၄ဦးကို ရွေးချယ်ထားသည်။ သစ်စိမ်း မြေဩဇာ ကျွေးခြင်းနှင့် သီးနှံပုံစံပြောင်းခြင်းတို့ဖြင့် သီးနှံ (၆) မျိုးကို စိုက်ပျိုးထားသည်။<br>• စိုက်ပျိုးရေးပညာပေးလုပ်သား (Agriculture Extension Workers - AEW) သင်တန်း၊ တောင်သူသင်တန်းကျောင်း (FFS) နည်းပြသင်တန်း၊ အကြို သင်တန်း၊ FFSသင်တန်း၊ ရာသီဥတုနှင့် လိုက်လျောညီထွေရှိသော စိုက်ပျိုးရေး သင်တန်းများဖွင့်ခဲ့သည်။ AEW ၁၁၆ဦး နှင့် စိုက်ပျိုးရေး ဦးစီးဌာန (DOA) မှ ဝန်ထမ်း ၆ ဦး တို့သည် AEW သင်တန်းတက်ရောက်ခဲ့သည်။ စုစုပေါင်း တောင်သူ ၁,၁၈၀ဦးသည် FFS သင်တန်းတက်ခဲ့သည်၊ DOA ဝန်ထမ်းငါးဦး နှင့် တောင်သူ၂၀၃ဦး ရာသီဥတုနှင့် လိုက်လျောညီထွေသည့် စိုက်ပျိုးရေး သင်တန်းကို တက်ခဲ့သည်။<br>• ပခုက္ကူတွင် လွှတ်တော်အမတ်၊ တောင်သူ၊ ဌာနဆိုင်ရာ အရာရှိ၊ ပုဂ္ဂလိက ကုမ္ပဏီများ တက်ရောက်သော တိုင်းအဆင့် ဆွေးနွေးပွဲ ကျင်းပခဲ့သည်။<br>• ရွာ ၄၂ရွာတွင် တောင်သူလေ့လာရေးနေ့ ကျင်းပခဲ့ရာ ဒေသခံ စိုက်နေကျ သီးနှံများထက် စံပြကွက်များမှ အထွက်ပိုတိုးကြောင်းတွေ့ရသည်။<br>• မြို့နယ် ၂ခုရှိ မှ စံပြကွက် ၄၂ကွက်တွင် မြေဆီလွှာများ စစ်ဆေးခဲ့သည်။ |
| ၄ | HelpAge International (Myanmar)<br><br>အပူပိုင်းဇုန် လူမှုကာကွယ်စောင့်ရှောက်ရေး<br><br>၁၇/၁၂/၂၀၁၅ မှ ၃၁/၁၂/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။ကန်ဒေါ်လာ ၄,၂၀၀,၀၀၀<br><br>ဆောင်ရွက်ဆဲ | စီမံချက်ကျေးရွာ ၁၈၀ တွင် ကျေးလက် ဖွံ့ဖြိုးရေးကော်မတီ (Village Development Committee - VDC)နှင့် လူမှုကာကွယ်စောင့်ရှောက်ရေး ကော်မတီ(Social Protection Committee - SPC) များ ဖွဲ့ပြီးခဲ့သည်။<br>• VDC နှင့် SPC များကို သင်တန်းပေးခဲ့သည်။<br>• စီမံချက်ကျေးရွာ ၁၈၀မှ အသက်၈၅နှစ်အထက် သက်ကြီး ဘိုးဘွားများကို ထောက်ပံ့မှုပေးခြင်းကို ၄ကြိမ် ဆောင်ရွက်ခဲ့သည်။<br>• စက်တင်ဘာ၊ အောက်တိုဘာလတို့တွင် သက်ကြီး ၅၅၇ဦး၊ နိုဝင်ဘာ၊ ဒီဇင်ဘာလ တို့ တွင် သက်ကြီး၅၉၇ဦး တို့ကို လစဉ်ငွေထောက်ပံ့ငွေများ ပေးခဲ့သည်။<br>• စီမံချက်ဝန်ထမ်းများသည် ၂၀၁၆ နိုဝင်ဘာ ဒီဇင်ဘာလတို့တွင် တောင်သာမြို့နယ် မှ ၁၆ရွာ၊ မလှိုင်မှ ၁၄ရွာ၊ ရေစကြို မှ ၁၁ရွာ တို့မှ VDC နှင့် SPC များ၏ ထိရောက်မှုကို စစ်ဆေးခဲ့သည်။<br>• SPC များကို တစ်ရွာချင်းတွင် ထူထောင်ထားရာ ရွာပေါင်း ၄၀သည် မိမိရပ်ရွာ၏ ကြွယ်ဝမှု၊ ထိခိုက်လွယ်မှုတို့ကို မူတည်ပြီး လူမှုကာကွယ်စောင့်ရှောက်ရေး နှစ်စဉ်စီမံချက်ကို ရေးဆွဲခဲ့သည်။<br>• ရွာ ၄၀ သည် လူမှုကာကွယ်စောင့်ရှောက်ရေး အရေးပေါ်ရန်ပုံငွေ ရရှိခဲ့သည်။<br>• ရွာအခြေပြု လူမှုကာကွယ်စောင့်ရှောက်ရေး ပုံစံစနစ်နှင့် အခြေခံသုံးသပ်ချက် သုတေသနဆောင်ရွက်ခဲ့သည်။ ငွေကြေးထောက်ပံ့ရေး အခြေခံစစ်တမ်း သုံးသပ်ချက်တစ်ခုကို ဆောင်ရွက်နေသည်။ |

| | | |
|---|---|---|
| | | • ရွာနှင့်ရွာအုပ်စု အုပ်ချုပ်သူများအါဝင် ဌာနဆိုင်ရာများကို လူမှုကာကွယ် စောင့်ရှောက်ရေး နှင့် ငွေကြေးထောက်ပံ့ရေး သင်တန်းများပေးခဲ့သည်။ VDC နှင့် SPC များသည် သက်ကြီးများ၊ မသန်စွမ်းသူများကို ငွေကြေးထောက်ပံ့ပေးရာတွင် ဤသင်တန်းများက အထောက်အကူပြုမည် ဖြစ်သည်။<br>• စီမံချက်အဖွဲ့၊ ရွာကော်မတီများ၊ ဒေသအစိုးရများ ရည်ညွှန်း အသုံးပြုနိုင်မည့် ငွေကြေးထောက်ပံ့မှုဆိုင်ရာ လက်စွဲ စာအုပ်ကို ပြုစုခဲ့သည်။ |
| ၅ | International Fertilizer Development Centre (IFDC)<br><br>အပူပိုင်းဇုန် စိုက်ပျိုးရေး သွင်းအားစု နှင့် လယ်ယာလုပ်ငန်းဝန်ဆောင်မှု စီမံချက်<br><br>၁/၁၂/၂၀၁၅ မှ ၃၁/၁၂/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။ကန်ဒေါ်လာ ၄,၄၄၆,၀၀၀<br><br>ဆောင်ရွက်ဆဲ | • ဤစီမံချက်သည် မြို့နယ် ခြောက်ခုမှ သွင်းအားစု နှင့် ဝန်ဆောင်မပေးသူ(Inputs and Service Providers - ISP) ၅၅ဦး ကိုရွေးကာ ယင်းတို့၏ ကျွမ်းကျင်မှုနှင့် အသိပညာကို မြှင့်တင်ပေးခဲ့သည်။ စီးပွား ရေး စီမံခန့်ခွဲမှု၊ နည်းပညာ၊ သွင်းအားစု နှင့် ဝန်ဆောင်မှု သင်တန်းသုံးခုကိုလည်း ဖွင့်လှစ်ခဲ့သည်။<br>• တောင်သူသင်တန်း ၈၃ကြိမ်ဖြင့် တောင်သူ ၄,၁၂၉ဦးကို သင်တန်းပေး ခဲ့သည်။<br>• စံပြစိုက်ကွက်များ၏ မိုးရာသီစိုက် သီးနှံ ၇မျိုး နှင့် ပတ်သက်သည့် နည်းစနစ် မဟာဗျူဟာများ၊ ဆောင်းရာသီစိုက် သီးနှံ ၇မျိုး နှင့် ပတ်သက်သည့် နည်းစနစ် မဟာဗျူဟာများ အရ စံပြကွက် ၆၈ခု (မိုး ၃၄ခု၊ ဆောင်း ၃၄ခု ) ကို ထူထောင်ခဲ့သည်။<br>• စံပြစိုက်ကွက် ရိတ်သိမ်းချိန် နှင့် ချိန်ကိုက်ကာ တောင်သူ လေ့လာရေးနေ့ကို ၁၅ရက် ( DOA နှင့် ၁၀ရက်၊ ISP နှင့် ၅ရက်) ကျင်းပခဲ့သည်။ ထိုသို့ လေ့လာရေးနေ့များ ကျင်းပခြင်းဖြင့် အိမ်ထောင်စု ၆၅၂စု သို့ အကြံပေး ဝန်ဆောင်မှုများ ရောက်ရှိ ခဲ့သည်။<br>• DOAမှ စိုက်ပျိုးရေးပညာပေးလုပ်သား ၁၄၂ဦးကို သက်ဆိုင်ရာ မြို့နယ်တွင်၊ ၁၀၇ဦးကို တောင်သူသင်တန်းများတွင် သင်ကြား ပေးခဲ့သည်။<br>• ခြောက်မြို့နယ် မှ ၃၂ကွက်တွင် မြေဆီလွှာ စစ်ဆေးခဲ့သည်။ |
| ၆ | Lodestar Company Ltd./Social Policy and Poverty Research Group (SPPRG)<br><br>ရပ်ရွာအခြေပြု လူမှုကာကွယ် စောင့်ရှောက်ရေးစနစ်များ - ကနဦး စီမံချက်၏ ထိရောက်မှု<br><br>၃/၆/၂၀၁၅ မှ ၂/၆/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၈၇၉,၂၈၇<br><br>ဆောင်ရွက်ဆဲ | • စီမံချက်လုပ်ငန်းများကို နားလည်ပြီး ပူးပေါင်းဆောင်ရွက်မှု ပိုမိုရရှိစေရန် ဒေသခံဌာနဆိုင်ရာများကို စီမံချက် အကြောင်း မိတ်ဆက်တင်ပြသည့် ဆွေးနွေးပွဲကို ၂၀၁၆ဖွန်လတွင် ပြုလုပ်ခဲ့သည်။<br>• ရွာ ၁၄ရွာသည် SPCများ၏ အစီအစဉ်များ၊ ဦးစားပေးများအတိုင်း လူမှုကာကွယ် စောင့်ရှောက်ရေး ဆောင်ရွက်ရန်အတွက် မ'တည်ငွေများ ရရှိခဲ့သည်။<br>• မြောင်မြို့နယ် မှ စီမံချက်ရွာ ၁၉ရွာသည် မိခင်နှင့်ကလေးများ ငွေကြေးပံ့ပိုးမှု (MCCT)များ စတင်ရရှိသည်။<br>• MCCT အစီအစဉ်တွင် အကျိုး ခံစားခွင့်ရှိသူ ၅၃၁ဦး စာရင်းသွင်းထားပြီးဖြစ်သည်။ |

| | | |
|---|---|---|
| ၇ | Myanmar Professional Social Worker Association (MPSWA)<br><br>ထိခိုက်လွယ်သော ရပ်ရွာတို့၏ အာဟာရ အဆင့်အတန်းကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် တိုးတက်စေခြင်း။<br><br>၀၇/၀၄/၂၀၁၆ မှ ၃၁/၁၂/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။ကန်ဒေါ်လာ ၇၈၂,၄၃၂<br><br>ဆောင်ရွက်ဆဲ | • မြင်းခြံရုံးတွင် ဝန်ထမ်းအားလုံးကို ၅ရက်ကြာ စီမံချက်ပြင်ဆင်မှု သင်တန်း ပေးခဲ့သည်။<br>• အခြေခံ စစ်တမ်း ကိန်းဂဏန်းကောက်ယူမှုကို ၆၄ရွာတွင် ဆောင်ရွက်ခဲ့ပြီး မြင်းခြံ မြို့နယ်ရှိ ၂၂ရွာအတွက် အစီရင်ခံစာ ပြင်ဆင်ခဲ့သည်။<br>• အစီရင်ခံကာလအတွင်း ရပ်ရွာအခြေပြု အာဟာရ တိုးတက်ရေး အဖွဲ့ ၆၄ဖွဲ့ (တောင်သာ၂၁ဖွဲ့၊ နွားထိုးကြီး၂၁ဖွဲ့၊ မြင်းခြံ၂၂ဖွဲ့) ဖွဲ့စည်းခဲ့သည်။<br>• ယင်းအဖွဲ့များထဲမှ ၂၆ဖွဲ့ရှိ အဖွဲ့ဝင် ၁၂၈ဦးသည် စီမံချက်၏ ရည်ရွယ်ချက်၊ လုပ်ဆောင်ချက် မိတ်ဆက်သင်တန်းကို တက်ခဲ့သည်။ အဖွဲ့များကို ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်လာပြီး ရပ်ရွာများအား စိတ်အား ထက်သန်စွာ ဖြင့် အာဟာရ အလေ့အကျင့်ကောင်း များကို အတုယူကျင့်သုံးလာနိုင်လာရန် ဆွေးနွေးလှုံ့ဆော်ခြင်းအတွက် စွမ်းဆောင်ရည် တည်ဆောက်မှု သင်တန်း ရှစ်ကြိမ် ပေးခဲ့သည်။<br>• အာဟာရဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး သတင်းစကား ပြောကြားမှုများ ကို စီမံချက်ရွာ ၆၄ရွာစလုံးတွင် ပြုလုပ်ခဲ့သည်။<br>• MPSWAမှ အာဟာရအသိပညာပေးသူများသည် ရပ်ရွာ အာဟာရ အသိအမြင် ရှိရေး လှုပ်ရှားမှု ၁၅၈ကြိမ် ပြုလုပ်ခဲ့ရာ အကျိုးခံစားခွင့် ရှိသူ ၇,၄၃၁ ဦး နှင့် ကလေး ၁၈၅ဦး တက်ရောက်ခဲ့သည်။ အဆိုပါ အသိပညာပေးမှုကို စုစုပေါင်း ၁၁,၃၈၈ကြိမ် ပြုလုပ်ခဲ့သည်။<br>• ကိုယ်ဝန်ဆောင်၊ နို့တိုက်မိခင်၊ အသက် နှစ်နှစ်အောက် ကလေးရှိသည့် မိခင် တို့ကို ဦးတည်ဆွေးနွေးသည့် ဆွေးနွေးပွဲ အကြိမ် ၇၀ ကျင်းပခဲ့ရာ တက်ရောက်သူ ၁,၀၇၂ဦးရှိခဲ့သည်။<br>• အကျိုးခံစားခွင့်ရှိသူ ၁,၆၂၁ဦး တက်ရောက်သော ချက်ပြုတ် ပြင်ဆင်ခြင်း သရုပ်ပြပညာပေးမှု ၅၁ကြိမ် ပြုလုပ်ခဲ့သည်။<br>• ရွာ ၂၁ရွာတွင် အိမ်ခြံတွင်း စိုက်ပျိုးရေး သင်တန်းပေးခဲ့ရာ ၂၆၉ဦး တက်ခဲ့ပြီး သင်တန်းအပြီးတွင် မျိုးစေ့များကို အိမ်ထောင်စု ၈၈စု သို့ ဝေပေးခဲ့သည်။ |
| ၈ | Save the Children<br><br>သင်ယူခြင်း အထောက်အထား ဖော်ထုတ်ခြင်း၊ မူဝါဒ အပြောင်းအလဲ ဖြစ်စေရန် ဆွေးနွေး တိုက်တွန်း ဆောင်ရွက်ခြင်း။<br><br>၁၁/၁၂/၂၀၁၆ မှ ၃၁/၁၂/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၄,၉၄၂,၈၄၂<br><br>ဆောင်ရွက်ဆဲ | • အမူအကျင့်ပြောင်းလဲရေး သတင်းစကား ပြောကြားမှု သင်တန်း အပိုင်း (၁)ကို ၂၀၁၆ဧပြီလတွင်၊ အပိုင်း၂ကို အောက်တိုဘာလ တွင် မြန်မာနိုင်ငံ သူနာပြု နှင့် သားဖွားအသင်း (MNMA)မှ ဝန်ထမ်းများ ကို သင်ကြားပေးခဲ့သည်။<br>• ၂၀၁၆ ဧပြီလတွင် အကျိုးခံစားခွင့်ရှိသူ(ကိုယ်ဝန်ဆောင်) များကို စာရင်းကောက်ခဲ့သည်။<br>• အစီအစဉ် ပထမအဆင့်တွင် ၂၄၈ရွာကို စာရင်းသွင်းခဲ့ပြီး အမူအကျင့် ပြောင်းလဲရေး သင်ကြားပေးမှုကို ၁၂၆ရွာတွင် ဆောင်ရွက်ခဲ့သည်။ MCCT အစီအစဉ်တွင် အမျိုးသမီး ၄၀၆၂ဦးကို စာရင်းသွင်းခဲ့သည်။<br>• ၂၀၁၆တွင် ငွေကြေးပံ့ပိုးမှု ထုတ်ပေးချိန် စောင့်ကြည့် စစ်ဆေးခြင်း သုံးကြိမ်၊ ထုတ်ပေးပြီး စောင့်ကြည့် စစ်ဆေးခြင်း နှစ်ကြိမ်ကို MNMAက ဆောင်ရွက်ခဲ့သည်။<br>• ၂၀၁၆ ဩဂုတ်လတွင် မြို့နယ် ၃ခုလုံးတွင် နေရာ ၆ခုခွဲကာ အာဟာရ မြှင့်တင်ရေးလှုပ်ရှားမှုများ ဆောင်ရွက်ခဲ့သည်။<br>• ၂၀၁၆ အောက်တိုဘာလတွင် မြို့နယ် ၃ခုလုံး တွင် ရှစ်နေရာ၌ အပြည်ပြည်ဆိုင်ရာ လက်ဆေးရေးနေ့ လှုပ်ရှားမှုကို ဆောင်ရွက်ခဲ့သည်။<br>• ၂၀၁၆ခုနှစ် အောက်တိုဘာလတွင် ပခုက္ကူမြို့နယ်ရှိ ရွာ၄၀၌ အစိုးရ ဦးဆောင်သော ငွေကြေးထောက်ပံ့မှုများ ပေးအပ်ခြင်းကို ဆောင်ရွက်ခဲ့သည်။ |

| | | |
|---|---|---|
| ၉ | Terr des Hommes (TdH)<br><br>ဟင်းသီးဟင်းရွက် မြေမဲ့စိုက်ပျိုးခြင်း၊ ရေချွေတာသော နည်းပညာအသစ်များ<br><br>၁/၂/၂၀၁၄ မှ ၃၁/၁/၂၀၁၇ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၁,၃၁၈,၅၁၉<br><br>ဆောင်ရွက်ဆဲ | • မြေမဲ့စိုက်ပျိုးခြင်းစနစ် ၅၇၀ခု နှင့် ရေအစက်ချစိုက်ကွက် ၂၇၃ကွက်မှ စုစုပေါင်း အရွက်စား ဟင်းရွက်ပင် ၁,၇၇၆,၂၃၅ ပင် နှင့် ဟင်းသီး ၂၆,၂၂၁ ကီလိုဂရမ်တို့ကို ထုတ်လုပ်နိုင်ခဲ့သည်။<br>• ဦးတည် အိမ်ထောင်စုများသည် လတ်ဆတ်ပြီး အာဟာရ ပြည့်ဝသော ဟင်းသီးဟင်းရွက်များကို တနှစ်လုံး ထုတ်လုပ် စားသုံးနိုင်စွမ်း တိုးလာခဲ့သည်။<br>• ဇီဝတာမင်အေ ကြွယ်ဝသော ဟင်းသီးဟင်းရွက်များ စားသုံး နိုင်သော အသက် ငါးနှစ်အောက်ကလေးငယ်ဦးရေမှာ ၂၉၅ဦးထိ တိုးလာခဲ့သည်။<br>• ထုတ်လုပ်သူအုပ်စု ၄၂ခုကို ရေရှည်တည်တံ့နိုင်စေရန် ကျေးရွာ လည်ပတ် ရန်ပုံငွေနှင့် အသေးစားချေးငွေ စနစ်ထူထောင်ခဲ့သည်။ ငွေကျပ် ၅,၀၀၀မှ ၂၀,၀၀၀ထိကို ထုတ်လုပ်သူအားလုံး ချေးယူ နိုင်သည်။<br>• ဟင်းသီးဟင်းရွက်ထုတ်လုပ်မှုမှ တအိမ်ထောင်လျှင် နှစ်စဉ်ဝင်ငွေ ပျမ်းမျှ ကျပ် ၃၄,၈၃၀မှ ၄၂,၂၀၅ထိ တိုးတက်လာခဲ့သည်။<br>• ရေရှည် သယံဇာတစီမံခန့်ခွဲရေး နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အတွက် မြို့နယ် ၄ခုမှ ရေတွင်းရေကန်၃၂ခု ကို ပြုပြင်/အသစ် တူးဖော်ခဲ့၊ အိမ်ထောင်စု ၄,၈၂၇ခုသည် ယင်းရေရင်းမြစ်များကို လက်လှမ်းမီခဲ့သည်။ |
| ၁၀ | United Nations Economic and Social Commission for Asia and the Pacific (UNESCAP)<br><br>ဘက်စုံကျေးလက် စီးပွား လူမှု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်<br><br>၁/၁/၂၀၁၄ မှ ၃၁/၁၂/၂၀၁၆ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၁,၁၀၄,၉၀၅<br><br>ဆောင်ရွက်ဆဲ | ၂၀၁၆အတွင်း ဆောင်ရွက်ခဲ့သော ဆွေးနွေးပွဲများမှာ<br>• ပဲတီစိမ်းထုတ်လုပ်မှု၊ အရည်အသွေးထိန်းသိမ်းမှု ဆိုင်ရာ အကောင်းဆုံး နည်းနာများ<br>• မြန်မာနိုင်ငံ အပူပိုင်းဇုန်တွင် လယ်ယာသုံး စက်ကိရိယာများ ငှားရမ်းမှုလုပ်ငန်းကို စီးပွားရေး စီမံခန့်ခွဲမှု<br>• မြန်မာနိုင်ငံ အပူပိုင်းဇုန်မှ ဒေသခံများအား ရာသီဥတုဒဏ်ခံ စိုက်ပျိုးနိုင်စွမ်း အားဖြည့်ရေးအတွက် ပတ်သက်သူပေါင်းစုံ ပါဝင်သော ဆွေးနွေးပွဲ<br>• မြန်မာနိုင်ငံ အပူပိုင်းဇုန်တွင် ရေရှည်တည်တံ့သော စိုက်ပျိုးရေး ဖွံ့ဖြိုးမှု တိုးချဲ့ ဆောင်ရွက်ရေးအတွက် ပတ်သက်သူပေါင်းစုံ ပါဝင်သော ဆွေးနွေးပွဲ<br>• အားလုံးပါဝင်ဆောင်ရွက်သည့် ကျေးလက်ဒေသ အကဲဖြတ်ချက် (Participatory Rural Appraisal PRA) အလုပ်ရုံဆွေးနွေးပွဲ<br>• ရာသီဥတုဒဏ်ခံ စိုက်ပျိုးနိုင်ရေးအတွက် ဒေသဆိုင်ရာ စီမံချက် ရေးဆွဲရန် ထောက်ပံ့မည့် အားလုံးပါဝင်သည့် ကျေးလက်ဒေသ အကဲဖြတ်ချက် |
| ၁၁ | UN-Habitat<br><br>ရေနှင့်သန့်ရှင်းရေးလုပ်ငန်းများ မှ ပိုမို ကျန်းမာသော ရပ်ရွာများသို့<br><br>၁၅/၀၂/၂၀၁၆ မှ ၃၁/၁၂/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၄,၄၀၀,၀၀၀<br><br>ဆောင်ရွက်ဆဲ | • ၂၀၁၆ ခုနှစ် မေလတွင် ကွင်းဆင်းဝန်ထမ်း ၅၂ဦးကို သင်တန်းပေးခဲ့သည်။ စီမံချက်ရွာ ၁၃၀ကို ပထမပတ် အကောင်အထည်ဖော်မှု အတွက် ရွေးချယ်ခဲ့သည်။ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ကော်မတီ ၁၃၀ခုကို ဖွဲ့စည်းပြီး ကော်မတီဝင် ၁,၀၄၀ဦးကို သင်တန်းပေးခဲ့သည်။ ၈၄ ရွာ တွင် အခြေခံ စစ်တမ်းကောက်ယူခဲ့ပြီး အစီရင်ခံစာ ပြုစုဆဲဖြစ်သည်။<br>• စီမံချက် ၈၂ရွာ အတွက် သောက်သုံးရေ အဆောက်အအုံ/ ရင်းမြစ်များကို ဆောက်လုပ်/ ပြင်ဆင်ရန်၊ တန်ဖိုးနည်း ယင်လုံ အိမ်သာ စံပြဆောက်လုပ်ရန် အကောင်အထည်ဖော် အသုံးစရိတ်များ တင်ပြတောင်းဆိုခဲ့သည်။<br>• ယင်လုံအိမ်သာ ဆောက်လုပ်ရေး သင်တန်း ၂၆ကြိမ် ဖွင့်ခဲ့သည်။<br>• ရပ်ရွာ လက်ဆေးနေ့အခမ်းအနားပေါင်း ၁၃၀ ၊ ကမ္ဘာ့အိမ်သာနေ့ အခမ်းအနားပေါင်း ၁၃၀ ကျင်းပခဲ့သည်။<br>• စီမံချက် ပထမနှစ်တွင် အကျိုးခံစားရသူ ၆၇,၀၇၁ ဦး ရှိမည်ဟု ခန့်မှန်းထားသည်။ |

နောက်ဆက်တွဲဇယား ၄.၃။ ၂၀၁၆ခုနှစ်အတွင်း ရခိုင်ဒေသရှိ စီမံချက် ၄ ခု၏ အရေးပါသော တင်ပြချက်များ

| စဉ် | IP၊ စီမံချက် အမည်၊ အချိန် ၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁ | CARE Myanmar<br><br>ရသေ့တောင်မြို့နယ်ရှိ ရပ်ရွာများ၊ အိမ်ထောင်စု များတွင် ရိက္ခာဖူလုံရေး၊ ကြံ့ကြံ့ခံနိုင်ရေး၊ စည်းလုံးရေးအတွက် ထောက်ပံ့ခြင်း<br><br>၀၁/၀၁/၂၀၁၆ မှ ၃၁/၁၂/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၃,၅၁၉,၁၄၇<br><br>ဆောင်ရွက်ဆဲ | • LIFT သည် ရသေ့တောင်မြို့နယ်တွင် အသက်မွေးမှု စီမံချက် အသစ် ဆောင်ရွက်ရန် CARE နှင့် စာချုပ်ခဲ့သည်။<br>• ရုံး နှင့် ဝန်ထမ်းအိမ်ယာများအတွက် နေရာရွေးချယ်မှုပြီးစီးကာ ဝန်ထမ်း၃၀ ခန့်ထား (ပြည်ပမှ သုံးဦး၊ ပြည်တွင်းမှ ၂၇ဦး) ခဲ့သည်။<br>• သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ ဒေသအာဏာပိုင်များ နှင့် ဆက်ဆံရေး ထူထောင်ပြီး ဖြစ်သည်။<br>• ကျေးရွာ ၃၀လုံး တွင် စီမံချက်အကြောင်း အသိပေး အစည်းအဝေးများ ကျင်းပခဲ့သည်။<br>• တောင်သူသင်တန်းကျောင်း(FFS) ပထမအသုတ် ပြီးစီးကာ တောင်သူများကို သွင်းအားစုများပေးခဲ့သည်။<br>• ၂၀၁၆ခုနှစ်အတွင်း ရည်ရွယ်ထားသော ၁၀ရွာလုံးတွင် ကျေးရွာ ငွေစု/ချေး အဖွဲ့များ ထူထောင်ခဲ့သည်။<br>• ရပ်ရွာအလိုက် ကနဦးကိန်းဂဏန်းအချက်အလက်များ ကောက်ယူပြီး၊ ၁၉ရွာတွင် တိုင်ပင် ဆွေးနွေးပွဲများ ကျင်းပခဲ့ကာ ၂၀၁၆ခုနှစ် အတွက် ရပ်ရွာပိုင်သစ်တော ထူထောင်ရန် ဦးစားပေးရွာ ၄ခုကို ရွေးချယ်ခဲ့သည်။<br>• ရေတွင်းရေကန် တူးဖော်/ပြင်ဆင်ခြင်း။ ရည်ရွယ်ထားသည့် ရွာ၃၀အနက် ၂၈ရွာ၌ အားလုံးပါဝင်ဆောင်ရွက်သည့် ရပ်ရွာ လိုအပ်ချက် သုံးသပ်မှုကို ဆောင်ရွက်ခဲ့သည်။<br>• ရွာ၃၀တွင် ကျေးလက်ဖွံ့ဖြိုးရေးကော်မတီများ ထူထောင်ခဲ့သည်။ (ကော်မတီဝင် ၂၁၀ အနက် ကျား ၁၃၃၊ မ ၇၇ဦး ပါဝင်သည်)<br>• အောက်တိုဘာမှ ဒီဇင်ဘာလအတွင်း စီမံချက်လုပ်ငန်းများ ကန့်သတ်ခံရခြင်း။ အောက်တိုဘာလ ၉ရက်တွင် မောင်တော နှင့် ရသေ့တောင် မြောက်ပိုင်းရှိ ရဲကင်း များ အတိုက်ခံရပြီးနောက် ရသေ့တောင်မြို့နယ်တွင် စစ်တပ်နှင့်ရဲအဖွဲ့ နေရာ ချထားမှု များပြားလာပြီး လုံခြုံရေး စည်းကမ်းသစ်များကြောင့် အချို့ ရပ်ရွာများသို့ သွားလာရန် ပြင်းထန်စွာ ကန့်သတ်ထား၊ အချို့ နေရာများတွင် ဝင်ထွက်သွားလာမှု လုံး၀ ပိတ်ပင် ထားသည်။ |
| ၂ | Danish Refugee Council (DRC ) and Norwegian Refugee Council (NRC )<br><br>ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများနှင့် စခန်းပြင်ပ မှ လူငယ်များအတွက် သက်မွေးမှုပညာ သင်တန်းများ နှင့် အသက်မွေး ဝမ်းကျောင်းမှု အခွင့်လမ်းများ ပံ့ပိုးခြင်း<br><br>၀၁/၀၆/၂၀၁၆ မှ ၃၁/၀၅/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။ကန်ဒေါ်လာ ၂,၆၄၈,၂၂၃<br><br>ဆောင်ရွက်ဆဲ | • ကျွမ်းကျင်မှု၊  အသက်မွေးမှု ဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေ ထောက်ပံ့ရန်အတွက် ရန်ပုံငွေလုပ်ကွက် အသစ်တခုကို ၂၀၁၆တွင် စတင်ခဲ့သည်။<br>• NRC နှင့် DRC တို့သည် အစပျိုးမှုကာလတွင် မြေပြင်တွင် ဆောင်ရွက်ရမည့် အခြေခံကျသည့် အဓိကလုပ်ငန်းများကို ဦးတည်ခဲ့သသည်။<br>• အစီအစဉ်များအတွက် စခန်းအုပ်ချုပ်ရေးကော်မတီများ နှင့် ဆွေးနွေးခဲ့သည်။<br>• ရခိုင်ဒေသ အခြေအနေနှင့် ကိုက်ညီသော အသက်ကယ် ကျန်းမာရေး နှင့် လုံခြုံရေး အသိပညာ၊ ပြည်သူ့နီတိ၊  အခြေခံ စီးပွားရေးကျွမ်းကျင်မှု သတင်းများ ပါဝင်သော ရွေ့လျား ကျွမ်းကျင်မှုသင်တန်း သင်ရိုးညွှန်းတမ်းကို ပြုစုခဲ့သည်။ နည်းပြ သင်တန်းလည်း ပေးခဲ့သည်။<br>• ထူးခြားဖြစ်စဉ်မှာ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၆ရက်၌ အကြမ်းဖက်မှု ဖြစ်ပေါ်ခဲ့ပြီး ပဋိပက္ခများ ဆက်ဖြစ်နေ၍ လူသားချင်းစာနာ ထောက်ထားမှုလုပ်ငန်းများမှာ ရက်သတ္တပတ်များစွာ လုံးဝလက်လှမ်းမမီနိုင်ခဲ့ပေ။ စီမံချက် လုပ်ငန်းများ ယာယီရပ်ထားခဲ့ရသည်။ |

| | | |
|---|---|---|
| ၃ | PACT<br><br>ရခိုင်ပြည်နယ်တွင် ငွေကြေး ဝန်ဆောင်မှုလုပ်ငန်များ ပံ့ပိုးခြင်း<br><br>၁၄/၁၂/၂၀၁၅ မှ ၃၁/၁၂/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၈,၃၀၀,၀၀၀ (ဆောင်ရွက်ဆဲ) | • နွမ်းပါးသူများကို ဦးတည်ပေးသည့် စိုက်ပျိုးရေးချေးငွေ၊ အသေးစား စီးပွားရေး ချေးငွေ၊ စုငွေ စသည့် အသေးစား ငွေရေးကြေးရေး ဝန်ဆောင်မှုများကို ဆောင်ရွက်ခဲ့သည်။<br>• ကျေးရွာ ၄၆၂ရွာ မှ အိမ်ထောင်စု ၃၄,၀၆၂ စု ထံသို့ ဝန်ဆောင်မှုများ ရောက်ရှိခဲ့သည်။<br>• ၂၀၁၆ခုနှစ် တွင် ကန်ဒေါ်လာ ၄.၅သန်းခန့်ရှိသည့် ချေးငွေများ ထုတ်ချေးခဲ့ပြီး အများစုမှာ အသေးစား စီးပွားရေး လုပ်ငန်း စတင်/တိုးချဲ့ရန်အတွက် ဖြစ်သည်။ |
| ၄ | Save the Children, IRC, Oxfam/ Scholar Institute, BLO, CARE for M&E<br><br>တက်လမ်း ရေရှည်ရိက္ခာဖူလုံမှု နှင့် အသက်မွေးဝမ်းကျောင်းမှု စီမံကိန်း ၂<br><br>၁/၁/၂၀၁၆ မှ ၃၁/၁၂/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။<br>ကန်ဒေါ်လာ၂၃,၇၁၆,၄၄၀<br><br>ဆောင်ရွက်ဆဲ | • LIFT ရန်ပုံငွေဘုတ်အဖွဲ့သည်  တက်လမ်း ၂ ကို ဘတ်ဂျက် ကန်ဒေါ်လာ ၂၄သန်းခန့် ထပ်မံချထားပေးပြီး  ၂၀၁၆ ဇန်နဝါရီမှ ၂၀၁၈ ဒီဇင်ဘာလအထိ ဆောင်ရွက်ရန် အတည်ပြုခဲ့သည်။<br>• မိတ်ဖက်များမှာ တက်လမ်း ၁ မှ အဖွဲ့များဖြစ်သည့် IRC၊ Save the Children၊ Oxfam၊ Better Life Organisation တို့ ဖြစ်ပြီး Care မှာ M&Eအပိုင်းကို ဆောင်ရွက်မည် ဖြစ်သည်။<br>• ကျေးရွာသစ်များ၊ ကဏ္ဍသစ်များ ထပ်တိုးမည် ဖြစ်သည်။ မိခင်နှင့်ကလေး များအား ငွေကြေးပံ့ပိုးမှု နှင့် ရေနှင့်သန့်ရှင်းရေး လုပ်ငန်းများကို  ပေါက်တော၊ မင်းပြား၊ မြေပုံတို့တွင်  တိုးချဲ့မည်။<br>• LIFTသည် ၂၀၁၃ကတည်းက ရခိုင်ပြည်နယ် တွင် ကျေးလက် ငွေစု/ချေး အသင်းများကို ထောက်ပံ့နေခဲ့ပြီး ချေးငွေ ၂၂,၀၀၀ခု ကို ထုတ်ပေးထားသည်။ ၂၀၁၆တွင် ကျေးလက် ငွေစု/ချေးအဖွဲ့ ၂၉၃ဖွဲ့များ လုပ်ငန်းဆောင်ရွက်နေပြီး အိမ်ထောင်စု ၆,၀၀၀ ကျော်သို့ ပံ့ပိုးမှုများ ရောက်ရှိပြီ ဖြစ်သည်။ အကျိုးခံစားခွင့်ရှိသူ ၈၂%မှာ အမျိုးသမီးဖြစ်ကြသည်။ ပြန်ဆပ်နှုန်းမှာ ၉၉.၉% ဖြစ်သည်။ စုငွေအတွက် အတိုးမှာ ၂၃.၆၆%ဖြစ်သည်။<br>• ၃၈ရွာမှ တောင်သူ ၁၆၄၀ဦး မျိုးစပါး၊ မြေသြဇာများ ဝယ်ယူရန် စိုက်ပျိုးရေးချေးငွေကို ရရှိခဲ့သည်။ ၂၀၁၆နှစ်ကုန်တွင် ရေတား တမံဖို့ခြင်း မိုင်၁၃၀ကျော်၊ ရေထိန်း တံခါး ၇၀ကျော်ဖြင့် စပါးစိုက်ဧက ၂၆,၀၀၀ကို ရေငန်တိုးဝင်မှု နှင့် ရေကြီးမှုမှ ကာကွယ်ပေးနိုင်ခဲ့သည်။ အလုပ် နှင့် ငွေ ဖလှယ်ခြင်းဖြင့် ရေတားတမံ တည်ဆောက်ရာ တွင် လုပ်သား ၃,၀၀၀ကျော် အလုပ်ရခဲ့သည်။ ယင်းတွင် ၅၀% ကျော်မှာ အမျိုးသမီးများဖြစ်ပြီး အမျိုးသားများနှင့် တန်းတူ လုပ်ခရခဲ့ကြသည်။<br>• တောင်သူသင်တန်းကျောင်း သင်တန်းဆင်းများသည် သင့်တော်သော နည်းပညာများသုံး၍ စိုက်နိုင်ခဲ့ရာ စပါးအထွက် ၆၃%  တိုးခဲ့သည်။<br>• ပေါက်တော၊ မင်းပြား၊ မြေပုံမြို့နယ်တို့မှ ၁၈၂ရွာ သည် မိခင်နှင့် ကလေးများ ငွေကြေးပံ့ပိုးမှုတွင် ပါဝင်ခဲ့သည်။ရခိုင်ဒေသမှ ကိုယ်ဝန်ဆောင် ၃,၅၄၅ဦး သည် မိခင်နှင့်ကလေးများအား ငွေကြေး ပံ့ပိုးမှု အစီအစဉ်ဖြင့် ၎င်းတို့နှင့် သန္ဓေသားအတွက် အာဟာရ ဖြစ်စေမည့် အစားအစာများနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ ရရှိရန် ထောက်ပံ့ငွေ ကျပ်၁၃,၀၀၀ကို လစဉ် ရရှိခဲ့ကြသည်။<br>• အဓိကမြို့နယ်များမှ အိမ်ထောင်စု ၄၀% နှင့် ကျောင်းများတွင် အိမ်သာဆောက်လုပ်ပေးရန် LIFTက ရည်ရွယ်ထားသည်။၂၀၁၆ နှစ်ကုန်တွင် ပေါက်တောမြို့နယ်၌ အိမ်သုံးအိမ်သာ ၂,၀၀၀ခန့်၊ ကျောင်း အိမ်သာ ၁၅လုံး ဆောက်ပြီးဖြစ်ကာ မူလတန်း ကျောင်းသား ၁၇,၆၈၀ဦးမှ အိမ်သာ အသုံးပြုနိုင်ခဲ့ပြီဖြစ်သည်။<br>• ကျောက်ဖြူ အထူးစီးပွားရေးဇုန်အတွက် တာဝန်ခံယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု နှင့် မူဝါဒ အစီရင်ခံစာများကို ရေးဆွဲခဲ့သည်။ အပြုသဘောဆောင်သည့် ဆက်ဆံရေးများဖြစ်ထွန်းစေရန် လူထု ကြားနာမှုကို စစ်တွေတွင် နှစ်ကြိမ်ပြုလုပ်ခဲ့သည်။ |

နောက်ဆက်တွဲဇယား ၄.၄။ ၂၀၁၆ခုနှစ်အတွင်း တောင်တန်းဒေသရှိ စီမံချက်၁၅ခု၏ အရေးပါသော တင်ပြချက်များ

| စဉ် | IP၊ စီမံချက် အမည်၊ အချိန် ၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁ | Catholic Relief Services (CRS)<br><br>ရပ်ရွာလူထုနှင့်ချိတ်ဆက်သည့် စိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေး<br><br>၀၇/၀၆/၂၀၁၆ မှ ၃၁/၀၅/၂၀၁၉ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၁,၈၁၃,၂၀၃<br><br>ဆောင်ရွက်ဆဲ | • ဝန်ထမ်းများခန့်အပ်ခဲ့သည်။<br>• အခြေခံစစ်တမ်း နှင့် ကိန်းဂဏန်း အချက်အလက် ကောက်ယူခဲ့ပြီး စစ်တမ်း အစီရင်ခံစာ မူကြမ်းပြုစုခဲ့သည်။<br>• MEAL အစီအစဉ်ကို အပြီးသတ်ရေးဆွဲနေသည်။<br>• KMSS ဝန်ထမ်းများအတွက် အခြေခံ MEAL သင်တန်းပေးခဲ့သည်။<br>• အာဟာရသင်တန်း လက်စွဲပြုစုပြီး၊ အာဟာရနှင့် ဈေးကွက် အတားအဆီး သုံးသပ်ချက်များအတွက် အချက်အလက်ကောက်ယူသုံးသပ်မည့် နည်းလမ်းကို ရေးဆွဲခဲ့သည်။<br>• ဦးတည်ရွာ ၆၀တွင် ရပ်ရွာအသိပေး သဘောတူညီမှု အစည်းအဝေးများ ကျင်းပခဲ့သည်။<br>• ကိုယ်ဝန်ဆောင်၊ နို့တိုက်မိခင်နှင့် ၊ ၂နှစ်အောက် ကလေးရှိသည့် မိခင် အိမ်ထောင်စုများကို မှတ်ပုံတင်ခဲ့သည်။<br>• ဝန်ထမ်းအားလုံး ကလေးသူငယ် ကာကွယ်မှု သင်တန်းတက်ခဲ့သည်။ |
| ၂ | Choklei Organisation for Rural and Agricultural Development (CORAD)<br><br>ချင်းပြည်နယ်မြောက်ပိုင်းတွင် စိုက်ပျိုးရေးလုပ်ငန်းမျိုးစုံဖြစ်ထွန်းရေးကို မြှင့်တင်ပြီး ဘက်စုံစီးပွားဖြစ်ထွန်းရေး<br><br>၁၄/၀၆/၂၀၁၆ မှ ၃၁/၀၅/၂၀၁၉ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၂,၂၀၄,၂၁၂<br><br>ဆောင်ရွက်ဆဲ | • ဝန်ထမ်းခန့်အပ်ပြီး (ဝန်ထမ်းသစ် ၁၀ဦး) ဖြစ်သည်။<br>• MEAL အစီအစဉ် ရေးဆွဲပြီးစီးခဲ့ပြီး အခြေခံစစ်တမ်းအတွက် အကြံပေးတစ်ဦးခန့်အပ်ခဲ့သည်။<br>• CORAD စီမံခန့်ခွဲမှုအဖွဲ့ အတွက် ခေါင်းဆောင်မှု နှင့် စီမံခန့်ခွဲမှုသင်တန်း ဖွင့်ခဲ့သည်။<br>• ဝန်ထမ်းအားလုံးအတွက် စိုက်ပျိုးရေးပညာပေးရေး သင်တန်းပေးခဲ့သည်။<br>• မြို့နယ် ၂ခုတွင် စီမံချက်ကနဦး ဆွေးနွေးပွဲများ ကျင်းပခဲ့သည်။<br>• မြို့နယ် ၅ခုမှ ၁၁၇ရွာကို စီမံချက်အတွက် ရွေးချယ်ခဲ့သည်။<br>• ကျေးရွာ ၁၁၀တွင် နည်းပညာလိုအပ်ချက်ကို သုံးသပ်ခဲ့သည်။<br>• ၂၆ရွာမှ တောင်သူ၁၁၄ဦးကို မလစက ဆောင်ရွက်ရန် ရွေးချယ်ခဲ့သည်။<br>• ဟားခါးမြို့ စိုက်ပျိုးရေးဦးစီးဌာနကွက်တွင် စံပြကွက်ကို ထူထောင်ခဲ့သည်။<br>• သီးနှံခုနစ်မျိုးအတွက် တန်ဖိုးမြှင့် ကွင်းဆက်နှင့် ဈေးကွက်စစ်တမ်း ဆောင်ရွက်ပြီးစီးခဲ့သည်။ (အစီရင်ခံစာ ရေးဆဲ )<br>• ထုတ်လုပ်သူအုပ်စုများအတွက် ဈေးကွက်စစ်တမ်း လမ်းညွှန်ချက်များပြုစုခဲ့သည်။<br>• GRETသည် တန်ဖိုးမြှင့် ကွင်းဆက်နှင့် ဈေးကွက်သင်တန်း ပေးခဲ့သည်။ |

| | | |
|---|---|---|
| ၃ | Consortium of Dutch NGOs (CDN) in consortium with Cordaid and World Concern Myanmar<br><br>ကျေးလက်နေ နွမ်းပါးသူများ၏ ဝင်ငွေတိုးရေးနှင့် အာဟာရရရှိမှု မြင့်မားရေး<br><br>၀၆/၀၇/၂၀၁၆ မှ ၃၀/၀၆/၂၀၁၉ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၃,၆၄၀,၀၀၀<br><br>အစပျိုးကာလ | • တောင်ငူတွင် ရုံးနှင့် အဖွဲ့ကို တည်ထောင်ပြီး၊<br>• ကရုဏာမြန်မာ လူမှုဝန်ထမ်းအဖွဲ့(KMSS)၊ ပကူးကရင် နှစ်ခြင်းအသင်း (PKBA)၊ ဘွဲမိုဘွား ကရင် နှစ်ခြင်းအသင်း(BMB)၊ ကေခိုကေဘား ကရင်နှစ်ခြင်း အသင်း(KKBA)တို့နှင့် မိတ်ဖက် လက်မှတ်ရေးထိုးခဲ့သည်။<br>• MEAL အစီအစဉ်ကို အပြီးသတ် ရေးဆွဲခဲ့သည်။<br>• ၂၉ရွာ (အိမ်ထောင်စု ၄၀၆စု)တွင် အခြေခံ ကိန်းဂဏန်း အချက်အလက်များ ကောက်ယူခဲ့သည်။ ရွာ ၉၉ရွာ ၏ အချက်အလက်များကို မှတ်တမ်းပြုစုခဲ့သည်။ အခြေခံစစ်တမ်း အစီရင်ခံစာ မူကြမ်း ပြုစုခဲ့သည်။<br>• ဒေသခံ မိတ်ဖက်လေးဖွဲ့၏ ဘဏ္ဍာရေး နှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် ကို သုံးသပ်ပြီးစီးခဲ့သည်။<br>• မိတ်ဖက်အဖွဲ့များမှ ဝန်ထမ်း၂၄ဦးကို စိုက်ပျိုးရေး သင်တန်း ပေးခဲ့သည်။<br>• စီမံချက်ဝန်ထမ်းအားလုံးအတွက် အာဟာရ၊ တကိုယ်ရည်နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ငါးရက်ကြာ သင်တန်းကို WCM က ပေးခဲ့သည်။<br>• ၂၉ရွာ (အိမ်ထောင်စု ၃၈၁စု)တွင် အာဟာရအခြေအနေကို အကဲဖြတ် သုံးသပ်ခဲ့ရာ အစီရင်ခံစာ ပြုစုနေဆဲဖြစ်သည်။<br>• ၉၉ရွာတွင် အသိပညာပေး သင်တန်း ဖွင့်ခဲ့သည်။<br>• လိပ်သို မြို့နယ်ခွဲမှ ရွာ ၃ ရွာတွင် ရေအရင်းအမြစ် ရနိုင် မနိုင် တိုင်းတာလေ့လာမှု လုပ်ခဲ့သည်။<br>• ရွာ ၈ရွာတွင်  မိခင်အချင်းချင်း ရိုင်းပင်းကူညီရေးအဖွဲ့များ ဖွဲ့ခဲ့သည်။။ |
| ၄ | GRET<br><br>ချင်းMFIကို အဖွဲ့အစည်း အသွင်ပြောင်းလဲခြင်းဖြင့် ကျေးလက်ငွေကြေး ဈေးကွက်များကို တိုးချဲ့ခြင်း<br><br>၁/၁၂/၂၀၁၅ မှ ၃၁/၁၂/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၁,၃၂၀,၁၇၆<br>ဆောင်ရွက်ဆဲ | • ဒါရိုက်တာဘုတ်အဖွဲ့ ၏ စည်းမျဉ်းရေးဆွဲခဲ့ပြီး လွတ်လပ်သော ဒါရိုက်တာရွေးချယ်မှုကို ဆောင်ရွက်နေဆဲဖြစ်သည်။<br>• ချင်းMFI နှင့် အပူပိုင်းဇုန်MFI တို့တွင် သတင်း အချက်အလက် စီမံခန့်ခွဲမှုများ အကြောင်း အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပခဲ့သည်။<br>• ငွေချေးတာဝန်ခံများ၊ လုပ်ငန်းများ၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်း လက်စွဲစာအုပ်ကို ပြန်လည် ပြုပြင် ရေးဆွဲခဲ့သည်။<br>• ဘဏ္ဍာရေးခန့်မှန်းချက် လုပ်ငန်းစဉ်ကို ပြန်လည်ပြင်ဆင် ရေးဆွဲခဲ့သည်။<br>• GRETရုံးချုပ်မှ ကျွမ်းကျင်သူက ချင်းMFIအမှုဆောင်ကော်မတီကို- အုပ်ချုပ်ရေး၊ အကြွေးရန်ပုံငွေ စုဆောင်းခြင်း၊ PPI အကောင်အထည်ဖော်ခြင်း၊ လူ့စွမ်းအား အရင်းအမြစ် မူဝါဒ ပြုပြင်ရေး၊ ကလေးမြို့ ဌာနခွဲအတွက် စီးပွားရေးစီမံချက် ချမှတ်ခြင်း၊ ချေးငွေပုံစံသစ်များ တီထွင်ခြင်း စသည်တို့တွင် အထောက်အကူ ပေးခဲ့သည်။<br>• ကလေးတွင် ဈေးကွက်စစ်တမ်းကောက်ကာ စီးပွားရေးစီမံချက် ရေးဆွဲနေသည်။ |

| | | |
|---|---|---|
| ၅ | ICRAF (World Agroforestry Centre)<br><br>ရွှေ့ပြောင်းတောင်ယာ စနစ်ကို အစားထိုးမည့် သီးနှံသစ်တော ရောနှော စိုက်ပျိုးခြင်းနည်း<br><br>၂၂/၁၀/၂၀၁၄ မှ ၂၈/၀၂/၂၀၁၇ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၄၀၀,၄၇၀<br><br>ပိတ်သိမ်းဆဲ | • နိုက်ထြိုဂျင်ထိန်းသိမ်းသော အပင်များဖြင့် စံပြကွက် နှစ်ကွက်ကို ချင်း နှင့် ရှမ်း ပြည်နယ်တို့တွင် ထူထောင်ခဲ့သည်။<br>• ဒေသခံမိတ်ဖက်အဖွဲ့ အရှက်ဦး(AYO) နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရပ်ရွာ ဖွံ့ဖြိုးရေး စီမံချက် (ECCDI) တို့က စံပြကွက်များ ထိန်းသိမ်းလျက်ရှိသည်။<br>• ICRAFက စံပြစိုက်ကွက်များမှ မှိုရိုင်းများကို ဖော်ထုတ်ကာ စားသုံးနိုင်မှုနှင့် ဈေးကွက်ဝင်နိုင်မှု လေ့လာခဲ့သည်။<br>• ဒေသတွင်း မှိုမျိုးများကိုဖော်ထုတ်ရန် ဒေသခံများကို လေ့ကျင့်ပေးပြီး မှိုထုတ်လုပ်မှုကို မိတ်ဆက်ခဲ့သည်။<br>• ICRAF စီမံချက်ပိတ်သိမ်းမှု မဟာဗျူဟာကို ရေးဆွဲကာ စံပြကွက်များကို ဒေသခံ သစ်တော အသုံးပြုသူအုပ်စုသို့ လွှဲပေးရန် ပြင်ဆင်လျက်ရှိသည်။ |
| ၆ | Karen Development Network (KDN)<br><br>နေရပ်စွန့်ခွာနေထိုင်သူများ၏ အသက်မွေးမှုများ ပိုမို ကောင်းမွန်လာရေး<br><br>၀၄/၀၇/၂၀၁၆ မှ ၃၀/၀၆/၂၀၁၉ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၁,၈၃၇,၄၁၄<br><br>အစပျိုးကာလ | • ရုံးနှင့် ရုံးအဖွဲ့ကို တည်ထောင်ခဲ့သည်။<br>• MEAL အစီအစဉ်ရေးဆွဲမှု ပြီးစီးခဲ့သည်။<br>• အခြေခံစစ်တမ်း အစီရင်ခံစာ မူကြမ်းပြုစုခဲ့သည်။<br>• ပဋိပက္ခအခြေအနေ ဆန်းစသ်သုံးသပ်ချက်ကို ဆောင်ရွက်လျက် ရှိသည်။<br>• ကရင်အသက်မွေးမှုပညာဌာန(KVTC) နေရာကို ရွေးချယ်ပြီး၊ အစိုးရ၏ ခွင့်ပြုမိန့် ကို စောင့်ဆိုင်းနေဆဲဖြစ်သည်။<br>• မိတ်ဖက်အဖွဲ့နှင့် သက်ဆိုင်သူများကို စီမံချက်အကြောင်း အသိပေး မိတ်ဆက် သည့် အလုပ်ရုံဆွေးနွေးပွဲများကို ထားဝယ် နှင့် ရန်ကုန်တွင် ကျင်းပခဲ့သည်။<br>• ထားဝယ်၊ ပုလော၊ သရက်ချောင်းတို့တွင် မြို့နယ်မှ တာဝန်ရှိသူ များနှင့် စီမံချက် အစပျိုးမှု ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။<br>• စီမံချက်ကျေးရွာအားလုံးတွင် ကျေးရွာအဆင့် စီမံချက်အသိပေး ဆွေးနွေးပွဲ များ ပြုလုပ်ခဲ့သည်။ |
| ၇ | Mercy Corps (in partnership with Swisscontact)<br><br>နှမ်းပါးသူများအတွက် ဟင်းသီးဟင်းရွက် ဈေးကွက် ပြုလုပ်ပေးခြင်း<br><br>၁၇/၆/၂၀၁၄ မှ ၁၀/၆/၂၀၁၇ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၄,၀၀၀,၀၀၀<br><br>ဆောင်ရွက်ဆဲ | • အောင်မြင်သော လုပ်ဆောင်ချက်များကို မူတည်ကာ မဟာဗျူဟာကို ပြင်ဆင်ရေးဆွဲခဲ့သည်။ (ပုဂ္ဂလိကကဏ္ဍ ဦးဆောင်သည့် ပညာပေးရေး၊ ဘောက်ချာ စနစ်) မအောင်မြင်သော လုပ်ဆောင်ချက်များ (အကျိုးတူလယ်ယာ)ကို ရုပ်သိမ်းခဲ့သည်။<br>• ၂၀၁၆တွင်  တောင်သူ ၁၀,၅၃၉ဦး (စီမံချက်အစမှ စ၍ စုစုပေါင်း ၁၂,၂၂၁ဦး)ကို  East West Seed မျိုးစေ့ကုမ္ပဏီမှ သွင်းအားစုနှင့် ဝန်ဆောင်မှုများကို လက်လှမ်းမီစေခဲ့သည်။<br>• စားသုံးသူအကြိုက် နှင့် လက်ကားဈေးများ၊ ဟင်းသီးဟင်းရွက် ကဏ္ဍ အရှိန်မြှင့် တင်ရေးလုပ်ငန်းအဖွဲ့(VSAT)အောက်ရှိ မျိုးစေ့အသင်းများ ဆိုင်ရာ စစ်တမ်းများကို ကောက်ယူကာ အစီရင်ခံစာများ ထုတ်ဝေခဲ့သည်။ |

| | | |
|---|---|---|
| ၈ | Metta Development Foundation<br><br>တောင်ပေါ်ဒေသစားနပ်ရိက္ခာဖူလုံရေးနှင့် ဈေးကွက် ဝင်ရောက်ခြင်း<br><br>၁၇/၀၆/၂၀၁၆ မှ ၃၁/၀၅/၂၀၁၉ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၂,၁၂၃,၁၆၈<br><br>အစပျိုးကာလ | • ဝန်ထမ်းများ ခန့်အပ်ပြီး ဝန်ထမ်းအားလုံး အသိပေးသင်တန်း ပေးခဲ့သည်။<br>• ကွင်းဆင်းဝန်ထမ်းသစ်များသည် မြစ်ကြီးနားတွင် နှစ်လကြာ တောင်သူ သင်တန်းကျောင်းနည်းပြသင်တန်း တက်ခဲ့သည်။<br>• ဝန်ထမ်း ၄၀ဦးသည် AGTALONက ပို့ချသော လေးရက်ကြာ တန်ဖိုးကွင်းဆက် သင်တန်း တက်ခဲ့ပြီး ဝန်ထမ်းသုံးဦးမှာ ဖိလစ်ပိုင်တွင် စိုက်ပျိုး-စီးပွားလုပ်ငန်းများ သွားရောက် လေ့လာခဲ့သည်။<br>• MEAL အစီအစဉ် သုံးသပ်လျက်ရှိသည်။<br>• အခြေခံစစ်တမ်း ဒီဇိုင်းရေးဆွဲနေသည်။<br>• မြေပဲ ၃မျိုး (ဆင်း ၇၊ ဆင်း၈၊ ဆင်း၁၃) ကို ဒေသခံ တောင်သူများနှင့် စမ်းသပ် ခဲ့သည်။<br>• တောင်သူသင်တန်းကျောင်း ၅၈ဖွဲ့ကို ကချင်နှင့် ရှမ်းပြည်နယ်တွင် (တရွာလျှင် တဖွဲ့နှုန်း ဖြင့်)ထူထောင်ခဲ့ပြီး တောင်သူအဖွဲ့ဝင် ၁၂၀၂ဦး ပါဝင်ခဲ့သည်။ မြေပဲနှင့် မုန်ညင်းစေ့ စိုက်ပျိုးနည်းကို လေ့ကျင့်ခဲ့သည်။<br>• ရှမ်းပြည်နယ်တွင် ဆီစက်များကို စီမံရန် ထုတ်လုပ်မှုစီမံရေး ကော်မတီများ ထူထောင်ခဲ့သည်။<br>• ၂၆ရွာမှ တောင်သူ ၅၇၄ဦး ကို တောင်သူသင်တန်းကျောင်းများမှ တဆင့် သီးနှံသစ်တော နည်းပညာ သင်တန်း ပေးခဲ့သည်။<br>• သစ်တောအသုံးပြုသူများအုပ်စု ၁၂စုကို ဖွဲ့စည်းခဲ့သည် ။ ၈အုပ်စုက ဘုံသစ်တော လက်မှတ် ရရှိရန် လျှောက်ထားခဲ့သည်။<br>• နမ်း၊ ပန်းနမ်း၊ ဝဥ၊ မြေပဲ မျိုးအသစ် လိုချင်သူများကို စာရင်းသွင်း မှတ်ပုံတင်ခဲ့သည်။ |
| ၉ | Myanmar Institute for Integrated Development (MIID)<br><br>လယ်ယာအကြံပေးလုပ်ငန်းများ၊ အာဟာရ မြှင့်တင်ရေးအသိပညာပေး လုပ်ငန်းများဖြင့် အာဟာရဆိုင်ရာ ရလဒ်ကောင်းများ ဖော်ဆောင်ရေး၊ ချင်းပြည်နယ် ကျေးလက် အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံ ခိုင်မာလာရေး<br><br>၁၄/၀၆/၂၀၁၆ မှ ၃၁/၀၅/၂၀၁၉ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၁,၆၇၅,၄၁၀<br><br>အစပျိုးကာလ | • ဟားခါးတွင် ရုံးနှင့် ရုံးအဖွဲ့ကို တည်ထောင်ခဲ့သည်။<br>• MEAL အစီအစဉ် နှင့် အခြေခံစစ်တမ်း ဆောင်ရွက်နေသည်။<br>• စီမံချက်အတွက် ဦးတည်ရွာ ၂၄ရွာ ရွေးချယ်ခဲ့သည်။<br>• FFS သုံးဖွဲ့ ဖွဲ့စည်းပြီး၊ မုန်လာဥနီ၊ ကြက်သွန်နီ၊ မုန်လာဥ၊ စတော်ဘယ်ရီ၊ ကြယ်ပဲစသော ဆောင်းသီးနှံ စံပြကွက် သုံးခု ထူထောင်ထားသည်။<br>• PRA နည်းလမ်းကို သင်ယူထားသော ကွင်းဆင်းအဖွဲ့က ၁၄ရွာတွင် PRA ဆောင်ရွက်ခဲ့သည်။<br>• ရွာ ၁၄ရွာတွင် ငါးမွေးရန် ဖြစ်နိုင်မနိုင် လေ့လာခဲ့ပြီး သုံးသပ်ချက် ပြုစုခဲ့သည်။<br>• ၁၄ရွာတွင် လူများ ရိက္ခာမဖူလုံသည့် အကြောင်းရင်း (အရည်အသွေး စစ်တမ်း) ကို စစ်တမ်းကောက်ခဲ့သည်။ သုံးသပ်ချက်ကို ပြုစုနေဆဲ ဖြစ်သည်။<br>• ဦးတည်ရွာ ၂၄ရွာတွင် အားလုံးပါဝင်ဆောင်ရွက်သည့် ကျေးရွာ လိုအပ်ချက်ကို ပြုစုခဲ့သည်။ အစားအစာထုတ်လုပ်မှုနှင့်စားသုံးမှု ကို အကဲဖြတ်မည့် နည်းလမ်းများကို ပြုစုခဲပြီး ယင်းကို စီမံချက် နယ်မြေအတွင်းဆောင်ရွက်မည့် လယ်ယာစနစ် သုံးသပ်ချက်အတွက် အသုံးချမည်။<br>• စီမံချက်အဖွဲ့က ဆိုးရွားသော ချင်း သီးနှံရောဂါ နှစ်မျိုးတွေ့ရှိခဲ့ရာ ဖူစာရီယံ ညှိုးသေရောဂါ နှင့် ဘက်တီးရီးယားညှိုးသေရောဂါ တို့ဖြစ်ပြီး အပင်ရောဂါဗေဒနက အတည်ပြုခဲ့သည်။ ဤသတင်းကို ဒေသခံတောင်သူများကို မျှဝေထားသည်။<br>• ချင်းပြည်နယ် စိုက်ပျိုးရေးသိပ္ပံ သင်ရိုးတွင် အာဟာရဆိုင်ရာ၊ တောင်တန်း ဒေသသီးနှံ၊ သင်တန်းသားများ လက်တွေ့ ကွင်းဆင်းရေး တို့ကို ထည့်သွင်းနိုင်ရေး အတွက် ဤစီမံချက်ကို ထောက်ပံ့ခွင့်ပြုထားသည်။ |

| | | |
|---|---|---|
| ၁၀ | PRIME<br>လုပ်ကွက်ငယ်တောင်သူများ ကြီးပွားရေး နှင့် အသက်မွေးမှုလုပ်ငန်းများ အတွက် ရေ<br><br>၁၄/၁၂/၂၀၁၅ မှ ၃၀/၁၂/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၅,၈၈၄,၈၆၂<br><br>ဆောင်ရွက်ဆဲ | • မြို့နယ် ၄ခု (ကလော၊ ဆီဆိုင်၊ တောင်ကြီး၊ ပင်းတယ) တွင် စီမံချက် ရုံးခန်းများ ဖွင့်လှစ်ခဲ့ပြီး စံပြကွက်များဖော်ခြင်း၊ သင်တန်း နှင့်သုတေသနဌာန များ ထူထောင်ခြင်း နှင့် အာလူး စီးပွားဖြစ် စိုက်ခင်း ၉၅ဧကတွင် အစက်ချ ရေပေးနည်း ဖြင့် စိုက်ပျိုးထားသည်။<br>• အစက်ချရေပေး ကိရိယာများပေးခြင်း၊ မျိုးစေ့များကို အကြွေး စနစ်ဖြင့် ထုတ်ပေးခြင်း၊ အစက်ချ စိုက်ပျိုးနည်းသင်တန်းများ ပေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။ ဆိုက်ခေါင် နှင့် ဘန်းယင် နယ်မြေမှ တောင်သူ၁၇ဦးကို တလကြာ သင်တန်းပေးခဲ့သည်။<br>• ၂၀၁၆တွင် တောင်သူ၉၇ဦးကို G.A.P ဆိုင်ရာ သင်တန်းပေး ခဲ့သည်။ ဈေးသက်သာသော ရေဖျန်းစနစ်သစ်ကို ဈေးကွက် တင်ကာ အိမ်ထောင်စု ၂၁၁စုကို အကျိုးဖြစ်ထွန်းစေခဲ့သည်။<br>• CPCL Holland နှင့် John Deere တို့နှင့်အတူ စက်မှုလယ်ယာ သရုပ်ပြမှု ပြုလုပ်ခဲ့ရာ တောင်သူ၁၃၀ တက်ရောက်ခဲ့သည်။<br>• ၂၀၁၆ခုနှစ် ဒီဇင်ဘာတွင် Andaman Investment Holding (AIH)က စီမံချက်ကို သုံးသပ်မှု ဆောင်ရွက်ခဲ့သည်။ |
| ၁၁ | Proximity Designs (IDE)<br><br>အားလုံးပါဝင်သော ငွေရေးကြေးရေး ကဏ္ဍ - ရှေ့သို့ဆက်လက်ဆောင်ရွက်ခြင်း<br><br>၀၁/၁၀/၂၀၁၅ မှ ၃၁/၀၆/၂၀၁၈ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၅,၀၉၇,၁၆၄<br><br>ဆောင်ရွက်ဆဲ | • စီမံချက်ကို Proximity Designs၏ ငွေကြေးဌာန Proximity Financeမှ ဆောင်ရွက်သည်။ LIFT၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု အစီအစဉ် အောက်မှ တောင်တန်းဒေသ၊ မြစ်ဝကျွန်းပေါ်၊ အပူပိုင်းဇုန် နယ်မြေ ၃ခု လုံးကို ဦးတည်ထားပြီး လုပ်ကွက်ငယ်တောင်သူ နှင့် အသေးစားစီးပွားရေး လုပ်ငန်းရှင်ဦးရေ စုစုပေါင်း ၃၀,၀၀၀ ခန့်သို့ ရောက်ရှိမည်။ ရွှေ့ပြောင်း သွားလာရေး ချေးငွေပေါင်း ၅,၆၀၀ခန့် လည်း ပါဝင်သည်။<br>• ၂၀၁၆တွင် ချေးငွေ ၁၅,၀၇၁ခု ကို ထုတ်ချေးထားသည်။ (အပူပိုင်းဇုန်တွင် ၆,၇၀၀၊ တောင်တန်းဒေသတွင် ၂,၉၇၁၊ ၂၀၁၅ခုနှစ် ရေဘေးဒဏ်ခံအိမ်ထောင်စုများသို့ ၅,၃၃၀)<br>• ကျောက်ဆည်၊ မလှိုင်၊ မုံရွာ၊ ရွှေဘို၊ ဝေါ တို့တွင် ဌာနခွဲ အသစ် ၅ခု ဖွင့်ခဲ့သည်။<br>• ရွှေ့ပြောင်းသွားလာသူတို့၏ မိသားစုများသို့ ချေးငွေ ၁,၀၆၉ခု စမ်းသပ် ထုတ်ချေးထားသည်။<br>• မိသားစု ၅၇၇စု သို့ စီးပွားရေးလုပ်ငန်းချေးငွေ ထုတ်ချေး ထားသည်။<br>• စုစုပေါင်း အရင်းအနှီး ကန်ဒေါ်လာ ၁၆.၅သန်းဖြင့် ၅၅မြို့နယ်မှ ဝန်ဆောင်မှုအသုံးပြုသူ ၆၀,၂၃၈ဦး ရှိသည်။ |
| ၁၂ | SWISSAID<br><br>တောင်ပေါ်ဒေသ အရပ်ဘက် အဖွဲ့အစည်းများအတွက် အသေးစား ရန်ပုံငွေများ<br><br>၂၉/၀၇/၂၀၁၆မှ ၃၀/၁၁/၂၀၁၈ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၃,၄၉၉, ၉၂၉<br><br>အစပျိုးကာလ | • SWISSAID၊ မေတ္တာ နှင့် GRET တို့ မိတ်ဖက်ပြု လက်မှတ် ထိုးထားသည်။<br>• ဝန်ထမ်းများခန့်အပ်ပြီး ရုံးခန်းဖွင့်လှစ်ခဲ့သည်။<br>• MEALအစီအစဉ် နှင့် မြို့နယ်အခြေခံစစ်တမ်း ဆောင်ရွက် ခဲ့သည်။အခြေခံစစ်တမ်း အစီရင်ခံစာ ပြုစုခဲ့သည်။<br>• စီမံချက်လုပ်ငန်းဆောင်ရွက်မှု နှင့် ငွေချေးသူဆိုင်ရာ ငွေကြေး လမ်းညွှန်ချက်များ ပြုစုခဲ့သည်။<br>• မြို့နယ် ၁၂ခု မှ ဒေသခံCSOများကို နယ်မြေရန်ပုံငွေအဖွဲ့များက ရန်ပုံငွေ အကြောင်း အသိပေးမိတ်ဆက် အစည်းအဝေးများ ကျင်းပခဲ့သည်။<br>• ရှမ်းပြည်နယ်မြောက်ပိုင်းတွင် လုံခြုံရေးစိုးရိမ်ရသဖြင့် ဦးတည်မြို့နယ်များကို ပြန်လည် စီစစ်ခဲ့သည်။<br>• ပထမအသုတ် အဆိုပြုလွှာများကို၂၀၁၇နှစ်ဆန်းတွင် လက်ခံရဖွယ်ရှိသည်။ |

| | | |
|---|---|---|
| ၁၃ | TAG International<br><br>Plan Bee: ရှမ်းပြည်နယ်တောင်ပိုင်း ခေတ်မီ ပျားမွေးမြူခြင်းအား မိတ်ဆက်ခြင်း၊ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခြင်းနှင့် ပျားရည် ထုတ်လုပ်ခြင်း<br><br>၂၃/၁၀/၂၀၁၃မှ ၃၁/၀၃/၂၀၁၉ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၁,၈၆၉,၉၆၇<br><br>ဆောင်ရွက်ဆဲ | • လုပ်ငန်းဆောင်ရွက်မှုနည်းအသစ်ကို အားဖြည့်ရန် ၂၀၁၆ မတ်လတွင် စီမံချက်သက်တမ်းကို တနစ် တိုးချဲ့ခဲ့သည်။ ပျားအုံများကို တစ်ဦးချင်းပိုင်ဆိုင်မှု၊ အချိန်ပြည့် ပျားမွေးမြူသူ များအတွက် အသက်မွေးပညာသင်တန်းများ ပေးခြင်း၊ ပျားအုံရွှေ့ပြောင်းမွေးမြူသည့် ကာလများတွင်  အလုပ်သင် အခွင့်အလမ်းများ ပေးခြင်း တို့ကို ဆောင်ရွက်နေသည်။<br>• အချိန်ပြည့်ပျားမွေးမြူသူ ၄၉ဦးကို သင်ကြားပေးခဲ့ပြီး ယခင်စီမံချက်ကာလမှ အချိန်ပြည့်ပျားမွေးမြူသူ ၁၆ဦးကို ဆက်လက်ထောက်ပံ့လျက်ရှိသည်။<br>• သင်တန်းဆင်း ပျားမွေးမြူသူများသည် ၂၀၁၆ခုနစ် တွင် ပျားရည် ၃၆တန်ကို ထုတ်လုပ်နိုင်ခဲ့သည်။<br>• ပျားမွေးမြူရေး ရင်းမြစ်နှင့် စီးပွားရေးဌာန(ARBC) ကို ၂၀၁၅ နစ်ကုန်တွင် ထူထောင်ခဲ့သည်။  ၂၀၁၆တွင် ပျားရည် ၃.၇တန်ကို ထုတ်လုပ် ရောင်းချနိုင်ခဲ့သည်။  မျှတသော ကုန်သွယ်ရေး ဈေးနှုန်းသတ်မှတ်မှု၊ အရည်အသွေးထိန်းချုပ်မှု သတ်မှတ်ချက်များ ပြန်ပြင်ဆင်ခဲ့သည်။<br>• ပုဂ္ဂလိကကဏ္ဍနှင့် ဆက်လက် ထိတွေ့ဆောင်ရွက်လျက်ရှိပြီး Plan Beeတံဆိပ် ပျားရည်များ ကို ဆိုင်အသစ်များတွင် တိုးချဲ့ ရောင်းချလျက်ရှိသည်။ Plan Bee တံဆိပ် ပျားရည်များကို စီးတီးမတ်ဆိုင်များတွင် ဝယ်ယူနိုင်သည်။ ယင်းတံဆိပ် သည် FDA လက်မှတ်ရပြီးဖြစ်ကာ နိုင်ငံတကာ ဈေးကွက်များသို့ လည်း တင်ပို့ရန် စဉ်းစားလျက်ရှိသည်။<br>• လူ ၁၈၀ (အမျိုးသမီး ၁၂၂ဦး) ကို ဖယောင်းတိုင်၊ ပရုတ်ဆီ စသော ပျားထွက်ကုန် ထုတ်လုပ်ရေး သင်တန်းပေးခဲ့သည်။ အသေးစားစီးပွားရေးအုပ်စု ၁၈စုမှ အကျိုး ခံစားခွင့်ရှိသူ ၇၇ဦး သည် ယင်းထုတ်ကုန်များ ရောင်းချခဲ့ကြသည်။ |
| ၁၄ | World Vision International Myanmar/VisionFund Myanmar (VFM)<br><br>တောင်တန်းဒေသရှိ အားလုံးပါဝင်လက်လှမ်းမီသော ငွေရေးကြေးရေး စီမံကိန်း<br><br>၁၁/၁၂/၂၀၁၅ မှ ၃၁/၁၂/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၄,၅၀၀,၀၀၀<br><br>ဆောင်ရွက်ဆဲ | • VFMသည် တောင်တန်းဒေသ (ကချင်၊ ကယား၊ ကရင်၊ ရှမ်း) ၁၁ မြို့နယ်တွင် ငွေကြေး ဝန်ဆောင်မှုပေးနေပြီး အခြေခံချေးငွေနှင့် စုငွေများကို ချေးငွေပုံစံသစ် များဖြင့် နွမ်းပါးသူများ ကို အကျိုးပြု သည့် ငွေကြေး ဝန်ဆောင်မှုပေးလျက်ရှိသည်။<br>• တာလေ၊ ဒီမောဆိုး၊ လားရှိုး၊ လွိုင်ကော်၊ သီပေါတို့တွင် ဌာနခွဲ အသစ်များ ဖွင့်ခဲ့သည်။ ကျိုင်းတုံ နှင့် ဘားအံသို့ ပြောင်းရွှေ့ ခဲ့သည်။  ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် မြစ်ကြီးနား နှင့် ပိုင်းမော်မြို့နယ် တို့သို့  တိုးချဲ့ ခဲ့သည်။<br>• LIFT၏ အထောက်အပံ့၊ VFM ရင်းနှီးမြှုပ်နှံမှုတို့ဖြင့် ကယား၊ ကရင်၊ ရှမ်းပြည်နယ်  ခုနစ်မြို့နယ်တို့မှ ဝန်ဆောင်မှုအသုံးပြုသူ ၁၅,၃၀၇ဦးကို ကန်ဒေါ်လာ ၄.၅သန်း ထုတ်ချေးထားခဲ့သည်။ ငွေချေးသူ ၈၃%မှာ အမျိုးသမီးဖြစ်ပြီး ချေးငွေစုစုပေါင်း၏ ၃၀% မှာ (ပျမ်းမျှ ချေးငွေ ကန်ဒေါ်လာ ၂၇၅) ကျေးလက် စိုက်ပျိုးရေး အတွက် ဖြစ်သည်။ အသေးစားစိုက်ပျိုးရေးနည်းပညာ၊ ကုန်ကျစရိတ်များသော အကြွေးတင်နေမှု များအား ပြေလည် စေရန်အတွက် ပံ့ပိုးခြင်း၊  အကြွေးစနစ် ဆိုသည့် ချေးငွေဒီဇိုင်း သုံးမျိုးကို စတင် ဖော်ဆောင်ခဲ့သည်။<br>• လယ်ယာသုံး စက်ကိရိယာ အသေးစားများအတွက် စိုက်ပျိုးရေး ချေးငွေ ၈မျိုးကို ရှေ့ပြေးစမ်းသပ်ခဲ့ (ပျမ်းမျှ ချေးငွေ ကန်ဒေါ်လာ ၁၃၂၀)သည်။ အနွမ်းပါးဆုံးသူများအတွက် ကျောထောက်နောက်ခံတစ်ခုဖြစ်စေမည့် တဦးချင်း ဖွံ့ဖြိုးရေး ငွေစာရင်းများကိုလည်း စတင်ဆောင်ရွက်ခဲ့သည်။ |

| | | |
|---|---|---|
| ၁၅ | ရိုးမဘဏ်<br><br>ရိုးမဘဏ်စိုက်ပျိုး - စီးပွား ငွေကြေး ပံ့ပိုးမှု စီမံကိန်း (AFP)<br><br>၁၁/၁၂/၂၀၁၅မှ ၃၁/၁၂/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၁၈,၀၇၀,၀၀၀<br><br>ဆောင်ရွက်ဆဲ | • လယ်ယာသုံး စက်ကိရိယာများအတွက် ဤ ငှား-ဝယ် အစီအစဉ်ကို ပြည်နယ်/ တိုင်းဒေသကြီး ၁၀ခုရှိ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မွန်၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီ၊ နေပြည်တော်တို့တွင် ဌာနခွဲ ၂၈ခုဖြင့် ဆောင်ရွက်နေသည်။<br>• ၂၀၁၆တွင် အငှားဝယ်စာချုပ် ၂,၉၇၃၃ အတွက် ငှား-ဝယ် အစီအစဉ်တန်ဖိုးမှာ ကျပ် ၅၇ဘီလျံ (ကန်ဒေါ်လာ ၄၃သန်း)ထိ ရောက်ခဲ့သည်။ နှစ်ဘီးတပ် ထွန်စက်၊ လေးဘီးတပ်ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ ကုန်တင်ကား များအတွက် အများဆုံး ဝယ်ယူကြသည်။<br>• AFP အစီအစဉ်အကြောင်းကို ဒီဇင်ဘာလတွင် စတင်မိတ်ဆက်ခဲ့သည်။ |

နောက်ဆက်တွဲဇယား ၄.၅။ ၂၀၁၆ခုနှစ်အတွင်း မြေယာဆိုင်ရာ စီမံချက်၃ခု၏ အရေးပါသော တင်ပြချက်များ

| စဉ် | IP၊ စီမံချက် အမည်၊ အချိန် ၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁ | GRET<br><br>မြန်မာနိုင်ငံ၏ မူဝါဒဆွေးနွေးပွဲတွင် ပါဝင် ဆောင်ရွက်ရန်အတွက် ကျေးလက် မြေယာ ကိစ္စရပ်များကို နားလည်ခြင်း<br><br>၂၃/၀၅/၂၀၁၃ မှ ၂၂/၀၆/၂၀၁၇ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၅၈၁,၁၃၆<br><br>ဆောင်ရွက်ဆဲ | • ဝန်ထမ်းများခန့်အပ်ခဲ့သည်။<br>• အခြေခံစစ်တမ်း နှင့် ကိန်းဂဏန်း အချက်အလက် ကောက်ယူခဲ့ပြီး စစ်တမ်း အစီရင်ခံစာ မူကြမ်းပြုစုခဲ့သည်။<br>• MEAL အစီအစဉ်ကို အပြီးသတ်ရေးဆွဲနေသည်။<br>• KMSS ဝန်ထမ်းများအတွက် အခြေခံ MEAL သင်တန်းပေး ခဲ့သည်။<br>• အာဟာရသင်တန်း လက်စွဲပြုစုပြီး၊ အာဟာရနှင့် ဈေးကွက် အတားအဆီး သုံးသပ်ချက်များအတွက် အချက်အလက် ကောက်ယူသုံးသပ်မည့် နည်းလမ်းကို ရေးဆွဲခဲ့သည်။<br>• ဦးတည်ရွာ ၆၀တွင် ရပ်ရွာအသိပေး သဘောတူညီမှု အစည်းအဝေးများ ကျင်းပခဲ့သည်။<br>• ကိုယ်ဝန်ဆောင်၊ နို့တိုက်မိခင်နှင့် ၊ ၂နှစ်အောက် ကလေးရှိသည့် မိခင် အိမ်ထောင်စုများကို မှတ်ပုံတင်ခဲ့သည်။<br>• ဝန်ထမ်းအားလုံး ကလေးသူငယ် ကာကွယ်မှု သင်တန်း တက်ခဲ့သည်။ |
| ၂ | Land Core Group<br><br>မြန်မာနိုင်ငံရှိ မြေနှင့်ဆက်စပ် သယံဇာတများ တန်းတူညီမျှစွာ လက်လှမ်းမီ ထိန်းချုပ်နိုင်ရေး ဖြစ်ထွန်းစေခြင်း<br><br>၀၁/၀၁/၂၀၁၆ မှ ၃၁/၁၂/၂၀၁၈ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၁,၆၉၉,၄၆၆<br><br>ဆောင်ရွက်ဆဲ | • အစပျိုးကာလဖြစ်ပြီး MEAL အစီအစဉ်ကို အပြီးသတ် ရေးဆွဲခဲ့သည်။<br>• ဤစီမံချက်သည် မြစ်ဝကျွန်းပေါ်ဒေသတွင် မြေယာ ခွဲဝေပေးမည့် နေရာနှစ်ခုကို လွတ်လပ်သော သုံးသပ်ချက် ပြုလုပ်ခဲ့သည်။ တွေ့ရှိချက်များကို ဧရာဝတီ တိုင်းဒေသကြီးအစိုးရ နှင့် နေပြည်တော်ရှိ စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနတို့ကို တင်ပြခဲ့သည်။<br>• မြေယာဥပဒေအကြောင်း အခြေခံ နည်းပြသင်တန်းကို ၄၄ဦးတက်ရောက်ခဲ့သည်။ ၄င်းတို့မှတဆင့် တောင်သူ ၂,၁၀၀ကို ဆက်လက် သင်တန်းပေးခဲ့သည်။<br>• အကျိုးတူလယ်ယာ စီရင်ခံစာ ထုတ်ဝေခဲ့သည်။ |

| | | |
|---|---|---|
| | | • မြေယာ နှင့် ကျား/မရေးရာ သုတေသန စီမံချက်၏ တစိတ်တဒေသအဖြစ် တောင်သူအမျိုးသမီးများ ဖိုရပ်ကျင်းပခဲ့ရာ တနိုင်ငံလုံးမှ တောင်သူ ကွန်ရက် ၁၆ခုကို ကိုယ်စားပြုသော အမျိုးသမီး ၃၄ဦး တက်ရောက်ခဲ့ကြရာ အဓိက မြေယာ ဆိုင်ရာ ပြဿနာများကို အမျိုးသမီးရှုထောင့်မှ တင်ပြဆွေးနွေးခဲ့သည်။<br>• နာဂရိုးရာ မြေယာလုပ်ပိုင်ခွင့် သုတေသနဆောင်ရွက်နေသည်။<br>• မြေယာ ထိန်းသိမ်းရေး နှင့် လုပ်ပိုင်ခွင့် ဆွေးနွေးပွဲ နေပြည်တော် နှင့် ပူတာအို တွင် ကျင်းပခဲ့သည်။<br>• အမျိုးသားမြေအသုံးချမှုမူဝါဒ စောင်ရေ ၁၇,၀၀၀ကို ရိုက်နှိပ်ကာ အစိုးရ အရာရှိများ၊လွှတ်တော်အမတ်များနှင့် CSOများသို့ ဖြန့်ဝေ ပေးခဲ့သည်။<br>• FAO မှ ပြုစုထားသည့် တာဝန်ခံယူမှုရှိသော မြေယာအုပ်ချုပ်ရေး လမ်းညွှန်ချက် များကို မြန်မာ ဘာသာသို့ ပြန်ဆိုခဲ့သည်။<br>• MyLAFF ဝက်ဘ်ဆိုက် တွင် အဖွဲ့ဝင် ၆၄၀ ရှိပြီဖြစ်ပြီး ၊ မြန်မာ့ မြေသယံဇာတနှင့် သက်ဆိုက်သည့် စာရွက်စာတမ်း ၁၃၀၀ကို ဒေါင်းလုတ်ရယူနိုင်သည်။ |
| ၃ | UN-Habitat<br><br>မြေယာ  အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး အစီအစဉ်<br><br>၀၂/၁၀/၂၀၁၂ မှ ၂၉/၀၂/၂၀၁၆ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၂,၃၂၉,၇၃၆<br><br>ပိတ်သိမ်းပြီး | • မြင်းခြံ နှင့် သာယာဝတီမြို့နယ်တို့မှ ကွင်းမြေပုံများ၊ မြေယာ မှတ်တမ်းများကို ဒစ်ဂျစ်တယ်စနစ်သို့ပြောင်းလဲမှု ပြီးစီးခဲ့သည်။ ဤရှေ့ပြေးစီမံချက်သည် ဤသို့ ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်းဖြင့် အရည်အသွေးမြင့် ကွင်းမြေပုံများကို ထုတ်နိုင်ပြီး စကင်ဖတ်ထားသော မြေယာမှတ်တမ်းများကို ချိတ်ဆက်နိုင်သဖြင့် အကျိုးများစွာရှိသည်။  ဤအတွေ့အကြုံကို နောင်တွင် တနိုင်ငံလုံး မြေပုံပြန်လည် ရေးဆွဲသည့်အခါတွင် အသုံးချနိုင်မည်ဖြစ်သည်။<br>• မှတ်ပုံတင်လုပ်ငန်း အဆင့်ဆင့်အတွက် အလုပ်ညွှန်ကြားချက် ၁၉ချက် ကို ပြုစုကာ ဖြန့်ဝေပေးခဲ့သည်။<br>• လုပ်ငန်းသုံး ဆော့ဖ်ဝဲကို အသုံးပြုပြီး ဒစ်ဂျစ်တယ် ကြေးတိုင် ဒေတာဘေ့စ် (မြေယာမှတ်ပုံတင်မှု စီမံခန့်ခွဲရေး စနစ်)ကို ပြုစု စမ်းသပ်ကာ မြို့နယ်အဆင့်သို့ ဆောင်ရွက်နေသည်။<br>• CLRDTCကို သင်တန်းဖွင့်ရန် တပ်ဆင် မွမ်းမံထားသည်။  သင်ရိုး ညွှန်းတမ်းနစ်ခု ပြုစုပြီး သင်တန်းခုနစ်ခုဖွင့်ခဲ့ရာ သင်တန်းသား ၁၇၇ဦး တက်ရောက်ခဲ့သည်။<br>• (၁) မြေယာဈေးကွက် (၂) မြေပြောင်းလဲမှု (၃) မြေယာ ပညာပေးမှု (၄) မြေယာ လုပ်ငန်းစဉ် နှင့် ဆက်သွယ်ရေး ဘာသာရပ်များနှင့် ပတ်သက်သည့် နည်းပညာစစ်တမ်းများ ကောက်ယူခဲ့သည်။ |

နောက်ဆက်တွဲဇယား ၄.၆။ ၂၀၁၆ခုနှစ်အတွင်း ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ စီမံချက်၃ခု၏ အရေးပါသော တင်ပြချက်များ

| စဉ် | IP၊ စီမံချက် အမည်၊ အချိန် ၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁ | BBC Media Action<br>ကျပ်ချပ်၊ ရွှေ့ပြောင်းသွားလာရေး နှင့် ငွေကြေး တို့ကို အကျိုးအရှိဆုံး ဖြစ်စေခြင်း<br><br>၀၁/၁၀/၂၀၁၆ မှ ၃၁/၀၃/၂၀၁၉ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၁,၉၇၅,၆၀၂ (ဆောင်ရွက်ဆဲ) | အစပျိုးကာလ  သုံးလအတွင်း ရွေးနုတ်တင်ပြသည့် ရလဒ်များမှာ<br>• အပြောင်းအလဲသီအိုရီ အပြီးသတ်ရေးဆွဲပြီး ပတ်သက်သူများက လက်ခံခဲ့သည်။<br>• MEAL အစီအစဉ်ကို အပြီးသတ် ရေးဆွဲပြီးစီးခဲ့သည်။<br>• Do No Harm အစီအစဉ်ပုံစံကို ရေးဆွဲခဲ့သည်။<br>• ရွှေ့ပြောင်းသွားလာရေး နှင့် ငွေကြေးဆိုင်ရာ သတင်း နှင့် ဆက်သွယ်ရေးတို့၏ အဟန့်အတားများကို နားလည်နိုင်ရန် သုတေသနတစ်ခုကို စတင်ဆောင်ရွက်နေသည်။ |
| ၂ | ILO<br>ပြည်တွင်း နှင့် နိုင်ငံတကာ လုပ်အား ရွှေ့ပြောင်းခြင်း ဆိုင်ရာ စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး<br><br>၀၁/၀၂/၂၀၁၆ မှ ၃၁/၁၂/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၁,၉၉၉,၇၅၄ (ဆောင်ရွက်ဆဲ) | • မြန်မာနိုင်ငံ ၁၉၉၉ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေကို နိုင်ငံတကာ အလုပ်သမား စံချိန်များဖြင့် နှိုင်းယှဉ်သုံးသပ်မှု<br>• ရွှေ့ပြောင်းသွားလာရေး ဥပဒေမူဘောင်ကို အားကောင်းစေရန် ဆောင်ရွက်နေသည့် ဝန်ကြီးဌာနကို အထောက်ကူဖြစ်စေမည့် တိုင်တန်းမှု အရေးယူခြင်းပုံစံများ အနှစ်ချုပ် စာတမ်း<br>• လူမှုကာကွယ်စောင့်ရှောက်ရေး၊ ဝန်ထမ်းခန့်အပ်ခြင်း၊ နိုင်ငံတကာ လုပ်သား ရွှေ့ပြောင်းသွားလာရေး မူဝါဒဆီလျော်မှု တို့နှင့် ပတ်သက်သော စာတမ်းသုံးစောင်ကို၂၀၁၇ခုနှစ်တွင် ထုတ်ဝေမည်။<br>• လူမှုကာကွယ်စောင့်ရှောက်ရေးစာတမ်းကို ၉ကြိမ်မြောက် ရွှေပြောင်းလုပ်သား အာဆီယံဖိုရမ်အတွက် အမျိုးသားအဆင့် ပြင်ဆင်ရေး အစည်းအဝေးတွင် တင်ပြခဲ့သည်။ နှစ်ချက်မှအပ ကျန် အကြံပြုချက် အားလုံးကို ဖိုရမ်သို့ တင်သွင်းမည့် တရားဝင် အကြံပြုချက်စာတမ်းတွင် ထည့်သွင်းခဲ့သည်။<br>• ပြည်နယ်/တိုင်းအဆင့် အစိုးရအရာရှိများ၊ CSOများသို့လည်း လုပ်သား ရွှေ့ပြောင်းသွားလာရေး စီမံခန့်ခွဲမှုဆိုင်ရာ ငါးရက်ကြာ သင်တန်းကို နေပြည်တော်၊ မန္တလေး၊ ရခိုင်၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီ တို့တွင် ၆ကြိမ် ကျင်းပခဲ့ပြီး သင်တန်းသား ၂၁၉ဦး တက်ရောက်ခဲ့သည်။<br>• နေပြည်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များ လုပ်သား ရွှေ့ပြောင်း သွားလာရေး စီမံခန့်ခွဲမှုကိစ္စကို သိရှိရန်နှင့် လွှတ်တော် အတွင်း ဤကိစ္စကို ဆွေးနွေးနိုင်စွမ်းရှိရန် နှစ်ကြိမ်တိုင် တိုင်ပင်ဆွေးနွေးခဲ့သည်။ |
| ၃ | IOM, Metta Development Foundation, University of Sussex<br><br>မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ဘက်စုံဖွံ့ဖြိုးရေး အတွက် လုပ်သားရွှေ့လျားမှုကို ရင်းနှီး မတည်ခြင်း | • အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး၊ ပြည်သူ့အင်အားဝန်ကြီးဌာန (MOLIP) နှင့် မဟာဗျူဟာ မိတ်ဖက်ပြုဆောင်ရွက်ခဲ့သည်။<br>• စစ်တမ်းအကြိုဆွေးနွေးပွဲကို နေပြည်တော်၊ မန္တလေး၊ ရခိုင်၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီ တို့တွင် ၆ကြိမ်ကျင်းပခဲ့ပြီး စစ်တမ်း လုပ်ထုံး လုပ်နည်းများကို တက်ရောက်သူပေါင်း ၃၀၀ ကျော်နှင့် ပူးပေါင်းပြုစုခဲ့သည်။ |

| | | |
|---|---|---|
| | ၀၁/၀၁/၂၀၁၆ မှ ၃၁/၁၂/၂၀၁၈ ထိ<br><br>ဒုတိယအဆင့် ဘတ်ဂျက်။<br>ကန်ဒေါ်လာ ၁,၉၉၉,၂၁၈<br>ဆောင်ရွက်ဆဲ | • စစ်တမ်းအဖွဲ့တွင် အရေအတွက် စစ်တမ်းကောက်သူ ၇၄ဦး၊ အရည်အသွေး စစ်တမ်းကောက်သူ ၇ဦး ပါဝင်သည်။<br>• ရွှေ့ပြောင်းသွားလာရေး အုပ်ချုပ်မှုနှင့် ပတ်သက် ဆက်နွယ်သူများဆိုင်ရာ အစိုးရ၏ လက်ရှိချမှတ်ထားသည့် မူဘောင်များ အပါအဝင် ရွှေ့ပြောင်း သွားလာရေးနှင့် ဆိုင်သည့် လက်ရှိ ဥပဒေများကို ပြန်လည်သုံးသပ်မှုများ ဆောင်ရွက်မည်။ |

နောက်ဆက်တွဲဇယား ၄.၇။ ၂၀၁၆ခုနှစ်အတွင်း ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံချက် ၁၄ခု၏ အရေးပါသော တင်ပြချက်များ

| စဉ် | IP၊ စီမံချက် အမည်၊ အချိန် ၊ ဘတ်ဂျက်၊ အခြေအနေ | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁ | Canadian Co-operative Association (CCA)<br><br>သမဝါယမ အဖွဲ့အစည်းများဖြင့် အားလုံးလက်လှမ်းမီသော ငွေရေးကြေးရေး ကဏ္ဍကို တိုးချဲ့ခြင်း (MyFINANCE)<br><br>၃၁/၁၀/၂၀၁၆မှ ၃၀/၀၆/၂၀၁၉ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ<br>၃,၀၀၀,၀၀၀ (ဆောင်ရွက်ဆဲ) | • MyFINANCE သည် အပူပိုင်းဇုန်ရှိ မြို့နယ်သမဝါယမ နှစ်သင်း၏ ငွေကြေး လုပ်ငန်းကို ရေရှည်တည်တံ့အောင် ထောက်ကူမည့် ၃၂လကြာ စီမံချက်ဖြစ်သည်။ စီမံချက် အစပျိုးကာလအတွင်း<br>• CCA နှင့် ဗဟိုသမဝါယမ MOUအသစ် လက်မှတ်ထိုးခဲ့သည်။<br>• CCAကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်သည့် လုပ်ငန်းစဉ် စတင်ခဲ့သည်။<br>• မြန်မာနိုင်ငံ စီမံချက်ကို တာဝန်ယူမည့် မန်နေဂျာ ရေနီယာ စယ်လီနာ့စ်သည် တောင်သာ၊ ပခုက္ကူ၊ မြင်းခြံတို့သို့ ငါးရက်ကြာ သွားရောက်ခဲ့ပြီး ဦးတည်မြို့နယ် များအဖြစ် မြင်းခြံ နှင့် နွားထိုးကြီးကို ယင်းတို့တွင် ရွေးချယ်ခဲ့ပြီး အသင်းဝင် ၂၈,၀၁၇ ဦး နှင့် ၁၃,၂၅၃ဦး အသီးသီးရှိသည်။<br>• နေပြည်တော်၊ တောင်သာ၊ ပခုက္ကူ၊ မန္တလေး၊ မြင်းခြံ၊ ရေစကြို သမဝါယမများသို့ သွားရောက်ကာ စီမံချက်၏ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များ၊ အကျိုးရလဒ်များအကြောင်းကို သမဝါယမ ဦးစီးဌာနကို ရှင်းလင်းတင်ပြခဲ့သည်။<br>• မြင်းခြံ၊ နွားထိုးကြီး မြို့နယ်သမဝါယမတို့နှင့် ဆောင်ရွက်မည့် MoU မူကြမ်းပြုစုခဲ့သည်။ |
| ၂ | Cordaid Foundation<br><br>LIFT/Cordaid တို့၏ မိတ်ဖက် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများအား နည်းပညာ အထောက်အပံ့ပေးခြင်း<br><br>၁၅/၀၃/၂၀၁၆မှ ၃၁/၁၂/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ<br>၁,၀၀၀,၀၀၀ (ဆောင်ရွက်ဆဲ) | Cordaid သည် Cordaid နှင့် TCXတို့ထံမှ ငွေချေးထားသော MFI များကို နည်းပညာ အထောက်အပံ့ ပေးရန် LIFT နှင့် မိတ်ဖက်ပြုခဲ့သည်။ ယင်း MFI တို့၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးခြင်းဖြင့် MFIများ လုပ်ငန်းဆောင်ရွက်မှု တိုးတက်ကာ ချေးငွေများကို အချိန်မီ ပြန်ဆပ်နိုင်စေရန် ရည်ရွယ်ထားသည်။<br>• စီမံချက်သည် Cordaid နှင့် TCX/LIFT နှစ်ခုလုံးထံမှ ငွေလဲနှုန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် စွန့်စားရမှုများအတွက် ချေးငွေ ရရှိထားသည့် Proximity Designs၊ VisionFundနှင့် CARD တို့ကို မိတ်ဖက်အဖွဲ့များအဖြစ် သတ်မှတ်ရွေးချယ်ခဲ့သည်။ |

| | | |
|---|---|---|
| ၃ | GRET<br><br>အပူပိုင်းဇုန်တွင် အသေးစားငွေရေးကြေးရေးအဖွဲ့တစ်ခု ဖန်တီးခြင်း<br><br>၀၁/၁၂/၂၀၁၃ မှ ၃၀/၀၆/၂၀၁၉ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၃,၄၆၃,၆၀၀ (ဆောင်ရွက်ဆဲ) | GRETသည် ဤအပူပိုင်းဇုန် အသေးစားငွေကြေးလုပ်ငန်း စီမံချက်ကို မိမိဌာန၏ ပံ့ပိုးမှုအရိပ်မှ လွတ်စေရန်အတွက် စရိတ်တိုးချဲ့ပေးရန် တောင်းခံရာ ရရှိခဲ့သည်။ စီမံချက်သည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် ကုန်ထုတ်လုပ်ငန်း (ဝင်ငွေတိုးလုပ်ငန်း) လုပ်ကိုင်နေသော အိမ်ထောင်စု များကို ထောက်ပံ့ရန် ချေးငွေ ၃မျိုးကို ဆက်လက်ထုတ်ပေးနေမည်၊<br>• ၂၀၁၄ဇွန်လတွင် ငွေစချေးပေးခဲ့ရာ ၂၀၁၆နှစ်ကုန်အထိ အဖွဲ့ဝင် ၈,၆၀၅ဦး (၈၀%မှာ အမျိုးသမီးများ)ကို ၁၀၉ရွာမှ ကျေးရွာ စု/ချေး ၁၂၂ဖွဲ့မှ တဆင့် စုစုပေါင်း ကန်ဒေါ်လာ၂,၀၂၃,၅၇၅ ထုတ် ချေးထားခဲ့သည်။<br>• ၂၀၁၆နှစ်ကုန်အထိ ချေးငွေပမာဏမှာ ကန်ဒေါ်လာ ၈၉၀,၇၃၃ ဖြစ်ပြီး ချေးငွေ ၁၂%ကို စိုက်ပျိုးရေး၊ ၅၉%ကို မွေးမြူရေး၊ ၂၉%ကို အရောင်းအဝယ် နှင့် ကုန်ထုတ်လုပ်ငန်း တို့တွင် အသုံးပြုခဲ့သည်။ |
| ၄ | GRET<br><br>ချင်း အသေးစားငွေကြေးအဖွဲ့၏ ဖွဲ့စည်းပုံခိုင်မာစေခြင်းဖြင့် ကျေးလက်ဒေသ ငွေကြေးဈေးကွက်ကို တိုးချဲ့ခြင်း<br><br>၁၄/၁၂/၂၀၁၅ မှ ၃၁/၁၂/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၁,၃၂၀,၁၇၆ (ဆောင်ရွက်ဆဲ) | ချင်း MFIသည် နွမ်းပါးသူများအတွက် ဦးတည်ဆောင်ရွက်သည့် ငွေကြေးလုပ်ငန်းများ ကို ကလေးမြို့နယ်သို့ တိုးချဲ့ရန်ရည်ရွယ်ခဲ့သည်။ ကျေးလက် အိမ်ထောင်စုများသို့ ချေးငွေပုံစံသစ်များ ရှေ့ပြေး ဆောင်ရွက်ပြီးမှ  အခြားမြို့နယ်များတွင် တိုးချဲ့မည်။ GRET၏ ပြင်ပကျွမ်းကျင်သူများ နှင့် နည်းပညာထောက်ကူပေးမှုသည် ဥပဒေရေးရာနှင့် စီမံရေး၊  ဖွဲ့စည်းပုံနှင့် လုပ်ငန်းလည်ပတ်မှု စွမ်းဆောင်ရည် အားဖြည့်ရာတွင် အချက်အချာကျမည်။<br><br>ချင်း MFI ၏ အဓိက အကျိုးရလဒ်များမှာ<br>• ချင်း MFI စီမံချက်သည် ဒေသတွင်း အဖွဲ့အစည်းတခုအဖြစ် တရားဝင် ရပ်တည် နေပြီ ဖြစ်သည်။<br>• MFI၏ မဟာဗျူဟာလုပ်ငန်းစဉ်နှင့် မန်နေဂျာများ၏ စွမ်းဆောင်ရည် တိုးတက် ခဲ့သည်။<br>• ချင်းပြည်နယ်မြောက်ပိုင်း နှင့် ကလေးမြို့နယ်တို့တွင် တောင်းဆိုမှုများသည့် ချေးငွေအမျိုးအစား အသစ်များကို စမ်းသပ်ပြီးမှ တိုးချဲ့ခဲ့သည်။<br>• ကလေးမြို့နယ်သို့ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ ခဲ့သည်။<br>• သစ္စာဥယျာဉ် ကုမ္ပဏီလီမိတက်အမည်ဖြင့် ကုမ္ပဏီမှတ်ပုံတင်ရန် လျှောက်ထား ခဲ့ရာ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ အုပ်ချုပ်မှု ဦးစီးဌာနမှ ခွင့်ပြုချက် ချထားခဲ့သည်။ (Ref. 301FC/2016-2017(YGN), ရက်စွဲ 15/7/2016)<br>• ဝန်ထမ်းများသည် အသေးစားငွေကြေးဆိုင်ရာနှင့် ပတ်သက်၍ အီတလီနိုင်ငံ ဘိုလဒါ အင်စတီကျူမှ ဒေသခံ အဖွဲ့အစည်းတစ်ခုအတွက် ခေါင်းဆောင်မှုနှင့် စီမံရေး သင်တန်း၊ ဘန်ကောက်မှ ရပ်ရွာအခြေပြု ငွေကြေးဆိုင်ရာ နှင့် အသေးစား ငွေကြေးဆိုင်ရာသင်တန်းတို့ကို အသီးသီး တက်ရောက်ခဲ့ကြသည်။<br>• လုပ်ငန်းတိုးချဲ့ရန် ကလေးမြို့နယ်၏ အခြေအနေ နှင့် ဈေးကွက် အနေအထားကို စစ်တမ်းကောက်ယူခဲ့သည်။ |

| | | |
|---|---|---|
| ၅ | နိုင်ငံတကာ ငွေကြေးကော်ပိုရေးရှင်း(IFC)<br><br>အားလုံးပါဝင်သော ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးမှု အစီအစဉ်<br><br>၀၁/၀၇/၂၀၁၄ မှ ၃၀/၀၆/၂၀၁၈ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၃,၆၁၉,၅၅၂ (ဆောင်ရွက်ဆဲ) | ဤအစီအစဉ်သည် ငွေကြေးအရာတွင်အားလုံးပါဝင်စေမှုကို ကဏ္ဍ အဆင့် နှင့် ဌာနအဆင့်တို့တွင် ထောက်ပံ့လျက်ရှိသည်။<br>• စီးပွားရေး အစီအစဉ်များ ရေးဆွဲခြင်းနှင့် ဌာနတွင်း စာရင်းစစ်ခြင်း သင်တန်း များကို ရန်ကုန်နှင့် မန္တလေးတို့တွင် ကျင်းပခဲ့သည်။ MFIများ၊ ငွေရေး ကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန နှင့် ဗဟိုဘဏ် တို့မှ သင်တန်းသား ၁၀၅ဦး တက်ခဲ့ပြီး ၅၇ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်သည်။<br>• ထို့အပြင် သင်တန်းသား ၈ဦးကို စီးပွားရေး အစီအစဉ်များ ရေးဆွဲခြင်း၊ ငွေကြေးနှင့် စာရင်းကိုင်၊ လူ့စွမ်းအားအရင်းမြစ်၊ အဆုံးအရှုံး စီမံခန့်ခွဲမှု၊ ဌာနတွင်းစာရင်းစစ် စသည့် ဘာသာရပ်တို့ တွင် နည်းပြသင်တန်းပေးခဲ့သည်။ ရန်ကုန်တွင် ကျင်းပသည့် ယင်းသင်တန်းများကို မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေး အသင်း (Myanmar Microfinance Association MMFA)၏ ပူးပေါင်းမှုဖြင့် ဖွင့်လှစ်ခဲ့သည်။<br>• MMFAကို လာအိုနိုင်ငံသို့ လေ့လာရေး ခရီးသွားရောက်ရန် ပံ့ပိုးခဲ့ပြီး MMFA သည် ဖွဲ့စည်းပုံ အခြေခံ၊ အဖွဲ့အစည်း တည်ဆောက်ပုံ၊ လုပ်ငန်းလည်ပတ်မှုနှင့် လုပ်ငန်းစဉ်များ၊ အဖွဲ့ဝင်များအတွက် လုပ်ထုံးလုပ်နည်းများ၊ ဆွေးနွေး လှုံ့ဆော် တိုက်တွန်းမှုများ၊ အစီရင်ခံစာ တင်ပြပုံများ အပါအဝင် အခက်အခဲများနှင့် သင်ခန်းစာများ အပါအဝင် လာအိုနိုင်ငံ အသေးစား ငွေရေးကြေးရေးအသင်း၏ အတွေ့အကြုံများကို လေ့လာခွင့်ရခဲ့သည်။<br>• တနှစ်သက်တမ်းအတွင်း MMFA သည် ပတ်သက်သူများနှင့် ချိတ်ဆက် ဆောင်ရွက်ခဲ့ပြီး ငွေရေးကြေးရေး ကြီးကြပ် စစ်ဆေးရေး ဦးစီးဌာနကို အသေးစား ငွေကြေး မူဝါဒ၊ လုပ်ထုံးလုပ်နည်းများကို ပြုပြင်ရန် ဆွေးနွေးလှုံ့ဆော်ခဲ့သည်။ |
| ၆ | PACT Global Microfinance Fund (PGMF)<br><br>ဖွဲ့စည်းပုံ အားကောင်းစေခြင်းဖြင့် ကျေးလက်ချေးငွေကို လက်လှမ်းမီစေခြင်း (MARC)<br><br>၁၆/၀၇/၂၀၁၂ မှ ၁၅/၀၇/၂၀၁၇ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၇,၃၂၇,၃၂၄ (ဆောင်ရွက်ဆဲ) | မိတ်ဖက် အသေးစားငွေရေးကြေးရေး အဖွဲ့များကို စာရင်းစစ်ခြင်း၊ သတင်း အချက်အလက် စီမံခန့်ခွဲရေး၊ ချေးငွေပုံစံများ၊ ဆုံးရှုံးနိုင်ခြေ သုံးသပ်ခြင်း၊ လူစွမ်းအား အရင်းမြစ်၊ လူမှုရေး ဆောင်ရွက်မှု အခြေအနေများကို စောင့်ကြည့် လေ့လာခြင်း စသည့် သင်တန်းများ ပေးခဲ့သည်။<br>• ၂၀၁၆တွင် အသေးစားငွေရေးကြေးရေး အဖွဲ့ ၉ခုလုံးသည် လုပ်ငန်းအရနှင့် ငွေကြေးအရပါ မိမိဘာသာ ရပ်တည်နေနိုင်ပြီ ဖြစ်သည်။ ချန်ထား ဝင်ငွေဖြင့် လုပ်ငန်းလည်ပတ်မှုနှင့် ငွေကြေး စရိတ်အားလုံးကို ကျခံနေနိုင်ပြီ ဖြစ်သည်။<br>• စီးပွားရေး မဟာဗျူဟာ အရ NGOများမှ ခွဲထွက်ကာ သီးခြား လုပ်ငန်းများ အဖြစ် ရပ်တည်ရန် ဆောင်ရွက်နေကြသည်။<br>• ၂၀၁၆ခုနှစ်တွင် ၅၉၄ရွာမှ အိမ်ထောင်စု ၆၂,၅၈၈စုထံသို့ အသေးစားငွေကြေး ဝန်ဆောင်မှုများ ရောက်ရှိခဲ့သည်။ ဒေသခံMFI ၉ဖွဲ့၏ လုပ်ဆောင်မှုကို နောက်ဆက်တွဲ ၅တွင် ကြည့်ပါ၊ |
| ၇ | PACT Global Microfinance Fund (PGMF)<br><br>အားလုံးပါဝင်သော ငွေရေးကြေးရေး စီမံချက် (MAFIN) | အပူပိုင်းဇုန် ကျေးလက်ရပ်ရွာများတွင် PGMF သည် ဝန်ဆောင်မှု အသုံးပြုသူ ၂၀၄ဦးကို အကျိုးဖြစ်ထွန်းသည့် ပစ္စည်းများ - နှစ်ဘီးတပ် ထွန်စက်၊ ကုန်တင်ကားများ၊ စက်ရက်ကန်းများ၊ သုံးဘီးဆိုင်ကယ်များ၊ ရေတင်စက် စသည်တို့ကို ဝယ်ယူရန် ချေးငွေများ (အများဆုံးကျပ် ငါးသန်း)ကို ထုတ်ချေး ထားရာ အသုံးပြုသူများသည် ယင်းပစ္စည်း များဖြင့် နေ့စဉ်ဝင်ငွေ ရှာဖွေ နိုင်ကြသည်။ |

| | | |
|---|---|---|
| | ၀၁/၀၉/၂၀၁၅ မှ ၃၁/၀၈/၂၀၁၇ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ<br>၁,၇၀၀,၀၀၀ (ဆောင်ရွက်ဆဲ) | ဤချေးငွေအစီအစဉ်သည် အသုံးပြုသူများအတွက် ပုံမှန်ဝင်ပေးရုံ သာမက ယင်းတို့ကို ကိုင်တွယ်မည့် လုပ်သား နှစ်ဦး သုံးဦးကိုလည်း အလုပ်ပေး နိုင်ခဲ့သည်။<br>• PGMF သည် စုငွေ၊ စိုက်ပျိုးရေးချေးငွေ၊ အသေးစား စီးပွားရေးချေးငွေ စသော ပုံမှန် အသေးစားငွေကြေး ဝန်ဆောင်မှုကိုလည်း ထုတ်ပေးနေသည်။<br>• စီမံချက်သည် ကျေးရွာ ၂၁၁ရွာမှ အိမ်ထောင်စု ၂၅,၅၀၉သို့ အသေးစားငွေကြေး ဝန်ဆောင်မှု ဆောင်ရွက်ပေးလျက်ရှိသည်။ |
| ၈ | PACT Global Microfinance Fund (PGMF)<br><br>ရခိုင်ပြည်နယ်တွင် အားလုံး ပါဝင်သော ငွေရေးကြေးရေး စီမံချက် (RAFIN)<br><br>၁၄/၁၂/၂၀၁၅ မှ ၃၁/၁၂/၂၀၁၈ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ<br>၈,၃၂၃,၄၉၇ (ဆောင်ရွက်ဆဲ) | • မြို့နယ် ၅ခုတွင် အသေးစားငွေကြေး လုပ်ငန်းခွဲများကို ထူထောင်ခဲ့သည်။<br>• မင်းပြား နှင့် မြေပုံမြို့နယ်တို့တွင် စီမံချက်လုပ်ရန် ဖြစ်နိုင်ခြေကို လေ့လာခဲ့သည်။<br>• ဝက်နှင့်ဘဲ မွေးမြူရန်၊ ငါးခြောက်ရောင်းရန်၊ အိမ်ဆိုင်များဖွင့်ရန်၊ မုန့်တီလုပ်ရန် စသည့် လုပ်ငန်းထူထောင်ရန် ကျေးလက်ရပ်ရွာ များကို ကူညီနေသည်။ ဆောင်းသီးနှံ အတွက် ချေးငွေများကို တောင်းဆိုမှုများ မြင့်မားသည့်အတွက် ယင်းတို့ကို ၂၀၁၇ခုနှစ် တွင် ထုတ်ပေးရန်စီစဉ်လျက်ရှိသည်။<br>• မြို့နယ် ၅ခု (ကျောက်ဖြူ၊ ဂွ၊ တောင်ကုတ်၊ သံတွဲ၊ အမ်း)ရှိ ကျေးရွာ ၃၂၄ရွာမှ  အိမ်ထောင်စု၂၈,၀၁၃စု ထံသို့ ရောက်ရှိ ခဲ့သည်။ ယင်းမြို့နယ်များတွင်  PGMFတခုသာ အသေးစား ငွေကြေးလုပ်ငန်းကို ဆောင်ရွက်နေခြင်း ဖြစ်သည်။ |
| ၉ | Proximity Designs<br><br>အားလုံးပါဝင်သော ငွေရေးကြေးရေး ကဏ္ဍ - ရှေ့သို့ ဆက်လက်ဆောင်ရွက်ခြင်း<br><br>၀၁/၁၀/၂၀၁၅ မှ ၃၀/၀၆/၂၀၁၈ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ<br>၅,၀၉၇,၁၆၄ (ဆောင်ရွက်ဆဲ) | စီမံချက်ကို Proximity Designs၏ ငွေကြေးဌာန ဖြစ်သည့် Proximity Financeက ဆောင်ရွက်မည်ဖြစ်သည်။ စီမံချက်ကို LIFT၏ ငွေကြေး ဆိုင်ရာတွင်အားလုံးပါဝင်စေမှု အစီအစဉ်အောက်မှ တောင်တန်းဒေသ၊ မြစ်ဝကျွန်းပေါ်၊ အပူပိုင်းဇုန် နယ်မြေ ၃ခုလုံး ကို ဦးတည်ထားသည်။ လုပ်ကွက်ငယ် တောင်သူ နှင့် အသေးစားစီးပွားရေးသမား ၃၀,၀၀၀ခန့် သို့ ရောက်ရှိမည်။ ရွှေ့ပြောင်းသွားလာရေး ချေးငွေ ၅၆၀၀ခန့် လည်း ပါဝင်သည်။<br>• ၂၀၁၆တွင် ချေးငွေ ၁၅,၀၇၁ခုကို ထုတ်ချေးထား (အပူပိုင်းဇုန်တွင် ၆၇၀၀၊ တောင်တန်းဒေသတွင် ၂,၉၇၁၊ ရေဘေးဒဏ်ခံအိမ်ထောင်စုများ ၅,၃၃၀) သည်။<br>• ကျောက်ဆည်၊ မလှိုင်၊ မုံရွာ၊ ရွှေဘို၊ ဝေါ တို့တွင် ဌာနခွဲအသစ် ၅ခု ဖွင့်ခဲ့သည်။<br>• ရွှေ့ပြောင်းသွားလာသူ၏ မိသားစုများသို့ ချေးငွေ ၁,၀၆၉ ခု စမ်းသပ် ထုတ်ချေးထားသည်။<br>• မိသားစု ၅၇၇စု သို့ စီးပွားရေးလုပ်ငန်းချေးငွေ ထုတ်ချေး ထားသည်။<br>• စုစုပေါင်း အရင်းအနှီး ကန်ဒေါ်လာ ၁၆.၅သန်းဖြင့် ၅၅မြို့နယ်မှ ဝန်ဆောင်မှုအသုံးပြုသူ ၆၀,၂၃၈ဦး ဖြင့် လုပ်ငန်း လည်ပတ်လျက်ရှိသည်။ |

| | | |
|---|---|---|
| ၁၀ | The Currency Exchange Fund(TCX)<br><br>ငွေလဲနှုန်းကြောင့် ဖြစ်ပေါ်နိုင်သော စွန့်စားရမှုများအတွက် တစ်စိတ်တစ်ပိုင်း အထောက်အကူ ပေးခြင်း<br><br>၁၇/၁၁/၂၀၁၆ မှ ၃၁/၁၂/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၁၀,၀၀၀,၀၀၀ (ဆောင်ရွက်ဆဲ) | • TCXသည် ကန်ဒေါ်လာ ၇၀.၆သန်းနှင့်ညီမျှသော (မတည်) ချေးငွေ ထောက်ပံ့ရန် ပြည်ပရင်းနှီးမြှုပ်နှံသူများ၊ ပြည်တွင်း MFI ၁၃ဖွဲ့ နှင့် သဘောတူညီမှု ရခဲ့သည်။<br>• ထိုကြောင့် MFIများသည် ပြည်ပရင်းနှီးမြှုပ်နှံသူများထံမှ ကျပ်ငွေကို တနှစ်လျှင် ၁၃%အတိုးဖြင့် ငွေလဲနှုန်း အပြောင်းအလဲကြောင့် ဆုံးရှုံးနိုင်ခြေကို ထည့်တွက်စရာမလိုပဲ ချေးယူနိုင်ခဲ့သည်။ |
| ၁၁ | UNCDF<br><br>မြန်မာနိုင်ငံတွင်းသို့ စုငွေဦးတည် အသေးစား ငွေရေးကြေးရေး ဈေးကွက် ခေါင်းဆောင်များ ဝင်ရောက်လာရန် ထောက်ပံ့ခြင်း။ (Microlead Expansion Programme)<br><br>၃၁/၁၀/၂၀၁၂ မှ ၃၀/၁၂/၂၀၁၇ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၇,၀၀၆,၂၆၂ (ဆောင်ရွက်ဆဲ) | • ဤစီမံချက်သည် ASA Myanmarနှင့် Alliance Myanmar တို့ကို အဖွဲ့အစည်း ပုံစံအဖြစ်ပြောင်းရာတွင် ပံ့ပိုးခဲ့သည်။ ယင်းနှစ်ဖွဲ့လုံးမှာ ၂၀၁၆တွင် လုပ်ငန်း ဆိုင်ရာတွင် မိမိ ဘာသာ ရပ်တည်နိုင်လာခဲ့သည်။ ၂၀၁၅မှ ၂၀၁၆အတွင်း ASA Myanmar သည် ၅၄%မှ ၉၉%သို့၊ Alliance သည် ၁၉%မှ ၉၄%သို့ အသီးသီး တိုးတက်ခဲ့သည်။ ၂၀၁၇တွင် လုပ်ငန်း ဆိုင်ရာတွင်သာမက ငွေကြေးဆိုင်ရာ တွင်ပါ မိမိဘာသာ ရပ်တည်နိုင်လာမည့် ခိုင်မာသည့် စီးပွားရေးအစီအစဉ်များဖြင့် ငွေရေးကြေးရေး ဝန်ဆောင်မှုများကို ပေးလျက်ရှိသည်။<br>• မြန်မာသမဝါယမကဏ္ဍဖွံ့ဖြိုးရေးအတွက် နီးနှောဖလှယ်ပွဲကျင်းရာ သမဝါယမ ဌာနမှ ညွှန်ချုပ်၊ ဒု-ညွှန်ချုပ်၊ ပြည်နယ်/တိုင်း မန်နေဂျာများ၊ Association of Asia Confederation Credit Union, National Association of Training Centers for Cooperatives Philippines, Australian Mutuals Foundation, Cooperative Bank of Vietnam, Development International Desjardins from Canada, and Nepal Federation of Savings and Credit Cooperative Unions စသော နိုင်ငံတကာသမဝါယမများ တက်ခဲ့ကြသည်။ မြန်မာနိုင်ငံ ငွေကြေး သမဝါယမများက တာဝန်ခံယူမှုရှိသော ငွေကြေး ဝန်ဆောင်မှုများရာတွင် ငွေချေးအသင်းချုပ်များအဖြစ် ပေါင်းစည်းနိုင်မည့် ဥပဒေ မူဘောင်များ လိုအပ်နေကြောင်း ယင်းနီးနှောဖလှယ်ပွဲက ထောက်ပြခဲ့သည်။<br>• ဤစီမံချက်သည် ကျေးရွာ ၅၀၉ရွာမှ အိမ်ထောင်စုပေါင်း ၁၀၈,၃၁၉စု ထံသို့ ငွေစု၊ငွေချေး ဝန်ဆောင်မှု ပေးအပ်လျက် ရှိသည်။ |
| ၁၂ | VisionFund Myanmar (VFM)<br><br>ရေဘေးသင့်ခဲ့သည့် စစ်ကိုင်း၊ ပုသိမ်၊ ဘားအံနှင့် ဟသ်ာတတို့တွင် ပြန်လည်ထူထောင်ရေး အဆိုပြုချက်များ<br><br>၀၁/၁၀/၂၀၁၅ မှ ၃၁/၀၇/၂၀၁၆ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၅၀၀,၀၀၀ (ပိတ်သိမ်းပြီး) | • အကျိုးခံစားခွင့်ရှိသူ ၂,၆၇၄ဦး (၈၇%မှာအမျိုးသမီး) သို့ ကန်ဒေါ်လာ ၅၁,၆၀၃ ပမာဏရှိသော ချေးငွေများ ထုတ်ပေးထားရာ မိသားစုဝင် ၁၁,၇၃၁သို့လည်း သွယ်ဝိုက်ကာ အကျိုး ဖြစ်ထွန်းခဲ့သည်။<br>• စစ်ကိုင်း နှင့် ဟသ်ာတတို့တွင် VFMဌာနခွဲ အသစ်နှစ်ခုဖွင့်ရန် နှင့် ပုသိမ် နှင့် ဘားအံတို့တွင် လုပ်ငန်းရေရှည်တည်တံ့ရန် ထောက်ပံ့ခဲ့သည်။<br>• ရေကြီးသည့် ဤနယ်မြေ ၄ခုတွင် နွမ်းပါးသူတို့ကို ဦးတည်သော ငွေကြေး ဝန်ဆောင်မှု ပေးခဲ့သည်။<br>• ၂၀၁၆ခုနှစ် ဇူလိုင်လကုန်တွင် ပိတ်သိမ်းခဲ့သည်။ |

| | | |
|---|---|---|
| ၁၃ | World Vision International Myanmar<br><br>တောင်တန်းဒေသရှိ အားလုံးပါဝင်လက်လှမ်းမီသော ငွေရေးကြေးရေး စီမံကိန်း ၁၂/၁၁/၂၀၁၅မှ ၃၁/၁၂/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၄,၅၀၀,၀၀၀ (ဆောင်ရွက်ဆဲ) | • VFMသည် တောင်တန်းဒေသ (ကချင်၊ ကယား၊ ကရင်၊ ရှမ်း) ၁၁မြို့နယ် တွင် ငွေကြေး ဝန်ဆောင်မှုပေးနေသည်။ နွမ်းပါးသူများအတွက် ဦးတည်သည့် အခြေခံချေးငွေနှင့် စုငွေများကို ပုံစံအသစ်များဖြင့် ဆောင်ရွက်လျက်ရှိသည်။<br>• တာလေ၊ ဒီမောဆိုး၊ လားရှိုး၊ လွယ်ကော်၊ သီပေါတို့တွင် ဌာနခွဲ အသစ်များ ဖွင့်ခဲ့သည်။ ကျိုင်းတုံ နှင့် ဘားအံသို့ ပြောင်းရွှေ့ခဲ့သည်။ အသေးစားငွေကြေး ကြီးကြပ် စစ်ဆေးရေးလုပ်ငန်း ခွင့်ပြုချက်ဖြင့် မြစ်ကြီးနား နှင့် ဝိုင်းမော်မြို့နယ်တို့သို့ တိုးချဲ့ခဲ့သည်။<br>• LIFT၏ အထောက်အပံ့၊ VFMရင်းနှီးမြှုပ်နှံမှုတို့ဖြင့် ကယား၊ ကရင်၊ ရှမ်းပြည်နယ် ခုနစ်မြို့နယ်တို့မှ ဝန်ဆောင်မှုအသုံးပြုသူ ၁၅,၃၀၇ဦးကို ကန်ဒေါ်လာ ၄.၅သန်း ထုတ်ချေးထားသည်။ အသုံးပြုသူ ၈၃%မှာ အမျိုးသမီးဖြစ်ပြီး ချေးငွေ စုစုပေါင်း၏၃၀%မှာ (ပျမ်းမျှချေးငွေပမာဏ ကန်ဒေါ်လာ၂၇၅) ကျေးလက် စိုက်ပျိုးရေး အတွက်အသုံးပြုကြသည်။<br>• အသေးစားစိုက်ပျိုးရေးနည်းပညာ၊ ကုန်ကျစရိတ်များသော အကြွေးတင်နေမှု များအား ပြေလည်စေရန်အတွက် ပံ့ပိုးခြင်း၊ အကြွေးစနစ် ဆိုသည့် ချေးငွေဒီဇိုင်း သုံးမျိုးကို စတင်ဖော်ဆောင်ခဲ့သည်။<br>• လယ်ယာသုံး စက်ကိရိယာ အသေးစားများအတွက် စိုက်ပျိုးရေး ချေးငွေ ၈မျိုးကို ရှေ့ပြေးစမ်းသပ်ခဲ့ (ပျမ်းမျှ ချေးငွေ ကန်ဒေါ်လာ ၁၃၂၀)သည်။<br>• အနွမ်းပါးဆုံးသူများအတွက် ကျောထောက်နောက်ခံ တစ်ခုဖြစ်စေမည့် တဦးချင်း ဖွံ့ဖြိုးရေး ငွေစာရင်းများကိုလည်း စတင်ဆောင်ရွက်ခဲ့သည်။ အနွမ်းပါးဆုံး အိမ်ထောင်စု ၂၇၄စုသည် ကန်ဒေါ်လာ ၁၂၄၁ကို ထပ်မံရရှိခဲ့သည်။ |
| ၁၄ | Yoma Bank<br><br>ရိုးမဘဏ်စိုက်ပျိုး - စီးပွားငွေကြေးပံ့ပိုးမှု စီမံကိန်း<br><br>၁၈/၁၂/၂၀၁၅ မှ ၃၁/၁၂/၂၀၁၈ ထိ<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၁၈,၀၇၀,၀၀၀ (ဆောင်ရွက်ဆဲ) | • လယ်ယာသုံး စက်ကိရိယာများအတွက် ဤ ငှား-ဝယ် အစီအစဉ်ကို ပြည်နယ်/ တိုင်းဒေသကြီး ၁၀ခုရှိ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မွန်၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီ၊ နေပြည်တော်တို့တွင် ဌာနခွဲ ၂၈ခုဖြင့် ဆောင်ရွက် နေသည်။<br>• စိုက်ပျိုး-စီးပွားရေးငွေကြေး ပံ့ပိုးမှု အစီအစဉ်(AFP) မိတ်ဆက်အခမ်းအားကို ကို ၂၀၁၆ဒီဇင်ဘာ၁၅ရက်နေ့ တွင် ရန်ကုန် မေလီယာဟိုတယ်တွင် ကျင်းပခဲ့သည်။<br>• ၂၀၁၆ခုနှစ်တွင် အငှားဝယ်စာချုပ် ၂,၉၇၃ခု အတွက် ငှား-ဝယ် အစီအစဉ်တန်ဖိုးမှာ ကျပ် ၅၇ဘီလျံ (ကန်ဒေါ်လာ ၄၃သန်း)ထိ ရောက်ခဲ့သည်။ နှစ်ဘီးတပ် ထွန်စက်၊ လေးဘီးတပ်ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ ကုန်တင်ကား များအတွက် အများဆုံးဝယ်ယူကြသည်။<br>• မှတ်ချက်။ တဒေါ်လာ = ၁၃၅၀ ကျပ် |

## နောက်ဆက်တွဲ ၅။ LIFT၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု မိတ်ဖက်များ၏ ဆောင်ရွက်ပြီးစီးမှု ၃၁/၁၂/၂၀၁၆ အထိ

| | LIFT ၏ မိတ်ဖက်များ | ၂၀၁၅ | | ၂၀၁၆ | | ၂၀၁၅ | ၂၀၁၆ | ၂၀၁၅ | ၂၀၁၆ | | ကန်ဒေါ်လာ | ၂၀၁၆ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | OSS | FSS | OSS | FSS | စုစုပေါင်း ပိုင်ဆိုင်မှု (ကန်ဒေါ်လာ) | စုစုပေါင်း ပိုင်ဆိုင်မှု (ကန်ဒေါ်လာ) | ဝန်ဆောင်မှု အသုံးပြုသူ အားလုံး | ဝန်ဆောင်မှု အသုံးပြုသူ အားလုံး | ဝန်ဆောင်မှု အသုံးပြုသူ (အမျိုးသမီး) | ကြွေးကျန် (ကန်ဒေါ်လာ) | စာရင်းစိတ်စုငွေ (ကန်ဒေါ်လာ) |
| **ပြည်တွင်း MFI များ** | | | | | | | | | | | | |
| ၁ | Ar Yone Oo | ၁၉၀% | ၁၀၀% | ၁၇၉% | ၁၃၉% | ၆၄၃,၄၃၅ | ၇၉၈,၇၃၀ | ၅,၇၇၂ | ၇,၁၆၀ | ၇,၁၀၂ | ၃၇၉,၄၃၈ | ၁၄၃,၅၁၀ |
| ၂ | Border Development Association | ၁၈၇% | ၁၀၄% | ၁၉၆% | ၁၅၁% | ၆၇၇,၄၈၅ | ၈၄၉,၁၉၀ | ၆,၀၉၉ | ၆,၉၃၄ | ၆,၉၃၀ | ၆၁၂,၆၄၆ | ၁၅၀,၁၉၉ |
| ၃ | Environmental Conservation and Livelihood Outreach Foundation - ECLOF | ၁၆၈% | ၉၇% | ၁၅၈% | ၁၂၈% | ၆၇၉,၇၃၄ | ၈၀၅,၅၆၁ | ၇,၃၃၉ | ၇,၅၉၆ | ၇,၅၄၅ | ၇၀၁,၈၆၄ | ၁၉၆,၃၁၂ |
| ၄ | Myanmar Heart Development Organization | ၁၉၉% | ၁၀၅% | ၁၅၆% | ၁၃၂% | ၄၉၄,၀၈၂ | ၆၈၀,၈၃၅ | ၆,၃၉၆ | ၇,၃၃၅ | ၇,၁၅၂ | ၅၄၂,၃၀၄ | ၁၃၀,၆၄၅ |
| ၅ | Ratana Metta Organization | ၁၇၅% | ၉၂% | ၁၆၁% | ၁၂၉% | ၆၀၇,၃၃၈ | ၈၀၀,၆၀၁ | ၆,၁၆၅ | ၇,၁၉၅ | ၇,၀၅၉ | ၇၁၃,၀၀၂ | ၁၃၈,၉၂၇ |
| ၆ | Social Vision Service | ၁၆၇% | ၉၂% | ၁၄၉% | ၁၂၉% | ၄၇၇,၁၂၈ | ၆၄၀,၈၅၇ | ၅,၈၂၅ | ၆,၈၇၁ | ၆,၈၁၉ | ၅၀၆,၇၂၀ | ၁၁၀,၂၂၃ |
| ၇ | The Sun Institute | ၁၁၁% | ၆၀% | ၁၄၇% | ၁၃၂% | ၃၄၀,၉၂၉ | ၆၁၃,၆၂၃ | ၅,၃၄၂ | ၇,၂၃၀ | ၇,၁၀၅ | ၄၉၆,၁၆၉ | ၁၀၁,၂၆၄ |
| ၈ | Wan Lark | ၁၀၆% | ၅၀% | ၁၅၀% | ၁၃၅% | ၄၃၃,၄၉၉ | ၅၈၄,၉၉၁ | ၄,၉၆၅ | ၆,၀၄၉ | ၅,၈၂၃ | ၅၁၅,၁၈၈ | ၈၀,၂၆၅ |
| ၉ | YMCA Microfinance | ၂၀၀% | ၉၉% | ၁၆၂% | ၁၃၄% | ၄၈၄,၁၅၉ | ၆၄၃,၉၅၈ | ၄,၆၈၃ | ၆,၂၁၇ | ၆,၁၁၀ | ၄၀၉,၄၆၄ | ၁၀၂,၃၁၁ |
| **သမဝါယမများ** | | | | | | | | | | | | |
| ၁၀ | 38 Savings and Credit Cooperatives | | | ၁၀၂% | | ၂၅၃,၃၀၁ | ၇၂၅,၈၉၃ | ၉,၇၄၆ | ၁၉,၀၂၉ | ၉,၅၁၄ | ၄၇၃,၆၃၈ | ၆၃၆,၂၃၂ |
| **နိုင်ငံတကာ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ** | | | | | | | | | | | | |
| ၁၁ | Alliance Myanmar | ၁၉% | ၁၉% | ၉၄% | ၈၇% | ၉၃၇,၁၉၇ | ၅,၀၄၆,၁၈၀ | ၁၀,၀၆၀ | ၂၀,၈၅၇ | ၁၈,၄၂၇ | ၄,၇၃၈,၈၉၇ | ၆၈၄,၄၅၅ |
| ၁၂ | ASA Myanmar | ၅၄% | ၃၂% | ၉၉% | ၉၈% | ၂,၃၀၆,၅၅၀ | ၉,၈၀၈,၄၇၀ | ၃၁,၃၉၇ | ၆၇,၄၃၃ | ၆၇,၄၃၃ | ၈,၆၆၉,၁၁၃ | ၁,၂၈၂,၅၃၂ |
| ၁၃ | Fullerton Myanmar | ၃၅% | ၅၅% | ၁၂၆% | ၈၁% | ၆,၄၆၁,၉၄၀ | ၁၇,၂၉၅,၀၁၇ | ၃၆,၀၉၆ | ၅၈,၄၆၉ | ၅၃,၂၀၇ | ၁၁,၁၄၅,၈၆၀ | မရှိ |

| LIFT ၏ မိတ်ဖက်များ | | ၂၀၁၅ | | ၂၀၁၆ | | ၂၀၁၅ | ၂၀၁၆ | ၂၀၁၅ | ၂၀၁၆ | | ကန်ဒေါ်လာ ကြွေးကျန် (ကန်ဒေါ်လာ) | ၂၀၁၆ စာရင်းစိတ်စုငွေ (ကန်ဒေါ်လာ) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | OSS | FSS | OSS | FSS | စုစုပေါင်း ပိုင်ဆိုင်မှု (ကန်ဒေါ်လာ) | စုစုပေါင်း ပိုင်ဆိုင်မှု (ကန်ဒေါ်လာ) | ဝန်ဆောင်မှု အသုံးပြုသူ အားလုံး | ဝန်ဆောင်မှု အသုံးပြုသူ အားလုံး | ဝန်ဆောင်မှု အသုံးပြုသူ (အမျိုးသမီး) | | |
| ၁၄ | Gret Microfinance (Chin) | ၁၃၇ % | ၁၀၅% | ၁၆၁ % | ၁၀၉ % | ၁,၈၇၂,၀၀၀ | ၁,၉၈၁,၁၇၆ | ၉,၆၄၇ | ၁၀,၀၆၅ | ၆,၂၃၆ | ၁,၉၁၃,၇၄၉ | မရှိ |
| ၁၅ | Gret Microfinance (Dryzone) | ၇၅% | ၅၂% | ၁၀၈% | ၉၅% | ၉၀၁,၀၇၃ | ၁,၆၀၀,၄၄၀ | ၄,၃၂၄ | ၈,၆၅၆ | ၆,၉၈၃ | ၈၈၁,၈၂၆ | မရှိ |
| ၁၆ | Pact Global Microfinance Fund * | ၁၅၁ % | ၁၂၉ % | ၁၃၆ % | ၁၀၆ % | ၁၂၆,၂၅၈,၄၄၈ | ၁၆၅,၅၀၂,၆၃၅ | ၁,၀၀၈,၉၈၃ | ၁,၂၀၁,၅၀၇ | ၁,၁၇၇,၄၇၇ | ၁၄၄,၄၃၅,၆၅၀ | ၄၈,၂၃၈,၈၃၅ |
| ၁၇ | Proximity Designs | ၁၀၅% | ၁၀၃% | ၁၁၉ % | ၁၀၄% | ၉,၇၃၀,၉၅၇ | ၁၃,၃၇၆,၆၆၀ | ၄၇,၈၈၄ | ၇၉,၁၉၈ | ၄၁,၄၂၃ | ၁၁,၆၉၈,၆၄၄ | မရှိ |
| ၁၈ | VisionFund Myanmar | ၆၆ % | ၆၂% | ၇၁ % | ၆၇ % | ၈,၈၇၃,၈၉၃ | ၁၈,၉၇၀,၀၇၃ | ၅၈,၉၄၃ | ၁၀၄,၁၅၇ | ၉၀,၃၉၇ | ၁၄,၉၉၆,၀၄၆ | မရှိ |
| ပုဂ္ဂလိကဘဏ် | | | | | | | | | | | | |
| ၁၉ | ရိုးမဘဏ်၏ AFP အစီအစဉ် (လယ်ယာသုံး ကိရိယာ နှင့် စက်ပစ္စည်းများကို အငှားဝယ်ယူခြင်း) | | | | | | | | ၂,၉၇၃ | ၂၀၉ | ၃၈,၈၂၀,၂၀၈ | မရှိ |
| | စုစုပေါင်းချုပ် | | | | | ၁၃၉,၅၆၀,၇၁၀ | ၂၄၀,၇၂၄,၈၈ | ၁,၂၆၉,၆၆၆ | ၁,၆၃၅,၉၃၂ | ၁,၅၃၂,၉၆၁ | ၂၄၂,၆၅၉,၄၂၆ | ၅၁,၉၉၅,၇၁၁ |

လုပ်ငန်းဆိုင်ရာ ရပ်တည်မှု (Operational self-sufficiency – OSS)၊ ငွေကြေးဆိုင်ရာ ရပ်တည်မှု (Financial self-sufficiency - FSS)

$$\text{OSS} = \frac{\text{စုစုပေါင်းဝင်ငွေ}}{\text{စုစုပေါင်းအသုံးစရိတ်}} \times ၁၀၀$$

$$\text{FSS} = \frac{\text{စုစုပေါင်း ဝင်ငွေ}}{\text{အသုံးစရိတ် + ရင်းနှီးမြှုပ်နှံမှုမှ အတိုးရငွေ + ချေးငွေဆုံးရှုံးမှု + ငွေဖောင်းပွနှုန်း}} \times ၁၀၀$$

* PGMF ၏ ငွေချေးသူ စာရင်းကို ၆၇၃,၈၂၈ ဦးဟု LIFT ၂၀၁၅ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာတွင် ဖော်ပြထားသည်။ ၂၀၁၅ခုနှစ် အကုန် စာရင်းတွင် ၁,၀၀၈,၉၈၃ ဦး ရှိသည်။

## နောက်ဆက်တွဲ ၆။ ၂၀၁၆ခုနှစ် မူဝါဒဆိုင်ရာ ထိတွေ့ဆောင်ရွက်မှုများ

| ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | |
|---|---|
| အကြောင်းအရာ။ အသေးစားငွေကြေး စျေးကွက် ဖွံ့ဖြိုးရေး<br><br>ဆောင်ရွက်သူ။ UNCDF<br><br>ပူးပေါင်းသူများ။ Basix, ACCU, ASA Myanmar ltd. | MicroLead Expansion Myanmarစီမံချက်သည် နယ်မြေစျေးကွက် ခေါင်းဆောင်သုံးဦး ဖြစ်သော Basix၊ ACCU၊ ASAတို့ကို မြန်မာနိုင်ငံစျေးကွက် ဖွံ့ဖြိုးရေး ဦးဆောင်ဆောင်ရွက်ရန်အတွက် ပံ့ပိုးပေးသည်။ ဤစီမံချက်သည် ရင်းနှီးမြှုပ်နှံသူများအလုံးအရင်းမှ မတည်ချေးငွေများပေးရေး နှင့် ချေးငွေပုံစံများကို ဆက်လက်ဆောင်ရွက်ရေးကို ဆွဲဆောင်ရန်၊ အစိုးရဌာနများအား အကျိုးများသည့် ရင်းနှီးမြှုပ်နှံမှုများတွင် ဦးစားပေးရန် ရည်ရွယ်သည်၊ ဤစီမံချက်သည် စုငွေများ ပိုမိုလာစေရန်အတွက် လုပ်ထုံးလုပ်နည်းများ ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်သည်။<br><br>၂၀၁၆အတွင်း ဤစီမံချက်သည် နှမ်းပါးသူတို့၏ ငွေကြေးဆိုင်ရာ အမူအကျင့် နှင့် အကြိုက်များ၊ ချေးငွေဖော်ဆောင်ခြင်း၊ ငွေကြေးလုပ်ငန်းစီမံခန့်ခွဲမှု၊ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ အသိပညာများကို ဖော်ထုတ်ကာ ငွေကြေးဝန်ဆောင်မှုပေးသူများ၊ မူဝါဒပြုစုသူများ၊ အလှူရှင်များ နှင့် အခြား ပတ်သက်သူများသို့ ဖြန့်ဝေခဲ့သည်။ ကိစ္စရပ်အလိုက် လေ့လာမှု ခြောက်ခုကို ပြုလုပ်ခဲ့သည်- (၁) မြန်မာနိုင်ငံ ဆင်းရဲမှုပပျောက်ရေးအတွက် အသေးစား ငွေကြေး၊ (၂) မြန်မာနိုင်ငံ ငွေကြေးဝန်ဆောင်သူများနှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်း၊(၃) မြန်မာနိုင်ငံတွင် စုငွေများဖြစ်ထွန်းစေခြင်း၊ အခွင့်အလမ်း နှင့် စိန်ခေါ်မှုများ၊ (၄)မြန်မာနိုင်ငံ အသေးစားငွေကြေးကဏ္ဍအတွက် ရန်ပုံငွေထောက်ပံ့ရေး စိန်ခေါ်မှုများ (၅) ACCU လေ့လာမှု။မြန်မာနိုင်ငံတွင် ငွေစုငွေချေးသမဝါယမများ ဖြစ်ထွန်းစေရေး၊ (၆) မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး အတွက် အသေးစားငွေကြေး၊<br><br>ဤစီမံချက်သည် မူဝါဒ အကျဉ်းဖော်ပြချက် ၅စောင်ကိုလည်း ပြုစုခဲ့သည်-(၁) ငွေစုငွေချေး သမဝါယမအသင်းစု၏ ဖွဲ့စည်းပုံ (၂) မြန်မာနိုင်ငံ စိုက်ပျိုးရေး တန်ဖိုးကွင်းဆက်၏ ငွေကြေး။ UNCDF၏ အခန်းကဏ္ဍ (၃) ASA Microfinance Myanmar Ltd။ အောင်မြင်သောပုံစံ (၄) MFI ညွှန်ကြားချက်များ။ မြန်မာနိုင်ငံ စားသုံးသူများ ကာကွယ်ရေး၊ ကျေးလက်နှင့်မြို့ပြ အကြွေးစနစ် စျေးကွက်၊ ဝန်ဆောင်မှုအသုံးပြုသူများ ကြွေးမပိစေရေး (၅) မြန်မာနိုင်ငံ တရားဝင်ငွေကြေးကဏ္ဍ စုဆောင်းငွေလိုအပ်ချက်နှင့် ဖွံ့ဖြိုးရေးမိတ်ဖက်ပြုမှု နည်းလမ်းများ |
| အကြောင်းအရာ။ အသေးစားငွေရေကြေးရေး ကြီးကြပ်မှုမူဘောင် ပြုပြင်ပြောင်းလဲရေး<br><br>ဆောင်ရွက်သူ။ IFC<br><br>ပူးပေါင်းသူ။ MMFA | အသေးစားငွေကြေး ဖွံ့ဖြိုးရေး အစီအစဉ်သည် MMFA က အသေးစားငွေကြေး မူဝါဒနှင့် ကြီးကြပ်မှု မူဘောင်ကို ပြုစုရာတွင် ထောက်ပံ့သည်။ ယင်း၏ အသေးစားငွေကြေးသင်တန်းဌာနတွင် MFIများ၊ အစိုးရဌာနများ၊ ရင်းနှီးမြှုပ်နှံသူများ၊ အလှူရှင်များက အသေးစားငွေကြေး မူဝါဒနှင့် ကြီးကြပ်မှုဆိုင်ရာ ကိစ္စများကို ဆွေးနွေးနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲများကို MMFAက ပြုလုပ် ပေးသည်။ ဤဆွေးနွေးပွဲများ၏ ရလဒ်များကို အခြေခံကာ MMFAသည် စာတမ်းများပြုစုကာ လိုအပ်သလို ပြုပြင်ပြောင်းလဲရေးအတွက် FRD ကို ဆွေးနွေးလှုံ့ဆော်သည်။<br><br>၂၀၁၆တွင် MMFAသည် အသင်းဝင်များ၏ တင်ပြချက်များကို အခြေခံကာ အသေးစားငွေကြေး ကြီးကြပ်မှု မူဘောင်၏ မူဝါဒကို ပြုပြင်ပြောင်းလဲရေးအတွက် စာတမ်းတစောင်ကို ပြုစုခဲ့သည်။ ယင်း အဆိုပြုချက်တွင် MFIများ ပြင်ပမှ ရန်ပုံငွေများ ရယူခွင့်ပြုရန်၊ လိုင်စင်ရ MFIများ မ'တည်ရင်းနှီးမြှုပ်နှံငွေ တိုးရန်၊ စုငွေအတိုးကို ၁၅မှ ၁၀ရာခိုင်နှုန်းသို့ လျှော့ရန်စသည့် အကြံပြုချက်များ ပါဝင်သည်။ ဤစာတမ်းကြောင့် MFIများ လုပ်ငန်း ဆောင်ရွက်ရာတွင် ပိုမို ကောင်းမွန်စေသည့် ကြီးကြပ်မှုဆိုင်ရာမူဝါဒများကို ပြုပြင်ပြောင်းလဲသည့် ညွှန်ကြားချက်များကို FRDက ထုတ်ပြန်နိုင်ခဲ့သည်။ |

| | |
|---|---|
| အကြောင်းအရာ။ ပုဂ္ဂလိကဘဏ်လုပ်ငန်းမှ ကျေးလက်ချေးငွေများကို ဖော်ဆောင်ခြင်း<br><br>ဆောင်ရွက်သူ။ ရိုးမဘဏ် | ရိုးမဘဏ်၏ AFPအစီအစဉ်သည် ကျေးလက်စိုက်ပျိုး-စီးပွားရေးလုပ်ငန်းရှင်များကို ရေရှည်ငှား-ဝယ် ချေးငွေ ထုတ်ပေးခြင်းဖြင့် မြန်မာနိုင်ငံတွင် စိုက်ပျိုးကုန်ထုတ် တိုးစေရန် ရည်ရွယ်သည်။ LIFT ၏ ပံ့ပိုးမှု အရင်းအမြစ်ဖြင့် ချေးငွေ ဆုံးရှုံးမှု အရန်ငွေ ထားရှိသည်။ သို့မဟုတ်ပါက လက်ရှိ အမြင့်ဆုံးအတိုးနှုန်း သတ်မှတ်ချက် ကြောင့်အပြင် ဘဏ်ဘက်မှလည်း ကျေးလက်စိုက်ပျိုးရေး လုပ်ငန်းများ နှင့် မထိတွေ့ဖူးသောကြောင့် ဤငှား-ဝယ် အစီအစဉ်မှာ စီးပွားရေးအရ အလားအလာ မရှိနိုင်ပေ။ ဤဆောင်ရွက်ချက်ကြောင့် 'ခေတ်မီစက်မှုလယ်ယာစနစ် အသွင် ကူးပြောင်းရေးအတွက် အရည်အသွေး ကောင်းမွန်သော လယ်ယာသုံး စက်ကိရိယာများ ပိုမိုသုံးစွဲရေးကို ကူညီထောက်ပံ့ရန်'ဟူသော ဝန်ကြီးဌာန၏ စက်မှုလယ်ယာ နှင့် သွင်းအားစုဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်ရာ ရောက်သည်။<br><br>စီမံချက်ကာလ သုံးနှစ်အတွင်းတွင် ရိုးမဘဏ်သည် စျေးကွက်အသစ် နှင့် ပိုမို ရင်းနှီးလာကာ ကိန်းဂဏန်း အချက်အလက်များကိုလည်း ပိုမိုစုဆောင်းမိလာမည်၊ သို့ဖြင့် မြန်မာ့ကျေးလက်လူထုကို ငွေထုတ်ချေးရာတွင် အဆုံးအရှုံး ကို မိမိဘာသာ ချိန်ဆလာနိုင်မည်ဟု မျှော်လင့်သည်။ |
| **စားနပ်ရိက္ခာဖူလုံရေး** | |
| အကြောင်းအရာ။ စိုက်ပျိုးရေး ဖွံ့ဖြိုးမှု မူဝါဒနှင့် မဟာဗျူဟာ ရေးဆွဲခြင်း<br><br>ဆောင်ရွက်သူ။ LIFT ၏ စိုက်ပျိုးရေး အကြံပေးများ<br><br>ပူးပေါင်းသူများ။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆယ်မြောင်း ဝန်ကြီးဌာနမှ ဦးစီးဌာနများ၊ အထူးသဖြင့် စီမံကိန်းဦးစီးဌာန၊ ပြည်နယ်/တိုင်း အစိုးရများ၊ ပုဂ္ဂလိကကဏ္ဍ၊ CSOများ၊ ဖွံ့ဖြိုးရေး မိတ်ဖက်များ | ၂၀၁၆တွင် ဝန်ကြီးဌာနသည် အစိုးရအသစ်၏ စီးပွားရေး မူဝါဒနှင့်အညီ စိုက်ပျိုးရေး ဖွံ့ဖြိုးမှု မူဝါဒကို စတင် ရေးဆွဲသည်။ ယင်းသည် စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာ (ADS) ကို LIFT၊ ADB၊ FAOတို့ နှင့်အတူ ရေးဆွဲ နေသည်နှင့် လာရောက် တိုက်ဆိုင်သည်။ ဤလုပ်ငန်းစဉ်တွင် ဝန်ကြီးဌာနရှိ LIFTမှ စိုက်ပျိုးရေးအကြံပေး နှစ်ဦးသည် စီမံကိန်းဦးစီးဌာနကို နည်းပညာ အထောက်အကူ ပေးခဲ့သည်။ ထိုကြောင့် ၂၀၁၆နှစ်ကုန်တွင် မဟာဗျူဟာအပြင် မူဝါဒကိုပါ စိုက်ပျိုးရေးနှင့်ရိက္ခာဖူလုံရေး ရင်းနှီးမြှုပ်နှံမှုစီမံချက်နှင့်အညီ အောင်မြင်စွာ ရေးဆွဲပြီးစီးခဲ့သည်။ ၂၀၁၇နှစ်ဆန်း တွင် ဝန်ကြီးဌာနသည် မြန်မာနိုင်ငံ စိုက်ပျိုးရေးဖွံ့ဖြိုးမှုနှင့် ရိက္ခာဖူလုံရေးအတွက် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးနှင့် ရိက္ခာဖူလုံရေး အစီအစဉ် (GAFSP) ထံမှ ထောက်ပံ့ငွေ အဆိုပြုလွှာကို တင်သွင်းနိုင်ခဲ့သည်။<br><br>ဤစိုက်ပျိုးရေးဖွံ့ဖြိုးမှုမူဝါဒတွင် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ တောင်သူများတို့၏ တူညီသော မျှော်မှန်းချက်များ၊ ရေရှည် ပူးပေါင်းဆောင်ရွက်ချက်များ ပါဝင်သည်။ စီမံအုပ်ချုပ်မှု၊ ကုန်ထုတ်တိုးမှု၊ ယှဉ်ပြိုင်နိုင်စွမ်းရှိမှု ဟူသော မဏ္ဍိုင်များကို အခြေခံသည့် မျှော်မှန်းချက်မှာ-" တောင်သူများ ကျေးလက်နေလူထုများတို့၏ လူမှုစီးပွားရေး ကောင်းမွန်စေပြီး အမျိုးသားစီးပွားရေးကို ပိုမိုဖွံ့ဖြိုးစေမည့် အားလုံးပါဝင်သော ယှဉ်ပြိုင်နိုင်စွမ်းရှိသော ရိက္ခာနှင့် အာဟာရ ဖူလုံသည့်အပြင် ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်" ဖြစ်သည်။ မဟာဗျူဟာ၏ အဓိက အစိတ်အပိုင်းများမှာ တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးမှု၊ အားလုံးပါဝင်စေမှု၊ အမျိုးအမည် များပြားမှု၊ လယ်ယာနှင့် လယ်ယာပြင်ပ ချိတ်ဆက်မှု တို့ဖြစ်သည်။<br><br>ဤမဟာဗျူဟာသည် အရှင်ဖြစ်သည်။ စိုက်ပျိုးရေးအကြံပေးနှစ်ဦးသည် ဝန်ကြီးဌာန နှင့် ဆက်လက် လုပ်ကိုင်နေ ကာ မဟာဗျူဟာနှင့် ပတ်သက်၍ ပြည်နယ်/တိုင်း အစိုးရများ၊ သက်ဆိုင်ရာ ဌာနများ၊ ပုဂ္ဂလိကကဏ္ဍ၊ CSOများ (တောင်သူအုပ်စုများ)၊ ပြည်နယ်၊ တိုင်း အားလုံးမှ ဖွံ့ဖြိုးမှုမိတ်ဖက်များ နှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရန် ရှိသည်။ ယင်းဆွေးနွေးမှုများသည် ၂၀၁၇ခုနှစ် ဩဂုတ်လတွင် ပြီးစီးမည်ဟု ခန့်မှန်းထားသည်။ |

| | |
|---|---|
| အကြောင်းအရာ။ စားနပ်ရိက္ခာဖူလုံရေး အတွက် ကောင်းမွန်သော မူဝါဒ အကောင်အထည်ဖော်မှု<br><br>ဆောင်ရွက်သူ။ FSWG | မြန်မာနိုင်ငံ စားနပ်ရိက္ခာဖူလုံရေးအတွက် အရင်းအမြစ်များနှင့် မိတ်ဖက်ပြုမှုများကို ထိန်းချုပ်အသုံးချခြင်း စီမံချက် အဆင့်၂သည် အသိအမြင် ကြွယ်ဝသော၊ ကျွမ်းကျင်သော၊ တာဝန်ခံမှုရှိသော ရိက္ခာဖူလုံရေး လုပ်ကိုင် သူများ နှင့် သတင်းစုံစွာ ရရှိသော တက်ကြွသော မူဝါဒရေးဆွဲသူများ ပိုမို ထိတွေ့ ဆောင်ရွက်ကာ ရိက္ခာဖူလုံရေး မူဝါဒများ ထိရောက်မှုရှိကာ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ရေး ထောက်ပံ့ရန်အတွက် စွမ်းဆောင်ရည် တည်ဆောက် ရန် ရည်ရွယ်သည်။<br><br>ဖေဖော်ဝါရီလတွင် FSWGသည် စိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှုဥပဒေကို နှစ်ရက်ကြာ ဆွေးနွေးသည့် လူထုတိုင်ပင် ဆွေးနွေးပွဲ တရပ်ကို ပြုလုပ် ခဲ့သည်။ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေကို ပြည်နယ်၊ တိုင်းများမှ အဓိက ပတ်သက်သူများ နှင့် လူထုတိုင်ပင်ဆွေးနွေးပွဲ ပြုလုပ်ရန် တောင်းသူ၊ အလုပ်သမား လူမှုဖူလုံရေး ကော်မတီ အတွင်းရေးမှူးက တောင်းဆိုခဲ့သည်။ FSWG သည် ယင်း လူထု တိုင်ပင်ဆွေးနွေးပွဲ ကို ၂၀၁၇တွင် ကျင်းပမည်။<br><br>ဇူလိုင်လတွင် ဤစီမံချက်သည် မူဝါဒဆွေးနွေးလှုံ့ဆော်မှု စီမံချက် ရေးဆွဲရေး ဆွေးနွေးပွဲကို ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး ၊ မွေးမြူရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး အထူးကော်မတီနှင့် ဆွေးနွေးခဲ့သည်။ ယင်း ဆွေးနွေးပွဲ တွင် FSWG၏ မူဝါဒဆွေးနွေးလှုံ့ဆော်မှု မဟာဗျူဟာ၊ လုပ်ငန်းစီမံချက် မူဘောင် နှင့် ၊ တနှစ်စာ မူဝါဒ ဦးစားပေးများ ကို သဘောတူခဲ့ကြသည်။ |
| အကြောင်းအရာ။ ကျေးလက်စိုက်ပျိုးရေးအတွက် IEC ကဏ္ဍ ဖွံ့ဖြိုးရေး<br><br>ဆောင်ရွက်သူ။ UNESCO<br><br>ပူးပေါင်းသူများ။<br>MOI, MOALI, YAU, ABCID,Thomson Reuters Foundation, Myanmar Now, Dant Da Lun Management and Consulting Services | ရေရှည်တည်တံ့သော အသက်မွေးမှုနှင့် ရိက္ခာဖူလုံရေးအတွက် ဆက်သွယ်ရေး စီမံချက်သည် ပုံနှိပ်၊ အသံလွှင့်၊ အွန်လိုင်း စာနယ်ဇင်းသမားတို့၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးစေရန် နှင့် ကျေးလက်နေ အကျိုး ခံစားခွင့်ရှိသူများ အတွက် အရေးပါသည့် ကျေးလက်စိုက်ပျိုးရေး ဖွံ့ဖြိုးရေး ကိစ္စများကို တင်ပြရာတွင် ကောင်းမွန်လာစေရန် အစိုးရ နှင့် ပုဂ္ဂလိက မီဒီယာများ၊ ဆက်သွယ်ရေး လုပ်ငန်းရှင်များ နှင့် နီးကပ်စွာ လုပ်ကိုင်နေသည်။<br><br>IEC မာလ်တီမီဒီယာများ၊ သတင်းများ၊ ဆောင်းပါးများထုတ်လုပ်မှုကို သက်ဆိုင်သူ တို့က ကြီးကြပ်ရာတွင် စွမ်းဆောင်ရည် တိုးတက်လာစေရန် ၂၀၁၆တွင် ဤစီမံချက်သည် ပြန်ကြားရေး၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဌာနများ၊ Famers ရုပ်သံလိုင်း၊ YAU၊ ABCID၊ Thomson Reuters Foundation တို့နှင့်အတူ အယ်ဒီတာ ကော်မတီ/ လုပ်ငန်းအဖွဲ့ ထူထောင် ခဲ့သည်။ အစိုးရ၊ ဒေသခံ ဆက်သွယ်ရေးအဖွဲ့အစည်းများ တို့မှ ပညာပေးလုပ်သားများ နှင့် ပြန်ကြားရေးအရာရှိ ၁,၀၀၀တို့ကို ဖွံ့ဖြိုးရေးအတွက် ဆက်သွယ်ရေး၊ ICT အသိပညာ၊ သတင်းနှင့် အသိပညာ စီမံခန့်ခွဲမှု ဟူသည့် ဘာသာရပ်များတွင် စွမ်းဆောင်ရည် တည်ဆောက်ပေးရန် Myanmar Book Aid and Preservation Foundation နှင့်လည်း မိတ်ဖက်ပြုခဲ့သည်။ |
| အကြောင်းအရာ။ ရေလုပ်ငန်း ဖွံ့ဖြိုးရေး<br><br>ဆောင်ရွက်သူ ။ WorldFish<br><br>ပူးပေါင်းသူများ။ ငါးဦးစီး, GRET ၊ NAG နှင့် PACT | မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်မှ လူထုများ ရိက္ခာဖူလုံမှု နှင့် ဝင်ငွေတိုးတက်ရေးအတွက် ရေရှည်တိုးပွားမည့် ငါးမွေးမြူရေး ဖြစ်ထွန်းစေခြင်း စီမံချက်သည် မြစ်ဝကျွန်းပေါ်ဒေသ နှင့် အပူပိုင်းဇုန်မှ သင့်တော်မည့်နေရာများတွင် ရေရှည်တိုးပွားမည့် ငါးမွေးမြူရေး ဖြစ်ထွန်းစေရန် ရည်ရွယ်သည်။ ဤစီမံချက် သည် အသေးစား/တပိုင်တနိုင် ငါးမွေးမြူရေးဆိုင်ရာ မူဝါဒထိတွေ့ဆောင်ရွက်မှုအတွက် သင်ယူခြင်းနှင့် ဆန်းသစ် တီထွင်မှု တို့ကို မှတ်တမ်းတင်မည်။ ရေရှည်တည်တံ့သော စိုက်ပျိုးရေး၊ ရိက္ခာဖူလုံရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး တို့ကို ဖြည့်ဆည်းပေးမည် ဖြစ်သည်။ |

| | |
|---|---|
| | ၂၀၁၆တွင် စီမံချက်နေရာများ၊ ယင်းနေရာနှင့် ကိုက်ညီသော ငါးမွေးမြူနည်းများကို ရွေးချယ်ခဲ့သည်။ တောင်သူ အုပ်စုများကို ဖွဲ့စည်းကာ ငါးမွေးမြူရေးကို သင်တန်းပေးသည်။ ဤစီမံချက်သည် မူဝါဒ အကျဉ်းဖော်ပြချက် ၅စောင်ကို ပြုစုခဲ့သည်- ရေချိုငါးလုပ်ငန်း၊ ကမ်းနီးငါးလုပ်ငန်း၊ ကမ်းဝေးငါးလုပ်ငန်း၊ ရေလုပ်ငန်း၊ အထွေထွေ တို့ဖြစ်သည်။ လက်တွေ့ကျသော ဆုံးဖြတ်ချက်များကို အချိန်မီ ချမှတ်နေကြရသည့် မူဝါဒချမှတ်သူတို့အား အထောက်အထား များ၊ အရေးယူဆောင်ရွက်နိုင်သည့် အကြံပြုချက်များကို ဤရှင်းလင်းချက်များက အထောက်အကူပေးထားသည်။ ရည်ရွယ်သည့် ဖတ်ရှုလေ့လာသူများမှာ - MoALI၊ DoF၊ MFF၊ ပုဂ္ဂလိကကဏ္ဍ၊ ငါးလုပ်ငန်းအသင်းများ၊ မိတ်ဖက်များ၊ အလှူရှင်များ(SDC၊ LIFT၊ DANIDA ၊Norad) ပါဝင်သည်။<br><br>ဤစီမံချက်သည် အသေးစားငါးမွေးမြူရေးက ဤကဏ္ဍအား သက်ရောက်မှုကို ပိုမိုသိရှိနိုင်ရန် ၊ ငါးလုပ်ငန်းဦးစီးဌာန ၏ သုတေသန စွမ်းဆောင်ရည် တည်ဆောက်ရန်အတွက် ထောက်ပံ့သည်။ ခရိုင်အဆင့် မြို့နယ်အဆင့် ငါးလုပ်ငန်းဦးစီးဌာနများ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးစေမည် ဖြစ်သည်။ |
| အကြောင်းအရာ။ ပြည်နယ်အဆင့် ငါးလုပ်ငန်း စီမံခန့်ခွဲမှု<br><br>ဆောင်ရွက်သူ။ Better Life Organization<br><br>ပူးပေါင်းသူများ။ ငါးဦးစီး၊ ရခိုင် သဟာရ နှင့် အခြား CSOများ | တက်လမ်း၏ ရေရှည်တည်တံ့သော ရိက္ခာဖူလုံရေး နှင့် အသက်မွေးမှု အစီအစဉ်သည် ရခိုင်ပြည်နယ် ရေချိုငါး လုပ်ငန်းဥပဒေ၏ နည်းဥပဒေများကို ပြင်ဆင်ရန် ဆောင်ရွက်နေသည်။ BLO နှင့် အခြား LIFT ရန်ပုံငွေပံ့ပိုးသည့် တက်လမ်း မိတ်ဖက်များ၊ ရခိုင်သဟာရ အပါအဝင် CSOများသည် ရခိုင်ပြည်နယ် ငါးလုပ်ငန်း မိတ်ဖက်များမှ မှတဆင့် ရပ်ရွာအခြေပြု ငါးလုပ်ငန်းပူးတွဲစီမံမှုကို ဥပဒေတွင် ထည့်သွင်းနိုင်ခဲ့သည်။ သို့သော် ဥပဒေကို အကောင်အထည် ဖော်ရန် နည်းဥပဒေအသစ်များ လိုအပ်နေသည်။ သို့မှသာ ငါးလုပ်ငန်း လုပ်သားအုပ်စုများ ၊ ငါးမဖမ်းရ ဇုန်နယ်များ ကို မှတ်ပုံတင်ရန် စနစ်တကျ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ BLOနှင့် အခြားCSOများ သည် ဤတာဝန်များ ကို ငါးလုပ်ငန်းဦးစီးဌာန နှင့် အတူ ဆောင်ရွက်နေသည်။ |
| အကြောင်းအရာ။ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးရေး<br><br>ဆောင်ရွက်သူ။ FAO<br><br>ပူးပေါင်းသူများ။ LBVD, UVS | မွေးမြူရေးကဏ္ဍရေရှည်ဖွံ့ဖြိုးရေးအတွက် မွေးမြူရေးတိရစ္ဆာန် တို့၏ ကျန်းမာရေး၊ ထွက်နှုန်း၊ ဈေးကွက်တင်မှု ကောင်းမွန်လာစေခြင်းဖြင့် အပူပိုင်းဇုန် တောင်သူတို့၏ အသက်မွေးမှုကို တိုးတက်ကောင်းမွန်စေခြင်း စီမံချက်သည် ပြည်ထောင်စုအဆင့်တွင် မူဝါဒဖြစ်ထွန်းရေးအတွက် နယ်ပယ်ခြောက်ရပ်ကို တိမွေးကုဦးစီးဌာန နှင့်အတူ သုံးသပ်ရွေးချယ်ပြီး ဖြစ်သည်။ ၂၀၁၆တွင် ဤစီမံချက်သည် ဦးစီးဌာနကို နယ်ပယ် ခြောက်ရပ်တွင် မူဝါဒဆိုင်ရာ အကြံပေးခဲ့သည်။ |
| အကြောင်းအရာ။ အပူပိုင်းဇုန်ရှိ ဘက်စုံ ဖွံ့ဖြိုးရေး နှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေး<br><br>ဆောင်ရွက်သူ ။ CAPSA-UNESCAP<br><br>ပူးပေါင်းသူများ။ DRD, DOA, DAR, DOP, APCTT, CSAM and NAG | အပူပိုင်းဇုန်တွင် အသက်မွေးဝမ်းကျောင်းမှု ကောင်း မွန်စေရေးအတွက် ဘက်စုံကျေးလက် စီးပွား လူမှု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်သည် အပူပိုင်းဇုန် တွင် ဆင်းရဲမှုလျှော့ချရေး၊ အားလုံးပါဝင်စေသည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး ဖြစ်စေမည့် မူဝါဒချမှတ်သူများ၊ LIFT ဖွံ့ဖြိုးရေးမိတ်ဖက်များ ၊ ပုဂ္ဂလိကကဏ္ဍတို့၏ စွမ်းဆောင်ရည်ကို အားဖြည့်ပေးရန် ရည်ရွယ်သည်။<br><br>၂၀၁၆တွင် ရာသီဉတုဒဏ်ခံနိုင်သည့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးမူဝါဒ ဆွေးနွေးပွဲ အခမ်းအနား ၆ခုကို နေပြည်တော်၊ မကွေး၊ မုံရွာ တို့တွင် ဝန်ကြီးဌာနမှ မူဝါဒချမှတ်သူများ ၊ အခြားပတ်သက်သူများ နှင့် ကျင်းပခဲ့သည်။ ရေးဆွဲရန် စီစဉ်ထားသည့် မူဝါဒရှင်းလင်းချက် ၆စောင်အနက် ၄စောင်ကို မြန်မာ အင်္ဂလိပ် နှစ်ဘာသာဖြင့် ပြုစုပြီး မူဝါဒချမှတ်သူများ ၊ နှင့် အခြား ပတ်သက်သူများသို့ SATNET Asia နှင့် UNCAPSA ဝက်ဘ်ဆိုက်မှတဆင့် ဖြန့်ဝေခဲ့သည်။ ယင်းစာစောင်များမှာ-(၁) ပဲမျိုးစုံ၊ ဆီထွက်သီးနှံ မျိုးစေ့ ထုတ်လုပ်ရေးတန်ဖိုးကွင်းဆက်ကို ထောက်ပံ့ခြင်း၊(၂) ရေရှည်တည်တံ့သော စိုက်ပျိုးရေးအတွက် ပတ်သက် ဆက်နွှယ်သူများ၏ ဆောင်ရွက်ချက်များ၊(၃) ရာသီဉတုဒဏ်ခံနိုင်သည့် ရေရှည်တည်တံ့သော စိုက်ပျိုးရေး ကို ထောက်ပံ့မည့် မူဝါဒ၊ ဌာနများ၊ လုပ်နည်းများ၊(၄) ရေရှည်တည်တံ့သော စိုက်ပျိုးရေး စက်မှုလယ်ယာ ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်များ နှင့် မူဝါဒများကို အားကောင်းစေခြင်း တို့ဖြစ်သည်။ |

<table>
<tr><th colspan="2">ကျား/မရေးရာ</th></tr>
<tr><td>အကြောင်းအရာ။ ကျား/မ တန်းတူညီမျှမှု နှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိမှု<br><br>ဆောင်ရွက်သူ။ GEN<br><br>ပူးပေါင်းသူများ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန</td><td>မြန်မာနိုင်ငံ ကျား/မတန်းတူညီမျှမှုကို အလေးအနက် ကြိုးစားဆောင်ရွက်ခြင်း စီမံချက်သည် မြန်မာနိုင်ငံတွင် ကျား/မ တန်းတူ ညီမျှမှု နှင့် အမျိုးသမီးများလုပ်ကိုင်နိုင်စွမ်းရှိမှု ဖြစ်ထွန်းစေရန် ကြိုးပမ်းသည်။<br><br>၂၀၁၆တွင် GENသည် အဓိကကျသော မူဝါဒများကို ရှင်းလင်းစွာ မျှတစွာ ဖွင့်ဆိုချက်များ ပါဝင်သည့် ပြည့်စုံသော PoVAW ဥပဒေဖြစ်စေရန် ဆက်လက် ဖြည့်ဆည်းပေးသည်။ အမေရိကန် အခြေစိုက် Global Justice Center နှင့် ပူးပေါင်းကာ GEN သည် မြန်မာCSOအစီရင်ခံစာကို ပြုစုကာ ကုလသမဂ္ဂ CEDAW ကော်မတီ၏ ၆၄ကြိမ်မြောက်အစည်းအဝေးသို့ တင်သွင်းခဲ့သည်။ GENသည် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (NSPAW)ကို အကောင်အထည်ဖော်ရန်အပြင် CEDAWအရ လိုအပ်ချက်ဖြစ်သည့် PoVAW ဥပဒေကို ကျင့်သုံးရန် ဆက်လက်တောင်းခံနေသည်။ ဒီဇင်ဘာလ တွင် GENသည် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီ (MNCWA)၏ ပထမအကြိမ်အစည်းအဝေးကို တက်ရောက်ခဲ့သည်။ ဝန်ကြီးဌာနပေါင်းစုံပါဝင်သည့် ဤအဆင့်မြင့်ကော်မတီသည် ဝန်ကြီးဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းခြင်းကို ထောက်ပံ့နိုင်သဖြင့် အစိုးရ၏မူဝါဒများ၊ ဘတ်ဂျက်များတို့တွင် ကျား/မရေးရာကို ပါဝင်စေနိုင်သည့်ပြင် NSPAW နှင့် CEDAW အကောင်အထည်ဖော်ရေးကိုလည်း ဖြစ်စေနိုင်သည်။<br><br>ဖွန်လတွင် GENသည် အမျိုးသမီးများလုပ်ကိုင်နိုင်စွမ်းရှိမှုသည် အမှန်တကယ် အသွင်ကူးပြောင်းရေးကို ဖြစ်စေသည် ဟူသော အမျိုးသမီးများကို အုပ်ချုပ်ရေး အဆောက်အအုံတွင် နေရာပေးရေး အသိအမြင်ကို ရစေမည့် ပတ်သက် ဆက်နွယ်သူတို့ ဆွေးနွေးပွဲကို နေပြည်တော်တွင် လွှတ်တော်အမတ် ၁၂၀ဦးတို့နှင့် ကျင်းပခဲ့သည်။</td></tr>
<tr><th colspan="2">အားလုံးပါဝင်စေသော တန်ဖိုးကွင်းဆက်</th></tr>
<tr><td>အကြောင်းအရာ။ ဟင်းသီးဟင်းရွက် ကဏ္ဍ ဖွံ့ဖြိုးရေး<br><br>ဆောင်ရွက်သူ။ Mercy Corps<br><br>ပူးပေါင်းသူများ။ Swisscontact and East-West Seed International</td><td>နွမ်းပါးသူများအတွက် ဟင်းသီးဟင်းရွက် ဈေးကွက် ပြုလုပ်ပေးခြင်း (MVMW) စီမံချက်သည် ရှမ်းပြည်နယ် တောင်ပိုင်းနှင့် ရခိုင်ပြည်နယ်တွင် ဟင်းသီးဟင်းရွက်ကဏ္ဍ အရှိန်မြှင့်တင်ရေးလုပ်ငန်းအဖွဲ့(VSAT)က ဟင်းသီးဟင်းရွက်ကဏ္ဍ အခြေအနေ ကောင်းမွန်ရေးကို ဖြစ်ပေါ်စေရန် အထောက်အကူပြုနေသည်။ VSATသည် မြန်မာ စိုက်ပျိုးရေးကွန်ရက်၏ လုပ်ငန်းအဖွဲ့ဖြစ်သည်။ မြန်မာစိုက်ပျိုးရေးကွန်ရက်သည် ကမ္ဘာ့ စီးပွားရေးဖိုရမ်က ဖန်တီးသော Grow Asia စီမံချက်၏ အစိတ်အပိုင်းဖြစ်သည်။ စီမံချက်သည် VSAT၏ လုပ်ဆောင်ချက်အများအပြားနှင့် အတွင်းရေးမှူးအတွက် စရိတ်များကို ထောက်ပံ့ပေးသည်။ VSAT သည် ဗီယက်နမ်လေ့လာရေးခရီး၊ သုတေသန စစ်တမ်းများ၊ မူဝါဒစုပေါင်း ဆွေးနွေးပွဲများကို စီစဉ်ပေးခဲ့သည်။<br><br>MVMWသည် စားသုံးသူအကြိုက် နှင့် လက်ကားဈေးများ စီမံခန့်ခွဲမှု စီမံချက် ဟူသော သုတေသန စစ်တမ်း နှစ်စောင်ကို ပြုစုခဲ့သည်။ မျိုးစေ့ကဏ္ဍ စီမံချက် နှင့် မျိုးစေ့အသင်း ဖွဲ့စည်းပုံတို့ကို ပြုစုရာတွင် MVMW က ကူညီခဲ့သည်။ သုတေသန၊ စီမံချက်၊ ဖွဲ့စည်းပုံတို့ကို ဆွေးနွေးရန် MVMWသည် လုပ်ငန်းနယ်ပယ်မှ ပတ်သက်ဆက်နွယ်သူများကို နေပြည်တော်တွင် မူဝါဒ စုပေါင်း ဆွေးနွေးပွဲများ စီစဉ်ပေးခဲ့သည်။</td></tr>
</table>

| | |
|---|---|
| အကြောင်းအရာ။ စိုက်ပျိုးရေး တန်ဖိုးကွင်းဆက်<br><br>ဆောင်ရွက်သူ ။ Michigan State University | မြန်မာနိုင်ငံ စိုက်ပျိုးစားကုန် တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးရေး၊ ကျေးလက်နေ နွမ်းပါးသူတို့ အသက်မွေးမှုအတွက် ပါဝင်ပတ်သက်ခြင်း စီမံချက်သည် အားလုံးပါဝင်စေသော စိုက်ပျိုးရေးအထွက်တိုးမှု၊ အာဟာရ ရလဒ်ကောင်းမှု၊ ကြံ့ကြံ့ခံနိုင်မှုတို့ကို မူဝါဒ ကောင်းမွန်စေခြင်းဖြင့် ဖြစ်ထွန်းစေမည်။<br><br>၂၀၁၆တွင် ဤစီမံချက်သည် USAID ထောက်ပံ့သည့် စိုက်ပျိုးရေးစာတမ်း တစောင် ပြုစုရာတွင် ပါဝင်ခဲ့သည်။ ယင်းစာတမ်းမှာ- 'ထမင်းပန်းကန်မှ ရိက္ခာခြင်းသို့။ မြန်မာ့စိုက်ပျိုးရေး နှင့် ရိက္ခာကဏ္ဍ ခေတ်မီရေးအတွက် မဏ္ဍိုင်သုံးရပ်' ဖြစ်သည်။ ဤစီမံချက်သည် စာတမ်းမူကြမ်းအတွက် အချက်အလက်များကို ပံ့ပိုး ပေးသည်။ အစိုးရအရာရှိများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ CSOများ၊ ပုဂ္ဂလိကကဏ္ဍ တို့နှင့် တင်ပြဆွေးနွေးပွဲ အမျိုးမျိုးတို့တွင် ပါဝင်သည်၊ ယင်းစာတမ်းတွင် ပါရှိသော မူဝါဒ များသည် ဝန်ကြီးဌာနက စိုက်ပျိုးရေးမူဝါဒ နှင့် စိုက်ပျိုးရေး ဖွံ့ဖြိုးမှု မဟာဗျူဟာ (ADS)ပြုစုရာတွင် သိသာသော သက်ရောက်မှုရှိခဲ့သည်။ ဤမဟာဗျူဟာ စာတမ်းတွင် လုပ်ကွက်ငယ်တောင်သူများ၏ အမျိုးအမည်စုံ စိုက်ပျိုးမှု၊ အင်တိုက်အားတိုက် စိုက်ပျိုးမှုတို့ဖြင့် ကျယ်ပြန့် သော အားလုံးပါဝင်စေသော ကျေးလက်စီးပွားရေး ကြီးထွားမှု ဖြစ်ထွန်းစေမည့် အခွင့်အလမ်းများဖော်ဆောင်ပြီး စိုက်ပျိုးရေးမူဝါဒသည် ဈေးကွက်တွန်းအားပေးပြီး ဖွံ့ဖြိုးရေးကို ဦးတည်သည်။ မူဝါဒ ကြေညာချက် မှာ အောက်ပါအတိုင်းဖြစ်သည်-<br><br>"မြန်မာ့ စိုက်ပျိုးရေး မူဝါဒမှာ- ပြည်သူတရပ်လုံးအတွက်ရိက္ခာ နှင့် အာဟာရ ဖူလုံမှု၊ ရိက္ခာ စိတ်ချရမှု နှင့်၊ လုပ်ကွက်ငယ်တောင်သူများအနေဖြင့် ဈေးကွက် တောင်းဆိုမှု များသည့် အမျိုးအမည်စုံစိုက်ပျိုးကာ အထွက်တိုးလာခြင်း၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်သော စိုက်ပျိုးရေး-စီးပွားရေးကဏ္ဍ မှတဆင့် ပိုမိုတင်ပို့နိုင်ခြင်းဖြင့် ဝင်ငွေတိုးလာစေရန် ဖြစ်သည်။"<br><br>ဤစီမံချက်သည် မြန်မာ့ ငါးလုပ်ငန်းမိတ်ဖက်က ပြုလုပ်သော ငါးလုပ်ငန်း မူဝါဒ ရှင်းလင်းချက် ရေးသားသည့် ဆွေးနွေးပွဲတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့သည်။ ယင်းသည် မြန်မာနိုင်ငံငါးလုပ်ငန်းကိစ္စများကို ဆောင်ရွက်နေသော ပုဂ္ဂလိက အဖွဲ့အစည်းတခု ဖြစ်သည်။ ယင်းဆွေးနွေးပွဲမှ မူဝါဒ အကျဉ်းဖော်ပြချက် ၅စောင်ကို အင်္ဂလိပ်မြန်မာ နှစ်ဘာသာဖြင့် ပြုစုထုတ်ဝေခဲ့သည်။<br><br>စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၏ မူဝါဒရေးဆွဲမှု၊ အကောင်ထည်ဖော်မှုကို အထောက်အကူပေးရန် စိုက်ပျိုးရေး မူဝါဒရုံး ကို စီမံကိန်း ရေးဆွဲရေးဦးစီးဌာနတွင် ဤစီမံချက်က ဖွင့်လှစ်ပေးခဲ့သည်။ ယင်းရုံးဌာနတွင် ပြည်ပအကြံပေး ခန့်ထားခြင်းကို ဝန်ကြီးဌာနက ခွင့်ပြုခဲ့သည်။ |
| **မြေယာ** | |
| အကြောင်းအရာ။ မြေယာလုပ်ပိုင်ခွင့်<br><br>ဆောင်ရွက်သူ။ LCG<br><br>ပူးပေါင်းသူများ။ MOI, MOALI, YAU, ABCID, Thomson Reuters Foundation, Myanmar Now, Dant Da Lun Management and Consulting Services | မြန်မာနိုင်ငံရှိ မြေနှင့်ဆက်စပ် သယံဇာတများ တန်းတူညီမျှစွာ လက်လှမ်းမီ ထိန်းချုပ်နိုင်ရေး ဖြစ်ထွန်းစေခြင်း စီမံချက်သည် NLUP ဖြစ်ထွန်းအောင်တက်ကြွစွာ ဆောင်ရွက်ခဲ့သည်။ ၂၀၁၆ဇန်နဝါရီလတွင် ယင်းကို အစိုးရက အတည်ပြုခဲ့သည်။ တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ရိုးရာမြေအသုံးချမှု အခွင့်အရေးများကို အစိုးရက အသိအမှတ်ပြုသော မူဝါဒစာတမ်းဖြစ်သည်။ ဤစီမံချက်သည် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ မွန်ပြည်နယ် နှင့် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသမှ ဒေသအာဏာပိုင်များနှင့်လည်း ဆက်ဆံရေး ခိုင်မာလျက်ရှိသည်။<br><br>ဤစီမံချက်သည် မူဝါဒဆွေးနွေးပွဲ နှစ်ခုကို ကျင်းပခဲ့သည်- အမျိုးသားမြေယာ ထိန်းသိမ်းရေး နှင့် မြေအသုံးချမှု၊ အကျိုးတူလယ်ယာ CSO ဆွေးနွေးပွဲများဖြစ်သည်။ ဧရာဝတီတိုင်းတွင် ASDOက ဦးစီးကျင်းပသော လယ်လုပ်ငန်း၊ ငါးလုပ်ငန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဟူသော နီးနှောဖလှယ်ပွဲကိုလည်း ပံ့ပိုးဆောင်ရွက်ခဲ့သည်။ |

| | |
|---|---|
| | တောင်သူများ ရေလုပ်သားများ ရင်ဆိုင်နေရသော အဓိကပြဿနာများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများက အဖြေရှာကြသည်။ နေပြည်တော်တွင် လွှတ်တော် တောင်သူရေးရာကော်မတီနှင့်လည်း ဆွေးနွေးပွဲ ကျင်းပခဲ့သည်။<br><br>အဓိကကိစ္စများကို မူဝါဒချမှတ်သူများအား အထောက်အကူဖြစ်စေရန်အတွက် ဤစီမံချက်သည် ရိုးရာမြေ အသုံးချမှု၊ အကျိုးတူ လယ်ယာ၊ ဧရာဝတီတိုင်းတွင် မြေယာသုံးသပ်ချက် ဟူသော အစီရင်ခံစာ သုံးစောင်ကို ပြုစုခဲ့သည်။ ရိုးရာမြေ အသုံးချမှု၊ အကျိုးတူလယ်ယာ အစီရင်ခံစာများကို ဆွေးနွေးလှုံ့ဆော်သည့်အလုပ်ရုံဆွေးနွေးပွဲပုံစံဖြင့် ထုတ်ပြန်ခဲ့သည်။ ဧရာဝတီတိုင်းတွင် မြေယာသုံးသပ်ချက် အစီရင်ခံစာကို LIFT FMO နှင့် ဧရာဝတီတိုင်း အစိုးရတို့အား တင်ပြခဲ့သည်။ |
| **ရွှေ့ပြောင်းသွားလာရေး** | |
| အကြောင်းအရာ။<br>ရွှေ့ပြောင်းသွားလာရေး ဆိုင်ရာ မူဝါဒနှင့် ဥပဒေမူဘောင်<br><br>ဆောင်ရွက်သူ။ ILO<br><br>ပူးပေါင်းသူများ။<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန | ပြည်တွင်း နှင့် နိုင်ငံတကာ လုပ်အား ရွှေ့ပြောင်းသွားလာရေး အုပ်ချုပ်စီမံမှု ဖွံ့ဖြိုးရေး စီမံချက်သည် အမျိုးသမီး အမျိုးသားများ ဘေးကင်းစွာ ရွှေ့ပြောင်းသွားလာကာ နောင်အချိန်တွင် မြန်မာနိုင်ငံဖွံ့ဖြိုးရေးကို ဖြည့်ဆည်းပေးစေနိုင်မည့် ပြည်တွင်း နှင့် နိုင်ငံတကာ ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ ဥပဒေပြုရေးနှင့် မူဝါဒရေးဆွဲရေး ကောင်းမွန်စေရန် ရည်ရွယ်သည်။ ၂၀၁၆တွင် အရေးပါသော မူဝါဒဆိုင်ရာ လုပ်ဆောင်ချက် အချို့ ဖြစ်ထွန်းခဲ့သည်။<br><br>မြန်မာ- ထိုင်း ရွှေ့ပြောင်းသွားလာရေး သဘောတူညီမှုများ<br><br>၂၀၁၆တွင် မြန်မာ-ထိုင်း အစိုးရတို့သည်-(၁) နယ်စပ်ဖြတ်ကျော်မှုဆိုင်ရာ သဘောတူညီချက်(၂) လုပ်အား ပူးပေါင်း ဆောင်ရွက်ခြင်း ဆိုင်ရာ MoU (၃) အလုပ်အကိုင် ခန့်ထားရေး သဘောတူညီချက်တို့ကို လက်မှတ်ရေးထိုးခဲ့သည်။ ထိုင်းနိုင်ငံနှင့် မညှိနှိုင်းမီ ဤသဘောတူညီမှုများအတွက် အချက်အလက်များရရှိရန် ဝန်ကြီးဌာန နှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့တို့သည် ILO၊ IOM ၊ ထိုင်းနိုင်ငံမှ CSOများ နှင့် တိုင်ပင်ခဲ့သည်။<br><br>မူဝါဒ ဆွေးနွေးလှုံ့ဆော်မှုများ အတွက် မူဝါဒ အကျဉ်းဖော်ပြမှုစာတမ်းများပြုစုခြင်း<br><br>ဤစီမံချက်သည် တိုင်တန်းချက်အရေးယူမှု ပုံစံစနစ်၊ ဝန်ထမ်းခန့်အပ်ခြင်း ၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒ အကျဉ်းဖော်ပြမှု/ရှင်းလင်းချက်များ ပြုစုခဲ့သည်။ တိုင်တန်းချက်အရေးယူမှုပုံစံစနစ် မူဝါဒရှင်းလင်းချက်မှာ ပြီးစီးပြီ ဖြစ်၍ မြန်မာဘာသာသို့ ပြန်ဆိုကာ CSO/အလုပ်သမားအဖွဲ့အစည်း ကွန်ရက်၊ ဝန်ကြီးဌာန ရွှေ့ပြောင်းသွားလာရေးဌာန၊ လွှတ်တော်အမတ်များသို့ မျှဝေခဲ့သည်။ မြန်မာ ရွှေ့ပြောင်းသွားလာသူများ အတွက် လက်ရှိတိုင်တန်းချက် အရေးယူမှုပုံစံစနစ်များကို ဤစာတမ်းတွင် ပြန်လည် သုံးသပ်ကာ နည်းနာကောင်း နမူနာများကို ဖော်ပြထားသည်။ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာစာတမ်း ကို ၂၀၁၇တွင် ဇကြိမ်မြောက် လုပ်အားရွှေ့ပြောင်းသွားလာရေး အာဆီယံဖိုရမ် အတွက် အမျိုးသားအဆင့် ပြင်ဆင်ရေး အစည်းအဝေးတွင် တင်ပြမည်။ ဝန်ထမ်း ခန့်အပ်ခြင်းနှင့် ဆိုင်သည့် စာတမ်းကို ယခုနှစ်ကုန်တွင် ပြုစုနေသည်။<br><br>ပြည်ပ ရွှေ့ပြောင်းသွားလာရေး မူဝါဒများ နှင့် ဥပဒေဆိုင်ရာများတွင် စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်း<br><br>မူဝါဒချမှတ်ရေးတွင် ပါဝင်ဆောင်ရွက်မည့် ပြည်နယ်/တိုင်းများမှ ပတ်သက်သူများ သတင်းရရှိစေရန် ILOသည် ပြည်နယ်/တိုင်းအဆင့် အစိုးရအရာရှိများ၊ CSOများသို့ လုပ်အားရွှေ့ပြောင်းသွားလာရေး စီမံခန့်ခွဲမှုဆိုင်ရာ ငါးရက်ကြာ သင်တန်းများကို နေပြည်တော်၊ မန္တလေး၊ ရခိုင်၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီ တို့တွင် ဖွင့်လှစ်ခဲ့သည်။ |

| | |
|---|---|
| | ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ ဥပဒေပြုပြင်ပြောင်းလဲခြင်း<br><br>ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ(၁၉၉၉)ကို ပြန်လည်သုံးသပ်ရန် ဝန်ကြီးဌာနမှ ရွှေ့ပြောင်းသွားလာရေးဌာနကို ILOက နည်းပညာအထောက်အကူပေးခဲ့သည်။ ဤစီမံချက်သည် မူဝါဒရှင်းလင်းချက်များ၊ မူဝါဒ အကြံပေးချက်များဖြင့် အထောက်အကူပြုမည့် ပြည်တွင်းမှ အလုပ်သမားရွှေ့နေတဦးကို ငှားရမ်းရန် စီမံခဲ့သော်လည်း မရခဲ့ပါ။ ထိုကြောင့်နိုင်ငံတကာ ဥပဒေများနှင့် ယှဉ်ကာ ၁၉၉၉ခုနှစ် ဥပဒေကို သုံးသပ်ချက် ပြုစုနေသည်။<br><br>လွှတ်တော်အမတ်များကလည်း ရွှေ့ပြောင်းသွားလာရေးဆွေးနွေးပွဲများတွင် တက်ရောက်သည့်ပြင် လွှတ်တော်တွင်လည်း မေးခွန်းများ မေးမြန်းဆွေးနွေးကြသည်။ အိမ်တွင်းလုပ်သားကိစ္စကို အလေးပေးကာ ဝန်ကြီးကလည်း အိမ်တွင်းလုပ်သားများကို ကာကွယ်သည့် ဥပဒေကို ရေးဆွဲရန် လွှတ်တော်သို့ အဆိုပြုခဲ့သည်။<br><br>ပြည်ပ ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ အမျိုးသား လုပ်ငန်းစီမံချက်<br><br>ဤစီမံချက်သည် ဝန်ကြီးဌာနနှင့်အတူ ပြည်ပရွှေ့ပြောင်းသွားလာရေးဆိုင် ရာ အမျိုးသားလုပ်ငန်းစီမံချက် (၂၀၁၃-၂၀၁၇) အကောင်အထည်ဖော်မှုကို ပြန်လည်သုံးသပ်နေသည်။ မတ်လတွင်ကျင်းပခဲ့သော နှစ်ရက်ကြာ ပတ်သက်ဆက်နွယ်သူများ အစည်းအဝေးတွင် ဝန်ကြီးဌာနသည် သက်ဆိုင်ရာ အစိုးရဌာနများ၊ ကုလသမဂ္ဂဌာနများ၊ CSOများ၊ အလုပ်သမား အသင်းများသို့ မိမိ၏ ဆောင်ရွက်ချက်များကို မျှဝေခဲ့သည်။<br><br>အထောက်အထားအခြေပြု မူဝါဒချမှတ်ရေးအတွက် လွှတ်တော်အမတ်များ၏ စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း<br><br>ဤစီမံချက်သည် အမျိုးသားဒီမိုကရေစီဌာနနှင့်အတူ လွှတ်တော်အမတ်များနှင့် အကြံပြုဆွေးနွေးမှု နှစ်ကြိမ်ပြုလုပ်ခဲ့သည်၊ တခုမှာ လုပ်အားရွှေ့ပြောင်းသွားလာရေး စီမံခန့်ခွဲမှုဆိုင်ရာဖြစ်ပြီး၊ နောက်တခုမှာ တိုင်တန်းချက်အရေးယူမှုပုံစံစနစ် ရှင်းလင်းချက်စာတမ်းနှင့် သက်ဆိုင်သည်၊ တက်ရောက်လာသော လွှတ်တော်အမတ်တို့မှာ ပြည်တွင်းပြည်ပ အလုပ်အကိုင်၊ နိုင်ငံတကာ ဆက်ဆံရေး၊ အမျိုးသမီးနှင့် ကလေး စသည့် ရေးရာ ကော်မတီများမှ ဖြစ်ကြသည်။<br><br>မြန်မာနိုင်ငံတွင် ILO၏ လုပ်ငန်းများကိုလည်း နှစ်ရက်ကြာ ရှင်းလင်းတင်ပြခဲ့သည်။ လွှတ်တော်အမတ်များက အစည်းအဝေးတွင် ရွှေ့ပြောင်းသွားလာသူများကို ပိုမို ကာကွယ်နိုင်မည့် နည်းလမ်းများ၊ ဖိလစ်ပိုင်နိုင်ငံ ၏ ရွှေ့ပြောင်း သွားလာရေး ဥပဒေများ အကြောင်းတို့ကို မေးမြန်းခဲ့သည်။ ဤစီမံချက်သည် အမျိုးသားလွှတ်တော်မှ ပြည်တွင်းပြည်ပ အလုပ်အကိုင် ကော်မတီဥက္ကဋ္ဌကို ဖိလစ်ပိုင်နိုင်ငံသို့ စေလွှတ်ပေးခဲ့သည်။ |
| အကြောင်းအရာ။ ဘ၀အစ ရက် ၁,၀၀၀အတွင်း မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးခြင်း (MCCT)<br><br>ဆောင်ရွက်သူ။ Save the Children<br><br>ပူးပေါင်းသူများ။MOHS, GAD, 3MDG, MNMA, PGMF, IPA, IRC | နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နောင်မျိုးသစ်လေးများ အာဟာရပြည့်ဝရန် လိုအပ်ကြောင်းကို အလေးထား ပြောကြားခဲ့သည်။ MCCT အစီအစဉ်သည် MSWRR၏ NSPSP အစီအစဉ်ရှစ်ခုအနက် ပထမဆုံးဖြစ်သည်။ မြန်မာနိုင်ငံ ရိက္ခာနှင့် အာဟာရ ဖူလုံရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (MNAPFNS) ၂၀၁၆-၂၀၂၅တွင်လည်း MCCTကို ဦးစားပေးထားသည်။<br><br>DSWက မူဝါဒဆုံးဖြတ်ရာတွင်၊ အစီအစဉ်ဒီဇိုင်း ထုတ်လုပ်ရာတွင်၊ ဘတ်ဂျက် ခွဲဝေရာတွင် အထောက်အထား ရရှိစေရန် ရည်ရွယ်လျက် မြစ်ကျွန်းပေါ်၊ ရခိုင်၊ အပူပိုင်းဇုန်တို့တွင် SCIက ဆောင်ရွက်သော MCCT ရှေ့ပြေးစီမံချက်သုံးခုကို LIFT က ထောက်ပံ့သည်။ |

| | |
|---|---|
| | ရှေ့ပြေးစီမံချက်များသည်  MSWRRကို ဆွဲဆောင်နိုင်ခဲ့သဖြင့် ချင်းပြည်နယ် တခုလုံးအတွက် MCCT အစီအစဉ်ကို ဆောင်ရွက်ရာတွင် ထောက်ပံ့ရန်  LIFTနှင့် ဆွေးနွေးခဲ့သည်။  LIFTက နှစ်နှစ်တာ ငွေကြေးထောက်ပံ့ပြီးပါက အစိုးရက ငွေကြေး နှင့် စီမံခန့်ခွဲမှုကို တာဝန်အပြည့်အဝယူမည်။ |
| အကြောင်းအရာ။ ဆန်တွင် အာဟာရဖြည့်သွင်းခြင်း<br><br>ဆောင်ရွက်သူ။ PATH<br><br>ပူးပေါင်းသူများ။DOPH, NNC, FDA, DMR, DOA, DAR, MMCWA, MCU, NUDI, PSI, MMBDC | မြန်မာနိုင်ငံသို့ အားဖြည့်ဆန်ကို မိတ်ဆက်ခြင်း စီမံချက်သည်  မြန်မာနိုင်ငံတွင် အဏုအာဟာရချို့တဲ့မှုကို လျှော့ချရန် ယခင်ကမရှိခဲ့သေးသည့် ဆန်ကိုအားဖြည့်မည့် မူဝါဒကို ရေးဆွဲရန် ဆောင်ရွက်ခဲ့သည်။   အားဖြည့်ဆန်နှင့်  ဆန်တွင် အာဟာရဖြည့်ခြင်း မူဝါဒသည် မြန်မာနိုင်ငံ ရိက္ခာနှင့် အာဟာရ ဖူလုံရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (MNAPFNS) ၂၀၁၆-၂၀၂၅တွင် ဖော်ပြထားသော အဏုအာဟာရချို့တဲ့မှုကို ကိုင်တွယ်မည့် အာဟာရအားဖြည့်မှု မဟာဗျူဟာများ အနက် တခုဖြစ်သည်။<br><br>၂၀၁၆တွင် ဤစီမံချက်သည် အားဖြည့်ဆန်နှင့်တကွ ရန်ကုန်ရှိ အားဖြည့်ဆန် ထုတ်လုပ်သည့် စက်ရုံများ အတွက်ပါ FDAထံမှ အသိအမှတ်ပြုမှုကို ရရှိခဲ့သည်။ ၂၀၁၆ မတ်လတွင် PATHသည် အစိုးရဦးဆောင်သော အားဖြည့် ဆန်လုပ်ငန်းအဖွဲ့ (RFWG) မှတဆင့်  အစိုးရဌာနများဖြစ်သည့် DOPH၊ NNC၊ DMR၊ DOA၊ DOAR၊ DOCA   အပါအဝင်  အဓိက ပတ်သက်သူများနှင့် စည်းဝေးကာ အားဖြည့်ဆန်မူဝါဒကို ပြုစုနိုင်ခဲ့သည်။<br><br>မတ်လတွင်  အားဖြည့်ဆန်မူဝါဒ မူကြမ်းကို တင်ပြခဲ့ရာ အတည်ပြုခဲ့သည်။ ဒီဇင်ဘာလတွင် RFWG အစည်းအဝေး၌  အားဖြည့်ဆန်မူဝါဒကို ထောက်ပံ့မည့် မြန်မာနိုင်ငံ ဆန်စပါးလောက အခြေအနေသုံးသပ်ချက်ကို တင်ပြခဲ့သည်။<br><br>NNC သည် မူဝါဒချမှတ်ရာတွင် ဝန်ကြီးဌာနတိုင်းနှင့် ဆွေးနွေးသင့်ကြောင်း PATHက အဆိုပြုခဲ့သည်။ |
| **လူမှုကာကွယ်စောင့်ရှောက်ရေး** | |
| အကြောင်းအရာ။ ရပ်ရွာအခြေပြု လူမှုကာကွယ် စောင့်ရှောက်ရေး<br><br>ဆောင်ရွက်သူ။ HelpAge International (Myanmar)<br><br>ပူးပေါင်းသူများ။ မွန္တလေး YMCA, DSW, နယ်မြေအစိုးရများ | အပူပိုင်းဇုန် လူမှုကာကွယ်စောင့်ရှောက်ရေးစီမံချက်သည် ရပ်ရွာအခြေပြု လူမှုကာကွယ်စောင့်ရှောက်ရေး ပုံစံနစ်များကို တည်ဆောက်ကာ ထိခိုက်လွယ်မှုကို ဖြေရှင်းဆောင်ရွက်မည်။ အမျိုးသားအဆင့် လူမှုကာကွယ် စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက် (NSPSP)ကို တဖြည်းဖြည်း အကောင်အထည်ဖော်ရန် DSW နှင့် နယ်မြေအစိုးရ၏ စွမ်းဆောင်ရည်ကို တည်ဆောက်မည်၊ ၂၀၁၆တွင် တောင်သာ၊ နွားထိုးကြီး၊ ပခုက္ကူ၊ မလှိုင်၊ မြင်းခြံ၊ ရေစကြိုမြို့နယ်မှ ကျေးရွာ၁၈၀တွင် ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီ နှင့် လူမှုကာကွယ်စောင့်ရှောက်ရေး  ဆပ်ကော်မတီများကို ဖွဲ့စည်းခဲ့သည်။<br><br>ဤစီမံချက်သည်  အစိုးရ နှင့် NGOများလေ့လာနိုင်မည့် စစ်တမ်းနစ်စောင်ကို ပြုစုခဲ့သည်။ ပထမစစ်တမ်းဖြင့်  အထိခိုက်လွယ်ဆုံး ရပ်ရွာလူထုတို့၏ လိုအပ်ချက်ကို ကိုင်တွယ်နေသည့်  လက်ရှိ ရပ်ရွာအခြေပြု  လူမှုကာကွယ် စောင့်ရှောက်ရေး ပုံစံနစ်များကို လေ့လာသည်။ ဒုတိယစစ်တမ်းဖြင့် ဦးတည်နယ်မြေများရှိ ထိခိုက်လွယ်မှုနှင့်  လူမှုကာကွယ် စောင့်ရှောက်ရေး ကို အခြေခံ သုံးသပ်ချက်ကို ဆောင်ရွက်သည်။ |

| | |
|---|---|
| အကြောင်းအရာ။ သက်ကြီးများ အတွက် လူမှုရေးပင်စင်<br><br>ဆောင်ရွက်သူ။ HelpAge International (Myanmar)<br><br>ပူးပေါင်းသူများ။ မန္တလေး YMCA, DSW, နယ်မြေအစိုးရများ | လူမှုကာကွယ်စောင့်ရှောက်ရေး တိုးချဲ့ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ၏ အခန်းကဏ္ဍကို အားဖြည့်ပေးခြင်း စီမံချက်သည် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ခိုင်မာသော မူဝါဒများ နှင့် ထိရောက်သော အသုံးစရိတ်တို့ကို ရရှိစေရန် အားဖြည့်ပေးသည်။<br><br>၂၀၁၆အတွင်းတွင် ဤစီမံချက်သည် လူမှုဝန်ထမ်းဝန်ကြီးဌာနနှင့် နီးကပ်စွာ ဆောင်ရွက်ကာ ၂၀၁၆ ဒီဇင်ဘာလ တွင် အတည်ပြုခဲ့သော သက်ကြီး ရွယ်အို များဆိုင်ရာဥပဒေအရ NSPSP၏ လူမှုရေးပင်စင် အစီအစဉ်ကို အသက်ဝင်စေ ခဲ့သည်။ သက်ကြီးရွယ်အိုဆိုင်ရာ အမျိုးသားမူဝါဒ နှင့် ငါးနှစ် စီမံကိန်း ကိုလည်း စတင်ရေးဆွဲနေရာ ၂၀၁၇တွင် ပြီးစီးမည်။<br><br>ဤစီမံချက်သည် ပထမဆုံးအကြိမ် ငွေထောက်ပံ့မှု ရွေ့ပြောင်းဆောင်ရွက်ရာတွင် DSW နှင့် GADတို့၏ စွမ်းဆောင်ရည်ကိုလည်း သင်တန်းများ၊ အသိပညာဖွံ့ဖြိုးရေးများ၊ လက်တွေ့ အတွေ့အကြုံများဖြင့် တည်ဆောက် ပေးသည်။ ဤငွေကြေးထောက်ပံ့မှု ရွေ့ပြောင်းဆောင်ရွက်မှုကို မွမ်းမံပြင်ဆင်ကာ ၂၀၁၇ ဧပြီလတွင် ချင်းပြည်နယ်၌ ဝန်ကြီးဌာန၏ ဆောင်ရွက်ကာ LIFTက ပံ့ပိုးပေးသည့် MCCTအစီအစဉ်တွင် အသုံးပြုမည်။ ထို့ပြင် ဤအားထုတ်ဆောင်ရွက်မှုသည် အသက်၉၀ကျော် ဘိုးဘွားများ ကို လူမှုရေးပင်စင်ပေးရန်၊ MCCTအစီအစဉ်ကို တိုးချဲ့ရန် ဝန်ကြီးဌာနအား ဘတ်ဂျက် တိုးတက် ရရှိစေမည် ဖြစ်သည်။ |
| အကြောင်းအရာ။ အထောက်အထား အခြေခံသည့် မူဝါဒ ချမှတ်ရေးအတွက် လူမှု ကာကွယ်စောင့်ရှောက်ရေး သုတေသန<br><br>ဆောင်ရွက်သူ။ SPPRG<br><br>ပူးပေါင်းသူများ။ DRD, DSW, DSS, The Leprosy Mission Myanmar , ActionAid Myanmar and HelpAge International (Myanmar)၊ စစ်ကိုင်းနှင့် ရှမ်းပြည်နယ် ဒေသသ အစိုးရအဖွဲ့များ PAO၊ PYN | အားလုံးပါဝင်စေသော အသက်မွေးမှု နှင့် လူမှုကာကွယ် စောင့်ရှောက်ရေး သုတေသနစီမံချက်သည် အဓိကဦးဆောင်သူများဖြစ်သည့် အစိုးရနှင့် အစိုးရ မဟုတ်သော ပတ်သက်သူများအား အထောက်အထားများကို စုဆောင်းရန်၊ သုံးသပ်ရန်၊ အသက်မွေးမှု ၊ လူမှုကာကွယ် စောင့်ရှောက်ရေးမူဝါဒများ နှင့် အဓိက ကျသော လူမှုရေး မူဝါဒများ ချမှတ်နိုင်ရာတွင် ထိရောက်စွာ အသုံးပြုနိုင်စွမ်းကို တည်ဆောက်ပေးသည်။<br><br>ဤစီမံချက်သည် DRDနှင့်အတူ အဓိကကျသော သုတေသန စီမံချက်နှစ်ခုကို ဆောင်ရွက်ခဲ့သည်-(၁) ကျေးလက်ဒေသ ရပ်ရွာလူထု၏ နွမ်းပါးမှု၊ ထိခိုက်လွယ်မှုနှင့် လူမှုကာကွယ် စောင့်ရှောက်ရေး အတိုင်းအတာ၊ (၂) ကျေးလက်ဒေသဖွံ့ဖြိုးရေးဖြင့် နွမ်းပါးမှုလျှော့ချခြင်း။ မြစိမ်းရောင် ကျေးရွာစီမံချက် တို့ ဖြစ်သည်။<br><br>အစိုးရ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်မှ အဓိကကျသော အစိတ်အပိုင်း များနှင့် ပတ်သက်၍ အထောက်အထား အခြေပြု ဆုံးဖြတ်ချက် ချမှတ်ရေးကို ဆွေးနွေးပွဲများက ဖြည့်ဆည်းပေးသည်။ ဤအတွေ့အကြုံများကြောင့် DRD သည် အထောက်အထား အခြေပြု ဆုံးဖြတ်ချက် ချမှတ်နိုင်စွမ်း နှင့် ချမှတ်လိုစိတ် တိုးတက်လာသည်၊ ယင်းတို့ကိုယ်တိုင် သုတေသနလုပ်နိုင်စွမ်း ရှိလာသည်။ အခြား အစိုးရဌာနများ (ဥပမာ။ သမဝါယမ) ကလည်း အစီအစဉ်၏ ထိရောက်မှုကို သုံးသပ်ရန် အထောက်အထား အခြေပြု ဆုံးဖြတ်ချက် ချမှတ်ရန် အလားတူ သုတေသနများကို ဆောင်ရွက်လာသည်။ |
| **ကျေးလက်ဒေသဖွံ့ဖြိုးရေး** | |
| အကြောင်းအရာ။ DRDသို့ နည်းပညာ အထောက်အကူပေးခြင်း<br><br>ဆောင်ရွက်သူ။ LIFT TA Team<br><br>ပူးပေါင်းသူ။ DRD | ၂၀၁၆တွင် LIFT နည်းပညာ အထောက်အကူအဖွဲ့သည် DRDကို ဗဟို အဆင့် နှင့် မြို့နယ်အဆင့်တွင်ပါ ဒေသဖွံ့ဖြိုးရေး နှင့် ရင်းနှီးမြှုပ်နှံမှု စီမံနိုင်စေရန် စွမ်းဆောင်ရည် တည်ဆောက်ပေးကာ ထောက်ပံ့နေသည်။ ၂၀၁၅ခုနှစ် ကျေးရွာ ဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရေး ရွေ့ပြောင်းစီမံချက်ကို အခြေခံကာ နည်းပညာ အထောက်အကူအဖွဲ့ သည် မြို့နယ်DRD အရာရှိ ၃၄ဦးကို စွမ်းဆောင်ရည် တည်ဆောက်ပေးသည်။ ကျေးရွာ၁၇၀ကို ရွာ၏လိုအပ်ချက်အလိုက် ရင်းနှီးမြှုပ်နှံမှု စီမံချက်ကိုရေးဆွဲကာ တရွာလျှင် ကျပ်ငါးသန်းနှုန်းဖြင့် အစိုးရက ထုတ်ပေးထားသော ရန်ပုံငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ကို အကောင်အထည် ဖော်နိုင်ရန် ဆင့်ပွား သင်တန်းများ ပေးခဲ့ကြသည်။ အထောက်အကူအဖွဲ့သည် DRD နှင့်အတူ မြို့နယ် ၂၉ခုမှ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်များ နှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များကို ပေါင်းစည်းပေးခဲ့သည်။ |

## နောက်ဆက်တွဲ ၇။ ၂၀၁၆ ခုနှစ်တွင် တင်ပြခဲ့သော LIFT၏ လေ့လာမှုစာတမ်းများ

| အမည် နှင့် ပြုစုသူ | အကြောင်းအရာ |
| --- | --- |
| **ဦးတည်ကဏ္ဍ။ ကျေးလက် အသွင်ကူးပြောင်းမှု** | |
| ရန်ကုန်ဝန်းကျင်ရှိ လယ်ယာပြင်ပ အလုပ်အကိုင်နှင့် ကျေးလက်ဒေသ လယ်ယာပြင်ပ စီးပွားရေး<br><br>MSU, CESD, International Food Policy Research Institute | ရည်ရွယ်ချက်။ ဤစာတမ်းသည် မြန်မာ့ ရေလုပ်ငန်း-စိုက်ပျိုးရေးစစ်တမ်းမှ တွေ့ရှိချက်များဖြစ်သော ရန်ကုန် ဝန်းကျင် ၄မြို့နယ်မှ လယ်ယာပြင်ပ အလုပ်အကိုင်များ၏ အသွင်အပြင်များကိုဖော်ပြထားသည်။ ဒေသနစ်ခုမှ လယ်ယာပြင်ပအလုပ်အကိုင်များ၏ အသွင်အပြင်များကို အလေးပေးထားသည်။<br><br>တွေ့ရှိချက်များ။ လယ်ယာပြင်ပအလုပ်အကိုင်များသည် အချမ်းသာဆုံး အိမ်ထောင်စုများ၊ အကြီးဆုံး မြေပိုင်ရှင်များ အတွက်ပင် အထူးအရေးကြီးလှသည်။ စစ်တမ်းနယ်မြေမှ လယ်ယာပြင်ပလုပ်အားဈေးကွက်သည် ကောင်းစွာ စုစည်းထားကြောင်း တွေ့ရသည်။ သို့သော် အလုပ်အကိုင်သဘောချင်း တူညီစေကာမူ ကျား/မ လုပ်အားခရရှိမှုမှာ လွန်စွာ ကွာခြားကြောင်းတွေ့ရသည်။ |
| မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသ စက်မှုလယ်ယာ နှင့် တည်ဆောက်ပုံ အသွင်ပြောင်းလဲမှု<br><br>MSU, CESD, International Food Policy Research Institute | ရည်ရွယ်ချက်။ ဤစာတမ်းသည် ရန်ကုန်ဝန်းကျင် ၄မြို့နယ်တွင် စစ်တမ်းကောက်ယူမှု ကို သုံးသပ်ခြင်းဖြင့် လက်ရှိ စက်မှုလယ်ယာ အဆင့်အတန်းနှင့် ပြောင်းလဲနှုန်း၊ အသွင်အပြင်၊ တွန်းအား တို့ကို နားလည်စေရန် ရည်ရွယ်သည်။<br><br>တွေ့ရှိချက်များ။ စက်မှုလယ်ယာပြောင်းလဲမှုသည် စစ်တမ်းကောက်ယူသည့် ကျေးရွာ အုပ်စုများတွင် ကောင်းစွာ ခရီးရောက်နေပြီး ကျွဲနွားများကို လုံးဝနီးပါး အစားထိုးထားပြီး ဖြစ်သည်ကို တွေ့ရသည်။<br><br>စီးပွားရေး အသွင်ပြောင်းလဲမှု နှင့် လယ်ယာပြင်ပကဏ္ဍ တိုးပွားမှုသည် တည်ဆောက်ပုံ အနေအထား အသွင်ပြောင်းလဲမှု ဖြစ်စဉ်ကို လှုံ့ဆော်လျက်ရှိသည်။ စိုက်ပျိုးရေးမှ မြို့ပြရှိ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများသို့ လုပ်သားပြောင်းရွှေ့နေသဖြင့် လုပ်အား ရှားပါးခြင်း၊ လုပ်ခဈေးတက်ခြင်းတို့ ဖြစ်ပေါ်နေသည်။ ဤအချက်တို့သည် စက်မှု လယ်ယာ ပြောင်းလဲမှု၏ အဓိကမောင်းနှင်အားများ ဖြစ်သည်။ ငွေကြေး ဝန်ဆောင်မှု များ များပြားလာခြင်း၊ အကြီးစား စက်ကိရိယာများကို ငှားရမ်းလာနိုင်ခြင်း တို့ကြောင့် တောင်သူများ ယင်းစက်ကိရိယာများကို ပိုမို လက်လှမ်းမီလာသည်။ |
| **ဦးတည်ကဏ္ဍ။ စိုက်ပျိုးရေး** | |
| အတူတကွ သင်ယူလေ့လာ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသမှာ<br><br>LIFT FMOကပြုစု၍ ဦးထက်ကြူက တည်းဖြတ်သည် | ရည်မှန်းချက်။ LIFT၏ မိတ်ဖက်များသည် မြစ်ဝကျွန်းပေါ် (၂) စီမံချက်များကို အကောင်အထည်ဖော်ရာမှ တွေ့ကြုံရသည်တို့ကို ဤအစီရင်ခံစာဖြင့် ဝေမျှထားသည်။ စိုက်ပျိုးကုန်ထုတ်မှုနှင့် ရိတ်သိမ်းချိန်လွန် အလေအလွင့်၊ ဆန်စပါး တန်ဖိုးကွင်းဆက်တွင် တောင်သူများကို ပေါင်းစည်းခြင်း၊ ဝင်ငွေရအလုပ်များမှ အမြတ်အစွန်းရရှိရေး။ စုပေါင်း ဝန်ဆောင်မှုများကို ဖွဲ့စည်းခြင်း တို့ကို ဦးတည်ကာ ၂၀၁၄ အောက်တိုဘာလတွင် LIFTက ပြုလုပ်ခဲ့သော ဆွေးနွေးပွဲများတွင် မျှဝေ ထားသည့် သင်ခန်းစာများ ဤအစီရင်ခံစာတွင် ပါဝင်သည်။ အလားတူ ငှား-ဝယ် ပုံစံများ၊ ဈေးကွက်သတင်း၊ စိုက်ပျိုးရေးချေးငွေ စသည်တို့နှင့် ပတ်သက်သည် တို့ကိုလည်း မျှဝေထားသည်။ |

| | |
|---|---|
| | တွေ့ရှိချက်များ။ LIFT၏ ပံ့ပိုးမှု ၊ MADBက ပိုမိုထုတ်ချေးလာမှု၊ ရွာအများစုတွင် သမဝါယမချေးငွေများကြောင့် မြစ်ဝကျွန်းပေါ်ဒေသတွင် ငွေရေးကြေးရေးကို လက်လှမ်းမီမှု အတော်အတန် တိုးတက်လာသည်။ လုပ်ကွက်ငယ် တောင်သူများကို တန်ဖိုးကွင်းဆက်သို့ ဟန့်တားနေသည့် အချက်များတွင် အကန့်အသတ်ဖြင့်သာ ရင်းနှီးနိုင်စွမ်း၊ နည်းပညာ နှင့် အဆင့်မီသွင်းအားစုများကို ကောင်းစွာ လက်လှမ်းမမှီ၊ ဈေးကွက် နှင့် စိုက်ပျိုးရေး ဝန်ဆောင်မှုများ ပေါင်းစည်းမှု အားနည်းခြင်း၊ တောင်သူ အချင်းချင်း အချိတ်အဆက် နှင့် ပေါင်းစည်းမှု မရှိသလောက် နည်းပါးခြင်း တို့ ပါဝင်သည်။ တောင်သူများသည် သွင်းအားစု-ထုတ်ကုန်စနစ် အနိမ့်မှ အမြင့်သို့ ကူးပြောင်းနေပြီ ဖြစ်၍ အထွက်တိုးရန်မှာ တောင်သူပညာပေးလုပ်ငန်းများ နှင့် ငွေကြေးရရှိမှုတို့က အခရာကျသည်။ အကျိုးတူလယ်ယာ စိုက်ပျိုးခြင်းသည် ထုတ်လုပ်မှု အချက်အလက် များကို လက်လှမ်းမီစေသည်၊ တောင်သူ အုပ်စုများ အချင်းချင်း၊ ဆန်စက်ပိုင်များ၊ သွင်းအားစု အရောင်းသမား များနှင့် ဆက်ဆံရေးတို့ကို ခိုင်မာအားကောင်းစေသည်။ မျိုးစေ့ အဆင့်ထိန်းသိမ်းရေးနှင့် အလေအလွင့် လျော့နည်းရေး တို့အတွက် ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် လုပ်နည်း တို့က အရေးပါသည်။ |
| လယ်ယာထုတ်လုပ်မှု စီးပွားရေး သုံးသပ်ချက်<br><br>World Bank and Agrifood Consulting International (ACI) | ရည်ရွယ်ချက်။ ၂၀၁၃နှစ်ကုန်နှင့် ၂၀၁၄နှစ်လယ်တို့တွင် စိုက်ပျိုးခဲ့သော နွေသီးနှံနှင့် ဆောင်းသီးနှံတို့၏ ထုတ်လုပ်မှု နှင့် ဝင်ငွေဆိုင်ရာ အိမ်ထောင်စုအလိုက် ကိန်းဂဏန်း အချက်အလက်များကို ကောက်ယူခဲ့ခြင်း ဖြစ်သည်။ ဤသတင်း အချက်အလက်များကို အခြေခံသည့် ပုံစံများဖြင့် ပြောင်းလဲနေသော စီးပွားရေး အခြေအနေနှင့် မူဝါဒများကို အိမ်ထောင်စု အဆင့်တွင် မည်သို့ တုံ့ပြန်ကြသည်ကို သုံးသပ်မည်။<br><br>တွေ့ရှိချက်များ။ မြန်မာ့ လယ်ယာစနစ်များသည် အများထင်ထားသည်ထက် ပိုမို အမျိုးစုံလင်သည်။ မိုးရာသီတွင် အများစုက စပါးစိုက်ကြပြီး ဆောင်းရာသီတွင် စပါးမှအပ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံများ၊ ပြောင်းဖူးတို့ကို အဓိက စိုက်ပျိုးကြသည်။ မည်သည့်အညွှန်းဖြင့် တိုင်းတာသည်ဖြစ်စေ မြန်မာနိုင်ငံ၏ သီးနှံအထွက်နှုန်း နိမ့်ကျကြောင်း သုံးသပ်ချက်တွင် အတည်ပြုထားသည်။ ထိုကြောင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတွင် အထောက်အကူ မဖြစ်လှပေ။ သီးနှံထွက်နှုန်းနိမ့်ကျရခြင်းမှာ အကြောင်းရင်း များစွာကြောင့် ဖြစ်သည်။ ယင်းတို့အနက် အများစုမှာ သုတေသန၊ တောင်သူပညာပေးရေး၊ ကျေးလက်ဒေသ အခြေခံ အဆောက်အအုံစသော အဆင့်မီ ပြည်သူ့ဝန်ဆောင်မှုများ အလုံအလောက် မရခြင်းကြောင့် ဖြစ်သည်။ စပါးထုတ်လုပ်မှုကိုသာ အထူးမပြုပဲ ကျယ်ပြန့်သည့် စိုက်ပျိုးရေး ဖွံ့ဖြိုးရန် ထောက်ပံ့မှု သို့ ပြောင်းလဲရန် လိုသည်။ ဤကိစ္စမှာ အထူးပင် အရေးကြီးသည်။ အကြောင်းမှာ ဒေသအများစုတွင် ဆောင်းရာသီ၌ စပါးထုတ်လုပ်ရန်မှာ ကျန်သီးနှံ များထက် စရိတ် ပိုကုန်ပြီး အမြတ်ပိုနည်း သောကြောင့် ဖြစ်သည်။ |
| မြန်မာနိုင်ငံတွင် တောင်သူ အသင်းအဖွဲ့များ ထွက်ပေါ်လာခြင်း<br>GRET, FSWG | ရည်ရွယ်ချက်။ မြန်မာနိုင်ငံရှိ တောင်သူ အသင်းအဖွဲ့များ၏ လှုပ်ရှားမှုကို နားလည်စေရန် ရည်ရွယ်သည်။<br><br>တွေ့ရှိချက်များ။ ပထမအချက်မှာ တောင်သူ အသင်းအဖွဲ့များကို နားလည်မှု မရှင်းလင်းခြင်းပင် ဖြစ်သည်။ တောင်သူ အသင်းအဖွဲ့များ ဟူသော အမည် ကိုပင် အမျိုးမျိုး မြင်ကြသည်။ တောင်သူ အသင်းအဖွဲ့များ၏ အသင်းဝင် ဖြစ်မှု၊ တာဝန်များ၊ ရန်ပုံငွေ နှင့် ဖွဲ့စည်းမှု စသည့် လက္ခဏာ/ရှုထောင့် အမျိုးမျိုး ကို အကျုံးဝင်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဤအစီရင်ခံစာက ရှင်းလင်း တင်ပြရန် ကြိုးစားမည်။ သုတေသနပြုစဉ်က တွေ့ဆုံမေးမြန်းခဲ့သော တောင်သူအသင်းအဖွဲ့များကိုလည်း အမျိုးအစား ခွဲခြားပြထားသည်။ ဤအစီရင်ခံစာသည် ဒေသခံ တောင်သူအသင်း အဖွဲ့များ ထွက်ပေါ်လာမှု နှင့် အခြားပတ်သက်သူများ (ဗဟိုနှင့်ဒေသအစိုးရ၊ အလှူရှင်များ၊ NGOများ) အသိအမှတ်မပြုကြ မထောက်ပံ့ကြသော်လည်း အဖွဲ့ဝင် များကို လူမှုရေး စီးပွားရေး ဝန်ဆောင်နေမှု တို့၏ လက်ရှိအလားအလာကို အလေးပေး ဖော်ပြထားသည်။ ယင်းတို့၏ အခန်းကဏ္ဍကို ကောင်းမွန်စေမည့် တောင်သူများကို အမှန်တကယ် ကိုယ်စားပြု နိုင်စေမည့် အကြံပြုချက်များကိုလည်း ဖော်ပြထားသည်။ FSWGသို့ သီးခြား အကြံပြုချက်များ လည်း ဖော်ပြထားသည်။ |

| | |
|---|---|
| ရေလုပ်ငန်းအပြောင်းအလဲ တန်ဖိုးကွင်းဆက် အသွင်ပြောင်းလဲခြင်း၊ မြန်မာနိုင်ငံတွင် ငါး နှင့် ရိက္ခာဖူလုံရေး<br><br>MSU, CESD, International Food Policy Research Institute | ရည်ရွယ်ချက်။ ယခင်က ပြုလုပ်ဖူးသည်ထက် ပိုမိုအသေးစိတ်သော ကျယ်ပြန့်သည့် မွေးမြူရေးငါး တန်ဖိုး ကွင်းဆက် ကွင်းဆင်းစစ်တမ်းမှ တွေ့ရှိချက်များဖြစ်သည်။ ဤစစ်တမ်းသည် ရေချိုငါးမွေးမြူရေးကိုသာ အာရုံစိုက်သည်။<br><br>တွေ့ရှိချက်များ။ ငါးမွေးမြူရေးသည် မြန်မာနိုင်ငံ ရိက္ခာဖူလုံရေးတွင် အရေးကြီးသည်။ မြန်မာစားသုံးသူများသို့ ပရိုတိန်းဓာတ် နှင့် အဏုအာဟာရများကို အဓိက ပို့ဆောင်ပေးနေသည်မှာ ငါးဖြစ်သည်။ မြန်မာနိုင်ငံပြည်တွင်း ငါးစားသုံးမှု၏ ၂၀ရာခိုင်နှုန်းသာ မွေးမြူရေးငါး ဖြစ်သည်။ အိမ်သုံးစရိတ် တိုးတက်လာသည်နှင့်အမျှ မွေးမြူရေးငါးကို ဖမ်းမိငါးထက် သိသိသာသာ ပိုမို စားသုံးလာသည်ကို တွေ့နေရသည်။ ထို့ပြင် မြန်မာ့ မွေးမြူရေးငါး စုစုပေါင်း၏ ၉၀ရာခိုင်နှုန်းဖြစ်သော မြစ်ဝကျွန်းပေါ်မှ ငါးအထွက်သည် ပြီးခဲ့သော ဆယ်စုနှစ်များတွင်း ၂၅၀ရာခိုင်နှုန်းတိုးလာသည်ကို တွေ့ရသည်။ ထိုသို့ ဖြစ်ရသည်မှာ ငါးမွေးကန်ဧရိယာ တိုးလာသကဲ့သို့ အထွက်နှုန်းတိုးလာခြင်းကြော င့်လည်း ဖြစ်သည်။ ထိုသို့တိုးလာသော်လည်း မွေးမြူသည့်နည်း ရော မွေးမြူသည့် ငါးမျိုးများပါ များစွာပြောင်းလဲခြင်း မရှိပေ။<br><br>မွေးမြူရေးငါး လိုအပ်ချက်/စားသုံးမှုမှာ အလွန်တိုးလာရန် ရှိသည်။ မွေးမြူရေးငါး တန်ဖိုးကွင်းဆက်သည် အချို့နေရာများ တွင် အလွန်လှုပ်ရှားသက်ဝင်လှသော်လည်း ကျန်နေရာများမှာ ဒေသတွင်း အခြားနိုင်ငံများ နောက်တွင် ရောက်နေသည်။ ယင်း မညီမျှမှုမှာ မြန်မာနိုင်ငံ ကာလတာရှည်စွာ သီးခြားရပ်တည်နေမှုနှင့် မကြာသေးမီကမှ စီးပွားရေး ပြောင်းလဲမှုတို့ကို ထင်ဟပ်နေသည်။ ငါးမွေးမြူရေးကဏ္ဍသည် ပိုမို ယှဉ်ပြိုင်နိုင်မှု၊ အမျိုးအမည် များပြားမှု၊ လုပ်ကွက်ငယ်များ ပါဝင်စေမှုတို့ဖြင့် တိုးတက် ကြီးပွားရန် အလားအလာ ကြီးကြီးမားမား ရှိနေသည်။ |
| ဟင်းသီးဟင်းရွက် စားသုံးမှု၊ အကြိုက်၊ တန်ဖိုးကွင်းဆက်<br><br>Mercy Corps | ရည်ရွယ်ချက်။ ဟင်းသီးဟင်းရွက် ဝယ်လိုအား တိုးနေကြောင်း အဖွဲ့အစည်းများက သိကြသော်လည်း ဟင်းသီး ဟင်းရွက် အရည်အသွေးကို မည်သို့မြင်သည်၊ မည်သို့ မည်ပုံ ဝယ်သည်၊ မည်သို့ စားသုံးသည်၊ ဓာတုဆေးဝါးများ ဘေးကင်းလုံခြုံမှု စသည်ကို မည်သို့ သဘောထားသည်ဆိုသည့် စားသုံးသူအကြိုက်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကိုမူ အဆက်ပြတ်နေကြသည်။ ဤသုတေသနသည် မြန်မာ့ ဟင်းသီးဟင်းရွက် ကဏ္ဍတွင် စားသုံးသူ အကြိုက် နှင့် ပတ်သက်သော ပထမဆုံးသုတေသန၏ အစီရင်ခံစာ ဖြစ်သည်။<br><br>တွေ့ရှိချက်များ။ ဟင်းသီးဟင်းရွက်၏ အသွင်အပြင်ကို အရသာထက်များစွာ အလေးထားကြသည်။ လက်လီ ဈေးသည် တို့အဖို့ အရောင်းကာလသည် အရေးကြီးသည်။ ဝယ်ထားသည့် ကုန်စိမ်းများရောင်းချရရန် ၂-၃ရက်မျှ ကြာတတ် သောကြောင့် ဒုတိယနေ့ တတိယနေ့တို့တွင်လည်း လတ်ဆတ်သည့် အသွင်ရှိနေမှ ဈေးကောင်း ရနိုင် ပေမည်။ ထောက်ပံ့ရေးကွင်းဆက် လုပ်ဆောင်သူတို့ကမူ အတင်အပို့ဒဏ် ခံနိုင်သည့်ပြင် ဈေးကောင်းကောင်းဖြင့် အမြန် ရောင်းထွက်မည့် ဟင်းသီးဟင်းရွက်တို့ကိုသာ ဝယ်လိုသည်။ စားသုံးသူတို့က ဈေးများ၏ သန့်ရှင်းမှုကို စိတ်တိုင်းကျခြင်း မရှိသည့်အတွက် စူပါမားကက်များသို့ ပိုမိုသွားနေကြသည်။ ဓာတုပစ္စည်းများကို မစားမိချင်သောကြောင့် အော်ဂဲနစ် ဟင်းသီးဟင်းရွက် ဆိုသည်ကို စားသုံးသူတို့က သဘောကျကြသည်။ သို့သော် ဓာတုဆေးများ ကင်းလွတ်/ အော်ဂဲနစ် ဆိုသည်မှာ လက်လီဈေး မည်သို့ ပိုကြီးနိုင်မည်၊ အသွင်အပြင် နှင့် အရသာ မည်သို့ ရှိမည်ကိုမူ ကောင်းစွာ နားမလည်ကြပေ။ ဟင်းသီးဟင်းရွက်၏ အရည်အသွေးနှင့် ဘေးကင်းမှုနှင့် သက်ဆိုင်သော သတင်းများ ပညာပေးမည့် အခွင့်အရေးများသည်လည်း စားသုံးသူများ၊ လက်လီဈေးသည်များ၊ အခြား လုပ်ကိုင်သူများ နှင့် အဆက်ပြတ်နေသည်။ စားသုံးသူတို့သည် အသစ်အဆန်းများကို စမ်းသပ်လို သော်လည်း ဟင်းသီးဟင်းရွက် ကဏ္ဍတွင်မူ ဟင်းသီးဟင်းရွက် အမျိုးအစား အသစ်များကို တွေ့ရခဲသည်။ ဟင်းသီးဟင်းရွက် ထောက်ပံ့ရေးကွင်းဆက်အတွင်း လုပ်ကိုင်နေသူ အချင်းချင်းမှာ ခိုင်မာသော ယုံကြည်မှုဖြင့် ဆက်ဆံရေး တည်ဆောက်ထားကြသည်။ |

| | |
|---|---|
| | ထောက်ပံ့ရေးကွင်းဆက်အတွင်း လုပ်ကိုင်နေသူများအနက် အစွန့်စားရဆုံးသူတို့မှာ တောင်သူများ နှင့် လယ်ယာများသို့ သွင်းအားစုများ ပေးသွင်းသည့်၊ ရောင်းချမည့် ထုတ်ကုန်များကို လက်ခံရသည့် ကုန်သည်များ ဖြစ်သည်။ ယင်းတို့သည် ထုတ်ကုန်များ မရောင်းရခြင်း၊ အလွန်စျေးချကာ ရောင်းချရခြင်း စသည်တို့ကို ကြုံရနိုင်သည်။ မြို့ပြမှ လက်ကားစျေးသည်များသည်လည်း စျေးကွက်သို့ ထုတ်ကုန်များ ရောက်မလာမီကပင် စျေးနှုန်းကို သဘောတူထားရသောကြောင့် စွန့်စားကြရသည်။ အကယ်၍ ကုန်အရောက် တရက်နောက်ကျခဲ့ပြီး ရောက်လာချိန်တွင်လည်း စျေးကွက်အတွင်း၌ အခြားနယ်မြေမှ ထို ဟင်းသီး ဟင်းရွက် အမြောက်အမြားရောက်နေပါက စျေးကျနေပြီး စျေးကြီးပေးထားမိသည့် အဆုံးအရှုံးနှင့် ရင်ဆိုင်ရတတ်သည်။<br><br>ပွဲစားများမှာ တန်ဖိုးကွင်းဆက်အတွင်းတွင် စွန့်စားရမှု အနည်းဆုံးဖြစ်သည်။ ကုန်သည်များ၊ ပွဲစားများ၊ လက်ကား စျေးသည်များသည် စျေးဖြတ်ရာတွင် အဓိက ကျသူများဖြစ်သည်။<br><br>တန်ဖိုးကွင်းဆက်အတွင်းပါဝင်သူများက စွန့်စားရမှုကို အနည်းဆုံးဖြစ်အောင် လုပ်ကြသည့်နည်းများတွင် အချင်းချင်း အဆက်အသွယ်ကောင်းအောင် လုပ်သည့် နည်းလည်း ပါဝင်သည်။ မိုဘိုင်းလ်ဖုန်း ပေါ်လာသဖြင့် အဆင်ပြေလာသည်။ ထိုသို့ ဆက်သွယ်ရေးကောင်းသဖြင့် ယင်းတို့က အဆင်ပြေကာ အမြတ်အစွန်း ရရှိနေသော်လည်း ဟင်းသီးဟင်းရွက်စားသုံးသူ အိမ်ထောင်စုများမှာ ယင်းတို့နှင့် အဆက်အသွယ် အားနည်းလှသည်။ မိမိတို့ဝယ်ယူလိုသည်များနှင့် ပတ်သက်၍ ထောက်ပံ့သူများကို ဆက်သွယ်ရန် မသိကြပေ။ |
| ဘက်မျှသော တိုးတက်မှုနှင့် ကြံ့ကြံ့ခံ နိုင်သော အသက်မွေးမှုအတွက် စိုက်ပျိုးရေးကို အားသစ်လောင်းခြင်း။ မွန်ပြည်နယ်အတွက် ကျေးလက်ဖွံ့ဖြိုးရေး မဟာဗျူဟာသို့<br><br>CESD, IFPRI, MSU | ရည်ရွယ်ချက်။ ဤအစီရင်ခံစာသည် မွန်ပြည်နယ်၏ ကျေးလက်စီးပွားရေး သုံးသပ်ချက် နှင့် ပြည်နယ်လူထုကြီးပွားရေး နည်းလမ်းများကို ဗဟိုအဆင့် နှင့် ပြည်နယ်အဆင့် မူဝါဒချမှတ်သူများ၊ ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံသူများ၊ လူမှုအဖွဲ့အစည်းများနှင့် အလှူရှင်များသို့ ပေးအပ်ရန် ရည်ရွယ်သည်။<br><br>တွေ့ရှိချက်များ။ မွန်ပြည်နယ်၏ ကျေးလက်စီးပွားရေးသည် ကြီးမားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေသော်လည်း မွန်ပြည်နယ် နှင့် ပြည်ထောင်စု အစိုးရတို့ တောင်သူများ အပါအဝင် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းကာ ကျေးလက်ပြည်သူများကို အကျိုးပြုမည့် ကျေးလက်ဝင်ငွေတိုးစေမည့် တက်ကြွသည့်ကျေးလက်စီးပွားရေးကို ဖြစ်ထွန်းစေပါက အကောင်းမြင်စရာ အကြောင်းများရှိနေသည်။ ဤပန်းတိုင်ကို ရောက်ရှိရေးအတွက် ပြည့်စုံသော မွန်ပြည်နယ် ကျေးလက်ဖွံ့ဖြိုးရေး မဟာဗျူဟာကို အောက်ပါမူများကို အခြေခံကာ ရေးဆွဲသင့်သည်-<br><br>(၁)အားလုံးပါဝင်စေမှု။ အားသာချက် အားနည်းချက်များ နှင့် ပုဂ္ဂလိကကဏ္ဍ၊ လူမှုအဖွဲ့အစည်းများ၏ သက်ဆိုင်ရာ တာဝန်များကို ပြတ်သားစွာ နားလည်ခြင်း၊<br><br>(၂) ဗဟိုချုပ်ကိုင်မှု စနစ်မရှိခြင်း။ ဆုံးဖြတ်ချက်များကို ဗဟိုက မချမှတ်စေခြင်း၊ အောက်မှအထက်သို့ စီမံခြင်း၊ အတူ သင်ယူ ခြင်း၊<br><br>(၃) ရေရှည်တည်တံ့ခြင်း။ ရေတို အကျိုးနှင့် ရေရှည်အကျိုးကို ချိန်ဆခြင်း။ |

| | |
|---|---|
| LIFTစီမံချက်များမှ တောင်သူ အသင်းအဖွဲ့များ နှင့် သမဝါယမများသို့ သမဝါယမချဉ်းကပ်နည်းကို လေ့လာခြင်း<br><br>M-CRIL | ရည်ရွယ်ချက်။ LIFTမိတ်ဖက် စီမံချက်များက ထောက်ပံ့နေသော တောင်သူ အသင်းအဖွဲ့များ အရည်အသွေး ဆိုင်ရာ သုံးသပ်ရန် နှင့် ဆင့်ပွားရန် နှင့် တိုးချဲ့ရန် အတွက် ထိရောက်မည့် ချဉ်းကပ်နည်းများကို ဖော်ထုတ်ရန် ရည်ရွယ်သည်။<br><br>တွေ့ရှိချက်များ။ မြန်မာနိုင်ငံတွင် ခိုင်မာသော ကောင်းစွာ လုပ်ငန်း လည်ပတ်နေသော တောင်သူ အသင်းအဖွဲ့များ များစွာ မရှိပေ။ မည်မျှပင် ရှိစေကာမူ အဖွဲ့ဝင်များက ပိုင်ဆိုင်သော တက်ကြွသည့် တောင်သူအသင်း အဖွဲ့များ ဖြစ်စေရန် စွမ်းဆောင်ရည် ထပ်မံတည်ဆောက်မှု ကောင်းစွာ ဆောင်ရွက်ပေးရမည် ဖြစ်သည်။ |
| **ဦးတည်ကဏ္ဍ။ အာဟာရဆိုင်ရာ** | |
| မြန်မာနိုင်ငံ အာဟာရ ပြည့်ဝမှု။ အပိုင်း ၁။ စာအုပ်စာတမ်းများကို ဝေဖန်သုံးသပ်ခြင်း<br><br>LEARN (Save the Children) | ရည်ရွယ်ချက်။ တနိုင်ငံလုံး အတွက် သာမက LIFTက စိတ်ဝင်စားသည့် နယ်မြေများ အတွက်ပါ ရိက္ခာဖူလုံမှု၊ အသက်မွေးမှု၊ အာဟာရတို့၏ အချင်းချင်းဆက်စပ်မှုကို နားလည်ရေးအတွက် မြန်မာနိုင်ငံ၏ ရိက္ခာနှင့် အာဟာရဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များကို သုံးသပ်ရန် ဖြစ်သည်။ လက်ရှိ အမျိုးသားအဆင့်၊ ပြည်နယ်/တိုင်းအဆင့်၊ မြို့နယ်၊ ရပ်ရွာအဆင့်ရှိ ဌာနအသီးသီးက ကောက်ယူထားသော ရိက္ခာနှင့် အာဟာရ ဆိုင်ရာ ပထမတန်း နှင့် ဒုတိယတန်း ကိန်းဂဏန်း အချက်အလက်များကို သုံးသပ်ကာ လက်ရှိမြန်မာနိုင်ငံ အခြေအနေကို တင်ပြရန် ကြိုးပမ်းထားသည်။<br><br>တွေ့ရှိချက်များ။ အာဟာရ မပြည့်ဝမှုကို ဖြစ်စေသော အကြောင်းအချက်များ၊ ယင်းတို့ကို သက်ရောက်မှု ရှိနေသည့် ရိက္ခာဖူလုံမှု၊ စောင့်ရှောက်မှု၊ ပတ်ဝန်းကျင် အခြေအနေ စသည်တို့နှင့်၊ တဖန် ယင်းတို့ကို သက်ရောက်နေသည့် ဆင်းရဲမှု၊ အရင်းအနှီး၊ အခြေခံ စီးပွားရေး လူမှုရေး အခြေအနေများကို လက်လှမ်းမမီမှု စသည်တို့ကို တင်ပြထားသည်။ ဤအစီရင်ခံစာသည် မြန်မာနိုင်ငံ၏ ရိက္ခာနှင့် အာဟာရဖူလုံမှုနှင့်ပတ်သက်၍ သိရှိသည်များကို သာမက မသိရှိသည်များကိုလည်း တင်ပြကာ နောင်သုတေသနပြုရမည့် နယ်ပယ်များကိုလည်း ထောက်ပြရန် ရည်ရွယ်သည်။ အပိုင်း၂တွင် လွန်ခဲ့သော ငါးနှစ်အတွင်း မြန်မာနိုင်ငံ၏ ရိက္ခာနှင့် အာဟာရဖူလုံမှု အခြေအနေဆိုင်ရာ ဗဟိုအဆင့် ကိန်းဂဏန်း အချက်အလက်များကို တင်ပြထားသည်။ အပိုင်း၃၊ ၄၊ ၅တို့တွင် LIFTကစိတ်ဝင်စားသည့် နယ်မြေများဖြစ်သော ကမ်းရိုးတန်း/မြစ်ဝကျွန်းပေါ်၊ အပူပိုင်းဇုန်၊ တောင်တန်းဒေသ တို့အတွက်ပါ ရိက္ခာဖူလုံမှု၊ အသက်မွေးမှု၊ အာဟာရတို့၏ ကိန်းဂဏန်း အချက်အလက်များကို တင်ပြထားသည်။ အပိုင်းတိုင်းတွင် အာဟာရမပြည့်ဝမှု ဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များကို ဦးစွာ တင်ပြထားသည်။ ထိုနောက် အာဟာရမပြည့်ဝခြင်း၏ အကြောင်းအချက်များကို အရေးပါမှုအလိုက် စီစဉ်ဖော်ပြထားသည်။ |
| မြန်မာနိုင်ငံ အာဟာရ မပြည့်ဝမှု။<br>အပိုင်း၂။ LIFT ၏၂၀၁၃ အိမ်ထောင်စု စစ်တမ်းကို ဒုတိယအဆင့် သုံးသပ်ခြင်း<br><br>LEARN (Save the Children) | ရည်ရွယ်ချက်။ LIFT စီမံချက်နယ်မြေများတွင် အာဟာရ မပြည့်ဝမှုကို ဖြစ်စေသော အကြောင်းအချက်များ၊ ကလေးသူငယ် အာဟာရအခြေအနေ နှင့် LIFT၏ စီမံချက်အရ အခြားအရေးကြီးသော အချက်များ (ဝင်ငွေ၊ အသက်မွေးမှု၊ ရိက္ခာဖူလုံမှု၊ ရေ၊ ပတ်ဝန်းကျင်နှင့် တကိုယ်ရည်သန့်ရှင်းရေး စသည်)တို့ မည်သို့ချိတ်ဆက်မှုရှိသည် တို့ကို ပိုမို နားလည်စေရန် LEARNသည် LIFT၏၂၀၁၃ အိမ်ထောင်စုစစ်တမ်းပါ အာဟာရဆိုင်ရာ အချက်များကို ဒုတိယအဆင့် သုံးသပ်ခဲ့သည်။ ဤသုံးသပ်ချက်မှ တွေ့ရှိချက်များကို တင်ပြရန်ဖြစ်သည်။ |

| | |
|---|---|
| | တွေ့ရှိချက်များ။ ၂၀၁၃တွင်  LIFT စီမံချက်နယ်မြေများ၌  ငါးနှစ်အောက် ကလေးသူငယ် အများစုမှာ အာဟာရ မပြည့်ဝကြပေ။ ကလေး၁၀ယောက်တွင် လေးယောက်ခန့်က ပုညက်ကြသည်။ ရှစ်ရာခိုင်နှုန်းခန့်မှာ ဆိုးရွားစွာ အာဟာရ မပြည့်ဝကြပေ။  အထောက်အထားများအရ ကလေးငယ်များမှာ ပုံမှန်လိုလို ဖျားနာနေကြသည်၊ လွန်ခဲ့သော နှစ်ပတ်အတွင်း ဝမ်းပျက်ဝမ်းလျှော ဖြစ်ခဲ့သည်။ ထို့ပြင် ကလေးများ၏ အစားအသောက်များမှာ အာဟာရ ရရှိမှု နည်းပါးလှသည်။ LIFT စီမံချက်နယ်မြေများ၌  အသက် ၆လမှ ၂၃လအတွင်းရှိ ကလေးငယ်များ၏ ငါးပုံတပုံခန့်သာ လုံလောက်သည့် အမျိုးအမည်စုံ အစားအသောက်များကို စားသုံးကြရသည်။   LIFT စီမံချက်နယ်မြေအားလုံး၌   အာဟာရ မပြည့်ဝမှုနှုန်း မြင့်နေသော်လည်း ဇုန်နယ်မြေအလိုက် ကွာခြားချက်များလည်း ရှိနေသည်။ တောင်တန်းဒေသတွင် ပုညှက်မှုနှုန်း မြင့်မားသော်လည်း ချည့်နဲ့မှုနှုန်း နိမ့်သည်။ ဝမ်းပျက်ဝမ်းလျှောဖြစ်မှုမှာ ကျန်ဇုန်နှစ်ခုထက် ပိုများသည်။ ချင်းပြည်နယ်တွင် ပုညှက်မှုနှုန်း နှင့် ဝမ်းပျက်ဝမ်းလျှောဖြစ်မှုနှုန်းမှာ အမြင့်ဆုံးဖြစ်သည့်ပြင် အစားအသောက် အမည်စုံစွာ စားသောက်ရမှု အနိမ်းဆုံးဖြစ် သည်။ အပူပိုင်းဇုန်မှာ  ပုညှက်မှုနှုန်း အလယ်အလတ်သာရှိပြီး  ချည့်နဲ့မှုနှုန်းမြင့်သည်။ ဝမ်းပျက်ဝမ်းလျှောဖြစ်မှုမှာ အပူပိုင်းဇုန်တွင်  တောင်တန်းဒေသ၊ ကမ်းရိုးတန်း/ မြစ်ဝကျွန်းပေါ်ဒေသတို့လောက် မများပေ။  သို့သော် ကိန်းဂဏန်းအနေအထားအရ ပြောပလောက်အောင် ခြားနားခြင်းမရှိပေ။<br><br>အပူပိုင်းဇုန်တွင် အသက် ၁၂လမှ ၂၃လအတွင်းရှိ ကလေးများ၏ ၃၀ရာခိုင်နှုန်းမှာ လုံလောက်သည့် အမည်စုံ အစားအသောက်များကို စားသုံးကြရသည်။ အသက် ၆လမှ ၁၁လအတွင်းရှိ ကလေးငယ်  ၅ရာခိုင်နှုန်းသာ ယခင်နေ့က အုပ်စုလေးခုအထက် အစားအသောက်များကို စားသုံးခဲ့ရသည်။  ကမ်းရိုးတန်း/ မြစ်ဝကျွန်းပေါ် ဒေသတို့တွင်  အာဟာရမပြည့်ဝမှုနှုန်းမှာ အပူပိုင်းဇုန်နှင့် အကြမ်းဖျင်းတူညီသည်။   ငါးနှစ်အောက်ကလေးသူငယ် သုံးပုံတပုံခန့်မှာ ပုညက်နေပြီး ၁၀ရာခိုင်နှုန်းခန့်မှာ ချည့်နဲ့ကြသည်။  ဝမ်းပျက်ဝမ်းလျှောဖြစ်မှုမှာ ကမ်းရိုးတန်း/ မြစ်ဝကျွန်းပေါ်ဒေသတွင်  တောင်တန်းဒေသလောက် မများပေ။  ကမ်းရိုးတန်း /မြစ်ဝကျွန်းပေါ်ဒေသတွင်   အသက်၆လမှ ၁၁လအတွင်းရှိ ကလေးငယ်များ၏ အစားအသောက်မှာ အလွန့်အလွန် ညံ့ဖျင်းသည်။  အသက်ပိုကြီးသောကလေးများ ပုညှက်သည်ကို ပိုတွေ့ရပြီး အသက်ငယ်သော ကလေးများက  ပိုချည့်နဲ့ကြ သည်။  အထူးသဖြင့်  အသက် ၆လမှ ၂၃လအတွင်းရှိ ကလေးများတွင် ဖြစ်သည်။ ကြီးထွားမှု တုံ့ဆိုင်းရသည်မှာ ရောဂါမကြာခဏ ကျရောက်ခြင်းကြောင့် ဖြစ်နိုင်ပြီး၊ ကလေးများ အသက်ပိုကြီးလာမှ ပုညှက်ခြင်းသည်  အာဟာရ အထူးချို့တဲ့ခြင်းကြောင့် ဖြစ်နိုင်သည်။ ထိုအချက်က ကလေးများ နှစ်နှစ်သားအရွယ်အထိ၊ မိခင်များ ကိုယ်ဝန်ဆောင်ချိန် အတွင်းတွင် အာဟာရကောင်းမွန်စွာ စားသောက်ရန် အရေးကြီးကြောင်းကို ပြနေသည်။ |
| ဦးတည်ကဏ္ဍ။ မြေယာ | |
| ရန်ကုန်ဆင်ခြေဖုံး<br>မြေယာလုပ်ရှားမှု နှင့်<br>အသက်မွေးမှုများ။<br>ထန်းတပင်မြို့နယ်<br><br>GRET | ရည်ရွယ်ချက်။ ဆင်ခြေဖုံးဖြစ်သော်လည်း ကျေးလက်ဒေသဖြစ်နေသေးသည့် နေရာတခုတွင်  ၂၀၁၂ခုနှစ် လယ်ယာမြေ ဥပဒေ ပြဌာန်းပြီးနောက်ပိုင်း မြေယာကဏ္ဍလုပ်ရှားမှုများကို စူးစမ်းမည် ဖြစ်သည်။  ထို့ပြင် ထိုလုပ်ရှားမှုများနှင့် ဒေသ၏  အသက်မွေးမှုများ အပြောင်းအလဲ မည်သို့ ဆက်စပ်မှုရှိသည်ကိုလည်း စူးစမ်းမည်။ |

<table>
<tr><td></td><td>တွေ့ရှိချက်များ။ မြို့ပြအသွင်ပြောင်းမှုဖြစ်စဉ်တွင် အလားအလာကောင်းများကို တွေ့ရှိခဲ့ရသည်။ ဥပမာအားဖြင့် လယ်မဲ့မြေမဲ့အိမ်ထောင်စုများသည် လယ်လုပ်သားထက် လုပ်ခပိုရသော စက်မှုဇုန်မှအလုပ်များကို လက်လှမ်းမီလာကြသည်။ မြို့ပြအသွင်ပြောင်းမှုဖြစ်စဉ်သည် မြေဈေးကိုလည်း သက်ရောက်မှုရှိသည်။ လမ်းမပေါ်တွင်သာမက ကြားလမ်းအတွင်းရှိ မြေတကွက်၏ဈေးသည် တသက်လုံး စိုက်ပျိုးရေးလုပ်၍ရသော ဝင်ငွေထက် များစွာသာသည်။ ထို့အတူ အလားအလာဆိုးများလည်း ရှိသည်။ ရွာမြေများ အလွန်ဈေးတက်လာသဖြင့် ဝင်ငွေအနည်းဆုံးလူများ လက်လှမ်းမမီကြပေ။ မြို့ပြအသွင်ပြောင်းမှုဖြစ်စဉ်ကြောင့် ထိုနေရာသို့ လူများပြောင်းရွှေ့လာကြသဖြင့် ရွာမြေရော လယ်မြေအတွက်ပါ အပြိုင်အဆိုင် ဖြစ်လာကြသည်။ ထိုကြောင့် မြို့နယ်အတွင်း ပျံ့ကျနေထိုင်သူများ များလာနိုင်သည်။ ယင်းတို့သည် အလွန်ထိခိုက်လွယ်သူများ ဖြစ်လာပြီး သောက်သုံးရေ၊ ကျန်းမာရေး၊ ပညာရေးစသော အခြေခံ ဝန်ဆောင်မှုများကို လက်လှမ်းမမီကြပဲ လူမှုရေးတွင် မဝင်ဆန့်တတ်ကြပေ။</td></tr>
<tr><td>မြန်မာနိုင်ငံ ငါးမွေးမြူရေး မြေပိုင် ဆိုင်ခြင်း၊ မြေဈေးကွက်၊ မြေယာ လုပ်ပိုင်ခွင့် လုံခြုံမှု<br><br>MSU, CESD, International Food Policy Research Institute</td><td>ရည်ရွယ်ချက်။ မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှ မြေအသုံးချမှု၊ မြေယာ လုပ်ပိုင်ခွင့် လုံခြုံမှုတို့နှင့် ပတ်သက်သော စစ်တမ်းတွေ့ရှိချက်များကို တင်ပြထားသည်။ ထို့ပြင်- မြန်မာနိုင်ငံ၏ ငါးမွေးမြူရေးကို လုပ်ငန်းကြီးများကသာ လွှမ်းမိုးထားသည်၊ စပါးစိုက်လယ်များကို ငါးမွေးမြူရေးအတွက် ပြောင်းလဲအသုံးချခြင်းကို ဥပဒေအရ တားမြစ်ထားသည် ဟူသော မြေယာနှင့်ပတ်သက်သော အစဉ်အလာ အယူအဆနစ်ရပ်ကိုလည်း စစ်ဆေးထားသည်။ မြေဈေးကွက်လှုပ်ရှားမှု၊ မြေဈေးကွက် နှင့် မြေယာလုပ်ပိုင်ခွင့် လုံခြုံမှု၊ မြေအသုံးချမှု အပြောင်းအလဲတို့၏ ပတ်သက်ဆက်နွယ်မှုကိုလည်း ဖော်ပြရန် အားထုတ်ထားသည်။<br><br>တွေ့ရှိချက်။ စစ်တမ်းကောက်ယူခဲ့သည့် နယ်မြေများတွင် လယ်မဲ့မြေမဲ့အများအပြားရှိနေပြီး ငါးမွေးမြူရေး/ရေလုပ်ငန်းတွင် ပါဝင်မှုနည်းပါးလှသည်။ ငါးမွေးမြူရေးကို လုပ်ငန်းကြီးများကသာ လွှမ်းမိုးထားသည်။ သို့သော်လည်း ငါးကန်ငယ် အမြောက်အမြား ရှိသည်ကိုလည်း တွေ့ရသည်။ ယင်းတို့မှာ လုပ်ကွက်ငယ် တောင်သူများ ငါးမွေးမြူရေးတွင် ပါဝင်လာခြင်း ပင်ဖြစ်သည်။ ထို့ပြင် စိုက်ပျိုးမြေများကို ငါးကန်အဖြစ် ပြောင်းလဲအသုံးချခြင်းကို တင်းကြပ်သည့် လုပ်ထုံးများဖြင့် ကန့်သတ်ထားသည် ဆိုသော်လည်း ဈေးကွက်၏ တွန်းအားကြောင့်ရော ဈေးကွက်မဟုတ်သည့် အင်အားများ၏ အဆမတန် တွန်းအားကြောင့်ပါ စပါးစိုက်လယ်များကို ငါးကန်အဖြစ် ပြောင်းလဲထားခြင်းကို တွေ့ရသည်။ မြေယာအသုံးချခွင့် အားနည်းမှုကြောင့် ဤသို့ လုပ်နိုင်ကြခြင်း ဖြစ်သည်။ ထိုအခြေအနေများကို ပြင်ဆင်နိုင်မည့် မူဝါဒများ လိုအပ်သည်-<br>(၁) စိုက်ပျိုးမြေ အမျိုးအစား သတ်မှတ်နည်းကို လွယ်ကူစေခြင်း အပါအဝင် စိုက်ပျိုးမြေ အသုံးပြုမှုကို ကန့်သတ်ထားသည့် မူဝါဒများကို ဖြေလျှော့ပေးရန်၊ (၂) ၂၀၁၂ခုနှစ်လယ်ယာမြေဥပဒေ နှင့်အညီ တရားဝင်စာရွက်စာတမ်းများ လွှမ်းခြုံမှုကို တိုးချဲ့ခြင်းဖြင့် လက်ရှိမြေယာလုပ်ပိုင်ခွင့် လုံခြုံမှုကို အားဖြည့်ပေးရန်၊ (၃) အငြင်းပွားမှုဖြေရှင်းရေး ပုံစံစနစ်များကို အားဖြည့်ပေးခြင်းဖြင့် မြေသိမ်းဆည်းမှုများကို မျှတမြန်ဆန်သော ဖြေရှင်းချက်များ ပေါ်ထွက်လာစေရန် နှင့် နောင်တွင် အလားတူ ဖြစ်ရပ်များ ဖြစ်ပေါ်မလာစေရန်။</td></tr>
<tr><td colspan="2">ဦးတည်ကဏ္ဍ။ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု</td></tr>
<tr><td>ငွေကို ပညာသားပါပါ အသုံးချခြင်း အခြေခံငွေကြေးပညာပေး စာစောင်<br><br>LIFT</td><td>ရည်ရွယ်ချက်။ ဤစာအုပ်ငယ်ကို ကျေးလက်နေ လူထုအတွက် အဓိကထားကာ ပြုစုထားသည်။ နားလည် လွယ်စေရန် ကာတွန်းများ ဇာတ်လမ်းလေးများဖြင့် အိမ်ထောင်စုအဆင့် ငွေကြေးကိစ္စရပ်များအတွက် အဖြေရှာပေးထားသည့် ပညာပေးစာစောင်တခုဖြစ်သည်။</td></tr>
</table>


| | |
|---|---|
| ရောဝတီမြစ်ဝကျွန်းပေါ် ဒေသတွင် ချေးငွေ လက်လှမ်းမီမှု နှင့် စိုက်ပျိုးရေး နှင့် ငါးမွေးမြူရေး တို့တွင် အသုံးချခြင်း<br><br>MSU, CESD, International Food Policy Research Institute | ရည်ရွယ်ချက်။ မြန်မာ ရေလုပ်ငန်း-စိုက်ပျိုးရေးစစ်တမ်းပါ စိုက်ပျိုးရေးချေးငွေများကို မည်သို့ ရရှိသည်၊ အသုံးပြု သည် ဆိုသည့် အချက်အလက်များကို သုံးသပ်တင်ပြထားသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (MADB)မှ စိုက်ပျိုးရေး ချေးငွေများ ကို မည်သည့် အခြေအနေတွင်မှ ရရှိသည်၊ မည်သို့ အသုံးပြုသည်၊ အခြားရင်းမြစ်များမှ ချေးငွေများကို စိုက်ပျိုးရေး နှင့် ငါးမွေးမြူရေးတို့တွင် မည်သို့ အသုံးပြုသည်၊ ရပ်ရွာအတွင်း အထွေထွေကိစ္စရပ်များအတွက် ချေးငွေများကို မည်သို့ ရရှိနိုင်သည် တို့ကို ဖော်ပြထားသည်။<br><br>တွေ့ရှိချက်များ။(၁)MADBသည် စိုက်ပျိုးရေးချေးငွေအတွက် အရေးအကြီးဆုံးသော အရင်းအမြစ်ဖြစ်သည်။ တောင်သူ အများစုအတွက် သက်သာသောချေးငွေကို ရရှိနိုင်စေသည်။ (၂) အလွတ်သဘော ငွေချေးသူများ (များသောအားဖြင့် ဆွေမျိုးမိတ်ဆွေများ၊ ငွေတိုးချေးစားသူများ)မှာ စိုက်ပျိုးရေးချေးငွေရရှိသည့် အများဆုံး တွေ့ရသော တရားမဝင်အရင်းအမြစ် ဖြစ်သကဲ့သို့ အတိုးနှုန်းအကြီးဆုံး လည်းဖြစ်သည်။ လယ်မြေ အနည်းဆုံးသာ ပိုင်ဆိုင်သည့်၊ တဦးချင်းအသုံးစရိတ် အနည်းဆုံးဖြစ်သည့် အိမ်ထောင်စုများမှာ ငွေချေးရန် မယုံကြည်ရဆုံး ဖြစ်သောကြောင့် ဤအရင်းအမြစ်များကိုသာ အလွန်မှီခိုနေရသည်။ ထိုကြောင့် အရင်းအမြစ်နည်းပါးခြင်း နှင့် ကြွေးဒဏ်ပိခြင်း ဟူသော ဝန်ထုပ်ဝန်ပိုး နှစ်ခုကို ထမ်းနေကြရသည်။ (၃) ကုန်သည်များ၊ သွင်းအားစု ဆိုင်ရှင်များက ထုတ်မချေးသောကြောင့် စိုက်ပျိုးရေးတွင် ထွက်ကုန်နှင့် ချုပ်ထားသည့် ချေးငွေမှာ မများလှပေ။ သို့သော် ငါးမွေးမြူရေးတွင်မူ ဤချေးငွေမျိုးကို ငါးကုန်သည်များ၊ လုပ်ငန်းကြီးများထံမှ လက်လှမ်းမီနိုင်သည်။ ဤချေးငွေများသည် ချေးယူသူအတွက် အကျိုးရှိသည်။ အကြောင်းမှာ ချေးငွေပမာဏနှင့် ထုတ်ချေးချိန်တို့မှာ တရားမဝင်ရင်းမြစ်များထက် သာသည့်ပြင် ပျမ်းမျှအတိုးနှုန်းမှာ နည်းသောကြောင့် ဖြစ်သည်။ (၄) အသေးစားငွေကြေးလုပ်ငန်း၊ သမဝါယမ စသည်တို့ထံမှ ချေးငွေလက်လှမ်းမီမှုမှာ ၂၀၁၁မှ ၂၀၁၆အတွင်း ထိုးတက်လာသည်။ ဤသည်မှာ အလွန်ကောင်းသော တိုးတက်မှုတရပ် ဖြစ်သော်လည်း ယင်းချေးငွေများကို စိုက်ပျိုးရေး နှင့် ငါးမွေးမြူရေး တို့တွင် ရင်းနှီးမြှုပ်နှံမှုမှာ အနည်းငယ်သာရှိသည်။ တောင်သူအိမ်ထောင်စုများ၏ လိုအပ်ချက်နှင့် ကိုက်ညီအောင် လုပ်ဆောင်ပေးသင့်သည်။ |
| LIFT၏ အသေးစား ငွေကြေးစီမံချက်များ အကဲဖြတ်ချက်<br><br>M-CRIL (Micro-credit Ratings International Limited) | ရည်ရွယ်ချက်။ အသေးစားငွေရေးကြေးရေးအဖွဲ့များဖြစ်သည့် Pact Glob-al Microfinance Fund (PGMF)၊ Gret ၊ Proximity Designs (IDE)တို့မှ စီမံချက်ကာလကျော်လွန်သည့်တိုင် ငွေကြေးဝန်ဆောင်မှု ဆက်လက်ပေးနေသော စီမံချက် ၅ခု၏ သင်ခန်းစာများ၊ အကောင်းဆုံးနည်းနာများကို အကဲဖြတ်ရန် ဖြစ်သည်။ ဤပြင်ပအကဲဖြတ်မှုမှ တွေ့ရှိချက်များသည် LIFT နှင့် မိတ်ဖက်များ ပိုမိုထိရောက်သော အသေးစားငွေကြေး စီမံချက်များကို အကောင်အထည်ဖော်နိုင်ရန် နှင့် မြန်မာ့ အသေးစားငွေကြေးကဏ္ဍကို ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ပေးနိုင်ရန် အထောက်အကူပြုမည် ဖြစ်သည်။<br><br>တွေ့ရှိချက်များ။ ဒေသခံNGO ၃ခုကို မိမိဘာသာ ရှင်သန်နိုင်သော အသေးစား ငွေကြေးအဖွဲ့များ ဖြစ်အောင် စွမ်းဆောင်ရည် တည်ဆောက်ပေးရန် ရည်ရွယ်သည့် PGMF စီမံချက်သုံးခု၏ ငွေကြေး နှင့် လုပ်ငန်းဆောင်ရွက်မှု အချိုးသည် ရေရှည်တည်တံ့ကာ စီမံချက်ကာလကျော်လွန်သည့်တိုင် ဆောင်ရွက်သွားနိုင်မည် ဖြစ်သည်။ ဤစီမံချက် အားလုံးသည် လုပ်ငန်းအရ မိမိဘာသာ ရပ်တည်နိုင်မှုကို စီမံချက်အစောပိုင်းတွင်ပင် ရရှိခဲ့ပြီး ငွေကြေးအရ မိမိဘာသာ ရပ်တည်နိုင်မှုကို တနှစ်အတွင်း ရရှိခဲ့သည်။ ထို့အတူ GRET သည်လည်း လုပ်ငန်းအရရော ငွေကြေးအရပါ မိမိဘာသာ ရပ်တည်နိုင်ပြီဖြစ်သည်။ သို့သော် Proximity မှာမူ အခြားရင်းမြစ်များမှ နည်းပညာ အထောက်အပံ့များရနေသဖြင့်သာ ငွေကြေးအရ ရပ်တည်နိုင်ခြင်း ဖြစ်သည်။ |

| | |
|---|---|
| **ဦးတည်ကဏ္ဍ။ ကြံ့ကြံ့ခံနိုင်မှု** | |
| ဧရာဝတီ မြစ်ဝကျွန်းပေါ် ဒေသ၏ မဟာဗျူဟာမြောက် ကြံ့ကြံ့ခံနိုင်မှု အကဲဖြတ်ချက်<br><br>Mercy Corps | ရည်ရွယ်ချက်။ မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသမှ အိမ်ထောင်စုများ၊ ရပ်ရွာများသည် ဘေးဒဏ်များနှင့် ကြုံတွေ့ရပါက သင်ယူနိုင်စွမ်း၊ တုံ့ပြန်နိုင်စွမ်း၊ လိုက်လျောနိုင်စွမ်း၊ ပြောင်းလဲနိုင်စွမ်း ရှိမရှိ၊ ရလဒ်ကောင်းများ ထွက်အောင် လုပ်နိုင်မနိုင်ကို အကဲဖြတ်ရန် ဖြစ်သည်။ Mercy Corps၏ ကြံ့ကြံ့ခံနိုင်မှု မဟာဗျူဟာ မြောက် အကဲဖြတ်ချက်လုပ်ငန်းစဉ်ကို အသုံးပြု၍ ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေ သရပ်ရွာများရှိ လူမှုရေး၊ ပတ်ဝန်းကျင်၊ စီးပွားရေးစနစ်များကို အကဲဖြတ်မည်။ ဤအခြေအနေများသည် ဘေးဒဏ်များမှ ထိခိုက်လွယ်မှု၊ အိမ်ထောင်စုများ၏ လူမှုသုခကို မည်သို့ ခြိမ်းခြောက်သည်တို့ကို အကဲဖြတ်မည်။<br><br>တွေ့ရှိချက်များ။ မြစ်ဝကျွန်းပေါ် ဒေသ၏ ရာသီဥတုနှင့် မြေပြင်အနေအထားတို့က ဤဒေသကို ဘေးသင့် စေနိုင်သည်။ သို့သော် စိုက်ပျိုးရေးအတွက်နှုန်းနိမ့်မှု၊ ကြွေးမြီ၊ ရေရှည်မခံသော ငါးဖမ်းဆီးနည်းများ၊ လျင်မြန်စွာ တောပြုန်းမှုစသည့် စိန်ခေါ်မှုများကလည်း အထူးသဖြင့် လုပ်ကွက်ငယ်တောင်သူများ လယ်မဲ့မြေမဲ့ အိမ်ထောင်စုများကို ပိုမိုထိခိုက်စေသည်။ တာဝန်ရှိသူများ/ ပတ်သက်ဆက်နွယ်သူများသည် ယင်းဘေးဒဏ်များ၏ သက်ရောက်မှုကို လျှော့ချလိုပါက လူထုကို တုံ့ပြန်ရန်သာ မတွေးခေါ်စေပဲ ကြိုတင်မျှော်တွေးကာ စီမံတတ်အောင် ကူညီပေးသင့်သည်။ အသိအမြင်၊ လက်လှမ်းမီမှု၊ ကွန်ရက်များ၊ ဆုံးဖြတ်တတ်မှု၊ စွမ်းဆောင်ရည် တည်ဆောက်မှု စသည်တို့ကို ဦးတည်ကာ ဆောင်ရွက်သင့်ကြောင်း အစီရင်ခံစာက ဖော်ပြထားသည်။ မြစ်ဝကျွန်းပေါ် ဒေသ၏ အကဲဖြတ်မှု၏ တွေ့ရှိချက်များအရ အသက်မွေးမှုရလဒ်ကောင်းများ ထွက်ပေါ် လာရန်မှာ မြေယာစီမံအုပ်ချုပ်မှု အသွင်ပြောင်းရမည့်အပြင် အထောက်အပံ့ပြုသော အခြေခံအဆောက်အအုံလည်း ရှိရန်လိုအပ်သည်။ |
| **ဦးတည်ကဏ္ဍ။ ရွှေ့ပြောင်းသွားလာရေး** | |
| မြန်မာနိုင်ငံ ရန်ကုန်မြို့ အနီးတဝိုက်မှ ကျေးလက်-မြို့ပြ ရွှေ့ပြောင်းသွားလာမှု<br><br>MSU, CESD, International Food Policy Research Institute | တာဝန်။ ရန်ကုန်မြို့ဝန်းကျင် မြို့နယ် ၄ခုမှ ရွှေ့ပြောင်းသွားလာမှု၊ ရွှေ့ပြောင်း သွားလာသူများ၏ ထူးခြားမ များကို စူးစမ်းကာ ပြည်တွင်းရွှေ့ပြောင်းသွားလာမှုကို ကိုင်တွယ်ရန်ဖြစ်သည်။<br><br>တွေ့ရှိချက်များ။ ၂၀၁၀ခုနှစ်ကတည်းက ရန်ကုန်မြို့အနီးဝန်းကျင်တွင် ကျေးလက်-မြို့ပြ ရွှေ့ပြောင်းသွားလာမှု မယုံနိုင်လောက်အောင် များပြားလာသည်။ ပြည်ပ ရွှေ့ပြောင်းသွားလာမှုထက်ပင် ပိုမို အရေးကြီးလာသည်။ အိမ်ထောင်စုများ၏ အရင်းအမြစ်၊ အသက်မွေးမှု မဟာဗျူဟာ၊ ကျား၊မ စသည်တို့ မည်သို့ပင် ကွာခြားသော်လည်း ရွှေ့ပြောင်းသွားလာလိုမှုမှာ မကွာခြားလှပေ။ သို့သော် လုပ်ကွက်ငယ်တောင်သူ အိမ်ထောင်စုများသည် တောင်သူကြီးများ၊ လယ်မဲ့မြေမဲ့ အိမ်ထောင်စုများထက် ရွှေ့ပြောင်းသွားလာသူ အနည်းငယ်ပို၍ များသည်။ ရွှေ့ပြောင်းသွားလာသူ ၈၀ရာခိုင်နှုန်းကျော်က အိမ်သို့ ငွေမှန်မှန် ပြန်ပို့ကြသဖြင့် မြို့ပြမှလုပ်ခ သည် စုနိုင်ဆောင်းနိုင်အောင် ရရှိသည်ဟု ဆိုရမည်ဖြစ်သော်လည်း၊ လုပ်နိုင်ကိုင်နိုင်အရွယ်များ လယ်ယာလုပ်ငန်း တွင် သိသာစွာလျော့ကျသွားသည်ကိုလည်း ဖော်ပြနေသည်။ သို့သော် ယင်းဟာကွက်ကို ပိုမို ဝေးလံသော အလုပ်အကိုင် အခွင့်အလမ်း ပိုနည်းသည့် နေရာများမှ ရွှေ့ပြောင်းသွားလာသူများက တစိတ်တဒေသအားဖြင့် အစားဝင်ထိုးနေကြသည်။ |

| | |
|---|---|
| မြန်မာ့ ပြည်ပ ရွှေ့ပြောင်းသွားလာသူများအတွက် တိုင်ကြားချက် ဖြေရှင်းသည့် ပုံစံစနစ်များ<br><br>ILO | ရည်ရွယ်ချက်။ ဤစာတမ်းသည် သီးခြားရွှေ့ပြောင်းသွားလာမှုကိစ္စရပ်တခု အတွက် နည်းပညာသွင်းအားစု ဖြစ်သည်။ ရွှေ့ပြောင်းသွားလာသူများ၏ တိုင်ကြားချက်ဖြေရှင်းသည့် ပုံစံစနစ်များဆိုင်ရာ နိုင်ငံတကာ ဥပဒေမူဘောင်များ၊ လမ်းညွှန်ချက်များကို ဖော်ပြထားသည်။ လက်ရှိအနေအထားတွင် မြန်မာ့ ရွှေ့ပြောင်းသွားလာသူများ ရရှိနိုင်မည့် ပုံစံစနစ်များကို သုံးသပ်ထားပြီး အခြားနိုင်ငံများမှ နည်းနာကောင်းများကိုလည်း ဥပမာ ပေးထားသည်။<br><br>တွေ့ရှိချက်များ။<br><br>(၁) ဝန်ကြီးဌာန၏ တိုင်ကြားချက်ဖြေရှင်းသည့် ပုံစံစနစ်သည် ပြည်ပရွှေ့ပြောင်းသွားလာသူများ၏ တိုင်ကြားချက်ကို လက်ခံသည့် ဗဟိုစနစ်ဖြစ်သည်။ ယင်းပုံစံစနစ်ကို အားဖြည့်ကာ နီပေါ၊ ဖိလစ်ပိုင်၊ သီရိလင်္ကာ နိုင်ငံတို့မှ အလားတူ ယင်းပုံစံစနစ်များ၊ ဥပဒေများကိုလည်း လေ့လာသင့်သည်။<br><br>(၂) ဥပဒေအရ၊ အုပ်ချုပ်မှုအရ အရေးယူ မဆောင်ရွက်မီ အငြင်းပွားမှု ဖြေရှင်းခြင်း၊ ညှိနှိုင်းခြင်း၊ အခြားနည်းများဖြင့် ဆောင်ရွက်ခြင်းတို့ကို လုပ်သင့်သည်။ အခြားနိုင်ငံများတွင် အစိုးရဌာနတခုခု သို့မဟုတ် တရားရုံးသို့ မှတ်ပုံမတင်မီကာလတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက အလွတ်သဘောနည်းဖြင့် ဖြေရှင်းရာ၍ ပါဝင်မြဲဖြစ်သည်။ ရွှေ့ပြောင်းသွားလာ သူများ၏ တိုင်ကြားချက်ကို အလွတ်သဘော ဆွေးနွေးညှိနှိုင်းရန် နည်းလမ်းချန်ထားခြင်းသည် အကျိုးရှိသည်။ အကြောင်းမှာ အမှုအများစုကို ငွေကုန်ကျေးကျသက်သာစွာဖြင့် အလျင်အမြန် ကိုင်တွယ်နိုင်သောကြောင့် ဖြစ်သည်။<br><br>(၃)ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ၊ သမ္မတညွှန်ကြားချက်များ၊ ဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များသည် သံရုံးကိုယ်စားလှယ်များကို ရွှေ့ပြောင်းသွားလာသူ လုပ်သားများအား ကာကွယ်ပေးရန်၊ ယင်းတို့၏ တိုင်ကြားချက်များကို ကိုင်တွယ်ရန် တာဝန်လွှဲအပ်ထား သင့်သည်။<br><br>(၄) လက်ရှိစနစ်၏ အဓိကဟာကွက်မှာ အေးဂျင့်လက်ခွဲများ၊ လိုင်စင်မဲ့ပွဲစားများအား တိုင်ကြားချက်များကို ကိုင်တွယ်ရမည့် စိန်ခေါ်မှုဖြစ်သည်။ ယင်းတိုင်ကြားချက်တို့ကို ကိုင်တွယ်ရန် အကောင်းဆုံး မူဝါဒနှင့် လုပ်ထုံး လုပ်နည်းများ သဘောတူထားခြင်း မရှိသေးပေ။ |

# နောက်ဆက်တွဲ ၈။ ပြောင်းလဲမှုသီအိုရီ

## ပြောင်းလဲမှုဆိုင်ရာ သီအိုရီ



**အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ**
UNOPS ရန်ပုံငွေ စီမံခန့်ခွဲမှုရုံး
အမှတ် ၁၂ (အို)၊ ပြည်သူ့လမ်း၊ ဂုမိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်
ဖုန်း ။ ။ ၀၁ - ၆၅၇ ၂၈၀~၇၊ ဖက်စ် ၀၁ - ၆၅၇ ၂၇၉
အီးမေးလ် ။ ။ lift@unops.org
lift-fund.org | facebook.com/liftfund | twitter.com/liftfund

LIFT ကို ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံးမှ စီမံခန့်ခွဲသည်။

UNOPS